www.burmeseclassic.com



ဝန်းရွှေပြည်စာအုပ်တိုက်

# ထီး နှင့် အခြား အိန္ဒိယဝတ္ထုတိုများ

## အထောက်တော်လှအောင်

BURMESE CLASSIC .com

Where Angels Sell Eggs, by N.S Phadke.
The Queen Of Night, by Shivkumar Joshi.
Love Me, Love My Dog, by N.S Phadke.
The Trembling Flame, by Abul Fazal Shamsuzzaman.
Meera, by N.S Phadke.
Dead Letter, by Khwaja Ahmad Abbas.
What's In A Name?, by N.S Phadke.
Higher Mathematics, by Krishan Chander.
Clean Like A Mirror, by N.S Phadke.
Eyes, by T.K Mohamed.
Crushed Flower, by N.S Phadke.
Garlands! And Garlands!, by N.S Phadke.
The Umbrella, by Khwaja Ahmad Abbas.

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

၁၀၀၀ ကျပ်
၁၀၀၀ အုပ်
၂၀၀၂ ခုနှစ်၊ ဇွန်လ
ဒုတိယအကြိမ်
**မျက်နှာဖုံးဒီဇိုင်း**
ပိုက်ပိုက်
**ထုတ်ဝေသူ**
ဦးသန်းမြင့်
လင်းလင်းစာပေ (၀၁၀၄၀)
၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်၊ ရန်ကုန်မြို့။
**ပုံနှိပ်သူ**
ဦးထွန်းထွန်း (၀၂၇၂၆)၊
အောင်မြင့်ထွန်းပုံနှိပ်တိုက်၊
၂၄၂၊ လမ်း ၄၀၊ ရန်ကုန်မြို့။

**စာမူခွင့်ပြုချက်** - ၁၁၅ /၂၀၀၂ (၂)
**အဖုံးခွင့်ပြုချက်** - ၃၇၉ /၂၀၀၂ (၅)

## မာတိကာ

* ကျေးဇူးစကား
၁။ ကြက်ဥပြုတ်သည် ၉
**Where Angels Sell Eggs, by N.S Phadke.**
၂။ ညဥ့်ကေရိ ၂၇
**The Queen Of Night, by Shivkumar Joshi.**
၃။ အသွင်တူတဲ့ မောင့်ကြင်သူ ၆၃
**Love Me, Love My Dog, by N.S Phadke**
၄။ တိတ်တခိုးကျသော မျက်ရည် ၉၅
**The Trembling Flame,**
**by Abul Fazal Shamsuzzaman**
၅။ ကြွေလုသည်း ကျွမ်းလေအောင်ကွယ် ၁၁၁
**Meera, by N.S Phadke**
၆။ တသော ၁၃၇
**Dead Letter, by Khwaja Ahmad Abbas .**
၇။ နာမည်ဘယ်လိုခေါ်ပါလိမ့် ၁၆၁
**What's In A Name ?、by N.S. Phadke.**
၈။ အဆင့်မြင့်သင်္ချာ ၁၇၃
**Higher Mathematics, by Krishan Chander**
၉။ မစည်းကမ်းနှင့် ကိုပရမ်း ၁၉၁
**Clean Like A Mirror, by N.S. Phadke.**
၁၀။ စက္ခု ၂၂၃
**Eyes, by T.K. Mohamed.**
၁၁။ ကြွေရှာလေသော ပန်းကလေး ၂၄၅
**Crushed Flower, by N.S Phadke**
၁၂။ ပန်းကုံးတွေ ကျူးကာမွေ့လို့ရယ် ၂၆၉
**Garlands ! And Garlands !, by N.S Phadke.**
၁၃။ ထီး ၂၈၅
**The Umbrella, by Khwaja Ahmad Abbas.**



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ကျေးဇူးစကား

ကျွန်တော်၏ ငယ်ပေါင်းမိတ်ဆွေတစ်ဦးဖြစ်သော ဦးခင်ထွန်း (အင်းစိန်)က အိန္ဒိယဝတ္ထုတို အတော်များများကို ရှာဖွေစုဆောင်းယူလာပြီး တစ်နေ့တွင် ကျွန်တော့်အား ဖတ်ကြည့်ခိုင်းပါသည်။ ဦးခင်ထွန်းသည် ကမ္ဘာ့ဝတ္ထုတိုပေါင်းစုံကို တစိုက်မတ်မတ် အရသာခံ လေ့လာခဲ့သူဖြစ်ကြောင်း ယခင်ကတည်းက ကျွန်တော် သိရှိခဲ့ပါသည်။ ထို့ကြောင့် တလေးတစား ဖတ်ကြည့်ပါသည်။

ဖတ်ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်တည်း ကျွန်တော်ပါ တရှိုက်မက်မက် ဖြစ်မိပါတော့သည်။

အချို့ဝတ္ထုတိုများသည် တသသဖြင့် လွမ်းမောတိမ်းမူးဖွယ်သော အရသာကို ခံစားရပါသည်။

အချို့ဝတ္ထုတိုများကမူ ရှုတတဖြင့် ထူးကဲသောအရသာတစ်မျိုးကို ပေးဝေပါသည်။

အချို့ဝတ္ထုတိုများကား သင်တုန်းဓားသွားပေါ်မှ ပျားရည်စက်ကို လျှာဖြင့် လျက်ရဘိသကဲ့သို့ စိတ်တွင် မှတ်ထင်မိပါသည်။

သို့ဖြင့် ယင်းဝတ္ထုတိုများအနက် ကောင်းနိုးရာရာများကို မြန်မာပြန်ကာ မဂ္ဂဇင်းများတွင် အလျဉ်းသင့်သလို ဖော်ပြခဲ့ပါသည်။

မဂ္ဂဇင်းများတွင် ကြိုးကြားကြိုးကြား ပါလာသောအခါ လူငယ်များက ထိုမျှနှင့် မတင်းတိမ်နိုင်ဘဲ မျိုးကွဲသောအရာများကို တထိုင်တည်းဖြင့် စဉ်ဆက်မပြတ် အရသာ ခံစားနိုင်အောင် တစ်လုံးတစ်စည်း ထုတ်ပေးဖို့ အကြံပေးကြပါသည်။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ထိုအကြံပေးချက်ကို 'မရွှိမစာပေ' က အကောင်အထည် ဖော်ပေးပါသည်။

ထို့ကြောင့် ယခု ထီးနှင့်အခြားအိန္ဒိယဝတ္ထုတိုများစာအုပ် ထွက်ပေါ်လာရခြင်းနှင့် ပတ်သက်၍ ...

မူရင်းစာမူများကို ရှာဖွေစုဆောင်းပေးလာသူ ဦးခင်ထွန်း (အင်းစိန်) အား လည်းကောင်း...

အရေးတယူ ဖော်ပြပေးခဲ့ကြသော မဟေသီမဂ္ဂဇင်း၊ ဂီတပဒေသာမဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ သဘင်မဂ္ဂဇင်း၊ မိုးဝေမဂ္ဂဇင်းနှင့် ဒဂုံမဂ္ဂဇင်းတို့ကို လည်းကောင်း၊

မပြစ်မနေ ထုတ်ဝေပေးသော ဦးရဲမြင့်နှင့် မရွှိမစာပေ လူငယ်အင်အား ဝိုင်းတော်သားများအား လည်းကောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**အထောက်တော်လှအောင်**
**၁၆၊ ဩဂုတ်၊ ၁၉၈၅။**



BURMESE CLASSIC .com

## ကြက်ဥပြုတ်သည်

"ကိုင်း...ဘရာမူလာမြို့ကို ရောက်ပါပြီဗျား"

ခရီးစကတည်းက ဂျစ်ကားကို ကိုယ်တိုင်မောင်းလာသော ကာန
က ကျွန်တော့်ဘက် လှည့်ပြောသည်။ ဂျစ်ကားကိုလည်း လမ်းဘေးတစ်
ရာမှာ ထိုးရပ်ပေးသည်။

သူ၏နေကာမျက်မှန်ထဲမှာ ကျွန်တော်၏အရိပ်များ ထင်ဟပ်
လေသည်။

"ကျွန်တော် ဒီမှာ တစ်ညလောက် အိပ်မယ်။ ပြီးရင် အူရီမြို့
ခရီးဆက်မယ်"

ဂျစ်ကားပေါ်မှ ကျွန်တော် ဆင်းဖို့ပြင်သည်။ ဂျစ်ကားနောက်
တွင် လိုက်ပါလာသော စစ်သားများအနက် တစ်ယောက်က ကျွန်တော်၏
အဝတ်အစားသေတ္တာကို အောက်ချပေးသည်။

"ကျွန်တော် ကားမောင်းလာတာ စိတ်တိုင်းကျပါတယ်နော်"

ထိုမေးခွန်းကြောင့် ကျွန်တော် ပြန်ပြုံးပြလိုက်ရပါသည်။

"အို...သိပ်ကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဆရင်နဂါမြို့က ကျွန်တော်
တို့ ထွက်လာတာ ညနေ ငါးနာရီခွဲက မဟုတ်လား။ အခုမှ ခြောက်
နာရီ ဆယ့်ငါးမိနစ်ပဲ ရှိသေးတယ်။ လေးဆယ့်နစ်မိုင် ခရီးကို လေးဆယ့်
ငါးမိနစ်ပဲ ကြာတယ်။ ခရီး သိပ်တွင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ထိုအကြံပေးချက်ကို 'မချိုမစာပေ' က အကောင်အထည် ဖော်ပေးပါသည်။

ထို့ကြောင့် ယခု ထီးနှင့်အခြားအိန္ဒိယဝတ္ထုတိုများစာအုပ် ထွက်ပေါ်လာရခြင်းနှင့် ပတ်သက်၍ ...

မူရင်းစာမူများကို ရှာဖွေစုဆောင်းပေးလာသူ ဦးခင်ထွန်း (အင်းစိန်) အား လည်းကောင်း...

အရေးတယူ ဖော်ပြပေးခဲ့ကြသော မဟေသီမဂ္ဂဇင်း၊ ဂီတပဒေသာမဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ သဘင်မဂ္ဂဇင်း၊ မိုးဝေမဂ္ဂဇင်းနှင့် ဒဂုံမဂ္ဂဇင်းတို့ကို လည်းကောင်း

မဖြစ်မနေ ထုတ်ဝေပေးသော ဦးရဲမြင့်နှင့် မချိုမစာပေ လူငယ်အင်အား ဝိုင်းတော်သားများအား လည်းကောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**အထောက်တော်လှအောင်**
၁၆၊ ဩဂုတ်၊ ၁၉၈၅။



# ကြက်ဥပြုတ်သည်

"ကိုင်း...ဘရာမူလာမြို့ကို ရောက်ပါပြီဗျား"

ခရီးစကတည်းက ဂျစ်ကားကို ကိုယ်တိုင်မောင်းလာသော ကာနယ်က ကျွန်တော့်ဘက် လှည့်ပြောသည်။ ဂျစ်ကားကိုလည်း လမ်းဘေးတစ်နေရာမှာ ထိုးရပ်ပေးသည်။

သူ၏နေကာမျက်မှန်ထဲမှာ ကျွန်တော်၏အရိပ်များ ထင်ဟပ်နေလေသည်။

"ကျွန်တော် ဒီမှာ တစ်ညလောက် အိပ်မယ်။ ပြီးရင် အုရိမြို့ကို ခရီးဆက်မယ်"

ဂျစ်ကားပေါ်မှ ကျွန်တော် ဆင်းဖို့ပြင်သည်။ ဂျစ်ကားနောက်ခုံတွင် လိုက်ပါလာသော စစ်သားများအနက် တစ်ယောက်က ကျွန်တော်၏ အဝတ်အစားသေတ္တာကို အောက်ချပေးသည်။

"ကျွန်တော် ကားမောင်းလာတာ စိတ်တိုင်းကျပါတယ်နော်"

ထိုမေးခွန်းကြောင့် ကျွန်တော် ပြန်ပြုံးပြလိုက်ရပါသည်။

"အို...သိပ်ကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဆရင်နဂါမြို့က ကျွန်တော်တို့ ထွက်လာတာ ညနေ ငါးနာရီခွဲက မဟုတ်လား။ အခုမှ ခြောက်နာရီ ဆယ့်ငါးမိနစ်ပဲ ရှိသေးတယ်။ လေးဆယ့်နှစ်မိုင် ခရီးကို လေးဆယ့်ငါးမိနစ်ပဲ ကြာတယ်။ ခရီး သိပ်တွင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတဲ့ လမ်းကိုပဲ ကျေးဇူးတင်ပါတယ်ဗျာ၊ ရော့ စီးကရက်ကလေး တစ်လိပ်လောက် ဖွာသွားလိုက်ပါဦး"

ကာနယ်က ပြုံးမြဲပြုံးရင်း ရွှေရောင်စီးကရက်ဗူးကို ဖွင့်ကာ ကျွန်တော့်ဘက်သို့ ကမ်းပေးသည်။

ကျွန်တော် စီးကရက်မီးညှိမည်အပြုတွင် ကလေးသံတစ်ခုကို ကြားလိုက်ရသည်။

"ဆရာကြီး ကြက်ဥပြုတ် ဝယ်သွားပါဦးလား ခင်ဗျာ"

အသံကြားရာဘက်သို့ ကျွန်တော် လှည့်ကြည့်မိသည်။ ကြက်ဥပြုတ်များ ထည့်ထားသော လွယ်အိတ်ကလေးတစ်လုံးကိုင်ပြီး ကျွန်တော်တို့ ဂျစ်ကားနားမှာရပ်နေသည့် သူငယ်လေးတစ်ယောက်ကို တွေ့ရသည်။ မျက်လုံးပြာပြာကလေး အစုံဖြင့် ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေသည်။

"အား…အပေါင်းအသင်းကလေး…မင်း ကြက်ဥပြုတ် လာရောင်းသကိုး"

ကာနယ်က ကြက်ဥပြုတ်သည်ကလေးကို ရယ်ရယ်မောမော လှမ်းပြောပြီး ကျွန်တော့်ဘက်သို့ လှည့်ကာသည်။

"ဘာရာမူလာမြို့မှာ ခဏနားမယ်ဆိုရင် ဒီကလေးကို ခင်ဗျား သိထားဖို့ လိုတယ်နော်။ ဒီမြို့က သူ့မြို့ပဲ။ ဒီမြို့ကို ကျွန်တော် ဖြတ်သွားတိုင်း သူတို့ ညီအစ်ကိုနှစ်ယောက် ကြက်ဥပြုတ်ရောင်းနေတာကို အမြဲတွေ့ရတယ်"

သူငယ်လေးကို ကျွန်တော် လှမ်းကြည့်မိပြန်သည်။ ပိန်ပိန်သေးသေးကလေး ဖြစ်သည်။ သူ့အသက်နှင့်စာလျှင် အရပ်က မြင့်နေသည်။ ဆံပင်များက နီကြောင်ကြောင်။ မျက်လုံးအစုံကမူ တည်ကြည်ခံ့ညားနေသည်။

သူ့ကိုယ်ပေါ်မှ မျက်လုံးမခွာဘဲ ကျွန်တော် အကဲခတ်မြဲ ခတ်နေမိသည်။ ချစ်စရာကောင်းသော သူငယ်တစ်ယောက်ဖြစ်ကြောင်း သိသာသည်။ ဘာက ချစ်စရာ ကောင်းနေသနည်း။ မျက်လုံးအစုံကလား။ ယုံကြည်မှု အပြည့်အဝရှိသည့် ဟန်ပန်မျိုးဖြင့် မတ်မတ်ကလေး ရပ်နေသည့် အမူအရာလား။

"ဒီနေ့တော့ မင်းအစ်ကိုကို မတွေ့မိပါလားကွ"

သူငယ်လေးကို ကာနယ်က လှမ်းမေးလိုက်ပြန်သည်။





"သူ့ အိမ်မှာ အလုပ်များနေပါတယ် ဆရာကြီး။ ကျွန်တော်တို့ အိမ်ဆိုင်ကလေးတစ်ဆိုင် ဆောက်နေလို့ပါ ခင်ဗျာ"

"မင်းတို့အိမ်ဆိုင်လား…ဟား…ဟား ဒီအတိုင်းဆိုရင် မင်းဈေးဆိုင်ပိုင်ရှင်ကြီးတစ်ယောက် ဖြစ်လာဦးတော့မှာပေါ့၊ ဟုတ်လား"

ကာနယ်၏မေးခွန်းကြောင့် သူငယ်လေး၏မျက်နှာပေါ်တွင် ရှက်သွေးဖြာသွားသည်ကို ကျွန်တော် သတိထားလိုက်မိသည်။

"ဒါထက် မင်းဒီနေ့ ကြက်ဥပြုတ် ဘယ်နှစ်လုံး ကုန်ပြီလဲ" ဟု ကာနယ်က ဆက်မေးသည်။

သူငယ်လေး၏ အပြာရောင်မျက်လုံးအစုံထဲမှာ စိတ်ထိခိုက်သည့် အမူအရာကလေးတစ်ခု မသိမသာ လှစ်ခနဲ ပေါ်သွားသည်။

"ဒီနေ့ရောင်းလို့ သိပ်မကောင်းဘူး ဆရာကြီး။ ယာဉ်တန်းတွေ အသွားအလာများမှ ကျွန်တော်တို့ ဈေးရောင်းကောင်းတာပါ ခင်ဗျာ။ စစ်သားတွေက သိပ်သဘောကောင်းပါတယ်။ ကျွန်တော်တို့ ကြက်ဥပြုတ်ကိုလည်း ကြိုက်ကြပါတယ်။ ဒါပေမယ့် ဒီနေ့တော့ ဘာယာဉ်တန်းမှ မလာပါဘူး ခင်ဗျာ။ ဒါကြောင့် ကျွန်တော့် လွယ်အိတ်တစ်လုံးအပြည့် ကျန်နေတုန်းပါပဲ။ ဒီမှာ ကြည့်ပါဦး ဆရာကြီး"

သူငယ်လေးက ကြက်ဥပြုတ်ထည့်ထားသည့် လွယ်အိတ်ကို ကာနယ့်ဘက်သို့ ထိုးပြလိုက်လေသည်။

"ကောင်းပြီ သား။ မင်း ကြက်ဥပြုတ်တွေကို ငါ အကုန်ဝယ်လိုက်ပါ့မယ်။ ရော့ ပိုက်ဆံ"

ကာနယ်က လွယ်အိတ်ကို လှမ်းယူရင်း ငါးကျပ်တန်တစ်ရွက် ထုတ်ပေးသည်။

သူငယ်လေးက ငါးကျပ်တန်ကို စိုက်ကြည့်ရင်း ခေါင်းခါနေသည်။

"ဒါလောက် ပိုက်ဆံတွေအများကြီး ကျွန်တော် မယူပါဘူး ဆရာကြီး။ လွယ်အိတ်ထဲမှာ ကြက်ဥပြုတ် နှစ်ဆယ့်နှစ်လုံးပဲ ရှိပါတယ် ခင်ဗျာ"

"ဒီလိုဆိုရင် ကြက်ဥပြုတ် နှစ်ဆယ့်နှစ်လုံးက ဘယ်လောက်ကျသလဲကွ"

"တစ်လုံးကို သုံးပဲပါ ဆရာကြီး။ ဒါကြောင့် လေးကျပ်နှင့် တစ်မူးပဲ ကျပါတယ် ခင်ဗျာ။ ကျွန်တော် တစ်ပြားမှ ပိုမယူပါရစေနှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလား။ ဟား ဟား ကောင်းပါပြီဗျာ။ ကောင်းပါပြီ။ ဗိုတဲ့ ပိုက်ဆံ သား သိမ်းထားလိုက်ပေါ့။ နောက်တစ်ခေါက်လာတော့ ကြက်ဥပြုတ်ပေး၊ ဟုတ်လား"

ကာနယ်က သူငယ်လေး၏ လက်ထဲသို့ ငါးကျပ်တန်ကို ထိုးထည့်ပေးလိုက်သည်။

"ဒီမှာ ဆားနှင့်ငရုတ်ကောင်းမှုန့်ထုပ်ပါ ဆရာကြီး"

သူငယ်လေးက အထုပ်သေးသေးကလေးများကို လက်ဖြင့်ဆုပ်ပြီး လှမ်းပေးပြန်သည်။

"အဲဒါတွေအတွက်ရော ဘယ်လောက်ပေးရမလဲကွ"

ကာနယ်က မေးရင်း ကျွန်တော့်ဘက်သို့လှည့်ကာ မသိမသာ မျက်လုံးမှိတ်ပြသည်။

"တစ်ပြားမှပေးဖို့ မလိုပါဘူး ခင်ဗျာ။ ကြက်ဥပြုတ်ဝယ်ရင် ဒါတွေကို အလကားပေးတာပါ။ ဆရာကြီးလည်း သိပါတယ်"

"အေး အေး။ ဟုတ်သားပဲ"

ကာနယ်က ဆားနှင့်ငရုတ်ကောင်းမှုန့်ထုပ်များကို လှမ်းယူသည်။ ပြီးတော့ ကျွန်တော့်ဘက် လှည့်ပြောသည်။

"ဒီအထုပ်ကလေးတွေထဲမှာ ဆားနှင့်ငရုတ်ကောင်းမှုန့် ပါတယ်။ ကြက်ဥပြုတ်ဆိုတာကလည်း ငရုတ်ကောင်းမှုန့်ကလေးနှင့်စားမှ အရသာရှိတာ။ ဒီသူငယ် ဈေးရောင်းမတော်ဘူးလားဗျို့"

"တော်ပါပေတယ်ဗျာ"

နောက်ခုံမှာ ထိုင်နေသော စစ်သားများကို ကာနယ်က ကြက်ဥပြုတ်အချို့ လှမ်းပေးသည်။ ကျွန်တော့်ကိုလည်း ကြိုက်သလောက်ယူဖို့ ပြောသည်။ ကျွန်တော်က နှစ်လုံးယူပြီး ကားအောက်သို့ ဆင်းလိုက်သည်။

"ကိုင်း သွားပြီဗျို့"

ကာနယ်က ကျွန်တော့်ကို လက်ပြနှုတ်ဆက်ပြီး ကားမောင်းထွက်သွားတော့သည်။ လမ်းဘေးမှာ သူငယ်လေးနှင့် ကျွန်တော်နှစ်ယောက်တည်း ကျန်ခဲ့သည်။





လမ်းဘေးမှာ ချထားသော အဝတ်အစားသေတ္တာကို ကျွန်တော် ကောက်ကိုင်မည် အပြုတွင် သူငယ်လေးက ဦးအောင် ကောက်ယူနှင့်သည်။

"ဆရာကြီး ခွင့်ပြုမယ်ဆိုရင် ကျွန်တော် သယ်ခဲ့ပေးပါ့မယ် ခင်ဗျာ။ ဆရာကြီးက ဘယ်မှာတည်းဖို့ စီစဉ်ထားပါသလဲ"

"ဗိုလ်တဲမှာ တည်းမှာပါကွယ်။ ညနေ လေးနာရီမှာ ဒီနေရာက ကြိုနေဖို့ သူတို့ကို အကြောင်းကြားပြီးသား။ ဒါပေမယ့် ဆရင်နာဂါက တို့ ထွက်လာတာ သိပ် နောက်ကျသွားတယ်"

အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီသို့ ကျွန်တော် လှမ်းမျှော်ကြည့်လိုက်သည်။ ဝင်လုဆဲနေက အရောင်မျိုးစုံ ဖြာကျနေသည်။ ရေခဲများ ဖုံးလွှမ်းနေသည့် တောင်ထိပ်များမှာ ဖွေးဖွေးလှုပ်ကာ အရောင်လက်နေလေသည်။

လမ်း၏ညာဘက်ခြမ်းသို့ မျှော်ကြည့်လိုက်သည်တွင် အိမ်ခေါင်မိုးများကို တွေ့ရသည်။ လွန်ခဲ့သည့် ခြောက်လလောက်တုန်းက သုပုန်တွေဝင်ပြီး မွှေနှောက်ဖျက်ဆီးသွားသည့် ဘုရားမှုလာမြို့ပင် ဖြစ်ချေသည်။ ထိုအသိကြောင့် ကျွန်တော် မသိမသာ သက်ပြင်းချမိ၏။ ထို အိမ်ခေါင်မိုးများဆီသို့ လက်ညှိုးထိုးပြပြီး သူငယ်ကလေးကိုလည်း မေးမိသည်။

"ဘုရားမှုလာမြို့ဟာ ဒါပဲ မဟုတ်လား ကလေး"

"မှန်ပါတယ် ဆရာကြီး။ ဆရာကြီးက ဘုရားမှုလာမြို့ကို အလည်လာတာပါလား ခင်ဗျာ"

သူငယ်ကလေးက ကျွန်တော့်ရှေ့မှ ကြိုလျှောက်သွားရင်း ပြန်ပြောသည်။

ဟုတ်ကြောင်း ကျွန်တော်က ပြန်ပြောသည်။ ညစ်ပတ်ပေရေနေသော အဝတ်အစား ခပ်နွမ်းနွမ်းအောက်မှ လှပသည့် သူ၏ လည်တိုင်ကလေးကို ကျွန်တော် လှမ်းကြည့်နေမိသည်။

"ဆရာကြီးက ခရီးအဝေးကြီးက လာရတာလား ခင်ဗျာ"

ကျွန်တော်က ကြက်ဥပြုတ်ကို အခွံနွှာပြီး စားသည်။

"ဆိုပါတော့ကွာ…မင်းကို ပြောရဦးမယ်၊ မင်းရဲ့ ကြက်ဥပြုတ်က တယ်ကောင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာကြီး။ ကြက်ဥတွေက သိပ် လတ်ပါတယ်၊ ကျွန်တော့် အမေက ကြက်ခြံမှာ မနက်တိုင်း သွားဝယ်ပါတယ် ခင်ဗျာ"

"သြော်...မင်းမှာ အမေရှိသကိုး။ အသက်ကြီးလှပြီလား"

"မကြီးသေးပါဘူး ဆရာကြီး။ အမေက သိပ်တော်ပါတယ်။ မျက်စိ မမြင်ရပေမယ့် ကြက်ဥ လတ် မလတ် သိပ်ရွေးတတ်တာပဲ"

"အို..."

ကျွန်တော် တစ်စုံတစ်ခု ပြောမိတော့မလို ဖြစ်သွားသည်။ သို့သော်လည်း သူငယ်လေး၏ စိတ်ထိခိုက်ဖွယ်အဖြစ်ကို စကားမဆက်တော့ပေ။ ထို့ကြောင့် စကားလမ်းကြောင်း ပြောင်းပစ်လိုက်ရလေသည်။

"မင်း နာမည် ဘယ်လိုခေါ်သလဲကွယ်"

"ရှဘားနားလို့ ခေါ်ပါတယ် ဆရာကြီး"

ကျွန်တော့်ကို ပြန်အဖြေပေးရင်း ဗိုလ်တဲလှေကားပေါ်မှ အလုပ်သမား တစ်ယောက်ကို သူ မြင်လိုက်သဖြင့် လှမ်းအော်လိုက်လေသည်။

"ဗျို့ အာဟာဒူး ဟောဒီမှာ ဆရာကြီး ရောက်လာပြီဗျို့"

လှေကားပေါ်မှ လူက ကျွန်တော်တို့ဆီသို့ အူယားဖားယား ပြေးလာသည်။ ရှဘားနား၏လက်ထဲမှ အဝတ်အစားသေတ္တာ လှမ်းယူပြီး ကျွန်တော့်ကို တောင်းပန်စကား ပြောသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး။ ညနေ လေးနာရီက စပြီး ကားဂိတ်မှာ ကျွန်တော် တစ်နာရီလောက် သွားစောင့်နေပါသေးတယ်။ ဒီနေ့ည ဆရာကြီး မလာတော့ဘူးထင်လို့ ကျွန်တော် "

ထိုသူက ထပ်ကာတလဲလဲ တောင်းပန်နေသည်။ ထို့ကြောင့် သူ့စကားကို ကျွန်တော် ဖြတ်လိုက်ရသည်။

"ရပါတယ်ကွယ် အရေးမကြီးပါဘူး"

ဗိုလ်တဲလှေကားရင်း ရောက်တော့ ရှဘားနားက ကျွန်တော့်ကို ဆလံပေးသည်။

"ကျွန်တော် ပြန်ရတော့မလား ဆရာကြီး"

"အေး အေး ပြန်နိုင်ပါပြီ ရှဘားနား။ မင်းကို ကျေးဇူးအများကြီး တင်ပါတယ်ကွယ်"





ရှဘားနားက ကျွန်တော့်ကို ဆလံတစ်ကြိမ် ထပ်ပေးပြန်သည်။ ပြီးတော့ တစ်ဘက်သို့ လှည့်ထွက်သွားသည်။ မလှမ်းမကမ်းသို့ ရောက်သောအခါ ခပ်သုတ်သုတ်ကလေး ပြေးသွားလေတော့သည်။ သူ ပြေးသွားပုံကလေးကို ကြည့်ပြီး ငယ်စဉ်ကလေးဘဝကို သတိရကာ ကျွန်တော် သဘောကျမိလေသည်။

နောက်နေ့မနက် အိပ်ရာမှ ခပ်စောစော ကျွန်တော် နိုးလာသည်။ လွန်ခဲ့သော ခြောက်လခန့်က သူပုန်များဝင်ပြီး လုယက်ဖျက်ဆီးသွားသည့် ဘရာမူလာမြို့၏ အပျက်အစီးများကို ကျွန်တော် စစ်ဆေးကြည့်ရှုချင်သည်။

အနောက်မြောက်ဘက်မှာရှိသော သူပုန်များသည် ကသ္မီယပြည်နယ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာပြီး ဆရင်နဂါးမြို့ကို သိမ်းပိုက်နိုင်ရန် ကြိုးစားခဲ့ကြသည်။ သို့ကြောင့် ဘရာမူလာမြို့ကို ပထမဆုံး ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။

နံနက်စာစားပြီး လသာဆောင်သို့ ထွက်ကာ ကျွန်တော် စီးကရက်သောက်ရင်း အဝေးသို့ မျှော်ကြည့်နေမိသည်။ မြို့ထဲသို့ လှည့်လည်ကြည့်ရှုရာတွင် ဗိုလ်တဲစောင့် အာဟာဒူးကို အဖော်ခေါ်သွားရလျှင် ကောင်းမလားဟု စဉ်းစားနေမိသည်။

ထိုအခိုက် ဗိုလ်တဲဆီသို့ ဦးတည်လာသော လူငယ်နှစ်ယောက်ကို လှမ်းမြင်ရသည်။ တစ်ယောက်သည် ရှဘားနားဖြစ်ကြောင်း ကျွန်တော် ချက်ချင်း မှတ်မိလိုက်ပါသည်။

လှေကားရင်းမှာ သူတို့နှစ်ယောက်ရပ်ပြီး ကျွန်တော့်ကို ဆလံပေးသည်။

"မင်္ဂလာပါ ရှဘားနား"ဟု ကျွန်တော်က ဆီးကြိုနှုတ်ဆက်သည်။

"သူက ကျွန်တော့်အစ်ကိုပါ ဆရာကြီး"

ရှဘားနားက သူ့ဘေးမှ သူငယ်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

"မင်းတို့နှစ်ယောက် ကြက်ဥပြုတ် လာရောင်းပြန်တာလားကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြန်နောက်လိုက်မိသည်။ ကျွန်တော် နောက်သည်ကို ရှာဘားနားက သဘောပေါက် နားလည်သွားကာ ဟက်ဟက်ပက်ပက် ရယ်သည်။

"ကျွန်တော်တို့မြို့ကို ဖြတ်သန်းသွားလာကြတဲ့ ခရီးသည်တွေကိုသာ ကျွန်တော်တို့ ကြက်ဥပြုတ်ရောင်းတာပါ ဆရာကြီး"

"ဒီလိုဆိုရင် အခု ဘာရောင်းချင်လို့ လာကြတာလဲကွ"

"ဘာရောင်းဖို့မှ မဟုတ်ပါဘူး ဆရာကြီး။ ဆရာကြီး ဖိနပ်တွေ တိုက်ပေးဖို့လိုရင် တိုက်ပေးမလားလို့ လာတာပါ။ နောက်တစ်ခုက ကျွန်တော့်အစ်ကိုက ဆရာကြီးကို မြင်ဖူးချင်လို့ပါ ခင်ဗျာ"

"ဟေ ငါ့ကို မြင်ဖူးချင်လို့ လာအကြည့်ခံရတာ ငါ့တစ်သက်မှာ ဒါ ပထမဆုံးအကြိမ်ပဲကွ၊ ဟား ဟား"

ကျွန်တော်က အာဟာဒူးကို ခေါ်ပြီး ကျွန်တော့် ဖိနပ်များ ထုတ်ပေးလိုက်ရန် ပြောသည်။

ဗိုလ်တဲဝင်းထဲမှာ သူတို့နှစ်ယောက် ကျကျနနထိုင်ပြီး ကျွန်တော့်ဖိနပ်များကို စိတ်အားထက်သန်စွာ ပွတ်တိုက်ကြလေတော့သည်။

"ရှာဘားနား၊ မင်း အစ်ကိုနာမည် ပြောပါဦးကွ"

ကျွန်တော်က သူ့ကို မော့မကြည့်ဘဲ ပြန်ဖြေသည်။

"မင်းတို့နှစ်ယောက် ဖိနပ်ချုပ်သမားတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ဆရာကြီး မဟုတ်ပါဘူး။ ကျွန်တော့် အဖေက ခြံစိုက်စားပါတယ်။ အခုလို ဖိနပ်တိုက်ရတာက သိပ်ကို အဖိုးတန်တဲ့ ပိုက်ဆံရလို့ပါ။ ရိုးရိုးသားသားလုပ်တဲ့ အလုပ်မှန်သမျှ အင်မတန် တန်ဖိုးရှိတယ်လို့ အမေက ပြောပါတယ် ဆရာကြီး"

"ဟုတ်လား"

ရိုးသားသော လုပ်ငန်းအကြောင်း ကောင်းစွာ သိနေကြသည့် လူငယ်ကလေးနှစ်ယောက်ကို ကျွန်တော် ငေးစိုက်ကြည့်နေမိသည်။

ဖိနပ်များကို တိုက်ပြီးသောအခါ လသာဆောင်ဘေး တစ်နေရာတွင် သပ်သပ်ရပ်ရပ် တန်းစီချထားပေးသည်။ ကျွန်တော်က ကျပ်တန်တစ်ရွက် ထုတ်ပြီး ရှာဘားနားအား လှမ်းပေးသည်။





"ဆရာကြီးမှာ အကြွေမရှိဘူးလား ခင်ဗျာ" ဟု ရှာဘားနားက ပြန်မေးသည်။

"အကြွေ ဘာလုပ်ဖို့လဲကွ။ မင်း ဒီကျပ်တန် ယူလိုက်လေ"

"ကျွန်တော် မယူချင်ပါဘူး ဆရာကြီး။ ကျွန်တော်တို့ လုပ်တဲ့အလုပ်နှင့် ထိုက်တန်တဲ့ ငွေကြေးကိုပဲ လိုချင်ပါတယ်ခင်ဗျာ။ မတရားသဖြင့်လည်း ပိုမလိုချင်ပါဘူး။ ပိုက်ဆံကို ကျွန်တော်တို့ သိပ်လိုချင်ပါတယ်။ ပိုက်ဆံလိုချင်တဲ့စိတ် ဘယ်လောက်ကြီးမားတယ် ဆိုတာတောင် ပြောမပြတတ်အောင်ပါပဲ ခင်ဗျာ။ ဒါပေမယ့် အလကားပေးတဲ့ ပိုက်ဆံကို ကျွန်တော်တို့ လက်ခံလေ့ မရှိပါဘူး။ ကိုယ် အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံကိုပဲ ယူပါတယ် ဆရာကြီး"

နေရောင်အောက်တွင် ပခုံးချင်းယှဉ်ရပ်နေသော သူငယ်လေးနှစ်ယောက်ကို ကျွန်တော် စိုက်ကြည့်နေမိသည်။ တစ်ယောက်က ဆံပင်နီကြန်ကြန်၊ မျက်လုံးပြာပြာ။ နောက်တစ်ယောက်က ဆံပင်ဖြူရော်ရော်၊ မျက်လုံးမည်းမည်း။ သူတို့ မျက်နှာကလေးများက နုနယ်ပြီး အပြစ်ကင်းစင်နေကြသည်။

အရာရာကို လေးလေးနက်နက် သဘောထားသည့် အမူအရာများလည်း အထင်းသားပေါ်လွင်နေသည်။

"ကောင်းပါပြီကွယ်။ ဒါဖြင့် မင်းတို့ကို အလုပ်တစ်ခု ခိုင်းမယ်ဆိုရင် ဒီကျပ်တန်ကို လက်ခံမလား"

"လက်ခံပါ့မယ် ဆရာကြီး။ ကျွန်တော်တို့ကို ကြိုက်ရာခိုင်းပါ။ ပျော်ပျော်ပါးပါး လုပ်ပေးပါ့မယ် ခင်ဗျာ"

"ဒီလိုဆိုရင် ငါနှင့် မြို့ထဲကို လိုက်ခဲ့ပါ။ မင်းတို့နှစ်ယောက်က ငါ့ရဲ့ လမ်းပြပေါ့ကွာ။ ဘယ်လိုလဲ"

"ကောင်းပါပြီ ဆရာကြီး။ ကျွန်တော် လိုက်ပါ့မယ်"

ကျွန်တော် အဝတ်အစားလဲပြီး ရှာဘားနားတို့ ညီအစ်ကို နှစ်ယောက်နှင့်အတူ ဘရာမူလာမြို့ထဲသို့ ထွက်ခဲ့လေသည်။

သူတို့နှစ်ယောက်သည် သည်မျှတော်လိမ့်မည်ဟု ကျွန်တော် မတွေးထင်ခဲ့မိချေ။ တစ်မြို့လုံးအကြောင်းကို အပ်ကျမပ်ကျ သိသည်။ လွန်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လခန့်က သူပုန်များ ဖျက်ဆီးသွားသည့် နေရာများကို အကျိုးသင့် အကြောင်းသင့် တစ်ခုချင်း ရှင်းပြနိုင်သည်။

ဟောဒီဗလီက သူပုန်များ မီးရှို့သွားသည့် ဗလီ။ ဟောဒီ ဘုရားရှိခိုးကျောင်းက သူပုန်များ ဖျက်ဆီးသွားသည့် ဘုရားရှိခိုးကျောင်း၊ ဟောဒီ အိမ်တွေက သူပုန်များ လုယက်ပြီး ဖျက်ဆီးသွားသည့် အိမ်များ။

ပျက်စီးနေသည့် ဆေးရုံများကိုလည်း လိုက်ပြသည်။ အမျိုးသမီးများကို လမ်းမပေါ် ဆွဲထုတ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်သည့်နေရာ။ နွားများ၊ သိုးများနှင့် မြင်းများကို မီးလောင်တိုက်သွင်းသည့် နေရာများကိုလည်း ပြသည်။

သူပုန်များသည် မြို့တွင်းသို့ မည်သို့မည်ပုံဝင်ရောက်လာကြောင်း၊ ပြီးတော့ တစ်မြို့လုံးကို ပိုက်စိတ်တိုက်ပြီး လုယက်ဖျက်ဆီး မီးတိုက်ကြကြောင်း။ ဈေးချိုလမ်းမကြီးတစ်ခုလုံး စိစိညက်ညက် ကြေသွားကြောင်း၊ သူပုန်များ ဆရင်နဂါသို့ ဆက်လက်ချီတက်ရန် ပြင်ဆင်နေခိုက်မှာပင် အိန္ဒိယစစ်တပ်များ အချိန်မီ ရောက်လာကြောင်းများ ရှင်းပြသည်။

သူပုန်များ အူရီတောင်ကြောကို ကျော်ပြီး ဆုတ်ခွာထွက်ပြေးသွားကြရသည်။

ဘာရာမူလာမြို့သူမြို့သားများသည် ပျက်စီးသွားသော အဆောက်အဦများကို အင်တိုက်အားတိုက် ပြန်လည်တည်ဆောက်ကြကြောင်း၊ အချင်းချင်း ရိုင်းပင်းကူညီကြကြောင်း၊ သူပုန်များ ဖျက်ဆီးသဖြင့် ရုပ်ဝတ္ထုများ ပျက်စီးသွားကြသော်လည်း စည်းလုံးညီညွတ်ခြင်းတည်းဟူသော အလွန်တရာ မွန်မြတ်သည့် စိတ်ဓာတ်ကို ဘာရာမူယာ မြို့သူမြို့သားများ ရရှိလိုက်ကြကြောင်းများ ပြောပြသည်။

"နောက်တစ်နှစ်လောက်ကြာရင် ဆရာကြီး တစ်ခေါက် လာကြည့်စေချင်ပါတယ်။ တစ်ချိန်တုန်းက ကျွန်တော်တို့မြို့ကို သူပုန် ဝင်ဖျက်သွားတယ် ဆိုတာကိုတောင် ဆရာကြီး ယုံနိုင်တော့မှာ မဟုတ်ဘူး။ တစ်နှစ်အတွင်းမှာ ကျွန်တော်တို့မြို့ကို အလျင်ကအတိုင်း ပြန်ဖြစ်အောင် လုပ်မယ်လေ"





ကသ္မီယပြည်နယ် အစီရင်ခံစာကြီးကို ဖတ်နေမည်ဆိုလျှင် သည်လောက် စုံစုံလင်လင် ကျွန်တော် သဘောပေါက် နားလည်နိုင်မည် မဟုတ်ပေ။

ငွေတစ်ကျပ် ထပ်ပေးလိုသော်လည်း သူတို့ညီအစ်ကို နှစ်ယောက်ကို စော်ကားသလို ဖြစ်မည်စိုးသောကြောင်း မိမိဆန္ဒကို ချိုးနှိမ်ထားလိုက်ရပါတော့သည်။

ဗိုလ်တဲသို့ ပြန်ရောက်ပြီး နေ့လယ်စာစားနေခိုက် ဗိုလ်တဲစောင့် အာဟာဒူးက ရှာဘားနားတို့ ညီအစ်ကို နှစ်ယောက်အကြောင်း မေးသည်။

"လမ်းပြကလေးနှစ်ယောက်ကို ဆရာကြီး သဘောကျပါရဲ့လား ခင်ဗျာ"

"အင်း ဒီလောက်တော်တဲ့ ညီအစ်ကိုမျိုးတော့ တစ်ခါမှ မတွေ့ဖူးပါဘူးကွာ၊ သူတို့နှစ်ယောက်က အမြွှာညီအစ်ကိုလား အာဟာဒူး"

"မဟုတ်ပါဘူး ဆရာကြီး။ သူတို့နှစ်ယောက် ဘာမှ မတော်ကြပါဘူး။ သူတို့ကတော့ ညီအစ်ကိုဖြစ်ကြောင်း လူတိုင်းကို ပြောနေကြတာပေါ့ ခင်ဗျာ၊ ရှာဘားနားကလည်း ဟိုသူငယ်လေးကို ဘိုင်လို့ပဲ ခေါ်ပါတယ်"

ကျွန်တော် အကြီးအကျယ် အံ့အားသင့်သွားမိပါသည်။ ထို့ကြောင့် ခေါင်းကို ယမ်းခါလိုက်မိသည်။

"ကျွန်တော်ပြောတာကို ယုံပါ ဆရာကြီး။ သူတို့နှစ်ယောက်ကို ပေါက်စကလေးကတည်းက ကျွန်တော် သိခဲ့တာပါ။ ရှာဘားနားက ဘိုင်လို့ ခေါ်နေတဲ့ကလေးက ဟိန္ဒူ ဖြစ်ပါတယ်။ သူ့ နာမည်က ကာရှီနတ်ပါ။ သူ့အဖေက သစ်တောအရာရှိ၊ သူပုန်တွေဝင်တုန်းက အသတ်ခံလိုက်ရပြီး အိမ်ကိုလည်း မီးရှို့ခံရပါတယ်။ ဘာရှီနတ် မိဘမဲ့ဖြစ်သွားတော့ ရှာဘားနားရဲ့ အမေက ကောက်ပြီး မွေးစားလိုက်တာပါပဲ။ ပါးစပ်တစ်ပေါက် တိုးလာတဲ့အတွက် သူတို့စားဝတ်နေရေး ဘယ်လောက် ခက်ခဲသွားမယ်ဆိုတာ သိပါတယ်။ ရှာဘားနားတို့အိမ်နှင့် ဈေးဆိုင်ကိုလည်း သူပုန်တွေက မီးရှို့ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် ရှာဘားနားရဲ့ အမေဟာ အင်မတန်သတ္တိကောင်းပါတယ်။ သူ့သားအကြီးကို ကာကွယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဝင်နိုင်းတယ်။ ထမင်းနပ်မှန်အောင် စားရဖို့အတွက် ဒီကလေးနှစ်ယောက်က အလုပ်လုပ်တယ်။ ဈေးဆိုင်သေးသေးကလေး တစ်ဆိုင်ကလည်း သူတို့ဆောက်နေကြပါတယ်"

"အားလုံး အဆင်ပြေကြပါစေလို့ ဆုတောင်းပါတယ်ကွာ။ ဒါပေမယ့် ရှဘားနားက သူတို့အိမ်နှင့် ဈေးဆိုင်မီးရှို့ခံရတာ ဘာဖြစ်လို့ ငါ့ကို ပြောမပြတာလဲ"

"ဒီကလေးက လူသာငယ်တယ်၊ မာနကတော့ အကြီးသား ဆရာကြီးရဲ့။ သူကြုံတွေ့ရတဲ့ ဒုက္ခတွေ သူများကို ဖွင့်ပြောလေ့မရှိဘူး"

"ကာရှိနတ်ရဲ့အဖေ အသတ်ခံရတဲ့အကြောင်းနှင့် အိမ်မီးရှို့ခံရတဲ့အကြောင်းတော့ ပြောဖို့ကောင်းတာပေါ့။ မဟုတ်ဘူးလား"

"ကာရှိနတ်နှင့် သူဟာ ညီအစ်ကိုအရင်းပဲလို့ အားလုံးကို ယုံကြည်စေချင်တယ်လေ။ သူ့အမေကလည်း သူ့မှာ သားနှစ်ယောက် မဟုတ်ဘဲ သားသုံးယောက်ရှိတယ်လို့ တဖွဖွပြောနေတာ"

အာဟာဒူးဆက်နေသည်များကို ကျွန်တော် မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေမိပါသည်။ ကျွန်တော့် အာရုံထဲမှာ ရှဘားနားနှင့် သူ၏ မျက်မမြင် ဒုက္ခိတ အမေကြီးအကြောင်းများသာ ကြီးစိုးနေလေသည်။

နေ့လည်စာ စားပြီးသောအခါ အိပ်ရာပေါ် ခဏလှဲသည်။ နာရီပိုင်းအတွင်း သည်မြို့မှ ကျွန်တော် ထွက်ခွာသွားရတော့မည်ဖြစ်ရာ ရှဘားနားတို့နှင့် ပြန်လည်တွေ့ဆုံရတော့မည် မဟုတ်သည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

အူရီသို့ ကျွန်တော်တို့ ခရီးဆက်နိုင်စေရန် လာကြိုမည့် စစ်ကားရောက်မရောက် အာဟာဒူကို သွားကြည့်ခိုင်းလိုက်သည်။ လသာဆောင်သို့ ကျွန်တော် ထွက်ခဲ့သည်။

ထိုအခိုက် လှေကားရင်းမှာ ရပ်နေသော ရှဘားနားတို့ နှစ်ယောက်ကို ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့် ကျွန်တော် ဝမ်းအံ့သာကြီး သာသွားမိပါသည်။ သူ့ကို ကျွန်တော် ပြုံးပြလိုက်သည်။

"ဟေး ရှဘားနား ငါအခုဘဲ အူရီမြို့ကို သွားတော့မလို့"





"ကျွန်တော် သိပါတယ် ဆရာကြီး၊ မနက်တုန်း ဆရာကြီး ပြောပြတယ်လေ။ ဒါ့ကြောင့် ကျွန်တော်တို့ လာတာပါ ခင်ဗျာ"

"ဟုတ်ပါတယ် ဆရာကြီး"

ရှဘားနားသည် ထိုစကားပြောပြီး ခဏကြာအောင် ချီတုံချတုံဖြစ်နေသည်။ ပြီးတော့မှ တုံ့ဆိုင်းဆိုင်းဖြင့် စကားဆက်သည်။

"ကျွန်တော်တို့ကို ဆရာကြီး တစ်ခုလောက်များ ကူညီနိုင်မလားလို့ ခင်ဗျာ။ ဒါမှမဟုတ် ကျွန်တော်တို့ အမေကို ကူညီတဲ့အနေနှင့်ပေါ့"

"ဝမ်းမြောက်ဝမ်းသာ ကူညီပါ့မယ် ရှဘားနားရယ်၊ ကဲ ပြောမင်းအမေအတွက် ဘာလုပ်ပေးရမလဲ"

"အူရီမြို့မှာ ရောက်နေတဲ့ ကျွန်တော်တို့အစ်ကို အူစမန်အတွက် အမေက မုန့်ကလေးတွေ လုပ်ထားပါတယ် ခင်ဗျာ။ အဲဒါ ဆရာကြီးများ တစ်ဆိတ်လောက် ယူသွားပေးနိုင်မလားလို့ပါ။ ကျွန်တော်တို့ အစ်ကို အူစမန်က ကာကွယ်ရေးတပ်ဖွဲ့ထဲမှာပါ"

ရှဘားနားက ဒန်ချိုင့်ကလေးတစ်လုံးကို မြှောက်ပြသည်။ ထို့ကြောင့် ကျွန်တော်က ချိုင့်ကို လှမ်းဆွဲယူလိုက်သည်။

"မင်းအစ်ကိုကို တခြားဘာများ မှာစရာရှိသေးလဲ"

"ထွေထွေထူးထူး မှာစရာ မရှိပါဘူး ဆရာကြီး။ စက်ဘီးတစ်စင်းလောက် ငှားရရင် နောက်တစ်ပတ်မှာ ကျွန်တော် သွားတွေ့လိုက်မလားလို့ ကျွန်တော်တို့ အလုပ်အကိုင် အဆင်ပြေကြောင်းနှင့် အမေ နေမကောင်းကြောင်းလောက်တော့ မရှိမသေ ပြောပြပေးပါ ဆရာကြီး။ ကျွန်တော်တို့ ဈေးဆိုင်ကလေး ဆောက်လို့ပြီးသွားကြောင်းနှင့် ကုန်ဝယ်ဖို့ ငွေရှိတာနှင့် တစ်ပြိုင်တည်း ဆိုင်ဖွင့်တော့မယ့် အကြောင်းကလေးပါ ပြောပြပေးပါ ခင်ဗျာ"

သူ့စကားကို ရုတ်တရက် ဖြတ်ပစ်လိုက်သည်။ ခဏကြာတော့မှ စကားကို ပြင်ပြောသည်။

"အဲဒီ နောက်ဆုံးအကြောင်းကလေးတော့ အူစမန်ကို မပြောနဲ့တော့ ဆရာကြီးရယ်။ ကျွန်တော်တို့ ငွေရေးကြေးရေး မပြေမလည်ဖြစ်နေတာ သူ မသိစေချင်ပါဘူး။ ကျွန်တော်တို့အတွက် အလကား



www.burmeseclassic.com

www.burmeseclassic.com



သက်သက် သူ စိတ်သောကရောက်နေပါဦးမယ်။ ငွေကြေး အဆင်ပြေတဲ့နေ့အထိ ကျွန်တော်တို့ စောင့်ပါ့မယ်။ အရေးမကြီးပါဘူး။ ကျွန်တော်တို့ မိသားစု အစစအရာရာ အဆင်ပြေကြောင်းနှင့် ဈေးဆိုင်ကလေးလည်း ဆောက်ပြီးသွားပြီဆိုတဲ့ အကြောင်းလောက်သာ အူစမန်ကို ပြောပြပေးပါ ဆရာကြီး"

"မင်းတို့ ဈေးဆိုင်ကလေး ဖွင့်ဖို့အတွက် ငွေက ဘယ်လောက်လိုလို့လဲကွယ့်"

"ငွေသုံးဆယ်လောက်ပါပဲ ခင်ဗျာ။ ဒီလောက် ငွေရအောင် စုဖို့ကတော့ အချိန်ကလေး ယူရမှာပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ အောင့်နိုင်ပါတယ် ဆရာကြီး"

"မင်းတို့ စိတ်ဓာတ်ကို ယုံပါတယ် ရှဘားနား"

ကျွန်တော်က သူတို့နှစ်ယောက်၏ ကျောပြင်ကလေးကို အသာအယာသပ်ပြီး နှုတ်ဆက်ခဲ့သည်။ ထိုအခိုက် အာဟာဒူး ပြန်လာသည်ကို လှမ်းမြင်ရသည်။ ကျွန်တော့်ကို ကြိုမည့် စစ်ကားရောက်ပြီ။

"ကိုင်း...သွားတော့မယ်နော်။ မင်းတို့ ကံကောင်းကြပါစေကွာ"

ရှဘားနားတို့နှစ်ယောက်က ကျွန်တော့်ကို ပြုံးပြပြီး ဆလံပေးသည်။ ပြီးတော့ ကျွန်တော့် အထုပ်အပိုးများကိုသယ်ကာ ရှေ့မှ ပြေးကြသည်။

ကားပေါ်မှာ ကျွန်တော် တက်ထိုင်ပြီးသည်တွင် ရှဘားနားက ကျွန်တော့်အနားသို့ တိုးကပ်လာပြီး လေသံကလေးနှင့် ပြောပြန်သည်။

"ဆရာကြီး ကျွန်တော်တို့ ငွေလိုနေတဲ့အကြောင်း အူစမန်ကို သွားပြောမပြလိုက်ပါနှင့်နော်"

သူ့စကားဆုံးသည်နှင့် မော်တော်ကား ထွက်လာသည်။

အူရီမြို့သို့ရောက်ပြီး ဒုတိယမြောက်နေ့တွင် အူရီမြို့၏ အထူးအရေးပေါ်အရာရှိနှင့် ကျွန်တော် တွေ့သည်။ ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေသော ကာကွယ်ရေးတပ်ဖွဲ့ဝင် အူစမန်အကြောင်းကို ကျွန်တော် မေးကြည့်သည်။

"သူနှင့်များ ကျုပ် တွေ့လို့ရမလား"





ကျွန်တော်၏ မေးခွန်းကြောင့် အရာရှိ၏မျက်နှာ ကွက်ကနဲ ပျက်သွားသည်။ တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်း မပြုဘဲ ငြိမ်နေသည်။ ထို့ကြောင့် ကျွန်တော်က ထပ်မေးရပြန်သည်။

"အူစမန်ဆိုတဲ့ အဲဒီသူငယ်ကို ကျုပ် တွေ့နိုင်မလား"

သူက ခေါင်းခါပြပြီး နှုတ်ခမ်းကို မသိမသာ ကိုက်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူး ဆရာကြီး။ သူနှင့် ဆရာကြီး မတွေ့နိုင်တော့ပါဘူး ခင်ဗျာ"

"ဘာကြောင့်လဲ၊ ဘာကြောင့် မတွေ့နိုင်တော့တာလဲ"

အရာရှိက နှုတ်ခမ်းကို ဖိကိုက်လိုက်ပြန်သည်။ ပြီးတော့မှ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောသည်။

"ဘာကြောင့်လဲဆိုတော့ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ကာကွယ်ရေးအဖွဲ့ထဲမှာ သူမရှိတော့ပါဘူး ခင်ဗျာ။ သူ သေသွားပြီဆိုတဲ့ သတင်း မနေ့ညကပဲ ရောက်လာပါတယ် ခင်ဗျာ"

"သေသွားပြီ။ ဘာကို ဆိုလိုတာလဲ"

ကျွန်တော်က မယုံနိုင်သလို အော်မေးသည်။

"မယုံကြည်နိုင်စရာနှင့် စိတ်မကောင်း သတင်းပါပဲ ဆရာကြီး။ ဒါပေမယ့် သတင်းအမှန်ပါ"

အူစမန်၏ ကြေကွဲစရာအဖြစ်ဆိုးကို အရာရှိက ကျွန်တော့်အား ပြောပြသည်။ အူစမန်သည် သူပုန်များကို တိုက်ခိုက်ချေမှုန်းနေသော စစ်ကြောင်းများအတွက် တောတောင်ထူထပ်သည့် ရှေ့တန်းစစ်မြေပြင်တွင် ရိက္ခာများထမ်းပြီး သွားရောက်ပို့ဆောင်သည်။ ထိုအခိုက် ချုံခိုတိုက်ခိုက်ခြင်းခံရပြီး ကျဆုံးသွားခြင်း ဖြစ်သည်။

ကြားရသည့် သတင်းကြောင့် ကျွန်တော့်ရင်ထဲမှာ ဆို့သွားမိသည်။ ဘာတစ်ခွန်းမှလည်း စကားမပြန်နိုင်အောင် ဖြစ်နေမိသည်။

"အင်မတန် သတ္တိကောင်းပြီး စိတ်ကောင်း စေတနာကောင်းရှိတဲ့ လူငယ်တစ်ယောက်ပါ ခင်ဗျာ။ သူ့ကို ဆရာကြီး သိပါသလား"

ကျွန်တော် အဖြေ ပြန်ပေးမိသလား မပေးမိသလား မှတ်မိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေပိုင်းတွင် အုရိုမြို့မှ ကျွန်တော် ပြန်လည် ထွက်ခွာလာခဲ့သည်။ ဘာရာမူလာမြို့တွင် မော်တော်ကားရပ်လျှင် ရှဘားနားတို့ ညီအစ်ကိုနှစ်ယောက်နှင့် မျက်နှာချင်းဆိုင်ရတော့မည်ဟူသော အသိက ကျွန်တော့်ကို ချောက်ချားစေပါသည်။

ကျွန်တော့်ကို မြင်သည်နှင့် တစ်ပြိုင်တည်း ပြေးလာပြီး အုစမန် အကြောင်းမေးလျှင် ကျွန်တော် မည်သို့ ဖြေရပါမည်နည်း။

ထို့ကြောင့် ဘာရာမူလာမှာ ကားမရပ်ဘဲ တောက်လျှောက်မောင်းဖို့ ကာနယ်ကို မေတ္တာရပ်ခံရတော့သည်။

"မရပ်လို့မရဘူး။ ဘာရာမူမြို့ကို ဖြတ်သွားတဲ့ ကားတိုင်းကို စစ်ဆေးရတယ်။ ဒါပေမယ့် ကျွန်တော် ခဏလေးပဲ ရပ်ပါ့မယ်"

ကားဂိတ်တွင် ကလေးနှစ်ယောက် မရှိဘဲ အခြားတစ်နေရာသို့ ရောက်နေပါစေဟုသာ ကျွန်တော် ဆုတောင်းရတော့သည်။

ကျွန်တော့် ဆုတောင်းမပြည့်ပါ။

မော်တော်ကား အရပ်တွင် ကျွန်တော့်ကို မြင်သည်နှင့် တစ်ပြိုင်တည်း ရှဘားနားတို့နှစ်ယောက် ဝမ်းသာအားရ အော်ဟစ်ပြီး ပြေးလာကြသည်။

"ဆရာကြီး...ကျွန်တော်တို့မြို့မှာ တစ်ရက်နေဦးမှာလား ခင်ဗျာ" ဟု ရှဘားနားတို့နှစ်ယောက် ဝမ်းသာအားရ အော်ဟစ်ပြီး ပြေးလာကြသည်။

"မနေနိုင်တော့ပါဘူးကွယ်။ နေချင်ပေမယ့် ဒီနေ့ည ဆရင်နဂါမြို့ကို ပြန်ရောက်မှ ဖြစ်မှာမို့"

"အုစမန်ကို ချိုင့်ကလေး ပေးလိုက်ပြီ မဟုတ်လား ခင်ဗျာ"

ကျွန်တော်ပြုံးပြီး ခေါင်းညိတ်ပြလိုက်ရသည်။

"အမေ နေကောင်းကြောင်းနှင့် စိတ်ချမ်းသာနေကြောင်းရော ပြောပြလိုက်သေးတယ် မဟုတ်လား ဆရာကြီး"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရပြန်သည်။ သို့သော်လည်း သည်ဘစ်ကြိမ်တွင်တော့ ကျွန်တော် မပြုံးနိုင်အောင် ဖြစ်သွားမိသည်။

"အုစမန်ရော နေကောင်းတယ် မဟုတ်လား ခင်ဗျာ"

"နေကောင်းပါတယ်ကွယ်"





ကလေးနှစ်ယောက် မျက်နှာမှာ ဝင်းလက်သွားလေသည်။

ကာနယ်က မော်တော်ကား စ,ထွက်ဖို့ ဂီယာထိုးလိုက်က်သည်။

"ရှဘားနား...ခဏလာပါဦး သား‌ရဲ့"

ကျွန်တော်က လှမ်းအော်ခေါ်သည်။ အနားသို့ ရောက်သောအခါ သူ့လက်ထဲသို့ ဆယ်တန်သုံးရွက် ထည့်ပေးလိုက်သည်။ သူ့ပါးကလေးကိုလည်း ပွတ်သပ်လိုက်မိသည်။

"မင်းတို့အတွက် အုစမန်ပေးလိုက်တဲ့ ပိုက်ဆံ"

"ဟာ...ဆရာကြီးကလည်း ကျွန်တော်တို့ ငွေကြေးအခက်အခဲရှိနေကြောင်း အုစမန်ကို မပြောပါနှင့်လို့ ကြိုပြီး တောင်းပန်ထားလျက်နှင့် ခင်ဗျာ..."

သူ့စကား မဆုံးမီ ဂျစ်ကားက အရှိန်နှင့် မောင်းထွက်လာလေတော့သည်။ ရှဘားနား ဘာဆက်ပြောသည်ကို ကျွန်တော် မကြားနိုင်တော့ပါ။

**Where Angels Sell Eggs, By N.S Phadke.**

**၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလထုတ် သဘင်မဂ္ဂဇင်း အမှတ် (၁၆)**



www.burmeseclassic.com

www.burmeseclassic.com

# ညဥ့်ကောရီ

ထိုနေ့က တနင်္ဂနွေနေ့ ဖြစ်ပါသည်။

ကျွန်တော်သည် နယူးအင်ပါယာ ရုပ်ရှင်ရုံမှာ သူငယ်ချင်း ဇူရီတာနှင့်အတူ ညနေပွဲ ရုပ်ရှင်ကြည့်ပြီး ရုံထဲမှ ထွက်ခဲ့ပါသည်။ နာရီကို ကြည့်လိုက်တော့ ညရှစ်နာရီခွဲနေပြီ။

ဘုံဘေမြို့မှ ကာလကတ္တားမြို့သို့ ကျွန်တော် ပြောင်းရွှေ့လာသည်မှာ မကြာသေးပါ။ ကြီးမားကျယ်ပြန့်လှသော ကာလကတ္တားမြို့ကြီးကို ကြည့်ပြီး ကျွန်တော့်အဖို့ အရာရာတို့မှာ စိမ်းနေပါသည်။

ကာလကတ္တားမြို့သို့ရောက်စ စောစောပိုင်းရက်များတုန်းက မြို့ကြီးသားပီပီ စည်းကမ်းရှိသော ဘုံဘေမြို့သူမြို့သားများကို လည်းကောင်း၊ သန့်ရှင်းပြီး ကျယ်ပြောလှသော ဘုံဘေမြို့၏ လမ်းမကြီးများကို လည်းကောင်း တသသလွမ်းမောနေခဲ့မိပါသည်။

ဘုံဘေမြို့ကြီးနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ကာလကတ္တားမြို့သည် နှစ်ပေါင်းငါးဆယ်လောက် ခေတ်နောက်ကျ ကျန်ရစ်ခဲ့သည်ဟု ဆိုရပါမည်။

သို့သော်လည်း အနေကြာလာသောအခါ အသားကျပြီး နေတတ်ထိုင်တတ် ဖြစ်သွားပါတော့သည်။

ဇူရီကာနှင့် ကျွန်တော်သည် အမေရိကန်ပြည်မှာ အတူတကွ ပညာသင်ကြားခဲ့ပါသည်။ ဝစ္စကွန်စင်တက္ကသိုလ်မှ မာတာ[illegible]ဂျင်နီယာတွဲ.

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်နှစ်တည်း အောင်မြင်ရယူခဲ့ကြသော သူငယ်ချင်းလည်း ဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ယောက် အမေရိကန်ပြည်ထောင်စုမှာ ပညာအတူသင်စဉ်ကတည်းက အလုပ်နှင့်ပတ်သက်၍လည်း အာမခံချက် ရရှိခဲ့ကြပြီး ဖြစ်ပါသည်။

ဘွဲ့ရပြီး အိန္ဒိယနိုင်ငံသို့ ပြန်ရောက်လျှင် အိန္ဒိယနိုင်ငံမှာရှိနေသည့် အမေရိကန် ကုမ္ပဏီခွဲများမှာ အလုပ်ခန့်ထားပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာ ကုမ္ပဏီများက ကတိပြုခဲ့ကြသည်။

မွေးရပ်ဌာနေ အိန္ဒိယနိုင်ငံသို့ ပြန်ရောက်လာသောအခါ စူရှိတာကို ကာလကတ္တားမြို့ရှိ စက်ရုံလုပ်ငန်းများနှင့်ပါ အကျွမ်းတဝင် ရှိစေရန် ကာလကတ္တားမြို့သို့ ပြောင်းရွှေ့ခန့်ထားပေးလိုက်ရာမှ သူငယ်ချင်း စူရှိတာနှင့် ပြန်လည်တွေ့ဆုံရခြင်း ဖြစ်သည်။

အမေရိကန်မှာ ပညာသင်စဉ်ကတည်းက ခင်မင်ရင်းစွဲ ရှိခဲ့သော ကျွန်တော်တို့နှစ်ယောက်သည် တစ်မြို့တည်း၊ တစ်စက်ရုံတည်းမှာ အတူတာဝန်ထမ်းဆောင်ကြရသောအခါ ပိုမိုရင်းနှီးလာကြလေရာ ညီအစ်ကိုအရင်းတမျှ ဖြစ်လာလေတော့သည်။

ရောက်စတွင် ဘုံဘေမြို့နှင့်နှိုင်းယှဉ်ပြီး ကာလကတ္တားမြို့ ခေတ်နောက်ကျကြောင်း ကျွန်တော် မကြာခဏ ပြောမိသည်။ သို့သော် ကျွန်တော် ပြောသည်များကို စူရှိကာ လက်မခံပါ။

"ဘုံဘေမြို့သူ မြို့သားတွေက အယောင်ဆောင်တွေပါ သူငယ်ချင်းရာ။ အပေါ်ယံ ပေါင်းကြတာပါ။ ကာလကတ္တား မြို့သူမြို့သားတွေကမှ တကယ်ရိုးသားတာ။ လူတစ်ယောက်ကို ပေါင်းပြီဆိုရင် တကယ်ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲ ပေါင်းကြတာ"ဟုလည်း စူရှိတာက ပြန်ပြောစမြဲ ဖြစ်သည်။

ယဉ်ကျေးသော ဘင်္ဂါလီမိသားစုနှင့်လည်း ကျွန်တော့်ကို အလျဉ်းသင့်သလို မိတ်ဆက်ပေးလေ့ရှိသည်။ သူတို့၏ ယဉ်ကျေးမှုများကို စိတ်ပါဝင်စားအောင် ဖန်တီးပေးသည်။ ရုံဖန်ရံခါ ဆိုသလိုလည်း အထက်တန်းလွှာများနှင့် တွေ့ဆုံပေးလေ့ရှိသည်။





အထက်တန်းလွှာချင်း တူသော်လည်း ကာလကတ္တား မြို့သူ မြို့သားများသည် ဘုံဘေမြို့သူမြို့သားများနှင့် မတူဘဲ ပိုမိုယဉ်ကျေးသိမ်မွေ့ခြင်း၊ အကြင်နာတရား ပိုမိုကြီးမားခြင်းများကို ကျွန်တော် ကြုံလာရလေတော့သည်။

သည်လိုဖြင့်ပင် ကာလကတ္တားမြို့ကို ကျွန်တော် သဘောကျနှစ်ခြိုက်စ ပြုလာသည်။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သောကြောင့် ကျွန်တော် နေနေသည့် ဘော်ဒါဆောင် ညနေဘက် ပိတ်ပါသည်။ စိတ်ကြိုက်နေအိမ် မတွေ့သေးသောကြောင့် ဘော်ဒါဆောင်တွင် နှစ်ခန်းတွဲ အခန်းတစ်ခု ကျွန်တော် ငှားရမ်းနေထိုင်ပါသည်။ အခန်းခကတော့ အတော်ကလေး ဈေးကြီးပါသည်။

သို့သော်လည်း စိတ်ကြိုက်နေအိမ် မရမချင်း ဘော်ဒါဆောင်မှာပင် နေဦးမည်ဟု ကျွန်တော် ပိုင်းဖြတ်ထားသည်။

ရုပ်ရှင်ရုံထဲမှ ကျွန်တော်တို့နှစ်ယောက် ထွက်လာကြသောအခါ စူရှိကာက သူ ဗိုက်အလွန်ဆာနေသည်ဟု ပြောသည်။

ကာလကတ္တားမြို့၏ ထူးထူးခြားခြား နေရာများသို့လည်း ကျွန်တော့်ကို ရောက်ဖူးစေချင်နေသည်။

သို့ဖြင့်ပင် ချောင်ရင်ဂီ လမ်းမကြီးပေါ်ရှိ ထိတ်တန်းဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများမှာ ဝင်ရောက်စားသောက်ခြင်း မပြုမူဘဲ ပန်းခြံလမ်းဘက်သို့ ကျွန်တော့်ကို ဆွဲခေါ်သွားသည်။

ပန်းခြံလမ်း တစ်နေရာရောက်တော့ လမ်းသွယ်ကျဉ်းကျဉ်းကလေးထဲသို့ ဦးဆောင်ဝင်သွားပြန်သည်။

ထိုလမ်းကျဉ်းကလေးထဲမှာ စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။ အပြင်မှ မြင်တွေ့ရသော အဆင်အပြင်မှာ မည်သို့မျှ ထူးထူးခြားခြား မရှိသော သာမန် စားသောက်ဆိုင်ပင် ဖြစ်လေသည်။

စားသောက်ဆိုင် နာမည်က "သက်တံ့ရောင်"

အပြင်မှ မြင်တွေ့ရသော အပြင်အဆင်မှာ သာမန်ဖြစ်သလောက် အတွင်းမှာ အပြင်အဆင်ကမူ အလွန်တရာ ထူးခြားပြီး အနုပညာ မြောက်



www.burmeseclassic.com

www.burmeseclassic.com



လှကြောင်း ဆိုင်တွင်းသို့ ရောက်သောအခါကျမှပင် ကျွန်တော် ရင်သပ်ရှုမော ဖြစ်ရလေတော့သည်။

ပတ်လည်မှန်ရုံများမှာ အမြင်အားစေဖွယ်သော သစ်ကိုင်းသစ်ခက်များ ရေးဆွဲထားသည်။ ထိုသစ်ကိုင်းသစ်ခက်များပေါ်တွင် အရောင်မျိုးစုံသော ငှက်ကျေးသာရကာပေါင်းစုံတို့ နားနေကြလေသည်။ သစ်ကိုင်းသစ်ခက်များကလည်း အရောင်စုံလွန်းလှပါဘိ။

နံရံများ၏ အောက်ခြေတွင် ရောင်စုံမီးလုံးများကို ထွန်းညှိထားသည်။ ထိုမီးလုံးများမှ ရောင်စုံများ နံရံပေါ်သို့ ဖြာကျနေသည်။ ဖြာကျနေသည့် အရောင်စုံများက သက်တံရောင်ကို ဖြစ်ပေါ်စေသည်။ မီးလုံးများကား မမြင်တွေ့ရချေ။

ခင်းကျင်းပေးထားသည့် ကုလားထိုင်ကြီးများမှာ ချောင်ချောင်ချိချိဖြင့် သက်တောင့်သက်သာ ထိုင်နိုင်လောက်အောင် ကြီးမားကျယ်ပြန့်လေသည်။ အောက်ခံတွင် ကူရှင်များခံထားပြီး အပေါ်မှ ကတ္တီပါများကို ဖုံးအုပ်ထားသောကြောင့် အိစက်ညက်ညောနေသည်။

စုရှိကာနှင့် ကျွန်တော်သည် စားပွဲတစ်လုံးမှာ နေရာဝင်ယူကြသည်။ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်မှာ ဇာတ်ခုံခပ်သေးသေးတစ်ခု ရှိသည်။

ဇာတ်ခုံပေါ်ရှိ မိုက်ကရိုဖုန်းရှေ့တွင် တယောဆရာက တယောထိုးဖျော်ဖြေနေသည်။ ထွက်ပေါ်လာသော တယောသံသည် သာယာညင်းပျောင်းလွန်းလှချေ၏။

အနောက်တိုင်းတေးများကို ကျွန်တော် ကောင်းစွာ အရသာ မခံတတ်ခဲ့ပါ။ ကောင်းစွာလည်း နားမလည်ခဲ့ပါ။

အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားနေခိုက်က သူတို့၏ တေးဂီတများကို အရသာခံတတ်အောင် ကျွန်တော် ကြိုးစားခဲ့ပါသည်။

သို့သော်လည်း ခေတ်ပေါ်တေးဂီတများကို အရသာ မခံတတ်သေးပါ။ သီချင်းကြီးများကိုသာ အထိုက်အလျောက် ကျွန်တော် ခံစားတတ်ခဲ့ပါသည်။

ယင်းစားသောက်ဆိုင်ထဲမှာ အလွန်တရာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ စားသောက်ဆိုင်တစ်ခုလုံးကို တယောသံကသာ ကြီးစိုး မင်းမူနေသည်။





ယင်းသို့သော ပတ်ဝန်းကျင် အနေအထားကို ကြည့်အားဖြင့် စင်ပေါ်က တယောဆရာသည် အလွန်တရာ ထူးချွန်ပြီး အလွန်တရာ အတွေ့အကြုံ ရင့်ကျက်နေသူဖြစ်ကြောင်း အလိုလို သဘောပေါက် နားလည်ရပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း ဂီတရေလျှဉ်ကြောမှာ နစ်မျောပါနေမိပါသည်။ ထို့ကြောင့် မျက်လုံးကို အသာမှေးပြီး နားအရသာ ခံစားနေမိသည်။

စားပွဲထိုးကို စုရှိတာခေါ်ပြီး အစားအသောက်များ မှာနေသည်ကိုလည်း ကျွန်တော် သတိမထားလိုက်မိပါ။

ခဏကြာတော့မှ ဂုဏ်ယူဝင့်ကြွားသော သူ့အသံကို ကျွန်တော် ကြားရသည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ သဘောကျရဲ့လား"

သူ့အသံကို ကြားပင်ကြားသော်လည်း ဘာပြောမှန်း နားမလည်လိုက်ပါ။

"ဘာပြောတာလဲ သူငယ်ချင်း"ဟု ကျွန်တော်က ပြန်မေးမိသည်။

"ဒီနေရာကို သဘောကျရဲ့လားလို့ မေးတာပါကွာ"

"ကျပါတယ်၊ ကျပါတယ် သိပ်ကောင်းတဲ့နေရာပဲ။ ဘာဖြစ်လို့မေးတာလဲ"

"သဘောကျတယ်ဆိုရင် ဝမ်းသာပါတယ် မောင်ရာ၊ ဒီလိုမှ မဟုတ်ရင် ငါ့ကို အပြစ်တင်ပြီး မင်းရဲ့ ဘုံဘေမြို့ကြီးက ကောင်း"

သူ့စကားကို ကျွန်တော် အဆက်မခံပါ။

"ဘုံဘေမြို့မှာလည်း အင်မတန်ကောင်းတဲ့ နေရာတွေ ရှိပါတယ်။ ဒါပေမယ့် လူနေအိမ်ခြေစိပ်တဲ့ အခုလို မြို့လယ်ခေါင်လို နေရာမျိုးမှာတော့ ဒီလိုနေရာကောင်းမျိုးတွေ့ဖို့ မလွယ်ဘူးကွ"

ကျွန်တော့်စကားကြောင့် စုရှိတာ၏ မျက်နှာမှာ ပြုံးပြုံးကြီး ဖြစ်သွားပါသည်။ ကာလကတ္တားမြို့ပေါ်တွင် ကျွန်တော်၏ အမြင်ပြောင်းလဲသွားအောင် သူ အပြင်းအထန်ကြိုးစားခဲ့ရာ နောက်ဆုံးတွင် သူ၏ ကြိုးစားမှု အောင်မြင်သွားသောကြောင့် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖွေ့တဆောင်းထောင်း ထနေသော ခရမ်းချဉ်သီးဟင်းချို ရောက်လာသည်။

သာယာနွဲ့နှောင်းသော တယောသံကလည်း အခန်းထဲမှာ ဖုံးလွှမ်းနေသည်။

တိတ်ဆိတ်ငြိမ်သက်သော အိမ်မက်လှလှတစ်ခုကို မြင်မက်နေရသည်ဟု စိတ်ထဲမှာ ထင်မှတ်လာမိလေရာ ကျွန်တော်ပါ အလိုလို ဆာလောင်လာပါတော့သည်။

လက်သုတ်ပဝါကို ပေါင်ပေါ်မှာ ဖြန့်ခင်းလိုက်သည်။

ကျွန်တော်၏ ခရမ်းချဉ်သီးဟင်းချိုထဲသို့ ဆားနှင့်ငရုတ်ကောင်းမှုန့် အလောတော်ထည့်သည်။

တစ်ဖွန်း ခပ်ပြီးသောက်ရန် ဟန်ပြင်လိုက်သည့် အချိန်မှာပင် အနောက်တိုင်းတေးသီချင်းသံတစ်ခုကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

ဇွန်းကိုင်ထားသောလက်မှာ ပါးစပ်ဆီသို့ ရောက်မလာတော့ဘဲ လမ်းတစ်ဝက်မှာ ရပ်တန့်သွားလေသည်။

သာယာနွဲ့နှောင်းလှသော တယောသံက ကျွန်တော့်ကို ဖမ်းစားထားသောကြောင့် မဟုတ်ပါ။

တိတ်ဆိတ်ငြိမ်သက်ပြီး ငြိမ်းချမ်းသာယာလှသည့် ပတ်ဝန်းကျင်ကလေးတစ်ခုဖြစ်အောင် တယောသံက ဖန်တီးပေးထားလေရာ ထိုပတ်ဝန်းကျင်ကလေး ပျက်ပြားသွားအောင် ကျယ်လောင်သော သီချင်းဆိုသံက ဖျက်လိုက်သောကြောင့် ဖြစ်ပါသည်။

ထုံးစံအတိုင်း ဇာတ်ခုံဆီသို့ ကျွန်တော် လှမ်းကြည့်မိပါသည်။

မိုက်ကရိုဖုန်းရှေ့တွင် မိန်းမပျိုတစ်ယောက် ရပ်နေသည်ကို တွေ့ရပါသည်။ သူ ရပ်နေသည့်မူဟန်က စားသောက်ဆိုင်ထဲမှာ ရှိနေသူအားလုံးကို ညှို့ယူဖမ်းစားထားသည့်ပုံမျိုး ဖြစ်ပါသည်။

သူ့အသက်က နှစ်ဆယ်ကျော်ရုံကလေးမျှသာ ရှိပါလိမ့်ဦးမည်။

လက်နှစ်ဘက်ကို ခါးပေါ်မှာ နွဲ့နွဲ့ကလေး ထောက်ထားသည်။ ပြေလျောကျနေသော ဆံပင်များကို လှလှပပကလေး ယမ်းခါနေသည်။ မေးစေ့ကို အနည်းငယ်မြှင့်ထားသည်။





မိန်းမပျိုသည် သီချင်းတစ်ပုဒ်ကို ပြုံးပြုံးကလေး သီဆိုနေခြင်းဖြစ်ပါ၏။

သူ့အရပ်သည် မြင့်သည်ဟု မပြောသာသလို နိမ့်သည်ဟုလည်း မဆိုသာပါ။ ကိုယ်လုံးကိုယ်ပေါက်ကမူ အလွန်တရာ အချိုးကျပြီး ပြေပြစ်လှပလေသည်။

အင်္ဂလိပ်–အိန္ဒိယ ကပြားမလေး ဖြစ်ပါသည်။

ကျွန်တော်တို့ ထိုင်နေသည့်နေရာက ဇာတ်ခုံနှင့် အနည်းငယ်လှမ်းသောကြောင့် မိန်းမပျိုကလေးကို ချောမောလှပသည်ဟု တထစ်ချပြောရန် ခက်ပါသည်။

သို့သော်လည်း သူ၏ဟန်ပန် အမူအရာကတော့ အလွန်တရာ စွဲမက်ဖွယ်ကောင်းလှကြောင်း သေချာပေါက်ပြောနိုင်ပါသည်။

သူ ရပ်နေပုံကလေးက ပရိသတ်အားလုံးကို ဆွဲဆောင်ဖမ်းစားထားနိုင်ကြောင်း သေချာပေါက် ပြောနိုင်ပါသည်။

သူ၏သီချင်းသံ ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်တည်း ဆိုင်ထဲမှာ စားသောက်နေကြသူအားလုံးသည် သံလိုက်နှင့် အဆွဲယူခံလိုက်ကြရဘိသကဲ့သို့ မိန်းမပျိုလေးရှိရာသို့ မျက်နှာမူ သွားကြလေသည်။

မိန်းမပျို သီဆိုနေသည့် သီချင်းအရသာကို သူတို့ ခံစားနိုင်သည် မခံစားနိုင်သည်ကိုတော့ တပ်အပ်သေချာ မပြောနိုင်ပါ။ သို့သော်လည်း သီချင်းတစ်ပုဒ် ဆုံးသွားတိုင်းမှာတော့ လက်ခုပ်တီးဖော် ရကြပါသည်။

ထိုမြင်ကွင်းနှင့် ထိုတေးသီချင်းမှာ အချိန်အတော်ကြာအောင် ကျွန်တော် နစ်မျောနေပါသည်။ သတိရတော့မှ စုရှီတာကို ကျွန်တော် လှည့်ကြည့်မိသည်။

ကျွန်တော် အသက်မရှူနိုင်အောင် ဖြစ်နေရသည်ကို စုရှီတာက အတော်ကလေး သဘောကျသွားပုံရလေသည်။

“အမေရိကန်တုန်းက မင်း ဒါမျိုးတွေ မတွေ့ခဲ့ဘူးလား။ တောက တက်လာတဲ့ တောသားတစ်ယောက်လို မင်း အံ့သြတကြီး ငေးနေလိုက်တာ။ ငါ ထင်တယ်။ မင်းရဲ့ ဘုံဘောမြို့မှာ”

‘ဘုံဘောမြို့’ ဆိုသောအသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်တည်း စိတ်မချမ်းသာစရာမှတ်ချက်တစ်ခုခုကို သူ ချပေးဦးတော့မည်ဟု ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိပြီး အထိတ်တလန့် ဖြစ်သွားမိပါသည်။ ကျွန်တော်၏ အမူအရာနှင့် ပတ်သက်၍လည်း ခုခံချေပဖို့ လိုအပ်လာပါသည်။ ထို့ကြောင့် သူ့ကို စကားဆုံးအောင် ဆက်ပြောခွင့်မပေးဘဲ ကျွန်တော်က ကမန်းကတန်း ဖြတ်ပြောလိုက်ရတော့သည်။

"စောစောတုန်းက တယောသံဟာ ဘယ်လောက် နဝ်ပီယံ ရှိသလဲ။ ဒါပေမယ့် အခု သီချင်းသံကတော့ တစ်မျိုးပဲကွာ။ မင်း နားခံသာရဲ့လား"

"ဒီလိုဆိုရင်လည်း သူ့သီချင်းသံကို ဘာဖြစ်လို့ ဒုက္ခခံပြီး နားထောင်နေမှာလဲ။ မင်း နားနှစ်ဘက်ကို ပိတ်ထားပြီး သူ့ကို ဒီအတိုင်း လှမ်းကြည့်နေရင် မင်း စိတ်မသက်မသာ မဖြစ်ရတော့ဘူးပေါ့"

သူ့ပြက်လုံးကို ကျွန်တော် နားလည်ချင်ယောင် ဆောင်လိုက်သည်။ ကျွန်တော့် စိတ်ထဲမှာရှိသည်ကိုသာ ဆက်ပြောမိသည်။

"ဒါတင်မဟုတ်သေးပါဘူး။ နားထောင်နေတဲ့ လူတွေရဲ့ အမူအရာကို ကြည့်ရတာလည်း ငါ့စိတ်ထဲမှာ တစ်မျိုးခံစားလိုက်ရတယ်။ အမျိုးသမီးကို မျက်လုံးကျွတ်ကျမတတ် စိုက်ကြည့်နေတဲ့ သူတို့အမူအရာတွေကို ကြည့်ပါဦး။ ဒီအမျိုးသမီးကို သူတို့ ဘယ်တုန်းကမှ မမြင်ဘူးကြတဲ့အတိုင်းပဲ။ အားလုံးလိုလို ပါးစပ်ဟောင်းလောင်း ပွင့်နေကြတာကိုလည်း ကြည့်ပါဦး၊ ဟို ဟို"

"တိရစ္ဆာန်ရုံထဲက တိရစ္ဆာန်တစ်ကောင်ကောင်ကို ကြည့်နေကြတဲ့ အတိုင်းပဲလို့ ပြောမလို့ မဟုတ်လား" ဟု ကျွန်တော့် စကားမဆုံးမီ စုရှိတာက ပြောသည်။

ကျွန်တော့်စိတ်ထဲမှာ ကြီးစွာအနှောင့်အယှက် ဖြစ်လာသည်။

မိန်းမပျိုသည် ဒူးဖုံးရုံသာရှိသော စကတ်ကို ဝတ်ထားသည်။ စကတ်ပေါ်မှာ တောက်ပသော အစင်းရောင်များရှိသည်။ ဘလောက်စ်အင်္ကျီအဖြူရောင်ကို ဝတ်ထားသည်။ ဘလောက်စ်ပေါ်တွင် အနီရောင်အစက်အပြောက်များ ရှိသည်။ လက်မောင်းအိုးများက ကျယ်ပြီး လည်ပင်းနေရာကိုလည်း ခပ်ကျယ်ကျယ် ဟိုက်ထားသည်။

သို့သော် ပုံပန်းကျနသော အင်္ကျီဖြစ်သဖြင့် သူ၏ ခန္ဓာကိုယ်ပေါ်မှ ရှိက်ဖိုကြီးငယ် အသွယ်သွယ်တို့က ရုပ်လုံးကြွနေသည်။





ကျွန်တော်သည် စိတ်ထဲမှ ကျိတ်ပြီး ထိုမိန်းမပျိုကို ဒေါသဖြစ်နေမိသည်။

အလွန်အောက်တန်းကျပြီး ယဉ်ကျေးမှုအဆင့်အတန်း နိမ့်လွန်းလှသော သည်လို ပရိသတ်မျိုးကို သူ၏ ပြောင်မြောက်သည့် အနုပညာဖြင့် ဘာကြောင့်များ လာရောက်ဖျော်ဖြေနေရသနည်းဟုလည်း စဉ်းစားကြည့်နေမိပါသည်။

ဆိုင်ထဲမှာရှိနေကြသော ပရိသတ်သည် သူ သီဆိုဖျော်ဖြေနေသည့် သီချင်းကိုပင် အမှန်တကယ် ကြားကြပါ၏လောဟုလည်း သံသယဝင်မိပါသည်။

ကျွန်တော် ငေးစိုက်ကြည့်နေဆဲမှာပင် မိန်းမပျိုက လည်ပင်းမှာ ပတ်ထားသော ရောင်စုံပိုးပဝါလေးကိုဖြုတ်ကာ ပြေလျော့နေသည့် ဆံပင်များကို ကျွမ်းကျင်စွာ ချည်နှောင်နေလေသည်။

ထိုသို့ ချည်နှောင်ရင်း မျက်ခုံးအစုံကို ပင့်တင်လိုက်သည်။ မျက်နှာကြက်ကို မော့ကြည့်သည်။ တစ်ပြိုင်တည်းမှာပင် သီချင်းကို အသက်မရှူဘဲ ဆွဲဆိုသည်။ ပြီးတော့မှ အသံကို နှိမ့်ချပစ်လိုက်သည်။

မိန်းမပျို၏ အနုပညာကို သူတို့ ခံစားနေကြပုံက တစ်မျိုး ဖြစ်နေသည်။ သီချင်းသံကို နာခံရင်း သူတို့မျက်နှာအမူအရာ လုပ်ထားပုံက အရုပ်ဆိုးလွန်းလှသည်။ သူတို့နှုတ်ခမ်းများကို မဲ့ရွဲ့နေပုံက ပုံပန်းပျက်လွန်းလှသည်။

ရုပ်ရှင်ပိတ်ကားပေါ်တွင် ချစ်ခန်းကြိုက်ခန်းကို မြင်တွေ့ရဘိအလား လေချွန်ခြင်း၊ လက်ခေါက်မှုတ်ခြင်းများကိုပါ ပြုလုပ်နေကြသေးသည်။

ကျွန်တော့်ရင်ထဲမှာ ဒေါသလှိုင်းတံပိုးများ တလိပ်လိပ် ကြွတက်လာလေသည်။

"မင်း ဘာဖြစ်နေတာလဲ၊ စားဦးလေကွာ။ ဘာလဲ မကြိုက်လို့လား"

စုရှိတာက ကျွန်တော့်ကို လှမ်းမေးသည်။

"အို မဟုတ်ပါဘူး၊ ကောင်းပါတယ်။ သိပ်ကောင်းပါတယ်။ ငါ မဆာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် မဆာတာလဲ။ ဒီပတ်ဝန်းကျင်ကလေးကို မင်း သဘောမကျဘူးလား။ ဒီနေရာကလေးဟာ ကာလကတ္တားမြို့ရဲ့ ဆေးရောင်စုံ ဘဝအစိတ်အပိုင်းကလေးတစ်ခုလို့ဆိုရင် မမှားဘူးကွ"

ရူရှီတာက ကျွန်တော့်ကို ပြုံးကြည့်သည်။ ကျွန်တော့်အဖြေကို မစောင့်ဘဲ သူက ဆက်မေးပြန်သည်။

"ဒီနေရာမျိုးကို ရောက်လာပြီးတော့မှ မင်း ဘာဖြစ်လို့ ငုတ်တုတ် ငိုင်တိုင်တိုင်ကြီး ဖြစ်သွားရတာလဲ"

သည်လောက် မေးခွန်းတွေ များလာပြီဆိုလျှင်တော့ ကျွန်တော့် အနေနှင့် တစ်စုံတစ်ရာကို ပြန်ပြောမှ ဖြစ်ပေတော့မည်။

"ဒီလိုလူမျိုးတွေကြားထဲမှာ ညဥ့်နက်သန်းခေါင်ထိအောင် စွန့်စားရတဲ့အလုပ်မျိုးကို သူ့မိဘတွေက ဘာကြောင့်များ လုပ်ခွင့်ပေးထားသလဲဆိုတာ ငါ စဉ်းစားကြည့်နေမိလို့ပါကွာ"

"သူ့မိဘတွေ ဟား ဟား ဟား"

ကျွန်တော့်စကားကြောင့် ရူရှီတာက ကျယ်လောင်စွာ ခွက်ထိုးခွက်လန် ရယ်လေသည်။ သူ ဘာကြောင့် ရယ်သည်ကို ကျွန်တော် နားမလည်ပါ။ ကျွန်တော့် စကားထဲမှာ မည်သို့သော ပြက်လုံးပါသွားကြောင်း ကျွန်တော် မသိပါ။

ကျွန်တော့် နားဝေတိမ်တောင် ဖြစ်သွားသည်ကို သူ သတိပြုလိုက်မိလေသည်။ ထို့ကြောင့် သူက ဆက်ပြောသည်။

"မင်းရဲ့ အတွေးအခေါ်တွေက အလျှင်ကအတိုင်းပဲ၊ ခေတ်နောက်ပြန်ဆွဲတုန်းပဲ၊ ဘာမှ မပြောင်းလဲသေးပါလား။ ကဲ ပြီးအောင် စားလိုက်၊ စားပြီးရင် ဒီနေရာက ထွက်ကြရအောင်။ လေကောင်းလေသန့် ရှိနိုင်တဲ့ နေရာကို လိုက်ပို့ပေးမယ်။ ပြီးရင် မင်းရဲ့ ဘော်ဒါဆောင်ကို ပြန်ပို့ပေးမယ်"

ကျွန်တော် စားသောက်ပြီးသွားချိန်တွင် နားထောင်၍ မငြီးနိုင်သော တယောသံ ပေါ်ထွက်လာသည်ကို ကြားရပြန်သည်။

မလှမ်းမကမ်းမှာပဲ ကျွန်တော်တို့ ထိုင်ရာမှ ထကြရသည်။

သို့သော်လည်း တယောသံက ကျွန်တော့်ကို ဖိတ်ခေါ်နေသယောင် ခံစားရသည်။ လေသံကလေးနှင့် တိုးတိုးပြောနေသည်ဟု ထင်မှတ်ရသည်။





"တစ်ရွာသားရေ မင်းမှာ သွားစရာရှိနေတယ်ဆိုရင်တော့ သွားပေဦးတော့ကွာ။ ဒါပေမယ့် တစ်ခေါက်တစ်ခါလောက် ဖြစ်တဲ့နည်းနှင့် ပြန်လာဖို့ကိုတော့ မမေ့ပါနှင့်နော်" ဟု ပြောနေသယောင်ယောင်။

ထိုနေ့ညက ဆယ့်တစ်နာရီလောက်တွင် ဘော်ဒါဆောင်သို့ ကျွန်တော် ပြန်ရောက်ပါသည်။ သို့သော်လည်း ထိုအချိန်အထိ စားသောက်ဆိုင်ထဲတုန်းက ဖြစ်ပေါ်ခဲ့သော အတွေးသည် ကျွန်တော့် တစ်ကိုယ်လုံးကို ရစ်ပတ်နှောင်ဖွဲ့ထားမြဲပင် ဖြစ်ပါသည်။

နောက် ရက်အနည်းငယ်ကြာသောအခါ ရူရှီတာသည် လွတ်တော်ရှေ့နေကြီးတစ်ဦး၏ သမီးတစ်ယောက်နှင့် လက်ထပ်လိုက်ပါသည်။

ထိုနေ့မှစပြီး သူသည် ကျွန်တော့်၏ အဖော်အဖြစ်မှ အပြီးတိုင် ရပ်စဲသွားရလေတော့သည်။

ရုံးပိတ်ရက်များဖြစ်သော စနေ နေ့တစ်ဝက်နှင့် တနင်္ဂနွေနေ့များကို ကျွန်တော်တစ်ယောက်တည်း အချိန်ဖြုန်းရသည့်ဘဝသို့ ရောက်လာသည်။

သို့ဖြင့်ပင် စနေနေ့ ညနေပိုင်းတွင် ဘောလုံးပွဲသွားသည့် အကျင့်တစ်ခု ရလာသည်။ တနင်္ဂနွေ ညနေပိုင်းတွင်မူ ဝိတိုရိယ ပန်းခြံသို့သွားကာ ခြေထောက်များ မသယ်ချင်လောက်အောင် ညောင်းညာလာသည်အထိ လမ်းလျှောက်သည်။ သို့တည်းမဟုတ် ရုပ်ရှင်ရုံထဲဝင်ထိုင်ပြီး အချိန်ဖြုန်းရသည်။

သည်လိုပင် မိုးကျလာသည်။ ကာလကတ္တားမိုးသည် သာမန်ရွာခြင်းမျိုး မဟုတ်။ ရေစည်ပိုင်းကို လှဲချလိုက်သလို သွန်းပြီးရွာခြင်းမျိုးဖြစ်သည်။ ထို့ကြောင့်လည်း စနေနှင့် တနင်္ဂနွေ ညနေပိုင်းများတွင် အပြင်သို့ထွက်ဖို့ ခက်ခဲသွားတော့သည်။

စနေနေ့ တစ်နေ့ ဖြစ်ပါသည်။

မနက်မိုးလင်းကတည်းက တမိုးလုံး အုံ့မှိုင်းနေသည်မှာ ညနေပိုင်းတိုင်အောင် ဖြစ်ပါသည်။ ညနေပိုင်းတွင် ပိုပြီး မိုးမှောင်ကျလာသော ကြောင့် လိုက်ဟောက်စ်ရုပ်ရှင်ရုံထဲသို့ ကျွန်တော် ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကလည်း စိတ်ဝင်စားဖွယ်ရာ မကောင်း။ ဆက်လက်ကြည့်ရှုလိုစိတ် မရှိတော့သဖြင့် ရုံပြင်ထွက်ခဲ့သည်။ အပြင်မှာ မိုးတိတ်နေသည်ကို တွေ့ရသည်။

ကျွန်တော် အလွန်တရာ ပျင်းရိငြီးငွေ့နေပါသည်။ အချိန်ကုန်အောင် မည်သို့ဖြုန်းတီးရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။ ချောင်ရင်ဂီ လမ်းမကြီးအတိုင်း လျှောက်ရင်း ဆော်ဒါဆောင်သို့ ကျွန်တော် ပြန်လာခဲ့သည်။

ပန်းခြံလမ်းသို့ ရောက်သောအခါ ဖြုန်းခနဲ မိုးရွာချလိုက်သည်။ မိုးပေါက်ကြီးများကလည်း ကြီးမားလွန်းလှပေ၏။

ကျွန်တော်သည် စိတ်မှတ်မထင်ပင် 'သက်တံရောင်စားသောက်ဆိုင်' ထဲသို့ ဝင်ခဲ့မိသည်။

သည်ဆိုင်ထဲသို့ ဘာကြောင့် ဝင်ခဲ့မိသည်ကို ကျွန်တော့်ကိုယ်ကျွန်တော် ရေရေရာရာ မသိပါ။ မိုးခိုသည့်အနေနှင့် ဝင်လာခြင်း ဖြစ်နိုင်ပါသည်။ သို့တည်းမဟုတ် စုရှိတာနှင့်အတူ ရောက်ခဲ့ဖူးစဉ်က တယောဆရာ၏ ညှို့လုံးကြောင့် ဝင်ခဲ့မိခြင်းလည်း ဖြစ်နိုင်ပါသည်။

ဆိုင်ထဲမှာ စားသောက်နေသူ အနည်းငယ်မျှသာ ရှိပါသည်။ နေရာလွတ်တွေက များနေသည်။

ထုံးစံအတိုင်းပင် သာယာနှဲ့နှောင်းသော တယောသံက စားသောက်ဆိုင်ထဲမှာ ကြီးစိုးမင်းမူနေသည်။ ဟိုတစ်နေ့တုန်းကနှင့် မတူဘဲ ထူးခြားစွာ ပိုမို တိတ်ဆိတ်နေသည်ကိုလည်း သတိပြုမိသည်။

ကျွန်တော်သည် ကုလားထိုင်နောက်မှီပေါ်မှာ ကိုယ်ကို သက်သောင့်သက်သာ မှီထိုင်ရင်း တယောသံကို နားအရသာခံနေမိသည်။

ခဏကြာတော့ တယောသံက တဖြည်းဖြည်းတိုးပြီး လုံးဝ ပျောက်ကွယ်သွားတော့သည်။ တယောသံအစား စန္ဒရားသံ ပေါ်ထွက်လာသည်။

စန္ဒရားသံနှင့် ဆက်တိုက်ဆိုသလို ခေါင်းလောင်းသံကို ကြားရပြန်သည်။ ထို့ကြောင့် ဇာတ်ခုံဆီသို့ ကျွန်တော် လှမ်းမျှော်ကြည့်မိလိုက်သည်။

အင်္ဂလိပ်–အန္တိယ ကပြားမလေးကို တွေ့ရပြန်ပါသည်။ ယခုတစ်ကြိမ်တွင်မူ အဖြူရောင်ဆာရီနှင့် အစိမ်းရောင် ဘလောက်စ်အင်္ကျီ





ကို ဝတ်ဆင်ထားသည်။ ချူနှစ်လုံးကို လက်တစ်ဘက်စီကိုင်ရင်း လှုပ်ယမ်းနေသည်။

နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ သို့သော်လည်း မျက်နှာထားက ပြုံးချိုလွန်းပါ၏။ ပခုံးပေါ်မှာ ဝဲနေသည့် ဆံပင်များကို အခါအားလျော်စွာ လှုပ်ယမ်းနေပုံမှာ မာန်ပါလွန်းပါ၏။ အသက်ရှုမှားလောက်အောင် လှပလွန်းပါ၏။

ပြီးတော့ ကျွန်တော့်ကိုလည်း ညှို့မျက်လုံးများဖြင့် မကြာခဏလှမ်းကြည့်လေ့ ရှိပါသည်။ သူတို့ဆိုင်သို့ တစ်ခါတစ်ရံမှ ရောက်လာလေ့ရှိသော ဧည့်စိမ်းတစ်ယောက်အနေဖြင့် အထူး ဂရုစိုက်နေသည့် သဘောမျိုးလည်း ဖြစ်နိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်စိတ်အာရုံများကို သိမ်းကျုံးဖမ်းယူထားသည်ကား အမှန်ဖြစ်ပါသည်။

ထိုနေ့က မိုးစွေမနေပါ။ သို့သော်လည်း ကျွန်တော် ဆိုင်ထဲမှ ပြန်မထွက် ဖြစ်တော့ပါ။ မိန်းမပျိုလေး၏ တိမ်းမူ့ တပ်မက်ဖွယ်သောတေ သံသာများကြားမှာ ကျွန်တော် နစ်မျောခဲ့ရပါသည်။

ညဆယ့်တစ်နာရီထိုးသည်အထိ ကျောက်ချပြီး ထိုင်ခဲ့သည်။ ကော်ဖီအိုးကြီး ဗာစ်လုံးလည်း တက်တက်ပြောင်ခဲ့သည်။

တေးဂီတ၏ ငြိမ်းချမ်းသာယာခြင်း အစစ်အမှန်ကို ကျွန်တော်တွေ့ရှိခံစားခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

ထိုနေ့ကစပြီး ကျွန်တော် ပျင်းရိငြီးငွေ့သည့်အခါတိုင်း၊ ပင်ပန်းနွမ်းနယ်သည့်အခါတိုင်း 'သက်တံရောင် စားသောက်ဆိုင်'သို့ သွားကာ ညဥ့်နက်သန်းခေါင်တိုင်အောင် ကော်ဖီတစ်အိုးနှင့် ထိုင်ရင်း မိန်းမပျိုလေး၏ ချိုလွင်အေးမြသော တေးအရသာကို ခံစားသည့် အကျင့်တစ်ခုစွဲလာလေတော့သည်။

ထိုင်နေကျ စားပွဲမှာပင် အမြဲထိုင်လေ့ရှိသည်။ တစ်ခါတစ်ရံကော်ဖီသာမကပဲ ဆင်းဒဝစ်သော်လည်းကောင်း၊ အာလူးကတ်တလိတ်သော် လည်းကောင်း မှာယူစားသောက်ရင်း အချိန်ဖြုန်းရသည်မှာ စိတ်ချမ်းသာဖွယ် ကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂီတအရသာကို တဝကြီး နားအရသာခံပြီးတော့မှ စားပွဲထိုးများကို ဆောက်ဆုးပေးကာ စိတ်လက်ပေါ့ပါးစွာဖြင့် ပြန်လေ့ရှိသည်။

ထိုသို့ ပြန်သည့်အခါတိုင်း အပေါက်ဝသို့ ရောက်လျှင် ဓာတ်ခုံဆီသို့ သမင်လည်ပြန် လှည့်ကြည့်သည် အကျင့်ကလေးတစ်ခုပါ စွဲကပ်လာပြန်သည်။

အစပိုင်းတုန်းက အဆိုတော် မိန်းမပျိုလေးသည် အဝတ်အစားအမျိုးမျိုး ဝတ်သည်ဟု ကျွန်တော် ထင်မှတ်ခဲ့မိသည်။ ရောက်ဖန်များ၊ မြင်ဖန်များတော့မှ အဖြူရောင်ဆာရီနှင့် အစိမ်းရောင်ဘလောက်စ်အင်္ကျီလေးကိုသာ အမြဲလိုလို ဝတ်ဆင်လေ့ရှိကြောင်း သတိပြုမိလေတော့သည်။

မိုးမရွာသော နေ့တစ်နေ့ ဖြစ်ပါသည်။ ထိုနေ့က စနေ တနင်္ဂနွေနေ့လည်း မဟုတ်ပါ။ လဆန်း ကိုးရက်နေ့ဖြစ်ပြီး တစ်နေ့လုံး သာယာနေသည်။ ကောင်းကင်တစ်ခုလုံးလည်း ကြည်လင်နေလေသည်။

ညစာကို အဆောင်မှာပင် ကျွန်တော် စားလိုက်သည်။ ထမင်းစားပြီးသည်နှင့် တစ်ပြိုင်တည်း ဝိတိုရိယပန်းခြံဘက်သို့ ထွက်လာခဲ့သည်။

စနေ၊ တနင်္ဂနွေ မဟုတ်သောကြောင့် ပန်းခြံတစ်ဝိုက်မှာ လူသူကင်းရှင်းနေသည်။ တစ်ခါတစ်ရံ ဖြတ်မောင်းသွားတတ်သော မော်တော်ကား တစ်စီးတလေမှလွဲပြီး တိတ်ဆိတ်နေသည်။

လရောင်က ပတ်ဝန်းကျင်တစ်ခုလုံးကို ဖြန့်ကြက်ထားသည်။ အချိန်က ညရှစ်နာရီခန့် ရှိပြီးဖြစ်သော်လည်း အပူရှိန် မလျော့သေးပါ။ အိုက်စပ်စပ်ဖြင့် အနေရအထိုင်ရ ခက်လွန်းလှလေသည်။

ကျွန်တော်သည် ဘာကြောင့်မှန်းမသိဘဲ ဝမ်းနည်းသလိုလို ဖြစ်နေသည်။ တစ်စုံတစ်ရာအတွက် စိတ်ထဲမှာ ထိခိုက်သလိုလို ခံစားနေရသည်။

အဆောင်မှာ ပူအိုက်လွန်းသောကြောင့် သက်သာလို သက်သာငြား ပန်းခြံသို့ ထွက်လာရာ ပန်းခြံမှာပါ အပူရှိန်မြင့်နေရသဖြင့် စိတ်မသက်မသာ ဖြစ်မိသည်မှာလည်း အမှန်ပင်။

ကျွန်တော့် ခြေလှမ်းများက တစ်နေရာသို့ ဦးတည်ပြီး အလိုလိုလှမ်းနေမိသည်။ မည်သည့်အရပ်သို့ ဦးတည်နေခြင်းဖြစ်ကြောင်း ကျွန်တော် သေသေချာချာ မသိပါ။





ခဏကြာတော့ 'သက်တံရောင် စားသောက်ဆိုင်' ထဲမှာ ကျွန်တော်သက်သောင့်သက်သာဖြင့် ထိုင်မိလျက်သား ဖြစ်နေသည်ကိုသာ သတိထားမိလေတော့သည်။

ထိုနေ့က ကျွန်တော် ရောက်သွားသည့်အချိန်သည် အခါတိုင်းရောက်နေကျအချိန်ထက် အများကြီး စောနေသည်။ တေးဂီတ ဖျော်ဖြေသည့် အစီအစဉ် မစတင်သေးပါ။ ဓာတ်ခုံပေါ်မှာလည်း တစ်စုံတစ်ရာပြင်ဆင်ထားခြင်း မရှိသေးပါ။

ကျွန်တော် ထိုမိပြီး အတော်ကလေး ကြာသောအခါ ဆိုင်ရှေ့မှတံခါးပွင့်သွားသည်။ အဆိုတော် မိန်းမပျိုလေး ဝင်လာသည်ကို တွေ့ရသည်။

ကျွန်တော်တို့နှစ်ယောက် မျက်လုံးချင်းဆိုင်မိကြသည်။ မိန်းမပျိုက မသိမသာ ကျွန်တော့်ကို ပြုံးပြသွားသည်။ သူ့ပြုံးပြပုံမှာ ကျွန်တော်တို့ခြင်း အချိန်မြင့်စွာကတည်းက ရင်းနှီးခဲ့ကြသည့် သိပေါင်းကျွမ်းပေါင်း တစ်ယောက်လိုပုံစံမျိုး ဖြစ်ပါသည်။

မိန်းမပျိုက ဓာတ်ခုံပေါ်သို့ တက်သွားသည်။ ထုံးစံအတိုင်း သူရပ်နေကျ နေရာမှ ရပ်သည်။ ကျွန်တော်ကလည်း သူသီဆိုမည့် သီချင်းသံကို နားထောင်ဖို့ အသင့်ပြင်ဆင်ပြီး ဖြစ်နေနှင့်သည်။

ထိုနေ့က တယောသံသည် အခါတိုင်းလို စွဲမက်ဖွယ်ရာမကောင်းဟု ကျွန်တော် ထင်ပါသည်။ အခြားသူများအတွက် အပြောင်းအလဲ ဖြစ်ကောင်းမှဖြစ်ပါမည်။ ကျွန်တော် မပြောတတ်ပါ။ သို့သော်လည်း ကျွန်တော့်အတွက်တော့ တစ်ခုခုလိုနေသလို ဖြစ်နေပါသည်။

မိန်းမပျိုက အင်္ဂလိပ်သီချင်းနှစ်ပုဒ်ကို သီဆိုဖျော်ဖြေသည်။ ဆိုင်ထဲမှာရှိနေကြသော ပရိသတ်ကလည်း ထိုသီချင်းနှစ်ပုဒ်ကို နှစ်သက်သဘောကျသည့် ပုံစံမျိုးမတွေ့ရပါ။

ကျွန်တော်နှင့် မလှမ်းမကမ်းတွင် ပူးကပ်စွာ ထိုင်နေသည့် ပန်ချာပီ စုံတွဲတစ်တွဲ ရှိပါသည်။ ပန်ချာပီ အမျိုးသမီးက သူ့အမျိုးသားဘက်သို့ ကန့်ကလျကပ်ပြီး

"ဟို သီချင်းကလေး ဆိုနိုင်းပါဦးလား"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ချာပီ အမျိုးသားက သီချင်းတစ်ပုဒ် အမည်ကို ပြောပြပြီး ဆိုနိုင်းသည်။ အဆိုတော် မိန်းမပျိုက သောတရှင်တို့ ဆန္ဒကို လိုက်လျောသည့်အနေဖြင့် ချစ်စဖွယ်ပြုံးသည် ပြီးတော့ ပန်ချာပီစုံတွဲဆိုနိုင်းသည့် သီချင်းကို အားပါးတရ သီဆိုလေတော့သည်။

သံစုံတီးဝိုင်းက အိန္ဒိယတေးသွားများနှင့် အင်္ဂလိပ်တေးသွားများကို တီးမှုတ်ပေးသည်။ အဆိုတော် မိန်းမပျိုက သူ့သီချင်းကို စိတ်ပါဝင်စားစွာဖြင့် လှိုက်လှိုက်လှဲလှဲ သီဆိုနေသည်။ အသံကလေးက အခါတိုင်းထက်ပင် ပိုမိုသာယာနေသည်ဟု ထင်မှတ်ရလေသည်။

သူ သီဆိုသည့် ထိုသီချင်းကို ကျွန်တော် နားထောင်ခဲ့ဖူးသည်မှာ အကြိမ်ပေါင်းများလှပါပြီ။ သို့သော်လည်း ယခင်အခါများတုန်းက မက်မက်မောမော ရှိလှသည်ဟု မဆိုသာပါ။

ယခုတစ်ကြိမ်တွင်မူ ထိုသီချင်းကို ကျွန်တော် နားထောင်ခဲ့ဖူးသည်မှာ အကြိမ်ပေါင်းများလှပါပြီ။ သို့သော်လည်း ယခင်အခါများတုန်းက မက်မက်မောမော ရှိလှသည်ဟု မဆိုသာပါ။

ယခုတစ်ကြိမ်တွင်မူ ထိုသီချင်းကို ကျွန်တော် အကြိုက်ကြီး ကြိုက်သွားမိပါသည်။ နားအရသာခံ၍ မငြီးငွေ့နိုင်အောင် ဖြစ်မိပါသည်။

လူငယ်တို့၏ စိတ်လှုပ်ရှားမှုများအားလုံး ထိုသီချင်းထဲတွင် အပြည့်အဝ ပါဝင်နေသည်ဟု ကျွန်တော် ခံစားရပါသည်။ နားဆင်၍ မဝနိုင်သော သီချင်းတစ်ပုဒ် ဖြစ်သည်ဟုလည်း ကျွန်တော် သဘောပေါက်လာပါသည်။

သီချင်းဆုံးသွားသည်နှင့် တစ်ပြိုင်တည်း ပန်ချာပီစုံတွဲက အားပါးတရ လက်ခုပ်တီးကာ ဩဘာပေးသည်။ အခြားသူ အချို့ကတော့ ဝတ်ကျေ တမ်းကျေ သဘောလောက်သာ လက်ခုပ်တီးသည်ကိုလည်း သတိပြုမိပါသည်။

ထိုသီချင်းဆုံးသွားသည်နှင့် တစ်ပြိုင်တည်း အဆိုတော် မိန်းမပျိုလေး၏ မျက်နှာပေါ်မှာ ရှိနေခဲ့သည့် ရွှင်လန်းအားရသည့် အမူအရာကလေးသည် တမုဟုတ်ချင်း ပျောက်ကွယ်သွားလေတော့သည်။

တဆက်တည်းဆိုသလိုပင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်ကလေး မသိမသာ ပေါ်လာသည်။





စာတ်ခုံပေါ်မှ ဖြည်းညင်းစွာ ဆင်းကာ ဆိုင်မန်နေဂျာဆီသို့ လျှောက်သွားသည်။ ဆိုင်မန်နေဂျာကို တိုးတိတ်ညင်သာစွာဖြင့် တစ်စုံတစ်ရာ ပြောပြနေသည်။

ပြီးတော့ ကျွန်တော့် စားပွဲနားမှဖြတ်ကာ ဆိုင်ပြင်သို့ ထွက်သွားသည်။ သူ့မျက်နှာကို ကြည့်ရသည်မှာ အလွန်တရာ ပင်ပန်းနွမ်းနယ်နေပုံရပါသည်။

ကျွန်တော့်စားပွဲနားသို့ ရောက်သောအခါ ကျွန်တော်က မော့ကြည့်သည်။ မိန်းမပျိုသည် အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားလေသည်။ ပြီးတော့ ကျွန်တော့်မျက်လုံးများကို တည့်တည့်စိုက်ကြည့်သည်။

သူနှင့်အတူ အပြင်သို့ ထွက်လိုက်ခဲ့ရန် ဖိတ်ခေါ်သည့်အရိပ်အရောင်များကိုလည်း သူ၏ မျက်လုံးအစုံထဲမှာ ကျွန်တော် မြင်တွေ့လိုက်ရပါသည်။

ကျသင့်ငွေများ ပေးချေပြီး ဆိုင်ပြင်သို့ ကျွန်တော် ထွက်လိုက်လာခဲ့သည်။

လမ်းဘေးတစ်နေရာမှာ ရပ်နေသော မိန်းမပျိုကို လှမ်းတွေ့ရသည်။ သူနှင့်ကျွန်တော်သည် တစ်ကြိမ်တစ်ခါမျှ စကားပြောဆိုဖူးခြင်း မရှိခဲ့ပါ။ တစ်ယောက်နှင့်တစ်ယောက်လည်း မသိပါ။

သူ ရပ်နေရာသို့ ကျွန်တော် လျှောက်သွားသည်။ သူကပင် ကျွန်တော့်ကို ဆီးကြို၍ စကားပြောသည်။

"ရှင်လိုက်လာမှာပဲလို့ ကျွန်မစိတ်ထဲမှာ ထင်နေမိတယ်"

"ဘာကြောင့် အဲဒီလို ထင်ရတာလဲ"

ကိုးရိုးကားရားနိုင်လှသော ထိုမေးခွန်းမျိုး အမေးခံထိုက်သည့် မိန်းမပျိုလေးတစ်ယောက် မဟုတ်ကြောင်းတော့ ကျွန်တော် သိပါသည်။

လဆန်းကိုးရက်နေ့ညက ကျွန်တော်တို့ ခေါင်းပေါ်သို့ ရောက်နေသည်။

အတန်ကြာအောင် ကျွန်တော် နှုတ်ပိတ်နေမိပြန်သည်။ ထို့ကြောင့် မိန်းမပျိုက ကျွန်တော့်ကို လှမ်းမေးသည်။

"အဖော်မဲ့တဲ့ လူတစ်ယောက်လို စိတ်ထဲမှာ ခံစားနေရသလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကိုတော့ ကျွန်တော်က အလိုလို ပြန်ဖြေမိလျက်သား ဖြစ်နေပါသည်။

"မဖြစ်ပါဘူး။ ဒါပေမယ့် ကိုယ့်စိတ်ထဲမှာ မချမ်းမသာ မိနေတယ်"

မိန်းမပျိုက ကျွန်တော့်အနားသို့ ခပ်သွက်သွက် တိုးကပ်လာသည်။ ကျွန်တော့်ကိုလည်း ခဏကြာအောင် စိုက်ကြည့်နေသည်။

"ဒီနေရာဟာ ရှင့်အဆင့်အတန်းနှင့် ထိုက်တန်တဲ့နေရာမျိုး မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်။ ဒါကြောင့် ရှင်ဟာ အဖော်မဲ့နေတဲ့ အထီးကျန်တစ်ယောက် ဖြစ်နေလို့ ဒီနေရာကို လာနေတာလို့ ကျွန်မ ထင်မိတာပါ"

"ဘာကြောင့် အဲဒီလို ထင်ရပြန်တာလဲ"

ထိုမေးခွန်းကိုပင် ကျွန်တော်က ပြုံးပြီး ပြန်မေးမိပြန်ပါသည်။ အဖော်မဲ့နေသော အထီးကျန်တစ်ယောက်အဖြစ် သူ မှတ်ယူနေသည်ကိုလည်း ခြေဖျက်လိုသည့် သဘောပါပါသည်။

"တယောသံနှင့် ဖျော်ဖြေနေတဲ့အခါတိုင်း ရှင်ထိုင်နေကျ စားပွဲမှာ ငေးငေးငိုင်ငိုင်နှင့် ထိုင်နေတာကို မကြာခဏ ကျွန်မ သတိထားမိတယ်။ နောက်ပြီးတော့ ရှင်ဟာ အဖော်ကင်းမဲ့နေတဲ့ လူတစ်ယောက်လို့ ကျွန်မ ယုံကြည်ချင်စရာ အကြောင်းတွေကလည်း ရှိနေပြန်တယ်လေ။ ပတ်ဝန်းကျင်ကြီး တစ်ခုလုံးကို ရှင် မေ့နေတတ်တယ်။ ဘယ်နေရာကို ရောက်နေတယ်ဆိုတာကိုတောင် သတိထားမိပုံ မပေါ်ဘူး။ နောက်ပြီးတော့ ကျွန်မတို့ဆိုင်လို နေရာမျိုးဟာ "

မိန်းမပျိုက စကားကိုဆုံးအောင်မပြောဘဲ တစ်ပိုင်းတန်းလန်းဖြင့် ရပ်ထားလိုက်လေသည်။

ကျွန်တော်ကလည်း အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် ခြောက်ခြောက်ကပ်ကပ် ပြုံးလိုက်မိသည်။ သည်ကိစ္စကြီးကို သူ ဆက်ပြောနေစေရန် ကျွန်တော် အားပေးအားမြှောက် မပြုလုပ်လိုပါ။

ကျွန်တော်တို့နှစ်ယောက်သည် စိတ်မှတ်မထင်ဘဲ အလိုအလျောက် ဆက်လျှောက်လာမိကြလေသည်။ အတော်လေး လျှောက်မိတော့မှ ကျွန်





တော်တို့ နှစ်ယောက်ကြားမှ တိတ်ဆိတ်မှုကို မိန်းမပျိုက စတင်ဖျက်ဆီးလိုက်လေသည်။

"ရှင့်ကို ကျွန်မ တစ်ခုလောက် မေးပါရစေနော်။ ဟို ဟို ဟို စကားကို ရှင် ဘာဖြစ်လို့ ပြောတာလဲဟင်"

သူသည် ဘာပြောရမှန်း တိတိကျကျ မသိသူလို ဖြစ်နေသည်။ စကားကလည်း ထစ်ငေါ့နေသည်။ သို့သော် သူ ဘာဆိုလိုကြောင်း ကျွန်တော် ချက်ချင်းသဘောပေါက်လိုက်ပါသည်။

ထို့ကြောင့် သက်ပြင်းကို မသိမသာ ချလိုက်မိလေသည်။

"ကိုယ့်စိတ်ထဲမှာ ဘာကြောင့် စိတ်မချမ်းမသာ ဖြစ်နေသလဲ ဆိုတာကို မင်း သိချင်လို့ မဟုတ်လား"

"ဟုတ်ပါတယ် ဟုတ်ပါတယ်ရှင်"

"မင်းကြောင့်ပဲ"

ကျွန်တော်က တိုတိုတုတ်တုတ်ပင် ဖြေလိုက်ပါသည်။

"ရှင် ကျွန်မကြောင့် ကျွန်မကြောင့် ရှင် စိတ်မချမ်းမသာ ဖြစ်နေရတာလား ဘာကြောင့်များပါလိမ့်ရှင် "

မိန်းမပျိုက သက်ပြင်းကိုပင် ဖြောင့်အောင်မရှုနိုင်ဘဲ တရကြမ်း တွန်းမေးသည်။

"မင်း အခုလိုဘဝမျိုး ရောက်နေကဲ့အတွက် စိတ်မချမ်းမသာ ဖြစ်မိတာပါ။ ဘာကြောင့် စိတ်မချမ်းမသာ ဖြစ်ရသလဲလို့ မင်းက မေးတယ် မဟုတ်လား။ မင်းရဲ့အနုပညာကို ဟန်ဆောင်ချီးကျူးနေကြတဲ့ လူတွေကို ဘာကြောင့် မင်း ဖျော်ဖြေနေရတာလဲ။ မင်းရဲ့ အနုပညာနှင့် တေးဂီတရဲ့ တန်ဖိုးကို နားမလည်တဲ့လူတွေ မခံစားတတ်တဲ့ လူတွေကို မင်းက ဘာကြောင့်များ စေတနာပရှုနှင့် ဖျော်ဖြေနေရတာလဲ။ ယဉ်ကျေးမှု အဆင့်အတန်း နိမ့်ကျလွန်းတဲ့လူတွေကို သိချင်းဆိုပြီး ဘာကြောင့် မင်းက ဖျော်ဖြေနေရတာလဲ"

ကျွန်တော်သည် သူ့အဖြေကို စောင့်မနေတော့ဘဲ လျှောက်မြဲ ဆက်လျှောက်နေမိသည်။ မိန်းမပျိုသည် ကျွန်တော်နှင့်အတူ လျှောက် လိုက်မလာဘဲ နောက်ပိုင်းမှာ ရပ်ကျန်ရစ်ခဲ့သည်ကို သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နောက်ပြန်လှည့်ကြည့်သည်။ အလင်းရောင် အားနည်းနေသော်လည်း သူ့၏မျက်လုံးအစုံထဲမှာ တစ်စုံတစ်ရာ လင်းလက် တောက်ပနေသည်ကို ခပ်ရေးရေး မြင်တွေ့ရလေသည်။

သူက ကျွန်တော့်ကို လှမ်းမေးသည်။

"ဒီလိုဆိုရင် ရှင်က ကျွန်မကို ဘာလုပ်စေချင်ပါသလဲ။ ကျွန်မရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကြီးတစ်ခုလုံးကို စွန့်ပစ်လိုက်ပါတော့လို့ ဆိုလိုချင်တာလား။ ကျွန်မရဲ့ ခန္ဓာကိုယ်၊ ကျွန်မရဲ့ အနုပညာ၊ ကျွန်မရဲ့ ဂေးဂီတတွေကို ဈေးကွက်ထဲမှာ ချမရောင်းနှင့်တော့လို့ ဆိုလိုချင်တာလား၊ ထားပါတော့လေ။ ဒီလိုဆိုရင် "

သူ့စကားကို မဆက်ဘဲ တစ်ပိုင်းတန်းလန်း ဖြတ်ထားသည်။ ထို့ကြောင့် သူ့စကားအဆက်ကို ကျွန်တော်က မေးရတော့သည်။

"ဒီလိုဆိုရင် ဘာဖြစ်သလဲ"

"အိုး ထားလိုက်ပါတော့လေ ဘာမှမဟုတ်ပါဘူး။ ဒီအကြောင်းတွေ ရှင့်ကို ပြောမပြတာပဲ ကောင်းပါတယ်။ ဒါပေမယ့် အခု ကျွန်မလုပ်နေတာနှင့် ပတ်သက်ပြီး ဘာများ ရှက်စရာရှိလို့ပါလဲ"

"မင်းဟာ ပါရမီရှင်ပါ။ မင်းမှာ မွေးရာပါဗီဇတွေ ရှိနေတယ်။ မွေးရာပါ အရည်အချင်းတွေ ရှိနေတယ်။ မင်းအသံဟာ သိပ်ကို သာယာတယ်။ မင်းရဲ့ ကိုယ်လုံးကိုယ်ပေါက်ဟာ အင်မတန် အချိုးအဆက်ပြေပြစ်ပြီး မြတ်နိုးစရာ ကောင်းလှတယ်။ ဒီအသံနှင့် ဒီကိုယ်ကာယအလှတွေဟာ မင်းသမီးတစ်ယောက်ရဲ့ အရည်အချင်းတွေပေါ့။ က,ဖို့ သိပ်ကောင်းတဲ့ အရည်အချင်းတွေပေါ့။ တကယ်လို့များ မင်းရဲ့အနုပညာအစွမ်းအစကို ဂုဏ်သိက္ခာရှိရှိနှင့် လူယဉ်ကျေးတွေ ရှေ့မှောက်များ ဖျော်ဖြေလိုက်ရမယ်ဆိုရင် မင်းဟာ နာမည်ကျော်လာမယ်။ ဂုဏ်သိက္ခာ မြင့်တက်လာမယ်။ လူအများက လေးစားလာမယ်"

ကျွန်တော်သည် မိန့်ခွန်းရှည်ကြီးကို ခြွေနေမိတော့သည်။

"နာမည်ကြီးမယ် ဂုဏ်သိက္ခာ မြင့်တက်လာမယ်တဲ့လား "

မိန်းမပျိုက ထိုသို့ ပြန်မေးရင်း ကျယ်လောင်စွာ အားပါးတရ ရယ်မောလေတော့သည်။





ကျွန်တော် မှင်တက်မိသွားမိပါသည်။ အမှားတစ်ခုကို ပြုလုပ်လိုက်မိပြီဟုလည်း စိတ်ထဲမှာ ခံစားလာရပါသည်။

သူလို သာမန် မိန်းမပျိုလေးတစ်ယောက်နှင့် စကားပြောဆို ဆွေးနွေးရသည်ကို ကျွန်တော် မည်သို့မျှ စိတ်စနိုးစနောင့် မဖြစ်မိပါ။

သူ့၏ ပင်ကို အနုပညာစွမ်းရည်ကို အလွန်တရာ မြင့်မားလှကြောင်းကိုလည်း ကျွန်တော် သဘောပေါက်လက်ခံမိပြီး ဖြစ်ပါသည်။

နောက်တစ်ကြောင်းက သူ့ကို ကျွန်တော် စိတ်ဝင်စားနေမိပါပြီ။

သို့သော်လည်း စေတနာကို အရင်းခံပြီး ကရုဏာနှင့် ပြောသည်ကို ပြက်ရယ်ပြုခြင်းခံရသောကြောင့် သည်မိန်းမပျိုသည် ပေါ့ပေါ့တန်တန်ကလေးပါလားဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိလေသည်။

"စုရှိတာ၏ 'သူ့မိဘတွေ ဟား ဟား ဟား'ဟု ရယ်သွမ်းသွေးခဲ့သည့် အသံများကိုပါ ကျွန်တော် ပြန်လည်ကြားယောင်လိုက်မိလေသည်။ ထို့ကြောင့် ခြေလှမ်းကိုပိုပြီး သွက်သွက်ကြီး လှမ်းလာခဲ့သည်။

ထိုအချိန်မှာပင် မိန်းမပျို၏ တိုးတိတ်ညင်သာပြီး နူးညံ့သော အသံကလေးကို ကျွန်တော် ကြားလိုက်ရလေသည်။

"ကျွန်မ စော်ကားမော်ကား ပြောလိုက်တယ်လို့များ ထင်သွားပါသလား ရှင်။ ကျွန်မ ရယ်လိုက်မိတာဟာ ရှင့်ကို လှောင်ပြောင်ချင်တဲ့ သဘောမျိုး မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မ သိချင်တာ သိရပြီးရင် ရှင့်ကို ထားမထားပါဘူး၊ ရှင်နှင့်ဆက်ပြီး ပတ်သက်နေစရာလည်း ကျွန်မမှာ ဘာအကြောင်းမှ မရှိပါဘူး"

သူ့လေသံ၏ နောက်ကွယ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များရှိနေသည်။ သူ့ကို ကျွန်တော် လှည့်ကြည့်မိသည်။ ပြီးတော့ ခြေလှမ်းများကို ရပ်လိုက်သည်။

စောစောတုန်းက ဘဝကို ကြုံသလို ရင်ဆိုင်ပြီး ပျော်ပျော်ပါးပါးနေတတ်ပုံရခဲ့သော မိန်းမပျိုကလေး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်ကြည်များကို မြင်တွေ့နေရလေသည်။ သူ့လေသံများကလည်း တုန်ရင်လှုပ်ရှားနေလေသည်။

"လူယဉ်ကျေးတွေရဲ့ အသိုင်းအဝိုင်းကိုသွားပြီး ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ ကျွန်မကို ရှင် ပြောခဲ့တယ် မဟုတ်လား။ ဒါပေမယ့် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာကို ကျွန်မ ဘာလုပ်ရမှာလဲ။ ရလာတဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနေရတဲ့ ကျွန်မမှာ ပိုလို့တောင် ငွေကုန်ကြေးကျ များလာဦးမယ်လေ”

သူ ဘာကိုဆိုလိုကြောင်း ကျွန်တော် ကောင်းကောင်း နားမလည်ပါ။

ကျွန်တော်တို့နှစ်ယောက် တိတ်ဆိတ်စွာဖြင့် ဆက်လျှောက်လာကြသည်။ အတော်ကလေး ကြာတော့မှ သူက ချိုလွင်သော လေသံကလေးနှင့် ပြောပြန်သည်။

“ကျွန်မအပေါ်မှာ ရှင် ဘယ်လို သဘောထားနေတယ်ဆိုတာ ကျွန်မ မသိပါဘူး။ ဒီအကြောင်းမျိုးတွေနှင့် ပတ်သက်လာရင် တခြားလူတွေ ထုတ်ဖော်ပြောလေ့ဆိုလေ့လည်း ကျွန်မမှာ မရှိပါဘူး။ ဒါပေမယ့် အခု ရှင်နှင့်ကျတော့မှ ဒီအကြောင်းတွေ ကျွန်မ ဘာကြောင့် ပြောနေမိမှန်း မသိတော့ပါဘူးရှင်”

ဘာသဘောနှင့် ကျွန်တော့်ကို ထိုစကားပြောနေကြောင်း အပင်ပန်းခံမပြီး ကျွန်တော် စဉ်းစားမနေတော့ပါ။ ဘာသဘောနှင့် ပြောကြောင်းကိုလည်း ကျွန်တော် ဒုက္ခခံပြီး မေးမနေတော့ပါ။

ကျွန်တော် တိတ်ဆိတ်နေသည်ကို သတိထားမိသောအခါ မိန်းမပျို၏ မျက်နှာပေါ်ဝယ် ပြုံးဖြဲဖြုံရော် ဖြစ်သွားလေသည်။

“အို ထားလိုက်ပါတော့လေ။ ဒါတွေအားလုံး မေ့ပစ်လိုက်ပါတော့။ ကျွန်မတို့နှစ်ယောက်ကလည်း တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုမှ ပတ်သက်တာ မဟုတ်ဘူးလေ။ ကျွန်မရဲ့ အားနည်းချက်တွေနှင့် ပတ်သက်ပြီး တစ်သက်မှာ တစ်ခါမှ တခြားလူကို ဖွင့်မပြောခဲ့ပဘူး။ အခု ပြောနေတာလည်း ဘယ်လိုသဘောနှင့်မှ မဟုတ်ပါဘူးလေ။ ကျွန်မမှာ အားနည်းချက်တွေ ရှိနေတယ်ဆိုတာ ရှင် သိစေချင်လို့ ပြောနေတာလည်း မဟုတ်ပါဘူး”

သည်လို ခေါင်းမာတတ်သည့် စိတ်ဓာတ်ကလေးကိုတော့ ကျွန်တော် အများကြီး သဘောကျမိပါသည်။

ဝိတိုရိယ ပန်းခြံလမ်းသို့သွားသည့် လမ်းဆုံရောက်သောအခါ မိန်းမပျိုက ဆက်မလျှောက်ဘဲ ရပ်လိုက်လေသည်။





“ထားလိုက်ပါတော့၊ ကိုယ့်ကို မင်းပြောပြစရာအကြောင်းတွေများ ရှိနေသေးသလား”ဟု ကျွန်တော်က မေးကြည့်သည်။

“အို…ကျွန်မ ပြောပြချင်တာတွေ အများကြီးပဲ။ ဒါပေမယ့် မပြောတာပဲ ကောင်းပါတယ်ရှင်။ ကဲ…ရှင့်ကို နှုတ်ဆက်ခဲ့ပြီနော်၊ ကျွန်မ ဒီဘက်လမ်းကနေ သွားတော့မယ်”

ဘောဒါဆောင်သို့ ပြန်ရောက်လျှင်လည်း ကျွန်တော့်တွင် ဘာမှ လုပ်စရာကိုင်စရာ မရှိပေ။ နောက်ပြီးတော့ ကျွန်တော်လို လူစိမ်းတစ်ယောက်နှင့် ယခုလောက် ခရီးဝေးဝေး အတူယှဉ်တွဲ လျှောက်လာဝံ့သော မိန်းမပျို၏ သတ္တိကိုလည်း ကျွန်တော် များစွာ သဘောကျမိပါသည်။

သူနှင့်အတူ စကားပြောကြည့်ခြင်းဖြင့် သူ ခေါင်းမာပုံ၊ သူ့ကိုယ်သူ ယုံကြည်မှုရှိပုံ၊ ချောမောလှပပုံများကို ကျွန်တော် အလွန်အမင်း သဘောကျမိသည်ဟု ဆိုနိုင်ပါသည်။

ကြုံကြိုက်လာသော သည်အခွင့်အရေး ကလေးကိုတော့ ကျွန်တော် ရအောင် ယူသင့်သည်ဟုလည်း တွက်လိုက်မိသည်။

“မင်း မကန့်ကွက်ဘူးဆိုရင် မင်းအိမ်ကို ရောက်တဲ့အထိ ကိုယ်လိုက်ပို့ပါရစေ။ ညဥ့်ကလည်း သိပ်နက်နေပြီ မဟုတ်လား”

“ရှင်…ကျွန်မနှင့်အတူတူ လိုက်ခဲ့မယ်။ ကျွန်မအိမ်ကို ရောက်တဲ့အထိ ကျွန်မနှင့်အတူတူ လိုက်ရဲတဲ့သတ္တိရှိဖို့တော့ လိုတယ်နော်”

“ဘာကြောင့် မလိုက်ရဲရမှာလဲ”

ကျွန်တော့် စကားကြောင့် သူ အတော်ပျော်သွားပုံရလေသည်။

“ကောင်းပြီလေ။ ဒီလိုဆိုရင်လည်း လိုက်ခဲ့ပါ။ ရှင် မေးထားတဲ့ မေးခွန်းတွေ အများကြီးကို ကျွန်မ ဖြေနိုင်ကောင်း ဖြေနိုင်လိမ့်မယ်။ ရှင် မမေးရသေးတဲ့ မေးခွန်းတွေကိုလည်း ကျွန်မ ဖြေဖြစ်ချင် ဖြေဖြစ်မှာပါ”

ကျွန်တော် အများကြီး စိတ်သက်သာရာ ရသွားပါသည်။ သာမန်ထက် ပိုမို ထူးခြားသည့် အလုပ်တစ်ခုခုကို လုပ်ကိုင်နေရသည်ဟူ၍လည်း ကျွန်တော် မခံစားရပါ။

နောက်ပြီးတော့ မှန်ရာကို ဝန်ခံရမည်ဆိုလျှင် မိန်းမပျိုကလေးကို ကျွန်တော် စိတ်ဝင်စားစပြုလာပါပြီ။ အလွန် စွံမက်ဖွယ်ကောင်းသော မိန်းမပျိုကလေးတစ်ယောက် ဖြစ်သည်မှာလည်း အမှန်ပင်။ သည်လို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောကလေး တစ်ယောက်နှင့် အတူယှဉ်တွဲသွားရသည့်အတွက် စိတ်လည်း ချမ်းသာခဲ့မိပါသည်။

လမ်းကြိုလမ်းကြားကလေးများကို တစ်လမ်းပြီးတစ်လမ်း ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ကြသည်။ နောက်ဆုံးမှာတော့ လေးထပ်တိုက်တစ်လုံးသို့ ရောက်လာသည်။ အလင်းရောင် အားနည်းနေသော်လည်း အဆောက်အဦကြီးက အတော်ကြီး ဟောင်းနွမ်းနေပြီ ဖြစ်ကြောင်း ကောင်းစွာ မြင်တွေ့နေရပါသည်။

အပေါ်ဆုံးထပ်သို့ ရောက်အောင် ကျွန်တော်တို့ တက်လာခဲ့ကြသည်။ လှေကားထစ်များကို နင်းတက်သွားသည့် မိန်းမပျို၏ ခြေလှမ်းများက အားမာန်အပြည့် ပါနေသည်။ တက်ကြွနေသည်။ အထူးအဆန်း တစ်ခုခုတော့ ကြုံတွေ့ရတော့မည်ဟူသော စိတ်လှုပ်ရှားမှုဖြင့် ကျွန်တော်က နောက်ပိုင်းမှာ ပြတ်ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်လည်း သူ့နောက်မှ လိုက်ဝင်သွားသည်။ ခုတင်သေးသေးကလေး တစ်ခုပေါ်တွင် အရိုးပေါ်အရေတင်နေသည့် အဘွားကြီး တစ်ယောက် လဲလျောင်းနေကြောင်း သတိပြုမိပါသည်။ အခန်းထဲမှာ မီးရောင်က အားနည်းလွန်းလှသည်။

မိန်းမပျိုက အဘွားကြီးအနီးသို့ ပြုံးပြုံးကလေး တိုးကပ်သွားသည်။ အဘွားကြီး၏နဖူးပြင်နှင့် ပါးပြင်များကို ယုယညင်သာစွာဖြင့် ပွတ်သပ်ကိုင်တွယ်ကြည့်လေသည်။

အဘွားကြီးက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး မည်သူဖြစ်ကြောင်း မေးနေသည်။

"မိတ်ဆွေတစ်ယောက်ပါ မာမာ၊ ဒါပေမယ့် သူ့နာမည်ကိုတော့ သမီး မသိဘူး၊ လမ်းမှာတွေ့တာနှင့် အိမ်ကို အလည်လိုက်လာဖို့ ဖိတ်ခဲ့တာပါ"

မိန်းမပျိုက အဘွားကြီးကို ထိုသို့ပြောပြီး ကျွန်တော့်ထံသို့ လှမ်းကြည့်သည်။ အားပါးတရလည်း ပြုံးလိုက်လေသည်။

"ကျွန်မ အမေကို နှုတ်ဆက်လိုက်ပါဦး ရှင်"

ကျွန်တော်က အဘွားကြီးကို နှုတ်ဆက်ရန် ရှေ့တိုးသွားသည်။ လက်တစ်ဘက်ကို ဆန့်တန်းပေးလိုက်မိသည်။ သည်တော့မှပင် အဘွား





ကြီး၏ ညာဘက်ကိုယ်တစ်ခြမ်းသည် လေဖြတ်ပြီး လှုံ့ဝလှုပ်ရှားနိုင်ခြင်း မရှိတော့သည်ကို တွေ့ရတော့သည်။

အိမ်တွင်းရှိ ပစ္စည်းပစ္စယများကို ကြည့်ခြင်းအားဖြင့် သူတို့ မည်မျှဆင်းရဲနွမ်းပါးကြောင်း သိသာပါသည်။ ပြောပလောက်အောင် အိမ်ထောင်ပရိဘောဂ များများစားစား မရှိပါ။ သို့သော် ရှိသမျှ ပစ္စည်းကလေးများကိုတော့ သပ်သပ်ရပ်ရပ် ပြင်ဆင်နေရာချထားသည်ကို တွေ့ရလေသည်။

အတွင်းခန်းက မှောင်နေသည်။ မိန်းမပျိုက ခြေဖွဖွနင်းရင်း ထိုအခန်းဆီသို့ သွားသည်။ သူနှင့်အတူ လိုက်လာရန်လည်း ကျွန်တော့်ကို မျက်ရိပ်ပြသွားသည်။

အထဲမှာ ဘာတွေများ ရှိနေဦးမည်နည်းဟု ကျွန်တော် စဉ်းစားကြည့်မိသည်။ အခန်းထဲမှာ အသက်အရွယ် ကြီးရင့်နေသည့် သူ့အဖေသော်လည်းကောင်း၊ သက်ကြီးရွယ်အို ယောကျ်ားတစ်ယောက်ယောက်သော် လည်းကောင်း ရှိနေနိုင်ဖွယ်ရာ အကြောင်းမရှိပါ။ အိမ်ထဲမှာ ယောကျ်ား အသုံးအဆောင်များကို မမြင်မိခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် မယုံသင်္ကာစိတ်ဖြင့် တုံ့ဆိုင်းဆိုင်း ဖြစ်နေမိသည်။ ထိုသို့ ကျွန်တော် ဖြစ်နေသည်ကို မိန်းမပျိုက ချက်ချင်း အကဲခတ်လိုက်မိပုံရသည်။

ထို့ကြောင့် ပြုံးပြီး ကျွန်တော့်ဘက်သို့ လက်ဆန့်တန်း လိုက်လေသည်။

"မလန့်ပါနှင့်ရှင်။ ဒီဘက်ကနေ ဝင်ခဲ့ပါ။ ရှင့်ကို ပြစရာတစ်ခု ရှိနေလို့ပါ။ ရှင် မေးခဲ့တဲ့ မေးခွန်းတွေကို ကျွန်မ ဖြေဖို့တာဝန် ရှိနေတယ်လေ။ မဟုတ်ဘူးလား"

ရက်လွန်းသောကြောင့် ကျွန်တော့်မျက်နှာ ထူပူသွားပါသည်။ မိန်းမပျိုကလေးအပေါ် ဘာကြောင့်များ ချော်တောငေါ်ပြီး တလွဲထင်မိလေသနည်းဟုလည်း တွေးကြည့်မိပါသည်။

မှောင်နေသော အခန်းထဲသို့ ကျွန်တော်တို့ ဝင်သွားကြသည်။ မိန်းမပျိုက မီးအိမ်သေးသေးကလေး တစ်လုံးကို ထွန်းသည်။ အခန်းထဲမှာ နောက်ထပ် ခုတင်တစ်လုံးကို တွေ့ရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခုတင်ပေါ်တွင်မူ ကလေးနှစ်ယောက် အိပ်ပျော်နေသည်။ တစ်ယောက်က ရှစ်နှစ်အရွယ် ယောက်ျားကလေးဖြစ်ပြီး ကျန်တစ်ယောက်က နှစ်နှစ်အရွယ် မိန်းကလေး ဖြစ်လေသည်။

တစ်စုံတစ်ခုကို ကျွန်တော် မေးမိတော့မလို ဖြစ်သွားသည်။ သို့သော်လည်း မိန်းမပျို၏ လေသံကလေးက ကျွန်တော့်ကို ဟန့်တားပြီးသား ဖြစ်သွားသည်။

“ကျေးဇူးပြုပြီးတော့ စကားမပြောပါနှင့်ရှင်။ ကလေးတွေ နိုးသွားမှာ စိုးလို့ပါ။ ကျွန်မရဲ့ အဖြစ်အပျက်တွေ အားလုံးကို ပြောပြပါ့မယ်။ လသာဆောင်မှာ ခဏ သွားထိုင်နေပါနော်”

ကျွန်တော် အိပ်ခန်းအပြင်သို့ ထွက်လာခဲ့သည်။ အဘွားကြီးက ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်သည်။ သူ့အသက်အရွယ်နှင့် မလိုက်အောင် သူ့မျက်လုံးနှစ်ဘက်ပတ်လည်မှာ အရေတွေ တွန့်နေသည်။ ဆံပင်ဖြူနေပြီ ဖြစ်သော်လည်း ဆံပင်အနက်တွေ အများကြီး ကျန်နေသေးသည်။

နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ နဖူးပေါ်ရှိ အကြောကြီးများက ထောင်ထနေသည်။ လောကဓံတရားများကို မည်မျှပြင်းထန်စွာ ရင်ဆိုင်ခဲ့ရကြောင်း ထိုအချက်များက သက်သေခံနေပါသည်။

လသာဆောင်သို့ ကျွန်တော် ထွက်ခဲ့ပြီး စောင့်နေသည်။ ခဏကြာတော့ ဗန်းတစ်ချပ်ကိုကိုင်ပြီး မိန်းမပျို ထွက်လိုက်လာသည်။ ဗန်းထဲမှာ ရေနှစ်ခွက်နှင့် ဘီစကွတ်မုန့်အချို့ ပါလာသည်။ ကျွန်တော့်ကိုလည်း ကျေးဇူးတင်စကား ပြောသည်။

“ကျွန်မအိမ်ကို အခုလို လိုက်လာတဲ့အတွက် သိပ်ဝမ်းသာတာပဲရှင်။ ကျွန်မတို့က သိပ်ကိုဆင်းရဲရပါတယ်။ အပေါ်ယံကြော အမြင်ထက်ကို ပိုပြီး ဆင်းရဲပါတယ်။ ကျွန်မ ငယ်ငယ်ကလေးကတည်းက ကျွန်မအဖေက ကျွန်မတို့ကို ပစ်သွားတယ်လေ။ အဲဒီအချိန်ကစပြီး နောက်ထပ် တစ်ခါမှ မတွေ့ရတော့ဘူး။ အဖေနှင့်အမေ ရန်ဖြစ်ကြတယ်။ ရန်ဖြစ်ကြတဲ့အကြောင်းကိုတော့ ထုတ်ပြောလို့ မကောင်းပါဘူးလေ။ ကျွန်မတို့ သားအမိနှစ်ယောက်ကို ဒုက္ခပင်လယ်ကြောမှာ မျှောထားခဲ့ပြီး ထွက်သွားတယ်လို့ပဲ ဆိုကြပါစို့။ အဲဒီလိုဖြစ်ခဲ့တာ နှစ်တွေကြာလှပါပြီ။ ဒါပေ





မယ့် အဖေ ဘယ်ရောက်နေတယ်ဆိုတာ သတင်းအစအနတောင် မကြားရတော့ဘူး”

မိန်းမပျိုသည် သူတို့ သားအမိနှစ်ယောက်အကြောင်းကို ဆက်ပြောပြနေသည်။ ခင်ပွန်းသည် စွန့်ပစ်သွားသည့်အတွက် အမေလုပ်သူသည် ဘဝတိုက်ပွဲများကို ပြင်းထန်ခက်ခဲစွာ ရင်ဆိုင်တိုက်ခိုက်ခဲ့ရကြောင်း၊ ဥမမည် စာမမြောက်သော သမီးကလေးကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ထိန်းကျောင်း ပျိုးထောင်ပေးခဲ့ရကြောင်း၊ ပညာသင်ကြားပေးပြီး အဆိုပညာနှင့် အကပညာပါ တတ်အောင်သင်ကြားပေးခဲ့ကြောင်း။

သမီးကလေးသည် မိန်းမချောကလေးဖြစ်သော်လည်း ဂီတပညာနှင့် အကပါ တတ်ထားခြင်းအားဖြင့် လင်ကောင်းသားကောင်း ရနိုင်မည်ဟု ယုံကြည်ခဲ့ကြောင်းများကို ပြောပြရင်း ခပ်သာသာကလေး ရယ်လိုက်လေသည်။

“ဘာလဲ...ဘာဖြစ်လို့ မင်း ရယ်တာလဲ။ မင်းအမေရဲ့ စိတ်ကူးက မှားသွားလို့လား”ဟု ကျွန်တော်က မေးမိသည်။

“မှန်တယ်လို့ရော ပြောနိုင်ပေ့လား ရှင်။ ကျွန်မကို ကြည့်ပါဦး၊ ကျွန်မဟာ အခုထက်ထိ အပျိုပဲ မဟုတ်လား”

သူ့စကားများကို ကျွန်တော် အလေးအနက် သဘောမထားမိပါ။ ကျွန်တော့် မျက်လုံးများ အတွင်းခန်းဘက်သို့ ပြန်ရောက်သွားသည်ကိုလည်း သူ သတိထားလိုက်မိလေသည်။ ထိုအခါကျတော့မှပင် ကျွန်တော့်ကို စိုက်ကြည့်နေသော သူ၏ မျက်လုံးများမှာ ပို၍ လေးနက်တည်ကြည်လာလေသည်။

“အခန်းထဲမှာ အိပ်နေတဲ့ မေရီနှင့် ဂျိုးဇက်ဟာ အစ်မဝမ်းကွဲတစ်ယောက်ရဲ့ သားနှင့်သမီးလေ။ အစ်မဝမ်းကွဲက မုဆိုးမ၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဆုံးသွားတယ်။ ကလေးနှစ်ယောက်ကို ကျွေးမယ့်မွေးမယ့်လူလည်း မရှိတော့ဘူး။ ဒါကြောင့် ကျွန်မ အမေက သူတို့ကို ဒီအိမ်ခေါ်လာခဲ့တယ်။ အမေတစ်ယောက်တည်း အိမ်တာဝန်တွေကို ထမ်းဆောင်ရတော့တယ်။ ကျွန်မ ပညာသင်စရိတ်တွေက တစ်ဘက်၊ ဒီကလေးနှစ်ယောက်အတွက် ပိုကုန်လာတဲ့ စရိတ်ကတစ်ဘက်နှင့် အမေတစ်ယောက်တည်း ရုန်းကန်ရတော့တယ်။ အဲဒီ ဝန်ထုပ်ဝန်ပိုးတွေ ပိပြီး အမေ့မှာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒဏ်ဖြစ်လာတယ်။ တစ်နေ့တခြား လုံးပါးပါးလာတယ်။ အမေကတော့ သမီးဖော၊ မြေးဖောနှင့် ဒါတွေကို သတိမထားမိဘူး။ ကျွန်မ ပညာရေးဆုံးခန်းတိုင် မရောက်သေးမီမှာပဲ အဲဒီဒဏ်တွေနှင့် အမေ ဗုန်းဗုန်းလဲတော့တယ်။ အခုလို အိပ်ရာထဲမှာ မထနိုင်ဘဲ ဂီလာနကြီး ဖြစ်သွားတာ တစ်နှစ်ခွဲလောက် ရှိနေပြီ”

“ဒီမိသားစုကြီးတစ်ခုလုံးရဲ့ ဝန်ထုပ်ဝန်ပိုးတွေဟာ မင်းပခုံးပေါ်ကို ပိကျလာတယ်လို့ ဆိုလိုချင်တာလား” ဟု ကျွန်တော်က အလိုလို ပြန်မေးမိသည်။

“ဒါကို ဝန်ထုပ်ဝန်ပိုးလို့ ရှင်က ဆိုလိုချင်သလား၊ ကျွန်မ ကလေးအရွယ်ကတည်းက ကျွန်မဘဝအတွက် လိုအပ်တာတွေ အားလုံးကို အမေက ဖြည့်ဆည်းပေးခဲ့တယ်။ ပညာသင်ပေးခဲ့တယ်။ လိမ္မာရေးခြား ရှိလာအောင် သွန်သင်ဆုံးမခဲ့တယ်။ ပြုစုပျိုးထောင်ခဲ့တယ်။ အဲဒီလိုပဲ ကျွန်မ အစ်မရဲ့ သားသမီးကလေးတွေ လူတစ်လုံးသူတစ်လုံး ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးဖို့လည်း ကျွန်မမှာ တာဝန်ရှိလာတာပေါ့။ သူတို့ကို ကျွန်မ ပညာသင်ပေးရမယ်။ တန်ဖိုးရှိတဲ့ နိုင်ငံသားဖြစ်အောင် မြေတောင်မြှောက်ပေးရမယ်”

“ဒါပေမယ့် မင်းလည်းပဲ ပညာတတ်တစ်ယောက်ပဲ။ အပေါစား ဟိုတယ်တစ်ခုမှာ အပေါစားဖျော်ဖြေမှုတွေ လုပ်နေမယ့်အစား လူရိုသေ ရှင်ရိုသေဖြစ်မယ့် အလုပ်တစ်ခုခုကို ဘာဖြစ်လို့ မရှာတာလဲ။ ရုံတစ်ရုံးရုံးမှာ အတွင်းရေးမှူး အလုပ်မျိုးကို ဘာကြောင့်...”

ကျွန်တော့်စကား မဆုံးမီ သူ အားပါးတရ ရယ်ချလိုက်ပြန်သည်။

“ကျွန်မ အခုလုပ်နေတဲ့ အလုပ်နှင့်ရုံးတစ်ရုံးရုံးက အတွင်းရေးမှူး အလုပ်ကြားမှာ ဘယ်လိုခြားနားချက်ရှိတယ်ဆိုတာ ကျွန်မတော့ မတွေးတတ်ဘူး။ အန္တရာယ်တွေကတော့ နေရာတကာမှာ ရှိနေတာပါပဲ ရှင်။ အန္တရာယ်တွေကလည်း အတူတူတွေချည်းပါပဲ။ ဒါပေမယ့် ဒီအကြောင်းတွေကို ကျွန်မတို့ ဆွေးနွေးဖို့ မတော်ပါဘူးလေ။ တစ်နေ့ကုန် အိမ်အလုပ်တွေနှင့် ကျွန်မမှာ ဇယ်စက်သလို ဖြစ်နေတယ်။ လေဖြတ်ထားတဲ့ အမေနှင့် လူမမည်ကလေးနှစ်ယောက်ရဲ့ ဝေယျာဝစ္စ လုပ်ငန်းတွေကို လုပ်ပေးရတယ်။ ညဘက်မှာ သူတို့အားလုံး အိပ်သွားကြတော့မှပဲ အိမ်ပြင်





ကို ကျွန်မ ထွက်နိုင်တော့တယ်။ ဒါကြောင့် အခုလုပ်နေတဲ့ အလုပ်ဟာ ကျွန်မအတွက် အသင့်လျော်ဆုံးအလုပ် ဖြစ်နေတာပေါ့ရှင်”

သူဆိုလိုချင်သည့်သဘောကို ယခုမှပင် ကျွန်တော် သဘောပေါက်နားလည်ပါတော့သည်။ ကျွန်တော် အကြာကြီး ငြိမ်နေမိသည်။ ပြီးတော့မှ သူ့ဘက်သို့ လှည့်ကြည့်သည်။

“ယောကျ်ားယူဖို့ကိစ္စကိုများ မင်း မစဉ်းစားမှုဘူးလား”

ထိုမေးခွန်းကို စိတ်မှတ်မထင် မေးလိုက်မိခြင်း ဖြစ်ပါသည်။ ဘာရယ်လို့တော့ မဟုတ်ပါ။ မိန်းမပျို၏ အမူအရာကို မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်တည်း ကျွန်တော် စကားမှားသွားပြန်ပြီဖြစ်ကြောင်း ချက်ချင်း သိရှိလိုက်ပါသည်။ ထိုမေးခွန်းကို သူ ပြန်မဖြေဘဲနေလျှင် ကောင်းမည်ဟု ထင်မိပါသည်။

သို့သော်လည်း သူက ဖြေဖြစ်အောင် ပြန်ဖြေသည်။

သူ ဖြေသည့် စကားများကို ယနေ့ထက်တိုင်အောင် ကျွန်တော် ကြားယောင်နေမိပါသေးသည်။

“ယောကျ်ားယူဖို့ကိစ္စ အင်း ယောကျ်ားယူဖို့ဆိုတာ ကျွန်မနဲ့ ဘယ်လိုမှ မပတ်သက်တဲ့ ကိစ္စတစ်ခုပါရှင်။ ကိုယ်တစ်ခြမ်းသေနေတဲ့ အမေ ဂီလာနကြီးတစ်ယောက်ရဲ့ သမီးဟာ ဘယ်လိုယောကျ်ားနှင့်မှ လက်ထပ်လို့ မဖြစ်နိုင်ပါဘူး ။ နောက်ပြီးတော့ ကျွန်မဟာ အမေမရှိတော့တဲ့ လူမမည်ကလေးနှစ်ယောက်ရဲ့ အမေလည်း ဖြစ်နေသေးတယ်လေ။ ဒီတော့ ကျွန်မ ဘယ်လိုလုပ်ပြီး ယောကျ်ားယူလို့ ဖြစ်နိုင်ပါ့မလဲ ရှင်။ ယောကျ်ားယူလိုက်ရင် အမေနှင့် တူ တူမလေးတွေရဲ့ တာဝန်တွေကို ကျွန်မ ဘယ်ယူနိုင်တော့မှာလဲ။ သူတို့ကို ဘယ်လိုလုပ်ပြီး စောင့်ရှောက်နိုင်တော့မှာလဲ။ သူတို့တာဝန်တွေကို မယူနိုင်တော့ဘူးဆိုရင် ကျွန်မဟာ တစ်ကိုယ်ကောင်းဆန်ရာ ကျသွားတော့မှာပေါ့။ ယောကျ်ားယူတဲ့ အလုပ်ကို ကျွန်မ မဖြစ်ဖြစ်တဲ့နည်းနှင့် ရှောင်ရမယ်လေ။ ရှောင်လည်း ရှောင်ချင်ပါတယ်”

သူ့အသံသည် တုန်ရင်စ ပြုလာသည်။ သို့သော်လည်း ချက်ချင်းဆိုသလို ပြန်လည် တည်ငြိမ်သွားသည်။ သူ့အသက်အရွယ်ကလေးနှင့် မလိုက်အောင် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်စွမ်းရှိသူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြောသော မြို့ကြီးတစ်မြို့၏ အမှောင်ရိပ်ဖုံးလွှမ်းကြီးစိုးရာ မြို့စွန်ထောင့် တစ်ထောင့်မှာ ယခုလို စိတ်ဓာတ်ကြံ့ခိုင်သော မိန်းမပျို ကလေးတစ်ယောက်နှင့် ကျွန်တော် လာရောက်တွေ့ဆုံနေရခြင်း ဖြစ်ပါ သည်။ လူသားစိတ်ဓာတ် အပြည့်အဝရှိသော မိန်းမငယ်ကလေး တစ် ယောက်နှင့် လာရောက်တွေ့ဆုံနေရခြင်း ဖြစ်ပါသည်။

သည်လိုနေရာမျိုးမှာ သည်လိုမိန်းကလေးမျိုးကို တွေ့ရလိမ့်မည်ဟု ဘယ်တုန်းကမှ စိတ်ကူးထဲတွင် မထင်ခဲ့ဖူးပါ။

ကျွန်တော့်ရင်ထဲမှာ ကြည်နူးစိတ်များ၊ သနားကရုဏာစိတ်များ ဖြင့် တင်းကျပ်နေတော့သည်။

ထိုင်ရာမှ ကျွန်တော် ဖြည်းညင်းစွာ ထရပ်သည်။ ကလေးငယ် နှစ်ယောက် အိပ်နေသည့် အိပ်ခန်းထဲသို့ ဝင်သွားပြီး ကျွန်တော်၏ ပိုက်ဆံအိတ်ကို ကလေးနှစ်ယောက်အနားမှာ အသာကလေး ချပေးထားခဲ့ သည်။

အပြင်ခန်းမှာ အဘွားကြီးသည် မျက်လုံးအစုံကို မှိတ်ထားသည်။ ကောင်းနေသော လက်တစ်ဘက်ဖြင့် ပုတီးစိပ်နေသည်။ သူ့မျက်လုံး ဖွင့်ကြည့်ပါစေဟု ကျွန်တော် ဆုတောင်းမိသည်။ မျက်လုံးဖွင့်ကြည့်လျှင် သူ့ကို နှုတ်ဆက်ပြီး ပြန်တော့မည်။

ထိုမျှော်လင့်ချက်ဖြင့် သူ့ရှေ့မှာရပ်ပြီး မျက်လုံးဖွင့်မည့်အချိန်ကို ခဏကြာအောင် စောင့်နေမိသည်။

ကျွန်တော်၏ လှုပ်ရှားမှုများကို မိန်းမပျိုက ရိပ်မိသွားလေသည်။ အဘွားကြီးအနားမှာ ကျွန်တော် ရပ်နေတုန်း ကလေးများ အိပ်ခန်းသို့ မိန်းမပျိုက ဝင်သွားသည်။ ပြီးတော့ ရယ်ရယ်မောမောဖြင့် ပြန်ထွက် လာသည်။ ကျွန်တော့်ကိုလည်း လသာဆောင်သို့ ပြန်ဆွဲခေါ်ထွက်ခဲ့သည်။ ကလေးများဆီးမှာ ကျွန်တော် ချထားပေးခဲ့သည့်ပိုက်ဆံအိတ်ကို ကျွန်တော့် လက်ထဲသို့ ပြန်ထိုးထည့်ပေးသည်။

"ဒီပိုက်ဆံက မင်းကို ကိုယ်ပေးတာမှ မဟုတ်ဘဲ။ ကလေးတွေ အတွက် မုန့်ဖိုးပဲဖိုးအဖြစ် ပေးတာပါ။ ဒါလောက်တော့ ကိုယ် တတ်နိုင် ပါတယ်။ ကိုယ်ရနေတဲ့ လခကလည်း ကိုယ်လိုတာထက် ပိုပါတယ်။ ဘယ်သူ့ကိုမှာလည်း ထောက်ပံ့စရာ မလိုပါဘူး။ စစ်ဆေးမယ့်လူလည်း





မရှိပါဘူး။ တစ်ခါတစ်ရံတော့လည်း ကိုယ်ဟာ တစ်ကိုယ်ကောင်းဆန် တဲ့ ဘဝမျိုးက လွတ်မြောက်ချင်ပါတယ်။ တစ်ယောက်ယောက်ကို ကူညီ တဲ့အနေနှင့် "

သို့သော် ကျွန်တော့်စကားကို ဆုံးအောင်ဆက်ပြောခွင့် သူ မပေး ပါ။ စိတ်လှုပ်ရှားသောလေသံနှင့် သူက ဖြတ်ပြောသည်။

"ရှင် ဘာဖြစ်လို့ ဒါလောက်တောင် နားဝေးနေတာလဲ။ ကျွန်မ ကိုယ့်ဂုဏ်သိက္ခာလေးနှင့်ကိုယ် နေနေတာ ရှင် မကြည့်ချင်ဘူးလား။ ကျွန်မ ဘယ်လောက်ဆင်းရဲတယ်ဆိုတာ ပြရအောင် ရှင့်ကိုအိမ်ခေါ်လာ တာ မဟုတ်ပါဘူး။ ကျွန်မဘဝကို ကျွန်မ ဂုဏ်ယူပါတယ်။ ကျွန်မနှင့် ပတ်သက်ပြီး ရှင် အထင်အမြင်တစ်မျိုး ဖြစ် "

"မင်း စိတ်ထဲမှာ အဲဒီလို ထင်နေသလား ကိုယ်က မင်းနှင့် ပတ်သက်ပြီး အထင်အမြင် လွဲမှားနေတယ်ဆိုရင်ရော မင်းအတွက် သိပ်ကို ထိခိုက်သွားပြီလား။ လူတိုင်းလူတိုင်းမှာ သူတို့ ထင်ချင်ရာ ထင်မြင်နိုင် ခွင့် ရှိပါတယ်။ လူတိုင်းက ဒီလို ထင်ကြတာကို "

"တခြားလူတွေက တခြားလူတွေပဲလေ ရှင်က ရှင့်ပဲ။ တခြား လူတွေနှင့် တူတာမှ မဟုတ်ဘဲ။ ကျွန်မရဲ့ စိတ်ချမ်းသာမှုအတွက် ရှင့် ကို ဒီခေါ်လာတာပါ။ တခြားလူတွေက ကျွန်မကို ထင်ချင်ရာ ထင်နိုင် ပါတယ်။ ဒါပေမယ့် ရှင့် အနေနှင့်တော့ "

မိန်းမပျို၏ အသံမှာ ထိုနေရာတွင် ဆို့နင့် ပျောက်ကွယ်သွားလေ သည်။ စကား ဆက်မပြောနိုင်လောက်အောင် ဖြစ်သွားလေသည်။

ကျွန်တော် မှားသွားပြန်ပြီဖြစ်ကြောင်း တဖြည်းဖြည်း သဘော ပေါက်လာမိတော့သည်။ သူ့လို အသက်အရွယ် ငယ်နုသေးသည့် မိန်းမပျို ကလေးတစ်ယောက်သည် ဤရွေ့ဤမျှထိအောင် ရင့်ကျက်နေလိမ့်မည် ဟုလည်း ကျွန်တော် မထင်မှတ်ခဲ့ပါ။ အတွေ့အကြုံလည်း မရှိခဲ့ပါ။

ကျွန်တော်သည် အလိုလိုနေရင်း၊ သိမ်ငယ်သလို ဖြစ်သွားတော့ သည်။ ကျွန်တော့်ကို ခွင့်လွှတ်ဖို့ တောင်းပန်စကားပြောရန် ပြင် လိုက်သည့် အချိန်မှာပင် မိန်းမပျိုက တည်ငြိမ်သွားပြန်သည်။ သူ့ကိုယ် သူ ထိန်းသိမ်းသွားနိုင်သည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ထဲမှာ ရှိနေသော ပိုက်ဆံအိတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။ ပိုက်ဆံအိတ်ကိုဖွင့်ပြီး အထဲမှာ ရှာသည်။ ကျပ်တန်တစ်ရွက်ကို ထုတ်ယူကာ ဘလောက်စ်အင်္ကျီအိတ်ထဲမှာ ထည့်ထားလိုက်သည်။ ပိုက်ဆံအိတ်ကို ကျွန်တော့်လက်သို့ ပြန်ကမ်းပေးရင်းလည်း တည်ငြိမ်စွာပြောသည်။

"ကျွန်မအတွက် တစ်ခုလောက် လုပ်ပေးနိုင်မလား ရှင်"

သူ့မျက်လုံးအစုံထဲမှာ တောင်းပန်တိုးလျှိုးသည့် အမူအရာများ အပြည့် မြင်နေရသည်။ ထို့ကြောင့် လုပ်ပေးမည်ဖြစ်ကြောင်း ကျွန်တော် သဘောတူလိုက်သည်။

"ဒီလိုဆိုရင် ကျွန်မကို တိတိကျကျ ကတိပေးပါရှင်"

"ပြောမှာသာ ပြောပါလေ...ကိုယ် ဘယ်လို ကတိမျိုးပေးရမှာလဲ။ ဘာကြောင့် ဆက်မပြောဘဲ မင်း စကားရပ်လိုက်ရတာလဲ"

"ဒါပေမယ့် ရှင် ကတိတည်ပါ့မလား"

မိန်းမပျိုက မယုံကြည်သည့် အမူအရာဖြင့် မေးသည်။

"တည်ပါတယ်။ ကဲ...ဘာလဲပြော"

အရောင်တောက်နေသည့် သူ၏ မျက်လုံးများ၊ ကြည်လင်ရွှင်ပျလှသည့် သူ၏အသံများနှင့် စောစောကလေးတုန်းက ကျွန်တော့်ကို ကိုင်တွယ်လိုက်သည့် သူ၏အထိအတွေ့များသည် ကျွန်တော်၏စိတ်ကို သိမ်ငယ်အောင် ဖန်တီးလိုက်သည် ထင်၏။

သူ ဘာပြောပြော နားထောင်ဖို့ အသင့်ဖြစ်နေမိသည်။ သူ ဘာတောင်းတောင်းပေးဖို့ အသင့်ဖြစ်နေမိသည်။

မိန်းမပျိုက ကျွန်တော်၏ လက်နှစ်ဘက်ကို ဆွဲယူကာ ပူးကိုင်ပြန်သည်။

"ဒီလိုဆိုရင် ဒီဘက်ကို ဘယ်တော့မှ မလာပါဘူးဆိုတာ ကတိပေးပါရှင်။ ကျွန်မနေနေတဲ့ ဒီဘက်ရပ်ကွက်ကိုသာ မဟုတ်ပါဘူး။ ကျွန်မအလုပ်လုပ်နေတဲ့ သက်တံရောင် စားသောက်ဆိုင်ကိုပါ နောက်ထပ် မလာတော့ပါဘူးဆိုတာ ကတိပေးပါ။ နောက်ပြီးတော့ ကျွန်မနှင့်တွေ့ဖို့ရော ကျွန်မနှင့်စကားပြောဖို့ပါ ဘယ်တော့မှ မကြိုးစားပါဘူးဆိုတာကိုလည်း ကတိပေးပါ"





ကျွန်တော်သည် ဘာကိုမျှ နားမလည်နိုင်အောင် ဖြစ်သွားတော့သည်။ သူ့တောင်းဆိုချက်များသည် ထူးဆန်းလွန်းပေစွ။ အစဉ်အလာများနှင့် ဆန့်ကျင်လွန်းပေစွ။

သူ့လို ချစ်စရာကောင်းပြီး တက်ကြွနေသော မိန်းမပျိုချောချောငယ်ငယ်ကလေးနှင့် အပေါင်းအသင်းဖြစ်ကာ တပူးတွဲတွဲ သွားလာနေထိုင်ရမည်ဆိုလျှင် မည်မျှကောင်းချိမ့်မည်နည်းဟု ကျွန်တော် စဉ်းစားနေဆဲဖြစ်ပါသည်။ သည်လိုအချိန်မှာပင် ထူးဆန်းသော တောင်းဆိုချက်များကို သူက တောင်းဆိုလာလေသည်။

နောက်ပြီးတော့ သူ့မျက်လုံးအိမ်ထဲမှာလည်း မျက်ရည်တွေ ဝိုင်းနေသည်။

"ဘယ်လိုဖြစ်တာလဲကွယ် ဒါလောက် ထူးဆန်းတဲ့ တောင်းဆိုချက်တွေကို ဘာကြောင့်များ မင်း တောင်းဆိုရတာလဲ"

"ကျေးဇူးပြုပြီး ကျွန်မကိုတော့ ဘာမှမမေးပါနှင့်တော့ ရှင်။ ရှင် ကတိတည်မယ် မဟုတ်လား။ ပြောပါဦး ရှင် ပေးခဲ့တဲ့ကတိကို တည်အောင်ထိန်းမယ် မဟုတ်လား"

ထိုစကားကို ပြောသောအခါ သူ့ကိုယ်သူ မနည်းကြီးချုပ်တည်းထားပုံရလေသည်။ ငိုချမိမည်ကိုလည်း စိုးရိမ်ထိတ်လန့်နေပုံရပါသည်။

"မင်းကို ကိုယ် ရိုးရိုးသားသား ကတိပေးခဲ့တာပါ။ ကိုယ် ပေးခဲ့တဲ့ ကတိကိုတည်အောင် ကိုယ် ထိန်းမှာပါပဲ။ ဒါပေမယ့် ဘာကြောင့် ဒီလိုကတိမျိုး တောင်းဆိုရတယ်ဆိုတာကိုတော့ ကိုယ် သိချင်တယ်။ မင်း အကြောင်းပြ "

"အကြောင်းပြချက်လား"

"မိန်းမပျိုက မျက်လွှာချလိုက်လေသည်။ ကျွန်တော့် လက်နှစ်ဘက်ကိုလည်း ပြန်လွှတ်ပေးသည်။ ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ချသည်။ ပြီးတော့မှ မော့မကြည့်ဘဲ ပြောသည်။

"ဘာကြောင့်လဲဆိုတော့ ရှင်ဟာ ကျွန်မကို ကြည်နာနေပြီ။ ကရုဏာသက်နေပြီ။ ရှင့်ရဲ့ အကြင်နာတရားတွေ၊ ကရုဏာတရားတွေကို ကျွန်မ မြင်နေရပြီ။ ဒါကြောင့် ရှင့်ကို ကျွန်မ ကြောက်တယ်။ ရှင့်လို စစ်မှန်တဲ့ အကြင်နာတရားတွေ၊ ကရုဏာတရားတွေ ကျွန်မပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်သူမှ မထားခဲ့ဖူးသေးဘူး။ နောက်ပြီးတော့ ရှင် သိပါတယ်လေ။ ရှင့်ကို ပြောပြီးပြီပဲ။ ကျွန်မဘဝမှာ အချစ်ဆိုတာကို စိတ်မကူးရဲတော့ပါဘူး။ စိတ်ကူးလို့လည်း မဖြစ်တော့ဘူး။ ရှင့်ကို ကျွန်မ နေ့တိုင်း တွေ့နေမြင်နေရမယ်ဆိုရင် ကျွန်မရဲ့ အသည်းနှလုံးတွေ လှုပ်ရှားလာတော့မယ်။ စိတ်ကူးယဉ်အိပ်မက်တွေကို မက်ချင်လာတော့မယ်။ စိတ်ကူးယဉ်ကမ္ဘာကြီးထဲကို အရောက်သွားချင်တော့မယ်။ အဲဒါတွေ အစပျိုးလာပြီဆိုရင် သနားစရာကောင်းတဲ့ ကျွန်မ အမေ ဘယ်လိုဖြစ်သွားမလဲ။ အမိမဲ့သားရေနည်းငါးလို ဖြစ်နေရှာတဲ့ ဟိုကလေးနှစ်ယောက် ဘယ်ဘဝရောက်သွားမလဲ။ ကျွန်မ ချစ်သူရဲ့ ရင်ခွင်ထဲကိုလည်း ကျွန်မဘဝကို ပုံအပ်နိုင်မှာမဟုတ်ဘူး။ ဂိလာန အမေနှင့် အားကိုးရာမဲ့ ကလေးတွေအတွက်လည်း ကြွကြွနိုင်နိုင် ရပ်တည်နိုင်မှာ မဟုတ်ဘူး။ သူတို့အားလုံးရဲ့ ဘဝမှာ ကျွန်မ မရှိရင် မဖြစ်ဘူးလေ"

ကျွန်တော် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုနိုင်ခြင်း မရှိမီမှာပင် မိန်းမပျိုက အသနားခံသော လေသံကလေးနှင့် ပြောပြန်သည်။

"ကျွန်မ တောင်းပန်ပါတယ်ရှင်။ အသနားလည်း ခံပါတယ်။ ကျွန်မနှင့် နောက်ထပ် မတွေ့ပါနှင့်တော့နော်"

မိန်းမပျိုသည် မျက်လွှာချမြဲ ချထားရာမှ တည်ငြိမ်သော လေသံနှင့် ဆက်ပြောပြန်သည်။

"သက်တံရောင် စားသောက်ဆိုင်ကို ကျွန်မ သွားနေရတဲ့အကြောင်းရင်း အမှန်ဟာ အဲဒါပါပဲ။ အဲဒီနေရာမှာ ဘာယဉ်ကျေးမှုမှ မရှိဘူး။ ဘာအနှစ်မှ မရှိဘူး။ အားလုံး အကာတွေချည်းပဲ။ အခွံတွေချည်းပဲ။ ယောကျ်ားဆိုးဆိုးတွေကိုပဲ ကျွန်မ တွေ့မြင်နေရမယ်။ ဒီတော့လည်း သူတို့ကို ကျွန်မ အမြဲတမ်း မုန်းတီးနေတော့မယ်။ အချစ်ပေါက်ဖွားရာ ကျွန်မရဲ့ အသည်းနှလုံးတွေဟာလဲ အမြဲတမ်း ခြောက်ခန်းသွားတော့မှာပါရှင်"

အို ဘုရား ဘုရား သည်မိန်းကလေးနှင့် ပတ်သက်ပြီး စုရှိတာမည်သို့များ သဘာပေါက်နေပါလိမ့်။





သူ့လို စိတ်ဓာတ်ရင့်ကျက်သော မိန်းမပျိုလေး တစ်ယောက်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ကျွန်တော်ကိုယ်တိုင် မည်သည့် အဆင့်အတန်းသို့ ရောက်သွားပါလိမ့်။

စိတ်လှုပ်ရှားမှုများကို ကျွန်တော် ဘာကြောင့်များ တမ်းတရှာဖွေခဲ့မိပါလိမ့်။

ကျွန်တော်သည် ရှက်လွန်းသောကြောင့် တစ်ကိုယ်လုံးရှိ သွေးများခဲကုန်ပြီဟု ထင်မှတ်လိုက်ရလေသည်။ သူ့မျက်နှာကိုသော် လည်းကောင်း၊ သူ့မျက်လုံးအစုံကိုသော် လည်းကောင်း စေ့စေ့မကြည့်ရဲတော့ပါ။

မိန်းမပျိုသည် အလွန်တရာ ယုယညင်သာစွာဖြင့် ကျွန်တော့်ကို ကုလားထိုင်ပေါ်မှာ ထိုင်စေပါသည်။

ပြီးတော့ ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားသည်ကိုလည်း သူသတိထားမိပုံရပါသည်။ ကျွန်တော်နှင့်မျက်နှာချင်းဆိုင် ထိုင်နေရာမှ သူကမေးသည်။

"ရှင် ဘာတွေများ စဉ်းစားနေသလဲဟင်"

ကျွန်တော် ဘာမှ ပြန်ဖြေနိုင်စွမ်း မရှိတော့ပါ။

မိန်းမပျိုက ကျွန်တော်၏ မေးစေ့ကို ယုယစွာကိုင်ပြီး မျက်နှာကိုဆွဲမော့ယူလိုက်သည်။

ကျွန်တော်၏ မျက်ခုံးနှစ်ခုကြားကို ဖွဖွကလေး နမ်းပါသည်။

"ကျွန်မ ဒီထက်ပိုပြီး ရှင့်အလိုကို လိုက်လိုက်ချင်ပါတယ် ရှင်။ ဒါထက် ပိုပြီးတော့လည်း ဖြည့်စွမ်းပေးချင်ပါတယ်။ ဒါပေမယ့် ဒါပေမယ့် ကျွန်မဘဝက ကိုယ့်စိတ်ကိုယ် ချုပ်တည်းနေရတဲ့ဘဝပါ။ ဒီနေ့ကြုံတွေ့ရတာတွေ အားလုံးကို အိပ်မက်တစ်ခုလို့ပဲ သတ်မှတ်လိုက်ချင်ပါတယ်။ အိပ်မက်တစ်ခုကို မေ့ပစ်လိုက်သလိုပဲ မေ့ပစ်လိုက်ချင်ပါတယ်ကွယ်"

ထိုအချိန်အထိလည်း ကျွန်တော် စကားတစ်ခွန်းမှ ပြောမထွက်တော့ပါ။ ထိုင်ရာမှထပြီး တံခါးပေါက်ရှိရာသို့ ဖြည်းညင်းစွာ လျှောက်လာမိတော့သည်။

တံခါးပေါက်နားသို့ ရောက်သောအခါ အိမ်အတွင်းပိုင်းသို့ သမင်လည်ပြန် တစ်ကြိမ် ပြန်ကြည့်မိပါသည်။ နှုတ်ဆက်သည့်အနေဖြင့် မြှောက်ပြနေသော သူ့လက်ကလေးကိုလည်း သတိမထားမိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ မျက်လုံးများကို သူ၏ ခြေဖျားကလေးမှ သည် ဖြူစင်ဝင်းမွတ်သော နဖူးသားကလေးတိုင်အောင် တဖြည်းဖြည်း ရွှေ့ယူခဲ့ပါသည်။

ညာဘက်လက်ကို ကျွန်တော် မြှောက်လိုက်သည်။ သူ့ပခုံးပေါ်မှာ ဝဲကျနေသည့် မြတ်နိုးဖွယ်ကောင်းလှသော ဆံပင်ကလေးများကို လက်ချောင်းကလေးများဖြင့် ယုယစွာ ပွတ်သပ်ထိုးဖွပေးမိသည်။

ပြီးတော့ သူ့ကို ကျွန်တော် နမ်းလိုက်မိပါသည်။

နမ်းပြီးသည်နှင့် ကစ်ပြိုင်တည်း စကားတစ်ခွန်းမျှ မပြောတော့ဘဲ အောက်ထပ်သို့ တောက်လျှောက် ဆင်းလာခဲ့သည်။

ထို အဖြစ်အပျက်ကလေးများသည် ကျွန်တော့်အတွက် အိပ်မက် မဟုတ်ပါ။

ထိုနည်းတူစွာပင် သူ့အတွက်လည်း အိပ်မက် မဖြစ်နိုင်ပါ။

သို့သော် ညဥ့်ကေရီနှင့်တော့ ဝေးရာမှာပင် ကျွန်တော် နေလိုက်ပါတော့သည်။

ထုံပျံ့သော သူ၏ ကိုယ်သင်းနံ့ကလေးကို တသရှိုက်နေမိသည်မှာ မှန်သော်လည်း ကျွန်တော်ထားခဲ့သည့် ကတိစကားကိုတော့ မပျက်ကွက်ရအောင် ကျွန်တော် ထိန်းသိမ်းခဲ့ပါသည်။

**The Queen Of Night By Shivkumar Joshi.**

**၁၉၉၄ နှစ်၊ ပြည့်ဝတ်လထုတ် မဟေသီမဂ္ဂဇင်း အမှတ် (၁)**



# အသွင်တူတဲ့ မောင့်ကြင်သူ

သူ့ကို ကျွန်တော်က အကျိုးအကြောင်း ရှင်းပြနေသည်။ သူ သဘောပေါက်နားလည်စေရန် အသေးစိတ် ရှင်းပြနေခြင်း ဖြစ်ပါသည်။

သူက ထိုင်နေကျဆိုဖာပေါ်မှာ ထိုင်ရင်း မျက်လုံးပေကလတ် ပေကလတ်ဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော် ပြောနေသည်ကို အလွန်တရာ စိတ်ဝင်စားနေသည့် ပုံစံမျိုး ဖြစ်လေသည်။

သူ့ကို ကျွန်တော် အလုံးစုံ ဖွင့်ပြောပြလိုက်ပါသည်။

သည်လို ဖွင့်ပြော မပြ၍လည်း မဖြစ်တော့။

ဆူလာဘားသည် ပထမဆုံး အကြိမ်အဖြစ် ကျွန်တော့်အိမ်သို့ အလည်လာတော့မည်။ ဆူလာဘားကို မြင်လျှင်မြင်ချင်း သူ မေတ္တာသက်ဝင် ချစ်ခင်စေချင်ပါသည်။

ကျွန်တော် ကိုယ်တိုင်လည်း ဆူလာဘားကို မြင်လျှင်မြင်ချင်း တန်းတန်းစွဲ ချစ်ခဲ့မိသည် မဟုတ်ပါလား။

ဆူလာဘားသည် အလွန်တရာ ချောမောလှသလို သူကလည်း အလွန်ကြည့်ကောင်းသည်။

ဆူလာဘားက အလွန်တရာ ချစ်မြတ်နိုးဖွယ် ကောင်းလှသလို သူကလည်း အလွန်တရာ လိမ္မာရေးခြားရှိသည်။

သည်လိုဆိုလျှင် သူတို့နှစ်ယောက် ဘာကြောင့် မိတ်ဆွေသင်္ဂဟများ မဖြစ်နိုင်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကျွန်တော့်ရင်ထဲမှာတော့ သံသယလှိုင်းတံပိုးတွေ ရိုက်ခတ်နေသည်။

ဆူလာဘားတို့လို ခေတ်ကာလ မိန်းမပျိုကလေးများသည် တစ်လလျှင် လခတစ်ရာငါးဆယ်မျှသော ရုံးစာရေး အလုပ်ကလေး လုပ်ရရုံဖြင့် စိတ်ကြီးဝင်တတ်လွန်းကြသည်။ ကိုယ်ရသောလခကို ကြိုက်ရာသုံး၊ ကြိုက်ရာဝတ်ဖြင့် ငွေရေးကြေးရေး အရာမှာလည်း လွတ်လပ်ကြသည်။

ထို့ကြောင့် သူတို့သဘောကျချင်ရာကို ကျတတ်ကြသည်။ သဘောမကျချင် ပြန်လျှင်လည်း မကျဘဲ နေတတ်ကြသည်။ အရာရာမှာ သူတို့စိတ်ချည်း ဖြစ်သည်။

ဆူလာဘားက သူ့ကို မြင်လျှင်မြင်ချင်း ရင်ခွင်ထဲ ဆွဲယူပွေ့ပြီး တယုတယများလုပ်လိုက်လျှင် မည်မျှကောင်းချိမ့်မည်နည်းဟုလည်း ကျွန်တော် စဉ်းစားကြည့်မိသည်။

ဆူလာဘားက ထိုသို့ပြုလုပ်သော်လည်း သူက သဘောကျချင်မှ ကျဦးမည်။ သူကလည်း တစ်မျိုး။ အခြားသူ သဘောကျသော်လည်း သူက သဘောကျချင်မှ ကျတတ်ပြန်သည်။

မျက်နှာစိမ်းတစ်ယောက်ယောက် ရောက်လာပြီဆိုလျှင် တွေ့လျှင်တွေ့ချင်း သူ မည်သို့ ဆက်ဆံတတ်ပုံကို ကျွန်တော် ကောင်းကောင်း သတိထားသည်။

သူ စိတ်ကောင်းဝင်နေသည့်အခိုက်နှင့်ကြုံလျှင် ပရောပရိ လုပ်တတ်သည်။

သူ စိတ်အခန့်မသင့်သည့် အချိန်နှင့်ကြုံပါက မလိုလားကြောင်းကို ပြောင်ပြောင်တင်းတင်းပင် မျက်နှာထားရာ အမူအရာနှင့်ပါ ပြုလုပ်ပြတတ်စမြဲ ဖြစ်သည်။

သူ့စိတ်ကို ကြိုတင်ပြောရခက်သည်။

ဘာပဲဖြစ်ဖြစ် ပထမအကြိမ်အဖြစ်နှင့် ဆူလာဘား ရောက်ရှိလာချိန်တွင် သူ လိုလိုလားလား ဆက်ဆံဖို့ကို ကျွန်တော် အလိုလားဆုံး ဖြစ်ပါသည်။

ထို့ကြောင့် သူ့ကို အသေးစိတ်ကြိုကြိုတင်တင် ရှင်းပြနေရခြင်း ဖြစ်သည်။ ကျွန်တော့်ကို ကြည့်နေသည့် သူ့မျက်လုံးများ ပြုံးရယ်လာသည်ဟုလည်း ထင်မှတ်ရသည်။





ဆူလာဘားနှင့် ကျွန်တော် စတင်တွေ့ဆုံကြပုံကို ပြောပြသောအခါ မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်ဖြင့် မယုံကြည်သလို လုပ်ပြန်သည်။

ထိုသို့သော သူ့အမူအရာကို ကျွန်တော် အရေးလုပ်မနေတော့ပါ။

ဆူလာဘားနှင့် ကျွန်တော် စတင်တွေ့ဆုံပုံကလည်း ထူးဆန်းလွန်းလှပါသည်။ အခြား သူငါ ယောကျ်ားပျိုနှင့် မိန်းမပျိုတို့ တွေ့ဆုံကြပုံမျိုး မဟုတ်။

ထို့ကြောင့် သူ ယုံချင်ယုံ မယုံချင်နေ၊ ကျွန်တော် ဂရုမစိုက်တော့ပါ။

* * *

ဆူလာဘားနှင့် ကျွန်တော်တွေ့သည့် နေရာသည် အိန္ဒိယနိုင်ငံ လက်ရွေးစင် ဘောလုံးအသင်းနှင့် ဓနသဟာယ လက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည့်ပွဲတွင် ဖြစ်သည်။

ထိုင်ခုံများ စုတ်ချာလွန်းလှသော အရှေ့ဘက်ပွဲကြည့်စင်မှာ ကျွန်တော် ထိုင်ကြည့်ခဲ့သည်။ အရှေ့ဘက်ပွဲကြည့်စင်သည် ထုံးစံအတိုင်း လူတွေ ကျပ်ကျပ်ခဲနေသည်။

လူတွေ ကျပ်ကျပ်ခဲနေသည် ဆိုခြင်းမှာလည်း ပခုံးချင်း ဖိညှပ်ကာ သာမန်ကျပ်ခဲ့သည့် သဘောမျိုး မဟုတ်ပါ။

ရှေ့လူ၏ကျောနှင့် နောက်လူ၏ ရင်ဘတ်တို့ ထိကပ်ပူးညပ်နေကြသည်။ ဘေးချင်းယှဉ် ထိုင်သူတို့ကမူ တစ်ယောက်လည်ပင်းကို တစ်ယောက် ဖက်ထားရသလိုမျိုး ဖြစ်နေသည်။

အရှေ့ဘက် ပွဲကြည့်စင်မှ ဘောလုံးပွဲကြည့်ပရိသတ်သည် ကျယ်ပြောသည့် ကန်ရေမျက်နှာပြင်ပေါ်တွင် တောထချင်တိုင်း ထနေသော ဗေဒါနိုက်များလို ပြွတ်သိပ်ခဲနေသည်။

ထိုမျှအထိ လူကျပ်သော အရှေ့ဘက် ပွဲကြည့်စင်ဖြစ်သည်။

ပွဲကလည်း ပွဲကြီးပွဲကောင်း ဖြစ်သည်။ အိန္ဒိယအသင်းမှ ခြေသွင်းသည့်အခါများ၊ ဂိုးသွင်းဖို့ ဆွဲသွားသည့်အခါများ၊ ဂိုးသွင်းလိုက်သည့် အခါများတွင် ဘောလုံးကွင်းကြီးတစ်ခုလည်း ပွင့်ထွက်ကာ အစိတ်စိတ် အမြွာမြွာ ဖြစ်သွားတော့မတတ် အော်ဟစ်အားပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ခေါက်မှုတ်သူမှုတ်၊ လက်ခုပ်တီးသူတီး၊ အော်ဟစ်အားပေးသူပေးဖြင့် ပြင်းထန်သည့် တိုက်ပွဲဆုသံကြီးများကပင် အရှုံးပေးရလောက်သည်။

ကျွန်တော်တို့အားလုံး ဣန္ဒြေသိက္ခာ ဆည်မနေနိုင်ကြပါ။ ဟိတ်ကြီး ဟန်ကြီး လုပ်မနေနိုင်ကြပါ။ ယုတ်စွအဆုံး မိမိဘေးတွင် မည်သူထိုင်နေသည်ကိုပင် လှည့်မကြည့်အားကြပါ။

ကျွန်တော်သည်လည်း အများနည်းတူပင် ဖြစ်ပါသည်။

ကျွန်တော်တို့ အိန္ဒိယ လက်ရွေးစင်အသင်းမှ တိုက်စစ်မှူး မားချင့်ကို ဒိုင်လူကြီးက ထုတ်ပစ်သည်။ ဟစ်ကွင်းလုံး ကျွတ်ကျွတ်ညံသွားပြန်သည်။

"ဘာကိစ္စ ထုတ်ပစ်ရတာလဲကွ"

"ဒါလောက်ကလေး ခုန်တာမှ မခုန်ရဘူးလား"

"ဒိုင်လူကြီး ခေါက်ဆွဲမစားနှင့်ဟေ့"

အော်ဟစ်သံများ၊ ဆဲရေး တိုင်းထွာသံများ မိုးပြိုဘနန်း ပေါ်ထွက်လာသည်။ အော်ဟစ်ဆဲဆိုသည့်အထဲတွင် ကျွန်တော်လည်း ထိပ်ဆုံးမှ ပါဝင်ပါသည်။

"သူ့အစား ဘယ်သူ့ကို ထည့်ကစားမှာလဲ ဟင်"

ထိုမေးခွန်းကို တစ်ကွင်းလုံးရှိ ပွဲကြည့်ပရိသတ်က မေးနေကြသည်။ ကျွန်တော် ဘယ်ဘက်ဘေးမှလည်း မေးခွန်းတစ်ခု ပေါ်ထွက်လာသည်ကို ကြားလိုက်ရသည်။

ထို့ကြောင့် ဘယ်ဘက်သို့ စိတ်မှတ်မထင် လှည့်ကြည့်လိုက်မိသည်။

ထိုအချိန်ကလေးတွင် ကျွန်တော် အသက်ရှုဖို့ မေ့သွားသည်မှာ အမှန်ပင် ဖြစ်ပါသည်။

မိန်းမပျိုတစ်ယောက်၏ အလွန်တရာ ချောမောလှပသော မျက်နှာကလေးတစ်ခုက ကျွန်တော့်မျက်နှာနှင့် ထိလုထိခင် ဖြစ်နေသည်။ အပြစ်အနာအဆာကင်းစွာ ချောမောလှပသော မျက်နှာ ဖြစ်ပါသည်။ သူ့နှာခေါင်းမှ မှုတ်ထုတ်လိုက်သော ထွက်သက်လေကလေးများက လေပြည်လေညင်းပမာ ကျွန်တော့်မျက်နှာကို မှုတ်သပ် ချော့မော့နေကြသည်။





ဆံပင်များက ဖွာရရာ ကျနေသည်။ နားရွက်နှစ်ဘက်ကို လုံးဝဖုံးအုပ်ထားသည်။ အထိန်းအကွပ် ကင်းမဲ့နေပြီဖြစ်သော ဆံနွယ်မျှင်ကလေး အချို့တို့သည် မွတ်စင်လှသော နဖူးပေါ်သို့ လျောကျနေသည်။ နေရောင်တွင် ဝင်းတင့်နေသော ရွှေကလစ်ကလေးက ထိုဆံပင်များကို စုစည်းထိန်းကွပ်နိုင်ခြင်း မရှိတော့ပါ။

ပါးပြင်နှစ်ဘက်ပေါ်ရှိ မျက်နှာလိမ်း ပေါင်ဒါများ ပျက်ပြယ်ခဲ့သည်မှာ အချိန်အတော်ကြာပြီ ဖြစ်ပုံရသည်။

လှပသော နှုတ်ခမ်းပေါ်မှ နှုတ်ခမ်းဆိုးဆေးများလည်း ပြယ်လွင့်နေကြပြီ။ ထိုသို့ ပြယ်လွင့်နေကြသဖြင့် ပို၍ပင် အသက်ရှုများလောက်နေသည်။ တစ်ဘက်သားကို ဖိတ်ကြားနေသယောင် ထင်မှတ်မှားရသည်။

ဖြူဖွေးညီညာသော ပုလဲလုံးသဖွယ် သွားကလေးများကို လှပသော နှုတ်ခမ်းနှစ်လွှာက ဘောင်ခတ်ပေးထားသည်။

ချွန်ပိုင်းသော မေးဖျားကလေးပေါ်တွင် ချွေးပေါက်ကလေးများ သီးနေသည်ကို တွေ့ရသည်။

သူ၏ အောက်ပိုင်းကို ကျွန်တော် ကြည့်ချင်လှပါသည်။ သို့သော် ကျွန်တော် ကြည့်ချိန်မရလိုက်တော့ပါ။ သူ့ထံမှ မေးခွန်းကလေးတစ်ခု ထပ်မံပေါ်ထွက်လာသောကြောင့် ဖြစ်ပါသည်။

"မားချင့်ကို ဘာဖြစ်လို့ ထုတ်ပစ်တာလဲဟင်"

သူ့အသံကလည်း အလွန်တရာ သာယာနူးညံ့လှပါသည်။ ထိုလေသံထဲတွင် မားချင့်အတွက် စိတ်မချမ်းသာသည့် အရိပ်အရောင်များလည်း ပါဝင်နေသည်ကို ကျွန်တော် သတိထားမိသည်။ မျက်လုံးအစုံထဲမှာ မျက်ရည်ကြည်ကလေးများပင် ဥနေသလားဟု ထင်မှတ်ရလေသည်။

မားချင့်ကို ဘာကြောင့်ထုတ်ပစ်ကြောင်း ကျွန်တော်က ပြန်ရှင်းပြသည်။ အမှန်တော့ ကျွန်တော်တို့အသင်း၏ တိုက်စစ်မှူး မားချင့်ကို ထုတ်ပစ်သင့်သည်ဟု ကျွန်တော် မထင်ပါ။

မိန်းမပျိုကို နှစ်သိမ့်မည့် အနေဖြင့်လည်း ကျွန်တော် ဆက်ရှင်းပြနေမိသည်။

"မားချင့်ကို ထုတ်ပစ်လိုက်ပေမယ့် ဘာမှကြောက်စရာ မရှိပါဘူး။ တို့အသင်းမှာ တိုက်စစ်မှူးတွေ အများကြီးရှိတယ်။ ဟာဇရီ ကျန်သေးတယ်။ ဒါတူးဖတ်တားနှင့် အဒီကာရီ ကျန်သေးတယ်။ နောက်ပြီးတော့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...ဟုတ်တယ်။ ဘာမှကြောက်စရာ မရှိပါဘူး။ ကျွန်မတို့ နိုင်ရမယ်"

ကျွန်တော့် စကားမဆုံးမီ သူက အားတက်သရော ဖြတ်ပြောသည်။ ပြီးတော့ အိန္ဒိယလက်ရွေးစင်အသင်းနှင့် အနောက်အင်ဒီးစ်အသင်းတို့ မနှစ်က ယှဉ်ပြိုင်ကစားကြရာ ကျွန်တော်တို့ အိန္ဒိယအသင်းမှ တိုက်စစ်မှူး ဒါတူးဖတ်တား ကစားပုံ ကောင်းလွန်းသောကြောင့် သူ ဝမ်းသာပြီး မျက်ရည်ပင် ကျရသည့်အကြောင်းများကို ဆက်ရှင်းပြနေသည်။

"မင်း၊ ဘောလုံးပွဲ တော်တော် ဝါသနာပါပုံပါပဲ"

"ဟုတ်တယ်"ဟု သူက မဆိုင်းမတွ ပြန်ခြေသည်။

ခဏအကြာမှာပင် ယနေ့ဘောလုံးပွဲသို့ သူတစ်ယောက်တည်း လာသလားဟု ကျွန်တော် မေးမိလျက်သား ဖြစ်သွားလေတော့သည်။

"မဟုတ်ပါဘူး။ ကျွန်မ အစ်ကိုဝမ်းကွဲတစ်ယောက်နှင့်အတူ လာတာ။ ဒါပေမယ့် ဂိတ်အဝင်ကတည်းက လူချင်းကွဲသွားတယ်။ သူလည်း အရှေ့ဘက်ပွဲကြည့်စင် တစ်နေရာရာမှာ ရှိနေလိမ့်မယ်။ ဒါပေမယ့် ဒါလောက်တောင် လူတွေများနေတာ သူနှင့်ကျွန်မ ဒီအထဲမှာ ပြန်တွေ့ဖို့တော့ ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ကျွန်မ စိတ်ပူနေတာ "

သူ စိတ်ပူသည်ကို ကျွန်တော် နားလည်သဘောပေါက်ကြောင်း ပြန်ပြောမိသည်။ တစ်ဆက်တည်းလည်း

"ဒါပေမယ့် မင်းအစ်ကိုဝမ်းကွဲနှင့် ပြန်မတွေ့လည်း အရေးမကြီးပါဘူးကွယ်..."ဟု ပြောမိသည်။

ကျွန်တော့်စကား အဓိပ္ပာယ်ကို သူ ဘယ်လောက် သဘောပေါက်နားလည်လေမည်နည်းဟူသော မျှော်လင့်ချက်ဖြင့်လည်း သူ့မျက်နှာလှလှလေးကို အကဲခတ်ကြည့်မိသည်။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်"

သူက ထိုမျှသာ ပြန်ပြောသည်။ ပြီးတော့ ကွင်းထဲသို့ သူ့မျက်လုံးများ ပြန်ရောက်သွားသည်။ နေရောင်တွင် ပြိုးပြိုးပြက်ပြက် လက်သွားသော သူ့ဘယ်ဘက်နားမှာ နားကွင်းကလေး၏အရောင်ကိုသာ ကျွန်တော် မြင်လိုက်ရလေသည်။





"အမားရ်နတ်ကို ကျွန်မတို့အသင်းထဲမှာ ဘာဖြစ်လို့ ထည့်မစားတာလဲဟင်။ သူ့ကို ရွေးသင့်တယ်လို့ ရှင် ထင်သလား"

မိန်းမပျိုက ရုတ်တရက် ကျွန်တော့်ဘက်သို့ လှည့်ပြီး မေးလိုက်သည်။

ကျွန်တော်က တစ်စုံတစ်ရာ ပြန်မဖြေဘဲ ပြုံးရုံပြုံးနေလိုက်သည်။

"ဂျေးယန့်က ပြောတယ်။ သူ့နောက်ပိုင်းမှာ နိုင်ငံရေး အရှုပ်အထွေးတွေ ရှိနေတယ်တဲ့"

"ဂျေးယန့်ဆိုတာ ဘယ်သူလဲ"

ကျွန်တော်က ရုတ်တရက် မျက်မှောင်ကြုတ်လိုက်ပြီး ပြန်မေးသည်။ အားကစားလောကနှင့်ပတ်သက်ပြီး ဗဟုသုတပြည့်စုံသည့် အခြားယောကျာ်းတစ်ယောက်ယောက်အပေါ် သည်မိန်းမပျို အထင်ကြီးနေတာမျိုးကိုတော့ ကျွန်တော် မရှုစိမ့်နိုင်ပါ။

"ကျွန်မရဲ့ အစ်ကိုဝမ်းကွဲပါ"

တော်ပါသေးရဲ့။ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ထဲမှ ပြန်ပြောမိသည်။ ကျွန်တော့် မျက်နှာပေါ်မှ ကြုတ်ထားသော မျက်မှောင်သည်လည်း ချက်ချင်းပင် ပြေလျော့သွားတော့သည်။

အမားရ်နတ်နှင့်ပတ်သက်ပြီး ဖြစ်ပေါ်ခဲ့သည့် အရေးအခင်းများအားလုံးကို ကျွန်တော်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ အားကစားလောက၏ အတွင်းရေးများ ဖြစ်သည်။

အတွင်းရေးများကို နှံ့နှံ့စပ်စပ်သိသော ကျွန်တော့်အပေါ် မိန်းမပျိုက အထင်ကြီးသွားပုံ ရလေသည်။

ကျွန်တော်ကမူ သူနှင့် စကားအဆက်မပြတ်အောင် အကြောင်းမရှိ အကြောင်းရှာပြီး ဆက်ပြောနေမိသည်။

ထိုအခိုက် ကျွန်တော်တို့ အနီးပတ်လည်တွင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ဘာအကြောင်းကစပြီး ဘာတွေဖြစ်ကုန်သည်ကို မည်သူမှ မသိလိုက်ပါ။

ကျွန်တော်တို့ ပတ်လည်မှ ရာပေါင်းများစွာသော ဘောလုံးပွဲကြည့်ပရိသတ်ကြီးသည် ထိုင်ရာမှ ဗရမ်းသုန်းကားထကြကာ ငှက်ပျောခွံများ၊ လိမ္မော်သီးများ၊ ဖိနပ်များ၊ ထီးများဖြင့် တစ်ယောက်ကိုတစ်ယောက် ပစ်ပေါက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧရာမ အဓိကရုဏ်းကြီးကို ဖန်တီးကြတော့မည့်အလား ဖြစ်နေသည်။

သည် ရုတ်ရုတ်သဲသဲမျိုးသည် အရှေ့ဘက် ပွဲကြည့်စင်တွင် ထူးဆန်းသော အဖြစ်အပျက် မဟုတ်ပါ။ ဖြစ်ရိုးဖြစ်စဉ်မျှသာ ဖြစ်ပါသည်။

ဘောလုံးပွဲကြည့်နေသူ အချင်းချင်း ငြင်းကြခုံကြမည်။ ထိုမှ တစ်ဆင့်တက်ပြီး ထိုးကြကြိတ်ကြမည်။

ထိုသို့ ထိုးကြကြိတ်ကြလျှင် ဘေးမှ မဆိုင်သူများကလည်း ဩဘာသံပေး၍ ဝိုင်းဝန်းအော်ဟစ်ကာ လက်လှမ်းမီရာ ပစ္စည်းများနှင့် ဦးတည့်ရာသို့ ပစ်ပေါက်ကြစမြဲ ဖြစ်သည်။

ဦးတည့်ရာသို့ ပစ်ပေါက်ကြရာမှ ထိုနေရာကလေးမှာပင် ချက်ချင်းအုပ်စုနှစ်စုကွဲသွားကာ တစ်အုပ်စုနှင့်တစ်အုပ်စု ရန်ပွဲကြီး ဖြစ်ကြတော့သည်။ သူတို့လက်ထဲသို့ ရောက်လာသော မည်သည့်ပစ္စည်းမဆို ဒုံးပျံများ ဖြစ်သွားတော့သည်။

ရုတ်ခြည်းဆိုသလို ကျွန်တော်တို့ ပတ်လည်တွင် မီးတောင်ပေါက်ကွဲဘိသကဲ့သို့ ရန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်သော်လည်း အကြိမ်ကြိမ်ကြုံတွေ့ခဲ့ဖူးပြီမို့ ကျွန်တော်ကတော့ လုံးဝအံ့ဩတုန်လှုပ်ခြင်း မရှိပါ။

တစ်ဘက်နှင့်တစ်ဘက် ငှက်ပျောသီးများနှင့် ပစ်ပေါက်ကြသည်။ ဖိနပ်များနှင့် ပစ်ခတ်ကြသည်။ ဘာလက်နက်မှမရှိသူများက သတင်းစာများ၊ စာအုပ်များကို ဆုတ်ဖြဲပြီး စက္ကူအလုံးများပြုလုပ်ကာ ပစ်ပေါက်ကြသည်။ မည်သည့်အရာနှင့်မှ မပစ်ပေါက်ရသည်နှင့်စာလျှင် တော်သေးသည်ဟု သဘောထားကြပုံရသည်။

ပစ်ပေါက်ပွဲကြီးနှင့်အတူ အော်ဟစ်ဆဲဆိုသံများ၊ လက်ခေါက်မှုတ်သံများ၊ ဩဘာသံပေးသံများကလည်း နားပွင့်မတတ် ဆူညံနေသည်။

ကျွန်တော့် ဘယ်ဘက်ကလေးတွင် ထိုင်နေသော မိန်းမပျိုက ကြောက်အားလန့်အားဖြင့် ထိုင်ရာမှ ထရပ်သည်။

ကျွန်တော်ကလည်း သူနှင့်အတူ ယှဉ်တွဲပြီး ရှေးခေတ်က သူရဲကောင်းကြီးများလို ကြွားကြွားဝင့်ဝင့်ကြီးရပ်ကာ သူ့ကို တစ်စုံတစ်ရာသော ဒုံးပျံလာမမှန်အောင် အကာအကွယ် ပေးနေမိလျက်သား ဖြစ်သွား





သည်။ လက်နှစ်ဘက်ဖြင့်လည်း ခေါင်းပေါ်မှာ ဝှေ့ယမ်းရင်း နယ်ကျွံရောက်လာသည့် ဒုံးပျံများကို ပုတ်ထုတ်ပစ်နေမိသည်။

မိန်းမပျိုကလေး၏ ကိုယ်ကို မှဲ့တစ်ပေါက်မစွန်းအောင် ဒုံးပျံတစ်ချက် မထိအောင် သူရဲကောင်း ပီသပြနေရသည်။

မိနစ်အနည်းငယ်ကြာမှာပင် ရန်းရင်းဆန်ခတ်ပွဲကြီး စစ်ပြေငြိမ်းသွားသည်။

ကျွန်တော်တို့ အရှေ့ဘက်ပွဲကြည့်စင်သည် ဘာအကြောင်းကြောင့်မှ မဟုတ်ဘဲ ရန်းရင်းဆန်ခတ်များ ဖြစ်တတ်ကြသလို ဘာအကြောင်းကြောင့်မှ မဟုတ်ဘဲနှင့်လည်း ထိုရန်းရင်းဆန်ခတ်ပွဲက အလိုအလျောက်ရပ်တန့်သွားစမြဲ ဖြစ်ပါသည်။

ယခုလည်း စောစောက ရရာလက်နက်ဖြင့် တစ်ဘက်နှင့်တစ်ဘက် ပစ်ပေါက်ရင်း ညာသံပေးအောဟစ်ဆဲဆိုနေကြသူများသည် ငြိမ်းချမ်းရေး ချစ်မြတ်နိုးကြသော နိုင်ငံသားများပမာ စစ်ပြေငြိမ်းလိုက်ကြပြီး အေးချမ်းငြိမ်သက်စွာ ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြလေသည်။

မိန်းမပျိုနှင့်ကျွန်တော်လည်း နေရာမှ ပြန်ထိုင်သည်။

"ဟောတော့ "

မိန်းမပျိုက သူ၏ လှပသော လက်ကလေးဖြင့် သူ့ပါးစပ်ကို ပြန်ပိတ်လိုက်ရင်း အလန့်တကြား အာမေဋိတ်သံပြုသည်။

"ဘာဖြစ်တာလဲ"

ဟု ကျွန်တော်ကလည်း စိုးရိမ်တကြီး မေးမိသည်။

"ကျွန်မဖိနပ် ပျောက်သွားပြီ"

သူက ကိုယ်ကိုကုန်းပြီး သူ့ပတ်လည်မှာ လှည့်ရှာသည်။ ရှာမတွေ့သည့်အဆုံး ကျွန်တော့်ကို မော့ကြည့်လိုက်သောအခါ သူ့ပါးစပ်လှလှကလေးသည် ပွင့်အာလျက်ရှိနေသည်။

"ကျွန်မ ဖိနပ် ပျောက်သွားပြီ။ နှစ်ဘက်စလုံး မရှိတော့ဘူး။ ခြေထောက်ညောင်းလွန်းလို့ ဖိနပ်ချွတ်ပြီး ဘေးမှာချထားတာ"

သူ မျက်ရည်ဝဲနေပြီ။

"ဟုတ်လား။ အခုန စစ်ဖြစ်ကြတုန်း တစ်ယောက်ယောက်က ကောက်ယူပြီး ဒုံးပျံအဖြစ် အသုံးချလိုက်ပြီနှင့်တူတယ်။ ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပြောပြောဆိုဆိုဖြင့် အူတက်မတတ် ရယ်ချလိုက်မိလေတော့သည်။ ဘယ်လိုမှ ထိန်းသိမ်းနိုင်စွမ်းမရှိတော့ပါ။

"ဩ ရှင်ကတော့ ရယ်နိုင်မှာပေါ့။ ဖိနပ်က အသစ်ကြီးရှင့် မနေ့ကမှ ဝယ်တာ။ အမေ ဆူခံထိတော့မှာ သေချာတယ်။ ကျွန်မတို့ မိသားစုထဲမှာ ကျွန်မက ဖိနပ်ခဏခဏပျောက်လို့ အမြဲ အပြောခံနေရတာ"

တစ်နေ့သောအခါတွင် ကျွန်တော်၏ ဘဝခရီးဖော်ဖြစ်တော့မည့် ဓနီးလောင်း၏ အမူအကျင့်ကလေးတွေနှင့် ပတ်သက်၍ ကျွန်တော် မသိမသာ မှတ်သားထားနေမိသည်။

ထိုစာရင်းထဲတွင် မကြာခဏ ဖိနပ်ပျောက်တတ်သည့် အကျင့်ကလေးတစ်ခုကိုလည်း ထပ်မံဖြည့်စွက်လိုက်ရလေတော့သည်။

"ရှင် ဘာဖြစ်လို့ ဒီလောက်တောင် အူမြူးနေရတာလဲ"

မိန်းမပျိုက ကျွန်တော့်ကို ဒေါသသံကလေးဖြင့် မကျေမနပ် မေးသည်။ သို့သော် ချက်ချင်းပင် သူပါ ရယ်ချလိုက်လေသည်။

"ဟီး ဟီး"

ကျွန်တော် ရယ်သည်ကို သူပါ သဘောကျသွားသည့် ပုံစံမျိုး ဖြစ်လေသည်။ ပြီးတော့မှ စိတ်မချမ်းသာသည့် လေသံကလေးဖြင့် ဆက်ပြောသည်။

"ဖိနပ်မပါဘဲ ခြေထောက်ချည်း အိမ်ပြန်ရတော့မှာပဲ"

"မလိုပါဘူးကွာ"

"ဘာလဲ ကျွန်မ ပြန်ဖို့ မလိုတော့ဘူးလို့ ရှင်က ပြောတာလား"

လက်ချောင်းလှလှကလေးကို သူ့နှုတ်ခမ်းပါးလှလှပေါ်မှာ မသိမသာဖိရင်း ခပ်ဆတ်ဆတ် ပြန်မေးသည်။

"အို…ဒီလိုဆိုလိုတာ မဟုတ်ရပါဘူးဗျာ။ မင်း အိမ်ကိုပြန်ရမှာပေါ့။ မဖြစ်မနေကို ပြန်ရမှာပေါ့။ ဒါပေမယ့် ဖိနပ်မပါဘဲ ခြေထောက်ချည်း သက်သက်တော့ ပြန်သွားဖို့ မလိုပါဘူး"

"ခြေထောက်ချည်း မပြန်လို့ ကျွန်မကို ဘယ်သူက ဖိနပ်ဝယ်ပေးမှာလဲ၊ ကျွန်မ အန်ကယ်ကလား…"





"လောကကြီးထဲမှာ မင်းရဲ့အန်ကယ်ကလွဲပြီး တခြားယောကျ်ားတွေ မရှိတော့ဘူးလား"

ကျွန်တော်ဆိုလိုသည့်အဓိပ္ပာယ်ကို ကောင်းစွာသဘောပေါက် နားလည်သွားသည့်အတွက် သူ့မျက်နှာကလေး ရဲကနဲ ဖြစ်သွားလေသည်။

"အို…မတော်တာပဲရှင်"

ထိုစကားကို လေသံတိုးတိုးဖြင့်ပြောပြီး တစ်ဘက်သို့ မျက်နှာလွှဲသွားလေသည်။

* * *

ဆူလာဘားနှင့် ကျွန်တော် တွေ့ဆုံခဲ့ရသည်မှာ အထက်ပါအတိုင်းပင် ဖြစ်ပါသည်။

ထိုသို့သော အခွင့်အရေးမျိုးကို လက်မလွှတ်အောင် မည်သို့ယူရမည်ဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်း သိပါသည်။ ထိုအခွင့်အရေးမှတစ်ဆင့် ရင်းနှီးသူများဖြစ်လာအောင်၊ ရင်းနှီးသူများမှတစ်ဆင့် ချစ်သူများ ဖြစ်လာအောင် မည်သို့ ဆက်လက်ကျင့်သုံးသွားရမည်များကို ကျွန်တော် ကောင်းကောင်း ကျွမ်းကျင်ပါသည်။

ကျွန်တော် ဆက်လက်ချီတက်နေသည့် ခရီးလမ်းတွင် မည်သို့သော ဆူးငြောင့်ခလုတ်မှ မရှိ[illegible]။

"အချစ်ခရီးလမ်းဟူသည်မှာ ဆူးပွမ်းသော လမ်းခရီးသာ ဖြစ်လေသည်" ဟူသည့် အဆိုအမိန့်တစ်ခုကို ကျွန်တော် ကြားဖူးပါသည်။

သို့သော် ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ရသည့် ယခုအဖြစ်အပျက်မှာတော့ ထိုစကားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။

ဆူလာဘလားနှင့် ကျွန်တော်၏ အချစ်လမ်းခရီးသည် ပင်လယ်ကမ်းစပ်က သဲသောင်ပြင်ပေါ်မှာလို နူးညံ့သည့် သဲပွင့်ကလေးများအထိ ဖုံးလွှမ်းပြွမ်းတီးနေပါသည်။

တစ်ခုပဲ ရှိသည်။

နူးညံ့သော သဲပွင့်ကလေး ဖုံးလွှမ်းသည့် ထို အချစ်သဲသောင်ပြင်ပေါ်မှာ နှစ်ကိုယ်တူတွဲပြီး လမ်းလျှောက်ကြဖို့အတွက်တော့ ကျွန်တော် ဖိနပ်လေးတစ်ရံ ဝယ်ပေးရခြင်းတစ်ခုသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဖြင့်ပင် အချစ်ကာလများ တဖြည်းဖြည်း ကြာညောင်းလာသည်။

တစ်နေ့တွင်။

"မောင်တို့နှစ်ယောက် အခုအတိုင်းပဲ အပြင်မှာ တွေ့နေကြရတော့မှာလား ဆူလာဘားရယ်။ မောင့်အခန်းကို မင်း လိုက်လည်ဖို့ ကောင်းပြီ။ မင်းအိမ်ကိုလည်း မောင့်ကို အလည်ခေါ်ဖို့ ကောင်းပြီ"ဟု ကျွန်တော် ပြောမိသည်။

သို့သော်လည်း ဆူလာဘားက ကျွန်တော့်စကားကို ပုတ်ထုတ်ပစ်လိုက်သည်။

ကျွန်တော်ကလည်း အကြောင်းသင့်လာတိုင်း ထိုစကားကိုသာ ထပ်ခါတလဲလဲ ပြောသည်။ လူနာ အမဲခြောက်တောင်းသလို မရမက ပူဆာသည်။

နောက်ဆုံးတော့ ကျွန်တော့်အလိုသို့ သူ လိုက်ရလေတော့သည်။

ကျွန်တော့်အိမ်ခန်းသို့ လိုက်လည်မည်။ ရုံးမှဆင်းပြီး တိုက်ရိုက်လာမည်။ ကျွန်တော်တို့နှင့်အတူတူ လက်ဖက်ရည်သောက်မည်။ ကျွန်တော့်အမေနှင့် တွေ့မည်။

ထုံးစံအတိုင်းပင် ဆူလာဘား အစစအရာရာ စိတ်တိုင်းကျစေဖို့ ကျွန်တော် လွန်မင်းစွာ ဆန္ဒစောနေမိလေသည်။

* * *

ဆူလာဘားဆိုတာ အဲဒီလို မိန်းကလေးကွ၊ မင်း သဘောပေါက်တယ် မဟုတ်လား"

ကျွန်တော်က သူ့ကို အားတက်သရော ပြောနေမိသည်။ သူကတော့ ဆိုဖာပေါ်မှာ အကျအနထိုင်ရင်း မျက်လုံးညိုကြီးများ ပေကလတ်ပေကလတ် လုပ်ကာ ကျွန်တော့်ကို ကြည့်မြဲကြည့်နေသည်။

"မင်း သူနှင့်တည့်အောင် ပေါင်းရမယ်။ မင်းကို ဆူလာဘားက ဘီစကစ်မုန့်ကျွေးဖို့ မေ့နေတဲ့အခါမှာတောင် မင်း ရန်မလိုရဘူး။ ကြားလား။ သူ ရောက်လာတာနှင့် တစ်ပြိုင်တည်း သူ့ ပေါင်ပေါ်ကို မင်း တက်ထိုင်ရမယ်။ ဒီလို တက်ထိုင်တာကို မကြိုက်လို့ သူက မင်းကို





တွန်းချကောင်း တွန်းချလိမ့်မယ်။ တွန်းချရင်လည်း ကြောက်စရာ မလိုဘူး။ ဒါဟာ ကြမ်းကြုတ်တဲ့ အပြုအမူမျိုး မဟုတ်ဘူး။ ငါ ပြောတာ နားလည်တယ် မဟုတ်လား..."

ကျွန်တော့်စကား ဆုံးသည်နှင့် တစ်ပြိုင်တည်း ရော်ဘီက အမွေးထူလပျစ်ရှိနေသော သူ၏ နားရွက်ကလေးနှစ်ဘက်ကို နောက်ဘက်သို့ ကပ်လိုက်သည်။ အလွန်လှပသော နှင်းဆီရောင် လျှာပါးပါးကလေးဖြင့် လည်း သူ့နှုတ်သီးကို ပြန်လျက်လိုက်သည်။

ထိုမျှမကသေးပါ။ ကျွန်တော်က 'လက်ပေးစမ်း' ဟု တောင်းဘိအလား သူ့လက်တစ်ဘက်ကို ကျွန်တော့်ဆီသို့ မြှောက်ပေးသည်။

"ကျွန်တော် နားလည်ပါတယ်ဗျာ။ ကျွန်တော် နားလည်ပါတယ်ဗျာ"ဟု ပြန်ပြောနေသည့် ပုံသဏ္ဍာန်မျိုးပင်။

သူ့ကို ကျွန်တော် တစ်ချက်နမ်းပြီး ကျောကို ပွတ်ပေးမိသည်။

"သိပ်ကို ချစ်စရာကောင်းတဲ့ ရော်ဘီကလေးပဲ"

ထိုအခိုက် တိုင်ကပ်နာရီမှ နာရီအချက်ပေးသံကို ကြားရသည်။ မော့ကြည့်လိုက်သောအခါ ငါးနာရီခွဲနေပြီကို တွေ့ရသည်။

ထို့ကြောင့် ~ခန်းထဲမှ ကျွန်တော် ပြေးဆင်းလာခဲ့သည်။ ဘတ်စ်ကား မှတ်တိုင်မှ စောင့်နေမည်ဖြစ်ကြောင်း ဆူလာဘားကို ကျွန်တော် အသေအချာ မှာထားခဲ့ပြီးဖြစ်သည်။

မှတ်တိုင်ရောက်ပြီး ခဏကြာမှာပင် ဘတ်စ်ကားတစ်စင်း ထိုးဆိုက်လာသည်။ ထိုကားပေါ်မှ ဆူလာဘား ဆင်းလာသည်ကို တွေ့ရသည်။

ဘတ်စ်ကားဆီသို့ ကျွန်တော် ဝမ်းသာအားရ ပြေးသွားသည်။ ဆူလာဘားကို ဆွဲမချမိရုံတမည်ပင် ဖြစ်သည်။

"ကဲ...ကျွန်မ တကယ်လာပြီနော်။ မောင် မြင်ပြီ မဟုတ်လား"

ဆူလာဘားက ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း ပြုံးပြုံးကလေး ပြောသည်။

"ဟုတ်ပါတယ်ကွယ်။ မင်း တကယ်လာတာ မောင် မြင်ရပါပြီ"

ကျွန်တော်က သူ့လက်ကို အားပါးတရ ညှစ်ထားမိသည်။ သူလည်း အလွန်တရာ စိတ်ချမ်းသာနေပုံ ရပါသည်။ လောကကြီးအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် လက်ချင်းတွဲ တက်လာကြခိုက်တွင် သူ၏ ပိုက်ဆံအိတ်ကလေးကို ယမ်းခါနေလေသည်။ သူ အလွန်စိတ်ချမ်းသာသည့်အခါတိုင်း ထိုသို့ ပြုလုပ်စမြဲ ဖြစ်လေသည်။

"လှေကားကို အခုလို အဆင်းတစ်ခြမ်း အတက်တစ်ခြမ်း လုပ်ထားတာ ကျွန်မ သိပ်သဘောကျတာပဲ မောင်"

"တကယ်လား"

ကျွန်တော်က သူ့ကို ပြုံးပြုံးကြီးကြည့်ပြီး မေးမိသည်။ ကျွန်တော်တို့ နှစ်ယောက်၏ ဘဝသည် တကယ်စ,ရတော့မှာပါကလားဟုလည်း စိတ်ထဲမှ တွေးနေမိသည်။

ကျွန်တော့် အိမ်ခန်းထဲရောက်တော့ ဆိုဖာတစ်ခုပေါ်မှာ ထိုင်ခိုင်းရသည်။

"ဘတ်စ်ကားစီးလာရတာ မင်း ပင်ပန်းနေရောပေါ့။ လက်ဖက်ရည်ကလေး တစ်ခွက်လောက် သောက်လိုက်နော်"

ထိုသို့ပြောပြီး အတွင်းခန်းထဲသို့ ကျွန်တော် ပြေးဝင်ခဲ့သည်။ ဆူလာဘား ရောက်ပြီဖြစ်ကြောင်း အမေ့ကို ပြောပြရသည်။ အမေက စားဖွယ်သောက်ဖွယ်များအားလုံး အသင့်ပြင်ဆင်ထားပြီး ဖြစ်လေသည်။ လက်ဖက်ရည်ခရားနှင့် ပန်းကန်များကို လင်ဗန်းပေါ်သို့ ကျွန်တော် ပြေးထွက်လာခဲ့သည်။

ဆူလာဘားက နံရံမှာမှီပြီး ရပ်နေသည်။ ဖောချွေးများဖြင့် ရွှဲရွဲစိုနေသည်။ တစ်ကိုယ်လုံး နတ်ကျသလို တစ်ဆတ်ဆတ် တုန်နေသည်။ ဘော်ဘီကိုလည်း ငယ်သံပါအောင် အော်ဟစ် မောင်းထုတ်နေသည်။

စားနှင့်ယမ်းသလို သူ့ ပိုက်ဆံအိတ်ကလေးနှင့် ရှေ့မှာကာပြီး ယမ်းနေသည်။

ရော်ဘီက သူ့ပတ်လည်မှာ လှည့်လည်ခုန်ပေါက်ကာ တဝုတ်ဝုတ် ဟောင်နေသည်။

"ရော်ဘီ"

ကျွန်တော်က လှမ်းအော်လိုက်သည်။ ကျွန်တော့်အသံ ကြားသည်နှင့် တစ်ပြိုင်တည်း ရော်ဘီသည် အမြီးကလေးကို ချက်ချင်းကုပ်ကာ ထောင်ထားသော နားရွက်နှစ်ဘက်ကိုပါ အောက်သို့ချပြီး ကျွန်တော် ရှိရာသို့ လှည့်လာသည်။





"သွားစမ်း ကိုယ့်ခုံပေါ်မှာကိုယ် ငြိမ်ငြိမ် သွားထိုင်နေစမ်း"

ကျွန်တော့်အမိန့်ကို ရော်ဘီက မလွန်ဆန်ရှာပါ။ သူ့ဆိုဖာ ရှိရာသို့ သွားပြီးထိုင်သည်။ သို့သော်လည်း ခဏအကြာမှာပင် ဆူလာဘားကို ဒေါသတကြီး တဝုတ်ဝုတ်နှင့် ထိုးဟောင်ပြန်သည်။

"ရော်ဘီ...ပါးစပ်ပိတ်ထား"

ကျွန်တော်က လှမ်းအော်ရပြန်သည်။

ရော်ဘီက ကျွန်တော် အော်လိုက်သဖြင့် အဟောင်ရပ်ကာ သူ့ခေါင်းကို ရှေ့လက်နှစ်ဘက်ကြားတွင် ထိုးထည့်လိုက်သည်။

"ဒီကောင်က ဘာဒုက္ခမှ မပေးပါဘူးကွယ်။ မြင်တယ် မဟုတ်လား။ ကြောက်စရာ မလိုပါဘူး"

ကျွန်တော်က ဆူလာဘားကို လှမ်းပြောသည်။

"ကြောက်စရာ မလိုဘူး"

ဆူလာဘားက ကျွန်တော့်ကို ရူးရူးဝါးဝါး ပြန်ကြည့်သည်။ ကျွန်တော့်ကိုလည်း အလွန်စိတ်ဆိုးနေပုံရသည်။

"ကျွန်မက ဒီမှာထိုင်ပြီး နံရံပေါ်က ဓာတ်ပုံတွေကို ကြည့်နေတုန်း ကျွန်မပေါင်ပေါ် ရုတ်တရက် ခုန်တက်လာတယ်။ သူ့ကိုလည်း တွန်းချလိုက်ရော ကျွန်မကို ထိုးဟောင်တော့တာပဲ။ မောင့် အိမ်ထဲမှာ ခွေးတစ်ကောင် ရှိနေတယ်ဆိုတာ စောစောကသိရင် ကျွန်မ မလာဘူး။ ဘာဖြစ်လို့ ကြိုကြိုတင်တင် သတိမပေးထားတာလဲ"

"သတိပေးမထားတာလဲ"ဟူသော မေးခွန်းကြောင့် ကျွန်တော် ရှုတ်တီးရှုတ်နှောက် ပြန်မေးမိသည်။

"ဘာကိစ္စ ကြိုတင်သတိပေးထားရမှာလဲကွာ။ သူက ကျားလား။ ဒါမှမဟုတ် ခြင်္သေ့လား၊ ဒါမှမဟုတ် ခွေးရူးလား၊ အင်မတန် ရိုင်းစိုင်းတဲ့ အကောင်လား။ ဘာမှမဟုတ်ပါဘူးကွယ်။ ခွေးငယ်ငယ်ကလေးပါ"

"ခွေးဆိုရင် ဘာခွေးမဆို ကျွန်မ ကြောက်တယ်။ အိမ်ထဲမှာ ခွေးမွေးတဲ့လူတွေကို ကျွန်မတော့ နည်းနည်းကလေးမှ နားမလည်နိုင်ဘူး"

"ကဲပါကွယ် ထားလိုက်ပါတော့။ ကဲ-ဒီပေါ်မှာ လာထိုင်ပါ။ မောင် လက်ဖက်ရည် ပြေးယူလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြောပြောဆိုဆိုဖြင့် နံရံကို ကျောပေးရပ်နေသော ဆူလာဘား၏ လက်ကလေးကို ဆွဲယူကာ ဆိုဖာပေါ်မှာ ပြန်ထိုင်းခိုင်းသည်။

"မဖြစ်ဘူး မဖြစ်ဘူး သူ့ကို သံကြိုးနှင့် ချည်မထားပဲနှင့်တော့ ကျွန်မ ဒီအခန်းထဲမှာ တစ်ယောက်တည်း ထိုင်မနေဘူး"

"သံကြိုး သူ့မှာ သံကြိုးမရှိဘူးကွယ့်။ သူ့ကို မောင်တို့ ဘယ်တုန်းကမှ ကြိုးနှင့်ချည်မထားဖူးဘူး။ ဒီအိမ်ထဲမှာ အမြဲတမ်း သူ လွတ်လွတ်လပ်လပ် သွားလာနေတာပဲ"

ဆူလာဘားက သူ့နဖူးကို လက်ဝါးဖြင့် ဖျတ်ခနဲ ပြန်ရိုက်လိုက်သည်။

"အို ဒုက္ခပါပဲ။ အဲဒီခွေးကို ရှင်နှင့်အတူတူ မီးဖိုချောင်ထဲကို ခေါ်သွားပါ။ ဒါမှမဟုတ် သူ့ကို ဒီမှာထားခဲ့ပြီး ရှင်နှင့်အတူတူ မီးဖိုချောင်ထဲကို ခေါ်သွားပါ။ ဒါမှမဟုတ် သူ့ကို ဒီမှာထားခဲ့ပြီး ရှင်နှင့် အတူတူ ကျွန်မ လိုက်ခဲ့မယ်"

ခွေးကြောက်သူ၊ ခွေးမုန်းသူများနှင့် ပတ်သက်လာလျှင် ကျွန်တော် နည်းနည်းကလေးမှ စိတ်ရှည်လေ့မရှိပါ။

"ဘာဖြစ်လို့ မင်းက ဒါလောက်တောင် သူ့ရဲ့ဘောကြောင်နေရတာလဲ"

ကျွန်တော့် လေသံထဲမှာ စိတ်မရှည်သည့် လေသံများ သိသိသာသာ ပါသွားလေသည်။

"ကျွန်မ သူ့ရဲ့ဘောကြောင်တယ်လို့ မစွပ်စွဲပါနှင့်။ ကျွန်မ သူ့ရဲ့ဘောမကြောင်ဘူး။ ဒါပေမယ့် ခွေးဆိုရင် နည်းနည်းကလေးမှ ကြည့်လို့မရဘူး"

သူ့လေသံထဲမှာလည်း ဒေါသသံများ ရောစွက်လာလေပြီ။

"သနားစရာပဲ နော်။ ဟား…ဟား…ဟား"

ကျွန်တော် ဝါးလုံးကွဲ ရယ်ချလိုက်မိသည်။

"ကျွန်မကို ဒီလိုမလှောင်ပါနှင့်"

ဆူလာဘားကလည်း ကျွန်တော့်ကို အသံမာမာဖြင့် လှမ်းအော်သည်။





ဒေါသကြောင့် ရဲရဲတောက်နေသော သူ၏ မျက်နှာလှလှကလေးကို ကျွန်တော် ပထမဆုံးအကြိမ်အဖြစ် မြင်ဖူးခြင်း ဖြစ်လေသည်။

ပထမဆုံးအကြိမ်အဖြစ် ကျွန်တော့်အိမ်သို့ လိုက်လာသည့်အခါတွင် အဆင်မပြေမှုများနှင့် အဆုံးသတ်သွားရမည်ကို ကျွန်တော် မလိုလားနိုင်ပါ။ ထို့ကြောင့် အဆင်ပြေအောင် မည်သို့ ပြုလုပ်ရမည်ကို အပြေးအလွှား စဉ်းစားရတော့သည်။

ခွေးကိုချစ်သော ကျွန်တော်၏ ချစ်ခြင်းမေတ္တာတရားနှင့် ဆူလာဘားကိုချစ်သော ကျွန်တော်၏ ချစ်ခြင်းမေတ္တာနှစ်ခုတို့ကြားတွင် ယခုလို ဝိရောဓိကလေးတွေ ဖြစ်ပေါ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်တော် တွေးထင်မထားမိပါ။

သို့သော်လည်း ယခုတော့ မမျှော်လင့်သော ဝိရောဓိမျိုးက ရုတ်တရက် ပေါ်ပေါက်လာလေတော့သည်။

ပြဿနာပိုမိုကြီးထွားမလာမီ အကောင်းဆုံးနည်းဖြင့် ဖြေရှင်းရတော့မည်။

"ကောင်းပြီ"

သူ့အနားမှ ကျွန်တော် ခွာခဲ့သည်။

"ကောင်းပြီဆိုတာ ဘာဆိုလိုတာလဲ။ ကျွန်မကို ဒီခွေးနှင့်အတူတူ ဒီအခန်းထဲမှာ ရှင် ထားပစ်ခဲ့ဦးမလို့လား။ ဒီမှာ ကျွန်မ ပြောတာကို နားထောင်ပါဦး"

ဆူလာဘားက ဒေါသတကြီးဖြင့် အသံကုန် အော်နေပါပြီ။ သို့သော်လည်း သူ အော်နေသည်ကို ကျွန်တော် မကြားချင်ယောင်ဆောင်နေလိုက်သည်။ ဆိုဖာပေါ်မှာ ထိုင်နေသော ရော်ဘီကို ပွေ့ယူပြီး ကျွန်တော်၏ အိပ်ခန်းထဲသို့ ထည့်လိုက်သည်။ ပြီးတော့ အပြင်မှ တံခါး ပိတ်ထားလိုက်သည်။

"ကဲ ကျေနပ်တော်မူပြီလား"

ကျွန်တော့် လေသံထဲမှာ နာကျည်းသည့် အရိပ်အရောင်များ ပါသွားပုံရသည်။ သို့ကြောင့် ဆူလာဘားက မျက်နှာမသာမယာနှင့် ပြတင်းပေါက်ကို ကျော်ကြည့်ပြီး ခေါင်းကို တွင်တွင်ယမ်းခါနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မသိချင်ယောင် ဆောင်နေလိုက်သည်။ မီးဖိုချောင်ထဲသို့ ဝင်ခဲ့ပြီး လက်ဖက်ရည်ဇန်းကိုယူကာ ပြန်ထွက်လာခဲ့သည်။

ကျွန်တော်တို့နှစ်ယောက် စားရင်းသောက်ရင်း စကားပြောရင်းဖြင့် ဆူလာဘားသည် စောစောက အဖြစ်အပျက်ကို မေ့လျော့သွားပုံရလေသည်။ သည်လို စိတ်အေးချမ်းသာ စကားပြောနေရသဖြင့် ကျွန်တော်လည်း စိတ်ချမ်းသာသွားသည်။

သို့သော်လည်း ကြာကြာ စိတ်မချမ်းသာလိုက်ရပါ။ ကျွန်တော် အိပ်ခန်းထဲမှ ရော်ဘီ၏ အဆက်မပြတ် ဟောင်သံ ပေါ်ထွက်လာလေသည်။

"ဒီခွေးဟောင်သံကြီးကို ရပ်ပစ်လို့ မရဘူးလား"

ဆူလာဘားက စိတ်ဆိုးသံတစ်ဝက်၊ စိတ်မချမ်းသာတစ်ဝက်ဖြင့် မေးသည်။

"မကြားချင်ယောင် ဆောင်နေလိုက်ပါကွယ်"

"ဘယ်လိုလုပ် မကြားချင်ယောင် ဆောင်လို့ရမလဲ။ ကျွန်မတို့ အေးအေးဆေးဆေး စကားပြောလို့ မရအောင် ဒါလောက်တောင် ဆိုးဆိုးရွားရွား နောင့်ယှက်နေတဲ့ ခွေးဟောင်သံကြီးကို ဘယ်လိုလုပ် မကြားချင်ယောင်ဆောင်လို့ ရမလဲ"

"နေဦး၊ ဒါဆိုရင် ကိုယ် စိတ်ကူးရပြီ။ သူ မဟောင်အောင် လုပ်လို့ရနိုင်တဲ့ နည်းတစ်နည်းပဲ ရှိတယ်။ သူ့ကို အိပ်ခန်းထဲက ထုတ်ပြီး မောင့်ပေါင်ပေါ်မှာ တင်ထားမယ်။ မင်းကို သူ မကြည့်စေရဘူး။ မင်းကလည်း သူ့ကို ဂရုစိုက်မနေနှင့်။ မင်းက သူ့ကို ကြောက်နေတဲ့ အမူအရာမျိုး မပြဖို့ပဲ လိုတယ်"

ကျွန်တော်က ဆူလာဘား၏ပါးကို အသာအယာ ပွတ်လိုက်ပြီး အိပ်ခန်းရှိရာသို့ ထလာခဲ့သည်။ ရော်ဘီကိုခေါ်ပြီး ဧည့်ခန်းထဲသို့ ပြန်လာသည်။ ကျွန်တော့်ပေါင်ပေါ်မှာ တင်ထိုင်သည်။

"ရော်ဘီ၊ လိမ်လိမ်မာမာ နေစမ်းပါကွာ။ တိတ်တိတ်ကလေး နေနော်..."

ကတ္တီပါသားလို နူးညံ့သော သူ၏ နားရွက်ကလေးနှစ်ဘက်ကို ကျွန်တော်က ပွတ်သပ်ပေးသည်။ ရော်ဘီက စိုစွတ်နေသော သူ၏ နှုတ်သီးဖြင့် ကျွန်တော်၏ပါးကို နမ်းသည်။





"အား...ရွံ့စရာကောင်းလိုက်တာ"

ထိုအဖြစ်ကို မြင်ပြီး ဆူလာဘားက တုန်လှုပ်ချောက်ချားသည့် လေသံဖြင့် ပြောသည်။

"ကဲ- သူ ဘယ်လောက် လိမ္မာတယ်ဆိုတာ တွေ့ပြီမဟုတ်လား"

"ကျွန်မတော့ နည်းနည်းကလေးမှ ကြည့်လို့မရဘူး"

ဆူလာဘားက စိတ်ပျက်သည့် အမူအရာမျိုးဖြင့် လက်ကို ဝှေ့ယမ်းပြလေသည်။

သို့သော်လည်း ကျွန်တော် မမြင်ချင်ယောင် ဆောင်နေလိုက်ရပြန်သည်။ ကျွန်တော့်ပေါင်ပေါ်တွင် ရော်ဘီထိုင်နေသည်ကို မကန့်ကွက်လျှင် တော်ပါပြီ။

ဆူလာဘားနှင့် ကျွန်တော် စကားဆက်ပြောကြသည်။ စကားပြောနေရင်းဖြင့် ဆူလာဘားကို ရော်ဘီ သတိမထားမိစေရန် ဘီစကစ်မုန့်များကို အဆက်မပြတ် ကျွေးနေရသည်။

အချိန်ကျတော့ အမေ့ကိုခေါ်ပြီး ဆူလာဘားနှင့် မိတ်ဆက်ပေးသည်။ အမေနှင့်ဆူလာဘားတို့ လေပေးဖြောင့်နေကြသည်ကို တွေ့ရသောကြောင့် ကျွန်တော် အလွန်အမင်း စိတ်ချမ်းသာမိပါသည်။

"ဘယ်လိုလဲ မင်း စိတ်ချမ်းသာတယ် မဟုတ်လား"

ဆူလာဘား ပြန်ရန် ထိုင်ရာမှထတော့ ကျွန်တော်က သိလိုဇောဖြင့် မေးမိသည်။

"စိတ်ချမ်းသာပါတယ် မောင်ရယ်"

ဆူလာဘားက ချစ်စဖွယ် အသံကလေးဖြင့် ပြန်ဖြေရင်း သူ စိတ်ချမ်းသာနေသည့်အခါများတွင် လုပ်နေကျအတိုင်း သူ့ပိုက်ဆံအိတ်ကလေးကို ကြိုးမှကိုင်ကာ ဝှေ့ယမ်းနေလေသည်။

ရော်ဘီသည် ထိုသို့ ပိုက်ဆံအိတ်ဝှေ့ယမ်းသည်ကို သဘောကျပုံမရပေ။ ထိုမျှမက ဆူလာဘားသည် ထိုပိုက်ဆံအိတ်ဖြင့် သူ့ကို ရိုက်နှက်တော့မည်ဟုလည်း ထင်ပုံရလေသည်။

ထို့ကြောင့် ဒေါသတကြီး ထိုးဟောင်သည်။ ကျွန်တော် သတိမထားလိုက်မိမှာပင် ကျွန်တော့်လက်ထဲမှ ခုန်ထွက်ပြီး ဆူလာဘားဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ တန်းပြေးသည်။ ဆူလာဘား၏လက်ထဲမှ ပိုက်ဆံအိတ်ကို ဆတ်ခနဲ ဆွဲယူကာ အခန်းထဲမှာ လှည့်ပတ်ပြေးလွှားနေသည်။ အဆက်မပြတ်လည်း ဟောင်နေသည်။

"ယောတော့ ကျွန်မ ပိုက်ဆံအိတ်ပါသွားပြီ။ လုပ်ကြပါဦး၊ လုပ်ကြပါဦး"

ဆူလာဘားက အလန့်တကြား အော်သည်။

ရော်ဘီ၏ နောက်သို့ ကျွန်တော် ပြေးလိုက်သည်။ သို့သော်လည်း ရော်ဘီက ကျွန်တော့်ထက် ပိုမိုလျင်မြန်ပါသည်။ ကျွန်တော့်ထက်လည်း ပိုပြီး ပါးနပ်ပုံရပါသည်။

ဗီရိုနှင့်နံရံကြားထဲသို့ ပြေးဝင်သွားသည်။ လက်နှင့် ဆွဲထုတ်ယူ၍ မမီနိုင်သည့် နေရာမှာဝပ်ပြီး ပုနေသည်။

ထိုကြားထဲမှာ ဝပ်နေရင်း အဆက်မပြတ်လည်း ဟောင်နေသည်။ ပိုက်ဆံအိတ်ကိုမူ ခါယမ်းပစ်နေသည်။

"ကျွန်မ ပိုက်ဆံအိတ်တော့ ပျက်စီးပါပြီရှင်"

ဆူလာဘားသည် ကလေးငယ်တစ်ယောက်လို ငိုသံပါကြီးနှင့် ပြောသည်။

"ရော်ဘီ၊ ရော်ဘီ ထွက်ခဲ့စမ်း"

ကျွန်တော်က ခြောက်၍တစ်မျိုး၊ ချော့၍တစ်မျိုး ခေါ်ထုတ်သည်။ သို့သော်လည်း ကျွန်တော့်စကားကို လုံးဝ နားမထောင်တော့ပါ။ ဗီရိုနှင့် နံရံကြားမှာ ကပ်မြဲကပ်နေသည်။

နောက်ဆုံးတွင်မှ ခက်ခက်ခဲခဲဖြင့် သူ့ကို အပြင်သို့ ဆွဲထုတ်နိုင်တော့သည်။

ဆူလာဘား၏ ပိုက်ဆံအိတ်ကလေးမှာ များများစားစား ပျက်စီးသွားခြင်းမရှိပါ။

သို့သော်လည်း ဆူလာဘားနှင့် ကျွန်တော်၏ ဆက်ဆံရေးကတော့ အကြီးအကျယ် ပျက်စီးသွားရပါလေတော့သည်။

နောက်နေ့မှာပင် အသည်းနာဖွယ်စကားကို ဆူလာဘားထံမှ ကြားရတော့သည်။





"မောင့်အိမ်ကို ကျွန်မ ဘယ်တော့မှ မလာတော့ဘူး။ အဲဒီခွေး ရှိနေသမျှ ကာလပတ်လုံးလည်း ကျွန်မတို့နှစ်ယောက် လက်ထပ်ဖို့ဆိုတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ဘူး။ ကျွန်မနှင့် လက်ထပ်ချင်ရင် ခွေးကိုစွန့်ပါ။ မောင့်အိမ်ထဲမှာ ခွေးမရှိတော့ဘူးလို့ ပြောမှ မောင်ကို ကျွန်မ အတွေ့ခံတော့မယ်"

"မောင် ပြောတာကို နည်းနည်းလောက် နားထောင်ပါဦးကွယ်"

ကျွန်တော်က အသနားခံကြည့်သည်။

"ဘာမှ မပြောနှင့်။ ဘာမှ နားမထောင်ချင်ဘူး။ ခွေးမွေးတဲ့ ဘယ်လိုယောကျ်ားမျိုးကိုမှ ကျွန်မ လက်မထပ်ဘူးဆိုတာ မြဲမြဲ မှတ်ထားပါ"

ယတိပြတ်စကားကို သူ ဆိုလေပြီ။

ကိုယ်စိတ်နှလုံး ညှိုးချုံးစွာဖြင့် ကျွန်တော် အိမ်ပြန်လာခဲ့သည်။

အကြီးမားဆုံးပြဿနာနှင့် ကျွန်တော် ရင်ဆိုင်ရတော့သည်။

ကျွန်တော်သည် တွေ့ရာမြင်ရာ မိန်းကလေးကို ချစ်တတ်သူ မဟုတ်ပါ။ မျက်နှာများတတ်သူလည်း မဟုတ်ပါ။ တစ်ယောက်ဆိုတစ်ယောက် စွဲစွဲမြဲမြဲ ချစ်တတ်သူ ဖြစ်ပါသည်။ ဆူလာဘားကို ကျွန်တော် အသည်းနှင့်အောင် ချစ်မိပါသည်။

ကျွန်တော်ချစ်သော ဆူလာဘားနှင့်လည်း လက်ထပ်လိုသည်။ ကျွန်တော်ချစ်သော ရော်ဘီကိုလည်း ဆက်လက်မွေးမြူထားလိုသည်။

သို့သော် တစ်ယောက်ကို လိုချင်လျှင် ကျန်တစ်ယောက်ကို ဖြတ်မှ ဖြစ်တော့မည့် အခြေအနေမျိုးနှင့် ရင်ဆိုင်တိုးနေရတော့သည်။

ဆူလာဘားလို အလွန်တရာ မြတ်နိုးဖွယ်ကောင်းသော မိန်းမပျိုလေး တစ်ယောက်ကို လက်ထပ်ဖို့တွင် ခွေးကိုလည်း မစွန့်နိုင် မခွာရက်အောင် ဖြစ်နေရသည့်အဖြစ်သည် ထူးဆန်းသည်ဟု ထင်ကောင်း ထင်ကြပါလိမ့်မည်။

သို့သော်လည်း ခွေးကို တကယ်ချစ်တတ်ကြသောသူများအနေဖြင့် နားလည်သဘောပေါက်ကြပါလိမ့်မည်။ ထိုသူများကမူ ကျွန်တော့်အဖြစ်ကို ဘယ်နည်းနှင့်မှ ရယ်သွမ်းသွေးနိုင်ကြမည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်းစစ်မြေပြင်တွင် ကျွန်တော် ထမ်းဆောင်ခဲ့စဉ်က ရော်ဘီကို ငွေတစ်ရာ့ငါးဆယ်ပေးပြီး ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ရော်ဘီသည် တယ်ရီယာအမျိုးအစား ခွေးဖြစ်သည်။ အလွန်လှပပြီး အလွန်လိမ္မာသည်။

ရော်ဘီနှင့် ကျွန်တော် အတူနေသည်မှာ ခြောက်နှစ်မျှပင် ကြာမြင့်သွားပါပြီ။ ထိုခြောက်နှစ်တည်းဟူသော အချိန်ကာလတစ်လျှောက်လုံး ရော်ဘီနှင့် ကျွန်တော် အတူတူစားသည်။ ကျွန်တော့် အိပ်ရာထဲမှာပင် အတူတူအိပ်သည်။

သူ့ကို ကျွန်တော် အလွန်ချစ်ပါသည်။

ရော်ဘီ မိတ်လိုက်ချိန်တွင် မိတ်လိုက်ဖော်ကို မရမနေ ကျွန်တော် ရှာပေးခဲ့စမြဲ ဖြစ်သည်။ ထို့အတွက် နှစ်ရာတောင်းလျှင်လည်း ကျွန်တော် လက်မတွန့်ခဲ့။ နှစ်ရာ့ငါးဆယ်တောင်းလျှင်လည်း ကျွန်တော် စဉ်းစားမနေခဲ့။

ရော်ဘီ၏ သဘာဝတရားများ ပုံမှန်ဖြစ်နေဖို့သာ အရေးကြီးသည်။ ထို့အတွက် ကုန်ချင်သလောက် ကုန်ပေစေဟုပင် ကျွန်တော် သဘောထားပါသည်။

ရော်ဘီကလည်း ကျွန်တော့်အပေါ် ကြီးမားစွာ သံယောဇဉ် တွယ်နေပြီဖြစ်ကြောင်း ကျွန်တော် အသေအချာ သိပါသည်။

ထို့ကြောင့် ရော်ဘီကို ကျွန်တော် စွန့်ပစ်လိုက်မည်ဆိုလျှင် ကျွန်တော်နှင့် ခွဲခွာရသဖြင့် ရော်ဘီ ရင်ကွဲနာကျပြီး သေမည်ဖြစ်ကြောင်းပါ ကျွန်တော် အတပ်သိထားပါသည်။ ကျွန်တော်လည်း အသည်းကွဲမည်မှာ သေချာပါသည်။

ခွေးဆက်မွေးနေလျှင် လက်မထပ်နိုင်ပါဟု တင်းတင်းမာမာ ပြောနေသော ချစ်သူက တစ်ဘက်။

ခြောက်နှစ်လုံးလုံး အိပ်အတူ၊ စားအတူနေလာသည့် အလွန်ချစ်စရာကောင်းသော သံယောဇဉ်လည်း အတွယ်ကြီးတွယ်မိနေပြီဖြစ်သော ခွေးကလေး ရော်ဘီက တစ်ဘက်။

ကျွန်တော် မည်သူ့ဘက်သို့လိုက်ရမည်နည်း။ မည်သူ့ကို ရွေးချယ်ရမည်နည်း။ မည်သူ့ကို စွန့်လွှတ်ရမည်နည်း။





ခွေးဆက်မွေးနေသမျှ ကာလပတ်လုံး အတွေ့မခံတော့ဟု ဆူလာဘားက ကျပ်တည်းစွာ အချစ်ရာဇသံ ထုတ်ထားသော်လည်း ကျွန်တော်က ဖွတ်ပင် အသနားခံပြီး တွေ့ခွင့်တောင်းနေရသည်။

"ရော်ဘီ့အကြောင်းကို မင်း သေသေချာချာ နားမလည်သေးလို့ပါကွယ်။ ရော်ဘီဟာ သိပ်ယဉ်ပါးပါတယ်။ သိပ်ကို လိမ္မာပါတယ်။ အင်မတန်လည်း ချစ်စရာကောင်းပါတယ်။ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး။ မောင့်အိမ်ကို မင်း အမြဲတမ်းလာပြီး သူနှင့်မကြာခဏ တွေ့နေရင် မင်းတို့နှစ်ယောက် သင့်မြတ်သွားကြမှာပါ"

ကျွန်တော်က နည်းမျိုးစုံဖြင့် အသနားခံကြည့်ပါသည်။ ရော်ဘီကို ကျွန်တော် စွန့်ခွာလိုက်မည်ဆိုလျှင် ကျွန်တော် မည်မျှ စိတ်ထိခိုက်မည်ဆိုသည့် အကြောင်းများကိုလည်း သူ သဘောပေါက် နားလည်လာအောင် အမျိုးမျိုး ရှင်းပြသည်။

မည်သို့ပင် အသနားခံစေ၊ မည်သို့ပင် ရှင်းပြစေကာမူ ဆူလာဘားကတော့ သူ့ဆုံးဖြတ်ချက်ကို ပြင်တော့မည့်ပုံမျိုး မဟုတ်တော့ပါ။

"အဲဒီခွေး မရှိတော့မှဘဲ ရှင်နှင့်ကျွန်မ လက်ထပ်နိုင်မယ်" ဟူသော စကားကိုသာ တွင်တွင်ပြောလေတော့သည်။

"ဒီလိုဆိုရင် မောင့်ကို မင်း မချစ်ဘူးပေါ့"

ကျွန်တော်က ဝမ်းပန်းတနည်း မေးမိသည်။

"မောင့်ကို ကျွန်မ သိပ်ချစ်တာပေါ့။ ဘယ်သူနှင့်မှ အစားမထိုးနိုင်အောင် ချစ်တာပေါ့။ ကျွန်မကို တကယ်မချစ်တာက မောင်"

"ဒီစကားကို ဘယ်လိုလုပ် ပြောနိုင်တာလဲကွယ်"

"ဩ ကိုယ့်အဖြစ်ကိုလည်း ပြန်စဉ်းစားကြည့်ပါဦး။ ကျွန်မနှင့် လက်ထပ်နိုင်ဖို့အတွက် ဘာမဟုတ်တဲ့ အဟိတ်တိရစ္ဆာန် ခွေးကလေး တစ်ကောင်ကိုတောင်မှ မစွန့်လွှတ်နိုင်ဘူးဆိုတော့ ကျွန်မထက်တောင် ခွေးကိုပိုချစ်နေသေးတယ် မဟုတ်လား"

ဆူလာဘားကလည်း ကက်ကက်လန် ရန်ပြန်တွေ့သည်။

"ခက်လိုက်တာကွယ်။ မင်း ဒါလောက် ခေါင်းမာလိမ့်မယ်လို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါးဖယ်ကပဲ ငါးပတ်ကို အရိုးများတယ် ပြန်ပြောနေရသေးတာကိုး။ ခေါင်း တကယ်မာနေတာက ဘယ်သူလဲ။ ကျွန်မလား၊ ဘာမဟုတ်တဲ့ ခွေးတစ်ကောင်ကို မစွန့်လွှတ်နိုင်တဲ့ ရှင်လား။ ကဲ ပြောစမ်းပါဦး"

သူ့ကိုနိုင်အောင် ပြိုင်ပြီး ကျွန်တော် ပြောနိုင်စွမ်း မရှိတော့ပါ။ ထို့ကြောင့် ခေါင်းငိုက်စိုက်ချပြီး တပ်ခေါက်ပြန်ခဲ့ရပြန်ပါသည်။

ဆူလာဘားဘက်က မည်သည့်နည်းနှင့်မျှ အလျှော့ပေးတော့မည်ပုံ မပေါ်တော့ပေ။ သည်လိုဆိုလျှင် ကျွန်တော်ကရော အလျှော့ပေးတော့မည်ပုံ မပေါ်တော့ပေ။ သည်လိုဆိုလျှင် ကျွန်တော်ကရော လျှော့ပေးနိုင်ပါမည်လားဟု ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်မိသည်။

သူ့ကို ကျွန်တော် အသည်းနှင့်အောင် ချစ်မိပါသည်ဆိုလျှင် သူ၏တောင်းဆိုချက်ကို ဘာကြောင့် မလိုက်လျောနိုင်ရမည်နည်း။

မတတ်နိုင်သည့်အဆုံးတွင် ရော်ဘီကို စွန့်လွှတ်ရန် အကောင်းဆုံးနည်းလမ်း ရှာရတော့သည်။

ခွေးလေခွေးလွင့်ဘဝဖြင့် လမ်းပေါ်သို့ မောင်းထုတ်ပစ်လိုက်ရမည်လော။

မည်သည့်နည်းနှင့်မှ ကျွန်တော် မလုပ်နိုင်ပါ။

တစ်စုံတစ်ယောက်ကို အလကား ပေးလိုက်ရမည်လော။

သည်နည်းလည်း မဖြစ်နိုင်ပါ။ ခွေးတစ်ကောင်ကို အလကားပေးသည်ဆိုလျှင် အပေးခံရသူက သက်ာမကင်း ဖြစ်လာတော့မည်။ ခွေးမှာ ချွတ်ယွင်းချက်တစ်ခုခု ရှိနေသောကြောင့်သာ လက်လွှတ်စပယ် အလကားပေးပစ်သည်ဟု ထင်ကြတော့မည်။

ဤလိုဆိုလျှင် ရောင်းပစ်လိုက်ခြင်းကသာလျှင် အကောင်းဆုံးဖြစ်မည်။ ခွေးဝယ်ချင်သူတွေ အနံ့တကွ ရှိသည်။

"တယ်ရီယာ အမျိုးအစား ခွေးလိမ္မာလေးတစ်ကောင် ရောင်းရန်ရှိသည်" ဟု သတင်းစာထဲမှာ ကြော်ငြာထည့်ရမည်လော။

ထိုသို့ ပြုလုပ်ခြင်းသည် အလွန်တရာ ရက်စက်ကြမ်းကြုတ်ရာကျသည်။





ခွေးလိမ္မာကလေး ရော်ဘီကတော့ ဘာမှမသိရှာဘဲ ကျွန်တော်နှင့်အတူနေ၊ အတူအိပ်၊ အတူစားလျက်ရှိသည်။ ထိုခွေးလေးကို ရောင်းပစ်ဖို့ ကျွန်တော်က သတင်းစာထဲမှာ ကြော်ငြာထည့်နေသည်။

ဘယ်လောက် ရှက်စရာကောင်းလိုက်ပါသနည်း။

ကျွန်တော် မတတ်နိုင်တော့ပါ။ မျက်စိမှိတ်ပြီး ရက်စက်ရပါတော့မည်။ ဆူလာဘားကို မစွန့်လွှတ်နိုင်ဘဲ လက်ထပ်ယူလိုသည်နှင့်အမျှ ရော်ဘီအပေါ် ရက်စက်ရတော့မည်။

"ချစ်ချင်းမေတ္တာတရားသည် ယောကျ်ားတစ်ယောက်ကို အရှက်အကြောက်တရား ကင်းမဲ့အောင်လည်း စေစား၏။ ရက်စက်ကြမ်းကြုတ်အောင်လည်း ဖန်တီး၏" ဟူသော အဆိုတစ်ခုကို တစ်နေရာရာမှာ ကျွန်တော် ဖတ်ဖူးခဲ့သည်။

သည်လိုဆိုလျှင် ရှက်မနေနှင့်တော့။ အကြင်နာတရားတွေ ထားမနေနှင့်တော့။

ခွေးရောင်းရန် ကြော်ငြာကို နောက်နေ့သတင်းစာမှာ ထည့်လိုက်သည်။ ရောဘီ၏ ပုံသဏ္ဌာန်။ အရွယ်အစားနှင့် အသက်တို့ကို ဖော်ပြလိုက်သည်။ ဈေးနှုန်းကို နှစ်ရာကျပ်ဟု သတ်မှတ်လိုက်သည်။

နောက်တစ်နေ့မှာပင် ဆူလာဘားထံသို့ ကျွန်တော် စာတစ်စောင်ရေးပို့လိုက်သည်။

**အချစ်ဆုံး ဆူလာဘား**

ဒီစာနှင့်အတူ ပူးတွဲပေးလိုက်တဲ့ "ခွေးရောင်းရန်ကြော်ငြာ" ကလေးက မောင် ဘာဆုံးဖြတ်ပြီဆိုတာ မင်းကို ပြောပြပါလိမ့်မယ်။ ဒါကြောင့် မောင့်ဆီကို လာပါတော့ကွယ်။

ဆူလာဘားထံမှလည်း ချက်ချင်း ပြန်စာရောက်လာပါသည်။

မောင်ရဲ့ ကြိုးပမ်းချက်နှင့် ရည်ရွယ်ချက်ကို အခုလို သိလိုက်ရတဲ့အတွက် ကျွန်မ အများကြီး ဝမ်းသာပါတယ်။

ဒါပေမယ့် မောင့်ရဲ့ ကြိုးပမ်းချက်နှင့် ရည်ရွယ်ချက်ကို အခုလို သိလိုက်ရတဲ့အတွက် ကျွန်မ အများကြီး ဝမ်းသာပါတယ်။

မောင့်အိမ်ထဲမှာ ခွေးတကယ်မရှိတော့ဘူးဆိုတာ ကျွန်မ နှစ်နှစ်ကာကာ မယုံကြည်ဘဲနှင့်လည်း မောင့်ကို လက်မထပ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခု ခွေးမရှိတော့ရုံသာမက နောင်တွင်လည်း ဘယ်ခွေးမှ မမွေးတော့ပါဘူးလို့ မဆုံးဖြတ်မချင်း၊ အဲဒီ ဆုံးဖြတ်ချက်ဟာ လည်း အခိုင်အမာ ဖြစ်တယ်ဆိုတာ ကျွန်မ မယုံကြည်မချင်း ကျွန်မကို မမျှော်လင့်ပါနှင့်တော့။

သူ့ပြန်စာကြီးကို ကျွန်တော် အလွန်တရာ မုန်းတီးစက်ဆုပ်မိပါ သည်။ ဘာအဓိပ္ပာယ်မှမရှိသော ပြန်စာဟုလည်း သဘောပေါက်မိပါသည်။

ကျွန်တော် အလွန်ချစ်သော ခွေးကလေးကို စွန့်လွှတ်ပစ်ဖို့ အကျောက်အကန် တောင်းဆိုနေသော ဆူလာဘားသည် အလွန်တရာ ခေါင်းမာပြီး အလွန်တရာ သနားကြင်နာစိတ် ကင်းမဲ့သည့် မိန်းကလေး ဟုလည်း ကျွန်တော် မှတ်ချက်ချလိုက်ခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော့် ဆုံးဖြတ်ချက်ကို ပြန်ပြင်ဖို့ စဉ်းစားရတော့ သည်။

ရော်ဘီကို ကျွန်တော် မရောင်းနိုင်တော့ပါ။

ကြော်ငြာတွေ့ပြီး ခွေးကိစ္စ စုံစမ်းလာသူတွေ ရှိသည်။ ကျွန်တော် ကတော့ မခြေမငံ ပြန်ပြောပြီး သည်ကိစ္စကို ပြည်ဖုံးကား ချထားလိုက် တော့သည်။

* * *

တစ်ညနေ ရုံးဆင်းပြီး အိမ်ပြန်ရောက်သောအခါ အံ့သြစရာတစ် ခုက ကျွန်တော့်ကို အဆင်သင့် စောင့်ကြိုနေပါသည်။

ဆိုဖာပေါ်တွင် မိန်းမပျိုလေးတစ်ယောက် ထိုင်နေသည်။ သူ့ ရင်ခွင်ထဲမှာ ရော်ဘီရှိနေသည်။ ရော်ဘီကို ယုယကြင်နာစွာဖြင့် ပွတ် သပ်ပေးနေသည်။

ကျွန်တော့်အမေက မိန်းမပျိုကလေးနှင့် စကားထိုင်ပြောနေသည်။

ကျွန်တော် ဝင်သွားသည်ကို မြင်သောအခါ မိန်းမပျိုကလေးက ထိုင်ရာမှ ထရပ်သည်။ ကျွန်တော့်ကိုလည်း ပြုံးပြသည်။ ရော်ဘီက သူ့လည်ပင်းကို လျှာနှင့်လျက်နေသည်။ သူက မျက်နှာကို မော့ပြီး ရော်ဘီ ကို မြတ်နိုးစွာ ပွေ့မြဲပွေ့ထားသည်။

"အို…သားသားကလည်းကွယ်။ ယားပါတယ်။ မလုပ်ပါနှင့်"





အသံကလေးက သာယာလွန်းလှသည်။ ထိုအသံကလေးကို ကျွန် တော် သဘောကျသွားပါသည်။ အသံကလေးကို သဘောကျမိသဖြင့် မိန်းမပျိုကလေးကိုလည်း သဘောကျမိပြန်ပါသည်။ သူ့အသားကတော့ မည်းပါသည်။ နှာခေါင်းကလည်း အနည်းငယ် ပြားပါသည်။

သို့သော် အသားမည်းပေစေတော့။ နှာခေါင်း ပြားပေစေတော့။

"သားကို သူ လာစောင့်နေတာ ကြာလှပြီ။ ဒါပေမယ့် ရော်ဘီ နှင့် သူနှင့်သိပ်ကို အဖွဲ့ကျနေတယ်လေ" ဟု အမေက ကျွန်တော့်ကို လှမ်းပြောသည်။

"သိပ်ကောင်းတာပေါ့ကွယ်။ ထိုင်ပါ၊ ထိုင်ပါ"

မိန်းမပျိုကလေးက စောစောက ဆိုဖာပေါ်မှာ ပြန်ထိုင်သည်။ သူနှင့် မျက်နှာချင်းဆိုင်မှာ ကျွန်တော် ဝင်ထိုင်သည်။

သူသည် မီးရထားဌာနမှ အရာရှိတစ်ဦး၏ သမီးဖြစ်ကြောင်း၊ ကိုလာကာဘူတာရုံအနီးတွင် အိမ်သေးသေးကလေးနှင့် နေကြောင်း၊ တယ် ရီယာခွေးမျိုးတစ်ကောင်လောက် လိုချင်သည်မှာ ကြာပြီဖြစ်ကြောင်း၊ သူ့ နာမည်မှာ ချမ်းပါးဖြစ်ကြောင်း၊ ခွေးအလွန်ချစ်တတ်ကြောင်း၊ မုန့်ဖိုးထဲ မှ သူ စုထားသော ငွေနှစ်ရာရှိကြောင်း၊ သည်ခွေးကလေးအတွက် ထိုငွေ များကို အကုန်ပေးမည်ဖြစ်ကြောင်း။

"မင်းစိက ကိုယ် တစ်ပြားမှ မယူချင်ပါဘူးကွယ်" ဟု ကျွန်တော် က ပြန်ပြောပြသည်။

"နှစ်ရာနှင့် ရောင်းမယ်လို့ ရှင် ကြော်ငြာထားတယ် မဟုတ်လား"

"အဲဒီကြော်ငြာကြီး မေ့ပစ်လိုက်ပါကွယ်။ မင်းဟာ ခွေးတကယ် ချစ်တတ်တဲ့ မိန်းကလေးဆိုတာ သိသာပါတယ်။ ရော်ဘီကို မင်းနှင့်အတူ ထားရရင် ကိုယ် စိတ်ချမ်းသာမှာပါပဲ။ ဒါကြောင့် မင်းကို မရောင်းပါ ဘူး။ မင်းကို အလကား ပေးလိုက်ပါ့မယ်"

ရော်ဘီကို တယုတယပွေ့ပြီး ပြန်သွားသော ချမ်းပါးသည် အလွန် တရာ ပျော်မြူးသွားလေသည်။

ရော်ဘီကို တန်ရာတန်ကြေးယူပြီး မရောင်းလိုက်ရသောကြောင့် ကျွန်တော်လည်း စိတ်ချမ်းသာပါသည်။ ခွေးတကယ် ချစ်တတ်သော



www.burmeseclassic.com

www.burmeseclassic.com



ချမ်းပါးလို မိန်းကလေးနှင့် ရော်ဘီ အတူနေသွားရတော့မည့်အတွက်လည်း ကျွန်တော် များစွာ ကျေနပ်ဝမ်းသာမိပါသည်။

နောက်နေ့တွင် ဆူလာဘားထံသို့ စာတစ်စောင်ရေးပို့လိုက်သည်။

"ရော်ဘီ မရှိတော့ဘူး။ ဒါကြောင့် မောင့်ဆီကို မင်း ဘယ်တော့ လာမလဲဆိုတာ သိပါရစေ"

သူ့ဆီကလည်း ပြန်စာ ရောက်လာသည်။

"ရှင့်အိမ်ထဲက ရော်ဘီ အပြီးအပိုင် ထွက်သွားပြီဆိုတာ သေချာအောင် စောင့်ကြည့်ပါရစေဦး။ တစ်လလောက် ကြာရုံနှင့်တော့ ကျွန်မ မယုံကြည်နိုင်သေးဘူး။ ခွေးဓာတ်လမ်းတွေ ကျွန်မ အများကြီး ကြားဖူးထားပါတယ်"

ထိုပြန်စာကြောင့် ကျွန်တော် အကြီးအကျယ် ဒေါသဖြစ်မိသည်။ ဆူလာဘား၏ ခေါင်းမာမှုနှင့် မာနကြီးမှုတို့ကိုလည်း အသည်းယားမိသည်။

သူ၏ တောင်းဆိုချက်ကြောင့် ရော်ဘီကို သူများ ပေးပစ်လိုက်သည်။ ထိုသို့ ပေးပြီးပြန်တော့လည်း သေချာအောင် စောင့်ကြည့်မည်ဟု ဆိုလာပြန်သည်။ တစ်လလောက်နှင့်တော့ မလုံလောက်သေးပါဟု ပြောလာသည်။

"ဒါလောက်တောင် ခေါင်းမာပြီး မာနထောင်လွှားသော မိန်းမ တစ်ယောက်၏ ရှေ့မှောက်တွင် ဘာကြောင့် ငါ ဒူးထောက်အရှုံးပေးကာ ဦးညွှတ်ရမည်နည်းဟု ကျွန်တော့်ကို ကျွန်တော် ပြန်မေးမိသည်။

သည်လို မောက်မာမှုမျိုးကို မောက်မာမှုဖြင့်ပင် ပြန်လည်တုံ့ပြန်ရမည်။ ရော်ဘီကို ကျွန်တော် အချိန်မရွေး ပြန်တောင်းယူနိုင်သည်။

ချမ်းပါးအိမ်သို့ လိုက်သွားပြီး ရော်ဘီကို ပြန်တောင်းသင့် မတောင်းသင့် သုံးလေးရက်ကြာအောင် ကျွန်တော် စဉ်းစားနေမိသည်။

သို့သော်လည်း ထိုသို့ စဉ်းစားနေဆဲမှာပင် ရော်ဘီသည် သူ့ဘာသာသူ ပြန်ရောက်လာတော့သည်။

ကျွန်တော် ထမင်းစားနေတုန်း အပြင်မှ တံခါးကို ကုတ်ခြစ်နေသံ ကြားရသည်။ မည်သူဖြစ်ကြောင်း ကျွန်တော် ချက်ချင်း သိလိုက်ပါသည်။





ထို့ကြောင့် ထမင်းစားပွဲမှ ထ,ကာ တံခါးဆီသို့ အပြေးအလွှားသွားပြီး ဖွင့်ပေးလိုက်ရသည်။

ကျွန်တော်ချစ်သော ရော်ဘီနှင့် တံခါးဝဆီသို့ အပြေးအလွှားသွားပြီး ဖွင့်ပေးလိုက်ရသည်။

ချမ်းပါးကို သူ သဘောကျသည်။ သို့သော်လည်း ကျွန်တော့်ကို ခွဲပြီး ချမ်းပါးနှင့် သူ အမြဲတမ်း နေသွားလိုပုံ မရပါ။

နောက်တစ်နေ့တွင် ချမ်းပါး လိုက်လာပြီး ရော်ဘီကို ပြန်ခေါ်သွားသည်။

သို့သော်လည်း သုံးလေးရက်ကြာမှာပင် ရော်ဘီ ပြန်ရောက်လာပြန်သည်။

ချမ်းပါးကလည်း ကျွန်တော့်အိမ်သို့ ရောက်လာပြီး ရော်ဘီကို ယခင်အတိုင်း ပြန်ခေါ်သွားပြန်သည်။

ထိုအဖြစ်အပျက်များသည် သုံးလေးရက်ခြားတစ်ခါ ဆက်တိုက်ဖြစ်ပွားနေလေရာ အားလုံးအဖို့ ရယ်စရာတစ်ခု ဖြစ်လာတော့သည်။

ချမ်းပါးက ရော်ဘီ မရှိလျှင် မနေနိုင်၊ ရော်ဘီကလည်း ချမ်းပါးနှင့်အတူ မနေနိုင်။

တစ်နေ့တွင် ရော်ဘီ ရောက်လာသောအခါ သူ့နောက်မှ ကပ်လျက် ချမ်ပါးလည်း အပြေးအလွှား ပါလာသည်။ ထိုအဖြစ်ကြောင့် ကျွန်တော် အူတက်မတတ် ရယ်မိတော့သည်။

"မလှောင်ပါနှင့်ရှင်။ သူ့နောက်ကို ခဏခဏ ပြေးလိုက်နေရတာ ရယ်စရာကောင်းတာတော့ မှန်ပါကယ်။ ဒါပေမယ့် ရိုးရိုးသားသား ပြောရမယ်ဆိုရင် ကျွန်မ သူနှင့်ခွဲ မနေနိုင်တော့ဘူး။ ကျွန်မ ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ဘုရားသခင် သိပါတယ်လေ"

"ဒီအတိုင်းဆိုရင် ဒီပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းတစ်ခုပဲ ရှိတော့တယ်"

ထိုစကားကို ကျွန်တော်က မျက်နှာထားတည်တည်ဖြင့် အေးအေးအနက် ပြောလိုက်မိသည်။

"ပြောပါရှင် ဘယ်လိုနည်းလမ်းမျိုးပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းပါးနှင့်ပတ်သက်ပြီး ကျွန်တော် ဆုံးဖြတ်ချက်ချထားခဲ့သည်မှာ ကြာပါပြီ။ ကျွန်တော်၏ ဆုံးဖြတ်ချက်ကို ဖွင့်ပြောပြလိုက်ဖို့ အကောင်းဆုံးအချိန်သည် ယခုအချိန်ပင်ဖြစ်ကြောင်းလည်း ကျွန်တော် ချက်ချင်းနားလည် သဘောပေါက်လိုက်ပါသည်။

သို့သော်လည်း ကျွန်တော့်ရင်တွေ ခုန်နေသည်။ ချွေးစေးတွေပြန်လာသည်။ လည်ချောင်းထဲမှာ တစ်ဆို့ဆို့ဖြစ်လာသည်။

ထို့ကြောင့် တဲတွေးတစ်ချက်မျိုချကာ ဆုံးဖြတ်ချက်ကို ဖွင့်ပြောနိုင်အောင် သတ္တိများ မွေးယူလိုက်ရသည်။

"ကိုယ်ပြောတာကို သေသေချာချာ နားထောင်ပါ ချမ်းပါး၊ မင်းကခွေးကို လိုချင်တယ်။ ခွေးက ကိုယ်နှင့်အတူတူ နေချင်ပါတယ်။ ဒီခွေးနောက်ကို မင်း ဘယ်လောက်ကြာကြာ ပြေးလိုက်နေနိုင်မှာလဲ။ အကြိမ်ပေါင်း ဘယ်လောက်များအောင် လိုက်ခေါ်နေနိုင်မှာလဲ။ အခုဆိုရင် ရော်ဘီဟာ မင်းအိမ်မှာ မနေနိုင်ဘူးဆိုတာ ရှင်းနေပြီ။ ဒါကြောင့် အကောင်းဆုံး နည်းလမ်းကတော့ မင်းပါ ဒီအိမ်ပြောင်းလာပြီး ကိုယ်နှင့်အတူတူ တသက်လုံး နေသွားဖို့နည်းတစ်ခုပဲ ရှိတော့တယ်"

ကျွန်တော့်စကားကြောင့် သူ အကြီးအကျယ် အံ့အားသင့်သွားလေသည်။ ဝိုင်းစက်လှပသော မျက်လုံးရွှဲကြီးများဖြင့်လည်း ကျွန်တော့်ကို ပြန်စိုက်ကြည့်နေသည်။

"ကဲ ဘယ်လိုသဘောရမလဲ"

ကျွန်တော်က ဆက်မေးသည်။ သူ့မျက်နှာမှာ ရှက်သွေးဖြာသွားသည်။

"ဟင့်အင်း ဟင့်အင်း"

ကမန်းကတန်း ဝဲဘက်သို့ မျက်နှာလွှဲသွားသည့် သူ့အမူအရာကလေးကို ယခုထက်တိုင်အောင် ကျွန်တော် မြင်ယောင်နေပါသေးသည်။

ခေါင်းခါလည်ခါဖြင့် "ဟင့်အင်း ဟင့်အင်း"ဟု ရှက်ရှက်ရွံ့ရွံ့ပြန်ပြောသော သူ၏စကားသံလေးကိုလည်း ယခုတက်တိုင်အောင် ကျွန်တော် ကြားယောင်နေပါသေးသည်။





"ဟင့်အင်း ဟင့်အင်း" ဟူသော စကားအဓိပ္ပာယ်နှင့် ဆန့်ကျင်ရာသည် မည်သည့်စကားလုံးဖြစ်ကြောင်း မိန်းမများသာလျှင် အသိဆုံးဖြစ်ကြပါသည်။

ထို့ကြောင့်လည်း ချမ်းပါး၏ "ဟင့်အင်း ဟင့်အင်း" ဟူသော ခေါင်းခါလည်ခါ ပြောသည့် စကားသံကလေးကို ကြားလိုက်ရသည့် အချိန်မှစ၍ ကျွန်တော်သည် ဟန်ဆောင်၍ မရနိုင်လောက်အောင် ပျော်မြူးခဲ့ရပါသည်။

သူ့သဘောထားနှင့်ပတ်သက်ပြီး နောက်ဆုံးအဖြေပေးရန် ယနေ့လာပါမည်ဟု ကျွန်တော်တို့ ကတိပေးထားသည်။

ဒီကနေ့ရောက်လာလျှင်...။

"မင်းက ခွေးလိုချင်လို့ ကိုယ့်ကို လက်ထပ်တာပဲ။ တကယ်တမ်းကျတော့ ကိုယ့်ကို ချစ်လို့မှမဟုတ်ဘဲ"ဟု ဆီးကြိုစရပေဦးမည်။

ကျွန်တော့်ကို သူချစ်ကြောင်း ကျွန်တော် ကောင်းကောင်း သိပါသည်။ သို့သော်လည်း စဖြစ်အောင် စရပါဦးမည်။

ထိုသို့ ကျွန်တော် စလိုက်သောအခါတွင် သူ့မျက်နှာလှလှကလေးမည်သို့ အမူအရာ ပြောင်းလဲသွားမည်ကို မြင်ချင်ကြည့်ချင်နေပါသည်။

မျက်နှာလှလှကလေး အမူအရာပြောင်းလဲသွားရုံသာမက မည်သို့သော စကားမျိုး ပြန်ပြောမည်နည်းဆိုသည်ကိုလည်း ကျွန်တော် ကြားချင်နေပါသည်။

သို့သော်...

ဖလပ်...ဖလပ်...ဖလပ်...ဖလပ်

ချမ်းပါး လာနေပါပြီ။

နူးညံ့ညင်သာသော သူ့ခြေသံကလေးများကို ကျွန်တော် ကြားလိုက် ရပါသည်။

**Love Me, Love My Dog By N.S Phadke**

**၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် ဂီတပဒေသာမဂ္ဂဇင်းအတွဲ(၂)၊ အမှတ်(၄၈)**



www.burmeseclassic.com

www.burmeseclassic.com

## တိတ်တခိုးကျသော မျက်ရည်

နေဝင်သွားသည်မှာ ကြာပြီ။ အမှောင်ထုက ဈေးတန်းကလေးပေါ်မှာ ကြီးစိုးထားသည်။

အမှောင်ထုထဲမှာ ဆိုင်မျိုးစုံတို့ စီတန်းနေသည်။ သွပ်မိုး၊ အုတ်၊ တိုက်၊ ဆိုင်ကြီးများက ထည်ဝါလွန်းလှသည်။ သက်ကယ်မိုး၊ ဝါးထရံကာ ဆိုင်ငယ်ကလေးများအပေါ် စိမိုးပြီး ထိုးထိုးထောင်ထောင်နှင့် ဝံ့ကြွားနေသလို ရှိသည်။

အချို့ဆိုင်များမှာမူ အမိုးအကာရှိဖို့ ဝေးစွ၊ အခင်းအကာသည်ပင် လျှင် မည်ကာမတ္တပင်။

ဘကြီးလှိုင်၏ ဆေးရွက်ဆိုင်သည်လည်း အမိုးအကာ မရှိပါ။ ကြီးမားသော ညောင်ပင်ကြီးအောက်မှာ ကျိုးတိုးကျဲတဲ ဝါးကြမ်းခင်းနှင့်သာ တည်ရှိလေသည်။ အရွက်အလက် စည်ပင်သော ညောင်ပင်ကြီးအောက်မှာမို့ သူ့ဆိုင်ဝန်းကျင်က အမှောင်ထုသည် ပို၍ နက်ရှိုင်းနေလေသည်။

ရေနံဆီ မီးခွက်ကလေး၏အလင်းရောင်က ကြီးမားသော အမှောင်ထုကို မဝံ့မရဲ အန်တုနေရှာသည်။ နွေဦးကာလလွန်မြောက်ခဲ့ပြီမို့ လေပြည်လေညင်းကလေးသာ တိုက်ခတ်နေသဖြင့် တော်သေးတော့သည်။

တစ်ခါတစ်ရံ လေခပ်ပြင်းပြင်းလေး တိုက်ခတ်လိုက်လျှင် ရေနံဆီမီးခွက်မှ အားနည်းသော မီးတောက်ကလေးသည် ဒယီးဒယိုင်နှင့် ငြိမ်းတော့မလို့ ဖြစ်သွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ် အိုမင်းမစွမ်းရှိလာပြီဖြစ်သော ဘကြီးလှိုင်သည် ကိုယ်လုံးကိုယ်ထည် သေကျေးသည့်အပြင် ပိန်လှီလွန်းလှသည်။ ထို့မျှမက အရပ်ကပါ ပုသဖြင့် ပို၍ သေးသေးကလေး ဖြစ်သွားတော့သည်။

ဘကြီးလှိုင်သည် ဆိုင်ကြမ်းပေါ်မှာ တင်ပျဉ်ခွေကာ အကျအနထိုင်ရင်း သွပ်ပြားယောင်းတစ်ချပ်ကို အဝတ်စုတ်ဖြင့် တိုက်ချွတ်နေသည်။

ခေါင်းကိုငုံ့ပြီး သွပ်ပြားကိုသာ အာရုံစိုက်နေသည်။ နေဝင်သွားသည်ကို သူ အမှုမထားပါ။ ပတ်ဝန်းကျင်တွင် အမှောင်ထုကြီးစိုးလာသည်ကို အရေးမစိုက်ပါ။

ဈေးဝယ်သူလည်း တစ်ယောက်မျှ မရှိတော့။

ထို့ကြောင့် အနှောင့်အယှက် ကင်းကင်းဖြင့် သူ့အလုပ်ကို သူ အာရုံစူးစိုက် လုပ်နိုင်နေသည်။ သွပ်ပြားကလေး ပြောင်လက်လာအောင် ကြိုးစားသော လုံ့လဝီရိယဖြင့် ဂရုတစိုက် တိုက်ချွတ်နေသည်။

"ဘကြီး"

"ဟေ ဘယ်သူလဲဟေ့"

ဘကြီးလှိုင်က အသံကြားရာဘက်သို့ ခေါင်းထောင်ကြည့်သည်။ ဆိုင်နားသို့ ချဉ်းကပ်လာသူ၏ အသံကို ကျက်မိအောင် ကြိုးစားသည်။

"ကျွန်တော် သာရင်ပါ ဘကြီး" ဟု ဝင်လာသူက ပြောသည်။

"ဩော် သာရင်လား ငါ့တူကြီး လာကွာ၊ အဲဒီနားမှာထိုင်"

အဘိုးအိုက လှိုက်လှဲပျူငှာသော လေသံဖြင့် ဆီးကြိုဖိတ်ခေါ်သည်။

"အိမ်ကို ဘယ်အချိန်ပြန်မှာလဲ ဘကြီး၊ သိပ်မှောင်နေရင် ချောင်းကို ဖြတ်ရတာ ခက်တယ်နော်"

"မပူပါနှင့်ကွာ။ မင်းချောင်းကလည်း ငါ့လိုပဲ ခြောက်သရောင်းနေပါပြီ။ ဟား ဟား ဆေးတစ်ဆုံလောက် သောက်လိုက်ပါဦးလား"

အဘိုးအိုက ဘာမှအရေးမကြီးသလို အေးအေးဆေးဆေး ပြန်ပြောသည်။

ဘကြီးလှိုင်သည် တိုက်လက်စ သွပ်ပြားကလေးကိုသာ အာရုံပြန်စိုက်ပြီး တိုက်ချွတ်နေပြန်သည်။ သူ့ဆိုင်ကလေးပေါ်တွင် သူ ထိုင်နေပုံမှာ အလွန်တရာ သက်တောင့်သက်သာ ရှိပုံရလေသည်။ သည်ဆိုင်





ကလေးသည် သူငယ်စဉ်ကတည်း သူ့အဖော်ဖြစ်ခဲ့သည်။ ချောင်းတစ်ဘက်ကမ်းတွင် ကျန်ခဲ့သည့် သူ့ဇနီးသည် အဘွားအိုက သူ ပြန်လာမည့် အချိန်ကို လည်တဆန့်ဆန့် မမျှော်လင့်သကဲ့သို့ သူကလည်း သည်ဆိုင်ကလေးကို ဘယ်တုန်းကမှ မခွဲခွာခဲ့ဖူးချေ။

သူ့ဆိုင်ကလေးကို ဝါးပိုးလုံးကြီး တစ်ချောင်းဖြင့် ကျားကန်ပေးရသည်။ ထိုဝါးပိုးလုံးကြီးတွင် ဆေးရွက်ကြီးများကို ချိတ်ဆွဲထားသည်။ ဈေးဝယ်လာသူများ မြည်းစမ်းကြည့်ဖို့ ဆေးတံ သောက်ဆေးအချို့လည်း ရှိသည်။ သူ့ဆိုင်မှာ ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ၊ သဒ္ဓါတရားကြီးမားစွာဖြင့် ဆေးတံသော် လည်းကောင်း၊ ဆေးလိပ်သော် လည်းကောင်း တည်စမြဲ ဖြစ်သည်။

သူ ရောင်းသည့် ဆေးရွက်ကြီးများ ကောင်းကြောင်း ချီးမွမ်းခံရလျှင် သူ ကျေနပ်မြဲပင်။

သာရင်က ဆေးတံအိုးကို ငုံ့ကြည့်သည်။

"ဘကြီး ဆေးအိုးက ဒီနေ့ အရာမယွင်းပါလား"

"ဟုတ်လား။ ဒီနေ့ ဘယ်သူမှ ဆေးတံ လာမသောက်ကြဘူး ဆိုတဲ့ သဘောပေါ့ကွာ မင်း သောက်ဦးမလား ငါ ဆေးတံသောက် ဆေး

"ဒုက္ခရှာမနေပါနှင့်တော့ ဘကြီးရာ၊ ဘကြီး ဆိုင်သိမ်းဖို့ကောင်းပြီ။ တစ်မိုးလုံး မည်းနေတာပဲ။ မိုးရွာတော့မယ်နှင့်တူတယ်"

"အချိန်တော်တော် နည်းသွားပြီလားကွ"

"ဟုတ်တယ် ဘကြီး၊ ဆိုင်တွေအာလုံး ပိတ်ကုန်ကြပြီ။ ဟောဟိုနားက ဒေါ်နီတို့ အထည်ဆိုင်တစ်ဆိုင်ပဲ ငွေရေနေတယ်နှင့် တူတယ်။ ဒါထက် ဘာကိုများ သဲကြီးမဲကြီး တိုက်ချွတ်နေတာလဲ ဘကြီး"

ဘကြီးလှိုင်၏ မျက်နှာသည် တလျှောက်လုံး ငုံ့ထားခဲ့သည်။ ယခုမှပင် မော့တော့သည်။ ပြီးတော့ တစ်မျက်လုံးလည်း ပြူးသွားလေသည်။

"မင်း ငါကို မမှတ်မိဘူး ထင်တယ်။ ငါ့ဆိုင် ဆိုင်းဘုတ်လေကွာ"

အဘိုးအိုက ဂုဏ်ယူဝင့်ကြွားသည့် လေသံဖြင့် အားပါးတရ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးဆိုင်းဘုတ်ကလည်း စာလုံးတွေတောင် ကောင်းကောင်း ဖတ်လို့မရတော့ဘူး။ အသစ်တစ်ခု ထပ်ရေးပါလား ဘကြီးရ"

"ဒီဆိုင်းဘုတ်လောက် ကောင်းအောင် ဘယ်သူ ရေးနိုင်မှာလဲကွ။ ဒီဆိုင်းဘုတ်ပေါ်က စာလုံးတွေဟာ ပုလဲလုံးကလေးတွေကို စီထားတဲ့ အတိုင်းပဲ။ အောင်ဘ ဆယ်တန်းကျောင်းသား ဘဝတုန်းက ရေးခဲ့တဲ့ ဆိုင်းဘုတ်လေကွာ။ မင်း မမှတ်မိဘူး ထင်တယ်။ သေသေချာချာ ကြည့် ပါဦး။ ဒီလောက် ကောင်းအောင် ဘယ်လိုလူမျိုးရေးနိုင်မှာလဲ ငါ့တူရာ"

ဘကြီးလှိုင်းက သွပ်ပြားဆိုင်းဘုတ်ကလေးကို တယုတယဖြင့် ကြွားကြွားဝင့်ဝင့်ကြီး မြှောက်ပြလိုက်လေသည်။

ဆိုင်းဘုတ်ပေါ်ရှိ စာလုံးများမှာ မရေးတတ်ရေးတတ်နှင့် ရေးထား ခြင်းဖြစ်ကြောင်း ခေါင်းထောင်ပြနေကြသလို ရှိလေသည်။

သာရင်က အဘိုးအိုနှင့် ဖက်ပြိုင်ပြီး အငြင်းပွားမနေတော့ပေ။ အဘိုးအိုပြောသည်မှာ မှန်ကန်ကြောင်း ခေါင်းသာ ပြန်ညိတ်ပြလိုက်သည်။

"ဘကြီးပြောတာ မှန်တယ်ဗျ။ အစ်ကိုအောင်ဘလို ဘယ်သူမှ စာလုံးလှလှ မရေးတတ်ဘူး။ တောက်မယ့်မီးခဲ တရဲရဲဆိုတဲ့စကား ရှိတယ် မဟုတ်လား။ အစ်ကိုအောင်ဘ ငယ်ငယ်က ဘယ်လောက် တော်တယ် ဆိုတာကို ကြည့်ပြီး ဒီနေ့ သူ ထိပ်တန်းရောက်နေမယ်ဆိုတာ ဟိုတုန်း ကတည်းက ခန့်မှန်းနိုင်ခဲ့တာပဲ"

ထိုသို့ပြောပြီး အတန်ကြာအောင် သာရင် တိတ်ဆိတ်သွားသည်။

ဘကြီးလှိုင်၏ မျက်နှာကမူ ပီတိဖြင့် အားရပါးရ ပြုံးမြဲပြုံးနေ သည်။

ခဏကြာမှ သာရင်က မေးပြန်သည်။

"ဒါထက် အစ်ကိုအောင်ဘဆီက စာလေးဘာလေးရော လာရဲ့ လား ဘကြီး"

"လာပါသော်ကော ငါ့တူရာ၊ အေး...မှန်တော့ မမှန်ဘူးပေါ့လေ။ မင်းသိတဲ့အတိုင်းပဲ။ သူက အခု ရာထူးသိပ်ကြီးနေပြီ မဟုတ်လား။ ရာထူးကြီးတော့ တာဝန်တွေလည်း ကြီးတာပေါ့ကွာ။ ဒီတော့ မကြာခဏ ဘယ်ရေးနိုင်ပါ့မလဲ"

ဘကြီးလှိုင်က စိတ်ရှည်ရှည် ရှင်းပြနေသည်။





"ကျွန်တော်တို့ မြို့ကလေးကို အလုပ်ပြောင်းလုပ်ဖို့ အစ်ကို အောင်ဘ ပြောပါလား ဘကြီးရ"

"ဒီမြို့ကို ပြောင်းဖို့လား၊ ရန်ကုန် ရွှေမြို့တော်ကြီးကနေပြီး တို့ မြို့ကို ပြောင်းလာဖို့လား၊ ဒါလောက်ကြီးတဲ့ ရာထူးမျိုး တို့မြို့မှာ ရှိလို့ လားကွ။ အခု သူရနေတဲ့ လခဟာ ထောင်ကျော်ဆိုတာ မင်း မသိဘူး ထင်တယ်။ သူရနေတဲ့ လခအပြင် တခြားဝင်ငွေတွေလည်း အများကြီး ရှိသေးတယ်လေ"

သားအကြောင်းကို ပြောရသဖြင့် ဘကြီးလှိုင် အားတက်သရော ဖြစ်လာသည်။ ထို့ကြောင့် သာရင်က သူ့စကားကို ထောက်ခံလိုက်ရ ပြန်သည်။

"ဘကြီး ပြောတာလည်း ဟုတ်တာပါပဲလေ။ နောက်ပြီးတော့ လည်း ကျွန်တော်တို့ဆီမှာက သူ့လောက်ကြီးတဲ့ ရာထူးမျိုးမှ မရှိဘဲ။ နောက်ပြီး ကျွန်တော်တို့မြို့က လူတွေက သူတစ်ပါး ကောင်းစားနေရင် ရှုစိမ့်နိုင်ကြတာ မဟုတ်ဘူးဗျ။ ဣဿာမစ္ဆရိယစိတ်တွေပေါ့ ဘကြီးရာ။ ဒါကြောင့် လူတွေကတောင် ပြောနေကြသေးတယ်။ အိုမင်းမစွမ်း ဖြစ် နေတဲ့ ကိုယ်မိကိုယ့်ဖကို မထောက်ပံ့ခဲ့တဲ့ သားသမီးဟာ ရာထူး ဘယ် လောက် ကြီးကြီး၊ ဘယ်လောက်ငယ်ငယ် ဘာများထူးဦးမှာလဲတဲ့"

ထိုစကားကြောင့် ဘကြီးလှိုင် ခေါင်းထောင်လာသည်။ စောစောက ပြုံးနေသော သူ၏ မျက်နှာပေါ်တွင်လည်း ဒေါသရောင်များ ချက်ချင်း ဖုံးလွှမ်းသွားတော့သည်။

"ဘယ်ကောင်က ဒီစကားမျိုး ပြောတာလဲ။ ငါ့သားက ငါ့ဆီ ကို ပိုက်ဆံပို့တာ မပို့တာ သင်းတို့အလုပ်လားကွ။ ဒီမှာ ငါ့တူ ဒါဟာ ငါ့သာ ကောင်းစားနေလို့ သက်သက်မနာလိုတာ"

"ကျွန်တော် သိပါတယ် ဘကြီး"

ဘကြီးလှိုင် ဒေါသဖြစ်သွားကြောင်း သိသဖြင့် သာရင်က ပြေရာ ပြေကြောင်း ပြောရလေတော့သည်။

အဘိုးအိုက လေသံတိုးတိုးကလေး ဆက်ပြောနေပြန်သည်။

"သူ စာရေးတိုင်း အဖေ အသက်ကြီးပြီ။ ပင်ပင်ပန်းပန်း မလုပ် ပါနှင့်တော့။ ငွေလိုရင် အချိန်မရွေးမှာပါလို့ အမြဲတမ်း ထည့်ရေးသကွ။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ဒီလောက် အသက်ကြီးနေမှ ငါ့သား လုပ်စာပေါ်မှာ မှီခိုနေလို့ တော်ပါ့မလား သာရင်"

သာရင်က ခေါင်းညိတ်ပြသည်။

ဘကြီးလှိုင်က သူ့ဆိုင်ကလေးကို သိမ်းပြီး ရေနံဆီမီးခွက်ငြိမ်းသည်။ ပြီးတော့ သူတို့နှစ်ယောက် အတူတူ ရွာဘက်သို့ ပြန်လျှောက်လာကြသည်။

ဘကြီးလှိုင်သည် သူ့သား အကြောင်းကိုသာ ပြောနေရမည်ဆိုလျှင် ဘယ်တော့မှ မောရပန်းရမှန်း သိသူမဟုတ်ချေ။ ယခုလည်း လမ်းလျှောက်လာရင်း သူ့ကိုယ်သူ ပြောသလို ဆက်ပြောနေပြန်သည်။

ပင်ပင်ပန်းပန်း အလုပ်လုပ်တယ်ဆိုတာ တို့အဖို့တော့ ရိုးနေပါပြီကွာ။ တသက်လုံး လုပ်လာခဲ့တာ မဟုတ်လား။ ငါ့သား လုပ်စာကို ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နှင့် အမြိုင့်သား ဒူးနန့်ပြီး ထိုင်မစားချင်ပါဘူး။ အခုဆိုရင် ငါ့သားဟာ သိပ်ကို ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်နေပြီ။ တာဝန်ကလည်း သိပ်ကို ကြီးနေပြီ။ ငါ့မြေးကလေး သုံးယောက်ကလည်း ကြွေရုပ်ကလေးတွေလို အင်မတန် ချောတာကလား။ ဒီကလေး သုံးယောက်စရိတ်ကလည်း နည်းတာမဟုတ်ဘူးလေ။ ဦးဆစ်တို့ရဲ့ သားလည်း ရန်ကုန်မှာ အလုပ်လုပ်နေတာပဲ။ ဟိုတလောက ခွင့်ယူပြီး ပြန်လာသေးတယ်။ သူ့ကို မင်းသိတယ် မဟုတ်လား"

"သိပါတယ် ဘကြီး၊ လွန်ခဲ့တဲ့ လေးငါးရက်က ဈေးထဲမှာ ကျွန်တော်နှင့် တွေ့ခဲ့ပါသေးတယ်"

အဘိုးအိုက သူ့စကားကို သူ ဆက်ပြန်သည်။

"ဦးဆစ်တိုသားက ငါ့ကို ပြောတယ်ကွ။ အော်ဘဟာ သူ့သား သုံးယောက်ရဲ့ ပညာရေးအတွက် တစ်လတစ်လကို ငွေတွေအများကြီး ကုန်တယ်တဲ့။ ကျူရှင်တွေလည်း တစ်ခုပြီးတစ်ခု ဆက်တက်ခိုင်းနေရတာ ကလေးတွေဖြင့် နားချိန်တောင် မရဘူးတဲ့"

"ကျူရှင်ပါ ဘကြီးရာ ဟား ဟား၊ ကျူရှင် ဆရာတွေများ ကြားသွားရင် ဘကြီးတော့ မလွယ်ဘူးနော်"

"ဟုတ်လား၊ သိပါဘူးကွာ။ ကျူရှုံး ဘာကွ။ အဲ အဲ အဲဒီ ကျူရှင်စရိတ်တွေကလည်း သိပ်ကုန်ဆိုပဲ။ ရန်ကုန်မှာနေရတာ တို့နှင့်





တူတာ မဟုတ်ဘူးကွ။ အဆင့်အတန်းမြင့်မြင့် နေနိုင်အောင် အမြဲတမ်းကြိုးစားနေရတယ်။ ငါ့သား အောင်ဘတို့မှာ စက်နှစ်လုံးလည်း ရှိသတဲ့။ သား ငါးတွေ မပုတ်အောင်၊ ဟင်းသီးဟင်းရွက်တွေ မနွမ်းအောင် ထည့်ထားရတဲ့ စက်မျိုးလို့ ပြောတာပဲ။ ရေခဲလိုချင်ရင်လည်း အဲဒီအထဲက ရသတဲ့။ သူတို့မှာက တို့ တောသူတောင်သားတွေလို နေ့တိုင်း ဈေးသွားနိုင်ကြတာ မဟုတ်ဘူးလေကွာ။ ဒါကြောင့် ငါ့သား အောင်ဘဟာ လခ ဘယ်လောက်ရရ ကုန်တာပါပဲ"

ဘကြီးလှိုင်သည် စကားကို ခဏဖြတ်ပြီး တိတ်ဆိတ်စွာ ဆက်လျှောက်နေသည်။ သူ့သားနှင့် သူ့မြေးသုံးယောက်တို့ကို တမ်းတလွမ်းဆွတ်နေပုံမျိုး ဖြစ်သည်။

စကားမပြောဘဲ အတော်ကလေး လျှောက်လာမိတော့မှ ဘကြီးလှိုင်က သူ့သားအကြောင်းကိုပင် ဆက်ပြောပြန်သည်။

"သူ့လခ ဘယ်လောက်ကောင်းကောင်း အဆင့်အတန်းမြင့်မြင့် နေရထိုင်ရတယ်ဆိုတော့လည်း ပိုတယ်လျှံတယ်ဆိုတာ မရှိနိုင်တော့ဘူးပေါ့ကွာ။ ကျားကြီးတော့ ခြေရာကြီးတယ်ဆိုတဲ့ စကားလိုပေါ့။ ဒါကြောင့် ကိုယ့်ရပ်ကိုယ့်ရွာကို အလည်အပတ်ကလေးတောင် ပြန်မလာနိုင်အောင် ဖြစ်နေရှာတာ။ သူ့အမေကတော့ ဒီအကြောင်း နားမလည်ဘူး။ သူ့သားနှင့် သူ့မြေးတွေ အလည်မလာရကောင်းလားဆိုပြီး အမြဲတမ်း တငိုငိုတရယ်ရယ်နှင့်"

နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် တိတ်သွားပြန်သည်။ ခဏကြာတော့မှ သာရင်က လှမ်းပြောသည်။

"အစ်ကိုအောင်ဘက ပိုက်ဆံမပို့နိုင်တာတော့ ထားလိုက်ပါတော့ ဘကြီးရာ။ ဒါပေမယ့် မိအိုဘအိုတွေအတွက် အဝတ်အစားကလေးလောက်တော့ တစ်ခါတစ်ရံ ပို့ဖို့ကောင်းတာပေါ့"

"ဟ မပို့ဘူးလို့ မင်း ထင်သလား။ အဖိုးတန် အဝတ်အစားတွေ မကြာခဏ ပို့တာပေါ့ကွ။ ပို့လွန်လွန်းလို့ ဟိုဘက်တောင် လွှန်သေးတယ်။ သူပို့ပေးတဲ့ ဝတ်ကောင်းစားလှတွေကို ဒီတောမြို့မှာနေရင်း ဝတ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ဝါးလုံးခေါင်းထဲ လသာတယ်လို့ အပြောခံ



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေါ့။ ဟောဒီမှာကြည့်စမ်း၊ အခု ငါ ဝတ်ထားတဲ့ ရုပ်အင်္ကျီဟာ ငါ့သားအောင်ဘ ပို့လိုက်တဲ့ အင်္ကျီပဲ”

ဘကြီးလှိုင်၏ စကားထဲတွင် သားအတွက် ဂုဏ်ယူဝင့်ကြွားသည့် လေသံက ထင်းထင်းကြီး ပေါ်လွင်နေလေသည်။

“ဟုတ်လား ဘကြီး အင်္ကျီအသစ် ဝတ်ထားတာ ကျွန်တော် သတိမထားမိလို့ပါ”

သာရင်က ဘကြီးလှိုင်၏ကိုယ်ပေါ်မှ အင်္ကျီကို သတိထားကြည့်သည်။ ထိုသို့ ကြည့်ရင်း လွန်ခဲ့သည့် အဖိတ်နေ့တုန်းက အချွန်းတို့ အပ်ချုပ်ဆိုင်တွင် ထိုအင်္ကျီကို ဘကြီးလှိုင်ကိုယ်တိုင် ဝင်ရွေးနေသည်ကို ပြန်လည်မြင်ယောင်လာလေသည်။

ထိုအကြောင်းကို ဖွင့်ပြောလိုက်လျှင် ဘကြီးလှိုင် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားတော့မည်။ ထိုအဖြစ်မျိုးကိုတော့ သူမလိုလားပေ။ ထို့ကြောင့် စိတ်ထဲမှာသာ မျိုသိပ်ထားလိုက်လေတော့သည်။

“ဘကြီးသားက ပို့လိုက်တဲ့ ရုပ်အင်္ကျီအသစ်ကို ဝတ်ထားတယ် ဆိုရင် ကျွန်တော့်ကို လက်ဖက်ရည်လေးတစ်ခွက်လောက်တော့ တိုက်သင့် တာပေါ့ ဘကြီးရာ၊ မဟုတ်ဘူးလား”

မျှော်လင့်မထားသော စကားကြောင့် ဘကြီးလှိုင် တုန်လှုပ်သွား လေသည်။ သို့သော်လည်း ဟန်မပျက် သူ့အိတ်ထဲမှာ သူ ပြန်စမ်းကြည့် သည်။ ထိုသို့ စမ်းနေရင်း သူ မည်သို့ ခံစားလိုက်ရကြောင်း သာရင် ရိပ်မိသွားအောင် ကြိုးစားဖုံးဖိနေသည်။

“လက်ဖက်ရည်သောက်ချင်လို့လား။ ရပါတယ် ငါ့တူရာ။ ဒါပေ မယ့် အခုလို အချိန်မတော်ကြီးမှာ လက်ဖက်ရည်ဆိုင်တွေ ဖွင့်သေးရဲ့ လားကွ”

“မဖွင့်တော့ဘူး ဘကြီး၊ ဟိုတစ်ခါ ဓားမြတိုက်မှုဖြစ်ပြီးကတည်း က ပြည်တော်သာ လက်ဖက်ရည်ဆိုင်ကလည်း မှောင်တာနှင့် ပိတ်တော့ တာပဲ”

ဘကြီးလှိုင်သည် တစ်စုံတစ်ရာကို အလေးအနက်တွေးရင်း တုံ့ ဆိုင်းဆိုင်း ဖြစ်နေပြန်သည်။ ပြီးတော့မှ ကျပ်တန်တစ်ရွက်ဆွဲထုတ်ကာ သာရင်ကို လှမ်းပေးသည်။





“ရော့ ငါ့တူ။ မနက်ဖြန်ကျတော့ ဝယ်သောက်လိုက်”

“မယူပါဘူး ဘကြီး၊ ဘကြီးကို ကျွန်တော် အလကား နောက် တာပါ”

သာရင်က ငြင်းသည်။

“မငြင်းပါနှင့် ငါ့တူရယ်၊ ယူပါ၊ မင်း မယူရင် ငါ စိတ်ဘယ် ကောင်းနိုင်ပါ့မလဲ။ ရော့...ရော့ မနက်ဖြန်ကျတော့ လက်ဖက်ရည်ဝယ် သောက်လိုက်။ ငါ့သားနှင့်ငါ့မြေးတွေ ကျန်းမာပါစေလို့လည်း မေတ္တာ ပို့ပေါ့ကွာ။ မဟုတ်ဘူးလား”

ဘကြီးလှိုင်က ကျပ်တန်ကလေးကို သာရင်၏ အိတ်ထဲသို့ ဇွတ် အတင်း ထည့်ပေးသည်။ ပြီးတော့ အမှောင်ထဲမှာ နေးကွေးလေးလန်စွာ ဖြင့် စကားမပြောဘဲ တိတ်ဆိတ်စွာ ဆက်လျှောက်နေသည်။

သာရင်က အဘိုးအိုကို လှည့်ကြည့်သည်။ တစ်စုံတစ်ရာတော့ ထူးဆန်းနေသည်ဟု သူထင်သည်။ ထို့ကြောင့် လေခပ်ကြမ်းကြမ်း တစ် ချက်အတိုက်လိုက်တွင် ဒယီးဒယိုင် ဖြစ်သွားသည့် အဘိုးအိုကို သည် အတိုင်း စိုက်ကြည့်နေမိသည်။ သို့သော် မည်သို့ ထူးဆန်းသည်ကိုမူ သူ နားမလည်ပါ၊

အခါတိုင်းနှင့်မတူသည်ကတော့ အမှန်ပင်။

ချောင်းထဲမှာ ရေခန်းနေသည်။ သူတို့နှစ်ယောက် သတိထားပြီး ပတ်ကြားအက်များပေါ်မှာ ဆက်လျှောက်လာကြသည်။ ချောင်းတစ်ဘက် ကမ်းသို့ ရောက်သောအခါ သာရင်က သူ့အိမ်ရှိရာ တောင်ဘက်သို့ လည်း ကောင်း၊ ဘကြီးလှိုင်က မြောက်ဘက်သို့လည်းကောင်း ဆက်သွားကြ ရမည် ဖြစ်လေသည်။

“ဘကြီးအိမ်ကို ကျွန်တော် လိုက်ပို့ပေးရမလား ဘကြီး”

“နေပါစေကွာ။ မင်းအိမ်ကိုသာ မင်း ပြန်ပါ။ ငါ တစ်ယောက် တည်း သွားလို့ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ခြောက်ဆယ်ကတည်း က ဒီလမ်းကို ငါတစ်ယောက်တည်း လျှောက်နေကျပါကွ”

ဘကြီးလှိုင်က သာရင်ကို နှုတ်ဆက်ပြီး သူ့အိမ်ရှိရာသို့ ဆက် လျှောက်သွားသည်။ သာရင်က ထိုနေရာမှာပင် ရပ်ပြီး အမှောင်ထုထဲ မှာ အဘိုးအို ပျောက်ကွယ်သွားသည်အထိ လှမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးလှိုင် ဖွတ်ပေးသွားသည့် ငွေတစ်ကျပ် သူ့အိတ်ထဲမှာ ရှိနေကြောင်း သတိပြန်ရလိုက်မိသည်။

ဘကြီးလှိုင်ထံမှ သူ လက်ဖက်ရည်ဖိုးရသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ပါ။ သူနှင့် သူ့အပေါင်းအသင်းများသည် အောင်ဘ မည်မျှတော်ကြောင်း မြှောက်ပင့်ပြောဆိုကာ ဘကြီးလှိုင်ထံမှ လက်ဖက်ရည်ဖိုး အကြိမ်ကြိမ် ရယူခဲ့ဖူးကြသည်။ ပြီးတော့မှ ကွယ်ရာမှာ အဘိုးကြီး မည်မျှ အူတူနိုင်ကြောင်း ပြောဆိုကာ တဝါးဝါး ပွဲကျခဲ့ကြသည်မှာ အကြိမ်ပေါင်း မရေနိုင်ပြီ။

သို့သော် ယနေ့ညအဖို့တော့ သာရင်၏စိတ်ထဲမှာ ထိခိုက်သလိုဖြစ်နေသည်။ ဘကြီးလှိုင်ကို အခါတိုင်းလို လှောင်ပြောင်လိုစိတ် လုံးဝမရှိတော့။

စိတ်ထိခိုက်စွာဖြင့် နောက်ဘက်သို့ ချာကနဲလှည့်ပြီး သူ့အိမ်ရှိရာသို့ သုတ်ခြေတင်ခဲ့တော့သည်။

ဘကြီးလှိုင်သည် အမှောင်ထဲမှာ သူ့အိမ်ရှိရာသို့ သတိနှင့် ခပ်ဖြည်းဖြည်း လျှောက်လာသည်။ ကောင်းကင်မှာ မိုတ်တုတ်မိုတ်တုတ်လင်းနေသော ကြယ်သုံးလေးလုံးမှလွဲ၍ တလောကလုံး မှောင်ပိန်းနေလေရာ ဘာတစ်ခုကိုမှ သူ မမြင်ရချေ။

သို့သော်လည်း သူ့ရွာလမ်းကို သူ ကောင်းကောင်း မှတ်မိပါသည်။ ဘယ်နေရာမှာချိုင့်ရှိပြီး ဘယ်နေရာမှာ ကမူရှိကြောင်း မျက်စိမှိတ်သွားလျှင်ပင် သူ မမြင်ရချေ။

သူ့အိမ်ပတ်လည်မှာ ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ထွေးနေသည်။ သီးပင်စားပင်အချို့တော့ ရှိပါ၏။

အိမ်နားသို့ ရောက်လာသောအခါ မလုံမလဲရှိနေသော ဝါးထရံပေါက်များကြားမှ ထိုးထွက်နေသည့် မီးရောင်ကို မြင်ရသည်။

မနှစ်တုန်းက ချောင်းရေးလျှံသဖြင့် ခြံကာထားသည့် ဝါးကိုင်းများလဲပြိုခဲ့ရသည်။ ခြံစည်းရိုးအသစ် ပြန်ကာဖို့လည်း သူ မစဉ်းစားတော့ပါ။

သို့သော် သူ့ဇနီး အဘွားအို ဒေါ်မွှားနက်ကတော့ ခြံကလေးကို လုံလုံခြုံခြုံရှိဖို့တော့ ကောင်းတာပေါ့။ လူဆိုရာ ပတ်ဝန်းကျင်နှင့် နေရတာမဟုတ်လား။ ခြံကလေး ကာထားလိုက်မယ်ဆိုရင်...”





ဘကြီးလှိုင်က သူ့ဇနီး၏စကားကို အဆုံးထိ ဆက်နားမထောင်ပါ”

“ဒီမှာ အမယ်ကြီး၊ ခင်ဗျားက ဘာကိစ္စ လုံလုံခြုံခြုံ နေချင်ရတာလဲ။ ကျုပ်တို့အိမ်မှာ သားပျိုသမီးပျိုရှိတာ မဟုတ်ဘူး။ ခင်ဗျားလိုအမယ်ကြီး အိုရွတ်တွကြီးကို ဘယ်သူကမှလည်း လာချောင်းမကြည့်ဘူး”

ဘကြီးလှိုင်၏ စကားကြောင့် အဘွားအိုဒေါ်မွှားနက် ပါးစပ်ပိတ်သွားသည်။ ပါးစပ်ပိတ်ခဲ့ရသော်လည်း တစ်ကိုယ်တည်း ကျိတ်ပြီး စိတ်ထိခိုက်ခဲ့ရရှာသည်။

အိမ်နားသို့ ဘကြီးလှိုင် ရောက်လာသည်။ အခါတိုင်းဆိုလျှင် အဘွားအိုကို အော်ခေါ်ပြီး အိမ်ကဲလာတံခါး ဖွင့်ခိုင်းတတ်သည်။

ယနေ့ညတော့ အော်ခေါ်ပြီး တံခါးဖွင့်ခိုင်းဖို့ သူ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ငွေတစ်ကျပ်ကို အကြောင်းမဲ့ သူ ဖြုန်းတီးပစ်ခဲ့ပြီ မဟုတ်လား။ ဇနီးသည်ကို ဆန်ဖိုး မည်သို့ပေးရမည်နည်း။ အခြား လိုအပ်တာကလေးများ ဝယ်ဖို့ မည်သို့ ပေးရမည်နည်း။

အဘွားကြီးကတော့ သူ့ကို ပူညံ့ပူညံ လုပ်ပေးဦးတော့မည်ဟုလည်း အတပ် တွေးလိုက်မိလေသည်။

သူ့စိတ်ကို သူ တင်းပြီး အိမ်ကဲလားတံခါးလေးကို ဖွင့်လိုက်သည်။

ကဲလားတံခါး ဖွင့်လိုက်သည်နှင့်တစ်ပြိုင်တည်း ရှိုက်သံကို ကြားရသည်။ မိဘအရိုက်ခံထားရသော ကလေးတစ်ယောက်ကို ငိုကြွေးရှည်ရှည်ငိုပြီး တနှံ့နှံ့ရှိုက်နေသည့်အသံမျိုး။

ဘကြီးလှိုင်က အိမ်ထဲသို့ ဝင်လိုက်သည်။ အလင်းရောင်အားနည်းလှသော ရေနံဆီမီးခွက်နားမှာ ဒေါ်မွှားနက် ထိုင်နေသည်။ လာမည့်ဆောင်းရာသီအတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် စောင်စုတ်တစ်ထည်ကို အပ်နှင့်ချုပ်နေသည်။ ထိုသို့ စောင်စုတ်ချုပ်ရင်း ရှိုက်နေခြင်း ဖြစ်သည်။ သူ ဘာလုပ်နေသည်ကိုပင် သူ သတိထားမိပုံ မပေါ်ချေ။

“အမယ်ကြီး...ဘာဖြစ်လို့ ငိုနေရပြန်တာလဲ”

ဘကြီးလှိုင်က ခပ်ဆတ်ဆတ် လှမ်းမေး၏။ ထိုအသံကြောင့် ဒေါ်မွှားနက် လန့်သွားသည်။ ရှိုက်သံကို ချက်ချင်းကြိုးစားထိန်းသည်။

“ဘာကိစ္စ ငိုနေတာလဲ...”

ဘကြီးလှိုင်က ထပ်အော်မေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျတော့မှပင် ဒေါ်ဖွားနက်က တုန်ရင်အက်ကွဲသော လေသံဖြင့် ပြန်ဖြေသည်။

"နေ့ခင်းတုန်းက ဘုရားဒကာ ဦးဘသာအိမ်ကို ကျွန်မ ရောက်ခဲ့တယ်"

"ဘာသွားလုပ်တာတုန်း"

ဘကြီးလှိုင်က မသင်္ကာသလို မေးသည်။

သူ့အသံက စောစောကထက် ပိုမို မာကျောလာသည်။

"မယ်တင်ရဲ့အမေ ဆွယ်တာနှင့် လိုက်သွားမိတာပါတော်။ ဆင်းရဲတဲ့ အဘွားကြီးတိုင်းကို ထဘီတစ်ထည်နှင့် ဆန် နို့ဆီဗူးငါးလုံးဆီ ဘုရားဒကာ ဦးဘသာက ပေးမယ်လို့ မယ်တင့်အမေက ပြောတာနှင့် ကျုပ်လိုက်သွားတာပါ"

"အဲဒီတော့ ဘာဖြစ်သလဲ"

အဖြေကို အငမ်းမရ သိချင်လှပြီ ဖြစ်သော်လည်း ဘကြီးလှိုင်က သူ့အသံကို မှုမပျက်အောင် ကြိုးစားထိန်းပြီး မေးသည်။

"ဘုရားကတော့ ဦးဘသာက ပြောတယ်။ တကယ် ဆင်းရဲတဲ့ သက်ကြီးရွယ်အို အဘွားကြီးတွေကိုသာ သူ လှူမှာတဲ့။ ခင်ဗျား သားက ရောမ အရာရှိကြီးပဲတဲ့။ ဒါကြောင့် ကျုပ်လှူမယ့် အဘွားကြီးတွေထဲမှာ ခင်ဗျား အကျုံးမဝင်ဘူးတဲ့"

ဒေါ်ဖွားနက်က ဖိုသို့ပြောရင်း တစ်ချက်ကျိတ်၍ ရှိုက်လိုက်ပြန်လေသည်။

ကြားရသော စကားကြောင့် ဘကြီးလှိုင် ပေါက်ကွဲလေတော့သည်။

"အမယ်ကြီး၊ တယ်ပြီး အသိဉာဏ်ခေါင်းပါးပါလား။ ဘယ်သူ့ဆီမှာမှ အလှူမခံပါနှင့်လို့ ခင်ဗျားကို ကျုပ်ပြောထားတယ် မဟုတ်လား"

"ကျုပ် တဝမ်းတစ်ခါးတည်းအတွက် သွားတာ မဟုတ်ရပါဘူးတော်။ စားစရာမရှိဘဲနှင့် တော်ရော ဘယ်လောက်ကြာကြာ အသက်ရှင်နေနိုင်မှာလဲ။ တော့်သား သူဌေးကြီး"

"တော်စမ်း..."





ဘကြီးလှိုင်က အိတ်ထဲနှိုက်ပြီး ထွက်လာသမျှ အကြွေကလေး အနည်းငယ်ကို ဒေါ်ဖွားနက်ဆီသို့ လှမ်းပစ်ပေးလိုက်သည်။

"ဟောဒီမှာ ပိုက်ဆံ၊ မနက်ဖြန်ကျဆန်ဝယ်ပြီး ခင်ဗျားဗိုက်ကို ကြိုက်သလောက် ဖြည့်။ ကျုပ်အတွက် ဘာမှမပူနှင့်။ နောက်အပတ်ကျရင် ခင်ဗျားအတွက် ထဘီတစ်ထည် ကျုပ်ဝယ်ပေးမယ်။ ကျုပ်သားဟာ ရောမအရာရှိကြီးဆိုတာ ခင်ဗျား နားမလည်ဘူးလား။ ဒါကြောင့် ခင်ဗျားရဲ့ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာဟာလည်း ဘယ်လောက်ကြီးကျယ်နေတယ်ဆိုတာ နားမလည်ဘူးလား။ ကျုပ်သားသိက္ခာကျအောင် ဘယ်တော့မှ မလုပ်ပါနှင့် မသေမချင်း မှတ်ထား"

ဘကြီးလှိုင်က အသံကုန်အော်သည်။ အိုမင်းရင့်ရော်လှပြီ ဖြစ်သော သူ၏ ခန္ဓာကိုယ်မှာ ဒေါသစိတ်ကြောင့် နတ်ကျသလို တုန်ယင်နေသည်။

ချောင်းဘက်ဆီမှ လေခပ်ကြမ်းကြမ်း တိုက်လာသောကြောင့် ရေနံဆီမီးခွက်မှ အားနည်းသော မီးတောက်ကလေးမှာ တုန့်ယင် လှုပ်ရှားကာ ငြိမ်းတော့မလို ဖြစ်သွားလေသည်။

ဘကြီးလှိုင်သည် ထမင်းဆာလွန်းသောကြောင့် ဗိုက်ထဲမှာ တကြုတ်ကြုတ် အော်မြည်နေသည်ကိုပင် မေ့လျော့သွားကာ အိပ်ရာဆီသို့ တန်း လျှောက်သွားသည်။

ဒေါ်ဖွားနက်ခမျာ ဘာတစ်ခွန်းမှ ဆက်မပြောရဲတော့ပေ။ ခဏကြာတော့ မီးခွက်ကို မှုတ်လိုက်ပြီး တိတ်ဆိတ်စွာပင် အိပ်ရာဝင်ခဲ့လေသည်။

ရန်ကုန်မြို့ကြီးမှာ လခထောင်ကျော် ရနေသော်လည်း ကိုယ့်ရပ်ကိုယ့်ရွာသို့ နှစ်ပေါင်းများစွာကြာအောင် တစ်ခေါက်တစ်ခါမျှပင် ပြန်မလာနိုင်သည့် တစ်ဦးတည်းသော သားအလိမ္မာတုံးကြီးအကြောင်းကို စဉ်းစားနေမိသည်။

မိအိုဘအိုများကို ဘာကြောင့်များ သူ မေ့လျော့နေလေသနည်း။ သားနှင့်မြေးများ၏ မျက်နှာကို တစ်ကြိမ်တစ်ခါလောက် မြင်တွေ့ခွင့်ရမည်ဆိုလျှင် ဆယ်ခါပြန် ငတ်စမ်းပါစေ၊ ဖွတ်ကျောပြာစု စားပါစေ။ ဘာကို အရေးစိုက်ရမှာတုံးဟုလည်း ဒေါ်ဖွားနက် တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သားနှင့် မြေးများအကြောင်းကို စဉ်းစားရင်း ဝမ်းနည်းကြေကွဲစိတ်များ တစ်ကိုယ်လုံးမှာ ဖုံးလွှမ်းလာသည်။ သို့သော် စိတ်က လက်တစ်ဆစ်သာရှိသော သူ့ယောကျ်ားကို သတိရလိုက်သဖြင့် အသံထွက် မငိုမိအောင် အချိန်မီ ချုပ်တည်းလိုက်ရလေသည်။

သို့ဖြင့်ပင် သူ့ရင်ထဲမှ ခံစားချက်ကို ထုတ်ဖော်ပြောပြနိုင်စွမ်း မရှိရှာတော့ပါ။

ထိုနည်းတူစွာပင် အိပ်၍လည်း မပျော်နိုင်တော့ပါ။

ဘကြီးလှိုင်သည်လည်း ထိုနည်းလည်းကောင်းပင်။ အမှောင်ထဲမှာ မျှက်စိကြောင်နေသည်။ ဒေါ်ဖွားနက် အိပ်မပျော်ကြောင်းကိုလည်း သူ သိနေသည်။ ကြမ်းတမ်းသည့် လောကဓံတရားများကို ချည့်နဲ့သော အင်အားဖြင့် မဝံ့မရဲ အာခံနေရရှာကြောင်းကိုပါ သဘောပေါက်မိသည်။

ဒုက္ခပင်လယ်ဝေနေရရှာသော အဘွားကြီးကို အော်ငေါက်မိသည့်အတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိသည်။

သည်အဘွားကြီးသည် သူနှင့်အကြောင်းပါသည့် ငယ်ရွယ်နုပျိုစဉ် အချိန်မှစ၍ ယခု အိုမင်းမစွမ်းရှိလာသော အချိန်အထိ ကောင်းအတူဆိုးဖက် သစ္စာအရှိဆုံး ဘဝဖော် တစ်ယောက်ပါကလားဟူ၍လည်း သဘောပေါက်လာမိလေသည်။

တို့ကြောင့် သူ့ဘေးနားမှာ ခွေကလေး လဲလျောင်းနေရှာသော ဘဝခရီးဖော် အဘွားအိုကို ပွေ့ဖက်ပြီး တောင်းပန်စကား ပြောလိုက်ချင်သည်။ နှစ်သိမ့်စကား ပြောလိုက်ချင်သည်။

ပိန်လှီသေးကွေးလှသော သူ၏ ခန္ဓာကိုယ်ကလေးမှာ ထိုဆန္ဒများဖြင့် တုန်ယင်လှုပ်ရှား နေရှာသည်။

သို့သော် သူ့လိပ်ပြာသူမလုံသောကြောင့် ဘာစကားမှ သူမပြောဖြစ်ပါ။

နှလုံးသားမှာ ဒဏ်ရာဗရပွ ရနေရှာမည်ဖြစ်သော အဘွားအိုအား ပွေ့ဖက်ခြင်း အမှုကိုလည်း သူ မပြုဖြစ်ပါ။

တကယ်ဆိုတော့ သူ့နှလုံးသားမှာလည်း ဒဏ်ရာတွေ အထပ်ထပ်ရနေပြီဖြစ်ကြောင်းကိုပါ သူသဘောပေါက် နားလည်စပြုလာပါပြီ။





သည်လို စိတ်ထိခိုက်ရသည့် အချိန်မျိုးတွင် တစ်ဦးတည်းသော ဧကပုတ္တ သားလှရတနာနှင့် မြေးကလေးများ၏ မျက်နှာကို တစ်စက္ကန့်လောက် မြင်တွေ့လိုက်ရမည်ဆိုလျှင် သီတာချမ်းမြ တစ်စက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းဆိုသည့်အတိုင်း နှလုံးသားပေါ်မှ ဒဏ်ရာအားလုံး တမုဟုတ်ချင်း ပျောက်ကွယ်သွားမည်ဖြစ်ကြောင်းကိုလည်း ဘကြီးလှိုင်သဘောပေါက် နားလည်စ ပြုလာပါပြီ။

အရေပြားများ လှိုင်းတွန့်နေသည့် သူ၏ပါးပြင်ပေါ်သို့ မျက်ရည်ပူများ စီးကျလာသည်။

သို့သော် အမှောင်ထဲမှာမို့ သူ၏ မျက်ရည်ပူများကို အခြားမည်သူမျှ မမြင်မတွေ့လိုက်ရချေ။

မျက်ရည်ပူများ စီးကျလာသည့် အကြောင်းကိုလည်း အခြားမည်သူမျှ မသိရှိလိုက်ရချေ။

**(၁၉၈၂ ခုနှစ် ဇန်နဝါရီလထုတ် Approzch စာစောင်တွင် ပါရှိသော Abul Fazal Shamsuzzaman ၏ The Trembling Flame ကို တိုက်ရိုက်မှီးသည်။**

**၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလထုတ်၊ ချယ်ရီမဂ္ဂဇင်း အမှတ် ၄။**



www.burmeseclassic.com

www.burmeseclassic.com

## ကြွေလုသည်းကျွမ်းလေအောင်ကွယ်

အငြိုကြီးစွာဖြင့် သဲကြီးမဲကြီး မိုးရွာချနေသည်မှာ အချိန်တစ်နာရီကျော် ကြာမြင့်သွားချေပြီ။ မိုးရွာသည်နှင့်မတူ။ မိုးပြိုနေသည်လား ဟုပင် ထင်မှတ်ရလေသည်။

မီးရထား၏ အိမ်ရှေ့ကလမ်းမှာ ရေတွေလျှံနေပြီ။ လမ်းဘေးရေနုတ်မြောင်းများကလည်း ဝါးလုံးထိုး စီးဆင်းလာသော ရေများကို နိုင်အောင်နုတ်သိမ်းပေးနိုင်ခြင်းမရှိတော့။

ရေတွေက ရေနီတွေ ဖြစ်နေသည်။ မြေနီများကို ဖြတ်သန်းစီးဆင်းတိုက်စားလာသည် ထင်၏။

ဒေါသတကြီး စီးဆင်းနေသော ရေစီးကြောင်းထဲမှာ အမှိုက်သရိုက်များ၊ သစ်တိုသစ်စများ၊ သစ်ရွက်ခြောက်များ၊ စက္ကူစုတ်များပါ ရောထွေးပါလာသည်ကို တွေ့ရသည်။

စုတ်ပြဲနေသော ဓာတ်ပုံခပ်ကြီးကြီး တစ်ပုံသည် အခြား အမှိုက်သရိုက်များလိုရေစီးကြောင်းတွင် ကျက်ချင်း မျောပါမသွားဘဲ ဝဲလှည့်ကာ က,ခုန်နေသေးသည်။ စိတ်တိုင်းကျ ကခုန်ပြီးတော့မှ ကရင်းခုန်ရင်းပင် ရေစီးကြောင်းအတိုင်း မျောပါသွားလေတော့သည်။

ယခုမှ ထိုဓာတ်ပုံစုတ်သည် မီးရထား၏မြင်ကွင်းမှ အပြီးတိုင် ပျောက်ကွယ်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ရေမြောင်းထဲတွင် ထိုဓာတ်ပုံစုတ် ငြိတွယ်နေသည်မှာ ရက် အတန်ကြာသွားပြီ။ လေပြည်လေညင်းကလေး တိုက်ခတ်လာလျှင် သူ ငြိတွယ်နေသည့် နေရာမှာပင် ကခုန်သလို နိမ့်ချည်မြင့်ချည် ဖြစ်စမြဲပင်။

လေပြည်လေညင်း မဟုတ်ဘဲ လေခပ်ပြင်းပြင်း တိုက်သော်လည်း ထိုဓာတ်ပုံသည် ထိုနေရာမှ လွင့်ပါမသွား။

ထိုနေရာတွင် သူ တစ်ခုတည်း ရှိခဲ့ခြင်း မဟုတ်ပါ။ သူနှင့်အတူ အခြား ဓာတ်ပုံစုတ်များလည်း စောစောက ရှိခဲ့ဖူးပါသည်။ သို့သော် အခြား ဓာတ်ပုံစုတ်များသည် ခပ်သာသာ စီးနေသော ရေစီးကြောင်းနှင့် အတူ ခဏအကြာမှာပင် မျောပါသွားခဲ့ကြသည်။ အချို့ကလည်း လေက အသုတ်တွင် ငြိရာမှ ပြုတ်ပြီး အောက်ဘက်သို့ ပါသွားခဲ့ကြသည်။

သည်တစ်ပုံတည်းသာ ခေါင်းမာစွာဖြင့် တင်းခံနေခဲ့ခြင်း ဖြစ်လေ သည်။

ယခုတော့ သူ့မှာ တင်းခံနိုင်အားတွေ ကုန်ဆုံးသွားရှာပြီ။ ဒေါသ ကြီးနေရသော ရေစီးကြောင်းကို အန်တုနိုင်ခြင်း မရှိရှာပြီ။

တစ်ရံရောအခါတုန်းက ဓာတ်ခုံပေါ်မှာ မျက်နှာအပွင့်ကြီး ပွင့်ခဲ့ ပူးသော အလွန်တရာ ကျော်ကြားသော အနုပညာပါရမီလည်း ရင့်သန့် လွန်းမက ရင့်သန်လှသော ကချေသည်မလေး မီးရား၏ အတိတ်ဘဝ ဓာတ်လမ်းသည် ထိုနေရာမှာပင် နိဂုံးကမ္ပက် အဆုံးသတ်လေသတည်း။

* * *

မီးရား ကိုးနှစ်အရွယ်တုန်းက အကအခုန် ဝါသနာ အလွန်ကြီး ခဲ့သည်။ သွားရာလာရာမှာလည်းကောင်း၊ စားရာသောက်ရာမှာ လည်း ကောင်း၊ ယုတ်စွအဆုံး စာသင်ကြားရာမှာပင် လည်းကောင်း လက်ကျိုး ခြေချိုးဖို့လောက်သာ စိတ်ကူးနေလေ့ရှိသည်။

တာဝန်အရ ကျောင်းတော့ မှန်မှန်တက်ပါ၏။ သို့သော် စာထဲ မှာ စိတ်မဝင်စားနိုင်ပါ။ ဆရာမက စာသင်ကြားနေဆဲမှာပင် စည်းချက် နှင့် ခြေကြွခြေချမှန်အောင် လေ့ကျင့်နေလေ့ ရှိသည်။

ဆရာမက စာမေးသဖြင့် မဘ်တတ်ရပ်လိုက်သောအခါ ဘာမှ မဖြေတတ်တော့။





"မီးရား စာသင်တာကို စိတ်မဝင်စားဘဲ မင်း ဘာတွေ စိတ်ကူး နေသလဲ"

ဟု ဆရာမက ဒေါသတကြီး မေးခြင်းကိုလည်း အကြိမ်ကြိမ် ခံခဲ့ရသည်။

ဆရာမ ရေးပြနေသော ကျောက်သင်ပုန်းပေါ်မှ ဂဏန်းသင်္ချာများ ကို မမြင်။ ကကြိုးကကွက်များကိုသာ မြင်နေသည်။

သို့သော်လည်း ထူးဆန်းစွာပင် တစ်နှစ်တစ်တန်းတော့ မှန်မှန် အောင်ခဲ့သည်။ ကချေသည် အစောင့်နတ်သမီး၏ အစောင့်အရှောက် ကြောင့် ဖြစ်ရမည်ဟု မီးရား အထင်ရောက်ခဲ့သည်။

မီးရား၏ မိဘများက အက,ဆရာမခေါ်ပြီး အိမ်မှာ အက,သင် ပေးသည်။ ဆရာ၊ ဆရာမများကမူ လုံးဝ လက်မခံနိုင်။ မီးရာ၏ ပညာ ရည်တိုးတက်မှုမှာ နည်းနည်းကလေးမှ အားရဖွယ်ရာ မကောင်းကြောင်း ကျောင်းအုပ်ဆရာကြီးကလည်း မီးရား၏ ဖခင်ထံသို့ မကြာခဏ စာရေး တိုင်သည်။

သို့သော်လည်း မီးရား၏ အဖေကမူ ကျောင်းအုပ် ဆရာကြီး၏ တိုင်စာများကို စိုးစဉ်းမျှ ဂရုမစိုက်ချေ။

မီးရားသည် အကတွင် အလွန်ထူးချွန်နိုင်ကြောင်း သိသည်။ ဗီဇ ပါရမီပါကြောင်း သိသည်။ ကချေသည်တစ်ယောက်အနေဖြင့် အလွန် အောင်မြင်ကျော်ကြားနိုင်ကြောင်း အတပ်သိသည်။

သည်လို အခွင့်အရေးမျိုးကိုတော့ သူတို့ လက်လွှတ်မခံနိုင်ပါ။ ထို့ကြောင့် စိတ်ကြိုက်အက ဆရာမများကို အိမ်သို့ခေါ်ယူပြီး ကြိုက်ကြေး ပေးကာ က,ကြိုးပေါင်းစုံကို သင်ယူစေသည်။

မီးရားကလည်း မိဘအလိုအတိုင်း စိတ်ရောကိုယ်ပါ အားကြိုး မာန်တက် သင်ယူလေ့လာသည်။ အချိန်ရှိသမျှ အကလေ့ကျင့်သည်။

သို့ဖြင့် ဆယ့်တစ်နှစ်သမီး မပြည့်မီမှာပင် ကချေသည်မကလေး မီးရား၏ ဂုဏ်သတင်းသည် စတင်ကျော်ကြား ပြုလာလေတော့သည်။

ရပ်ကွက်များမှာ ကျင်းပသော ပွဲများမှ စင်မြင့်ပေါ် တက်ကသည်။ ပွဲလမ်းသဘင်များမှာ တက်ကသည်။ ဆုများ၊ ဂုဏ်ပြုလွှာများ အတော မသတ်အောင် ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာများက ဝိုင်းဝန်းချီးကျူး ရေးသားကြသည်။ ပင်တိုင်ဆောင်းပါးရှင်များက သူ့အကြောင်း အသားပေး ဝေဖန်ကြသည်။

"အနာဂတ်တွင် တောက်ပလာရန် သေချာသော ချစ်စဖွယ် ကချေသည်မလေး" ဟု ကင်ပွန်းတပ်ကြသည်။

* * *

မီးရားသည် ဆယ့်ရှစ်နှစ်သမီး အပျိုဖားဖား ဖြစ်လေပြီ။ ဓာတ်ခုံပေါ်မှ သူ၏ ဂုဏ်သတင်းကလည်း အကျော်ကြားကြီး ကျော်ကြားလျက် ရှိနေပြီ။

ဆယ့်ရှစ်နှစ် ပြည့်သည့်နှစ်မှာပင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်က တက္ကသိုလ် ဆက်တက်သည်။

တက္ကသိုလ်ရောက်တော့လည်း မီးရား နာမည်ကြီးလှသည်။ စာတော်သောကြောင့် နာမည်ကြီးခြင်းကား မဟုတ်ပါ။

အကတော်သောကြောင့် နာမည်ကြီးခြင်းသာ ဖြစ်သည်။ အကကောင်းလွန်းသောကြောင့် ကျောင်းသူကျောင်းသားတိုင်းက မီးရားကို သိကြခြင်း ဖြစ်သည်။ မီးရားနှင့် ရင်းနှီးကျွမ်းဝင်လိုသူများ ဝိုင်းဝိုင်းလည်နေသည်။

သူနေ နေသည့်မြို့မှ ကပွဲများမှာသာ ပါဝင်ကပြသည့် အဆင့်မဟုတ်တော့။ အခြားမြို့ရွာများသို့လည်း လိုက်လံဖျော်ဖြေနေရပြီ။

ဝေးလံသော ဒေသများမှာ ကျင်းပသည့် ဂီတနှင့်အနုပညာ ကွန်ဖရင့်ကြီးများက ဖိတ်ကြားကြသည်။ မဖြစ်မနေ တက်ရန်လည်း တိုက်တွန်းကြသည်။

မီးရား ရောက်လေရာမှာ လက်ခုပ်သံများ သောသောညံနေသည်။ မီးရား က,ပြီးတိုင်း ဩဘာသံများ ဘဝဂ်ညံနေသည်။

ထိုသို့သော အောင်မြင်မှုများကြောင့် သူ့အဖေနှင့်အမေသည် လည်းကောင်း၊ အကဆရာမများသည် လည်းကောင်း၊ ပျော်မဆုံး၊ မော်မဆုံး ဖြစ်နေကြလေသည်။

ကချေသည်ဘဝကိုပင် လုံးလုံးလျားလျား လက်ခံယူဖို့နှင့် ယခုအောင်မြင်ကျော်ကြားမှုကို အခြေခံပြီး ပိုမိုအောင်မြင်ကျော်ကြားလာအောင် တစ်ဆင့်တက် ကြိုးစားဖို့ကိုလည်း ပြင်ဆင်ကြလေသည်။





မီးရား၏ ဘဝမှန်သည် ကချေသည်ပင် ဖြစ်သည်ဟုလည်း မိဘနှစ်ပါးစလုံးက စိတ်တုံးတုံး ချလိုက်ကြတော့သည်။

"မီးရားကို ဘယ်တော့လောက်မှာ အိမ်ထောင်ရက်သား ချထားပေးမယ်လို့ စိတ်ကူးသလဲဟင်"

ဟု အမေ့သူငယ်ချင်းများက မေးကြသည်။

ထိုသို့ အမေးခံရတိုင်း မီးရား၏အမေက အပြုံးကလေးနှင့် ဣန္ဒြေမပျက် ပြန်ပြောစမြဲ ဖြစ်သည်။

"ကျွန်မ သမီးလေး ငယ်ပါသေးတယ် ရှင် အခုမှ ကလေးဘဲရှိသေးတာပဲ"

မိဘနှစ်ပါး၏ မျက်စိထဲမှာတော့ မီးရားသည် မိဘ်ကလေးလေးဟုသာ မြင်နေသည်။

မီးရားသည် အသက်နှစ်ဆယ် ပြည့်ပြီ။

သို့သော် မိခင်နှင့် နို့နံ့မစင်သေးသော ကလေးငယ်အဖြစ်သာ အဖေရော အမေကပါ မြင်နေသည်။ ဓာတ်ခုံပေါ်မှာ လှလှပပကလေး ကနေသော သမီးကလေးကိုကြည့်ပြီး ချစ်လို့မဝ ကြင်နာလို့မဆုံး ဖြစ်နေသည်။

မီးရား မွေးစကတည်းက "ကလေး"ဟု ခေါ်ခဲ့ကြလေရာ ယခုအသက်နှစ်ဆယ်ပြည့်သည်အထိ သူတို့အခေါ်ဝေါ်များကို မပြောင်းလဲကြသေးချေ။

မီးရာကို အိမ်ထောင်ရက်သား ချထားပေးဖို့ သူတို့ လုံးဝ စိတ်မကူးပါ။

အိမ်ထောင်ရက်သား ချပေးလောက်အောင် အရွယ်ရောက်ပြီးဟုလည်း သူတို့ မတွေးထင်မိပါ။

မီးရား၏ဘဝသည် ကချေသည်ဖြစ်သည်။ မီးရာ၏ အနာဂတ်သည် ကချေသည်ဖြစ်သည်။ မီးရာ၏ ဦးတည်ရာသည် ကမ္ဘာကျော်ကချေသည် ဖြစ်သည်။ ထိုအရာများကလွဲပြီး အခြားဘာကိုမျှ မစဉ်းစား။

သို့သော် မီးရားသည် သူတို့ထင်ထားသလို ကလေးငယ်ကလေး မဟုတ်တော့ပါ။ အမေ့နို့နံ့မစင်သေးဘူး မဟုတ်တော့ပါ။ အသက် နှစ်ဆယ်အရွယ် အပျိုကြီးဖားဖားအဖြစ် ကောင်းစွာ လူလားမြောက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ခန္ဓာကိုယ်သည်လည်း အရွယ်ရောက်ပြီဖြစ်သော အပျိုတို့၏ ကိုယ်ပိုင်ပစ္စည်းများဖြင့် လှပစွာ ဖွံ့ထွားနေပါပြီ။

ကရေ၊ ခုန်ရေ၊ ပျော်မြူးရသည့် အလုပ်ကဲ့သို့ပင် မီးရား စိတ်ဝင်စားသည့် အခြားအကြောင်းအရာတွေ အများကြီး ရှိလာပြီ။

သက်တူရွယ်တူ မိန်းကလေးများနှင့် ပေါင်းရသင်းရသည့်အတွက် စိတ်လက်ပေါ့ပါး ရွှင်လန်းလာသည်။

ယောကျာ်းသားများက လက်ခုပ်တီး ဩဘာပေးသောအခါတွင် ရင်ကလေး ဖိုသလိုလိုနှင့် အမည်ဖော်မပြတတ်သော စိတ်ချမ်းသာမှုတစ်မျိုးကို ခံစားလာရသည်။

သက်တူရွယ်တူ ယောကျာ်းကလေးများက ချီးကျူးစကားပြောသည်ကို နားထောင်ရသောအခါ **ကြည်နူးမှုနှင့်အတူ** ထူထူပူပူ ရှိန်းရှိန်းဖိန်းဖိန်း ခံစားလာရသည်။

ထိုထက်ပိုဆိုးသည်မှာ တပ်မက်သည့် မျက်လုံးဖြင့် သူ့ကိုယ်လုံးကို သိမ်းကျုံးကြည့်ခြင်း ခံရသောအခါများတွင် ဖြစ်သည်။

ထိုသို့ အကြည့်ခံရသောအခါ ကြက်သီးကလေးများပင် တဖြန်းဖြန်း ထမိပါ၏။

ယောကျာ်းဖျိုကလေးများနှင့် ပြောဆိုဆက်ဆံရာတွင် အမျိုးအမည်မဖော်ပြတတ်သော ဝေဒနာတစ်မျိုးကို ခံစားလာရသည်။ ပုံပန်းသဏ္ဌာန်ကို ဖမ်း၍မရသော ပျော်ရွှင်မှုတစ်မျိုးကို ခံစားလာရသည်။

သူသည် ကလေးအရွယ်ကတည်းက ကပြဖျော်ဖြေလာသူ ဖြစ်၏။

သူသည် ကလေးအရွယ်ကတည်းက ချီးကျူးခြင်း၊ အားပေးခြင်းများကို ခံစားခဲ့ရ၏။

သို့သော် ဟိုတုန်းက ဝမ်းသာမှုနှင့် မတူပါ။

ယခု ကြည်နူးချမ်းမြေ့မှုက နုပျိုသော သူ၏ အသည်းနှလုံးကို တုန်ခါစေတော့သည်။

ချစ်ချင်းမေတ္တာအတွက် အသင့်ဖူးပွင့်နေပြီဖြစ်သော အသည်းနှလုံးကို ညှို့ငင်ဖမ်းစားလေတော့သည်။

ယခုမှ တစ်စုံတစ်ရာအား တောင့်တသည့် ဝေဒနာကို အမြဲမပြတ်ခံစားနေရပြီ။





ယင်း ဝေဒနာကြောင့် စိတ်အနားမရနိုင်သော အဖြစ်မျိုးကို ကိုယ်တိုင် ကြုံတွေ့နေရပြီ။

* * *

မီးရာ၏ အက,ဆရာမက လူငယ်တယောဆရာ တစ်ယောက်ကို ငှားရမ်းလာပြီး သူတို့အဖွဲ့မှာ အားဖြည့်ပေးသည်။

တယောဆရာကလေး၏ တယောလက်သံသာသည် သူတို့ တီးဝိုင်း၏ ဂုဏ်ကျက်သရေကို ပိုမို မြင့်တက်စေပါသည်။

မီးရား၏အကကိုလည်း ပိုမို ရွှန်းတင့်စေပါသည်။

တယောဆရာမ မက်ဒ်ဟာ့ဖ်၏ တယောလက်သံသာကို ပရိသတ်က တစ်စတစ် သတိထားမိလာသည်။ တယောသံဆုံးသွားတိုင်း သောသောညံညံ ဩဘာသံကြီး ထွက်လာသည်။

ထိုသို့ ဩဘာသံကြီး ထွက်ပေါ်လာသည့်အခါတိုင်း စပေါ့လိုက်ထိုးပေးထားသော တယောဆရာကလေးကို မီးရားက တိတ်တိတ်ကလေး ပြုံးပြစမြဲဖြစ်သည်။

ပြီးတော့ "သိပ်တော်တာပဲရှင်" ဟု စိတ်ထဲက ကျိတ်ပြောလိုက်မိလေသည်။

မီးရားစိတ်ထဲက ကျိတ်ပြီး ပြောသည်ကို တယောဆရာကလည်း အတပ်သိပါသည်။

ထိုနည်းတူစွာပင် မီးရား ကပြီး၍ ပရိသတ်က တစ်ခဲနက်သော ဩဘာသံကြီး ပေါ်ထွက်လာသောအခါ စပေါ့လိုက်အောက်မှာ မီးရားကို တယောဆရာက တိတ်တိတ်ကလေး ခိုးကြည့်သည်။ တိတ်တိတ်ကလေး ပြုံးပြသည်။

ပြီးတော့

"မင်း သိပ်တော်တာပဲကွယ်" ဟု စိတ်ထဲက ကျိတ်ပြောစမြဲဖြစ်သည်။

တယောဆရာမကလေး စိတ်ထဲက ကျိတ်ပြီး ထိုသို့ပြောသည်ကို မီးရာကလည်း အတပ်သိပြီးပင် ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် တယောဆရာကလေး မက်ဒ်ဟာ့ဖ်ကို ပရိသတ်က ကောင်းချီးကြဘာပေးလျှင် မီးရားက ကျေနပ်မဆုံး ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းဆိုရပါမူ မိမိကို ကောင်းချီးသြဘာပေးသည်ထက်ပင် မီးရား၏ ပိုမိုကျေနပ်မိသည်ဟု အထင်ရောက်နေပါသည်။

မက်ဒ်ဟာ့ဖ်လို ပညာစွဲသည့် တယောမျိုးရှားကြောင်း လက်သံ အင်မတန်ကောင်းကြောင်း၊ လူအများ ချီးကျူးသံကို ကြားရသောအခါ မီးရား၏ ရင်ထဲမှာ ထူးဆန်းသော ပျော်ရွှင်မှုတစ်မျိုးကို ခံစားနေရစမြဲ ဖြစ်လေသည်။

"လူတွေက ရှင့်တယောသံကို သိပ်ကြိုက်ကြတာ"ဟု မီးရားက မက်ဒ်ဟာ့ဖ်ကို ပြောဖူးသည်။

"လူတွေ သဘောကျတာတော့ လူတစ်ယောက်ပါပဲရှင်"

"ဒီလို မဟုတ်သေးဘူးလေ၊ အများနှင့် ရောလိုက်လို့တော့ ဘယ် တော်ပါ့မလဲ။ မင်းစိတ်ထဲမှာ တကယ် ခံစားနေရတာကို သိချင်တယ်။ ကိုယ့်တယောသံကို မင်း ကြိုက်ရဲ့လား၊ ပြောပါဦး"

"အကြိမ်ပေါင်းမရေနိုင်အောင် ကျွန်မ ပြောခဲ့ပြီးပြီလေ၊ တီးလုံး တစ်ပိုဒ် ဆုံးသွားတိုင်း ရှင့်ကို ကျွန်မ လှမ်းကြည့်ပြီး ပြုံးပြတယ် မဟုတ် လား။ အဲဒီလို ပြုံးပြရင် 'သိပ်တော်တာပဲရှင်' လို့ ကျွန်မ စိတ်ထဲက ကျိတ်ပြီး ပြောခဲ့တဲ့ အကြိမ်ပေါင်းဟာ မရေနိုင်တော့ပါဘူး။ ရှင် သတိ မထားမိဘူးနှင့် တူတယ်။ ကျွန်မရဲ့ အကအဖွဲ့ကလေးဟာ ရှင်သာ မပါရင် ဒါလောက် အောင်မြင်မှာ မဟုတ်ဘူးလို့ ကျွန်မ သေသေချာချာ ပြောရဲတယ်"

"အို ဒါလောက်တောင်တော့လည်း မဟုတ်ပါဘူး။ မီးရားရယ်။ ကိုယ့်တယောဟာ မင်းရဲ့ အနုပညာကို ပံ့ပိုးပေးတဲ့ သဘောလောက်ပါ။ အစိတ်အပိုင်းကလေး တစ်ခုလောက်ပဲ ရှိပါတယ်။ ကိုယ်တို့အဖွဲ့ အောင်မြင် နေတာဟာ မင်းတော်လွန်းလို့ပါ။ ကိုယ့်တယောအကြောင်း စကားထဲ တောင် ထည့်ပြောစရာ မရှိပါဘူး။ မင်းလောက် အကတော်တဲ့ မိန်းကလေး ဒီကမ္ဘာပေါ်မှာ မရှိတာ အမှန်ပါ"

"အောင်မယ်လေးလေး ဒီလောက်တောင်လည်း မမြှောက်လိုက်ပါ နှင့်။ ဘဝမြင့်ပြီး ကျွန်မ မိုးပေါ် ရောက်သွားပါဦးမယ်"

မီးရား၏ ရင်ထဲရှိ ဝမ်းသာကြည်နူးစိတ်က အစိုင်အခဲ ပိုမိုကြီး မားလာလေပြီ။

* * *





အိန္ဒိယပြည်လုံးဆိုင်ရာ ဆိုကရေးတီး ကွန်ဖရင့်ကြီးကို မီးရားတို့ မြို့မှာ ခြိမ့်ခြိမ့်သည်း ကျင်းပလေသည်။

တပြည်လုံးမှာ ရှိနေသော ထိပ်တန်းပညာသည်များ စုံစုံညီညီ တက်ကြသည်။ တေးရေး၊ တေးဆို၊ အတီးအမှုတ်၊ အကအခုန်များနှင့် ပတ်သက်ပြီး အလေးအနက် ဆွေးနွေးကြသည်။ ပညာချင်း ဖလှယ်ကြ သည်။

ထိပ်တန်းပညာရှင်များက မိမိတို့တက်ကျွမ်းရာ အနုပညာစွမ်း ရည်များဖြင့် တင်ဆက်ကြသည်။

ထိုကွန်ဖရင့်ကြီးက အတော်ဆုံး အကပညာရှင်အဖြစ် မီးရားကို ရွေးတဲဆိပ်ဆု ချီးမြှင့်ကြလေတော့သည်။

နယ်တကာ ရပ်တကာမှ စာနှင့်တစ်မျိုး ကြေးနှင့်တစ်ဖုံ ရောက် လာသည့် ချီးကျူးလွှာများသည် အတောမသတ်နိုင်တော့ချေ။

"မင်းကို ချီးကျူးချင်တဲ့ ဆန္ဒတွေ ကိုယ့်ရင်ထဲမှာ ပေါက်ကွဲထွက် တော့မတတ် မဆုံအောင် ဖြစ်နေပြီ။ ဒါပေမယ့် ချီးကျူးရမှာ ရှက်သလို ကွယ်"

မက်ဒ်ဟာ့ဖ်က မဝံ့မရဲ လေသံနှင့် ပြောသည်။

ထိုစကားကြောင့် မီးရားက ရယ်သည်။

"ရှက်တယ်၊ ဘာကြောင့် ရှက်ရတာလဲဟင်" ဟုလည်း ပြန်မေး သည်။

"တစ်ကမ္ဘာလုံးက မင်းကို ချီးကျူးနေကြပြီလေ။ ဒါကြောင့် ကိုယ်လို အညတရတယောသမားက ချီးကျူးတာဟာ မင်းအတွက် ဘယ် မှာ တန်ဖိုးရှိတော့မှာလဲ"

"ရှင် မှားနေပြီ။ ရှင် ဘယ်တော့ ချီးကျူးမလဲလို့ ကျွန်မ စောင့် နေတာ။ ကျွန်မ ကျောကလေးကိုသပ်ပြီး 'ဝမ်းသာလိုက်တာကွယ်' လို့ ဘယ်တော့များမှ ပြောပါ့မလဲဆိုပြီး ရင်တထိတ်ထိတ်နှင့် စောင့်နေတာ"

"တကယ်ပြောတာလား"

မက်ဒ်ဟာ့ဖ်၏ မျက်နှာမှာ ဝင်းထိန်သွားလေသည်။ မျှော်လင့် မထားသော စကားမျိုးကို ကြားလိုက်ရသဖြင့် ဝမ်းအသာကြီး သာသွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အားပါးတရ ပြုံးလိုက်ရင်း တစ်တစ်ရစ်ရစ်နှင့် နအိနေသည့် မီးရား၏ လက်မောင်းကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"မင်း အရမ်း တော်တာပဲကွယ်။ ဒီလောကမှာ မင်းလောက်တော်တာ တစ်ယောက်မှ မရှိတော့ဘူး။ အမှန်တော့ မင်းဟာ ရွှေတံဆိပ်ရိုးရိုးနှင့်တောင် မတန်ပါဘူး။ အဲ-ရွှေတံဆိပ်မှာ ပတ္တမြားတွေ၊ စိန်တွေ၊ မြတွေ ခြယ်ပြီး ပေးဖို့ကောင်းတာ"

"ဒါလောက်လည်း မမြှောက်နှင့်လေ။ ရှင့်စကားတွေ ကြားရတိုင်း ကျွန်မရင်ထဲမှာ နွေးနွေးသွားတယ်"

မီးရားက ချစ်စဖွယ်အပြုံးကလေးနှင့် မက်ဒ်ဟော့ဖ်ကို မျက်တောင်မခတ် ပြန်စိုက်ကြည့်နေသည်။

"မင်းကို တစ်ခုလောက် မေတ္တာရပ်ခံပါရစေ။ ဝမ်းသာစကားလေး ပြောရုံနှင့်တော့ လုံလောက်တယ် မထင်ဘူး။ ဒါကြောင့် မင်းကိုဂုဏ်ပြုတဲ့ အနေနှင့် ပွဲကလေးတစ်ခုလောက် လုပ်လိုက်ချင်တယ်။ မင်း လာနိုင်ပါ့မလား"

"ဘယ်မှာလဲ။ ရှင်တို့အိမ်မှာလား"

"ကိုယ့်မှာ အိမ်မြေရာမြေ မရှိဘူးလေ။ နောက်ပြီးတော့ မိဘတွေလည်း မရှိတော့ဘူး"

"ကျွန်မ စိတ်မကောင်းပါဘူးရှင်"

မီးရားသည် တကယ်ပင် စိတ်ထိခိုက်သွားကာ တုန်လှုပ်သော လေသံကလေးဖြင့် ညည်းညည်းညူညူ ပြောလေသည်။

"ထိပ်တန်း ဟိုတယ်တစ်ခုခုကို သွားမယ်။ ပျော်ပျော်ပါးပါး စားကြသောက်ကြမယ်။ လိုက်မယ် မဟုတ်လား။ မင်းအဖေဆီမှာ ကိုယ်ခွင့်တောင်းရမလား"

ထိုစကားကြောင့် မီးရားက သူ့ပါးစပ်ကလေးကို သူ ပြန်ပြီး လက်ဝါးဖြင့် အထိတ်တလန့် ဖုံးလိုက်လေသည်။ ခေါင်းကိုလည်း သွက်သွက်ကြီးခါသည်။

"မလုပ်နှင့် မလုပ်နှင့်။ ပါပါက သဘောတူမှာ မဟုတ်ဘူး။ ဒီအကြောင်း ပါပါ့ကို သွားမပြောလိုက်နှင့်"





"ဒါပေမယ့် မင်းကို ကိုယ် အရမ်းဂုဏ်ပြုချင်နေတယ်။ မင်းကသာ လက်မခံနိုင်ဘူးဆိုရင်တော့ ကိုယ့်လောက် စိတ်ထိခိုက်မယ့်လူ ဒီလောကမှာ ရှိနိုင်တော့မှာ မဟုတ်ဘူး"

သူ ပြောလိုက်သည့် လေသံထဲမှာ ခံစားချက်တစ်မျိုး ပါနေသည်။ မည်သို့သော ခံစားချက်မျိုးကြောင်း မီးရားမသိပါ။ သို့သော်လည်း ထိုခံစားချက်သည် မီးရား၏ အသည်းနှလုံးထဲသို့ စူးနစ်တိုးဝင်သွားကြောင်းကိုတော့ သိနားလည်လိုက်လေသည်။

မီးရားမှာ ငြင်းဆန်နိုင်အား မရှိတော့ပါ။ မက်ဖ်ဟော့ဒ် စိတ်ထိခိုက်အောင် ခေါင်းခါနိုင်စွမ်း မရှိတော့ပါ။

ထို့ထက် ပိုဆိုးသည်မှာ မက်ဒ်ဟော့ဖ် စိတ်မချမ်းမသာ ဖြစ်သွားမည်ကို မလိုလားဆုံး ဖြစ်မိခြင်းပင်။

ပါပါ့ထံမှာ ခွင့်တောင်းလျှင် မည်သည့်နည်းနှင့်မျှ ခွင့်ပေးမည် မဟုတ်ကြောင်း မီးရားသိသည်။

ထိုအသိက ဖိစီးနှိပ်စက်လာသည်။ ရင်ထဲမှာ တင်းကျပ်လာသည်။ "ဘယ်လိုလုပ်ရရင် ကောင်းမလဲ" ဟု သူ့ကိုယ်သူ အကြိမ်ကြိမ် ပြန်မေးမိသည်။

အသက်နှစ်ဆယ်ပြည့်လာသည်အထိ ပထမဆုံးအကြိမ်အဖြစ် ရင်အခုန်ရဆုံးသော အတွေ့အကြုံဖြစ်ကြောင်း တစ်စတစ်စ သဘောပေါက်လာသည်။

ချစ်ခြင်းမေတ္တာတရားသည် သူ့အသည်းနှလုံးအတွင်းသို့ တားမနိုင်ဆီးမရ အဓမ္မတိုးဝင်ကာ နေရာယူလေပြီ။

အသည်းနှလုံးထဲမှာ ချစ်ချင်းမေတ္တာတရားတွေ ခိုအောင်းလာပြီဆိုတော့ မိန်းမငယ်ကလေးတို့၏ ထုံးစံအတိုင်း သတ္တိတွေ အလိုလို ရှိလာသည်။ ခွန်အားတွေ အလိုလို ဖြစ်ပေါ်လာသည်။ စွန့်စားလိုစိတ်များ အလုံးအရင်းနှင့် ပေါက်ရှိလာသည်။

"မိဘခွင့်ပြုမှ လိုက်ရတော့မှာလား" ဟူသော စိတ်ရိုင်းစိတ်မိုက်ကလေးက ခေါင်းထောင်ထလာသည်။

"ရှင် စိတ်ထိခိုက်အောင် ကျွန်မ မလုပ်ရက်ပါဘူးရှင်။ ကျွန်မ လိုက်ပါ့မယ်။ ဘယ်ကိုခေါ်ခေါ် လိုက်ပါ့မယ်။ ပါပါ့ကို အသိမပေးဘဲ လိုက်ပါမယ်။ ကဲ ကျေနပ်တော်မူပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ မီးရားရယ်"

မက်ဒ်ဟာ့ဖ်က မီးရား၏ လက်ကလေးနှစ်ဘက်ကို ပူးယှက်ပြီး တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်လေတော့သည်။

* * *

ဟိုတယ်တွင် နှစ်ယောက်တည်း ချိန်းတွေ့ပြီး အပြန်လမ်းကျတော့ မီးရား၏ ခေါင်းထဲမှာ အတွေးပေါင်းစုံဖြင့် ရှုပ်ထွေးနေသည်။

မိဘကို အသိမပေးဘဲ ယခုလို တိတ်ဆိတ် ခိုးတွေ့ခြင်းသည် မှန်ကန်လေရဲ့လားဟု ဆင်ခြင်မိသည်။ နောက်နောင်တွင် မိဘကို အသိမပေးဘဲ ယခုလို မလုပ်တော့ဟုလည်း အကြံပေါ်မိသည်။

သို့သော် သူ့အကြံသည် မခိုင်မြဲပါ။ တာရှည် မတည်တံ့ပါ။ ချက်ချင်းဆိုသလိုပင် ထိုအကြံကို အလိုလို ပယ်ဖျက်မိပြီးသား ဖြစ်သွားပြန်သည်။

ထို့နောက်ပိုင်းတွင် သူတို့နှစ်ယောက် မကြာခဏ ချိန်းတွေ့ကြလေ့ရှိသည်။ ခိုးကြောင်ခိုးဝှက် တွေ့ရသော အတွေ့သည် ဘာအရသာနှင့်မျှ မတူအောင် ထူးခြားနေကြောင်းကိုလည်း သူတို့နှစ်ယောက်စလုံး ခံစားလာရသည်၊

အခွင့်အရေးရတိုင်း ချိန်းတွေ့ဖန်များတော့ တစ်ယောက်ကို တစ်ယောက် ချစ်မိနေကြပြီဖြစ်ကြောင်းကိုပါ သဘောပေါက် နားလည်လာကြတော့သည်။

"ပါပါသာ သိသွားရင် ဘာတွေဖြစ်ကုန်မလဲ မသိဘူး မောင်ရယ်။ ဒီအကြောင်းကို စဉ်းစားမိတိုင်း ကျွန်မ အသည်းတွေတုန်လိုက်တာ"

မီးရားက မက်ဒ်ဟာ့ဖ်၏ ရင်ဘတ်မှာ မျက်နှာကလေး အပ်ရင်း မျက်ရင်းစမ်းစမ်းဖြင့် ပြောသည်။

"မင်း ပါပါ ဘယ်လိုလုပ် သိနိုင်မှာလဲကွယ်"

"ကျွန်မ သိပ်ကြောက်တာပဲ မောင်ရယ်။ နောက်ပြီးတော့ အခုလို ခိုးကြောင်ခိုးဝှက် ချစ်နေရတာကိုလည်း ကျွန်မ သိပ်မုန်းတာပဲ သိလား"

ထိုစကားမျိုးပင် မက်ဒ်ဟာ့ဖ်ကလည်း တစ်ကြိမ်မက ပြောခဲ့ဖူးပါသည်။





"လူသိမခံဝံ့ဘဲ အခုလို တိတ်တိတ်ကလေး ချစ်နေရတာကို မောင်လည်း စိတ်ကုန်လှပြီ။ မင်းအဖေရဲ့ရှေ့မှာ ရင်ကော့ပြီး မင်းကို မောင်ချစ်နေကြောင်း ပြောင်ပြောင်ပဲ ပြောလိုက်ချင်တော့တယ်ကွယ်"

ဒီလိုဆိုပြန်တော့လည်း မီးရားက အထိတ်တလန့်ဖြင့် မက်ဒ်ဟာ့ဖ်၏ ပါးစပ်ကို သူ့လက်ကလေးနှင့် အသာအယာ ပိတ်သည်။

"မလုပ်ပါနှင့် မောင်ရယ်၊ အဲဒီလိုတော့ မလုပ်လိုက်ပါနှင့်။ အကုန်လုံး ပြဿနာတွေ ရှုပ်ကုန်ပါ့မယ်။ အစွမ်းကုန်သည်းခံပြီး စောင့်ပါဦး"

"အခုလို ခိုးကြောင်ခိုးဝှက် ချစ်နေရတဲ့ ဘဝကြီးက ဘယ်တော့များမှ လွတ်မြောက်နိုင်ပါ့မလဲ အချစ်ရယ်"

"ကြာချင်သလောက် ကြာဆိုပြီး ဒီအတိုင်း ထိုင်ကြည့်နေရတော့မှာပဲ မောင်။ ဖုံးလို့ဖိလို့ မရတော့တဲ့အခါကျမှ မီးစင်ကြည့်ကရတော့မှာပဲ"

သူတို့၏ လျှို့ဝှက်ချက်ကြီးကို အချိန်ကြာမြင့်စွာ ဖုံးဖိထားနိုင်လိမ့်မည်ဟုလည်း မီးရားက ယုံကြည်နေမိလေသည်။

* * *

မီးသက်လေငြိမ်နေခြင်းသည် ကြီးမားသည့် မုန်တိုင်းကျရောက်တော့မည်ဟူသော ရှေးပြောလက္ခဏာပင် ဖြစ်ပါသည်။

သူတို့ အစိုးရိမ်ကြီး စိုးရိမ်နေသော ကြမ္မာဂြိုဟ်ဆိုးသည် သူတို့မျှော်လင့်ထားသည့် အချိန်များထက် များစွာ စောစီးပြီး ဆိုက်ရောက်လာလေတော့သည်။

တစ်နေ့တွင် အကဆရာသည် မီးရားကို အကသင်ပေးရန် ထုံးစံအတိုင်း ရောက်လာသည်။

ထုံးစံအတိုင်း မီးရားကို အဝတ်အစားလဲခိုင်းသည်။ ခြေချင်းဝတ်နှင့် လက်ကောက်ဝတ်တွင် ချူကလေးများကို ထုံးစံအတိုင်း ကိုယ်တိုင် တပ်ဆင်ပေးသည်။

အားလုံးပြင်ဆင်ပြီးသွားသောအခါ ဗုံကို ကောက်ယူတီးသည်။

"ကဲ ကတော့"

"တယောဆရာ မက်ဒ်ဟာ့ဖ်ကို စောင့်ကြဦးစို့လေ" ဟု မီးရားက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မလာတော့ဘူး"

"ဟင် ဘာဖြစ်လို့"

"နောက် ဘယ်တော့မှ မလာတော့ဖို့ မင်းအဖေက သူ့ကို ပြောလိုက်ပြီ။ တယောဆရာ အသစ်တစ်ယောက် တို့ ထပ်ရှာကြရမယ်။ မကြာခင် ရှာလို့တွေ့မှာပါ။ တယောဆရာတွေ ပေါပါတယ်။ ရိုက်သတ်လို့တောင် မကုန်နိုင်ဘူး။ ပိုတော်တဲ့ တယောဆရာတစ်ယောက် ရှာပေးမယ်၊ ကဲ-ကတော့"

မီးရားသည် ခြေချင်းဝတ်နှင့် လက်ကောက်ဝတ်တွင် တပ်ဆင်ထားသော ချူများကို ဖြုတ်ပြီး လွှင့်ပစ်ချင်စိတ် ပေါက်လာသည်။ ဆရာမကိုလည်း "ပြန်တော့" ဟု ပြောပစ်လိုက်ချင်သည်။

သို့သော် ထိုသို့ပြုလုပ်လျှင် အခြေအနေများ ပိုမို ဆိုးရွားသွားမည်ကို ချက်ချင်းဆင်ခြင်လိုက်မိသည်။

"မက်ဒ်ဟာ့ဖ်ကို နောက်မလာတော့ဖို့ ပါပါက ဘာဖြစ်လို့ ပြောတာလဲဟင်။ သူ မကျေနပ်စရာ ဘာများတွေ့လို့လဲ"

ဆရာမ ဘယ်လိုလုပ် သိနိုင်မှာလဲကွယ်။ နောက်ထပ်တယောဆရာအသစ် ရှာပေးဖို့ မင်းအဖေက ဆရာမကို ပြောတယ်။ မက်ဒ်ဟာ့ဖ်ကိုတော့ အလုပ်ဖြုတ်ပစ်လိုက်ပြီဆိုတဲ့အကြောင်း သူကိုယ်တိုင်ပဲ ပြောပြလိုက်သတဲ့"

မီးရားသည် ရင်ထဲက ဆို့တက်လာသော အလုံးကြီးကို မစွမ်းကုန် ကြိုးစားမျိုသိပ်ထားလိုက်ရသည်။

ထိုနေ့က အပူရုပ်ကို ဟန်လုပ်ဖုံးကွယ်ရင်း ထုံးစံမပျက် အကလေ့ကျင့်ရသည်။ စိတ်ကတော့ အက,ထဲမှာ မရှိပါ။

မက်ဒ်ဟာ့ဖ်နှင့် အမြန်ဆုံးတွေ့ ပါပါက ဘာပြောသလဲဆိုသည်ကို မေးချင်နေသည်။

ပါပါနှင့်မာမာက သူတို့ကို တစေ့တစောင်း ချောင်းမြောင်း ကြည့်ရှုနေပြီလားဟု စဉ်းစားကြည့်မိသည်။ သည်အတိုင်း မှန်လျှင်တော့ အတတ်နိုင်ဆုံး ပိရိဖို့လိုသည်။ အကောင်းဆုံးလှည့်ကွက်ကလေးကို ရှာကြံသုံးဖို့ လိုသည်။

မက်ဒ်ဟာ့ဖ်နှင့် တွေ့ဖို့ဆိုသည်မှာ အလွန်တရာ လိမ္မာပါးနပ်မှ ဖြစ်တော့မည့် အခြေအနေမျိုးသို့ ဆိုက်ရောက်လာပြီ။





တစ်နေ့တွင် ဟန်မပျက် ကျောင်းသွားရန် ပြင်ဆင်သည်။

"မာမာ ညနေပိုင်းမှာ အထူးသင်တန်းတစ်ခု ရှိနေတယ်။ သမီး နည်းနည်းနောက်ကျမယ် နော်"

"အေး အေး ဒါပေမယ့် သိပ်ပြီး နောက်မကျစေနဲ့နော် သမီး"

"စိတ်ချပါ မာမာ၊ အတန်းတက်ပြီးပြီးချင်း အိမ်ကို တန်းပြန်လာခဲ့ပါ့မယ်"

သို့သော် မီးရား တန်းသွားသည်ကတော့ တက္ကသိုလ် မဟုတ်ပါ။ မက်ဒ်ဟာ့ဖ်ငှားနေသည့် အိမ်ခန်းကလေးဆီသို့သာ ဖြစ်ပါသည်။

မက်ဒ်ဟာ့ဖ်ကို တွေ့သည်နှင့်တစ်ပြိုင်တည်း တအားဖက်ကာ သည်းသည်းလှုပ် ငိုကြွေးလေတော့သည်။

"ကျွန်မတို့ ဘာလုပ်ကြရတော့မှာလည်း မောင်ရယ်။ ပြောပါဦး"

မက်ဒ်ဟာ့ဖ်က မီးရား၏ ပျော့ပျောင်းညှပ်အိသည့် ဆံပင်များကို လက်ဖြင့် အသာအယာ ပွတ်သပ်ပေးနေသည်။

"မစိုးရိမ်ပါနှင့် အချစ်ရယ်။ မောင်တို့နှစ်ယောက်ကို သူတို့ ဘယ်နည်းနှင့်မှ မခွဲနိုင်ပါဘူး"

"ကျွန်မတို့အကြောင်းကို ပါပါ ဘယ်လိုလုပ် သိသွားတာလဲဟင်"

"မောင်လည်း မစဉ်းစားတတ်တော့ဘူး"

"ပါပါက မောင့်ကို ဘာတွေပြောသွားသလဲ"

"ပြောတာတွေကတော့ စုံနေတာပဲကွယ်။ ရိုက်မောင်းပုတ်မောင်းလည်း လုပ်သေးတယ်"

"မောင်ကရော ပြန်ပြီး ရန်တွေ့နေသေးသလားဟင်"

"မင်းကို အမှန်တကယ် ချစ်မိကြောင်းနှင့် လက်ထပ်ယူဖို့ ဆုံးဖြတ်ထားတဲ့အကြောင်းလောက်ပဲ မောင် ပြောပြပါတယ်။ သူ အကြီးအကျယ် ပေါက်ကွဲနေတယ်။ မင်းနှင့် နောက်ထပ် ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ ပြောတယ်"

"ဘုရား ဘုရား ကိုယ်ကျိုးနည်းကုန်ကြပါပေါ့လား မောင်ရယ်။ မောင်နှင့်သာ ကွဲရမယ်ဆိုရင်တော့ ရင်ကွဲနာကျပြီး အချစ် သေမှာပဲ"

မီးရားက ပြောပြောဆိုဆို ရှိုက်ငိုမတတ် ငိုလေတော့သည်။ မက်ဒ်ဟာ့ဖ်က ရင်ခွင်ထဲသို့ ဆွဲသွင်းဖွေ့ယူကာ မြတ်နိုးစွာ ချော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်အထိတော့ မဖြစ်နိုင်ပါဘူး အချစ်ရယ်။ မင်းမိဘတွေက ဘယ်လိုပဲခွဲခွဲ အချစ်ကို မောင် တသက်လုံး မခွဲပါဘူး။ မောင်ပြောတာတွေကို သေသေချာချာ နားထောင်စမ်း။ မောင်တို့ တခြားကို ထွက်ပြေးကြမယ်"

ထိုစကားကြားရသည်တွင် မီးရားမှာ အံ့သြမှုနှင့် ကြောက်ရွံ့စိုးရိမ်မှုကြောင့် တုန်လှုပ်ချောက်ချားသွားလေသည်။

"ကျွန်မတို့ ဘယ်လိုလုပ်ပြီး ထွက်ပြေးလို့ ဖြစ်နိုင်မှာလဲ မောင်ရယ်"

မက်ဒ်ဟာ့ဖ်က မီးရားကို တင်ကျပ်စွာ ပွေ့ဖက်ရင်း နှုတ်ခမ်းကလေးကိုနမ်းသည်။

"မောင့်မှာ အစီအစဉ်တစ်ခု ရှိပါတယ် အချစ်ရယ်။ မောင် ရှင်းပြပါ့မယ်"

မက်ဒ်ဟာ့ဖ်က သူ့အစီအစဉ်များကို အသေးစိတ် ရှင်းပြနေသည်။ ရှင်းပြပြီးသောအခါ လိုအပ်သည့် အချိန်းအချက်များကို ပြုလုပ်ကြသည်။

မက်ဒ်ဟာ့ဖ်၏ ရင်ခွင်ထဲမှထွက်ပြီး အိမ်ပြန်လာသောအခါ မီးရားသည် ထူးဆန်းစွာ ပျော်ရွှင်နေမိလေသည်။

အသက်တမျှ ချစ်ခင်မြတ်နိုးရသော ချစ်သူနှင့်အတူ ဝေးရာအရပ်သို့ လက်တွဲပြီး ထွက်ပြေးရတော့မှာပါလား ဟူသော အသိက တစ်ကိုယ်လုံးကို ရစ်ပတ်နှောင်ဖွဲ့ကာ စိတ်ချမ်းသာနေမိသည်။

တဆက်တည်းမှာပင် မိဘနှစ်ပါးကို အပြီးတိုင် စွန့်ခွာခဲ့ရတော့မှာပါလား ဟူသော အသိကလည်း တိုးဝင်လာပြန်သည်။

သို့သော်လည်း မက်ဒ်ဟာ့ဖ်နှင့် ခိုးရာလိုက်ဖို့ အစီအစဉ်ကြီး ပျက်ပြားသွားမည်ကို စိုးရိမ်သည့်စိတ်က ပိုမိုလွှမ်းကဲနေသည်။

ထိုရက်များအတွင်းက သူ့စိတ်များ လွန်မင်းစွာ လှုပ်ရှားနေသည်။ ဘယ်တုန်းကမှ စိတ်ကူးထဲပင် မထည့်ခဲ့ဖူးသည့် စွန့်စားခန်းကြီးတစ်ခုကို ကိုယ်တိုင် ပြုလုပ်ရတော့မည်မို့ စိုးရိမ်ထိတ်လန့်စိတ်များ ပေါ်လွင်မသွားအောင် ကြိုးစားဖုံးကွယ်နေရသည်။

ချစ်သူနောက်သို့ ခိုးရာလိုက်ပြီး ဘဝတစ်လျှောက်လုံး လက်တွဲရတော့မည်ဆိုသော အသိကြောင့် စိတ်ချမ်းသာသည်မှာ မှန်ပါ၏။





ခိုးရာလိုက်မည့်အချိန် မကျရောက်မီ လျှို့ဝှက် အစီအစဉ်များ ပေါက်ကြားမှာကိုလည်း အကြီးအကျယ် စိုးရိမ်သည်။

မိမိကို ငုံထားမတတ် ချစ်သည့် မိဘနှစ်ပါးအား ရာသက်ပန် ခွဲသွားရတော့မှာပါလား ဟူသော အသိကလည်း ရံဖန်ရံခါတွင် ဖိစီးနှိပ်စက်လာသည်။

ချစ်သူနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပြီးလျှင် ယခုလို ခံစားနေရသော စိတ်လှုပ်ရှားမှုအားလုံး ပျောက်ကွယ်သွားမည်မှာ မုချပင် ဖြစ်သည်ဟုလည်း စိတ်က အလိုလို သိနေသည်။

သည်လိုဖြင့်ပင် သူတို့နှစ်ယောက် အချိန်အချက် ပြုလုပ်ထားသည့် သောကြာနေ့သို့ တဖြည်းဖြည်း နီးကပ်လာသည်။

* * *

ရင်တလှပ်လှပ်ဖြင့် အစောင့်ကြီးစောင့်ခဲ့ရသော သောကြာနေ့သို့ ရောက်ပါပြီ။

မီးရား၏အဖေသည် ရုံးသွားနေကျအချိန်တွင် မသွားဘဲ အိမ်မှာပဲ ဆက်နေနေသည်။ ထို့ကြောင့် မီးရားမှာ နားမလည်နိုင်အောင် ဖြစ်လာသည်။ အစဉ်းစားရကျပ်လာသည်။

မအောင့်နိုင်တော့သည့်အဆုံးတွင် ပြောင် ဖွင့်မေးရတော့သည်။

"ပါပါ ဒီနေ့ ရုံးမသွားဘူးလားဟင်"

"မသွားဘူး သမီးရယ်။ ပါပါ ကောင်းကောင်း နေမကောင်းလို့ "

"ဘယ်လို နေမကောင်းတာလည်း ပါပါ"

"အချိန်လွန်မှ နောင်တရတဲ့စိတ်တွေက ပါပါ့ကို ဖိစီးနှိပ်စက်နေလို့ပါ"

ထိုစကားကြောင့် မီးရားက အထိတ်တလန့် မော့ကြည့်လိုက်သည်။

အဖေက မီးရား၏လက်ကို ဆွဲခေါ်ရင်း ပြောသည်။

"ပါပါ့ အခန်းထဲကို သွားရအောင်။ သမီးနှင့် စကားပြောစရာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့်အတူ အခန်းထဲသို့ လိုက်သွားရင်း မီးရား၏ အသည်းနှလုံးမှာ ပြုတ်ကျတော့မတတ် တုန်ခါနေလေသည်။ ကြောက်စိတ်ကြောင့် ပါးစပ်ထဲမှာလည်း ခြောက်ကပ်လာသည်။

သူတို့အစီအစဉ်ကို အဖေ ရိပ်မိသွားပြီဖြစ်ကြောင်း ချက်ချင်းပင် မီးရား သဘောပေါက် နားလည်လိုက်လေသည်။ ခိုးရာလိုက်ဖို့ အစီအစဉ်လည်း ပျက်ပြားရပေမည်။

ကုလားထိုင်တစ်လုံးပေါ်မှာ သားအဖနှစ်ယောက် အတူထိုင်ပြီး အဖေက မီးရားကို ချစ်ခင်ယုယစွာ ပွေ့ဖက်ထားရင်း ပြောသည်။

"ပါပါတို့ကို သမီး မချစ်တော့ဘူးလားကွယ်။ ပါပါတို့ကို သမီး မုန်းသွားပြီလား"

ထိုစကားကြောင့် မီးရား စတင်ငိုကြွေးမိတော့သည်။

"သမီး အိမ်ထောင်ပြုချင်ပြီဆိုရင် ပါပါ့ကို ပြောရောပေါ့သမီးရယ်။ သမီးအတွက် သင့်တော်မယ့် အကောင်းဆုံး ယောကျ်ားတစ်ယောက်ကို ပါပါ ရှာပေးမှာပေါ့။ မက်ဒီဟာ့ဖ်ဆိုတဲ့အကောင်ကို ဘာကြောင့်များ သမီး မျက်စိကျသွားရတာလဲ။ ရုပ်ချောလို့လား။ ပိုက်ဆံချမ်းသာလို့လား။ သမီး သဘောကျစရာ ဘာအရည်အချင်းတွေများ ရှိလို့လဲ"

စောစောက "ပါပါတို့ကို သမီး မချစ်တော့ဘူးလားကွယ်" ဟူသော မေးခွန်းကြောင့် မီးရား အသည်းနာခဲ့ရသည်။ ပါပါနှင့်မာမာကို အကြီးအကျယ် သနားသွားသည်။ သူတို့ကိုပစ်ပြီး မက်ဒ်ဟာ့ဖ် နောက်သို့လိုက်ဖို့ စိတ်ကူးမိသည့်အတွက် ဝန်ချတောင်းပန်ဖို့ကိုပင် ရှတ်တရက် စိတ်ကူးလိုက်မိသည်။

သို့သော်လည်း ပါပါ နောက်ထပ်ဆက်ပြောသည့်စကားကြောင့် ရင်ထဲမှာ ဒေါသအငွေ့ကလေး ပေါက်လာသည်။ ချစ်သူကို ကာကွယ်ဖို့ တာဝန်ရှိကြောင်း စဉ်းစားမိလာသည်။

"မက်ဒ်ဟာ့ဖ်မှာရှိတဲ့ အရည်အချင်းတွေကို ပါပါ ဘယ်လိုလုပ်မြင်နိုင်မှာလဲ။ ပါပါက သူ့ကို မျက်မုန်းကျိုးနေတာ မဟုတ်လား။ ဒီတော့ သူ့ ကောင်းတာတွေကို ပါပါ ဘယ်လိုလုပ် မြင်နိုင်မှာလဲ။ သူ ဘာတွေလုပ်လုပ် မကောင်းဘဲ မြင်နေတော့မှာပေါ့။ သူ ဘယ်လောက်ကောင်းကောင်း လူဆိုးလို့ပဲ မြင်နေတော့မှာပေါ့။ ဒါပေမယ့် သူ့ကို သမီးချစ်တယ်"





"သူ့ကို သမီးချစ်တဲ့အကြောင်း စောစောကတည်းက ပါပါတို့ကို ဘာကြောင့် ဖွင့်မပြောတာလဲ။ အခုလို ဖုံးထားတာဟာ သမီးမရိုးသားလို့ပေါ့။ သမီးချစ်တဲ့လူဟာ တန်ဖိုးမရှိတဲ့လူဖြစ်ကြောင်း သမီးကိုယ်တိုင်သိထားလို့ ဖွင့်မပြောရဲတာပေါ့"

"ဒီလို မဟုတ်ပါဘူး ပါပါ ဒီလို မဟုတ်ပါဘူး"

မီးရားက ကမန်းကတန်း ငြင်းသည်။

"ဒီလိုဆိုရင် ပါပါ့ကိုဖြစ်ဖြစ် မာမာ့ကိုဖြစ်ဖြစ် သမီး ဘာကြောင့် အသိမပေးဘဲ ကျိတ်ကြံနေရတာလဲ"

ထိုမေးခွန်းကို မည်သို့ ပြန်ဖြေရမည်ဖြစ်ကြောင်း မီးရား မသိတော့ပါ။ မိမိဘက်က အရာရာရှုံးနိမ့်သွားပြီဟု ရုတ်တရက် ခံစားလိုက်ရလေသည်။ ထို့ကြောင့် အတန်ကြာအောင် ငိုနေမိသည်။

"တကယ်လို့ သမီးက မှန်တဲ့အတိုင်း ဖွင့်ပြောပြီး ခွင့်တောင်းရင် ပါပါတို့ကရော သမီးအလိုကို လိုက်ကြမှာလား"

ယခုတစ်ကြိမ် ငိုင်သွားသူကတော့ မီးရား၏ အဖေ ဖြစ်လေသည်။ ထို့ကြောင့် ထိုမေးခွန်းကို တိုက်ရိုက်ပြန်မဖြေဘဲ မေးခွန်းတစ်ခုကို ပြန်မေးမိလျက်သား ဖြစ်နေသည်။

"ဘာအကြောင်းကြောင့် ဒါလောက်တောင် အရှက်နည်းပြီး ဒီလို ကလေကချေကောင်နှင့် ခိုးရာလိုက်ဖို့အထိ သမီးက စီစဉ်ရတာလဲ"

ထိုမေးခွန်းကြောင့် မီးရား၏ ရင်ထဲမှာ စစ်ကနဲ နာကျင်သွားလေသည်။

"ဘာကြောင့် သမီး ရှက်ရမှာလည်း ပါပါ။ ကိုယ်ချစ်တဲ့ သူ့ရဲ့နောက်ကို လိုက်တယ်ဆိုတာ ရာဇဝတ်မှုလား ပါပါ။ လူတစ်ယောက်ကို ချစ်တယ်ဆိုတာ ရာဇဝတ်မှုလား ပါပါ။ အရွယ်ရောက်တဲ့ လူတစ်ယောက်က အရွယ်ရောက်တဲ့လူတစ်ယောက်ကို ချစ်တယ်ဆိုတာ အကုသိုလ်ဖြစ်သွားပြီလား ပါပါ"

မီးရား၏အဖေက ဒေါသတကြီးဖြင့် လက်ကိုယမ်းခါလိုက်သည်။

"ဒီအချိန်မှာတော့ သမီးစိတ်ထဲမှာ အကုသိုလ်တွေက နေရာယူထားတယ် မဟုတ်လား။ သမီး တကိုယ်လုံး အကုသိုလ်တွေ ဖုံးအုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား။ ဒီတော့ သမီးလုပ်နေတာတွေဟာ အကုသိုလ်တွေပဲ ဆိုတာ သမီး ဘယ်သဘောပေါက်နိုင်တော့မှာလဲ"

ထိုအချိန်မှာပင် အခန်းထဲသို့ အမေ ဝင်လာသည်။ မီးရားကို ယုယစွာ ဖက်သည်။ သို့သော်လည်း အမေသည် သူ့ဘက်က မပါဘဲ အဖေ့ဘက်က အနိုင်အမာ တပ်တည်သည်ကို တွေ့ရလေသည်။

"ပါပါ ဘာပြောပြော သမီး ဆုံးဖြတ်ချက်ကတော့ မပြင်နိုင်တော့ဘူး။ သမီး သူ့ကိုပဲယူမယ်။ သူနှင့်ပဲ လက်ထပ်မယ်"

မီးရားက ခေါင်းမာမာနှင့် ပြောသည်။

"ဘယ်လိုနည်းနှင့်မှ မယူရဘူး။ အလိုလိုက် အမိုက်စော်ကားတစ်ဦးတည်းသော သမီးကလေးဆိုပြီး ချစ်လွန်းလို့ အစစအရာရာ အလိုလိုက်ထားသော မိဘကျေးဇူးကို ဒီနည်းမျိုးနှင့် ပြန်ဆပ်လိုက်တာပေါ့ လေ။ ဟုတ်လား ဟုတ်ပါပြီလေ ဟုတ်ပါပြီ။ မိဘတွေရဲ့ အပြစ်လို့ပဲ သဘောထားလိုက်ကြပါတော့။ ဒီလို မိုက်တွင်းနက်လိမ့်မယ်ဆိုတာကို များ စောစောက ရိပ်စားခဲ့မိရင် ဒါလောက် အလိုမလိုက်ခဲ့ပါဘူး။ ဒါလောက် လွတ်လပ်ခွင့် မပေးခဲ့ပါဘူး။ မိဘက အလိုလိုက်တိုင်း ဒါလောက်တောင် တွင်းတူးပြီး မိုက်ရသလား။ ဘုရား ဘုရား အချိန်မီရုံကလေး သိလိုက်ပေလို့သာပေါ့ကွယ်။ ဒီနေ့ကစပြီး အိမ်ထဲက အိမ်ပြင်ကို မထွက်ရတော့ဘူး။ အကင်းသင်တန်းထဲ ရပ်ပစ်လိုက်တော့မယ်။ ပွဲလက်ခံပြီး လိုက်ကတဲ့ အလုပ်တွေပါ လုံးဝ လုပ်ခွင့်မပေးတော့ဘူး"

ထိုစကားကို ကြားသောအခါ မီးရား ရင်ဖိုသွားလေသည်။ သို့သော် မထိန်းနိုင် မသိမ်းနိုင်လောက်အောင် ကြောက်ရွံ့ခြင်းကား မဟုတ်ချေ။ မိဘတိုင်းသည် စိတ်ဆိုးတုန်းသာ ပြောကြခြင်း ဖြစ်၏။ စိတ်ဆိုးပြေသွားတော့လည်း သူတို့စကားကို သူတို့ မေ့စမြဲသာ ဖြစ်လေသည်။

ထိုနေ့က အိပ်ခန်းထဲသို့ဝင်လာပြီး အိပ်ရာပေါ်မှာ ပစ်လှဲကာ စိတ်ရှိလက်ရှိ တအား ငိုပစ်လိုက်သည်။

ငိုရင်းလည်း ချစ်သူမက်ဒ်ဟာ့ဖ်၏ မျက်နှာကို တရေးရေး မြင်ယောင်လာသည်။ မြင်လေငိုလေ၊ ငိုလေမြင်လေဖြင့် အသည်းကွဲမတတ် ခံစားရသည်။





ယနေ့ ခိုးရာလိုက်ဖို့ အစီအစဉ် ပျက်ပြားသွားပြီဖြစ်ကြောင်း သဘောပေါက် နားလည်လိုက်သည်နှင့် ရင်ထဲမှာ မီးဟုန်းဟုန်းတောက် လောင်လာသည်။ အသည်းနှလုံးတွေ လောင်ကျွမ်းကုန်ပြီဟု ထင်မှတ်လိုက်မိသည်။

တဖြည်းဖြည်း သူ့စိတ်ကိုသူ ထိန်းသည်။

ယနေ့ ခိုးရာမလိုက်ဖြစ်လျှင်လည်း အရေးမကြီးဟု စိတ်ဖြေသည်။

မနက်ဖြန်တွေ ရှိသေးသည်။ သန်ဘက်ခါတွေ ရှိသေးသည်။ ထို မနက်ဖြန်တွေ သန်ဘက်ခါတွေမှာ အခွင့်အလမ်း ပေါ်သည်နှင့် တစ်ပြိုင်တည်း မက်ဒ်ဟာ့ဖ်ရှိရာသို့ ဒုန်းစိုင်းပြေးသွားဖို့ ဆုံးဖြတ်လိုက်သည်။

မက်ဒ်ဟာ့ဖ်နှင့်လည်း အရမ်းတွေ့ချင်နေသည်။ အကျိုးအကြောင်း ပြောပြပြီး တိုင်ပင်ချင်သည်။ ချစ်သူထံမှ အကြံဉာဏ်များ တောင်းယူချင်သည်။

ယခုလိုအချိန်မျိုးတွင် တစ်ဘဝလုံးပုံပြီး အားကိုးစရာဆိုလို့ ချစ်သူတစ်ယောက်တည်းပင် ရှိတော့သည် မဟုတ်ပါလား။

မိမိ၏ အလိုဆန္ဒများကို မိဘများအနေဖြင့် မည်သည့်နည်းနှင့်မျှ ပိတ်ပင်တားဆီး၍ မရနိုင်ဟု စိတ်အားတင်းသည်။ မက်ဒ်ဟာ့ဖ်နှင့် တွေ့လိုက်လျှင် ပြဿနာအားလုံး ပြေလည်သွားမည်ဟု ယုံကြည်မိသည်။

* * *

မီးရား၏ အသည်းနှလုံးများ ပျက်ကြေပြွန်းကုန်ပါပြီ။ ရင်ပွင့်မတတ် အချစ်ဝေဒနာဆိုးကြီးကို ကြီးမားစွာ ခံစားနေပါပြီ။

နောက်ရက်များတွင် မီးရားမျှော်လင့်ထားသလို ဖြစ်မလာပါ။ ထို့ကြောင့် သူ၏ မျှော်လင့်ချက်အားလုံး ပျက်ပြားသွားပြီကို သဘောပေါက် နားလည်လာသည်။

အဖေက ခွင့်ရက်ရှည်နှစ်လ ယူလိုက်သည်။ အိမ်မှာနေပြီး မီးရားကို မပြတ်စောင့်ကြည့်သည်။ တစ်ချက်ကလေးမှ အလစ်မပေး။

မီးရားသည် ကိုယ့်အိမ်ထဲမှာပင် ထောင်ကျနေရသည့် အကျဉ်းသား ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အက,ဆရာမလည်း မလာရတော့။ အိမ်မှာရှိနေသည့် တူရိယာ ပစ္စည်းများအားလုံးကို အခြားသူများသို့ အဖေက ပေးပစ်လိုက်သည်။ ခြေချင်းဝတ်နှင့် လက်ကောက်ဝတ်မှာ တပ်ဆင်ရသည့် ချူကလေးများ ကိုလည်း အမှိုက်ပုံမှာ သွား၍ လွှင့်ပစ်လိုက်သည်။

အက,နှင့်ပတ်သက်သည့် သဲလွန်စများ ဘာတစ်ခုမှ မရှိတော့ပါ။ တေးဂီတနှင့် နီးနွယ်သည်များ ဘာတစ်ခုမှ မရှိတော့ပါ။

မီးရား၏ ဘဝယောင်းသည် အတိတ်ကာလမှာ ဒဏ္ဍာရီပုံပြင်ပမာ ကျန်ရစ်ခဲ့လေပြီ။

* * *

ရက်ကိုလစား၊ လကိုနှစ်စားရင်းဖြင့် တစ်နှစ်တည်းဟူသော အချိန် ကာလသို့ ဆိုက်ရောက်လာသည်။ မီးရားကို အိမ်ထောင်ရက်သား ချထား ပေးဖို့ အဖေက စီစဉ်သည်။ သို့သော် မီးရားကတော့ တစ်စုံတစ်ရာ ငြင်းဆန်ကန့်ကွက်ခြင်း မပြုတော့ပါ။ ငြင်းဆန်ကန့်ကွက်လိုစိတ်လည်း မရှိတော့ပါ။

သူ့အသည်းနှလုံးတွင် အချစ်များ ခန်းခြောက်ခဲ့သည်မှာ ကြာပါ ပြီ။ ထို့ကြောင့် လက်ထပ်လိုသည်လည်း မဟုတ်။ လက်မထပ်လိုသည် လည်း မဟုတ်။ မိဘများ စီစဉ်ပေးသည့် ကျရာဘဝတွင် ကျသလိုသာ နေတော့မည်ဟု ပေယျာလကန် သဘောထားလိုက်တော့သည်။

မိဘအုပ်ထိန်းမှုမကင်းသော မိန်းမပျိုကလေးတစ်ယောက်၏ ဘဝ သည် မလွဲမရှောင်သာ အိမ်ထောင်ပြုရမည်မှာ လောကနိယာမ တရားသာ ဖြစ်သည်ဟု နှလုံးပိုက်လိုက်သည်။

မိမိတည်ဆောက်ရမည့် အိမ်ထောင်သည်သာယာချမ်းမြေ့သော အိမ် ထောင်ဖြစ်ရမည်ဟု မျှော်လင့်မထား။ လူသားတို့ မလွဲမကင်းသော ဆောင် ရွက်ရမည် တာဝန်များကို ဆောင်ရွက်နေခြင်းသာ ဖြစ်သည်ဟု သဘော ထားဖို့ ဆုံးဖြတ်သည်။

သူ့ယောက်ျားက အင်ဂျင်နီယာ ဖြစ်သည်။ ချမ်းသာကြွယ်ဝသည်။ အသက်အရွယ် ငယ်သည်။ မိန်းကလေးတို့ ကြိုက်နှစ်သက်လောက်သည့် ရုပ်ရည်ရူပကာယလည်း ရှိသည်။





သို့သော် အကအခုန်၊ တေးဂီတ၊ အနုပညာများကိုကား နည်းနည်း ကလေးမှ စိတ်မဝင်စား။

သူတို့နှစ်ယောက် လက်ထပ်ပြီး များမကြာမီမှာပင် လှပခေတ် ဆန်သော တိုက်ကလေးတစ်လုံးကို တည်ကြသည်။

မီးရား၏ဘဝမှာ အစစအရာရာ ပြည့်စုံပါ၏။ မတောင့်မတ မကြောင့်မကြ နေရပါ၏။

သို့သော် အချစ်မရှိသော လူ့ဘဝသည် ဘာများ တန်ဖိုးရှိပါဦး မည်နည်းဟုလည်း မကြာခဏ စဉ်းစားကြည့်မိသည်။

မကုန်ဆုံးနိုင်သော အထီးကျန်ဘဝဖြင့် အိမ်ထဲမှာသာ တစ်ရက် ပြီးတစ်ရက် အိမ်တွင်းပုန်း လုပ်နေရသည်။ အထီးကျန်ဘဝသည် ယခု တစ်သက်တွင် ကုန်ဆုံးနိုင်တော့မည် မဟုတ်ကြောင်းလည်း သိသည်။

ငယ်ချစ်ဦး မက်ဒ်ဟာ့ဖ်ကို မကြာခဏ သတိရမိသည်။

သို့သော် အတိတ်ဘဝက အဖြစ်အပျက် အားလုံးတို့သည် အိပ် မက်ပမာ ပြယ်လွင့် ပျောက်ဆုံးကုန်ကြလေပြီ။

မဖွင့်သည်မှာ ကြာပြီဖြစ်သော သံသေတ္တာများကို ဖွင့်ကြည့်သည်။

အပျိုဘဝတုန်းက ဓာတ်ခုံပေါ်မှာ ကနေသည့် သူ့ဓာတ်ပုံများ ထွက်လာသည်။ သူကတုန်းက ဝတ်ခဲ့သည့် ဆာရီများ၊ အဝတ်အစား များ ထွက်လာသည်။

သည်လိုဆိုပြန်တော့လည်း အဟောင်းတို့က အသစ် ဖြစ်ကြပြန်ပြီ။

လွှမ်းမောစရာကလေးများက ခေါင်းထောင်ထကြပြန်ပြီ။

ရင်ခုန်စရာ အကြောင်းကလေးများက အိပ်မောကျနေရာမှ နိုးထ လာကြပြန်ပြီ။

ထိုဓာတ်ပုံများနှင့် အဝတ်အစားများကိုကြည့်ရင်း မိမိသည် တစ်ရံ ရောအခါတုန်းက အိန္ဒိယတစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် ချီးကျူး ဂုဏ်ပြုခြင်း ခံခဲ့ရသော ကချေသည်မကလေးတစ်ယောက် ဖြစ်ကြောင်း သူ့ကိုယ်သူပင် မယုံကြည်နိုင်လောက်အောင် ခံစားနေရလေသည်။

ဆာရီများကိုဖျက်ပြီး ခန်းဆီးများ ချုပ်သည်။ ထို့ပြင် ပြတင်း ပေါက်အားလုံးနှင့် အခန်းအားလုံးမှာ ခန်းဆီးတပ်ဖြစ်လည်း ထိုဆာရီ



www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို တပ်ဆင်လိုက်သည်။ ပြီးတော့ လှည့်လည် အကဲခတ်ကြည့်သည်။

"လှလိုက်တာကွယ်"

တစ်ယောက်တည်း တိုးတိုးကလေး ရွတ်ဆိုမိသည်။

လေပြည်လေညင်းကလေး သုတ်ဖြူးလာသည်တွင် ဆာရီ ခန်းဆီးကလေးများသည် ယိမ်းထိုးလှုပ်ရှား ဆော့ကစားနေကြသည်။

သို့သော် မီးရားကတော့ ခန်းဆီးစကလေးများ ယိမ်းထိုးလှုပ်ရှား ဆော့ကစားနေကြသည်ဟု မမြင်ပါ။

လူသားအပေါင်းတို့၏ အသည်းနှလုံးများကို သိမ်းကျုံးဆွဲငင်ယူနိုင်စွမ်းရှိသော တယောသံနှင့်အတူ မင်းသမီးကလေးမီးရား လှပစွာကနေသည်ဟု မြင်ယောင်နေမိလေသည်။

"ချစ်ရာကောင်းလိုက်တာကွယ်"

တစ်ကိုယ်တည်းပင် တိုးတိုးကလေး ရွတ်ဆိုမိပြန်သည်။

ဟိုတုန်းက အပျိုဘဝသို့ ပြန်ရောက်သွားသည်။

ပွဲကြည့်ပရိသတ်ကြီး၏ တခဲနက်သော သြဘာသံကြီးကို နားထဲမှာ ကြားယောင်လာသည်။

ချစ်ဦးသူ၏ တယောသံက ကြီးစိုးလာသည်။

ထိုနေ့ညနေ သူ့ယောကျ်ား ရုံးမှပြန်လာသောအခါ အပြင်အဆင်ပြောင်းလဲနေသည့် အိမ်ကို လှည့်ကြည့်ရင်း အကဲခတ်နေသည်၊

"အိမ်က ခါတိုင်းနှင့်မတူပါဘူး။ တစ်ခုခု ပြောင်းလဲနေသလိုပဲ" ဟုလည်း နားမလည်သလို ပြောသည်။

"ခန်းဆီးတွေ အသစ်လဲပြီး တပ်ထားလိုက်တာလေ"ဟု မီးရားက ပြောပြသည်။

"အင်း...ဟုတ်သားပဲ ပြောတော့မှပဲ သိတော့တယ်"

"သဘောကျရဲ့လား"

"ဒါတွေ မင်း ဘယ်တုန်းက သွားဝယ်လိုက်တာလဲ"

"မဝယ်ပါဘူး"

"ကျွန်မ အပျိုတုန်းက က,ခဲ့တဲ့ ဆာရီလေးတွေလေ။ သေတ္တာထဲမှာ အလကားဖြစ်ကုန်မှာစိုးတာနှင့် ခန်းဆီးချုပ်ပြီး တပ်လိုက်တယ်"





မီးရား၏စကား ဆုံးသည်နှင့် တစ်ပြိုင်တည်း သူ့ယောကျ်ားက မျက်မှောင်ကြီးကြုတ်ပြီး ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။

တယောဆရာနှင့်မီးရား ချစ်ခဲ့ဖူးသည့် ဇာတ်ကြောင်းကို သူ သိထားသည်။ ထို့ကြောင့် မီးရာ၏ အတိတ်ဘဝက သဲလွန်စကလေးများ တစ်စွန်းတစ်စမျှ ပြန်ပေါ်မလာအောင် သူ အမြဲတမ်း ဖုံးမိခဲ့သည်။

မီးရား အပျိုဘဝတုန်းက က,ခဲ့သည့်အကြောင်းကို တစ်စုံတစ်ယောက်က အစဖော်ပေးလျှင်လည်း သူ ချက်ချင်းစကားပိတ်တတ်သည်။

"အလကား ခန်းဆီးတွေကွာ အရုပ်ဆိုးလိုက်တာ။ အကုန်လုံး ဖြုတ်ပစ်"ဟု ဒေါသတကြီးပြောသည်။

နောက်နေ့တွင် ခန်းဆီးအသစ်များကို သူ ကိုယ်တိုင် ဝယ်လာပေးသည်။

မီးရား ဘာတတ်နိုင်တော့မည်နည်း။

ဖြုတ်ချလိုက်ရသော ခန်းဆီးတဖြစ်လည်း ဆာရီများကို လက်စဖျောက်သည့်အနေဖြင့် အဝတ်ဟောင်းဝယ်သူ အဘွားကြီးတစ်ယောက်ကို ခေါ်ရောင်းပစ်လိုက်သည်။

ပြီးတော့ က,နေသည့် ဓာတ်ပုံများအားလုံးကို သေတ္တာထဲမှ ထုတ်သည်။ တစ်ပုံချင်း ဆွဲထုတ်ပစ်လိုက်သည်။ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသော ဓာတ်ပုံစုတ်များကို ပြတင်းပေါက်မှနေ၍ လွှင့်ပစ်လိုက်သည်။

ဓာတ်ပုံစုတ်များသည် လေထဲမှ ဝေ့ဝဲပြီး လွှင့်ပါးသွားကြလေသည်။

သို့သော်လည်း အရွယ်အစား အတော်ကလေးကြီးသော ဓာတ်ပုံစုတ်တစ်ခုကမူ ရေမြောင်းထဲမှာ သွားတင်နေသည်။ ငုတ်တစ်ခုနှင့် ငြိပြီး ရေစီးကြောင်းအတိုင်း မျောပါမသွားဘဲ အာခံနေသည်မှာ ရက်အတန်ကြာသွားပြီ။

နေ့စဉ်နေ့တိုင်းလိုလို မီးရားက ပြတင်းပေါက်မှာရပ်ပြီး ရေမြောင်းထဲမှ ထိုဓာတ်ပုံစုတ်ကို ငေးကြည့်နေမိသည်။

ရေမြောင်းထဲမှာ ဂယက်ထသွားသောအခါ ငုတ်နှင့်ငြိနေသည့် ဓာတ်ပုံစုတ်က နိမ့်ချည်မြင့်ချည်ဖြင့် အားပါးတရ ကခုန်နေသည်ဟု မီးရားက ထင်မြင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



လေကလေး ခပ်ကြမ်းကြမ်း တိုက်ခတ်လာသည့်အခါများတွင်လည်း ထိုဓာတ်ပုံစုတ်ကလေးက ခေါင်းကလေး မော့ကာမော့ကာဖြင့် လှုပ်ယမ်းပြီး က,သည်ဟု မီးရား ထင်မိပြန်လေသည်။

ယနေ့တော့ မိုးက အငြိုးကြီးစွားဖြင့် သဲကြီးမဲကြီး ရွာချနေသည်မှာ တစ်နာရီကျော် ကြာသွားပြီ။ မိုးရွာနေသည်နှင့်မတူ မိုးပြိုနေသည်လားဟုပင် ထင်မှတ်ရလေသည်။

လမ်းပေါ်မှာ ရေတွေလျှံပြီး မြောင်းထဲမှာ ဝါးလုံးတိုးစီးဆင်းနေသည်။

မြေနီများကို ဖြတ်သန်းစီးဆင်းတိုက်စားလာသောကြောင့် ရေနီတွေ ဖြစ်နေသည်။

ထိုရေနီစီးကြောင်းသည် ရက်ပေါင်းများစွာကြာအောင် ငုတ်နင့်ငြိသော မီးရားကနေသည့် ဓာတ်ပုံစုတ်ကလေးကို ဒရောသောပါး တွန်းထိုး တိုက်ယူသွားလေသည်။

သည်တစ်ချီမှာတော့ ဓာတ်ပုံစုတ်ကလေးသည် အားခံနိုင်စွမ်းမရှိတော့ပဲ ဒေါသကြီးနေသော ရေစီးကြောင်းနောက်သို့ ပတ်ချလှည့်၍ ကပြဖျော်ဖြေရင်း မျောပါသွားရှာလေတော့သည်။

မီးရား၏ ပျိုမျစ်နုရွယ် ငယ်စဉ်ဘဝသည်လည်း သည်လောကထဲမှာ အပြီးတိုင် ပျောက်ဆုံးသွားရရှာချေပြီ။

လူ့ဘဝဟူသည်မှာ ယခုလိုပင် တစ်ဆစ်ပြီးတစ်ဆစ် တစ်ပိုင်းပြီးတစ်ပိုင်း ကြေပြုန်းပျက်စီးကာ လွင့်မျော ပျောက်ကွယ်သွားရသည်ပင် မဟုတ်ပါလား...။

**Meera By N.S Phadke**

**၁၉၈၅ ခုနှစ်၊ မတ်လထုတ် မဟေသီမဂ္ဂဇင်း အမှတ် (၀)**



## တသေ

"ဒါလင်"

"ဟုတ်ကဲ့"

"ပရာဆတ်က သူတို့အိမ်မှာ ဒီနေ့ ညစာလာစားဖို့ ဖိတ်ထားတယ်လေ။ မှတ်မိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ညနေ ငါးနာရီခွဲလောက် ရုံးကပြန်လာခဲ့မယ်။ အဆင်သင့် လုပ်ထားနော်"

"ဟုတ်ကဲ့"

ဟုတ်ကဲ့...ဟုတ်ကဲ့...ဟုတ်ကဲ့...

အိမ်ထောင်သက် ဆယ့်နှစ်နှစ်လုံးလုံး သူ့ဇနီးထံမှ "ဟုတ်ကဲ့" ဆိုသော စကားလုံးကိုသာ တစ်ရံမလပ် သူ ကြားနေခဲ့ရသည်။ ဆယ်ကြိမ်မေးလျှင် "ဟုတ်ကဲ့" အနည်းဆုံး ကိုးကြိမ် ကြားရမြဲဖြစ်သည်။ တစ်ခါတစ်ရံ ခေါင်းညိတ်ရုံ ညိတ်ပြသည်။

ဟုတ်ကဲ့...ဟုတ်ကဲ့...ဟုတ်ကဲ့...

နာရိန်ဂန့်ဂျ်ခရိုင်၏ ခရိုင်ဝန် ဆူဒယားစက်ဇိနာ (အိုင်စီအက်စ်)သည် သူ၏ ဘဝက် အကျိုးပေးကောင်းမှုကြောင့် အများတကာ၏ မနာလိုခြင်းကို ခံနေရသူ ဖြစ်လေသည်။

ယောက်ျားတစ်ယောက် ရည်မှန်းချက်ထားအပ်သော အရာအားလုံး သူ့မှာ ပြည့်စုံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အာမခံချက်ရှိသော ခရိုင်ဝန်အလုပ် ရထားသည်။ လူ့လောက အလယ်မှာ မျက်နှာပွင့်လန်းသည်။ သားနားသပ်ရပ်ပြီး အိမ်ထောင် ပရိဘောဂ အပြည့်အစုံရှိသော နေစရာ ဘန်ဂလိုရှိသည်။

ထိုအရာများအပြင် အလွန်တရာ ချောမောလှပသော အသိဉာဏ် ကြီးမားသော တက္ကသိုလ်ပညာတတ်သော ဘင်မ်လာ အမည်ရှိ ချစ်ဇနီး တစ်ယောက်ကိုပါ ပိုင်ဆိုင်ထားနိုင်သူ ဖြစ်လေသည်။

ဘင်မ်လာသည် ပတ်ဝန်းကျင်နှင့် သင့်မြတ်အောင် ပေါင်းသင်း တတ်သူ ဖြစ်သည်။ သူတို့ ဘယ်နေရာမှာပင် တာဝန်ထမ်းဆောင်သည် ဖြစ်စေ သက်ဆိုင်ရာ တိုင်းမင်းကြီးကတော်များနှင့် အလွမ်းသင့်အောင် ပေါင်းတတ်သည်။

မင်းပွဲစိုးပွဲများတွင် ဇော်ဘွားဇောင်ခံများနှင့် ဆုံတွေ့ရပါကလည်း အထက်တန်းလွှာတို့၏ ယဉ်ကျေးမှုအတိုင်း လိုက်လျောညီထွေ တွဲက တတ်သည်။ စော်ဘွားစော်ခံများနှင့် သင့်မြတ်အောင် ပေါင်းသင်းခြင်း သည် သူတို့လို အိုင်စီအက်စ်အရာရှိများအတွက် အရေးကြီးသည့် လူမှု ရေးတာဝန်တစ်ရပ် ဖြစ်လေသည်။

သူတို့မှာ သားသမီးသုံးယောက်လည်း ထွန်းကားခဲ့သည်။ သား အကြီး ရန်ဒယားက ဆယ်နှစ်ရှိပြီ။ ထိပ်တန်းအကျဆုံးသော ကျောင်းမှာ ပညာသင်ကြားနေသည်။ အင်္ဂလိပ်စကားကို မွှတ်နေအောင် ပြောတတ် ဆိုတတ်နေပြီ။

သမီးအလတ် အူရှားက ခုနစ်နှစ်။ ကွန်ဗင့်ကျောင်းမှာ နေသည်။ အင်္ဂလိပ် ကလေးကဗျာပေါင်းများစွာကို ဒွာန်ကရိုဏ်းကျကျ ရွတ်ဆိုတတ် နေပြီ။ ရုပ်က အမေတူကလေးဖြစ်ရာ အလွန်တရာ ချောမောလှပသည်။ မျက်လုံးဝိုင်းကြီးများ၊ လှိုင်းတွန့်နေသော ဆံပင်များမှာ အမေနှင့်ထပ်တူ ဖြစ်သည်။

အငယ်ဆုံး သမီးလေးက ရှန့်တီ။ သုံးနှစ်မပြည့်တပြည့် ဖြစ်သည်။ ထို့ကြောင့် အားလုံးက သူ့ကို ဆောဘီဟုပင် ခေါ်ကြသည်။ အမေနှင့် အမေ၏ အသည်းကျော်ကလေးဖြစ်သည်။ “ဒက်ဒီရေ…တာ့တာ” ဟူ၍ လည်းကောင်း၊ “မာမီရေ ဘိုင့်ဘိုင်” ဟူ၍ လည်းကောင်း ချစ်စဖွယ် အသံသာသာကလေးဖြင့် နှုတ်ဆက်တက်နေပြီ။





ထို့ကြောင့်လည်း ခရိုင်ဝန် ဆူဒယားစက်ဇီနာ (အိုင်စီအက်စ်)ကို အများတကာထက် ကံထူးသူဟု အားလုံးက သတ်မှတ်ထားကြခြင်း ဖြစ်လေသည်။

ယောကျ်ားကောင်းတစ်ယောက် ရယူအပ်သော အရာအားလုံး သူ့ လက်ဝယ် ပိုင်ပိုင်ရနေပြီဟု မကြာခဏ သူ့ကိုယ်သူ ပြန်တွေးကြည့်မိ တတ်သည်။

သို့သော်လည်း သူ့ဇနီးချောထံမှ အသက်မပါသော ခံစားချက် မပါသော အဆုံးအစမရှိသော “ဟုတ်ကဲ့” ဟူသည့် စကားလုံးကြီးများ ကို ကြားရသည့်အခါများတွင်မူ သူ့ရင်ထဲမှာ အမည် ဖော်မပြနိုင်သော ဝေဒနာကို ခံစားရလေတော့သည်။

“ဟုတ်ကဲ့”ဆိုသော စကားလုံးကြီးသည် သူ့ဘဝတွင် မည်မျှ ကြာအောင် အသိရခက်ခဲနေမည်နည်း။ မည်မျှကြာအောင် သူ့ကို အာခံ သလို ဖြစ်နေမည်နည်း။ မည်မျှကြာအောင် ဒေါသအမျက်ခြောင်းခြောင်း ထွက်စေမည်နည်း။

မတ်ဆူရီမြို့တွင် သူတို့နှစ်ယောက် ပထမဦးဆုံးအကြိမ် စတင် တွေ့ခဲ့ကြသည်မှာ ဆယ့်သုံးနှစ်ပင် ကြာမြင့်သွားချေပြီ။

လန်ဒန်မှ အိုင်စီအက်စ် စာမေးပွဲအောင်ပြီး အိန္ဒိယပြည်သို့ ဆူဒယားစက်ဇီနာ ပြန်ရောက်လာပြီး တစ်လမျှအကြာတွင် ဖြစ်သည်။ အလုပ်ခန့်စာစောင့်ရင်း တောင်ပေါ်မြို့ဖြစ်သည့် မတ်ဆူရီသို့ သွားရောက် အနားယူသည်။

မတ်ဆူရီမြို့သည် အထက်တန်းလွှာများမှ ချောမောလှပသော မိန်းမပျိုကလေးများနှင့် ပြည့်ကျပ်နေသည်။ မိန်းမလှကလေးအားလုံးမှာ. တပ်မက်ချစ်ခင်ဖွယ်ရာများချည်း ဖြစ်ပါသည်။

ညနေတိုင်လျှင် ခေတ်ဆန်လှပသော အဝတ်အစားများကို ဝတ် ဆင်ကာ အလှဆုံးပြုပြင်ခြယ်သပြီး လမ်းသလားလေ့ ရှိကြသည်။

နှုတ်ခမ်းကို ရဲနေအောင် ဆေးဆိုးသူ၊ ဒေါက်မြင့်ဖိနပ်စီးသူ၊ မျက်ခုံးမွေးကို မျှင်မျှင်ကလေးဖြစ်အောင် ပြုပြင်သူ၊ ဆံပင်ပုံစံကို အလှ ဆုံးဖြစ်အောင် ပြုပြင်သူများဖြင့် လမ်းမတိုင်းသည် အလှမယ်ရွေးပွဲများ ဆင်ယင် ကျင်းပနေလေသလားဟု ထင်မှတ်ရလောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မတ်ဆူရိမြို့သည် ထိုအချိန်က အိန္ဒိယနိုင်ငံ၏ "ဇနီးလောင်းဈေးကွက်"ဟုပင် ဆိုနိုင်လောက်ပါသည်။ ဆူဒယားတို့ကို ရာထူးဌာနန္တရကြီး ခန့်ထားခြင်း ခံရတော့မည့် ယောက်ျားပျိုတစ်ယောက်အတွက် ကြိုက်ရာ မိန်းမပျိုကို ခေါင်းခေါက်ယူနိုင်သော ခေတ်ကာလလည်း ဖြစ်လေသည်။

ထိုအချိန်က 'အိုင်စီအက်စ်'ဟူသော စာလုံးသုံးလုံးသည် မိန်းမပျိုကလေးများ၏ အချစ်ဘဏ္ဍာတိုက်သော့ကို အလွယ်တကူ ဖွင့်လှစ်နိုင်သည့် 'ပျိုတိုင်းကြိုက်သော နင်းဆီနိုင်' စာလုံးသုံးလုံး ဖြစ်ချေသည်။

သမီးရှင် မိဘများ၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲယူနိုင်သော စာလုံးအဖြစ် ပိုမို ထင်ရှားပါသည်။

သို့သော်လည်း ဆူဒယားကမူ အဆင်းသာရှိပြီး အခြင်းမရှိသော မိန်းမပျိုများချည်း ပြည့်နှက်နေသောကြောင့် ရက်အနည်းငယ်အတွင်းမှာပင် မတ်ဆူရိမြို့ကို ငြီးငွေ့စပြုလာလေသည်။

မလှမ်းမကမ်းမှာ သူ ရှိနေပြီဆိုလျှင် မိန်းမပျိုကလေးများသည် နည်းမျိုးစုံဖြင့် 'မသ်'ပေ့ကာ သူ့ကို အငမ်းမရ မြူဆွယ်ကြလေသည်။ ထိုသို့သော မိန်းမနောက်ပိုးများကြောင့်လည်း သူ ပိုမိုပြီး ငြီးငွေ့မိလေသည်။

ထိုအချိန်တွင် ဧည့်ခံပွဲတစ်ခုမှာ ဘင်မ်လာကို သူ သွားတွေ့ခြင်းဖြစ်သည်။ ဆယ့်နှစ်နှစ်ကျော် ကြာမြင့်လာပြီ ဖြစ်သော်လည်း သူ့တို့နှစ်ယောက် ပထမဆုံး စတင်တွေ့ဆုံကြသည့်နေ့က အဖြစ်အပျက်များကို သူ ကောင်းကောင်းမှတ်မိနေပါသေးသည်။

ထိုနေ့က ကပွဲကျင်းပသည့်နေရာမှာ စုံတွဲများဖြင့် ပြည့်ကျပ်နေသည်။ ဆူဒယားက လူရှင်းမည်ထင်သည့် ထောင့်စားပွဲတစ်လုံးဆီသို့ လျှောက်သွားသည်။ ထိုအခိုက် သူ့နှာမည်ကို ခေါ်သံကြားသဖြင့် လှည့်ကြည့်သောအခါ ကျောင်းနေဖက် သူငယ်ချင်း မာသူ ဖြစ်နေသည်ကို တွေ့ရသည်။

"တို့ စားပွဲ လာထိုင်ပါ ဆူဒဟား၊ ဟောဒီက ဘင်မ်လာဘနားဂျီးနှင့်လည်း မိတ်ဆက်ပေးချင်လို့"

မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ခြယ်သထားခြင်းမရှိသော မိန်းမချောကလေးတစ်ယောက် မာသူတို့နှင့်အတူ ထိုင်နေသည်ကို တွေ့ရသည်။





သူ့အသားအရေကလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ နူးညံ့ပျော့ပျောင်းပြီး နက်မှောင်သည့် ဆံပင်ကို ကျစ်ဆံမြီးနှစ်ချောင်းကျစ်ပြီး တွဲလောင်းချထားသည်။

ဝိုင်းစက်သော မျက်လုံးအစုံက အလှဆုံးဖြစ်သည်ကိုလည်း ဆူဒဟား သတိထားမိသည်။ ညပေါင်းများစွာ အိပ်ရေးပျက်ထားသူတစ်ယောက်လို ထိုမျက်လုံးအစုံအောက်တွင် မျက်ကွင်းများ ညိုနေသည်။

မျက်လွှာကို အသာအယာ ချထားသည်။ ထိုသို့ မျက်လွှာချထားသည့်ပုံကို ကြည့်ရခြင်းအားဖြင့် ဝမ်းနည်းကြေကွဲမှု တစ်စုံတစ်ရာကို သူတစ်ပါး မရိပ်မိစေရန် ကြိုးစားဖုံးကွယ်နေသည်နှင့်လည်း တူညီလေသည်။ တစ်မျိုးတစ်ဖုံတော့ ထူးဆန်းနေသည်ဟု ဆူဒယား ထင်သည်။

ယခုလို မိတ်ဆက်ပေးခြင်းခံရသောအခါ အခြားအခြားသော မရှုပ်တေးကလေးများဆိုပါက 'ဟယ်လို' တို့ 'နမတ်စတေး' တို့ကို ဖောဖောသီသီသုံးပြီး သူတို့က ဦးအောင် လက်ကမ်းပေးပေလိမ့်မည်။

ယခု ဘင်မ်လာကမူ ထိုသို့မဟုတ်ပါ။ ဗိုင်းကောင်းကျောက်ဖိ အမျိုးသမီးကလေး တစ်ယောက်ပီပီ ဣန္ဒြေရရပင် ထိုင်နေသည်။

ဆူဒယားက 'အတော် စိတ်ဝင်စားဖို့ကောင်းတဲ့ အမျိုးသမီးပဲ။ တခြား ဆတ်ဆလူးမတွေနဲ့တော့ တခြားစီပဲ။ သူ့အကြောင်း ပိုသတိရရင် ကောင်းမှာပဲ" ဟု တွေးရင်း ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။

ထိုနေ့ညက သူတို့နှစ်ယောက် ပြောခဲ့ကြသည့် စကားလုံးများကို ယခုထက်တိုင်အောင် သူ ပြန်လည်ကြားယောင်နေသေးသည်။

"လပ်ကနောင်းမြို့မှာ နေတယ်ဆိုတော့ အိုင်တီကောလိပ်မှာ တက်နေမှာပေါ့နော်"

"ဟုတ်ကဲ့"

"ဘီအေလား"

"ဟုတ်ကဲ့"

"ဒီနှစ် ဘီအေစီနီယာ ထင်တယ်"

"ဟုတ်ကဲ့"

လန်ဒန်မြို့မှာ နှစ်နှစ်နေခဲ့ရသည့် အချိန်ကာလအတွင်း ပစီပစပ်များသော အိမ်ခန်းပိုင်ရှင် အမျိုးသမီးများနှင့် ဆက်ဆံခဲ့ရသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မတ်ဆုရီမြို့သို့ ရောက်နေခိုက် အသံစာစာနှင့် ပြောဆိုတတ်သည့် ဆတ်ဆလူးမတို့နှင့် ကြုံတွေ့နေရသည်ကိုလည်းကောင်း ဆူဒဟား စိတ်အကုန်ကြီး ကုန်နေပြီ။

ထိုအခိုက် ယခုလို လိုအပ်သည်ထက် ပိုမပြောသည်သာမက အသံကလည်း တည်တည်ငြိမ်ငြိမ်နှင့် တိုးတိုးသက်သာပင် ဖြစ်လေသည်။ လေသံသာသာမျှသော ထိုအသံကလေးကလည်း အလွန်တရာ သာယာလှသည်။ မုန်တိုင်းကျရောက်ပြီးနောက် လေပြည်လေညင်းကလေး သာယာညင်းပျောင်းစွာ တိုက်ခတ်နေသည်ဟု ထင်မှတ်ရသည်။

နူးညံ့လိုက်သည့်ဖြစ်ခြင်း၊ သာယာလိုက်သည့်ဖြစ်ခြင်း၊ မြတ်နိုးဖွယ်ကောင်းလိုက်သည့်ဖြစ်ခြင်း။ ဆူဒယားက တသိကြီး တွေးတောနေမိသည်။

"ဟုတ်ကဲ့" ဆိုသော စကားလုံးကို တိုးတိုးကလေး ပြောရုံသာမက မျက်လွှာကိုပင် ပင့်၍ မကြည့်ချေ။

"က,တတ်ပါသလား ခင်ဗျာ" ဟု ဆူဒဟားက မေးကြည့်သည်။

"မက,တတ်ပါဘူး ရှင်"

သူတို့ သူငယ်ချင်းများသည် က,နေသည့် အခြား စုံတွဲများကြားမှာ ပျောက်နေသည်။ ထို့ကြောင့်လည်း သူတို့နှစ်ယောက်တည်းသာ ထီးထီးကြီးထိုင်လျက် ကျန်စရစ်ခဲ့သည်။

"ငါ့အဖို့ ဇနီးလောင်းရှာပုံတော်ဟာ အခုမှပဲ အဆုံးသတ်တော့တယ်။ ဘင်မ်လာတက် ပိုသင့်လျော်မယ့် ဇနီးလောင်းကို ငါ ဘယ်နည်းနှင့်မှ တွေ့နိုင်တော့မှာ မဟုတ်ဘူး။ ဒီလောကမှာလည်း မရှိနိုင်ဘူး။ သူဟာ သိပ်ကို လှတာပဲ။ ပန်းပွင့်တစ်ပွင့်ကနေ နောက်တစ်ပွင့် လျှောက်ကူးနေကြတဲ့ လိပ်ပြာနှင့်တူတဲ့ တခြား ဆတ်ဆလူးမကလေးတွေနှင့်လည်း တခြားစီပဲ။ သူဟာ ပညာလည်းတတ်တယ်။ ပညာတတ်တစ်ယောက် ဖြစ်ပေမယ့် နေရာတကာမှာ ငါသာတတ်တယ်၊ ငါသာနပ်တယ် ဆိုတာမျိုးလည်း မလုပ်ဘူး။ အေးအေးချမ်းချမ်းကလေး နေတတ်တယ်။ သူ့ မိဘတွေဟာ အထက်တန်းလွှာတော့ အထက်တန်းလွှာပဲ။ ဒါပေမယ့် ငါလို အိုင်စီအက်စ်တစ်ယောက်ကို ငြင်းနိုင်လောက်တဲ့ သန်းကြွယ်သူဌေးကြီးတွေထဲကတော့ ဟုတ်ပုံမရဘူး။ ဘင်မ်လာလို မိန်းကလေးနှင့်သာ





လက်ထပ်လိုက်ရမယ်ဆိုရင်တော့ ငါ့ဘဝ ပြည့်စုံသွားပြီ။ အင်မတန် ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုကို ဖန်တီးထူထောင်နိုင်မှာလည်း သေချာတယ်"

ဆူဒဟားသည် စားပွဲမှာထိုင်ရင်း တသိတတန်းကြီး စဉ်းစားနေမိသည်။

ထိုသို့ စဉ်းစားနေရာမှ သူက ခပ်ကျယ်ကျယ် လှမ်းမေးလိုက်သည်။

"ဒီလိုဆိုရင် ခင်ဗျားအဖေလည်း ကပ်ကနောင်းမြို့မှာ နေတာပေါ့နော်"

"ဟုတ်ပါတယ်။ ပန်းချီကျောင်းမှာ ကျောင်းဆရာပါ"

"အို ဒီလိုဆိုရင် ခင်ဗျားဟာ ပန်းချီဆရာ ဘနားဂျီးရဲ့ သမီးပေါ့။ ပဋ္ဌနာမြို့မှာ သူ့ပန်းချီကားတွေ ပြပွဲလုပ်ဖူးတယ်လေ"

ဆူဒဟားက ထိုသို့ အားတက်သရောပြောပြီး သိမ်သိမ်မွေ့မွေ့ကလေး ဆက်ညာပြန်သည်။

"သူ့ပန်းချီကားတွေကို ကျွန်တော် သိပ်ကြိုက်တာပဲဗျာ။ သူ့ကားတွေထဲမှာပါတဲ့ မျဉ်းကြောင်းတွေက သိပ်ကို ခွန်အားရှိတယ်။ အရောင်တွေကလည်း အံ့သြမကုန်နိုင်စရာပါပဲ။ အရောင်စပ်ဟပ်ယူပုံတွေဟာ တခြား ဘယ်ပန်းချီဆရာနှင့်မှ မတူဘူး။ သူ စပ်ဟပ်ပြီး သုံးလိုက်တဲ့ အရောင်တွေဟာ လေးနက်တဲ့ အဓိပ္ပာယ်တွေကို ဖွင့်ဆိုနေကြတယ်"

ဆူဒဟားက ထိုသို့ပြောပြီး သူ မြင်ဖူးခဲ့သည့် ဘနားဂျီး၏ပန်းချီကားများကို ပြန်စဉ်းစားကြည့်သည်။ ပန်းချီကားတစ်ကားကိုတော့ သူ ကောင်းကောင်း မှတ်မိနေသည်။ လှပဝိုင်းစက်သော မျက်လုံးအကျယ်ကြီးနှင့် ဆယ်နှစ် ဆယ့်တစ်နှစ်အရွယ် မိန်းကလေးတစ်ယောက်က ဆပ်ပြာပူဖောင်းများ မှုတ်နေသည့် ပန်းချီကား ဖြစ်သည်။

ထိုပန်းချီကားကို 'ကလေးဘဝ၏ အိပ်မက်များ'ဟူ၍ အမည်ပေးထားသည်ကိုလည်း ပြန်လည် မှတ်မိနေသည်။

ထို့ကြောင့် ဘင်မ်လာကို မေးပြန်သည်။

"ကလေးဘဝ၏ အိပ်မက်များဆိုတဲ့ ပန်းချီကားထဲက ကလေးမလေးဟာ ခင်ဗျားပဲထင်တယ်။ ဟုတ်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်"

"အဲဒီ ပန်းချီကားထဲက ခင်ဗျားကတော့ သိပ်ကို ဖျတ်လတ်တက်ကြွပြီး မြူးပျော်နေတာပဲ။ အခုတော့ ဘာကြောင့် တည်တည်ငြိမ်ငြိမ်ကြီး ဖြစ်သွားရတာလဲဟင်"

ဘင်မ်လာသည် ယခုတစ်ကြိမ်တွင်တော့ သုံးနေကျ 'ဟုတ်ကဲ့' ဆိုသော လုံးချင်းစကားကို မဆိုတော့ပါ။

ဖြူဖပ်ဖြူရော်ဖြစ်နေသော ချစ်စရာ မျက်နှာကလေးပေါ်မှာ ပင်ပန်းနွမ်းနယ်သည့် အပြုံးယဲ့ယဲ့ကလေးတစ်ခု ပေါ်လာသည်။

"ပျော်ရွှင်မှုဆိုတာ စပ်ပြာပုဖောင်းနှင့် တူပါတယ် မစ္စတာ စက်ဒီနာ။ လေကလေး နည်းနည်းလောက် ထန်လိုက်ရင် ဆပ်ပြာပူဖောင်းဆိုတာ မရှိတော့ပါဘူး"

'ဟုတ်ကဲ့' ဆိုသော လုံးချင်းစကား မဟုတ်ဘဲ ယခုလို ခပ်ရှည်ရှည် ကလေး ပြောပြန်တော့လည်း ဆူဒဟား သဘောကျရသည်ပင်။

ခပ်ရှည်ရှည်ကလေး ပြောသည်ဆိုသော်လည်း တည်တည်ငြိမ်ငြိမ် ပြောခြင်း ဖြစ်သည်။ ဣန္ဒြေနှင့် သိက္ခာနှင့်ပြောခြင်း ဖြစ်သည်။ ငါးရစ်တက်သလို **တခစ်ခစ်ဖြစ်နေကြသော** ဆတ်ဆလူးမများကဲ့သို့ မဟုတ်။ ပြက်ချော်ချော် **ကလက်တက်တက်** မဟုတ်။

ထို့ကြောင့်လည်း ဘင်မ်လာကို ထပ်မံတွေ့ချင်သည့် ဆန္ဒများ ဆူဒဟား၏ရင်ထဲမှာ အစိုင်အခဲ ဖြစ်လာသည်။

နောက် ရက်သတ္တတပတ်မျှ ကြာသောအခါ သူတို့နှစ်ယောက် တပူးတွဲတွဲ ဖြစ်နေတော့သည်။ တောင်ထိပ်ဖျားပေါ်သို့လည်း နှစ်ယောက် လက်တွဲပြီး တက်ခဲ့သည်။ ရှုခင်းသာများသို့လည်း အပြုံးကိုယ်စီဖြင့် သွားကြသည်။ လရောင်ရွှန်းမြသော ညများတွင်လည်း နှစ်ယောက်အတူ လမ်းလျှောက်ဖြစ်ကြသည်။

ထိုသို့ တပူးတွဲတွဲ ရှိနေကြသည့်ကာလ ဘင်မ်လာသည် စကားရှည်ရှည်ဆို၍ လေးငါးကြိမ်ထက် ပိုမပြောဖူးချေ။ စကားနည်းခြင်းမှာ သိသာလွန်းနေပါသည်။

သို့သော်လည်း လူတစ်ဖက်သား ပြောသည်ကိုတော့ စိတ်ပါဝင်စားစွာ နားထောင်တတ်သူ ဖြစ်လေသည်။





ဆူဒဟား ဘာပြောပြော တိတ်ဆိတ်ငြိမ်သက်စွာဖြင့် နားထောင်နေတတ်သည်။ စကားအရှိန်ပျက်အောင် ကြားဖြတ်ခြင်းများလည်း မရှိ။ သူ့ထင်မြင်ချက်များလည်း မပေး။ သူ့ထင်မြင်ချက်ကို ဇွတ်အဓမ္မ မေးနိုင်မှ တိုတိုတုတ်တုတ် ပြန်ဖြေတတ်သည်။

ထူးခြားသော အလှပိုင်ရှင် မိန်းမပျိုကလေးတစ်ယောက် ဖြစ်သည်မှာ မှန်သည်။ ထူးခြားသော ထိုအလှထက် ဣန္ဒြေသိက္ခာကြီးသော စရိုက်ကို ဆူဒဟား ပိုမိုမြတ်နိုးနေမိခြင်း ဖြစ်လေသည်။

ကျယ်ကျယ်လောင်လောင်နှင့် စကားပြောတတ်ပြီး နေရာတကာ ပါတတ်သော မိန်းမပျိုကို ဆူဒဟား မလိုပါ။

အကြောင်းအရာတစ်ခုခုကို သူ ပြောပြနေသည့်အခါတိုင်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စိတ်ပါဝင်စားစွာ နားထောင်နေသော ဘင်မ်လာ၏ အကျင့်ကိုသာ သူ သဘောအကျကြီး ကျနေမိလေတော့သည်။

သည်လို မိန်းကလေးနှင့် လက်ထပ်ရမည်ဆိုလျှင် အရာရာပြီးပြည့်စုံသော အိမ်ထောင်တစ်ခု ဖြစ်တော့မည်ဟု ဆူဒဟား ရာနှုန်းပြည့် သက်ဝင်ယုံကြည်သွားလေသည်။

ထိုမျှသာမကပါ။ ဘင်မ်လာကိုလည်း သူ နှစ်နှစ်ကာကာ ချစ်မြတ်နိုးမိနေပါပြီ။

ဘင်မ်လာအား ဖွင့်ပြောသည့်နေ့က အကြောင်းများကို ယခုအချိန်အထိ သူ ကောင်းစွာ မှတ်မိနေပါသေးသည်။

"ဘင်မ်လာ...မင်းကို ကိုယ် မေတ္တာရှိနေပြီဆိုတာ မင်းလည်း သိနေပြီလို့ ကိုယ်ထင်ပါတယ်"

"ဟုတ်ကဲ့"

ထုံးစံအတိုင်း တစ်လုံးတည်းသော ပြန်ပြောသည်။ အခြား ဆတ်ဆလူးမကလေးများလို အံ့သြသွားသည့် ပုံစံမျိုးကိုလည်း မပြ။ သိသည်ကို သိသည်ဟု ရိုးရိုးသားသားပြောသည့် သဘောမျိုးပင် ဖြစ်လေသည်။

"ဘင်မ်လာ...မင်း ကိုယ်နှင့် လက်ထပ်နိုင်မလား"

ဆူဒဟားက ထိုစကားကို ဆိုင်းမဆင့်ဗုံမတီးဘဲ ဖြန်းခနဲ ဒိုင်းဒိုင်း တဲ့တိုးကြီး ပြောချလိုက်လေသည်။ ရည်းစားစကားကို ရှည်ရှည်ဝေးဝေးကြီး ပြောနေရမှာ သူ ရှက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘင်မ်လာက ငြိမ်နေသည်။ ငြိမ်နေခြင်းသည် သဘောတူခြင်းပင် ဖြစ်နိုင်ပါသည်။

ထိုသို့ ငြိမ်နေခြင်းကိုလည်း ဆူဒဟားက တန်ဖိုးထားမြတ်နိုး၍ မဆုံးနိုင်အောင် ဖြစ်ရပြန်သည်။ ယခုလို ငြိမ်သက်နေခြင်းသည် ဤမြေရှင်မိန်းကလေးတို့၏ အမှုအကျင့် ဖြစ်ပါသည်။

သူ၏ ဇနီးလောင်းသည် ဟီရိုသြတ္တပ္ပတရားကင်းမဲ့သော ဆတ်ဆလူးမကလေးများကဲ့သို့ "အို မောင်ရယ် အချိန်မစောလွန်းသေးဘူးလားကွယ်" ဆိုတာမျိုး ပြန်ဖြေသလို အစားထဲက မဖြစ်စေလိုပါ။ ထိုသို့ ဖြေမည်ဆိုလျှင်လည်း သူ တုန်လှုပ်ချောက်ချားမိပေမည်။

ဘင်မ်လာ တိတ်နေသည်မှာ သံသရာအဆုံးတိုင် ကြာမြင့်သွားသည်ဟု ဆူဒဟား ထင်မှတ်မိလေသည်။ အကြာကြီးကြာတော့မှ လေသံတိုးတိုးလေးဖြင့် ပြန်ပြောသည်။

"မစ္စတာဆူဒဟား၊ ရှင့်ကို ကျွန်မ သိပ်လေးစားပါတယ်။ ရှင်ဟာ အင်မတန် စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ဒါကြောင့် ရှင်နှင့် ပတ်သက်လာရင် ကျွန်မ ပွင့်ပွင့်လင်းလင်းနှင့် ရိုးရိုးသားသားပဲ ဆက်ဆံချင်ပါတယ်။ ရှင့်ကို ကျွန်မ အင်မတန် လေးစားပါတယ်။ မိတ်ဆွေတစ်ယောက် အနေနှင့်လည်း သိပ်ကို ခင်မင်မိပါတယ်။ ဒါပေမယ့် အမှန်အတိုင်း ပြောရမယ်ဆိုရင် ရှင့်ကို ကျွန်မ မချစ်ဘူး"

"တခြားတစ်ယောက်ကိုများ မင်း ချစ်နေလို့လား"

'ဟုတ်ကဲ့'ဟူသော စကားလုံးသည် ဘင်မ်လာ ပြောနေကျ စကားလုံး ဖြစ်ပါသည်။ 'မဟုတ်ဘူး' ဟူသော စကားလုံးကို အလွန်သုံးခဲသော မိန်းကလေး ဖြစ်ပါသည်။

သို့သော် ယခုတစ်ကြိမ်မှာတော့ ခါတိုင်းလို မဟုတ်တော့ပါ။ ဘင်မ်လာသည် ခဏကြာအောင် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ပြီးတော့မှ မသိမသာ သက်ပြင်းကလေးချပြီး လေသံကလေးနှင့် ပြန်ပြောလေသည်။

"မဟုတ်ပါဘူး။ ချစ်ရမယ့်လူမျိုး ကျွန်မမှာ မရှိပါဘူး"

ထိုအဖြေကို ကြားရသဖြင့် ဆူဒဟား စိတ်သက်သာရာ ရသွားလေသည်။





"ဒီလိုဆိုရင် မပူပါနှင့်ကွယ်။ ကိုယ့်ကို လက်ထပ်မယ်ဆိုရင် ချစ်တတ်လာအောင် မင်းကို ကိုယ်သင်ပေးပါ့မယ်"

ထိုသို့ ပြောခဲ့သည့်နေ့သည် ၁၉၄၀ ပြည့်နှစ် ဇူလိုင်လ ၁၄ ရက်နေ့ ဖြစ်ပါသည်။

ထိုအကြောင်းများကို ပြန်စဉ်းစားနေခိုက် အိမ်ဖော် အမျိုးသားတစ်ယောက်က စာရွက်စာတမ်းနှင့် စာများယူလာပြီး ဆူဒဟား နံနက်စာစားနေသည့် စားပွဲပေါ်မှာ တင်ပေးသွားသည်။

အပေါ်ဆုံးမှ စာအိတ်ကို ဆူဒဟားက ကောက်ယူလိုက်သည်။ စာအိတ်ပေါ်ရှိ စာတိုက်တံဆိပ်တုံးမှ ရက်စွဲကို သတိထားမိသည်။

"နာရိန်ဂန့်ဂျ်စာတိုက်၊ ဇူလိုင် ၁၄၊ ၁၉၅၂"

ထိုရက်စွဲကို မြင်ရသောအခါ သူ့ မှတ်ဉာဏ်များထဲမှ ငွေခေါင်းလောင်းကလေးအား တီးခတ်လိုက်သလို ခံစားလိုက်ရလေသည်။

စာအိတ်ကိုဖောက်ရင်း ဇနီးသည်ကို လှမ်းမေးသည်။

"ဘင်မ်လာ ဒီနေ့ ဘာနေ့လဲ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

ဘင်မ်လာက စက်ရုပ်တစ်ရုပ်လိုပင် ဖြေသည်။ နံရံပေါ်မှာ ချိတ်ထားသော ပြက္ခဒိန်ကိုလည်း လှမ်းကြည့်သည်။

"လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်တုန်းက မတ်ဆူရီမြို့မှာ ကိုယ်နှင့်လက်ထပ်ဖို့ မင်းကို ပြောခဲ့တာ မှတ်မိသေးရဲ့လား"

"ဟုတ်ကဲ့"

ယခုတစ်ချီ "ဟုတ်ကဲ့" ကမူ အေးတိအေးစက် "ဟုတ်ကဲ့" ဖြစ်သည်။ မှန်ကန်ကြောင်း အတည်ပြုချက်ပေးသည့် "ဟုတ်ကဲ့" ဖြစ်သည်။ မည်သို့သော ခံစားချက်မှ မပါရှိသည့် "ဟုတ်ကဲ့" ဖြစ်သည်။

ကုန်ဆုံးလွန်မြောက်ခဲ့သည့် အတိတ်ကအကြောင်းများကို ဆူဒဟား ပြန်စဉ်းစားကြည့်မိသည်။ "ဟုတ်ကဲ့"ဆိုသော စကားလုံးထဲမှာ ခံစားချက်များပါအောင်၊ တက်ကြွမှုများပါအောင် အစွမ်းကုန် သူ ကြိုးစားခဲ့ပါသည်။ သို့သော်လည်း လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ကအတိုင်းပင် အေးတိအေးစက်ဖြင့် အသက်ကင်းမဲ့သော "ဟုတ်ကဲ့" ဖြစ်မြဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ရဖန်များလာသဖြင့် ဆူဒဟားသည် ထိုသို့ အေးတိအေးစက်နိုင်ခြင်း၊ အသက်ကင်းမဲ့ခြင်းများနှင့် ပတ်သက်၍ မည်သို့မျှ မခံစားရတော့ချေ။

အေးတိအေးစက်နှင့် ခံစားချက်ကင်းမဲ့စွာ ပြောဆိုနေသော အမျိုးသမီးသည် သူနှင့် ဆယ့်နှစ်နှစ်တိုင်တိုင် ပေါင်းသင်းလာသော ဇနီးဖြစ်နေသည်။ သူ့သားသမီးသုံးယောက်တို့၏ အမေ ဖြစ်နေသည်။

ထို့မှမကသေး၊ သူ၏ မေးခွန်းကြောင့် ဘင်မ်လာ၏ မျက်နှာပေါ်မှာ သွေးရောင်နည်းပါးသွားပြီး ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်ကလေး မသိမသာ ပေါ်လွင်သွားသည်ကို ဆူဒဟား သတိမထားလိုက်မိပါ။ အတိတ်အကြောင်း တစ်ခုခုကို ပြန်လည် သတိရမိသည့်အနေမျိုးဖြင့် ခပ်တွေတွေကလေး ဖြစ်သွားသည်ကိုလည်း မမြင်လိုက်မိပါ။

သူ၏ သူငယ်ချင်း မာသူထံမှစာကို သဲကြီးမဲကြီး ဖတ်ရင်း သူ အလုပ်ရှုပ်နေလေသည်။ မာသူသည် ယခုအခါ ပတ္တနာမြို့တွင် ဝတ်လုံတော်ရကြီးတစ်ဦးအနေဖြင့် အလွန်တရာ အောင်မြင်ကျော်ကြားလျက်ရှိလေသည်။ မာသူရေးသည့် စာကိုဖတ်ရင်း သူ ပြုံးနေသည်။

"ငါ့ကောင်ကြီး၊ ဘင်မ်လာကို ဇနီးအလိမ္မာမျိုးကို ရတာ မင်းသိပ်ကံကောင်းတယ်ကွ နော်။ မတ်ဆူရီမြို့က ဧည့်ခံပွဲတစ်ခုမှာ မင်းနှင့် ဘင်မ်လာ ငါ မိတ်ဆက်ပေးခဲ့တာ မှတ်မိသေးတယ် မဟုတ်လား။ မင်းသာ ကျေးဇူးတရား သိတတ်တဲ့လူတစ်ယောက်ဖြစ်မယ်ဆိုရင် ငါ့ကို တစ်နေ့တစ်နေ့ အကြိမ်တစ်ထောင်လောက် ထိုင်ရှိခိုးနေဖို့ ကောင်းတယ်ကွ နော်"

ထိုအပိုဒ်ကို ဖတ်မိသောအခါ ဆူဒဟား စိတ်ကြီးဝင်လာမိလေသည်။ ယခုလို ဇနီးချောတစ်ယောက်ကို ရရှိထားခြင်းမှာ ကိုယ့်ကုသိုလ်နှင့်ကိုယ် ဖြစ်သည်ဟုလည်း သူ မှတ်ယူမိလေသည်။

"မာသူ ဘာတွေရေးလိုက်သလဲဆိုတာ သိသလား ဘင်မ်လာ"

ဆူဒဟားက သူ့ဇနီးကို လှမ်းမေးလိုက်သည်။

"ရှင်"

ဆူဒဟားက ဘင်မ်လာအား အသိပေးသင့်သည့်အကြောင်းများကို ဂရုတစိုက် ရွေးချယ်ဖတ်သည်။ သူနှင့်မာသူတို့နှစ်ယောက် ကျောင်းနေ



BURMESE CLASSIC .com

## နာမည် ဘယ်လိုခေါ်ပါလိမ့်

ဆူဒဟားသည် ဈေးကြီးအပေါ် မိုးနေသော နာရီစင်မှ နာရီကို မော့ကြည့်ကာ "အိမ်ကို မြန်မြန်ရောက်အောင် ပြန်မှပဲ" ဟု သူ့ကိုယ်သူ စိတ်ထဲမှ ကျိတ်၍ ပြောလိုက်မိလေသည်။

ဟင်းသီးဟင်းရွက်များ ထည့်ထားသော ဈေးခြင်းတောင်းကို ဘယ်ဘက်မှ ညာလက်သို့ ပြောင်းကိုင်လိုက်သည်။

အိမ်ရောက်လျှင် နေ့လယ်စာ မစားမီ ရေမြန်မြန်ချိုးရမည်။ နေ့လယ်စာ စားပြီးတော့ သူ ဆရာမလုပ်နေသည့်ကျောင်းသို့ အချိန်မီရောက်အောင် ပြေးရဦးမည်။ နောက်ကျနေ၍မဖြစ်။

ထိုအတွေးဖြင့် ခပ်သုတ်သုတ် လျှောက်လာခိုက် သူ့နာမည်ကို လှမ်းခေါ်သံ ကြားလိုက်ရသည်။ ထို့ကြောင့် လှမ်းနေသောခြေလှမ်းကို ရပ်ပြီး နောက်သို့လှည့်ကြည့်ရသည်။

"အို ဆူဒဟား...မင်း ဆူဒဟားပါပဲ နော်။ အခုလို တွေ့ရတာ ဝမ်းသာလိုက်တာကွယ်...အံ့လည်းအံ့သြစရာပဲ"

မိန်းမတစ်ယောက် ပြောပြောဆိုဆိုဖြင့် ဆူဒဟား ရပ်နေသည့်နေရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာသည်။ ထိုမိန်းမကို ဆူဒဟား မမှတ်မိပါ။ သို့သော်လည်း မျက်နှာစိမ်းမိန်းမက ရင်းနှီးကျွမ်းဝင်ပြီးသော ယပ်ပေါင်းကြီးဖော်ပမာ အားရပါးရ လက်ဆွဲနှုတ်ဆက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လ်ဂမ်းမြို့က ထွက်မလာခင် မင်းလိပ်စာကို မင်း အစ်မ ရှိဟားဆီမှာ တောင်းခဲ့မိဖို့ကောင်းတယ်ကွယ်။ ဒါပေမယ့် ကိုယ်ကလည်း အင်မတန်ကို မေ့တတ်၊ လျှော့တတ်တဲ့ ကောင်မ၊ မင်း သိပါတယ်လေ။ ပူနားမြို့ကိုရောက်ရင် မင်းအိမ်ကိုဝင်ဖြစ်အောင်ဝင်ဖို့ မင်းအစ်မ ရှိဘဟားက အထပ်ထပ်မှာလိုက်တယ်။ ဒါကိုများ အထူးအထွေ မှာနေစရာ လိုသေးလို့လားဟယ်လို့တောင် ကိုယ်က ပြန်ပြောခဲ့ရသေးတယ်။ ဒီမြို့ရောက်လာတော့မှ မင်း အိမ်လိပ်စာ မေးမလာမိလို့ ဘယ်လိုရှာရပါ့မလဲ တွေးပြီး စိတ်ညစ်နေတာ။ စိတ်ညစ်နေတုန်း အခုလို မင်းနှင့်မှ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာတိုးနေတာ။ အံ့သြစရာ ကောင်းလိုက်တာနော်။ မင်းတို့အိမ်က ဘယ်နားမှာလည်း ဆူဒဟား"

ဆူဒဟားက လိပ်စာအပြည့်အစုံ ပြောပြသည်။

"လိပ်စာဆိုပေမယ့် အလွယ်တကူ ရှာလို့မှ တွေ့ပါ့မလား မသိဘူးဟယ် ပူနားမြို့လမ်းတွေက ခပ်ရှုပ်ရှုပ်ရယ်။ ကိုယ်ကလည်း မျက်စိလည်ချင်ချင်"

"ဟုတ်တယ်၊ လမ်းတွေကတော့ ရှုပ်တယ်။ ကျွန်မနှင့်အတူတူ အခုပဲ လိုက်ခဲ့ပါလား လိုက်နိုင်မလား"

"အို ဒါဆို သိပ်ကောင်းတာပေါ့ကွယ်။ တစ်ခါတည်း လိုက်ခဲ့မယ်လေ။ မင်းနှင့်အတူတူလိုက်ဖို့များ ဘာစဉ်းစားစရာ လိုသလဲ။ သူစိမ်းတွေမှ မဟုတ်ဘဲ။ တို့ငယ်ငယ်တုန်းက မင်းရယ်၊ မင်းအစ်မ ရှိဘဟားရယ်၊ ကိုယ်ရယ် အတူတူ ဆော့ခဲ့ကြတာတွေ မှတ်မိသေးတယ် မဟုတ်လား။ တို့သုံးယောက် အမြဲတမ်း တပူးတွဲတွဲပဲလေ။ မနက်စာရော ညစာပါ မင်းတို့အိမ်မှာ စားခဲ့တဲ့အကြိမ်ပေါင်းကို မရေတွက်နိုင်ဘူး။ မွေးကတည်းက အတူတူပေါင်းပြီး တစ်ယောက်အကြောင်းတစ်ယောက် သိလာကြတာပဲကွယ်။ ဘာရှက်စရာရှိလို့လဲ"

အမျိုးသမီးက စကားကို ဖောင်လောက်အောင် ပြောရင်း ဆူဒဟား၏ ဈေးခြင်းတောင်းကို ငုံ့ကြည့်သည်။

"ဟင်းသီးဟင်းရွက်တွေလား၊ ဘယ်လ်ဂမ်းမြို့ကမထွက်ခင် မင်းတို့အတွက် ဟင်းသီးဟင်းရွက်ကလေး သွားဝယ်မယ်လို့ စိတ်ကူးမိသေးတယ်။ မင်း သိတဲ့အတိုင်းပါပဲလေ ဟိုမှာက ဟင်းသီးဟင်းရွက်တွေ





ပေါတယ်။ လတ်ဆတ်တယ် မဟုတ်လား။ ဒါပေမယ့် ထုံးစံအတိုင်းပဲ မရွှေစာရေ ကသုတ်ကရက်ထွက်လာရတော့ ဝယ်ဖို့ မေ့သွားပြန်ရော၊ မေ့တတ်လျော့တတ်အကျင့်ကို စိတ်ကုန်လွန်းတယ်ဟယ်"

အမျိုးသမီးက ပြောပြောဆိုဆို ဆူဒဟားလက်ထဲမှ ဈေးခြင်းတောင်းကို ဆွဲယူကြည့်သည်။

"ဟောတော့ မြေပဲတောင့်တွေပါလား။ ဘယ်လ်ဂမ်းမှာ မြေပဲရှားတယ် မဟုတ်လား။ မင်းအစ်မ ရှိဘဟား ပူးနားမြို့က ပြန်လာတိုင်း မြေပဲဆန်တွေ၊ မြေပဲတောင့်တွေ ပါလာတတ်တယ်။ ပါလာတိုင်း ကိုယ့်ကို ခွဲဝေပေးစမြဲ။ မြေပဲဆားလှော်ကလေး လှော်စားရတာ ကိုယ် သိပ်ကြိုက်တယ်လေ"

စကားတွေ တတွတ်တွတ် ပြောနေသော အမျိုးသမီးသည် မည်သူဖြစ်မည်နည်းဟု ဆူဒဟားက အပြေးအလွှား စဉ်းစားသည်။ သူ ပြောနေပုံ ဆိုနေပုံကတော့ ငယ်ငယ်ကတည်းက ပေါင်းသင်းခဲ့ကြသော အလွန်ရင်းနှီးသည့် မိတ်ဆောင်းဆွေဟောင်းပုံစံမျိုး ဖြစ်သည်။ သူ့အစ်မ ရှိဘဟား အကြောင်းကိုလည်း တပ်ခါတလဲလဲ ပြောနေသည်။

သို့သော် ဆူဒဟားစဉ်းစား၍ မရပါ။ ကြိုးစားပြီး စဉ်းစားလေ ပို၍ ရှုပ်ထွေးသွားလေသာ ဖြစ်နေသည်။

သည်အမျိုးသမီးကို ယခင်က တွေ့ဖူးမြင်ဖူးသည်ဟုလည်း မထင်။ ဆူဒဟားသည် မေ့တတ်လျော့တတ်သူ မဟုတ်။ အထူးသဖြင့် အပေါင်းအသင်းများနှင့် ပတ်သက်ပြီး အလွန် မှတ်မိတတ်သည်။ လူတစ်ယောက်ကို တစ်ကြိမ်မြင်လျှင် နောက် ဘယ်လောက်ကြာကြာ ဘယ်နေရာမှာ ပြန်တွေ့တွေ့ ချက်ချင်းမှတ်မိမြဲ ဖြစ်သည်။

ကျောင်းနေဖက် သူငယ်ချင်းများကိုလည်း အားလုံး မှတ်မိသည်။ အတန်းထဲမှာရှိသည့် ကျောင်းခေါ်ချိန်စာရင်းပါ နမည်များကို အစီအစဉ်အလိုက် တစ်ယောက်မကျန် အလွတ်ရသည်။ သူတို့ လက်ရေးဆိုသည်ကို ဒက်ကနဲ ပြောနိုင်သည်။

သို့သော် ယခု သူ့ကို တရင်းတနှီး ပြောဆိုဆက်ဆံပြီး အတူ ယှဉ်တွဲလျှောက်လာသည့် အမျိုးသမီးကိုတော့ ဘယ်လိုမှ စဉ်းစား၍မရ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီး အနေရအထိုင်ရ ခက်မသွားစေရန် သွယ်ဝိုက်သောနည်းဖြင့် နာမည်မေးမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ရသည်။ မည်နည်းမည်ပုံ သွယ်ဝိုက်မေးလျှင် ကောင်းမည်နည်းဟု စဉ်းစားသည်။

စကားတွေ ဖောင်လောက်အောင် ပြောလာသော အမျိုးသမီးကို ဟန်မပျက် အလိုက်သင့် "ဟုတ်ကဲ့" လိုက်ရင်း အကောင်းဆုံး နည်းလမ်းကို တစ်လမ်းလုံးကြိုးစားရှာဖွေနေခဲ့ရသည်။

အိမ်ရောက်တော့ ထမင်းချက် အမျိုးသမီးကြီးကို ခေါ်ပြီး နေ့လယ်စာစားမည့် ဧည့်သည်တစ်ယောက် ပါလာကြောင်းနှင့် ထမင်းပိုချက်ရန် ပြောသည်။ ထိုသို့ပြောရင်း သူ့ခေါင်းထဲသို့ စိတ်ကူးလေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

"ကျွန်မ ထမင်းချက်အဘွားကြီးက ခပ်ဆန်းဆန်းပဲ။ ကျွန်မ ဧည့်သည်ရောက်လာရင် ဧည့်သည်ရဲ့နာမည် အပြည့်အစုံကို သူက သိရမှရှင့်။ ဒါမှ သူက စိတ်ချမ်းသာသတဲ့လေ"

ဆူဒဟားက ထိုသို့ပြောရင်း ထမင်းချက် အမျိုးသမီးကြီးကို မသိမသာ မျက်စိမှိတ်ပြလိုက်သည်။

သို့သော် ထိုနည်း မအောင်မြင်ပါ။ ဧည့်သည်အမျိုးသမီးက သူပြောသည်ကို မသိချင်ယောင်ဆောင်ပြီး ပြောချင်ရာကိုသာ ဆက်ပြောနေသည်။

"ကျွန်မအဖို့ လက်ဖက်ရည် ပူပူကျကျကလေး တစ်ခွက်လောက်တော့ ဖျော်ပေးပါနော်" ဟု ထမင်းချက်အမျိုးသမီးကြီးကို လှမ်းပြောသည်။

ပြီးတော့ ဆူဒဟားဘက်သို့ လှည့်လာပြီး စကားဆက်ပြန်သည်။

"ကိုယ် အားနာနေရမယ့် အိမ်မှ မဟုတ်ဘဲ မဟုတ်ဘူးလား"

ဆူဒဟားက ဟန်မပျက် ပြုံးပြလိုက်သည်။ သို့သော်လည်း သူ့ရင်ထဲမှာ တင်းကျပ်နေပြီ။ ဒါလောက် ရင်းရင်းနှီးနှီး ပြောနေသည့် အမျိုးသမီးတစ်ယောက်၏ နာမည်ကို မသိရကောင်းလားဆိုကာ သူ့ကိုယ်သူ မကျေမနပ်ဖြစ်ရင်း အနေရအထိုင်ရလည်း ပိုခက်လာသည်။

ဈေးထဲမှာ စတွေ့သည့်အချိန်က နာမည်မေးကြည့်လိုက်လျှင် ဘယ်လောက်ကောင်းမည်နည်းဟုလည်း နောင်တရမိသည်။ ယခုအချိန်ကျမှ





နာမည်ကို တိုက်ရိုက်ကြီး ဖွင့်မေးဖို့မှာ အတော်ခက်သွားလေပြီ။ ရိုင်းရာကျပေတော့မည်။ ထိုသို့ အမေးရခက်လေ စိတ်ထဲမှာ မချင့်မရဲ ဖြစ်လေနှင့် ပို၍ အနေရခက်လာသည်။

"ဒါထက် ဆူဒဟား မင်းယောကျ်ားလည်း မမြင်မိပါလား"

"ခရီးသွားနေပါတယ်။ လက်ဖက်ရည်လေး သောက်ပြီးရင် ရေမြန်မြန်ချိုးလိုက်နော်။ ကျွန်မ ကျောင်းနောက်ကျနေလို့ မဖြစ်ဘူးရှင့်"

"မင်း အလုပ်လုပ်နေပြီလား"

"ဟုတ်ပါတယ်။ ကျောင်းဆရာမပါ။ အိမ်မှာ ဒီအတိုင်း ထိုင်နေရတာ ငြီးငွေ့လွန်းလို့။ ဒါကြောင့်"

"အင်း မင်းမှာ သားသမီးမရှိသေးတဲ့အကြောင်းတွေ ပြောဦးတော့မှာပေါ့လေ။ မင်းတို့လင်မယားက သားသမီးမယူသေးဖို့ ဆုံးဖြတ်ထားကြရာလား။ ဒီခေတ် အတွေးအခေါ်တွေကတော့ ခက်တယ်ကွယ်။ ကိုယ်တို့ကတော့ အိမ်ဆိုတာ ကလေးရှိမှ စိုပြည်တင့်တယ်တာလို့ ယုံကြည်တယ်။ ကိုယ့်မှာ သားသမီးလေးယောက် ထွန်းကားတယ်။ ကိုယ့်ယောကျ်ားကတော့ ကလေးမယူဖို့ ပြောသေးတယ်။ ဒါပေမယ့် သဘာဝတရားကို ဆန့်ကျင်ရတာတွေ ကိုယ် မုန်းလွန်းလို့"

ထမင်းချက် အမျိုးသမီးကြီးက လက်ဖက်ရည် ဖျော်ယူလာပေးသည်။ ထိုလက်ဖက်ရည်ကို အငမ်းမရ သောက်သည်။ ပြီးတော့ နံရံပေါ်မှာ ချိတ်ထားသည့် ဓာတ်ပုံများကိုကြည့်ရင်း အမေးအမြန်း ထူနေပြန်သဖြင့် ဆူဒဟားက ရှင်းပြနေရပြန်သည်။

"ပြီးတော့မှ ဓာတ်ပုံတွေ အေးအေးဆေးဆေး ကြည့်တာပေါ့။ ရေကလေး ချိုးလိုက်ပါဦးနော်။ ကျွန်မ ကျောင်းသွားရဦးမှာမို့လို့"

"မင်းတို့အိမ်ကို ပထမဆုံး ရောက်လာတာပါကွယ်၊ မင်းက ဧည့်သည်ကို ပစ်ပြေးပြီး ကျောင်းသွားဖို့ကိုချည်း ပြောနေတော့တာပဲ။ ဟဲ ဟဲ တစ်ရက်တလေ ခွင့်ယူလိုက်ပါလား သူငယ်ချင်းရယ်"

"ဒီမိန်းမနှင့် ဘယ်လိုဆက်ပြီး စခန်းသွားရမလဲ" ဟု ဆူဒဟားစဉ်းစားသည်။ ယခုအတိုင်းဆိုလျှင်တော့ သူ့ကို မည်သည့်နည်းနှင့်မျှ လှောဆော်၍ ရနိုင်တော့မည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျောင်းတက်စ ပထမဆုံး စာသင်ချိန် နှစ်ချိန်ကို ဖျက်ပစ်ရန် ဆုံးဖြတ်ရတော့သည်။ အိမ်နီးချင်း ကျောင်းသားလေးတစ်ယောက်နှင့် ခွင့်စာရေးပေးလိုက်ရသည်။

ဧည့်သည်အမျိုးသမီး၏ နာမည်ကို ယခုအချိန်ထိ အစဖော်၍ မရသေး။ ရိုင်းရာလည်း မကျအောင်၊ ဧည့်သည်လည်း ဣန္ဒြေမပျက်အောင် မည်နည်းမည်ပုံ သွယ်ဝိုက်ပြီး မေးရပါမည်နည်းဟုသာ မနားတမ်း တွေးနေမိသည်။ သို့သော် ဘာမှ အဖြေမရ။

အမျိုးသမီးက ရေကို အကြာကြီး စိမ်ချိုးသည်။ ဆူဒဟား ချိုးရန် ကျိုထားသည့် ရေနွေးနှစ်ပုံ တက်တက်ပြောင်သွားသည်။ ထို့ကြောင့် ရေအေးကိုသာ ဆူဒဟား ချိုးရတော့သည်။

နေ့လယ်စာ အတူစားကြရင်းလည်း အမျိုးသမီးက မနားတမ်း စကားတွေပြောသည်။ ထိုသို့ပြောရင်း သူ့ မတ်တစ်ယောက်အကြောင်း ပါလာသည်။ ယောက်ျား၏ ညီတော်သူဖြစ်သည်ဟု ဆိုသည်။

ထိုမတ်သည် မြူနီစီပယ်မှာ အလုပ်လုပ်ကြောင်း၊ ငွေစာရင်းကိုင်ဖြစ်ကြောင်း၊ မြူနီစီပယ်ပိုင် ငွေများကို အလွဲသုံးစားမှုဖြင့် ရုံးတင် တရားစွဲခြင်း ခံရကြောင်းများ ပါသည်။

ထိုစကားကြောင့် ဆူဒဟား ခေါင်းထဲသို့ စိတ်ကူးကလေးတစ်ခု လှစ်ကနဲ ဝင်လာပြန်သည်။ အမျိုးသမီး၏ နာမည်ကို သိနိုင်ရန် အကောင်းဆုံး အခွင့်အရေးဖြစ်သည်ဟု နားလည်လိုက်သည်။ သည်အခွင့်အရေးကိုတော့ အရအမိယူမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ပြီး မျှော်လင့်တကြီးဖြင့် ပြန်မေးလိုက်သည်။ မုသားကလေးကိုပါ သုံးရသည်။

"ဟုတ်တယ်...ဟုတ်တယ် ကျွန်မ မှတ်မိပြီ။ အဲဒီအကြောင်း သတင်းစာထဲမှာတောင် ပါသေးတယ် မဟုတ်လား။ ကျွန်မ ဖတ်လိုက်ရတယ်။ ဒါပေမယ့် ရှင့်မတ်ရဲ့ နာမည်ကို ကျွန်မ မေ့သွားတယ်။ ဘယ်သူပါလိမ့်"

ထိုသို့မေးရင်း အမျိုးသမီးကို စိတ်အားထက်သန်စွာဖြင့် စိုက်ကြည့်နေမိသည်။

သို့သော် ယခု တစ်ကြိမ်တွင်လည်း မအောင်မြင်ပြန်ပါ။ အမျိုးသမီးက မျက်နှာကိုရှုံ့မဲ့ပြီး ပြန်ပြောသည်။





"သူ့လို အကျင့်စာရိတ္တ မကောင်းတဲ့ လူတစ်ယောက်နာမည်ကို ပါးစပ်ထဲထည့်ပြောရမှာ သနုလွန်းလို့ပါကွယ်။ ကိုယ့်ယောက်ျားကိုတောင် ပြောရသေးတယ်။ ရှင့်ညီလုပ်ပုံဟာ ဘယ်လောက်ရှက်စရာကောင်းသလဲလို့၊ ဒီလိုလူမျိုးနှင့် ညီအစ်ကိုတော်တယ်ဆိုတာ နောက် ဘယ်တော့မှ မပြောပါနှင့်လို့။ ဟုတ်တယ်လေ သူများငွေကို အလွဲသုံးစားလုပ်တယ် လိမ်တယ်ရယ်လို့။ ဒီမှာ ဆူဒဟား မင်း ယောက်ျားဘက်က ဆွေမျိုးတွေ များများစားစား မရှိလို့ မင်း သိပ်ကံကောင်းတယ် သိလား"

အမျိုးသမီးသည် ဆူဒဟားနှင့် သူ့အစ်မ ရှိဘဟားတို့အကြောင်းကို အတော်များများ သိထားဘိအလား အကြောင်းအရာမျိုးစုံကို ဆက်ပြောနေသည်။

ဆူဒဟားမှာ သူ့နာမည်ကိုသိဖို့ အမျိုးအမျိုးအဖုံဖုံ စဉ်းစားသည်။ မှတ်ဉာဏ်များကို ခြစ်ခြုတ်ထုတ်ယူသည်။ သို့သော်လည်း အမျိုးသမီးကို သိကျွမ်းဖို့ဝေးစွ။ တစ်ကြိမ်တစ်ခါမျှပင် မြင်ဖူးခဲ့သည်ဟု မထင်မိပေ။

အမျိုးသမီးကတော့ နေ့လယ်စာကို ပါးဖြန့်နားဖြန့်စားသောက်ပြီး ပူတင်းနှင့် ကော်ဖီများကိုပါ အားမနာတမ်း ဆက်စားနေပြန်သည်။

ပြီးတော့ ရှိလာပူးမြို့တွင် သူ့တူမလေးတစ်ယောက် မင်္ဂလာဆောင်မည်ဖြစ်ကြောင်း၊ ယခု သူ ရောက်လာသည်မှာ ပူနားမြို့မှတစ်ဆင့် ရှိလာပူးမြို့ မင်္ဂလာဆောင်သို့ သွားရန်ဖြစ်ကြောင်းများ ဆက်ပြောပြပြန်သည်။

"တူမလေးက သိပ်ကို လှလွန်းတယ်ကွယ် သိလား။ တယောထိုးလည်း သိပ်တော်တယ်။ မင်း နားထောင်ဖူးမှာပါ။ ကပွဲတွေမှာလည်း မကြာခဏ ပါတယ်လေ။ အင်မတန်တော်တဲ့ ကောင်မလေး သူ့ကို မင်း မြင်ဖူးပါတယ်။ မင်း မမှတ်မိဘူးလား"

အလွန်တော်သည်ဆိုသော ထိုတူမကလေးကိုလည်း ဆူဒဟား မမြင်ဖူးပါ။ သိလည်းမသိပါ။ ကြားလည်း မကြားဖူးပါ။ ထို့ကြောင့်–

"စိတ်မရှိပါနှင့်နော်။ ရှင် ဘယ်သူဆိုတာ ကျွန်မ မသိပါဘူး။ အခုလို ကျွန်မအိမ်ကို ခေါ်လာတယ်။ နေ့လယ်စာကျွေးတယ်။ ဒါပေမယ့် ရှင့်နာမည်ကိုတောင် ကျွန်မ မသိပါဘူးရှင်" ဟု ပြောလိုက်ချင်သည်မှာ လျှာယားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ပါးစပ်က ထိုစကားများ ထွက်ပေါ်မလာပါ။ ပြောနိုင်စွမ်းလည်း မရှိပါ။ ထို့ကြောင့် ဟန်မပျက် လိမ်လိုက်ရပြန်သည်။

"အို ဟုတ်ပါရဲ့။ ကျွန်မ မှတ်မိပြီ။ ရှင့် တူမကလေးလေ ဒါလောက် လိမ္မာပြီး ဒါလောက်တော်တဲ့ တူမလေးကို ကျွန်မ ဘယ်မေ့နိုင်ပါ့မလဲ"

ဆူဒဟား၏ အားပေးအားမြှောက်စကားကြောင့် အမျိုးသမီးက သူ့ တူမလေးအကြောင်းကို နောက်ထပ် နာရီဝက်လောက် လေကြောရှည်နေပြန်သည်။ ထိုသို့ ပြောနေရင်းက တစ်စုံတစ်ရာကို ရုတ်တရက် သတိရလိုက်ဘိသကဲ့သို့ သူ့ကိုယ်ကို ရှေ့သို့ကိုင်းလာသည်။

"ဒါထက် ဆူဒဟား၊ ကိုယ့်ကို တစ်ခုခုလောက် ကူညီစမ်းပါကွယ်။ ကိုယ်ကလည်း အင်မတန် မေ့တတ်လျော့တတ်တာ။ ဒီအကျင့်ကို ဘယ်တော့မှ ဖျောက်ဖျက်ပစ်လို့ ရတော့မှ မဟုတ်ပါဘူး"

ဆူဒဟားက သူ့ကို ငေးစိုက်ကြည့်နေသည်။ ဘယ်လို အကူအညီမျိုးများ တောင်းမည်နည်းဟု တွေးကြည့်နေသည်။

"ကိုယ့်တူမလေး မင်္ဂလာဆောင်ကို သွားတယ်ဆိုတော့ လက်ဖွဲ့မှ သင့်တော်မယ် မဟုတ်လားကွယ်။ ဘယ်လ်ဂမ်းမြို့က ထွက်လာတုန်းကတော့ ကိုယ့်မှာ ငွေအလုံအလောက်ပါခဲ့ပါတယ်။ ဒါပေမယ့် အမှတ်တမဲ့ သုံးလိုက်မိလို့ ငွေတော်တော် လျော့သွားတယ်။ ဒီခေတ် ငွေတွေကလည်း အသုံးခံတာ မဟုတ်ဘူးလေ။ မင်းလည်း အသိသားပဲ။ ရှီလာပူးမြို့ကျမှ ဝယ်ရမယ်ဆိုရင်လည်း ဟိုမှာက လက်ဖွဲ့ပစ္စည်း ကောင်းကောင်းရှိတာ မဟုတ်ဘူး။ ဒီပူနားမြို့က ဝယ်သွားမှ ဖြစ်မှာ။ ဒါကြောင့် ကိုယ့်ကို ငွေ အစိတ်လောက် ချေးပါကွယ်။ မင်းကျေးဇူးကို မမေ့ပါဘူး။ ရှီလာပူးမြို့ ရောက်တာနှင့် တစ်ပြိုင်တည်း စာတိုက်ကနေ ပြန်ပို့ပေးလိုက်ပါ့မယ်။ ကူညီပါကွယ် နော် ကူညီနိုင်မယ် မဟုတ်လား"

ကူညီလိုသော်လည်း ငွေမလွယ်ကူသဖြင့် မကူညီနိုင်ကြောင်း၊ ထို့ကြောင့် ဘယ်လိုမှ မအောက်မေ့စေလိုကြောင်း ဆူဒဟားက ပြန်ပြောလိုက်ချင်သည်။

သို့သော် ထိုအကြောင်းပြချက်သည် ခိုင်လုံစရာ အကြောင်းမရှိချေ။





စောစောတုန်းက စာတိုက်မှ ငွေပို့လွှာဖြင့် ငွေရောက်လာသည်။ ထိုငွေနှင့် ငွေပို့လွှာကို သူတို့ရှေ့ရှိ စားပွဲပေါ်မှာ သည်အတိုင်း တင်ထားမိသည်။ ထိုအရာများအားလုံးကို ဧည့်သည် အမျိုးသမီးကလည်း မြင်တွေ့သွားပြီးပြီ။

မဂ္ဂဇင်းတစ်တိုက်သို့ ဆူဒဟားက ဝတ္ထုတိုတစ်ပုဒ် ရေးပို့သည်။ ထိုဝတ္ထုကို ရွေးချယ်ကြောင်း ပြန်ကြားချက်နှင့်အတူ အယ်ဒီတာက စာမူခ ပေးပို့လိုက်ခြင်း ဖြစ်သည်။

ဒါလောက်တောင် ခြေမြန်လက်မြန် ငွေပြန်ပို့ရမည်လားဆိုတာ အယ်ဒီတာကို စိတ်ထဲမှ ကျိတ်ပြီး ကျိန်ဆဲလိုက်မိသည်။

ယခုမှတော့ ဘာမှမတတ်နိုင်ပြီ။ ဧည့်သည်အမျိုးသမီးကလည်း စားပွဲပေါ်မှ ငွေများကို စိုက်ကြည့်နေပြီ။

"ရှီလာပူးမြို့ကို ရောက်ရောက်ချင်း ပြန်ပို့ပေးလိုက်ပါ့မယ်။ ကိုယ့်ကို မယုံကြည်လို့လား ဆူဒဟား"

"အို ဒီလို မဟုတ်ပါဘူး။ မယုံလို့ မဟုတ်ပါဘူး။ ဒီလို စကားမျိုး မပြောပါနှင့်ရှင်"

ဆူဒဟားက ကမန်းကတန်း ပြန်ပြောရင်း စားပွဲပေါ်မှ ပိုက်ဆံများကို လှမ်းယူသည်။ အစိတ်တန်တစ်ရွက် ကမ်းပေးလိုက်သည်။ အမျိုးသမီးက အလောသုံးဆယ် ဆွဲယူသည်။

"ဒါဆိုရင် လက်ဖွဲ့ပစ္စည်း ကောင်းကောင်း ဝယ်သွားလို့ ရပြီ။ မင်းကို ဘယ်လို ကျေးဇူးတင်မှန်း မသိဘူးကွယ်"

အမျိုးသမီးက ဆူဒဟားကို အားပါးတရ ပြုံးပြသည်။

"ကိစ္စမရှိပါဘူးလေ။ ကျေးဇူးတင်ဖို့ မလိုပါဘူး"

ဆူဒဟားက ပြန်၍ပြုံးပြရင်း အလိုက်သင့် အဖြေပေးလိုက်ရသည်။

နောက်ဆုံးတွင် ဧည့်သည်အမျိုးသမီးက ပြန်၍ ထိုင်ရာမှထသည်။

"ရှီလာပူးမြို့ရောက်တာနှင့် တစ်ပြိုင်တည်း မန်နီအော်ဒါနှင့် ငွေ ပြန်ပို့လိုက်မယ်နော် စိတ်ချပါ"

"အရေးမကြီးပါဘူးရှင်။ ဒါလောက်လည်း အလျင်စလို မဟုတ်ပါဘူး"

အိမ်ပေါ်မှ အမျိုးသမီး ဆင်းသွားသောအခါကျမှ စိတ်ချမ်းသာ လက်ချမ်းသာဖြင့် တံခါးထပိတ်ရတော့သည်။ သို့သော်လည်း အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



နာမည်လေးကိုမှ အစမဖော်လိုက်နိုင်ကြောင်း စဉ်းစားမိသည်တွင် စိတ်မချမ်းမသာ ဖြစ်သွားရပြန်သည်။

ထို့ကြောင့် သူ့အစ်မ ရှိဘဟားထံသို့ စာလှမ်းရေးသည်။ အမျိုးသမီး ပုံပန်းသဏ္ဍာန်ကို ဖော်ပြသည်။ သူတို့နှစ်ယောက် ပြောခဲ့ဆိုခဲ့ကြသည့် အကြောင်းများနှင့် အဖြစ်အပျက်များကို ရေးထည့်သည်။ နောက်ဆုံး စာကြောင်းတွင်

"အဲဒီ အမျိုးသမီးက ဘယ်သူလဲဟင် ကျွန်မတော့ သူ့နာမည်ကိုတောင် အစဖော်လို့ မရဘူး။ ဘာမှလည်း စဉ်းစားလို့ မရတော့ ဘူး" ဟု ထည့်ရေးလိုက်သည်။

နောက်သုံးရက်ကြာတော့ ရှိဘဟားထံမှ ပြန်စာရောက်လာသည်။

ညီမလေးပြောတဲ့ ပုံပန်းသဏ္ဍာန်ရှိတဲ့ အမျိုးသမီး လွန်ခဲ့တဲ့ လေးငါးရက်လောက်ကပဲ မမဆီကို လာသွားသေးတယ်။ ညီ မလေး နေနေတဲ့ ပူနားမြို့က လာတယ်လို့ ပြောတယ်။ ဘယ်လ်ဂမ်းမြို့ကိုရောက်ရင် မမဆီကို ဝင်ဖြစ်အောင် ဝင်သွားပါလို့ ညီ မလေးက အထပ်ထပ်မှာလိုက်ကြောင်းလဲ ပြောပြတယ်။

"မမနှင့် အတူတူ နေ့လယ်စာ ဝင်စားတယ်။ ငယ်ငယ်တုန်းက ညီမလေးရယ်၊ မမရယ်၊ သူရယ် အတူတူ ကစားခဲ့တဲ့ အကြောင်းတွေ ပြောတယ်။

"နောက်ဆုံးကျတော့ ဒါရ်ဝါမြို့မှာ သူ့တူမလေးတစ်ယောက် မင်္ဂလာဆောင်မှာမို့ လက်ဖွဲ့ပစ္စည်း ဝယ်ချင်တယ်တဲ့။ သူ့မှာလည်း ငွေလက်ကျန် နည်းသွားလို့ ငွေ အစိတ်လောက် ချေးပါတဲ့။ ဒါရ်ဝါမြို့ကို ရောက်ရောက်ချင်း မန်နီအော်ဒါနှင့် ငွေပြန်ပို့ပေးပါ့မယ်လို့ ပြောသွားတယ်"

"သူ့နာမည်ကိုလည်း မမ မသိလိုက်ရဘူး။ သူ ပြောနေပုံဆိုပုံတွေကတော့ တကယ့်ကို ငယ်ပေါင်းကြီးဖော်ပဲ။ ရင်းရင်းနှီးနှီးပဲ။ ဒါပေမယ့် သူ့နာမည်ကိုထားလို့ သူ့ကိုတောင် မမ မြင်ဖူးခဲ့တယ် မထင်ဘူး။ စဉ်းစားလို့လည်း မရဘူး"

"ဒါကြောင့် ညီမလေးဆီကို စာလှမ်းရေးပြီး သူ ဘယ်သူလဲ။ သူ့နာမည် ဘယ်သူလဲဆိုတာ မေးမလို့လုပ်နေတုန်း ညီမလေးဆီကစာ ဒီနေ့ ရောက်လာတော့တာပါပဲကွယ်"





ဆူဒဟားက အစ်မဖြစ်သူ ရှိဘဟား၏စာကို ခေါက်ပြီး စာအိတ်ထဲသို့ ပြန်ထည့်ထားလိုက်လေသည်။

ထိုအချိန်ကလေးမှာပင် သူပေးလိုက်သည့် ငွေအစိတ်သည် လမ်းဆုံးသို့ ရောက်သွားပြီဖြစ်ကြောင်း သဘောပေါက် နားလည်လိုက်လေတော့သည်၊

**what's In A Name ? By N.S. Phadke.**

**၁၉၈၅ ခုနှစ်၊ ဧပြီလထုတ် မိုးဝေမဂ္ဂဇင်း အမှတ် (၂၀၇)**



www.burmeseclassic.com

www.burmeseclassic.com



## အဆင့်မြင့်သချာ

ငယ်စဉ်တုန်းက ကျွန်တော်သည် အလွန် စိတ်ကူးယဉ်တတ်သူ ဖြစ်ခဲ့ပါသည်။ ထိလွယ် ခံစားလွယ် လှုပ်ရှားလွယ်သော စိတ်ဓာတ်ရှိသူ ဖြစ်ခဲ့ပါသည်။

တစ်ကိုင်းမှတစ်ကိုင်းသို့ ငှက်ကလေးများ ကူးချည်သန်းချည် ပြုလုပ်နေကြသည်ကို လည်းကောင်း၊ ရုတ်တရက် ရောင်စုံဖြာကျလာသော သက်တံကွေးကွေးကို လည်းကောင်း၊ ကျောက်ဆောင်ကျောက်တုံးများကို တွန်းထိုးရင် အကြောဘက်သို့ ဒရောသောပါး စုန်ဆင်းသွားသည့် စမ်းချောင်း ရေအလျဉ်ကို လည်းကောင်း၊ ပါးချိုင့်ကလေးများ ပေါ်အောင် ရယ်မောတတ်သော မိန်းမပျို၏ ဆင်းလည်းသံကို လည်းကောင်း ကျွန်တော် အလွန် စုံမက်မြတ်နိုးခဲ့ပါသည်။

သို့သော်လည်း ရှုရိုလမ်း လောကကြီးကို အရောင်တွေနှင့် အနံ့အသက်တွေက စိုးရိမ်နေတာ မဟုတ်ဘူးကွ။ လောကကြီးရဲ့ ဖြစ်ပျက်ပြုပြင်ပြောင်းလဲမှု တရားတွေအားလုံး လက်တွေ့ကျကျ တွက်ချက်မှုအပေါ်မှာ အခြေခံတယ်။ ဒါကြောင့် မင်းဟာ အင်ဂျင်နီယာ ဖြစ်ကို ဖြစ်ရမယ်။ ကဗျာဆရာ မဖြစ်ရဘူး”

အင်ဂျင်နီယာ ဖြစ်ဖို့ဆိုသည့်နေရာတွင် ပြဿနာတစ်ခု ပေါ်လာပါသည်။ ကျွန်တော်သည် သင်္ချာဘာသာရပ်ကို အလွန်ရွံမုန်းသူ ဖြစ်ပါသည်။

ပန်းရှုပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်နှင့်နှစ်ပေါင်းလျှင် ဘာကြောင့် လေး ဖြစ်သွားရသနည်း ဆိုသည်ကို မကြာခဏ ကျွန်တော် စဉ်းစားကြည့်ဖူးပါသည်။

ဘာကြောင့် ငါး မဖြစ်သနည်း။ ဘာကြောင့် သုံး မဖြစ်သနည်း။ နှစ်နှစ်ပိုင်းတစ်ပိုင်း မဖြစ်နိုင်ဘူးလား။

လူ့ဘဝတွင် တစ်ယောက်နှင့်တစ်ယောက် အသည်းချင်း ပေါင်းကြလျှင် တစ်ယောက်တည်း တသားတည်း။ ဖြစ်သွားဘိသကဲ့သို့ တစ်နှင့်တစ်ပေါင်းလျှင် တစ်ပဲဖြစ်ရမည့်အစား ဘာကြောင့် နှစ်ဖြစ်သွားရသနည်း။

သို့သော်လည်း သင်္ချာဘာသာကတော့ လူ့ဘဝနှင့် မတူပါ။ လူ့ဘဝနှင့်သာ ညှိနှိုင်းကြည့်နေမည်ဆိုလျှင် သံသရာ ဆုံးသည့်တိုင်အောင်လည်း တူညီလာလိမ့်မည် မဟုတ်ပါ။

မည်သို့ပင်ဆိုစေ အဖေ စည်းကမ်းလုပ်လိုက်သည့် အချိန်မှစ၍ အင်ဂျင်နီယာဖြစ်အောင် ကျွန်တော် ကြိုးစားခဲ့ပါသည်။ ကျွန်တော် ရွံမုန်းသော သင်္ချာဘာသာကို အချိန်ရှိသမျှ အပြင်းအထန် သင်အံလေ့ကျက်ကြိုးပမ်းတွက်ချက်ပါတော့သည်။

ယင်းသို့သော ကံ၊ ဉာဏ်၊ ဝီရိယများကြောင့် အင်ဂျင်နီယာဘွဲ့ကို ပထမဆင့်တွင် ပထမဖြင့် ဆွတ်ခူးရရှိနိုင်ခဲ့ပါသည်။

ဂုဏ်ထူးတွေတလှေကြီးဖြင့် ကျွန်တော် အင်ဂျင်နီယာဘွဲ့ရသောအခါ ကျွန်တော်နှင့် ငယ်စဉ်ကတည်းက စေ့စပ်ထားခဲ့ပြီး ဖြစ်သည့် ရှာဒါးသည် ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်နေပါတော့သည်။

ရှာဒါးကို ကျွန်တော် အရူးအမူး ချစ်မြတ်နိုးခဲ့ပါသည်။

ကျွန်တော်တို့နှစ်ယောက် အတူ ဆော့ကစားခဲ့ကြသည်။ အတူ ပညာသင်ကြားခဲ့ကြသည်။ အတူ စိတ်ကူးယဉ်ခဲ့ကြသည်။

လူ့ဘဝ ခရီးလမ်းတစ်လျှောက်တွင် အတူလက်တွဲသွားရမည့် ဘဝကြင်ဖော် ဇနီးလောင်းအဖြစ်နှင့်လည်း ကျွန်တော် သတ်မှတ်ထားခဲ့ပြီးပြီ မဟုတ်ပါလား။

ကျွန်တော်တို့၏ အိမ်ထောင်ရေးကို မည်နည်းမည်ပုံ သာယာအောင် တည်ဆောက်မည်။ သားသမီးဘယ်နှစ်ယောက်မွေးမည်။ ကျွန်တော် ကြိုက်တတ်သည့် အစားအစာများကို မည်သို့မည်ပုံ ချက်ပြုတ်





ကျွေးမွေးမည် စသည်များကိုလည်း ကျွန်တော်တို့နှစ်ယောက် အကြိမ်ကြိမ်တိုင်ပင်ကာ သဘောတူညီမှု ရယူနိုင်ခဲ့ပြီ ဖြစ်ပါသည်။

အတူလက်တွဲလျှောက်ကြရမည့် ဘဝခရီးလမ်းအတွက် လိုအပ်သည်များကို အသေးစိတ် တိုင်ပင်တွက်ချက်ထားခဲ့ကြပြီး ဖြစ်ပါသည်။

အဖေသည် လာလာဗီဟာရီလားလ် ပိုင်ဆိုင်သည့် ကုမ္ပဏီတွင် စာရင်းကိုင် လုပ်နေပါသည်။

ဂုဏ်ထူးတလှေကြီးဖြင့် ကျွန်တော် အင်ဂျင်နီယာဘွဲ့ရသည့် အကြောင်းကို ကြားသောအခါ လာလာဗီဟာရီလားလ်သည် ကျွန်တော်နှင့် ပတ်သက်ပြီး အဖေ့ကို နားချပါလေတော့သည်။

ထိုပြဿနာကြီးက ကျွန်တော့်အဖို့ မတွေးနိုင်မမျိုနိုင် ဖြစ်လာပါသည်။ ထိုသို့ အချိန်အတန်ကြာအောင် လိပ်ခဲတည်းလည်း ဖြစ်နေသောအခါ နောက်ဆုံးပိတ် အပြီးသတ် စီရင်ချက်ကို အဖေကပင် ချမှတ်ပါသည်။

ရှာဒါးနှင့် ကျွန်တော် စေ့စပ်ကြောင်းလမ်းထားခြင်းကို ဖျက်သိမ်းရမည်။ လာလာဗီဟာရီလားလ်၏ တစ်ဦးတည်းသောသမီး မဒူမတ္တီနှင့် လက်ထပ်ရမည်ဟူသော နောက်ဆုံးစီရင်ချက်ပင် ဖြစ်ပါသည်။

အလွန်တရာ ချောမောလှပသော မဒူမတ္တီသည် ထိုအချိန်တုန်းက နိုင်နီတားလ်မြို့တွင် နေထိုင်လျက်ရှိသည်။

နိုင်နီတားလ်မြို့သို့ ကျွန်တော် သွားရမည်။ မဒူမတ္တီ၏ အချစ်ကို ရပြီဆိုလျှင် သူဌေးကြီး လာလာဗီရီလားလ်၏ တစ်ဦးတည်းသောသမက် ဖြစ်သွားမည်။ ထိုအခါတွင် ကျွန်တော်၏ အနာဂတ်ဘဝ ဖြောင့်ဖြူးသာယာရေးကို သူဌေးကြီးက တာဝန်ယူတော့မည် စသည်ဖြင့် အဖေက ထောင့်စုံစေ့နေအောင် အကွက်ချပေးပါသည်။

"ပါပါ...အဲဒီအမျိုးသမီးနှင့် ကျွန်တော် စိတ်သဘောထားချင်း တိုက်ဆိုင်မယ် မထင်ဘူး"

ဟု ကျွန်တော် ပြန်ပြောမိပါသည်။

ရှက်ကိုးရှက်ကန်း ဖြစ်နေတတ်သော ငယ်ချစ်ရှာဒါး၏ မျက်နှာကလေးကို ကျွန်တော် မြင်ယောင်နေမိပါသည်။ သူ့အကြောင်းကို တွေးစားရင်း ကျွန်တော် အကြိမ်ကြိမ် မျက်ရည်ကျမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော သစ္စာဖောက်လိုက်မည်ဆိုလျှင် သူ့ခမျာ အသည်းကွဲရရှာပေတော့မည်။

ကျွန်တော်တို့နှစ်ယောက် လက်ထပ်ပြီးလျှင် အိမ်မှာတပ်ဆင်မည့် ခန်းဆီးအရောင်များကိုပင် နှစ်ယောက်သား တိုင်ပင်ရွေးချယ်ပြီး ဖြစ်နေကြပါပြီ။

"တစ်ခုစဉ်းစားကြည့်ပါဦး ပါပါ။ လာလာဗီဟာရီလားလ်ဟာ သိပ်ကို ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ပါ။ သူတို့နှင့် အဆင့်အတန်းချင်းတူတဲ့ သမက်လောင်းတွေ သူ့ပတ်လည်မှာ ဝိုင်းဝိုင်းလည်နေတာပဲ သူ ကြိုက်ရာ ခေါင်းခေါက် ရွေးနိုင်ပါတယ်"

ဟူ၍လည်း ကျွန်တော် အပြင်းအထန် ဆင်ခြေတက်မိပါသည်။

"ဒါပေမယ့် သူက သူဌေးသားကို သမက်တော်ချင်တာ မဟုတ်ဘူးကွ။ သူဌေးသားနှင့် သူဌေးသမီး အိမ်ထောင်ပြုကြပြီးတဲ့ နောက်ပိုင်းမှာ ငွေရေးကြေးရေးခန်းတွေ ရှုပ်ထွေးလာတတ်ကြတယ်။ ဟိုကလည်း သူတို့ဘက်ယက်၊ ဒီကလည်း ကိုယ့်ဘက်ယက်နှင့် စီးပွားရေးလုပ်ငန်းတွေမှာ အရှုပ်အထွေး ဖြစ်လာတတ်တယ်။ ဒါကြောင့် လာလာဗီဟာရီလားလ်က နောင်တစ်နေ့မှာ အဲဒီလို ပြဿနာတွေနှင့် ရင်မဆိုင်ရအောင် အခုကတည်းက ကြိုတင်ပြီး ရှင်းရှင်းလင်းလင်း စီစဉ်ထားချင်တယ်။ သူ့သမီး မဒူမတ္တီကို ချည်းကပ်ပြီး ငါ့သားက ကြိုးစားကြည့်ပါဦးလို့ သူ ကိုယ်တိုင်က ပါပါ့ကို အကြံပေးတာပါ။ ငါ့သားအတွက် ဘာအခက်အခဲမှ ပေါ်နိုင်စရာအကြောင်း မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ ကိုယ်တိုင်က သားဘက်ကိုပါနေပြီ မဟုတ်လား"

အဖေကလည်း စိတ်အားတက်ကြွစွာဖြင့် ရှင်းပြရင်း ဖြစ်နိုင်ချေများကို တွက်ပြနေသည်။

"ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုကိုလည်း မကြာခင် သူ တည်ထောင်တော့မယ်။ အဲဒီ ကုမ္ပဏီရဲ့ အကြီးအကဲ အဖြစ်နှင့် ငါ့သားကို ခန့်ပေးမယ်တဲ့။ ဒါဆိုရင် ငါ့သားရဲ့ ဘဝဟာ နေ့ချင်းညချင်း ပြောင်းလဲသွားမှာပဲ။ ပါပါလည်း အသက်ကြီးပြီ။ မင်းအမေရဲ့ မျက်နှာပေါ်မှာလည်း ပူပင်သောကရိပ်တွေ ဘယ်လောက်များနေပြီဆိုတာ မင်း မြင်မှာပေါ့။ မင်း ညီမသုံးယောက်ကို အိမ်ထောင်ရက်သား ချပေးဖို့ ပါပါ့မှာ တာဝန်





ရှိသေးတယ်။ သတို့သားကို တင်တောင်းဖို့အတွက် ပါပါတို့မှာ ရှိသေးတယ်။ ဒီတာဝန်တွေဟာ ပါပါအဖို့ ဘယ်လောက်ကြီးမားသလဲဆိုတာ ငါ့သား စဉ်းစားကြည့်ပါ။ အရေးအကြီးဆုံးက အမှန်ကန်ဆုံး အဖြေရအောင် ငါ့သား သေသေချာချာ တွက်ယူတတ်ဖို့ပဲ"

* * *

အဖေပြောသလို အကျိုးသင့် အကြောင်းသင့်ကို ဆက်စပ်တွေးယူပြီး အဖြေမှန်ရအောင် သေသေချာချာ တွက်ချက်ကြည့်သောအခါ နိုင်နီတားလ်မြို့ကိုသွားဖို့ ဆိုသည်မှာ လွှဲရှောင်မရသောအလုပ် ဖြစ်လာသည်။

ထိုအကြောင်းကို သိသောအခါ ရှာဒါးခမျာ ကျုံ့ကျုံ့ပါအောင် ငိုရှာလေတော့သည်။ ရှိုက်သံများဖြင့်လည်း ကျွန်တော့်ကို မေးရှာပါသည်။

"ကျွန်မတို့နှစ်ယောက် စေ့စပ်ထားတာကို ဘာကြောင့် ဖျက်ရတာလဲ မောင်ရယ်"

"သူတို့က ဒါကို အဆင့်မြင့်သချာတဲ့လေ..."

ရိုးသားပြီး ဟန်ဆောင်မှုကင်းသော ရှာဒါးသည် မဒူမတ္တီနှင့်တော့ နှိုင်းယှဉ်၍ မရနိုင်ပါချေ။

မဒူမတ္တီသည် စိန်တုံးစိန်ခဲကလေးများလို ဖိတ်ဖိတ်တောက်၍ နေပါသည်။ နှုတ်ခမ်းနှစ်လွှာက ပတ္တမြားလို နီရဲနေသည်။ မျက်လုံးအစုံက နီလာရောင်ကဲ့သို့ ပြာလဲ့နေသည်။ သွားကလေးများက ပုလဲလုံးကလေးများကို စီတန်းထားသလား ထင်မှတ်မှားရသည်။

သူ ရယ်မောလိုက်သောအခါများတွင် သူ့ ပါးစပ်ထဲမှ အဖိုးတန် ရတနာများ ယိုဖိတ်ကျလာတော့မည်လား ထင်မှတ်ရသည်။ ထို့ကြောင့် သူ ရယ်လိုက်တိုင်း သူ့မေးဖျားအောက်မှနေ၍ အဖိုးတန် ရတနာများကို လက်ကိုင်ပဝါဖြင့် ခံပေးထားလိုက်လိုစိတ်ပင် ကျွန်တော် ပေါက်မိပါသည်။

ကောလိပ်ကျောင်းမှာ သူနှင့်ကျွန်တော် ဆုံခဲ့ဖူးပါသည်။ အမြဲတမ်း သွက်လက်ချက်ချာပြီး ပျော်ပျော်ရွှင်ရွှင် နေတတ်သော မိန်းကလေး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အလွန် ခေါင်းမာသည်။ သူ့စိတ်နေသဘောထားကို အကဲခတ်ရခက်လှသည်။

စာမကြိုးစားသော်လည်း တစ်နှစ်တစ်တန်းတော့ မှန်မှန်အောင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ ပညာသင်ကြားနေသော ကောလိပ်ကျောင်းသည် သူ့အဖေ တည်ထောင်ပေးသော ကျောင်းဖြစ်သောကြောင့် ပေတည်း။

ဆရာ၊ ဆရာမ ပါမောက္ခများကိုလည်း သူ မကြာမကြာ အသော ဖောက်တတ်သည်။

တစ်နေ့တွင် ကျွန်တော်တို့ ကောလိပ်ကျောင်းသို့ မကြာသေးမီကမှ ရောက်လာသော ဓာတုဗေဒ ပါမောက္ခက သံမဏိကို မည်သို့ ပြုလုပ်ရသနည်းဟု မဒူမတ္တီအား မေးခွန်းထုတ်ပါသည်။

"သံကနေလုပ်ပါတယ် ဆရာ" ဟု မဒူမတ္တီက ပြန်ဖြေသည်။

"ဟုတ်ပါတယ်၊ သံမဏိကို သံကနေလုပ်တာပါပဲ။ ဒါပေမယ့် ဘယ်လိုလုပ်ရသလဲ"

"သတ္တုဗေဒပညာရှင်တွေက လုပ်ပါတယ်ဆရာ"

"သတ္တုဗေဒပညာရှင်တွေက လုပ်တယ်ဆိုတာ ဆရာ သိတာပေါ့။ ဒါပေမယ့် သတ္တုဗေဒပညာရှင်တွေက သံမဏိ ဘယ်လိုလုပ်ကြသလဲ"

"ဘယ်လိုလုပ်ရမှာလည်း သံမဏိစက်ရုံမှာ လုပ်တာပေါ့"

မဒူမတ္တီက ခပ်ဆတ်ဆတ် ပြန်ပက်သည်။

"မှန်ပါတယ်။ သံမဏိကို သံမဏိစက်ထဲမှာ သတ္တုဗေဒပညာရှင်တွေက လုပ်တယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမယ့် ဘယ်လိုလုပ်သလဲ"

"ဆရာက အဆန်းပဲနော်။ ဆရာမေးတာတွေ ကျွန်မ ဖြေဖို့ လိုပါသလား။ ဆရာကသာ ဖြေရမှာပေါ့။ ဘာကြောင့်လဲဆိုတော့ ဆရာက ပါမောက္ခလေ။ ကျွန်မက ကျောင်းသူပဲ ဆရာရဲ့" ဟု မဒူမတ္တီက ခပ်တည်တည် ပြန်ပြောခဲ့သည်။

ထိုရက်များတုန်းကတော့ သူ့ကို ကျွန်တော် အဝေးကသာ လှမ်း၍ မြင်တွေ့ခဲ့ရပါသည်။ ကောင်းကင်ကလမင်းကို မြင်တွေ့ရသကဲ့သို့ ဖြစ်ပါသည်။





ယခုမူ သူ့လက်ကို တင်းတင်းကိုင်ပြီး တောင်ကြားလမ်း ကျဉ်းကျဉ်းကလေးမှာ ကျွန်တော်တို့ နှစ်ယောက် ယှဉ်တွဲလျှောက်နေကြပါပြီ။

ကျွန်တော်တို့ကိုယ်ပေါ်သို့ လရောင်က ထိုးကျနေပါသည်။ ထင်းရှူးရွက်များကြားမှတစ်ဆင့် ထိုးကျလာဖြင့် ပြောက်ပြောက်ကျားကျား ဖြစ်နေပါသည်။ ရှရိုက်သော လေထဲတွင်လည်း ပန်းပေါင်းစုံတို့၏ ရနံ့က သင်းပျံ့နေပါသည်။

ဂီသြမေတြီဘာသာရပ်တွင် သက်သေပြရန် မလိုသော မှန်ကန်ခြင်းကဲ့သို့ အချိန်သည် ရပ်တန့်၍နေပါသည်။

မဒူမတ္တီ၏ သိမ်ကျဉ်းသော ခါးကလေးကို ကျွန်တော် ပွေ့ဖက်လိုက်လေတိုင်း 'ထောင့်သစ်'တို့ ဖြစ်ပေါ်ကြပြန်သည်။

* * *

နိုနီတားလ်မြို့သို့ ကျွန်တော် မထွက်ခွာမီ စာအုပ်စင်တွင် ပိုးဟပ်နှင့် ဖုန်အလူးလူး ဖြစ်နေသော ကဗျာစာအုပ်များကို သုတ်သင် ရှင်းလည်းရပါသည်။

ခက်ခဲသော အက္ခရာသင်္ချာ ပုစ္ဆာတစ်ပုဒ်ကို အာရုံစိုက်ပြီး အဖြေရှာဘိသကဲ့သို့ ဝီလျံဝဒ်ဝပ်သ်၊ ဘိုင်ရွန်၊ ရှယ်လီနှင့် ကီတို့၏ ကဗျာများကို နှုတ်ထက်ရွရွ အလွတ်ရအောင် ကျက်ရပါသေးသည်။

မိန်းမပျိုလေးတစ်ယောက်ကို မိမိက ချစ်ဟန်ဆောင်ပြရတော့မည်ဆိုလျှင် အကြောင်းဆိုက်လာတိုင်း အံဝင်ခွင်ကျဖြစ်မည့် ကဗျာတစ်ပုဒ်ပုဒ်ကို ကောက်ကာငင်ကာ ရွတ်ဆိုပြတတ်ဖို့ လိုပါသည်။

လရောင်ရွှန်းမြသော ထိုညတုန်းက နှစ်ယောက်အတူ လက်တွဲလျှောက်ကြရင်း မဒူမတ္တီ၏ စိတ်အာရုံ ပြောင်းလဲသွားသည်များကို ကျွန်တော် ဂရုတစိုက် အကဲခတ်ကြည့်ခဲ့ပါသည်။ ပြောင်းလဲသွားသည့် သူ၏ စိတ်အာရုံနှင့် အံဝင်ခွင်ကျဖြစ်စေမည့် ကဗျာများကို ကျွန်တော် ရွေးချယ်ရွတ်ဆိုပြခဲ့ပါသည်။

ကျွန်တော် ရွတ်ဆိုပြသည့် ကဗျာများသည် သူ၏ခံစားချက်နှင့် အဖန်ဖန်တလဲလဲ တိုက်ဆိုင်လေသောအခါ ကျွန်တော့်အပေါ် သူ တိမ်းညွတ်နေသည်ဆိုသည်မှာ သေချာသလောက် ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော် ရွတ်ဆိုပြသည့် ကဗျာများ၏ ဆွဲဆောင်မှုကြောင့်လော၊ လာလာဗီဟာရီလားလ် ရေးလိုက်သည့် စာ၏ထိရောက်မှုကြောင့်လော ဆိုသည်ကိုလည်းကောင်း၊ ပတ်ဝန်းကျင် အနေအထား၏ ဖန်တီးလှုံ့ဆော်ပေးမှုကြောင့်လော ဆိုသည်ကို လည်းကောင်း၊ သူ့ ခါးလေးကို ကျွန်တော် ပွေ့ဖက်ထားသည့် အထိအတွေ့ကြောင့်လောဆိုသည်ကို လည်းကောင်း ကျွန်တော် ရေရေရာရာ မပြောတတ်ပါ။

တင်းမာခက်ထန်ခဲ့သော သူ၏မာန်မာန အစိုင်အခဲများသည် ကား ဖော့ဖယောင်းလို ပျော့ပျောင်းလာသည်ကား အမှန်ပင် ဖြစ်ပါသည်။

သူသည် မကြာခဏ သက်ပြင်းချနေတတ်သည်။ ကျွန်တော်၏ ပခုံးစွန်းပေါ်သို့လည်း သူ့ခေါင်းလေးကို မကြာခဏ လာတင်တတ်သည်။

စိတ်ဒုက္ခ ခံစားနေရသော ရှာဒါး၏ သနားစဖွယ်များနှာကလေးကို ထိုအခိုက်အတန့်ကလေးတွင် ကျွန်တော် မြင်ယောင်နေမိသည်။

ထို့ကြောင့်လည်း လရောင်ပြောက်ပြောက်ကျားကျား စွန်းထင်းနေသော မဒူမတ္တိ၏ မျက်နှာလှလှကလေးကို မလုံမလဲဖြင့် ကျွန်တော် ငုံ့ကြည့်မိပါသည်။ ပြစ်မှုတစ်ခုခုကို ကျူးလွန်ထားမိသလိုလည်း စိတ်ထဲမှာ ခံစားနေရသည်။

မျက်ရည်များ အိုင်ထွန်းနေသော မျက်လုံးအစုံဖြင့် ရှာဒါးခမျာ ကျွန်တော့်ကို စိုက်ကြည့်ယင်း အပြစ်ဆိုနေပြီလားဟုလည်း ထိတ်လန့်စွာ တွေးမိပါသည်။

ကျွန်တော်သည် ခေါင်းကိုခပ်ကြမ်းကြမ်းယမ်းခါပစ်လိုက်ရင်း ထိုအတွေးများကို မောင်းထုတ်ပစ်လိုက်မိပါသည်။

ထိုအကြောင်းများကို စဉ်းစားနေဖို့ အချိန်မဟုတ်တော့ပါ။ ထိုအကြောင်းများကို စဉ်းစားနေခြင်းအားဖြင့် ကျွန်တော့်ဘဝ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာဖို့အကြောင်းသာ ရှိလေသည်။

အမြတ်အစွန်း ကြီးကြီးမားမားရနိုင်မည့် အကြောင်းကိုသာ ကျွန်တော် အာရုံစိုက်ရပါတော့မည်။ အမြောက်လက္ခဏာတွေ များပြားသည့် နေရာကိုသာ ကျွန်တော် စူးစိုက်ကြည့်ရပါတော့မည်။





ခရီးအဝေးကြီးသို့ ကျွန်တော်တို့နှစ်ယောက် လက်ချင်းချိတ်ပြီး လျှောက်နေကြခိုက် ကျွန်တော်သည် နှစ်သက်ဖွယ်ရာ လူတစ်ယောက် ပါလားဟု သူ့ သဘောပေါက်နေလောက်ပါသည်။

သို့သော်လည်း သူ့အမူအရာက စိန်ကဲကျောက်ကဲ ခတ်နေသည့် အမျိုးသမီးတစ်ယောက်နှင့် ပိုတူနေသည်။

နောက်နေ့တွင် ကျွန်တော်တို့နှစ်ယောက် ချီနားတောင်ထိပ်သို့ အတူတူတက်ရန် သဘောတူခဲ့ကြသည်။

မနက်စောစော ကျွန်တော်က သူ့အိမ်သို့ သွားခေါ်ရမည်။ သူက ကျွန်တော့်အတွက် မြင်းတစ်ကောင်နှင့် သူ့အတွက် မြင်းလှည်းတစ်စီးကို အသင့်ငှားထားမည် ဖြစ်သည်။

ထိုနေ့ညတုန်းက အဖေ့ထံသို့ ကျွန်တော် စာတစ်စောင် ပြန်ရေးလိုက်ပါသည်။

ကျွန်တော့် စာထဲတွင် (Q.E.D) ဟူသော စာလုံးသုံးလုံးသာ ပါပါသည်။

သချာ၏ အမှတ်သင်္ကေတများသည် လူ့ဘဝတွင်လည်း တစ်စုံတစ်ရာသော အဓိပ္ပာယ် ရှိမည်ဆိုလျှင် အနက်အဓိပ္ပာယ် သို့ဝှက်ဖျောက်ကွယ်ထားသည့် ကျွန်တော်၏ အကြောင်းကြားစာ သုံးလုံးသည် အဖေ့ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်စေလိမ့်မည်မှာ ဧကန်ဖြစ်သည်ဟု ကျွန်တော် စိတ် တုံးတုံးချလိုက်မိပါသည်။

* * *

နောက်တစ်နေ့ မနက်စောစော မဒူမတ္တိ၏အိမ်သို့ ကျွန်တော် ရောက်သွားသောအခါ မျက်နှာအမူအရာ မရွှင်မပျဖြစ်နေသော မဒူမတ္တိကို တွေ့ရလေသည်။

"ချီနားတောင်ထိပ်ကို ရှင်နှင့်အတူတူ မတက်နိုင်တော့တဲ့အတွက် စိတ်မကောင်းလိုက်တာရှင်"

ဟု သူက ဆီးကြိုပြောပါသည်။

"ဘာဖြစ်လို့လဲ"

"မေးမနေပါနှင့်တော့ရှင် ရှင်လဲ သွားလို့ မဖြစ်တော့ဘူး"

သူက ယတိပြတ်စကားကို ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဘာများဖြစ်လို့လဲ" ကျွန်တော်က ထပ်ဆင့် မေးမိပြန်ပါသည်။

မဒူမတ္တိ၏ အယ်လ်ဇေးရှင်းခွေးသည် ထိုနေ့မနက် စောစောပိုင်းက ဒဏ်ရာအပြင်းအထန် ရသွားကြောင်း နောက်ဆုံးတွင်မှ ကျွန်တော် သိရလေတော့သည်။

အယ်လ်ဇေးရှင်းခွေးသည် အညောင်းပြေစေရန် အိမ်ဖော်တစ်ယောက်က ခွေးကိုခေါ်ပြီး မနက်စောစော လမ်းလျှောက်ထွက်သည်။ ခွေးက တောင်စောင်းမှ ချောက်ထဲသို့ ချော်ကျသွားသည်။ နောက်ခြေထောက်တစ်ချောင်း ကျိုးသွားသည်။ ကိုယ်လုံးတွင်လည်း ဒဏ်ရာများ ရသွားသည်။

မဒူမတ္တိက သူ့ခွေးကို လက်နှင့်ယုယစွာ ပုတ်ပေးနေသည်။ သို့သော်လည်း ခွေးသည် ခွေးပဲ ဖြစ်ပါသည်။ တစ်နည်းဆိုရသော် သူမှာလည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်ပါ၏။ ထိုသွေးနှင့်ကိုယ် သားနှင့်ကိုယ်တွင် ဒဏ်ရာအနာတရ ဖြစ်လာသောအခါ အမြီးကို နန့်ပြရမည့် အစား မာန်ဖီစမြဲပင် ဖြစ်လေသည်။

ယခုလည်း မဒူမတ္တိက ယုယစွာပုတ်ပေးနေသည့်ကြားမှပင် ဒဏ်ရာရနေသော အယ်လ်ဇေးရှင်းခွေးက မာန်ဖီနေချေသည်။

"ဒီအတိုင်း ကြောင်ပြီး ရပ်ကြည့်မနေပါနှင့်လေ။ ခွေးကို မြင်းလှည်းနှင့်တင်ပြီ ဆေးရုံလိုက်ပို့ပေးပါ။ လိုအပ်သလို ချက်ချင်း ကုသပေးဖို့လည်း ဆရာဝန်ကို ပြောပေးပါ" ဟု မဒူမတ္တိက ကျွန်တော့်ကို လှမ်းပြောသည်။

"တိရစ္ဆာန်ဆေးရုံက ဒီကနေ ဘယ်လောက်ဝေးသလဲ။ ကိုယ်က လည်း ဒီမြို့ကို တစ်ခေါက်မှ မရောက်ဖူးဘူး ဆိုတော့..."

ကျွန်တော်က သေချာအောင် ပြန်မေးသည်။

"တိရစ္ဆာန်ဆေးရုံပို့ပေးဖို့ ကျွန်မ ပြောမိလို့လား။ လူတွေကို ဆေးကုပေးတဲ့ မော်လီတားလ်ဆေးရုံကို သွားပို့ပေးပါ"

"ခွေးကိုဆေးကုပေးဖို့ ဆရာဝန်က ငြင်းနေမယ်ဆိုရင်ကော..."

ကျွန်တော်က မရေမရာ ပြန်မေးမိသည်။

သည်တော့မှပင် မဒူမတ္တိက ကျွန်တော့်ကို သံကုန်ပြန်အော်တော့သည်။





"သူ ဘယ်နည်းနှင့်မှ မငြင်းရဲဘူး။ အဲဒီ ဆေးရုံဟာ ကျွန်မ အဖေ ဆောက်ပေးထားတဲ့ ဆေးရုံ။ ဒါကြောင့် ဒီခွေးကို မော်လီတားလ် ဆေးရုံ ခေါ်သွားပါ။ ဆရာဝန်ကို ကျွန်မ ဖုန်းဆက်ထားလိုက်မယ်"

ချီးနားတောင်ထိပ်သို့ သွားရန် ငှားထားသည့် မြင်းလှည်းပေါ်သို့ ခွေးခြေကျိုးကို တင်ရတော့သည်။ ဆေးရုံရောက်သောအခါ မြင်းလှည်းသမားကို ခဏစောင့်ခိုင်းပြီး ဆေးရုံထဲသို့ ကျွန်တော် ဝင်ခဲ့သည်။

ရှည်လျားသော စင်္ကြံတလျှောက်တွင် ခုံတန်းလျားများကို တန်းစီချထားသည်။ ထိုခုံတန်းလျားများပေါ်တွင် လူနာများနှင့် လူနာရှင်များ ဆေးရုံဖွင့်မည့်အချိန်ကို ပူပင်သောကရောက်စွာဖြင့် စောင့်ဆိုင်းနေကြသည်ကို တွေ့ရပါသည်။

"ဆေးရုံဖွင့်ဖို့ နာရီဝက်လောက် လိုသေးတယ်" ဟု ဆေးရုံအလုပ်သမားတစ်ယောက်က ကျွန်တော့်ကို ဝမ်းသာသည့် လေသံမျိုးဖြင့် ဆီးကြိုပြောသည်။

"အထဲမှာ ဆေးရုံအုပ်ကြီး ရှိသလား"

ကျွန်တော်က ခပ်ထန်ထန် မေးသည်။ ဆေးရုံနံ့ရုံများကိုလည်း ကျွန်တော် ပိုင်ဆိုင်သည့် အဆောက်အအုံတစ်ခုကို လှည့်လည် ကြည့်ရှုဘိအလား ပိုင်စိုးပိုင်နင်း မျက်လုံးတစ်ချက် ဝေ့လိုက်သည်။

ကျွန်တော်၏ အထက်စီးလေသံနှင့် ပိုင်းစိုးပိုင်နင်း အမူအရာကြောင့် ဆေးရုံအလုပ်သမားမှာ ချက်ချင်း ပျာပျာသလဲ ဖြစ်သွားသည်။

"ရှိပါတယ်...ရှိပါတယ်။ သူ့ရုံးခန်းထဲမှာ ရှိနေပါတယ်"

ဆေးရုံအလုပ်သမား၏ မျက်နှာလို အားရလေသံကြောင့် ကျွန်တော် အလိုလို ကျေနပ်နှစ်သိမ့်သွားမိပါသည်။

"မဒူမတ္တိရဲ့ခွေး ရောက်နေပြီလို့ ဆေးရုံအုပ်ကြီးကို သွားပြောလိုက်"

ကျွန်တော့်စကားကြောင့် ဆေးရုံအလုပ်သမား၏ မျက်နှာပေါ်မှာ အံ့သြသည့် အမူအရာ ပေါ်သွားသည်။ သို့သော်လည်း ချက်ချင်းပင် အတွင်းခန်းသို့ ဝင်သွားသည်။

စင်္ကြံထဲမှာ ဟိုနားသည်နား လမ်းလျှောက်ရင်း လူနာများကို ကျွန်တော် အကဲခတ် လေ့လာကြည့်မိပါသည်။

အဘိုးကြီးနှစ်ယောက်က အတိုင်အဖောက် ချောင်းဆိုးနေကြသည်။ တစ်ယောက် ချောင်းဆိုးနေလျှင် ကျန်တစ်ယောက်က ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမလူ ရပ်တော့မှ ဒုတိယလူက သူ့အလှည့်ကယဘိအလား ချောင်းဆိုးသည်။ နှစ်ယောက် ဇာတ်တိုက်ထားသည်နှင့်ပင် တူသေးတော့သည်။

အမေ၏ ရင်ခွင်ထဲမှာ ရှိနေသော ကလေးတစ်ယောက်က ဖြူဖပ်ဖြူရော်နှင့် အရိုးပေါ်အရေတင် ဖြစ်နေသည်။ အသက်ကို ခပ်မျှဉ်းမျှဉ်း ရှူနေသည်။ မွေးလာသည့်အချိန်မှစ၍ အာဟာရပြတ်ခဲ့ပုံပေါ်သည်။

လူတစ်ယောက်က ခုံတန်းလျားပေါ်မှာ လှူးလိမ့်ရင်း ဒဏ်ရာရနေသည့် တိရစ္ဆာန်တစ်ကောင်ကို ညည်းတွားနေသည်။ ကျောက်ကပ်ရောဂါကို မနေ့ညက တစ်ညလုံး ခံစားခဲ့ရပုံမျိုး ဖြစ်နေသည်။

ထိုလူ၏ ဟိုဘက်ဘောင်းတွင်ရှိသော လူတစ်ယောက်ကမူ တကိုယ်လုံး သွေးချင်းချင်းရဲနေသည်။ သွေးမတိတ်သေးဘဲ နေရာအမြောက်အမြားမှ သွေးများ ယိုစီးကျနေသည်။ အချို့နေရာများတွင် အသားစိုင်းများ ပွဲနေသည်ကိုပါ မြင်ရသည်။ သူ့မျက်နှာ ပြာနေပြီ။

တောထဲမှာ ကျားသစ်နှင့်တွေ့ပြီး ကျားသစ် အကိုက်ခံရခြင်း ဖြစ်သည်ဟု ဆိုသည်။

သူ့ဇနီးနှင့် သူ့အဖေ အဘိုးကြီးက သူတို့ရွာမှ ဖြတ်သွားသူတိုင်းကို ဆရာဝန်အား အကြောင်းကြားပေးရန် သနားစဖွယ် တိုးလျှိုးတောင်းပန်နေကြသည်။

ရုံးခန်းထဲမှ ဆေးရုံအုပ်ကြီး ထွက်လာသည်ကို လှမ်းတွေ့ရသည်။ သူ့နောက်တွင် ဆေးရုံအလုပ်သမားများ ဘဲအုပ်တစ်အုပ်လို လိုက်ပါလာကြသည်။

ဆေးရုံအလုပ်သမား တစ်ယောက်က ကျွန်တော်ရှိသည့်နေရာသို့ လက်ညှိုးထိုးပြသည်။ ဆေးရုံအုပ်ကြီးက ကျွန်တော့်ဆီသို့ ခပ်သုတ်သုတ် လျှောက်လာသည်။

မြင်းလှည်းပေါ်တွင် ခွေးပါကြောင်း၊ မနိုင်သဖြင့် ဆေးရုံထဲသို့ မယူလာရသေးကြောင်း ကျွန်တော်က ပြောပြသည်။

ဆေးရုံအုပ်ကြီးက လူနာထမ်းစင်နှင့် ခွေးကို သွားသယ်ယူလာရန် အမိန့်ပေးသည်။

ကျားသစ်အကိုက်ခံရသူ၏ အဖေ အဘိုးကြီးက ဆေးရုံအုပ်ကြီး ထွက်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်တည်း ရှေ့သို့ တုန်တုန်ချည်





ချည့်ဖြင့် အားကိုးတကြီး တိုးလာသည်။ သူ့နှုတ်ခမ်းများလည်း ခြောက်နေလေပြီ။

“ဆရာဝန်ကြီး ခင်ဗျာ ကျွန်တော့် သားလေးရဲ့အသက်ကို ကယ်ပေးပါ ခင်ဗျာ။ ကျားသစ်ကိုက်ထားတဲ့ ဒဏ်ရာတွေနှင့် ကုတ်ထားတာတွေကို ကြည့်ပေးပါ ခင်ဗျာ”

ဆေးရုံအုပ်ကြီးကို တုန်တုန်ယင်ယင် အသနားခံရှာသည်။

“စောင့်ပါဦးနော်။ ခဏကြာရင် ကျွန်တော် ကြည့်ပေးပါ့မယ်။ ဟောဒီခွေးကို အလျင်ကြည့်ပေးလိုက်ပါစေဦး ”

ဆေးရုံအုပ်ကြီးက နူးညံ့ပျော့ပျောင်းသည့်လေသံဖြင့် ပြန်ပြောသည်။

ထိုအချိန်မှာပင် မဒူမတ္တီ၏ ခွေးကို ဆေးရုံ အလုပ်သမားနှစ်ယောက်က လူနာထမ်းစင်တွင် သယ်လာသည်။

“ဟယ်လို ချာတိတ်၊ သနားစရာကောင်းတဲ့ ခွေးကလေးပဲ။ မပူပါနှင့်ကွာ။ တစ်မိနစ်အတွင်း မင်းဒဏ်ရာတွေ အားလုံး ပျောက်သွားအောင် ငါကုပေးလိုက်ပါ့မယ်”

ဆေးရုံအုပ်ကြီးက ခွေးကို အင်္ဂလိပ်ဘာသာဖြင့် ဆီးကြိုပြောသည်။

“ဒီခွေးက ဟိန္ဒူစတန်နီစကား မတတ်ဘူးလား” ဟု ကျွန်တော်က မေးကြည့်မိပါသည်။

ဆေးရုံအုပ်ကြီးက ရယ်သည်။

“မတတ်ဘူး။ အင်္ဂလိပ်စကားတစ်မျိုးပဲတတ်တယ်”

ထိုသို့ပြောပြီး ကျွန်တော့်ကို လှည့်ကြည့်သည်။ အထင်အမြင်သေးသည့် အကြည့်မျိုး ဖြစ်သည်။ လူသားတစ်ယောက်ကို ကြည့်သည့်ပုံစံမျိုး မဟုတ်။ ခြေထောက်နှစ်ချောင်း ပေါက်နေသည့် သတ္တဝါတစ်ကောင်ကို ကြည့်နေသည့်ပုံစံမျိုး ဖြစ်ပါသည်။

ကျားသစ် အကိုက်ခံထားရသည့် လူနာအနီးသို့ ဆေးရုံအုပ်ကြီး ရောက်သွားသည်။ လူနာ၏ဇနီးက ဆေးရုံအုပ်ကြီး၏ ခြေထောက်ကို ပြေးဖက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ယောကျ်ားကို ကြည့်ရှုကလေး ကြည့်ပေးပါ ဆရာဝန်ကြီးရယ်။ ရှိနိုးတောင်းပန်ပါတယ်။ ကြည့်ရှုကလေး ကြည့်ပေးပါ"ဟုလည်း သနားစဖွယ် ငိုယိုတောင်းပန်းရှာသည်။

"တစ်မိနစ်အတွင်း ပြန်လာခဲ့တယ်။ စိတ်ချပါ။ တစ်မိနစ်အတွင်း ပြန်လာခဲ့မယ်"

ဆေးရုံအုပ်ကြီး၏လေသံက အပြစ်မကင်းသည့်လေသံမျိုး ပေါက်နေသည်ဟု ထင်မှတ်ရလေသည်။

ထိုသို့ပြောပြီး ခွေးတင်ထားသည့် လူနာထမ်းစင်နောက်မှ ခွဲစိတ်ခန်းအတွင်းသို့ ဝင်လိုက်သွားလေတော့သည်။

* * *

နောက်တစ်နာရီမျှကြာသောအခါ ခွဲစိတ်ခန်းထဲမှ ကျွန်တော်တို့ ထွက်လာကြသည်။ ခွေး၏ကိုယ်ပေါ်မှ ဒဏ်ရာများကို ချုပ်ပြီးပြီ။ ကျိုးသွားသည့် နောက်ခြေထောက်ကို ပလတ်စတာ ကိုင်ပြီးပြီ။

"စိုးရိမ်စရာ မရှိတော့ပါဘူး။ တကယ်သတ္တိကောင်းတဲ့ ခွေးကလေးကွာ"

ဆေးရုံအုပ်ကြီးက ခွေး၏ နှုတ်သီးကို လက်ဖြင့် အသာအယာ ပုတ်ရင်းပြောသည်။

ဆေးရုံအုပ်ကြီးနောက်မှ စင်္ကြံအတွင်းသို့ ကျွန်တော်ပါ ထွက်လိုက်လာခဲ့သည်။

ကျားသစ်အကိုက်ခံထားရသည့် လူနာအနီးသို့ ရောက်သောအခါ ဆေးရုံကြီးက လူနာ၏လက်ကိုကိုင်ပြီး သွေးစမ်းကြည့်သည်။

"သေသွားပြီဗျာ"

လူနာ၏အဖေ အဘိုးကြီးကို မော့ကြည့်ပြီး ဆေးရုံအုပ်ကြီးက တောင်းပန်သည့် လေသံမျိုးဖြင့် ပြောသည်။ ပြီးတော့ ခေါင်းငိုက်စိုက်ချလိုက်သည်။

လူနာရှင်အဘိုးကြီး၏ မျက်နှာအမူအရာကို ကျွန်တော် တစ်သက်တွင် ဘယ်သောအခါမှ မေ့နိုင်တော့မည် မဟုတ်ပါ။





အဘိုးကြီးက ကျွန်တော့်ကို လှမ်းကြည့်သည်။ ထို့နောက် ဆေးရုံကြီးကို လှည့်ကြည့်သည်။ မယုံကြည်နိုင်သလိုလည်း သူ့ခေါင်းကို ယမ်းခါသည်။

ပြီးတော့ သူ့ပါးပြင်ပေါ်မှ ပါးမြိုင်းမွေး တိုတိုကလေးများကို ပွတ်နေသည်။

သူ့မျက်နှာပေါ်မှ အရေတွန့်များသည် ထယ်ထိုးထားသည့် လယ်ကွက်တစ်ခုလို ချက်ချင်းနက်ရှိုင်းသွားလေတော့သည်။

နှုတ်ခမ်းအစုံမှာလည်း မှန်တိုင်းထဲမှာ လွင့်မျောပါသွားသည့် သစ်ရွက်ကလေးလို ဆောက်တည်ရာမရ တုန်ယင်လှုပ်ရှားသွားလေတော့သည်။

"အခုနကလေးတင် အသက်ရှင်နေပါသေးတယ် ဆရာဝန်ကြီးရယ်။ အောင်မယ်လေး သားလေးရဲ့။ အဖြစ်ဆိုးလှချည်လား သားလေးရဲ့"

ဆို့နင့်သော အဘိုးကြီး၏အသံ ပေါ်ထွက်လာလေသည်။

* * *

မဒူမတ္တိ၏အိမ်ဆီသို့ ကျွန်တော် တိတ်ဆိတ်စွာ လျှောက်လာခဲ့ပါသည်။ ငှားထားသည့် မြင်းလှည်းကိုလည်း ကျသင့်ငွေပေးပြီး ပြန်လွှတ်လိုက်တော့သည်။

မဒူမတ္တိကို အလေးဂရုပြုသောအားဖြင့် ဆေးရုံအုပ်ကြီးက ခွေးကို ဆေးရုံပိုင်လူနာထမ်းစင်နှင့် တင်စေကာ အလုပ်သမားနှစ်ယောက်ကိုပါ ထည့်ပေးလိုက်သည်။

ဆေးရုံမှ မဒူမတ္တိ၏ နေအိမ်သို့လာရာ လမ်းတစ်လျှောက်တွင် ကျွန်တော် စိတ်သက်သာရာရစေလိုသည့် သဘောမျိုးဖြင့် ဆေးရုံအလုပ်သမားနှစ်ယောက်က ရှေးသီချင်းများကို ဆိုပြလာလေသည်။

သို့သော်လည်း တေး၏အရသာကို ကျွန်တော် မခံစားနိုင်တော့ပါ။

မဒူမတ္တိ အလွန်စိတ်ချမ်းသာသွားပုံရပါသည်။ ဆေးရုံအလုပ်သမားနှစ်ယောက်ကို လက်ဖက်ရည်ဖိုး စိုစိုပို့ပို့ကလေး ပေးလိုက်သည်။

ဆုပေးသည့်အနေဖြင့်လည်း ကျွန်တော့် ပါးပြင်ကို သူ့ပါးပြင်နှင့် လာအပ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ခွေးကို ပွေ့ဖက်ယုယနေသည်၊ ကျွန်တော်က သူ့ကို တိတ်ဆိတ်စွာ ကြည့်နေမိသည်။ ကျွန်တော်၏မျက်နှာ သုန်သုန်မှုန်မှုန် ဖြစ်နေသည်ကိုလည်း ကျွန်တော် သိပါသည်။

"မျက်နှာလည်း မကောင်းပါလား။ ကျွန်မ ခွေးကလေး မသေနိုင်တော့ဘူးဆိုတာ ဝမ်းမသာဘူးလားဟင်"

မဒူမတ္တီက ကျွန်တော့်ကို မော့ကြည့်ပြီး မေးပါသည်။

"အို မဟုတ်ပါ...မဟုတ်ပါဘူး။ ဒါနှင့် မဆိုင်ပါဘူး"

ကျွန်တော်က ကမန်းကတန်း ပြန်ဖြေမိသည်။

"ဒီလိုဆိုရင် ဘာဖြစ်လို့ မျက်နှာကြီး ပုပ်နေရတာလဲ"

ကျားသစ်အကိုက်ခံရသည့် လူနာအကြောင်းကို ကျွန်တော် ပြန်ပြောပြလိုက်မိပါသည်။

သူက ကျွန်တော့်ကို မယုံကြည်သလို ကြည့်နေသည်။

"ဒါကြောင့်လား၊ ဒါကြောင့်များတော့ စိတ်ညစ်ခံမနေပါနှင့်ရဟင်။ ဒါမျိုးတွေက အထူးအဆန်း မဟုတ်ပါဘူး။ တောရိုင်းတိရစ္ဆာန် အကိုက်ခံရတဲ့လူတွေဟာ အမြဲတမ်း ရာနှင့်ချီရှိနေတာပါ။ ဆေးရုံကို သယ်လာတယ်ဆိုတာကလည်း ဆေးရုံမှာ သေဖို့ သယ်လာတာမျိုးနှင့် ဘာထူးသေးလို့လဲ ဒီနေရာမှာ ကျွန်မတို့နှစ်ယောက် စကားပြောနေတုန်းမှာပဲ တောထဲမှာ ကျားစာဖြစ်သွားကြတဲ့လူတွေ ဘယ်လောက်များနေမှန်းမှ မသိတာ။ ကျားစာဖြစ်သွားတဲ့ လူတွေကိုသာ စောင့်ရှောက်နေရမယ်ဆိုရင် ရှင်တော့ ဘာအလုပ်မှတောင် လုပ်နိုင်တော့မှာ မဟုတ်ဘူး"

မဒူမတ္တီက ကျွန်တော့်လက်ကိုဆွဲကာ မြက်ခင်းပေါ်သို့ ခေါ်သွားပါသည်။

သူ့မျက်လုံးအစုံကလည်း အရောင်ရွှန်းလက်ကာ ပြုံးပျော်နေပါသည်။

"ကျွန်မတို့ ဒီနားမှာ ထိုင်ကြရအောင်နော်။ လက်ဖက်ရည် သောက်မယ်လေ။ လက်ဖက်ရည်သောက်ရင်း ကိုရဲ့ ကဗျာကလေးတွေ ကျွန်မကို ရွတ်ပြပါဦး။ ကိုရဲ့ကဗျာလေးတွေဟာ သိပ်ချစ်စရာကောင်းတာပဲ။ နောက်ပြီးတော့ ကျွန်မ ခွေးရဲ့အမွေးကလေးတွေလိုပဲ သိပ်ကို နူးညံ့တာပဲကွယ်"

သူ စကားတွေအကြာကြီး ဆက်ပြောနေပါသည်။ ကျွန်တော်ကမူ ငြိမ်သက်စွာ ထိုင်နေမိ၏။ ရင်ထဲမှ နာကျင်နေသည့် ဝေဒနာကလည်း





ပျောက်ကွယ်မသွားသေးပါ။ ဘာစကားကိုမှလည်း ကျွန်တော် မပြောနိုင်တော့ပါ။

လက်ဖက်ရည်ပွဲ ရောက်လာသည်။ မဒူမတ္တီက ကျွန်တော့်အတွက် လက်ဖက်ရည် ထည့်ပေးသည်။ ပြီးတော့ ဘီစကွတ် ပန်းကန်ကိုလည်း ကမ်းပေးသည်။

"ဘီစကွတ်ကလေးစားလိုက်ဦးနော်"ဟုလည်း ပြောသည်။

ကျွန်တော်က အင်တင်တင် လုပ်နေမိသည်။

"စားလိုက်ပါဦးလေ၊ တော်တော်ကြာ အစာမရှိလို့ ရင်ခံနေဦးမယ်"

ပြောပြောဆိုဆို ကျွန်တော့်ပါးစပ်ထဲသို့ ဘီစကွတ်တစ်ချပ် ခွံ့ပေးပါသည်။

ဒေါသတကြီးနှင့် ဝါးပြီး ဇွတ်အတင်း မျိုချလိုက်သည်။ ဘာအရသာမှ မရှိပါ။ ချိုသော အရသာမရှိသလို ငန်သောအရသာလည်း မရှိပါ။ ဘီစကွတ်နှင့်လည်း မတူတော့ပါ။ ကျောက်စကြီးတစ်ခုကို ဝါးပြီး မျိုချလိုက်ရသည်နှင့်ပင် တူနေပါတော့သည်။

ကျွန်တော့်ရင်ထဲမှ ချက်ချင်း ပျို့တက်လာသည်။ အန်ချလိုက်မိတော့မလို ခံစားလိုက်ရသည်။

ထို့ကြောင့် မြက်ခင်းကိုဖြတ်ပြီး ပြေးထွက်ခဲ့ရပါတော့သည်။

မဒူမတ္တီကမူ ကျွန်တော် ပြန်လာရန် တကြော်ကြော် အော်ခေါ်ရင်း ကျန်ရစ်ခဲ့လေသည်။

* * *

အိုး...မဟုတ်ပါဘူး ခင်ဗျာ။ ခင်ဗျားထင်တာ မှားသွားပါပြီ။

ငယ်ချစ်ဦး ရှာဒါးကို ကျွန်တော် လက်မထပ်ဘူး ခင်ဗျ။

ကျွန်တော် လက်ထပ်သူမှာ မဒူမတ္တီသာ ဖြစ်ပါသည်။

ထိုအဖြစ်အပျက်သည် ကျွန်တော် အသက်အရွယ်နုငယ်စဉ်၊ အတွေ့အကြုံ မရင့်ကျက်စဉ်၊ လူ့ဘဝ ရပ်တည်ရေးနှင့် ပတ်သက်ပြီး ဂဏန်းသင်္ချာ သေသေချာချာ မတွက်ချက်တတ်သေးစဉ်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်သာလျှင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ယခုတော့ ကျွန်တော်သည် အောင်မြင်သူကြီး တစ်ယောက် ဖြစ်နေပါပြီ။ ဧရာမ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခု၏ ပိုင်ရှင်ကြီးတစ်ယောက် ဖြစ်နေပါပြီ။

အထောင်အသောင်းမကသော လူတွေ သေကြပါစေ။ ကျွန်တော်စားသည့် ဘီစကွတ်မုန့်ကမူ ဘယ်သောအခါတွင်မှ အရသာပျက်တော့မည် မဟုတ်ပါ။

Higher Mathematics. by Krishan Chander
၁၉၈၄ ခက်တင်ဘာလထုတ် မဟေသီမဂ္ဂဇင်း အမှတ် (၂)၊





## မစည်းကမ်းနှင့် ကိုပရမ်း

"ရှီအမ်း...ဟေ့...ရှီအမ်း"

အိမ်အပြန် လော်ကယ်ရထားမီအောင် သုတ်ခြေတင်ပြေးနေခိုက် နောက်ဘက်မှ ကျွန်တော့်နာမည် လှမ်းအော်ခေါ်သံ ကြားရသည်။ တစ်ဆက်တည်း လက်ခုပ်တီးသံပါ ပေါ်ထွက်လာသည်။

ထို့ကြောင့် တစ်နာရီလျှင် ဆယ်မိုင်နှုန်းနှင့် ပြေးနေသော ခြေလှမ်းများကို ကျွန်တော်ရပ်လိုက်ရသည်။ နောက်ဘက်သို့ ပြန်လှည့်ကြည့်သည်။

ကျွန်တော်နှင့်ရွယ်တူ လူငယ်နှစ်ယောက်သည် လူအုပ်ကြီးကို အတင်းတိုးဖေ့ကာ ကျွန်တော့်ဆီသို့ အပြေးအလွှား လိုက်လာနေသည်ကို တွေ့ရသည်။ ချက်ချင်းဆိုသလိုပင် ကျွန်တော့်အနားသို့ ရောက်လာကြသည်။

"ဘုရားမလို့ မင်းနှင့် ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့ရတယ်ကွာ။ မင်း အိပ်လိပ်စာ ဘယ်လိုရှာရမလဲဆိုတာ တို့ မကြံတတ်အောင် ဖြစ်နေတာ..."

လူငယ်နှစ်ယောက်က ကျွန်တော့်လက်ကို ဝမ်းသာအားရ ဆွဲကိုင်ဖျစ်ညှစ်ကြရင်း မောကြီးပန်းကြီး ပြောနေသည်။

ကွဲကွာနေသည်မှာ ကြာပြီဖြစ်သော အချစ်ဆုံး ငယ်သူငယ်ချင်းနှစ်ယောက်ကို မမျှော်လင့်ဘဲ ယခုလို တွေ့လိုက်ရသဖြင့် ကျွန်တော်လည်း ဝမ်းအသာကြီး သာသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွေးကောင်တွေ၊ ဘယ်လိုလုပ်ပြီး မင်းတို့နှစ်ယောက် ဒီကို ရောက်လာကြတာလဲ။ မင်းတို့နှစ်ယောက်ကို အခုလို တွေ့ရတာ ငါ့မျက်စိကိုတောင် ငါ မယုံနိုင်အောင်ပါပဲကွာ"

"ခရီးသွားရာသီလေကွာ။ တို့နှစ်ယောက် ခရီးသွား အေဂျင်စီက လက်မှတ်ဝယ်ပြီး သူတို့အစီအစဉ်နှင့် လျှောက်လည်ကြတာ ဒီအချိန်က လူတိုင်းလိုလို ကိုယ် မရောက်ဖူးသေးတဲ့ အရပ်တွေကို လျှောက်လည်နေကြတဲ့ အချိန်ပဲ။ တို့နှစ်ယောက်လည်း လက်မှတ်နှစ်စောင်ဝယ်ပြီး မရောက်ဖူးသေးတဲ့ နေရာတွေ လျှောက်လည်နေကြတာ"

ဟု ဘာလူးပရန့်ပဲက ရှင်းပြသည်။

"ဝယ်ထားတဲ့ ခရီးသွား လက်မှတ် တရားဝင်နေသေးသမျှ မရပ်တမ်း လျှောက်သွားမယ်ဆိုပြီး တို့ ဆုံးဖြတ်ထားတာကွ"

ဟု စော်ဘွား ဒမ္မလီက ဆက်ပြောပြပြန်သည်။

"ကောင်းလိုက်တဲ့စိတ်ကူးကွာ"

ကျွန်တော်ကလည်း နှစ်ခြိုက်သဘောကျစွာ ပြန်ပြောမိသည်။

"နေစမ်းပါဦး...မင်းကရော ဒီအချိန်မှာ ဘာဖြစ်လို့ ခရီးမထွက်တာလဲ။ ဒေလီကို ဖြစ်ဖြစ်၊ တဒ်ဝါးကို ဖြစ်ဖြစ်၊ မြောက်ဝန်ရိုးစွန်းကို ဖြစ်ဖြစ် လျှောက်လည်ဖို့ ကောင်းတာပေါ့ကွာ"

ဟု စော်ဘွားက ပြောသည်။

ကျွန်တော် အဖြေပြန်ပေးချိန် မရမီမှာပင် ဘာလူးက ဖြတ်ပြောသည်။

"ဟော့ကောင် စော်ဘွား ဘာကြောင်တာလဲ။ မကြာသေးခင်ကမှ ဒီကောင် မိန်းမရတာ မင်း မသိဘူးလား။ ဒီအချိန်မျိုးမှာ ဒီကောင် အိမ်ထဲကအိမ်ပြင်တောင် ဘယ်ထွက်လိမ့်မလဲ။ ရွှေမင်းသားနှင့် ရွှေမင်းသမီးလောကကြီးကို အမေ့ကြီးမေ့နေတဲ့အချိန်ပေါ့ကွ။ ဟား...ဟား မစွံနိုင်သေးတဲ့ မင်းတို့ ငါတို့လို အကောင်တွေသာ ခြေထောက်ဗွေပေါက်ပြီး ကိုးကုန်းကိုးကျင်း လျှောက်နေကြတာ။ ရှီအမ်းကတော့ ပျားရည်ဆမ်းအချိန်တွေ ကုန်နိုင်ဦးမှာ မဟုတ်ဘူး။ ဒီလိုအချိန်မျိုးမှာ ခရီးသွားဖို့ စိတ်ကူးပါ့မလဲကွ။ ငါပြောတာ မမှန်ဘူးလား ရှီအမ်း"

သူ့စကားကြောင့် ကျွန်တော် ပြုံးမိသည်။





"မင်းပြောတာ တစ်ဝက်မှန်တယ်။ တစ်ဝက်မှားတယ် သူငယ်ချင်း။ အိမ်ထောင်ကျစဆိုတော့ ဘယ်မှမသွားချင်တာ အမှန်ပဲ။ ကိုယ့်မိန်းမနှင့် ကိုယ် နှစ်ယောက်တည်းနေရတာ ပျော်စရာအကောင်းဆုံးပေါ့ကွာ။ ဒါပေမယ့် အရေးအကြီးဆုံးအချက်က အဲဒါ မဟုတ်ဘူး။ ငါ ရုံးက ခွင့်ယူလို့ မရတာဘဲကွ။ ဒီနေ့က စနေနေ့ဝက် မဟုတ်လား။ အဲဒါ ငါ့အထက်အရာရှိက ညရှစ်နာရီအထိ အချိန်ပိုဆင်းပေးခိုင်းနေတာ၊ ငါ့အဒေါ်တစ်ယောက် ကောက်ကာငင်ကာ သေကောင်ပေါင်းလဲ ဖြစ်လို့ ပြန်ရပါစေဆိုပြီး လိမ်ဆင်ကြီးနှင့် လစ်လာရတာကွ"

"ဘာပဲဖြစ်ဖြစ် တို့ ကံကောင်းသွားတာပေါ့ကွာ။ တို့ကလည်း မင်းကို အသေရရ အရှင်ရရ တွေ့ချင်နေတာ။ ခက်တာက မင်းအိမ်လိပ်စာလည်းမသိဆိုတော့ အကျပ်တွေ့နေတာပေါ့။ ဒီကို ရောက်လာပြီး မှ မင်းနှင့် မတွေ့ရဘဲ ဗွာလီယာမြို့ကို ပြန်သွားရမယ်ဆိုရင် တို့အဖို့ ဘယ်လောက် စိတ်ထိခိုက်စရာကောင်းသလဲ။ စိတ်မချမ်းမသာ ဖြစ်နေတုန်း မင်းနှင့်မှ တိုက်တိုက်ဆိုင်ဆိုင် လာတိုးပလေတယ်ကွာ"

"ဒီလို တိုက်တိုက်ဆိုင်ဆိုင်ကြီး လာတွေ့ရတဲ့ ငယ်သူငယ်ချင်းတွေကို လက်ဖက်ရည်ကလေးတစ်ခွက်လောက်မှ ဒါနမပြုတော့ဘူးလား သူငယ်ချင်းရယ်"

ဟု စော်ဘွားက မေးသည်။

"လက်ဖက်ရည်လေးတစ်ခွက်၊ ဟား ဟား တော်တော် အောက တန်းကျတဲ့ စော်ဘွားစုတ်၊ လက်ဖက်ရည်တစ်ခွက်လောက်များ တောင့်တရတယ်လို့ကွာ။ မင်းတို့နှင့်ငါဟာ အချစ်ဆုံး သူငယ်ချင်းပါကွ။ နှစ်ပေါင်းများစွာ ကွဲနေကြခြင်းမှ အခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရတာ လက်ဖက်ရည်လောက်နှင့် ကျေနပ်ရမှာလားကွ။ မင်း တော်တော်ညံ့သေးတဲ့ စော်ဘွားပဲ"

ကျွန်တော့်စကားကြောင့် ဘာလူးက စော်ဘွားဒမ္မလီကို လှမ်းကြည့်သည်။

"ဟုတ်တာပေါ့ကွ။ ဒါလောက်ခင်တဲ့ သူငယ်ချင်းတွေ၊ လက်ဖက်ရည်ကလေး တစ်ခွက်လောက်နှင့် ကျေနပ်ရမှာလား။ သူ့အိမ်ကို တို့ လိုက်သွားမယ်ကွာ။ သူ့မိန်းမကို တွေ့မယ်ကွာ။ နေ့ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က အကြောင်းကလေးတွေ စားမြုံ့ပြန်ရင်း နှစ်နာရီလောက် တဝါးဝါး တဟားဟားနှင့် အချိန်ဖြုန်းမယ်ကွာ။ ငါ ပြောတာ မဟုတ်ဘူးလား ရှီအမ်း"

သူတို့နှစ်ယောက်ကို တွေ့လိုက်ရကတည်းက အိမ်ခေါ်သွားလိုစိတ် ကျွန်တော် ပေါ်ခဲ့ရိုးအမှန် ဖြစ်ပါသည်။ ထို့ကြောင့် ယခု ဘာလူး၏ စကားကို ကြားရသောအခါ အိမ်သို့ အလည်ခေါ်သွားလိုသည့်စိတ်က ပိုမို ကြီးမားလာပါသည်။

သို့သော်လည်း အမှန်ကို ရိုးရိုးသားသား ဝန်ခံရမည်ဆိုလျှင် စိတ်ထဲမှာ မတင်မကျ ဖြစ်နေပြီး အိုးတိုးအမ်းတမ်း ဖြစ်နေမိပါသည်။

ယခုအချိန်လောက်ဆိုလျှင် ကျွန်တော် ချစ်ဇနီး လာလီတာ အိမ်ပြန်ရောက်နေပြီလော။ အိမ်ပြန်ရောက်နေမည်ဆိုလျှင် သူ မသိသော ဧည့်စိမ်းနှစ်ယောက်ကို အိမ်ခေါ်လာသည့်အတွက် ကြည်ကြည်ဖြူဖြူ ရှိနိုင်ပါမည်လော။

အစားပုပ်သော သည်သတ္တဝါနှစ်ကောင်ကို သဒ္ဓါတရားကြီးမားစွာဖြင့် ရက်ရက်ရောရော ဧည့်ခံကျွေးမွေးနိုင်ပါမည်လော။ ကျေကျေနပ်နပ် ဧည့်ထောက်ခံနိုင်မည်လော။

ဘာပဲဖြစ်ဖြစ် ဘာလူးနှင့် စော်ဘွားသည် ကျွန်တော်၏ အရင်းနှီးဆုံး ငယ်သူငယ်ချင်းများ ဖြစ်ကြပါသည်။ သူတို နှစ်ယောက်ကို ယခုလို မမျှော်လင့်ဘဲ တွေ့ဆုံလိုက်ရသဖြင့် ကျွန်တော် ဝမ်းအသာကြီး သာသွားသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

ကျွန်တော်သည် အိမ်ထောင်ကျစ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုကာ တည်ဆောက်ထားသော အိမ်ထောင်ကလေးတစ်ခုကို သူငယ်ချင်းများ မြင်စေချင်သည်။

ကျွန်တော်တို့လင်မယား တစ်ယောက်ကိုတစ်ယောက် မည်မျှချစ်ကြပြီး ကျွန်တော်တို့ အိမ်ထောင်ရေးသည် ဘယ်လောက် သာယာကာ လောကစည်းစိမ်ကို ချမ်းချမ်းသာသာကြီး ခံစားနေရသည်ကိုလည်း မြင်စေသိစေချင်ပါသည်။

ထိုစိတ်ဓာတ်မျိုး ဖြစ်ပေါ်နေရသည်မှာ ကျွန်တော့်တွင် အကြောင်းရှိပါသည်။





ကျွန်တော်၏ အိမ်ထောင်ရေးသည် အများသူငါလို ချောချောမောမော တည်ဆောက်ခဲ့ရသော အိမ်ထောင်ရေး မဟုတ်ပါ။

လာလီတာနှင့် လက်မထပ်မီတွင် အမှန်တကယ် လက်ထပ်ဖြစ်သည့် အဆင့်သို့ရောက်အောင် အခက်အခဲ အကန့်အထားပေါင်း သောင်းခြောက်ထောင်တို့ကို ကျွန်တော် ကျော်လွှားခဲ့ရပါသည်။ ပင်ပန်းကြီးစွာ ရင်ဆိုင်ဖြရှင်းခဲ့ရပါသည်။

ကျွန်တော့် အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး လူပေါင်းများစွာတို့က ကြိုတင် ဟောကိန်းအမျိုးမျိုး ထုတ်ခဲ့ကြသည်။

"ရှီအမ်းဆိုတဲ့ အကောင် ဒီမိန်းမနှင့် လေးလထက် ပိုပေါင်းရရင် ငါ့ကို ပြောချင်တိုင်းပြော။ သေချာပေါက် ကွဲမှာပဲ။ ရုပ်ရှင်မင်းသမီးတစ်ယောက်ကို မယားလုပ်ရတယ်ဆိုတာ ဘယ်လောက် ခက်ခဲကြောင်း မကြာခင် ဒီကောင် သဘောပေါက်သွားမှာပဲ"

အစရှိသော ဝေဖန်သံများက ကျွန်တော့် ပတ်ဝန်းကျင်တွင် ကျွတ်ကျွတ်ညံနေခဲ့သည်။

ကိုယ့်ထမင်းကိုယ်စားပြီး စေတနာ့ဝန်ထမ်း အကြံပေးသည့် ပညာရှင်ပေါင်း မြောက်မြားစွာတို့ ဘယ်ချောင်ကြိုချောင်ကြားက ပေါ်ထွက်လာသည် မသိ။ သူတို့ကို လွှတ်အောင်ရှောင်၍ မရနိုင်အောင် ဖြစ်ခဲ့သည်။

ပညာရှင်တွေ ဝိုင်းဝန်းအကြံပေးခါမှ ကျွန်တော့် အခြေအနေများက ပိုမိုရှုပ်ထွေးလာပြီး အခက်အခဲများနှင့် ပိုမို ရင်ဆိုင်ခဲ့ရသည်။

လာလီတာ ရုပ်ရှင်မင်းသမီး ဖြစ်သည်မှာ မှန်ပါ၏။ ခေါင်းဆောင်မင်းသမီးကား မဟုတ်ပါ။ ဇာတ်ရံအဆင့်မှာသာ ရှိပါသေးသည်။

သို့သော်လည်း ခေါင်းဆောင်မင်းသမီး ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မင်းသမီးကတော့ မင်းသမီး ဖြစ်နေချေသည်။ ဒါလည်း အမှန်ပဲ မဟုတ်ပါလား ခင်ဗျား။

ထို့ကြောင့် ကျွန်တော့် ပတ်ဝန်းကျင် ပညာရှိများက ကိုယ့် ထမင်းကိုယ်စားပြီး ကျွန်တော့်ကို အကြံမျိုးစုံ ပေးကြလေတော့သည်။

"သူ့ကို အချစ်စစ်အချစ်မှန်နှင့် ချစ်နေမိပြီလို့ မင်း ထင်နေတာယ် မဟုတ်လား။ အေး မယုံရင် ကြည့်နေ။ ရက်ပိုင်းကလေးအတွင်း မင်း



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေ ခြောက်ခန်းသွားလိမ့်မယ်။ သူ့အချစ်က မင်း အလျင်ခြောက်ခန်းသွားဖို့ ပိုသေချာတယ်။ အဲဒီလို အချစ်တွေ ခြောက်ခန်းသွားပြီးတဲ့နောက်မှာ မင်းတို့နှစ်ယောက် အချိန်ရှိသမျှ တကျက်ကျက် ဖြစ်ကြတော့မယ်ကွာ။ သူတို့အကြောင်း မင်း မသိသေးဘူးနော်”

“ရုပ်ရှင်မင်းသမီးဆိုတာ လှဖို့ပဖို့ ပျော်ဖို့ပါးဖို့ ဖိမ်ခံဖို့ကလွဲပြီး ဘာမှ နားလည်တာ မဟုတ်ဘူးကွ။ သူ နေချင်သလိုနေနိုင်အောင် ဖြုန်းချင်သလို ဖြုန်းနိုင်အောင် မင်း အလိုလိုက်နေနိုင်တုန်းတော့ ကောင်းမှာပေါ့ မောင်။ ဒါပေမယ့် မင်းက သူဌေးသား မဟုတ်ဘူး။ ဒီဒဏ်ကို ဘယ်လောက်ကြာကြာ ခံနိုင်မှာလဲ။ သူ စိတ်တိုင်းကျအောင် ဘယ်လောက်ကြာကြာထားနိုင်မှာလဲ။ တို့ ပြောတာကို ယုံစမ်းပါ ငါ့လူရာ။ ရုပ်ရှင်မင်းသမီးကို မယားလုပ်ရတဲ့အလုပ်ဟာ လောကကြီးမှာ အခက်တကာ့အခက်ဆုံးကွ”

ပတ်ဝန်းကျင်က ဒီဒီတိ ပိုးသတ်ဆေးများဖြင့် ကျွန်တော့်ကို ဝိုင်းဝန်း ဖျန်းပက်ကြလေသည်။ ကိုယ်ခံအားသာ နည်းပါးမည်ဆိုပါက ကျွန်တော်၏ ‘အချစ်ပိုး’ များ အားလုံး တမုဟုတ်ချင်း သေဆုံးကုန်နိုင်ပါသည်။

သို့သော်လည်း လာလီတာနှင့် ကျွန်တော်သည် တစ်ယောက်ကို တစ်ယောက် ချစ်မိကြပြီ။

လာလီတာနှင့် နှိုင်းယှဉ်အပ်သော မိန်းမသည် လောကတွင် မည်သည့်နည်းနှင့်မျှ မရှိနိုင်တော့ပြီဟု ကျွန်တော် အခိုင်အမာ ယုံကြည်နေပြီ။

လာလီဘာကလည်း ကျွန်တော်ကလွဲလျှင် ယောကျာ်းအားလုံး ဖွဲဆန်ကွဲချည်း ဖြစ်သည်ဟု သဘောထားနေပြီ။

ကျွန်တော်၏ အသည်းနှလုံးမှာ ကြီးမားသော အစိုင်အခဲအဖြစ် အမြစ်တွယ်နေပြီဖြစ်သော အချစ်သည် လာလီတာ ရုပ်ရှင်မင်းသမီးဖြစ်သည်နှင့် မဆိုင်ပါ။ မင်းသမီးဖြစ်သောကြောင့် ချစ်မိခြင်း မဟုတ်ပါ။

ရုပ်လှသောကြောင့် ချစ်မိခြင်း မဟုတ်ပါ။ စိတ်လှသောကြောင့် ချစ်မိခြင်း ဖြစ်ပါသည်။

ချင့်ချိန်နှိုင်းဆတတ်ခြင်း၊ မှန်ကန်စွာ ဆုံးဖြတ်တတ်ခြင်း၊ လိမ္မာရေးခြားရှိခြင်းစသော အရည်အချင်းများကို ကျွန်တော် ချစ်မိခြင်း ဖြစ်ပါသည်။





ထို့ထက်ပိုက ထူးခြားသော အရည်အချင်းမှာ အကျင့်သီလကောင်းမြတ်ခြင်း ဖြစ်ပါသည်။ ကျွန်တော့်တွင် သူ့လောက်ကောင်းမြတ်သော အကျင့်သီလများ မရှိသည်ကို ရိုးသားစွာ ဝန်ခံရပါမည်။

လောကတွင် မည်သူမဆို မိမိကိုယ်မိမိ အထင်ကြီးစမြဲဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ထိုသို့ မိမိကိုယ်မိမိ အထင်ကြီးမှုကို သဘောပေါက် နားလည်နိုင်သူချင်းသည် ချစ်သူများအဖြစ်သို့ အလွယ်တကူ ကူးပြောင်းနိုင်ကြပါသည်။

လာလီဘာနှင့် ကျွန်တော်သည် အပြန်အလှန် နားလည်ကြပါသည်။ ထို့ကြောင့်လည်း တစ်ယောက်ကိုတစ်ယောက် ချစ်မိသော အချစ်တို့သည် ကျွန်တော်တို့နှစ်ယောက်စလုံးတွင် ခြေဖျားမှဆံပင်အထိ နေရာအကြားအလပ် မရှိအောင် ဖုံးလွှမ်းနေခြင်း ဖြစ်ပါသည်။

ကျွန်တော့်အပေါ် သူ ယုံကြည်ကြောင်း သိရသဖြင့် သူ့ကို ကျွန်တော် အလုံးစုံ ယုံကြည်သည်။

ကျွန်တော်က အလုံးစုံယုံကြည်ကြောင်းသိသဖြင့် သူ့ဘဝကို အပြီးတိုင် ပုံအပ်လာသည်။

သူ့ဘဝကိုအပြီးတိုင် ပုံအပ်လာသောကြောင့် ကျွန်တော်ကလည်း ကျွန်တော့်ဘဝကို သူ့ဘဝထဲမှာ ကျေနပ်စွာ အပြီးတိုင် မြှုပ်နှံလိုက်ပါသည်။

ကျွန်တော်တို့နှစ်ယောက်၏ ချစ်လမ်းခရီးကတော့ သို့ကလို ရိုးရိုးရှင်းရှင်းကလေး ဖြစ်ပါသည်။

သူ့ကို ချစ်ရေးဆိုဖို့ သတ္တိ တော်တော်နှင့် ရှိမလာခဲ့သည်မှာ အတော်တော့ ထူးဆန်းပါသည်။ သို့သော် အမှန်ပင် ကျွန်တော် သတ္တိကြောင်ခဲ့ပါသည်။

ကျွန်တော့်အပေါ် စိတ်ဝင်စားလာစေရန် နည်းမျိုးစုံဖြင့် ကျွန်တော် ကြိုးစားခဲ့ပါ၏။ သို့သော်လည်း သူ့သဘောကို အခန့်မှန်းရ ခက်ပါသည်။

ထုထည်ကြီးမားခိုင်ခံ့သော ခံတပ်ကြီးတစ်ခုကို မေးခွန်းကလေး တစ်ခွန်းတည်းနှင့်တော့ ယိမ်းယိုင်လဲပြိုသွားအောင် လုပ်နိုင်လိမ့်မည်ဟု ကျွန်တော် မယုံစားနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညဘက် အိပ်ရာထဲရောက်ပြီဆိုလျှင် ကိုယ့်အကြောင်းကိုယ် အပြန်ပြန်အလှန်လှန် သုံးသပ်ရင်း ဘယ်လူ့ညာလိမ့်ဖြစ်ခဲ့ရသည့် အကြိမ်ပေါင်းမှာလည်း မရေတွက်နိုင်ပြီ။ အချိန်ရှိသမျှ လာလီတာအကြောင်းကိုချည်း စဉ်းစားနေမိသည်။

ကျွန်တော့်ကိုယ်ကျွန်တော်လည်း ပြန်ပြောမိသည်။

"မင်း အလကား အရူးကောင်ပဲ၊ ဘယ်တော့မှ မပြတ်သားဘူး။ ဘယ်အလုပ်မှာမဆို တောင်စဉ်းစား မြောက်စဉ်းစားနှင့် မင်း ချီတုံချတုံဖြစ်ပြီ၊ ဒါဟာ ကောင်းတဲ့အကျင့် မဟုတ်ဘူး။ တစ်နေ့နေ့မှာ တခြားတစ်ကောင်ကောင်က လာလီတာကို သုတ်ပြေးတော့မှ မင်း ဟုတ်ပေ့ဖြစ်နေမယ်။ အဲဒီအခါကျတော့ မင်းကိုယ်မင်း ကျိန်ဆဲရင်း ခုနစ်အိမ်ကြားရှစ်အိမ်ကြား ဟစ်ငိုရုံကလွဲလို့ မင်း ဘာလုပ်တော့မှာလဲ"

မိမိကိုယ်မိမိ အကြိမ်ကြိမ်ဆုံးမကာ စိတ်အားတင်းသော်လည်း သံသယများကို ချေဖျက်၍ မရနိုင်ပါ။ အားတင်း၍ မရနိုင်ပါ။

ထိုသို့ရှိနေခိုက် ထိုအကျပ်တည်းကြီးထဲမှ ကျွန်တော် ရုတ်တရက်လွတ်မြောက်သွားသောအခါ ကိုယ့်ကိုယ်ကိုယ် မရနိုင်ပါ။

ထိုသို့ ရှိနေခိုက် ထိုအကျပ်တည်းကြီးထဲမှ ကျွန်တော် ရုတ်တရက်လွတ်မြောက်သွားသောအခါ ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်အောင် ဖြစ်နေမိတော့သည်။

လာလီတာကို ကျွန်တော် ပိုင်ဆိုင်ပါပြီ။ ကျွန်တော်၏ လာလီတာဖြစ်လာပါပြီ။ မျှော်လင့်မထားဘဲ ရုတ်တရက် ဖြစ်ပေါ်လာသောအခါ အမှန်တကယ် ဟုတ်ပါလေရဲ့လားဟု မယုံသင်္ကာဖြစ်မိသည်။

လာလီတာသည် အမြဲတမ်း အလုပ်များနေသူ ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက် အေးအေးဆေးဆေး တွေ့ဆုံနိုင်သည့်အချိန်သည် အလွန်တရာ တိုရေရှားရေ နိုင်လှသည်။

တိုရေရှားရေနိုင်လှသော အခွင့်အရေးကလေးကို တစ်ခါတလေ ရှားရှားပါးပါး ရပြန်တော့လည်း သူ့ဆီးမှာ သူ့သူငယ်ချင်းမတစ်ယောက်က ကျောက်ချပြီး ထိုင်နေသည်နှင့်ချည်း အမြဲတိုးနေရသည်။

လာလီတာသည် သူ့သူငယ်ချင်း တူဝရီနှစ်ယောက် အခန်းငှားနေသည်။





သူ့ထံသို့ ကျွန်တော် အလည်သွားတိုင်း သူနှင့်စကားပြောရမည့်အစား သူ့သူငယ်ချင်းနှင့် ထိုင်စကားပြောပြီး အချိန်ကုန်ကာ အားမလိုအားမရနှင့် ပြန်ခဲ့ရသည်ချည်း ဖြစ်သည်။

သူ့သူငယ်ချင်း မရှိသည့်အခါများနှင့် ကြုံလျှင် 'နိပ်ပြီဟ'ဟု မတွေးလိုက်ပါနှင့်။ သူ့သူငယ်ချင်း၏အဒေါ် အဘွားကြီးနှင့် ငြိမ့်ငွေ့ပွယ်ရာ ထိုင်စကားပြောရပြန်သည်။ အဘွားကြီးကလည်း အလိုက်ကန်းဆိုးမသိ။ ဧည့်ထောက်အခံ ကောင်းပါဘိသနှင့်။

လာလီတာနှင့်မှု

"နေကောင်းတယ်နော်"

"အလုပ်များနေတယ်နှင့်တူတယ်"

"ထမင်းစားပြီးပြီလား"

"ပြန်လိုက်ပါဦးမယ်"

ဆိုသော် စကားများလောက်နှင့်သာ ပြီးခဲ့ရသည်ချည်း ဖြစ်လေသည်။

လာလီတာလည်း ကျွန်တော့်အခန်းသို့ အရောက်အပေါက်နည်းသည်။ တစ်ခါတစ်ရံမှသာ လာရောက် လည်ပတ်လေ့ရှိသည်။

ထိုသို့ အလည်လာသဖြင့် အခွင့်အရေးကြီးတော့ရပြီ မထင်လိုက်ပါနှင့်။

မည်သည့်အခါမှ သူတစ်ယောက်တည်း မလာပါ။ ကြိုးနှင့်ပူးချည်ထားသလား ထင်ရလောက်အောင် သူ့သူငယ်ချင်းက သူနှင့်အတူအမြဲတမ်း ပါလာလေ့ရှိသည်။

သည်တော့လည်း ဘာအခွင့်အရေး ရနိုင်ပါမည်နည်း။ ချစ်စကားဝေးလို့၊ ရိုးတိုးရိပ်တိတ်ကလေးပင် အစောင်းအချိတ်လုပ်ခွင့်မရ။

သည်လို အခွင့်အရေးမရသောကြောင့်လည်း ကျွန်တော့်ဘက်က စိတ်ဆိုးဟန် မပြုဝံ့။ သူငယ်ချင်းအဖြစ်ကပဲ အဆက်ဖြတ်သွားလျှင် ရင်ကွဲရပေလိမ့်မည်။

ထိုအကျပ်အတည်းများကြောင့် ကျွန်တော့်မှာ အသက်ရှုကျပ်ပြီးမွန်းသေတော့မလောက် ခံစားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မေတ္တာရှိနေသည့်အကြောင်းကို စာရေးပြီး အသိပေး ရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီ။

သို့ကလို အကျပ်အတည်းပေါင်းစုံကြားမှ လုံးလည်ချာလည်ပတ် လိုက်နေစဉ် တစ်နံနက်တွင် လုံး၀ မျှော်လင့်မထားဘဲ ကျွန်တော့်အခန်း သို့ လာလီတာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။

ပြီးတော့ အဖော်မပါဘဲ သူတစ်ယောက်တည်း။

ကျွန်တော်မှာ မုတ်ဆိတ်မွေးများ မရိတ်ရသေးပါ။ မျက်နှာ မသစ် ရသေးပါ။ ည၀တ်အိပ်ထားသည့် ညစ်ပတ်နေသော အ၀တ်အစားများကို ပင် မလဲလှယ်ရသေးပါ။

"ဘုရားရေ အံ့သြစရာကြီးပါလား။ နေထွက်နေတုန်း လမင်းကြီး ပါ ထွက်လာတော့တာကိုး"

ကျွန်တော်က မယုံကြည်သလို ပြောမိသည်။

သူ တစ်ယောက်တည်း အဖော်မပါဘဲ ရောက်လာသည့်အတွက် ကျွန်တော် အပျော်ကြီးပျော်သွားမိပါသည်။ သူ့ကို အိမ်ထဲသို့ ၀င်စေပြီး တံခါးပြန်ပိတ်လိုက်သည်။

"ရှင် ကဗျာဆရာဖြစ်ကြောင်း အလျင်တုန်းက ကျွန်မ မသိခဲ့ရ ပါလား"

လာလီတာက ပြောပြောဆိုဆိုဖြင့် ကျွန်တော့်ရင်ဘတ်ကို ခပ် ဆတ်ဆတ်ကလေး လှမ်းပုတ်လိုက်သည်။

"လာလီတာ ဒီမှာ ခဏထိုင်စောင့်နော်။ ကိုယ်ခြေးပြီး သန့်ရှင်း ရေးကလေး လုပ်လိုက်ဦးမယ်။ ကိုယ့်မျက်နှာနှင့် တစ်ကိုယ်လုံး ညစ်ပတ် နေမှာ သေချာတယ်"

ပါးနှစ်ဘက်နှင့် မေးစေ့ကို ပြန်ပွတ်ကြည့်ရင်း ကျွန်တော်က ပြော သည်။

"ညစ်ပတ်နေတယ် အဲဒါက ဘာအဓိပ္ပာယ်လဲ"

လာလီတာက ပြုံးမြဲပြုံးနေရာမှ ပြန်မေးသည်။

"ညစ်ပတ်နေတယ်ဆိုတော့ မသန့်ရှင်းတာကို ပြောတာပေါ့ကွယ်"

"အဲဒါကရော ဘာအဓိပ္ပာယ်လဲ ဟင်"

"စကားမကတ်ပါနှင့်ကွယ်။ မုတ်ဆိတ်မွေးလေးဘာလေး ရိတ်





ပြီး ကိုယ် မျက်နှာသစ်လိုက်ဦးမယ်။ ငါး မိနစ်ထက် ပိုမကြာစေရပါဘူး"

"လုပ်မနေနှင့် လုပ်မနေနှင့်"

လာလီတာက နှုတ်ခမ်းလေးကို ချစ်စဖွယ်စူလိုက်ရင်း ကျွန်တော့် ကို ဆွဲခေါ်သည်။

"နေပါဦး လာလီတာ ခဏလေးပါ။ မုတ်ဆိတ်မွေး မရိတ်ရသေး ဘဲ ဒါလောက်ညစ်ပတ်နေတဲ့ မျက်နှာကြီးနှင့် မင်းမျက်နှာနားကို ကပ်ရမှာ ရှက်လွန်းလို့ပါကွယ်"

ကျွန်တော်ကပြောရင်း ခပ်သာသာလေး ရန်းသည်။

"အောင်မယ်၊ အဟင်း အဟင်း သူ့မျက်နှာကြီးကို ဒီမျက်နှာ နားကပ်ပါလို့ ဘယ်သူက ဖိတ်ခေါ်သေးလို့တုန်း"

လာလီတာက သရော်သလို ရယ်ရင်းပြောနေတာပါ။ ရုပ်ရှင် ကုမ္ပဏီနှင့် စာချုပ်အသစ်တစ်ခုချုပ်ဖို့ ရှိနေတယ်။ အဲဒါ ရှင့်ဆီမှာ အကြံ ဉာဏ်တောင်းချင်လို့။ သိပ် အရေးကြီးနေတယ်။ ကျွန်မမှာ အချိန်မရှိ ဘူး"

"ဒါပေမယ့် ငါးမိနစ်ထက် ပိုမကြာစေရပါဘူး။ လွှတ်ပါဦး ကွယ်"

ကျွန်တော်က မရုန်းချင်ရုန်းချင်နှင့် ရုန်းချင်ဟန်ဆောင်ကြည့် သည်။

"မလွှတ်နိုင်ပါဘူး နော်။ မိနစ်တိုင်းက သိပ်ကို တန်ဖိုးရှိနေတာ။ ဒီနားမှာ ထိုင်ကိုထိုင်ရမယ်"

သူက ကျွန်တော့်လက်ကိုဆွဲပြီး ထိုင်ခိုင်းမြဲ ထိုင်ခိုင်းနေသည်။

"ကိုယ့်တစ်ကိုယ်လုံး ညစ်ပတ်နေတာ မမြင်ဘူးလား လာလီတာ ရယ်"

"ညစ်ပတ်တယ်...ဘယ်သူက ညစ်ပတ်တယ်ပြောလို့လဲ"

ကျွန်တော်က စားပွဲပေါ်မှာထောင်ထားသည့် မှန်ထဲသို့ ကိုယ်ကို ကိုင်းပြီး ကြည့်သည်။

သူက ကျွန်တော့်လက်ကို လှမ်းဆွဲရင်း ပြောပြန်သည်။

"မကြည့်နှင့်။ အဲဒီမှန်က မကောင်းဘူး"

"ဒါပေမယ့် ကိုယ့်မှာ ဒီမှန်တစ်ချပ်ပဲ ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အရှ...သူ့မျက်စိက ဒါလောက်တောင် ကန်းရသလား။ ရှင့်ရှေ့မှာ တခြား မှန်ရှိနေတယ်လေ။ မမြင်ဘူးလား"

လာလီတာက ထိုသို့ပြောရင်း သူ့မျက်လုံးအစုံကို လက်ချောင်းကလေးနှစ်ချောင်းနှင့် အသာတို့ပြသည်။

"ကြည့်...ဟောဒီမှန်ထဲမှာကြည့်။ ရှင့်မျက်နှာ ဘယ်လောက်လှတယ်ဆိုတာ တွေ့ရလိမ့်မယ်"

"ဒီလိုကား...ဟား...ဟား...ဟား"

သူ့စကားကို သဘောပေါက်သဖြင့် ကျွန်တော် အားပါးတရ ရယ်မိသည်။ လာလီတာကလည်း ကျွန်တော်နှင့်အတူ ရောရယ်သည်။

ကျွန်တော် ဘာတွေပြုလုပ်မိသည်ကို သတိမထားမိတော့ပါ။ သတိထားမိသောအခါ လာလီတာကို ဆွဲယူပွေ့ထားမိလျက်သာ ဖြစ်နေချေပြီ။ ပြီးတော့ လေသံကလေးဖြင့်လည်း ကျွန်တော် အငမ်းမရ မေးမိသည်။

လာလီတာ ကိုယ်နှင့် လက်ထပ်ပါကွယ်"

လာလီတာက ရယ်ပြန်သည်။ သို့သော်လည်း ယခုတစ်ကြိမ်ရယ်သည့် ပုံစံကတော့ စောစောကလို မဟုတ်တော့ဘဲ တစ်မျိုး ဖြစ်နေသည်။

သူ့မျက်လုံးအစုံကို မှိတ်လိုက်သည်။ ခဏကြာတော့မှ ပြန်ဖွင့်ပြီး ကျွန်တော့်ကို ကြည့်သည်။ သူကလည်း လေသံကလေးနှင့် ပြန်ပြောသည်။

"အဲဒီစကားကို တစ်ခါလောက် ထပ်ပြောပါဦးကွယ်"

"ကိုယ်နှင့် လက်ထပ်နိုင်မလား လာလီတာ"

လာလီတာက ခေါင်းသာသာညိတ်သည်။ ပြီးတော့ မျက်နှာကို မော့ပြီး သူ့နှုတ်ခမ်းနှစ်လွှာအား ကျွန်တော့်ဆီသို့ ထိုးအပ်လာပါသည်။

ကျွန်တော်တို့နှစ်ယောက်၏ ချစ်ဇာတ်လမ်းကတော့ ထိုအတိုင်းပင် ဖြစ်ပါသည်။ ထိုသို့ ဖြစ်လာလိမ့်မည်ဟု ကျွန်တော် နည်းနည်းကလေးမှ မထင်မှတ်မိပါ။ အိပ်မက်ပင် မမက်မိခဲ့ပါ။

သို့ကလို နှစ်ကိုယ့်တစ်စိတ် အချစ်ကြီး ချစ်လာကြပြီးမှတော့ ပတ်ဝန်းကျင်က သူငယ်ချင်းများ၏ အကြံပေးချက်နှင့် သတိပေးစကားများကို ကျွန်တော်တို့နှစ်ယောက် မည်သို့ နားဝင်နိုင်ကြပါမည်နည်း။





အကြံပေးချက်နှင့် သတိပေးစကား အားလုံးကို လေထဲမှာလွှင့်ပစ်လိုက်ပြီး ကျွန်တော်တို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်ကြီး လက်ထပ်ခဲ့ကြပါသည်။

ကျွန်တော်တို့လက်ထပ်ပြီး ညစ်ခံပွဲပြုလုပ်သောအခါ စောစောပိုင်းက အဖျက်ကြီးဖျက်ခဲ့ကြသည့် သူငယ်ချင်းပညာရှိများသည် သူတို့ ဘာမှ မပြောခဲ့ဖူးသည့်အလား ကျွန်တော်တို့ တည်ခင်းသမျှကို ပါးဖြဲနားဖြဲ စားကြသောက်ကြ ဝါးမျိုကြလေတော့သည်။

ကျွန်တော်တို့နှစ်ယောက် ချစ်ချစ်ခင်ခင်ဖြင့် အိုအောင်မင်းအောင် ပေါင်းကြနိုင်ပါစေဟု သူတို့ကပင် ဆုတောင်းလိုက်ကြသေးသည်။

သို့သော်လည်း နောက်နေ့မှစပြီး ကျွန်တော်တို့၏ အိမ်ထောင်ရေးသည် မကြာခင်အချိန်အတွင်း ပျက်စီးပြိုကွဲတော့မည်ဖြစ်ကြောင်း ပြောမြဲ ပြောကြပြန်သည်။

ကျွန်တော်တို့အိမ်သို့ ကြုံလျှင်ကြုံသလို ဝင်ထွက်ကြသည်။ ကျွန်တော်တို့တည်ခင်းသမျှ စားကောင်းသောက်ဖွယ်များကို အရှက်မရှိ အကြောက်မရှိ၊ အားမနာပါးမနာ စားကြသောက်ကြသည်။

ထိုသို့ စားရင်းသောက်ရင်း ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်ဖြင့် အေးချမ်းသာယာသော အိမ်ထောင်တစ်ခု တည်ဆောက်နိုင်နေသည်ကို မြင်တွေ့ရသောအခါ သူတို့စိတ်ထဲမှ ကျိတ်ပြီး ဝမ်းနည်းပက်လက် ဖြစ်နေသည်ကိုလည်း ကျွန်တော်တို့ ကောင်းစွာ အကဲခတ်မိကြပါသည်။

"ဒီနှစ်ယောက် အခုထက်ထိ ပေါင်းနေနိုင်ကြတုန်းပဲနော်" ဟုလည်း သူတို့ မယုံကြည်နိုင်လောက်အောင် အံ့သြတကြီး ဖြစ်နေကြသည်။

ကျွန်တော်တို့၏ ကွယ်ရာတွင်မူ

"ဒါပေမယ့် ဘယ်လောက်ကြာကြာ ပေါင်းနိုင်မှာလဲလေ။ စောင့်ကြည့်စမ်းပါ" ဟု ပြောကြပြန်သည်။

လူအပေါင်းတို့၏ ထိုထိုသော စိတ်နေသဘောထားများကို လေ့လာသိရှိခွင့်ရသဖြင့် ကျွန်တော်တို့ အတောမသတ် ရယ်မောမိပါသည်။

သည်လို ရယ်နိုင်ခြင်းမှာလည်း ကျွန်တော်တို့နှစ်ယောက် အိမ်ထောင်ရေး သာယာပြီး အလွန်တရာ ပျော်ရွှင်ချမ်းမြေ့နေကြသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ကျွန်တော်တို့၏ အချစ်သည် နည်းနည်းကလေးမှ လျော့ပါး သွားခြင်း မရှိပါ။ တစ်ယောက်ကိုတစ်ယောက် ပိုမို နားလည်လာသော ကြောင့် ပို၍ပင် အချစ်ကြီး ချစ်လာကြပါသည်။

ကျွန်တော်တို့နှစ်ယောက် ရန်မဖြစ်ပူ၍တော့ မဆိုလိုပါ။ လင်နှင့် မယား လျှာနှင့်သွား ဆိုသည့်အတိုင်း ရန်မဖြစ်သော လင်မယားသည် တစ်ခုခုတော့ မှားယွင်းနေပြီဟု ဆိုရပါမည်။

ရံဖန်ရံခါများတွင် ရန်ကလေးတော့ ဖြစ်ပေးဖို့ လိုအပ်ပါသည်။ သို့ကလို ရန်ကလေး မှန်မှန်ဖြစ်ပေးနေမှ ပြည့်ဝသော အချစ်နှင့် သာယာ ချမ်းမြေ့သော အိမ်ထောင်ရေးသုခကို တင်းပြည့်ကျပ်ပြည့် ရရှိနိုင်ပါမည်။

ရန်မဖြစ်သော အိမ်ထောင်ရေးသည် ဆားမပါသလို ပေါ့ပျက် ပျက်နိုင်ပါသည်။

လာလီတာနှင့် ကျွန်တော့်ကြားတွင် ရန်ဖြစ်ရသည့်အကြောင်းကမူ ပုံသေအကြောင်းအရာ ဖြစ်ပါသည်။

လာလီတာက အသန့်အပြန့် ကြိုက်သည်။ ပစ္စည်းပစ္စယအားလုံး အိမ်ထောင်ပရိဘောဂအားလုံးကို သူ့နေရာနှင့်သူ စနစ်တကျ ရှိနေမှ သဘောကျပါသည်။

ကျွန်တော်ကတော့ အရာရာမှာ ပစ်စလက်ခတ်ဖြစ်ပါသည်။ ဖြစ် သလိုနေသည်။ ဖြစ်သလို စားသည်။

ကျွန်တော် ရုံးမှပြန်လာသည့်အခါတိုင်း စီးထားသည့် ဖိနပ်ကို ချွတ်ကာ ပစ်ချင်ရာ လှမ်းပစ်လိုက်သည်။ ခြေအိတ်ကိုလည်း ကြုံရာမှာ ထိုးထည့်ထားတတ်သည်။

အိတ်ထဲတွင် ပါလာသည့် ပိုက်ဆံများ၊ ဖော်တိန်နှင့် သော့တွဲ များကို လက်လှမ်းမီသည့်နေရာမှာ ထင်ချင်သလို တင်ထားလိုက်သည်။

"မီးရထား လသုံးလက်မှတ်ပါရဲ့လား မောင်"

ကျွန်တော် ရုံးသွားတော့မည်ဆိုလျှင် လာလီတာက မေးတတ် သည်။

ထိုအခါမျိုးကျမှ ကျွန်တော် သတိရပြီး အိတ်ပေါင်းစုံထဲသို့ လက် နှိုက်ကာ အူယားဖားယား ရှာရတော့သည်။ ကျွန်တော့် အမူအရာက လည်း မျက်နှာငယ်ကလေးဖြင့် ဖြစ်နေတတ်၏။ အိတ်များထဲမှာ ရှာမတွေ့ သောအခါ တစ်အိမ်လုံး လှန်လှော မွှေနှောက်ရှာရပြန်သည်။





လာလီတာ ရှုံ့ရှုံ့ရှားရှား ဖြစ်လာသည်။

"ကိုယ့်ပစ္စည်းကို စည်းနှင့်ကမ်းနှင့် သတ်သတ်မှတ်မှတ် ဘာဖြစ် လို့ နေရာတကျ မထားတာလဲ"

"သူ့နေရာနှင့်သူ သတ်သတ်မှတ်မှတ် ထားတာပဲကွ။ ဒါပေမယ့် မောင်ထားတဲ့ပစ္စည်းတွေကို မင်းက အမြဲတမ်း တောင်ရွှေ့မြောက်ရွှေ့ လုပ်နေတာကိုး..."

"ကျွန်မက လုပ်တယ်..."

"ဟုတ်တယ်၊ မင်းလုပ်တာ။ ဘာမဆို နေရာတကျရှိမှဆိုပြီး ဟို ပစ္စည်းဒီရွှေ့၊ ဒီပစ္စည်းဟိုရွှေ့နှင့် အမြဲတမ်း မင်းလုပ်နေတော့ ငါ့ပစ္စည်း တွေအကုန်လုံး ကသောင်းကနင်း ဖြစ်ကုန်တာပေါ့"

ကျွန်တော့်စကားသည် နည်းနည်းကလေးမှ မမှန်မကန်ကြောင်း ကျွန်တော် သိပါသည်။ သို့သော်လည်း ဇွတ် ပြောပစ်လိုက်သည်။

ကျွန်တော့်စကားကို ကြားသည်နှင့် လာလီတာမှာ မျက်နှာရဲရဲ နီအောင် ပိုမို၍ ဒေါသဖြစ်လာသည်။

"မောင့်ပစ္စည်းတွေကို ကျွန်မ နေရာတကျ စနစ်တကျ သိမ်းသိမ်း ပေးနေလို့ အဲဒီ မီးရထား လသုံးလက်မှတ် မပျောက်တာ မဟုတ်လား"

"သွားစမ်းပါကွာ။ မင်း နေရာတကျနှင့် စနစ်တကျ ဆိုတာကြီး ကို ပြောပြောမနေစမ်းပါနှင့်"

"ကောင်းပါပြီတော် ကောင်းပါပြီ။ မနက်ပြန်ကစပြီး မောင့် ပစ္စည်းဆိုရင် ဘာကိုမှ လက်ဖျားနှင့်မတို့ဘူး။ ဒါပေမယ့် အခုကတည်း က ပြောထားလိုက်မယ်။ မောင့်ပစ္စည်းတွေကို ကျွန်မ သိမ်းမပေးလို့များ ကတော့ မောင်လိုချင်ရင် ဘာပစ္စည်းမှ မတွေ့စေရဘူးမှတ်။ အဲဒီအခါ ကျတော့မှ ကျွန်မကို လာမအော်နှင့်။ ငါ့သော့တွဲ ဘယ်ရောက် သွားပြီ လဲ။ ငါ့မီးရထား လက်မှတ် ဘယ်ရောက်သွားသလဲ ငါ့ဖောင်တိန်တွေ ဘယ်ရောက်ကုန်ပြီလည်းဆိုတာမျိုး တစ်ခွန်းမှ လာမမေးနှင့်။ ကျွန်မ ပြောတာ သေသေချာချာ မှတ်ထား"

"အိုး...မှတ်လိုက်ရမှ မှတ်မှတ် မှတ်မှတ်နှင့်တောင် နေသေး"

သို့သော်လည်း ကျွန်တော်သည် ကျွန်တော့်ပစ္စည်းများကို စည်း မရှိကမ်းမရှိ ပစ်ချင်ရာပစ်မြဲ ဖြစ်သည်။ လာလီတာကလည်း အမြင်



www.burmeseclassic.com

www.burmeseclassic.com



မတော်သောကြောင့် သူ့စကား သူ မထိန်းနိုင်ဘဲ ကောက်ယူသိမ်းဆည်းကာ နေရာတကျ ထားပေးမြဲ ထားပေးသည်။

ကျွန်တော်လိုချင်သော ပစ္စည်းကို မတွေ့သောအခါ ကျွန်တော်ကလည်း သူ့ကို အော်မြဲအော်သည်။

ထိုအခါမျိုးတွင် လာလီတာက ကျွန်တော့်ကို မျက်မှောင်ကုပ်ပြီး စိုက်ကြည့်နေတတ်သည်။

"မောင့်ရဲ့ ဒီအကျင့်ဆိုးကြီးကို ဘယ်တော့မှ ဖျောက်မှာလဲဟင်"

ကျွန်တော်က ထိုအကျင့်ဆိုးကြီးကို အတတ်နိုင်ဆုံး ကြိုးစားဖျောက်ဖျက်ပြီး စည်းနှင့်ကမ်းနှင့် နေပါမည်ဟု ကတိပေးသည်။

ထိုကတိ တည်အောင် ကျွန်တော် ဘယ်လောက်ပင် ကြိုးစားကြိုးစား မအောင်မြင်ပါ။ ပရမ်းပတာဖြင့် စည်းမဲ့ကမ်းမဲ့ နေမြဲနေသည်။

ကျွန်တော်၏ ပရမ်းပတာမှုနှင့် စည်းကမ်းမဲ့မှုသည် ကြာလေဆိုးလေဖြစ်လာသည်။ ကျွန်တော့် ပစ္စည်းများကိုသာ မဟုတ်တော့။ သူ့ပစ္စည်းများကိုလည်း ကြုံသလို ကောက်ကိုင်ပြီး ပစ်ချင်ရာ ပစ်ထားတတ်သည်။

ကျွန်တော့်ဘီးကို ရုတ်တရက် ရှာမတွေ့သောအခါ လာလီတာ၏ ဘီးနှင့် ကောက်ဖြီးသည်။ ပြီးသောအခါ ထုံးစံအတိုင်း ကျွန်တော် ပစ်ချင်ရာ ပစ်ထားလိုက်သည်။

ထို့ကြောင့် သူ့ဘီးကို ထားနေကျနေရာမှာ ရှာမတွေ့ရသောအခါ အခန်းထဲမှနေ၍ ကျွန်တော့်ကို လှမ်းအော်မေးတော့သည်။

သည်လို နေရာမျိုးမှာ ကျွန်တော်ကလည်း အပွန် နှုတ်မြန်ပါသည်။ ဘာကိုမှ တုံ့တုံ့ဆိုင်းဆိုင်း စဉ်းစားမနေတော့ဘဲ ချက်ချင်း ပြန်ဖြေတတ်သည်။

"တသက်နှင့်တကိုယ် မင်းဘီးကို လက်ဖျားနှင့်တောင် ယောင်လို့တို့မကြည့်ဖူးဘူး"

ထို့ကြောင့် တစ်နေ့တွင် လာလီတာက ဘီးအချောင်းပေါင်း တစ်ဒါဇင် ဝယ်လာကာ ကျွန်တော်၏ မှန်တင်ခုံပေါ် တင်ပေးသည်။

"မောင် ဟောဒီမှာ သေသေချာချာကြည့်ထား၊ ဟောဒီဘီးတွေဟာ မောင့်ဖို့ပဲ။ ကျွန်မဘီးကို ဘယ်တော့မှ လာမကိုင်ပါနဲ့"





သို့သော်လည်း ဘီးဆယ့်နှစ်ချောင်းသည် ဟိုပစ်ဒီပစ် ပစ်ရင်းနှင့် ဆယ့်နှစ်ရက်ကြာသောအခါ ကျွန်တော့် မှန်တင်ခုံပေါ်မှာ တစ်ချောင်းမှ မရှိတော့ပါ။ သည်လိုဖြင့် လာလီတာ၏အော်သံကို ကျွန်တော် ကြားရပြန်သည်။

"ကိုပရမ်းပတာကြီး၊ ကျွန်မ ဘီးကို ဘယ်နားသွားပစ်ထားလိုက်ပြန်သလဲ"

လာလီတာသည် ရိုးရိုး ဓာတ်ရှင်မင်းသမီး မဟုတ်ဘဲ အဆိုတော်တစ်ယောက်လည်း ဖြစ်သောကြောင့် ကျွန်တော်တို့အိမ်မှာ တူရိယာပစ္စည်းမျိုးစုံ ရှိပါသည်။

ကျွန်တော်ကလည်း ဟိုစပ်စပ် သည်စပ်စပ်သမား။ ထို့ကြောင့် ဟာမိုနီယမ်ကိုသော် လည်းကောင်း၊ တယောကိုသော် လည်းကောင်း၊ ဗုံကိုသော် လည်းကောင်း ကြုံသလို ဆွဲယူတီးခတ်လေ့ရှိသည်။

ထိုသို့ တီးခတ်ပြီးပြီဆိုလျှင် သူ့ပစ္စည်းကို သူ့နေရာမှာ စနစ်တကျ ပြန်မထားဘဲ ကြုံရာမှာ ချထားစမြဲ ဖြစ်သည်။ ထိုအတွက်နှင့်လည်း တကျက်ကျက် ဖြစ်ရသည်။

ဓာတ်စက်ကလေးကိုလည်း ဝါသနာပါလိုက်သေးသည်။ ထို့ကြောင့် ဓာတ်ပြား တစ်ပြားပြီးတစ်ပြား ဆက်တိုက်နားထောင်သည်။ နားထောင်ပြီးသည့် ဓာတ်ပြားကို ကြမ်းပေါ်မှာ ကြုံသလို ပစ်ချထားလိုက်သည်။ ဓာတ်စက်မှ အပ်တုံးသွားပြန်လျှင် အပ်အသစ် လဲသည်။ အပ်အဟောင်းကိုမူ လွယ်ရာ ကော်ဇောပေါ်သို့ လွှယ်လွှယ်ပင် ပစ်ချထားလိုက်သည်။

ကျွန်တော် ရောက်လေရာ နေရာတိုင်းတွင် စီးကရက်တိုများသည်လည်း မြင်မကောင်းရှုမကောင်း ရှိမြဲပင်။

ပစ်စလက်ခတ်နှင့် ပရမ်းပတာနေတတ်သော ထိုအကျင့်ဆိုးကို ကြိုးစားဖျောက်ဖျက်မည်ဆိုပါက ရနိုင်ကောင်းသည်ဟု ကျွန်တော် ထင်ပါသည်။

သို့သော်လည်း အမှန်ကို ဝန်ခံရပါမူ ကျွန်တော်ကိုယ်တိုင်က ထိုအကျင့်ကို အပင်ပန်းခံပြီး ဖျောက်ဖျက်မပစ်လိုပါ။ ကျွန်တော့် အမြင်တွင် ပစ်စလက်ခတ်နေခြင်းသည် ယောကျ်ားတစ်ယောက်၏ မွေးရာပါ အခွင့်အရေး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဓနီးမယားရှိနေသော ယောက်ျားတစ်ယောက်အဖို့ ပိုလို့ပင် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ နေသင့်သည်ဟု ကျွန်တော် ထင်ပါသည်။

ထို့ကြောင့် ကျွန်တော်၏ ပရမ်းပတာအကျင့်ကို ဖျောက်ဖျက်ပစ်ဖို့ ကျွန်တော် မကြိုးစားပါ။ စိတ်လည်း မကူးပါ။

လာလီတာကတော့ ကျွန်တော်၏ အကျင့်ကို နည်းနည်းကလေးမှ မသိကျိုးကျွံ ပြုနိုင်စွမ်း မရှိပါ။ အိမ်ထဲမှာ ဖရိုဖရဲပြင့် ရှုပ်ပွနေလျှင် ကျွက်ကျွက်ညံမြဲဖြစ်သည်။ သူ့ပစ္စည်းထားနေကျနေရာမှာ မရှိတော့ဘူးဆိုလျှင် ကျွန်တော့်ကို အသံကုန် အော်မေးတော့သည်။

ထိုအခါမျိုးတွင် ကျွန်တော်ကလည်း မဆိုင်းမတွ ပြန်ဖြေတတ်စမြဲ ဖြစ်သည်။

"ငါတသက်မှာ မင်းပစ္စည်းဆိုလို့ ဘာတစ်ခုကိုမှ လက်ဖျားနှင့်တောင် မတို့ဖူးဘူး။ နောက်လည်း ဘယ်တော့မှ မတို့ဘူးကွ၊ မှတ်ထား"

သည်လိုဖြင့်ပင် လာလီတာနှင့် ကျွန်တော်၏ ရန်ပွဲများမှာ အဆုံးသတ်နိုင်သည်ဟူ၍ မရှိတော့ပေ။

ရန်တစ်ပွဲပြီးသွားတိုင်း ယာယီစစ်ပြေငြိမ်းမှုတစ်ခုတော့ ရစမြဲဖြစ်ပါသည်။ ထိုသို့ ယာယီစစ်ပြေငြိမ်းမှု ကလေးတစ်ခုရတိုင်း ကျွန်တော်တို့ အထိမ်းအမှတ်ကလေးတစ်ခု ပြုလုပ်ကြသည်။

ထိုအထိမ်းအမှတ်ကလေး ပြုလုပ်တိုင်း ကျွန်တော်တို့၏ အချစ်သည် ဆထက်ထမ်းပိုးတိုးကာ ပိုမိုနက်ရှိုင်းလာစမြဲ ဖြစ်သည်။ တစ်ယောက်၏အလိုကို တစ်ယောက်က အစွမ်းကုန် လိုက်လျောကြသည်။

သို့သော် မကြာပါ။

နောက်တစ်နေ့တွင် ပစ္စည်း နေရာတကျမရှိမှုကို အကြောင်းပြုပြီး ကျွန်တော်တို့လင်မယား အော်ကြီးဟစ်ကျယ် စကားများ ရန်ဖြစ်ကြပြန်သည်။ ပြီးတော့ စစ်ပြေငြိမ်းကြပြန်သည်။

သည်လိုနှင့်ပင် ရန်ဖြစ်လိုက်၊ စစ်ပြေငြိမ်းလိုက်၊ တစ်ယောက်ကိုတစ်ယောက် ပိုချစ်လာလိုက်ဖြင့် မဆုံးနိုင်အောင် သံသရာလည်နေတော့သည်။





ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အိမ်ထောင်ရေး အလွန်တရာ သာယာချမ်းမြေ့ပြီး ကျွန်တော်တို့နှစ်ယောက်စလုံး စိတ်ချမ်းသာနေကြသည်ကတော့ ယုံမှားသံသယ ဖြစ်စရာအကြောင်း လုံးဝမရှိပါ။

ထို့ကြောင့် သူငယ်ချင်းဘာလူးက ကျွန်တော့်အိမ်သို့ လိုက်လည်လိုသည်ဆိုသောအခါ ကျွန်တော်ကလည်း လိုလိုလားလားကြီး ဖြစ်သွားမိတော့သည်။

လာလီတာ မည်မျှချစ်စရာကောင်းကြောင်း ပြချင်သည်။ ကျွန်တော်တို့ အိမ်ထောင်ရေး အဘယ်မျှ သာယာကြောင်း ပြလိုသည်။ လာလီတာသည် အဘယ်မျှ အိမ်ရှင်မကောင်းပီသကြောင်း ထုတ်ဖော်ကြွားလိုသည်။

စိတ်ထဲမှာတော့ မသေချာမရေရာသော သံသယတွေ ထထမ်းတပိုးကြီး ရှိနေသည်မှာ မှန်ပါ၏။

စတုဒိသိုမှ လာလီတာ ပြန်မလာသေးလျှင် မည်သို့လုပ်မည်နည်း။

အိမ်ပြန်ရောက်နေသော်လည်း အစားပုပ်လွန်းသည့် ကျွန်တော့်သူငယ်ချင်းနှစ်ယောက် အိမ်ခေါ်လာသည်ကို မကျေနပ်လျှင် မည်သို့လုပ်ရမည်နည်း။

ကျွန်တော့် အပေါင်းအသင်း မှန်သမျှကို သူ ဖော်ဖော်ရွေရွေ ဆက်ဆံမြဲဖြစ်သည်မှာ မှန်ပါသည်။ မရှိ ရှိရာချကျွေးဟတ်သည့် စေတနာကောင်းရှိသည်မှာလည်း မှန်ပါသည်။ ကောင်းရာကောင်းကြောင်း ဖွယ်ဖွယ်ရာရာ လုပ်ကိုင်ကျွေးမွေးတတ်သည်မှာလည်း မှန်ပါသည်။

သို့သော် ဧည့်သည် ပြန်သွားပြီး ကျွန်တော်တို့နှစ်ယောက်တည်းရှိသောအခါတွင်မူ ပြဿနာက တက်တော့သည်။

"မောင့်သူငယ်ချင်းတွေ အိမ်ခေါ်လာတာ ကျွန်မကလည်း ကျေနပ်ပါတယ်။ ဒါပေမယ့် ကျွန်မကို ကြိုမပြောထားဘဲ နောက်ကို ခေါ်မလာပါနှင့်။ အခုလို ဘာမပြောညာမပြောနှင့် ခေါ်ခေါ်လာတော့ ကျွန်မမှာ တစ်ယောက်တည်း လုပ်လိုက်ရ ကိုင်လိုက်ရ ပြေးလိုက်ရ လွှားလိုက်ရတာ အသက်တောင် ဘယ်နားက ထွက်ရမှန်း မသိဘူး"

ထိုစကားများကို ပြန်လည် ကြားယောင်လာသောကြောင့် ဘာလူးနှင့် စော်ဘွားကို အိမ်ခေါ်သွားဖို့အတွက် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဣန္ဒြေမပျက်အောင် သတိထားပြီး ထိန်းနေရသည်။ လက်မှတ်ရုံသို့ပြေးကာ သူတို့နှစ်ယောက်အတွက်ပါ လက်မှတ်များ ဝယ်ခဲ့သည်။ နောက်ဆိုက်လာသည့် လော်ကယ်ရထားနှင့် ကျွန်တော့်အိမ်ရှိရာသို့ လိုက်လာခဲ့ကြတော့သည်။

အုံ့ဩစရာတစ်ခုက ကျွန်တော့်အိမ်မှာ အဆင်သင့် စောင့်နေပါသည်။ အိမ်တံခါးမှာ သော့ခလောက်ကြီးတန်းလန်း တွေ့နေရခြင်း ဖြစ်သည်။

စော်ဘွားက ကျွန်တော့်ကို လှည့်ကြည့်သည်။

"ကံဆိုးလိုက်တာကွာ။ အခုအတိုင်းဆိုရင် အိမ်မှာ မိဖုရားကြီး မရှိဘူးဆိုတဲ့ သဘောပဲ။ တို့က မင်းမိန်းမနှင့် အရမ်းတွေ့ချင်နေတာ"

"မင်းတို့ မပြန်ခင် လာလီတာ စတူဒီယိုကနေ အချိန်မီ ပြန်ရောက်လာပါစေလို့ မျှော်လင့်ရတော့မှာပေါ့ကွာ။ အချိန်မီ သူ ပြန်ရောက်မလာရင်လည်း သူ့ဓာတ်ပုံတွေကိုပဲ မင်းတို့ ကြည့်ကြပေါ့"

ကျွန်တော့် အနေနှင့်လည်း သူတို့စိတ်ချမ်းသာအောင် သည်နည်းနှင့်သာ ဖြေသိမ့်နိုင်တော့သည်။

အိတ်ထဲမှာ အိမ်သော့ကို ရှာကြည့်သည်။ အိတ်တစ်လုံးမှာ မတွေ့သဖြင့် နောက်တစ်လုံး ပြောင်းရှာသည်။ သော့ပျောက်ခဲ့ပြီဆိုလျှင်တော့ ဒီကောင်နှစ်ကောင်ရှေ့မှာ မဟာအရှက်တော် ကွဲရပေဦးတော့မည်။

အင်္ကျီအိတ်တွင်းမှာ ရှာမတွေ့သောကြောင့် ဘောင်းဘီအိတ်များထဲမှာ နှိုက်ရှာသည်။ ဘယ်အိတ်ထဲမှာမှ ရှာမတွေ့ပါ။

ပစ်စလက်ခတ်နှင့် ပရမ်းပတာနိုင်သော ဘာပစ္စည်းကိုမှ နေရာတကျ မထားတတ်သော ကျွန်တော်၏ အကျင့်ဆိုးကို ယခုတစ်ကြိမ်မှာတော့ သေသေချာချာကြီး ကျိန်ဆဲနေမိသည်။

မနက်ဖြန်မှ စပြီး အသုံးအဆောင် ပစ္စည်းအားလုံးကို သူ့နေရာနှင့်သူ စနစ်တကျ ထားတော့မှ ဖြစ်မည်ဟုလည်း ဆုံးဖြတ်လိုက်မိသည်။

ဟူး...တော်ပါသေးရဲ့။

စောစောက အကြိမ်ကြိမ် နှိုက်ကြည့်ပြီး ဖြစ်သည့် အိတ်ထဲမှပင် အိမ်သော့က ထွက်လာသည်။ စောစောက အကြိမ်ကြိမ် နှိုက်ရှာသော





လည်း မတွေ့သဖြင့် ထိုအိတ်ထဲမှာ မရှိတော့ပြီဟု တထစ်ချ တွက်ခဲ့မိသည်။

ယခုတော့ ထိုအိတ်ထဲမှပင် ထွက်လာသည်။ သည်လိုဆိုတော့လည်း ဘယ်ဆိုးလို့တုန်း။ ပစ်စလက်ခတ်ထားပေမယ့် အချိန်တန်တော့ ထွက်ချင်သည့်နေရာက ထွက်လာတတ်သေးသည်ကို ကိုယ်တွေ့ကြုံရသောကြောင့် စိတ်ချမ်းသာသွားသည်။

သော့ဖွင့်ပြီး တံခါးကို ခြေထောက်နှင့်ခပ်ကြမ်းကြမ်း ကန်ဖွင့်လိုက်သည်။ လက်နှစ်ဘက်ကို ဖွေ့ယမ်းကာ အားပါးတရလည်း အော်လိုက်မိသည်။

"ငါ့သူငယ်ချင်းနှစ်ယောက်ကို လှိုက်လှဲစွာ ကြိုဆိုပါတယ်ဗျာ"

အိမ်ထဲသို့ သူတို့နှစ်ယောက် ဝင်သည်။ သို့သော်လည်း အံ့ဩတကြီးဖြစ်ကာ အိမ်အဝမှာပင် နေရာမရွေ့ ရပ်နေကြသည်။

"ဟ မင်းအိမ်က တယ်လှပါလားကွ" ဟု ဘာလူးက ထအော်သည်။

"လှရုံတင် ဘယ်ကမလဲ မောင်၊ အစက်အပြောက်ကလေးတစ်ခုတောင် မရှိအောင် အရမ်းကို သန့်ရှင်းနေတာပဲ" ဟု စော်ဘွားကပါ မှတ်ချက်ချသည်။

ကျွန်တော်ကိုယ်တိုင်လည်း ထိုနေရာမှာပင် ရပ်ရင်း ခပ်တွေတွေ စဉ်းစားနေမိသည်။

ဧည့်ခန်းသည် အစက်အပြောက်ကလေး တစ်ခုတစ်လေမှပင် မရှိသော မှန်တစ်ချပ်ကဲ့သို့ သန့်ရှင်းကြည်လင်နေသည်။

ဆိုဖာနှင့် ကုလားထိုင်စွပ်များကို အသစ်လဲထားသည်။ ပန်းအိုးများကို လတ်ဆတ်သော ပန်းများဖြင့် လှလှပပ ထိုးထားသည်။

အခန်းထောင့်မှ စားပွဲပေါ်တွင် မဂ္ဂဇင်းပေါင်းစုံတို့ကို သပ်ရပ်စွာ စီတပ်ထားသည်။ ကျွန်တော့် စားပွဲပေါ်မှ စားပွဲခင်းသည်လည်း ပင်မင်းဆိုင်မှ ရွေးလာပြီး ခင်းထားပေးခြင်းဖြစ်ကြောင်း သိသာသည်။ အလွန်တရာ သန့်ရှင်းပြီး ဖြူဖွေးနေသည်။

ကြမ်းပေါ်မှာ ခင်းထားသည့် ကော်ဇောသည်လည်း ဖုန်မှုန့်ကလေး တမှုန့်ပင် ထင်မနေချေ။



www.burmeseclassic.com

www.burmeseclassic.com



"စံနမူနာယူထိုက်တဲ့ အိမ်ပါပဲကွာ"

ကျွန်တော့် သူငယ်ချင်းနှစ်ယောက်က ကျေကျေနပ်နပ်ကြီး ပြုံးတုံ့မှတ်ချက်ချကြသည်။

နံရံမှာ ချိတ်ထားသော လာလီတာ၏ ဓာတ်ပုံများကို ကျွန်တော်က ပြသည်။

လာလီတာ၏ ဓာတ်ပုံ အယ်လ်ဘမ်များကို ထုတ်ပြသည်။

အိမ်မှာ လာလီတာရှိမနေသည့်အတွက် ကျွန်တော့် စိတ်ထဲက ကျိတ်ပြီး ကျေနပ်နေမိသည်။ သူ မရှိသည့်အတွက် ကျွန်တော့်အဖို့ လုံခြုံမှုနှင့် လွတ်လပ်မှုများ အပြည့်အဝ ရနေသည်။

လာလီတာသာ ရှိနေမည်ဆိုပါက သည်ဇရက်နှစ်ကောင်ကို ခေါ်လာမိသည့်အတွက် မျက်မှောင်ကြီး တကုပ်ကုပ်နှင့် ကြည့်နေမည်ကို မြင်ယောင်မိသေးသည်။ သူ့ကို ကြိုတင်ပြောမထားရကောင်းလားဆိုကာ နှစ်ယောက်တည်းရှိသောအခါ ပူညံပူညံ လုပ်ဦးတော့မည်။

သို့သော်လည်း စိတ်ထဲကတစ်မျိုး ပူလာမိပြန်သည်။

လာလီတာ ရှိမနေလျှင် သည်ကောင်နှစ်ကောင်ကို မည်သို့ ဧည့်ခံရမည်နည်း။ ဘာတွေ ချကျွေးရမည်နည်း။ ကျွန်တော့်အိမ်နှင့် အနီးဆုံးဆိုသော ဟိုတယ်သည်ပင်လျှင် မိုင်ဝက်လောက် ဝေးလေသည်။

ကျွန်တော်ကလည်း လုံးဝ ချက်တတ်ပြုတ်တတ်သူ မဟုတ်ပါ။ ကြက်ဥကိုပင် အဖြစ်ရှိအောင် ကြော်တတ်သူ မဟုတ်ပါ။

လက်ဖက်ရည်သော်လည်းကောင်း၊ ကော်ဖီသော်လည်းကောင်း ဖျော်ပြီဟောဆိုလျှင်လည်း ကျဲသည့်အခါ ကျဲ၊ ခါးသည့်အခါ ခါး၊ ချိုသည့်အခါ ချိုဖြင့် တစ်ကြိမ်တစ်ခါမှ အပေါက်အလမ်း တည့်ဖူးသည် မရှိပါ။

စိတ်ပျက်လက်ပျက်ဖြင့် အကြံထုတ်ရင်း ခေါင်းထဲမှာ အလင်းရောင်ကလေးတစ်ခု လှစ်ကနဲ ပေါ်ထွက်လာသည်။

မီးဖိုချောင်ထဲမှာ စားစရာတစ်ခုခုတော့ ရှိချင် ရှိနေနိုင်သည်။

မီးဖိုချောင်ထဲသို့ အပြေးအလွှား ဝင်ခဲ့ပြီး ကြောင်အိမ်ကို ဖွင့်ကြည့်သောအခါ ကျွန်တော် ဝမ်းသာလုံး ဆို့သွားမိလေသည်။

ပင်လယ်သမုဒ္ဒရာထဲမှာ ကျွန်းအသစ်တစ်ခုကို မြင်တွေ့လိုက်ရသော ကမ္ဘာကျော် နယ်သစ်ရှာ ခရီးသည်ကြီး ကိုလံဘတ်စ်သည်ပင်လျှင် ကျွန်တော့်လောက် ပျော်ရွှင်နိုင်မည် မဟုတ်ဟု ထင်မိလေသည်။





ကြောင်အိမ်ထဲမှာ စားသောက်ဖွယ်ရာမျိုးစုံတို့ တပုံတပင်ကြီး ရှိနေလေသည်။

"ဟရေး..." ဟု ဝမ်းသာအားရဖြင့် ထ၍ပင် အော်လိုက်မိလေသည်။

ပန်းကန်တွေ ဆွဲထုတ်သည်။ စားပွဲပေါ်တွင် နေရာချသည်။ ထမင်းစားပွဲသည်လည်း စားပွဲခင်းအသစ်ဖြင့် သန့်သန့်ရှင်းရှင်း ပြင်ဆင်ထားပြီး ဖြစ်သည်။ ပန်းကန်များ နေရာချထားပြီးသောအခါ စားသောက်စရာများကို ထည့်သည်။

ဧည့်ခန်းတွင်းသို့ ပြန်လာခဲ့ပြီး သူငယ်ချင်း ဇရက်နှစ်ကောင်ကို ကြေငြာလိုက်လေသည်။

"သူငယ်ချင်းတို့ ချီတက်ကြစို့။ စားဖို့သောက်ဖို့ အဆင်သင့် ဖြစ်နေပြီ"

ဘာလူးနှင့်စော်ဘွားသည် ငတ်ကြီးကျနေသော ဝက်နှစ်ကောင်လို အငမ်းမရ စားကြသည်။ ကြောင်အိမ်ထဲမှာ ရှိရှိသမျှ စားကောင်းသောက်ဖွယ်များကို ပြောင်တလင်းခါအောင် အပြတ်ရှင်းကြသည်။

လာလီတာ ချက်အပြုတ်ကောင်းပုံ၊ အိမ်ရှင်မကောင်း ပီသပုံများကို အမြုပ်ထွက်မတတ်သူတို့က ပြောကြသည်။ ကျွန်တော်ကလည်း ထိုစကားများကို နားထောင်၍ မဝနိုင်အောင် ဖြစ်နေမိသည်။ လာလီတာကို သူတို့နှစ်ယောက်က ချီးမွမ်းလေ ကျွန်တော် ပျော်မဆုံး ဖြစ်လေပင်။

စားကြွင်းစားကျန်များနှင့် စားပြီးသောက်ပြီး ပန်းကန်များကို စားပွဲပေါ်မှာ သည်အတိုင်း ထားရစ်ခဲ့ပြီး ဧည့်ခန်းသို့ ကျွန်တော်တို့ ပြန်လာကြသည်။

ဧည့်ခန်းမှာထိုင်ရင်း စီးကရက် တဖွားဖွား ဖွာကြသည်။ စီးကရက်တိုနှင့် ပြာများကို ကော်ဇောပေါ်သို့ ထုံးစံအတိုင်း စည်းမဲ့ကမ်းမဲ့ လွတ်လွတ်လပ်လပ်ကြီး ပစ်ချကြသည်။

"မင်းတို့ စိတ်ကြိုက်သာ ရာပြီး စားကြပေတော့ကွာ"

ကျွန်တော်က ကွမ်းအစ် ထုတ်တည်သည်။ [illegible] ခွံများ၊ ကွမ်းသီးမှုန့်များနှင့် ကွမ်းတံတွေးများသည် စီးကရက်တိုများ၊ ပြာများနှင့် မဟာမိတ်ဖွဲ့ ပူးပေါင်းကာ ကော်ဇောပေါ်မှာ နေရာယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်က ကျွန်တော်နှင့်လာလီတာကို ချီးမွမ်း၍ မဆုံးနိုင်တော့ပေ။ ပျော်လွန်းသောကြောင့် အခြား ဘာကိုမှလည်း သတိမထားနိုင်တော့ပေ။ ကျွန်တော်လည်း ပျော်မဆုံး မော်မဆုံးနိုင်တော့ပေ။

"ဗွာလီယာမြို့မှာ ကျောင်းနေကြတုန်းက တို့သုံးယောက် ဂီတာကလေးနှင့် ငြိမ်နေခဲ့ကြသော မှတ်မိသေးသလားကွ စော်ဘွား၊ တို့ သုံးယောက် မဆုံဖြစ်တာလည်း ကြာပြီ။ ကဲ...ဂီတဝိုင်းကလေး ဖန်တီးလိုက်ကြဦးစို့၊ စော်ဘွား...မင်းပဲ ကြိုက်ရာသီချင်း ဆိုကွာ"

ဘာလူးက အစဖော်ပေးလိုက်လေသည်။

စော်ဘွားဒမ္မလီသည် ဟုတ်တိပတ်တိ သီချင်းဆိုတတ်သူ မဟုတ်ပါ။ သို့သော်လည်း ပွဲတောင်းလာသူရှိလျှင်တော့ ပွဲမရှောင်သူ ဖြစ်သည်။

ယခုလည်း လည်ချောင်း ရှင်းလိုက်ပြီး ကျွန်တော့်ကို လှည့်မေးသည်။

"ရှီအမ်း...မင်းမှာ တီးစရာမှုတ်စရာ ဘာများရှိသလဲ"

"တီးစရာ မှုတ်စရာလား...ငါ့မိန်းမဟာ အဆိုတော်တစ်ယောက်ဆိုတာကိုတော့ မမေ့ကြပါနှင့် သူငယ်ချင်းတို့ရာ၊ တူရိယာပစ္စည်း ဘယ်လောက်များများ မင်းတို့ လိုချင်သလဲ ပြော"

ပြောပြောဆိုဆို လာလီတာ၏ အခန်းထဲသို့ ကျွန်တော် ပြေးဝင်ခဲ့သည်။ ဟာမိုနီယမ်၊ ဗုံးတစ်လုံးနှင့် တယောတစ်လက်ကိုယူပြီး ပြန်ထွက်ခဲ့သည်။

ဘာလူးက ဟာမိုနီယမ်ကို လှမ်းယူသည်။ ကျွန်တော်က တယောနှင့် ထိုးတံကို ကိုင်သည်။ စော်ဘွားက ဗုံကလေးကို ပုတ်ကာပုတ်ကာနှင့် စတင် တီးခတ်တော့သည်။

ချက်ချင်းဆိုသလိုပင် ကျွန်တော်တို့၏ တော်ဝင်နန်းသုံး ဂီတဝိုင်းကြီး မြိုင်မြိုင်ဆိုင်ဆိုင် စတင်လေတော့သည်။

ကျွန်တော်တို့ ဂီတဝိုင်းကြီး ဘယ်လောက်ကြာအောင် တီးခတ်ကြသည်ကို မည်သူကမျှ သတိမထားမိပါ။

ဘာလူးက သူ့လက်ပတ်နာရီကို ငုံ့ကြည့်ပြီး အလန့်တကြား ထအော်သည်။

"စော်ဘွား...တို့ ညရထားအမီပြေးမှ ဖြစ်တော့မယ်ကွ။ လုပ်စရာတွေ အများကြီး ကျန်သေးတယ်"





ဘာလူး၏စကားကြောင့် စော်ဘွားလည်း သူ့ လက်ပတ်နာရီကို မြှောက်ကြည့်သည်။

"ဟိုက်...ချောက်ပဲ။ ဒါလောက် အချိန်ကုန်သွားတာ သတိတောင် မထားလိုက်မိဘူး။ အတော်နောက်ကျနေပြီ"

ထိုင်ရာမှထပြီး ကျွန်တော့်ကို ကမန်းကတန်း နှုတ်ဆက်သည်။

"မင်းမိန်းမနှင့် မတွေ့လိုက်ရတာတော့ နာတယ်ကွာ။ နှုတ်ဆက်သွားကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောပြလိုက်ပါ။ မင်းနှင့်ပတ်သက်ပြီး တို့က သတင်းတွေအမျိုးမျိုး ကြားနေတာကွ။ ဒါပေမယ့် မင်းအိမ်ကလေးကလည်း အင်မတန်လှတယ်။ မင်းလည်း အင်မတန်ပျော်နေတာ သေချာတယ်။ မင်းတို့ အိမ်ထောင်ရေး သာယာနေတာ ဘာမှ သံသယဖြစ်စရာ အကြောင်းမရှိဘူး။ တို့ ဝမ်းသာပါတယ် သူငယ်ချင်းရယ်။ မင်းတို့ လင်မယား ဗွာလီယာမြို့ကို အလည်တစ်ခေါက်လောက်တော့ လာခဲ့ကြပါဦး။ မင်းတစ်ယောက်တည်းတော့ မလာနှင့်နော်။ လာလီတာကို ခေါ်လာဖို့ မမေ့ပါနှင့် သူငယ်ချင်း"

ထိုစကားကို ကြားရသဖြင့် ကျွန်တော် တွန့်သွားမိသည်။

သူတို့ ထွက်သွားကြပြီးနောက် ဆိုဖာပေါ်မှာထိုင်ရင်း ကျွန်တော် စီးကရက် သောက်နေမိသည်။

ကျွန်တော့်ခေါင်းထဲမှာလည်း အတွေးပေါင်းစုံတို့ဖြင့် ချာချာလည်လာသည်။ စောစောတုန်းကတော့ ကွဲသွားသည်မှာ ကြာပြီဖြစ်သော အခင်ဆုံး ငယ်သူငယ်ချင်းများနှင့် ပြန်တွေ့နေရသောကြောင့် ဘာကိုမှ မစဉ်းစားနိုင်ခဲ့။

ယခုတော့ အောက်ခြေမှ ရေမြှုပ်များ ပွက်ဖောင်းအဖြစ်နှင့် အပေါ်သို့ ကြွတက်လာလေပြီ။

ကြောင်အိမ်ထဲတွင် စားကောင်းသောက်ဖွယ်တွေ အမြောက်အမြား ဘာကြောင့် ရှိနေသနည်း။

ကျွန်တော့်ကိုယ် ကျွန်တော် မေးခွန်းပြန်ထုတ်မိသည်။

အတော်တော့ ထူးဆန်းနေသည်။ ကျေနပ်လောက်သည့် အခြေ ရဖို့ ကျွန်တော် ကြိုးစားစဉ်းစားသည်။ သို့သော်လည်း အကြောင်းမထူးပါ။ ဘာတစ်ခုမှ စဉ်းစား၍ မရပါ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် အကြောင်းမဲ့ ခေါင်းပူမခံတော့ရန် ဆုံးဖြတ်လိုက်ရတော့သည်။

တစ်ခုခု ဖတ်နေရန် စိတ်ကူးရသဖြင့် စာအုပ်တစ်အုပ်လောက်ရှာဖို့ စားပွဲရှိရာသို့ ထလာခဲ့သည်။

"ဟောဗျာ"

စားပွဲပေါ်တွင် စာရွက်ဖိတုံးနှင့် ဖိထားသော စာအိတ်တစ်လုံးကို တွေ့ရသဖြင့် ကျွန်တော် အံ့အားသင့်သွားသည်။ စာအိတ်ပေါ်မှ လက်ရေးကို ကြည့်ခြင်းအားဖြင့် လာလီတာ၏လက်ရေးမှန်း ချက်ချင်း သိလိုက်သည်။

ထို့ကြောင့် စာအိတ်ကိုဖွင့်ပြီး အထဲမှ စာရွက်ကို ဆွဲထုတ်လိုက်သည်။

**မောင်**

ဒီနေ့ စတူဒီယိုကို သွားရမယ်မထင်လို့ မောင့်ကို ဘာမှ မပြောလိုက်ဘူး။ ဒါပေမယ့် စတူဒီယိုက ကားလွှတ်ပြီး ခေါ်ခိုင်းလိုက်တာနှင့် လိုက်သွားရတယ်။ ရုံးက မောင် ပြန်လာတဲ့အချိန်မှာ ကျွန်မ အိမ်မှာရှိနေနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီစာကို ရေးထားခဲ့ရတာပါ။

ကျွန်မအလျင် မောင် ရုံးက ပြန်ရောက်နေမယ်ဆိုရင် အောက်ပါအချက်များကို သေသေချာချာ ဂရုစိုက်ပြီး လိုက်နာစေချင်ပါတယ်။

အစားအသောက်တွေ အများကြီး ချက်ပြုတ်ပြင်ဆင်ပြီး ကြောင်အိမ်ထဲမှာ ထည့်ထားခဲ့ပါသည်။ မောင် ကြိုက်သလောက် ယူစားပါ။ ဒါပေမယ့် ကျွန်မ ပြင်ဆင်ထားတဲ့ ထမင်းစားစားပွဲပေါ်မှာတော့ လုံးဝ မစားပါနှင့်။

ထမင်းစားပွဲပေါ်မှာ စားပွဲခင်းအသစ် ခင်းထားခဲ့တယ်။

အဲဒီစားပွဲခင်း ညစ်ပတ်ကုန်အောင် မလုပ်ပါနှင့်။

မောင် စားပြီးသွားတဲ့ ထမင်း၊ ဟင်းပန်းကန်တွေကိုလည်း ဟိုနေရာပစ်ထား၊ ဒီနေရာပစ်ထား မလုပ်ပါနှင့်။

ဧည့်ခန်းထဲမှာ ကျွန်မ ပြင်ဆင်နေရာချထားတာတွေကို ဘာတစ်ခုမှ မကိုင်ပါနှင့်။ တောင်ရွှေ့မြောက်ရွှေ့ မလုပ်ပါနှင့်။ ကျွန်မ





ပြင်ဆင်ထားတဲ့အတိုင်း အားလုံးကို သန့်သန့်ရှင်းရှင်းနှင့် ခြေရာ မပျက် လက်ရာမပျက် နေသားတကျ ထားပါ။

ကျွန်မရဲ့ နောက်ရုပ်ရှင်ကားကိုရိုက်မယ့် ဒါရိုက်တာ လင်မယားရယ်၊ သူတို့ညီမတစ်ယောက်ကို ညစာကျွေးဖို့ ကျွန်မ ဖိတ်ထားပါတယ်။ ဒီနေ့ညဦးပိုင်း လာစားကြလိမ့်မယ်။

စတူဒီယိုမှာ ဘယ်လောက်ပဲ အလုပ်များများ အချိန်မီရောက်အောင် ကျွန်မ ပြန်ခဲ့ပါမယ်။ ဧည့်သည်တွေကို ကျွေးဖို့ အစားအသောက်တွေကို နာရီပေါင်းများစွာ အချိန်ကုန်ခံပြီး ကျွန်မ ပင်ပင်ပန်းပန်း ပြင်ဆင်ထားရတာပါ။

ဇွန်း၊ ပန်းကန် အသစ်တွေကိုလည်း ကျွန်မ အပြင်ထုတ်ထားခဲ့တယ်။ အဲဒါတွေကိုလည်း မောင် မသုံးပါနှင့်နော်။ ဒါရိုက်တာ လင်မယားနှင့် ဧည့်သည်တွေအတွက် အဆင်သင့် ထုတ်ထားခဲ့ တာပါ။

ကျွန်မတို့အိမ်ဟာ မှန်တစ်ချပ်လို သန့်ရှင်းပြီး အစက်အပြောက် ကလေးတောင် မထင်ဘူးလို့ ဧည့်သည်တွေမြင်သွားဖို့ အရေး ကြီးပါတယ်။ အဲဒါတွေကိုတော့ မေ့မပစ်လိုက်ပါနှင့်မောင်ရယ်။

**မောင့်ချစ်ဇနီး**
**လာလီတာ**

ကျွန်တော်သည် ကိုယ့်နဖူးကိုယ်ပြန်ပြီး အားပါးတရ ရိုက်ပစ်လိုက်မိလေတော့သည်။ ပြီးတော့ မိုးကြိုးအပစ်ခံလိုက်ရသူလိုလည်း ထိုနေရာမှ မရွေ့ဘဲ ကျောက်ရုပ်ကဲ့သို့ ရပ်နေမိသည်။

တစ်အိမ်လုံး အပြစ်အနာအဆာမရှိအောင် မွမ်းမံပြင်ဆင်ထားပြီး စားကောင်းသောက်ဖွယ်များကိုပါ ဒါလောက်များများ ချက်ပြုတ်ထားရသည့် အကြောင်းရင်းကို သည်တော့မှပင် ကျွန်တော် သိရှိရတော့သည်။

ဧည့်ခန်းကို ပန်းအိုးတွေ ဝေဝေဆာဆာထိုးကာ အလှအပ ပြင်ဆင်ထားသည့် အကြောင်းရင်းကိုလည်း ကျွန်တော် သိရှိရပြီ။

စောစောက အံ့သြတကြီး ဖြစ်နေခဲ့ရသည်များ အားလုံး ပြေပျောက်သွားပြီ။

ထိုအံ့သြစိတ် ကုန်ဆုံးသွားသည်နှင့် တပြိုင်တည်း စားကောင်းသောက်ဖွယ်အားလုံး ဝေါ်ကြီးကျနစ်ကောင်၏ လက်ချက်ဖြင့် ပြောင်


www.burmeseclassic.com

www.burmeseclassic.com



တလင်းခါကာ တစ်အိမ်လုံး ဖရိုဖရဲဖြင့် ဖြစ်ချင်တိုင်းဖြစ်နေကြောင်းကို ချက်ချင်းသဘောပေါက်လိုက်မိပါသည်။

ဝေါ်ကြီးကျ သူငယ်ချင်းနှစ်ကောင်ကို ကျွန်တော်စိတ်ထင်တိုင်း ပြုစုလိုက်ရသည်။ ထိုသို့ပြုစုသည့်အတွက် သူတို့နှစ်ယောက်က ကျွန်တော်တို့ လင်မယားကို အကြီးအကျယ် ချီးကျူးစကား ပြောသွားသည်။

သို့သော်လည်း သူတို့ထံမှ ချီးကျူးစကားကလေးရဖို့အတွက် ကျွန်တော်၏ အရင်းအနှီးကား ကြီးမားလှလေစွ။

အစားအသောက်တွေ အားလုံးကုန်ပြီ။ လှလှပပ သန့်သန့်ရှင်းရှင်း ခင်းကျင်းထားသော ထမင်းစား စားပွဲမှာ အဖိတ်အစဉ်များဖြင့် မြင်မကောင်း ရှုမကောင်း ပေကျံနေပြီ။ မဆေးကြောရသေးသော ထမင်းပန်းကန်၊ ဟင်းပန်းကန်များမှာ ဖရိုဖရဲ မြင်မကောင်းအောင် ဖြစ်နေကြပြီ။

ကြောင်အိမ်ထဲမှ ရှိသမျှများကို အားမနာတမ်း စားသောက်ပြီးသည်တွင် ဧည့်ခန်းသို့ ကျွန်တော်တို့ နေရာပြောင်းယူခဲ့သည်။ အစက် အပြောက်ကလေး တစ်ခုတလေမျှပင် တင်ကျန်မနေစေရန် လာလီတာက ပြောသော်လည်း ဧည့်ခန်းတစ်ခုလုံး မြင်မကောင်း ရှုမကောင်း ဖြစ်နေပြီ။

ဘုရား…ဘုရား ငါ ဘာတွေ လုပ်မိပါလိမ့်။

ကျွန်တော်သည် ထိုနေရာမှ မရွေ့နိုင်ဘဲ ကျောက်ရုပ်လို ရပ်နေမိသည်။ အကြီးအကျယ်လည်း တုန်လှုပ်ချောက်ချားနေမိသည်။

လာလီတာ ပြန်ရောက်လာသည်တွင် ကျွန်တော်က တံမြက်စည်းရှိုးနှင့် ရိုက်မည်ဆိုလျှင်လည်း အပြစ်တင်စရာ အကြောင်းမမြင်တော့။

ခဏကြာအောင် ရပ်နေပြီးမှ ဖရိုဖရဲနှင့် ဖြစ်ချင်တိုင်းဖြစ်နေသည်များကို အတတ်နိုင်ဆုံး ပြန်လည်ပြင်ဆင်ရန် ကျွန်တော် စိတ်ကူးရတော့သည်။

မီးဖိုချောင်ထဲသို့ ကျွန်တော် ပြေးဝင်ခဲ့သည်။ ဖုန်စုပ်စက်ကို ယူခဲ့သည်။ ဧည့်ခန်းထဲရှိ ကော်ဇောကို ဖုန်စုပ်စက်ဖြင့် ရှင်းလင်းသည်။ လာလီတာ၏ အခန်းထဲမှ ဆွဲထုတ်လာခဲ့သော ဟာမိုနီယမ်၊ တယောနှင့် ဗုံတို့ကို အခန်းထဲ ပြန်ပို့သည်။

တံမြက်စည်း ယူရပြန်သည်။ အမှိုက်သရိုက်များကို အှုယားဖားယား ရှင်းလင်းသုတ်သင်သည်။





ထိုအခိုက် တံခါးခေါင်းလောင်း မြည်သံကို ကြားရသည်။

ကျွန်တော့် တစ်ကိုယ်လုံးမှာ ကြောက်စိတ်များ ဖုံးလွှမ်းပြီး တုန်လှုပ်သွားတော့သည်။ လာလီတာ ညစာကျွေးမည့် ဧည့်သည်တွေ ရောက်လာကြပြီလော။

သို့သော် ကျွန်တော်၏ ကသိုလ်ကံက အကောင်းဘက်တွင် ရှိနေသည့်အတွက် ကျေးဇူးတင်ရသေးတော့သည်။

တံခါးဖွင့်လိုက်တော့ အပေါက်ဝမှာ ရပ်နေသည့် လာလီတာကို တွေ့ရသည်။

"အဲဒါက ဘာလဲ"

ကျွန်တော့်လက်ထဲမှာ ကိုင်ထားသည့် တံမြက်စည်းကြီးကို ကြည့်ပြီး လာလီတာ နားမလည်နိုင်သလို မေးသည်။

ကျွန်တော် စကားပြန် လုံးဝ မပေးနိုင်တော့ပါ။

"အဲဒီ တံမြက်စည်းကြီးနှင့် ဘာလုပ်နေတာလဲ"

လာလီတာက ထပ်မေးပြန်သည်။ နားမလည်နိုင်သလိုလည်း မျက်မှောင်ကုပ် ကြည့်နေသည်။

"ဟင် ပြောပါဦး၊ တံမြက်စည်းကြီးကိုင်ပြီး မောင် ဘာလုပ်နေတာလဲ"

"နောက်မှ ပြောပြပါ့မယ်။ မောင့်ကို အလျင်ဆုံး တစ်ခု ပြောပြစမ်းပါ။ မင်း ဧည့်သည်တွေက ဘယ်လောက်ကြာမှ ရောက်လာမှာလဲ။ သူတို့ ရောက်မလာခင် မောင်တို့ အချိန် ဘယ်လောက်များများ ရမလဲ"

"တစ်ပတ်"

ထိုစကားကြောင့် ကျွန်တော့်နားကိုပင် ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားမိသည်။

"တစ်ပတ် ခုနစ်ရက်တောင်လား။ မောင့်ကို မင်း ရေးသွားတဲ့ စာထဲမှာက…"

"ဟုတ်တယ်လေ၊ အစကတော့ ဒီနေ့ည လာဖို့ပဲ။ ဒါပေမယ့် စတူဒီယိုကို ရောက်တော့ ကျွန်မဆီကို သူတို့ ဖုန်းလှမ်းဆက်တယ်။ အလုပ်ကိစ္စနှင့် ဒေလီမြို့ကို သူတို့ သွားစရာရှိတယ်တဲ့။ ဒါကြောင့် နောက် စနေနေ့ကျမှ သူတို့ လာနိုင်တော့မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲမှ အလွန်တရာ ဆိုးရွားတင်းကျပ်လှသော အလုံးကြီး ချက်ချင်းပင် ကျသွားလေတော့သည်။ အခုနတုန်းက ကျွန်တော် အကြောက်လွန်ပြီး စကားပင် မပြောနိုင်အောင် ဖြစ်ခဲ့ရသည်။

ယခုတော့မူ အပျော်လွန်သွားသောကြောင့် စကားမပြောနိုင်အောင် ဖြစ်သွားရပြန်လေသည်။

"ကျွန်မတို့ ကြောင်တောင်တောင်နှင့် ဘာဖြစ်လို့ စိုက်ကြည့်နေရတာလဲ မောင်"

လာလီတာက နားမလည်နိုင်သလို မေးပြန်သည်။

ကျွန်တော်ကား အာစေးထည့်ထားခံရသလို နှုတ်ဆွံ့မြဲ ဆွံ့နေသည်။

"ကျွန်မ ချက်ပြုတ်ထားတဲ့ အစားအသောက်တွေအတွက်ပဲ စိတ်မကောင်းဖြစ်မိတယ် မောင်ရယ်။ နာရီပေါင်း မရေမတွက်နိုင်အောင်ကို ပင်ပန်းတကြီးနှင့် ပြင်ဆင်ချက်ပြုတ်ထားရတာ။ အခုတော့ အလကားဖြစ်ကုန်ပြီပေါ့။ အကုန်သွန်ပစ်ရတော့မယ်"

ထိုအခါကျမှပင် ကျွန်တော့် ပါးစပ်ထဲသို့ စကားလုံးများ ရောက်လာကြတော့သည်။

"မဟုတ်ဘူး…မဟုတ်ဘူး မင်းရဲ့ အစားအသောက်တွေဟာ ဘုရားသခင် ဖန်ဆင်းပြီး ပို့လိုက်တာတွေလို ဖြစ်သွားပြီကွ"

"ဘာတွေ ပြောနေတာလဲ မောင်"

"ဟား…ဟား…ဟား"

ကျွန်တော်သည် မထိန်းသိမ်းနိုင်လောက်အောင် အားပါးတရ ဝါးလုံးကွဲ ရယ်ချလိုက်မိလေတော့သည်။

"မောင် ဘာတွေ ဖြစ်နေတာလဲဟင်။ ဘာစကားတွေ လာပြောနေတာလဲ"

လာလီတာ၏ လေသံထဲမှာ စိတ်ကောက်တော့မည့် အရိပ်ရောင်များ ရောစွက်ပါလာသည်။ သို့သော်လည်း မျက်နှာပေါ်မှာတော့ လှပသော ချစ်စဖွယ် အပြုံးကလေးတစ်ခု ရှိနေသည်။

လက်ထဲမှာ ကိုင်ထားသော တံမြက်စည်းကြီးကို ကျွန်တော် ဦးတည်ရာသို့ လွှင့်ပစ်လိုက်သည်။ ခပ်ကြောင်ကြောင် ရပ်နေရှာသော လာ





လီတာကို တအား ပြေးဖက်သည်။ ပြီးတော့ အားပါးတရလည်း ထပ်မံရယ်မောမိပြန်သည်။

"ဟား…ဟား…ဟား"

ဘာကိုမှ နားမလည်နိုင်သည့် ငိုင်တိုင်တိုင် အမူအရာလေးကို လာလီတာ၏ မျက်နှာပေါ်မှာ မြင်လိုက်ရသည်။ ထိုအမူအရာကလေးကြောင့် လာလီတာသည် ပိုပြီး တပ်မက်စရာ ချောမောလှပလာသည်။

"လာလီတာ…အဲဒီ တံမြက်စည်းကြီးကို ပြန်ကောက်ပြီး တံမြက်စည်းရိုးနှင့် မောင့်ကို ကောင်းကောင်း ရိုက်လိုက်စမ်းပါကွာ။ မောင်ဟာ တကယ့်ကို တံမြက်စည်းရိုးနှင့် အရိုက်ခံသင့်နေပြီ"

ကျွန်တော်က ဆက်ပြောပြန်သည်။

"မောင် ဘာစကားတွေ လာပြောနေတာလဲဟင်"

ကျွန်တော်က လာလီတာကို ပွေ့ယူပြီး ထမင်းစားခန်းထဲသို့ ခေါ်သွားသည်။

"အဲဒီမှာကြည့်"

ဖြစ်ချင်တိုင်းဖြစ်နေသော ထမင်းစား စားပွဲကို ကျွန်တော် လက်ညှိုးထိုးပြလိုက်သည်။

ပုံပျက်ပန်းပျက် စားပွဲကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် တည်း လာလီတ သူ့နဖူးကို သူ ပြန်ပြီး လက်ဝါးဖြင့် ဖြန်းကနဲ ရိုက်လိုက်သည်။

"ရှီအမ်း…မောင်ကတော့ ဘယ်လိုမှကို ပြုပြင်လို့ရမှာ မဟုတ်တော့ဘူး"

သူလည်း သည်စကားလောက်သာ ပြောနိုင်ပါသည်။ ကျွန်တော် ချထားပေးသည့်နေရာမှာ အတော်ကလေးကြာအောင် မလှုပ်မယှက်ရပ်ရင်း ညစ်ပတ်ချင်တိုင်း ညစ်ပတ်နေသည့် စားပွဲကို ငေးစိုက်ကြည့်နေသည်။

"ကျွန်မ စာရေးပြီး သေသေချာချာ မှာထားခဲ့တဲ့ကြားက မောင် ဒီလိုလုပ်ဖြစ်အောင် လုပ်တယ်ပေါ့လေ။ မောင် ဘာတွေ လျှောက်လုပ်ပစ်လိုက်တာလဲ။ မောင့် အပေါင်းအသင်းတွေကို ခေါ်လာပြန်ပြီပေါ့။ ဟုတ်လား"

"ဟုတ်တယ်၊ ဗွာလီယာမြို့က မဟာရာဂျာလေ။ ရောမ ဆော်ဘွားကြီးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း သူ့ကို ထိုမျှသာ ပြောပြလိုက်သည်။

"ဘာ..."

လာလီတာက တစ်ခွန်းတည်း ပြန်အော်သည်။ ထိုတစ်ခွန်းတည်းသော အော်သံထဲမှာ မယုံကြည်သံတစ်ဝက်၊ အံ့ဩသံတစ်ဝက် ရောစွက်နေသည်ကို အတိုင်းသား ကြားလိုက်ရလေသည်။

လာလီတာ၏ ကိုယ်လုံးကလေးကို လက်နှစ်ဘက်ဖြင့် ရစ်သိုင်းကာ ကျွန်တော် ဆွဲပွေ့ယူလိုက်သည်။

ပြီးတော့ အတောမသတ်နိုင်အောင် တစ်ကြိမ် ထပ်မံပြီး ရယ်မောလိုက်မိပါလေသတည်း။

**Clean Like A Mirror by N.S. Phadke.**
**၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၁)၊ အမှတ် (၂)**



## စကား

မြင်နိုင်သော မျက်စိရှိသူတိုင်း ကျွန်တော့်ကို မြင်လျှင် ရယ်မောကြမြဲ ဖြစ်ပါသည်။ အချို့ဆိုလျှင် အူတက်မတက် ရယ်မောကြလေသည်။

ကျွန်တော်နှင့်ပတ်သက်၍ ပြောဆိုစရာ ရယ်စရာ ဇာတ်လမ်းတွေလည်း သူတို့မှ အများအပြား ရှိပါသည်။

ကျွန်တော့်အကြောင်း ဘာတွေ ပြောနေသည်ကို ကျွန်တော် သိပါသည်။ အတောမသတ်နိုင်အောင် ဘာကြောင့် ရယ်မောနေကြကြောင်းကိုလည်း ကျွန်တော် သိပါသည်။

ကျွန်တော်နှင့် ပတ်သက်၍ သူတို့ ရယ်မောနေကြသည့်အကြောင်းပေါင်း များစွာတို့အနက်မှ အကြောင်းတစ်ခုမှာ ကျွန်တော့်တွင် ရည်းစားတစ်ယောက် ရှိနေသာကြောင့် ဖြစ်ပါသည်။

ရည်းစားတစ်ယောက် ရှိရုံမျှသာက ထိုရည်စားနှင့် ကျွန်တော်လက်ထပ်လိုက်သောကြောင့် ရယ်ပွဲဖွဲ့မဆုံးနိုင်အောင် ဖြစ်နေကြတော့သည်။

မိန်းကလေးတစ်ယောက်၏ ချစ်သူဘဝသို့ ကျွန်တော် ကျရောက်ရသည့်အကြောင်းတစ်ခုသည် လည်းကောင်း၊ ထိုမှုမက ထိုမိန်းကလေး၏ လင်ယောက်ျားအဖြစ်သို့ တိုးတက်ခွင့်ရသည်ကို လည်းကောင်း သူတို့အားလုံးအဖို့ အံ့ဩကုန်နိုင်ဖွယ် ဖြစ်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်၏ အကြောင်းရင်း အမှန်ကို မိတ်ဆွေ သိလိုသည် ဆိုငြားအံ့၊ သူတို့က "ကျွန်တော့်ကို ကြည့်ကြည့်စမ်းပါ" ဟု ပြောကြပေလိမ့်မည်။

ကောင်းပါပြီ ခင်ဗျား။ မိတ်ဆွေ၏ ရှေ့မှာ ကျွန်တော် မတ်တတ်ရပ်ပြပါမည်။ ကျွန်တော့်မှာ ဘာတွေများ အထူးအဆန်း ရှိနေပါသလဲ။ ကျွန်တော်လည်း သာမန်လူသားတစ်ယောက်ပင် ဖြစ်ပါသည်။

ကျွန်တော့်အရပ်က အလွန်ပုသည်။ အသားက ကျောက်မီးသွေးလို မည်းနက်သည်။ ခြေတစ်ဘက် နိမ့်နေသည်။ အဆမတန်ကြီးမားလှသော ကျွန်တော်၏ ဦးခေါင်းသည် ကိုယ်အင်္ဂါချွတ်ယွင်းပြီး အရုပ်ဆိုးအကျည်းတန်မှု အားလုံးတို့တွင် သရဖူဆောင်းနေလေတော့သည်။

ကျွန်တော့် မျက်နှာပေါ်မှာ အလွန်ဝိုင်းစက်သော မျက်တွင်းယောက်ပက်တစ်စုံရှိသည်။ နှာခေါင်းက ပြားသည်။ ပါးစပ်က ဖားပါးစပ်နှင့် တစ်ပုံစံတည်း ဖြစ်သည်။ ကြီးသင့်ကြီးထိုက်သည်ထက် ပိုမို ကြီးမားနေသော နားရွက်နှစ်ဘက်ကြားတွင် အလွန်တရာ ကျဉ်းမြောင်းသည့် နဖူးရှိသည်။ ကျွန်တော် ဆယ်နှစ်နှစ်သား အရွယ်တုန်းက အကြီးအကျယ် ကျောက်ပေါက်ခဲ့သောကြောင့် လက်တန့်ကျနီးပါး နက်ရှိုင်းသော ကျောက်ပေါက်မများကလည်း ကျွန်တော်၏ မျက်နှာပေါ်မှာ အကြားအလပ်မရှိ နေရာယူထားကြသည်။ ငယ်ငယ်က သစ်ပင်ပေါ်မှ လိမ့်ကျသဖြင့် ခြေတစ်ဘက်ကျိုးပြီး ယခုတော့ တစ်ဘက်မြင့် တစ်ဘက်နိမ့် ဖြစ်နေသည်။

အလုံးစုံကို ခြုံ၍ ဆိုရမည်ဆိုလျှင် "အကျည်းတန် ထွတ်ခေါင် အရုပ်ဆိုး မြင်းမိုရ်တောင်" ဖြစ်နေပါသည်။

လူတွေက ကျွန်တော့်ကို ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် "မျောက်နက်နှင့်တူတဲ့ အကောင်" ဟု မှတ်ချက်ချကြသည်။ သို့သော်လည်း မျောက်များကို မြင်သောအခါ သူတို့ ရယ်မောခြင်း မပြုကြပါ။

ကျွန်တော့်ကျမှ ဘာကြောင့် ရယ်မောနေကြပါသနည်း။

အမှန်ကတော့ သူတို့နှင့် အမျိုးတူ ဘဝတူ ဖြစ်သော လူသားစင်စစ် ကျွန်တော်သည် လူနှင့်မတူဘဲ မျောက်တစ်ကောင်နှင့် တူနေသောကြောင့်တည်း။





တစ်ခါတွင် ကျွန်တော် လမ်းလျှောက်သွားခိုက် လမ်းမှာတွေ့သော လူတစ်ယောက်က "ဒီသူငယ်ကို မြင်ရတာ နိုတာဒိမ်း ကျောင်းတော်ကြီးက ခါးကုန်းကြီးကို ပြေးသတိရမိတယ်"ဟု ပြောသည်ကို ကြားရဖူးပါသည်။

သူ့စကားကို နှုတ်လုံ့ထိုးပြီး ကျွန်တော် ကန့်ကွက်မနေတော့ပါ။ လူတွေ ဘာပြောပြော ဂရုစိုက်စရာ မလိုဟုသာ သဘောပိုက်မိပါသည်။

သို့သော် ကျွန်တော်လည်း သူလို ကိုယ်လို လူသားတစ်ယောက် ဖြစ်သဖြင့် အနေအထိုင် ဆင်ခြင်လာရတော့သည်။

ဝတ်ကောင်းစားလှနှင့် လမ်းတကာမှာ လျှောက်သွားနေကြသော မိန်းမလှကလေးများက ကျွန်တော့်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်တည်း ပျားတုပ်ခံလိုက်ရသလို ဆတ်ကနဲ တစ်ဘက်သို့ မျက်နှာလွှဲသွားကြလေ့ရှိပါသည်။ မကောင်းဆိုးဝါးကို မြင်တွေ့လိုက်ရသည့်အတိုင်းပင်။

ကျွန်တော်လည်း လူသားတစ်ယောက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် အခြား လူသားများနည်းတူ ခံစားချက်များ ရှိပါသည်။ အလှအပများကို တပ်မက်မြတ်နိုးတတ်ပါသည်။ လူသားဆန်သော ထိုစိတ်ကြောင့်လည်း မိန်းမလှကလေးများကို ကျွန်တော် ကြည့်မိခြင်း ဖြစ်ပါသည်။

မိန်းမလှကလေးများကို အခြားလူသားများ ကြည့်လျှင် ဘာပြဿနာမှ မပေါ်ပါ။ သို့သော် ကျွန်တော် ကြည့်ပြီဆိုလျှင်တော့ ခွင့်မလွှတ်ထိုက်သော ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်မိသလို အများက သဘောထားနေကြလေသည်။

တိုတိုပြောရလျှင် ကျွန်တော့်လို လူမျိုးသည် လောကကြီးတွင် အသက်ရှင်လျက် မနေထိုင်တော့ဟု သူတို့ သဘောပိုက်ကြလေသည်။

ကျွန်တော် လူမှန်းမသိမီ အရွယ်ကတည်းက ကျွန်တော့် အဖေဆုံးသည်။ ထို့ကြောင့် ကျွန်တော့်အဖို့ တစ်ဦးတည်းသော အားကိုးရာမှ မိခင်ကြီးသာ ဖြစ်လေသည်။

ကျွန်တော် ယခုလို ကိုယ်နေအချိုးအစား မမှန်မကန်ဖြစ်ပြီး အရုပ်ဆိုးအကျည်းတန်နေရခြင်းသည် မည်သူနှင့်တူ၍နည်း။ အဖေ့ကြောင့်လော။ အမေ့ကြောင့်လော။



www.burmeseclassic.com

www.burmeseclassic.com



မည်သူ့ကြောင့်ပင် ဖြစ်စေကာမူ အဖေနှင့်အမေကို ကျွန်တော် လုံးဝ အပြစ်မတင်မိပါ။ သူတို့နှစ်ယောက်၏ ကျေးဇူးကြောင့် ကျွန်တော် လူဖြစ်လာရသည် မဟုတ်ပါလား။ ကျွန်တော် လူဖြစ်လာသောကြောင့် လည်း ကျွန်တော့် မိဘများ၏ အမျိုးဆက် မပြုန်းတီးဘဲ ရှိနေရသည် မဟုတ်ပါလား။

သည်အတိုင်းဆိုလျှင် ကျွန်တော်ကလည်း မိသားစုတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သည့်အနေဖြင့် မျိုးဆက်ကို ဆက်လက် ထိန်းသိမ်းသွားရပေလိမ့်မည်။ မျိုးဆက် အကိုင်းအခက်များ ပွားများဝေစည်အောင် တာဝန်ထမ်းဆောင်ရပါတော့မည်။

ပရိယာယ် ကင်းစင်ပြီး အလွန်ရိုးသားသော အမေက တစ်နေ့တွင် ကျွန်တော့်ကို အမေးပုစ္ဆာ ထုတ်လာပါသည်။

"သားရေ အမေ့ဖို့ ချွေးမကလေး ရှာမပေးတော့ဘူးလားကွယ်"

အမေ၏ မေးခွန်းကို ကျွန်တော် မအံ့ဩပါ။ ထို့ကြောင့်လည်း ကျွန်တော်က အေးအေးပင် ပြန်ဖြေခဲ့ပါသည်။

"အို အမေကလည်း အချိန်တန်တော့ နွားပိန်ကန်မှာပေါ့ အမေရာ..."

အမေသည် ကျွန်တော့်ကိစ္စကို အိမ်နီးနားချင်း သက်တူရွယ်တူ အဘွားကြီးများနှင့် တိုင်ပင်ပြီး အမေပြန်လာတိုင်း မျက်နှာမကောင်းသည်ကို မြင်ရမြဲ ဖြစ်သည်။ စိတ်ထိခိုက်သည့် အမူအရာကို မြင်တွေ့နေရသည်။

"ဘာဖြစ်လို့လဲ အမေ" ဟု ကျွန်တော်က မေးလေ့ရှိသည်။

"ဘာမှ မဖြစ်ပါဘူး သားရယ်"

အမေကလည်း ဣန္ဒြေမပျက် ပြန်ဖြေသည်။ သို့သော် ထို "ဘာမှ မဖြစ်ပါဘူး သားရယ်" ဟူသော အဖြေ၏နောက်ကွယ်တွင် အမေသည် မျှော်လင့်ချက်ကင်းမဲ့ပြီး ကြီးစွာစိတ်ထိခိုက်နေရရှာလေသည်။

ရက်သတ္တနှစ်ပတ်မျှ ကြာသောအခါ အိမ်ပြင်သို့ထွက်သည့် အလုပ်ကို အမေ အပြီးအပိုင် စွန့်လွှတ်လိုက်လေသည်။

ယခုအခါတွင် ဟိုတုန်းက ကျွန်တော့်ကို ရယ်ပွဲဖွဲ့သော သူများပင် ရယ်ပွဲဖွဲ့လာကြလေတော့သည်။





အဘိုးကြီးတစ်ယောက်ကတော့ ကျွန်တော့်ကို ကရုဏာသက်သည့် လေသံမျိုးဖြင့် မှတ်ချက်ချသည်ဟု ကြားရပါသည်။

"သူငယ်လေး သနားပါတယ်ကွယ်။ သူ့ကို မိန်းမပေးစားဖို့ သူ့အမေခမျာ ကြိုးစားလိုက်ရရှာတာ၊ အသက်အရွယ်နှင့်တောင် မမျှပါဘူး။ အို ဘုရားသခင် ဒီသူငယ်ကို ဘာကြောင့်များ ဒီလိုပုံစံမျိုးဖြစ်အောင် ဖန်ဆင်းပေးထားတော်မူပါသနည်း"

ကျွန်တော် အစွမ်းကုန် အလှအပ ပြင်တတ်လာသည်။ ခေါင်းကို ကြော့နေအောင် ဖြီးသည်။ အမွေးအကြိုင်များကို သုံးသည်။ ဝတ်ကောင်းစားလှများကို ဝတ်သည်။

သို့သော်လည်း ကျွန်တော်၏ ကြိုးပမ်းမှုများသည် လူအများအဖို့ ပိုမို ရယ်စရာသာ ဖြစ်ခဲ့ရလေတော့သည်။ "ပြင်လွန်းတော့ ဖင်ချွန်း" ဆိုသလို ကျွန်တော် ပို၍ အရုပ်ဆိုးသွားလေသလား။

ကျီးကန်းကို ဘယ်လောက်ပင် ရေချိုးပေးပေး ငန်း မဖြစ်လာနိုင်ပါတကားဟု ကျွန်တော် သဘောပေါက်မိပါသည်။

ကျွန်တော့် ဇာတ်လမ်းကို ဆက်ပြောပါဦးမည်။

နောက်ဆုံးတွင် ချစ်သူတစ်ယောက် ကျွန်တော် ရရှိလာပါသည်။ မိတ်ဆွေကတော့ ကျွန်တော်၏ အချစ်ဇာတ်လမ်းကို သိလိုဇောဖြင့် စိတ်မရှည်နိုင်အောင် ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။

မိန်းကလေးတစ်ယောက်ကို ကျွန်တော် ချစ်ချင်ပါသည်။ မိန်းကလေးတစ်ယောက်၏ အချစ်ကိုလည်း ခံယူချင်ပါသည်။ ဒါဟာ သဘာဝတရားပဲ မဟုတ်ပါလား ခင်ဗျာ။

ကျွန်တော်၏ အချစ်ဇာတ်လမ်းသည် အလွန်တရာ ထူးဆန်းအံ့ဩဖွယ် ကောင်းပါသည်။

စောစောက ကျွန်တော် ဖော်ပြခဲ့သော ပုံပန်းသဏ္ဌာန်မျိုးရှိသည့် ကျွန်တော့်လို လူမျိုးကို မိန်းမပျိုလေးတစ်ယောက်က မေတ္တာသက်ဝင် ချစ်ခင်စုံမက်ခဲ့သည်။ နောက်ဆုံး ကျွန်တော်နှင့် လက်ထပ်လိုက်ပါသည်။

ထို့ကြောင့် လူအားလုံးက ကျွန်တော့်ဘဝကို မနာလို မရှုစိမ့် ဖြစ်သွားကြပါတော့သည်။

ကျွန်တော့်အမေ၏ ချွေးမရှာပုံတော်မှာ နောက်ဆုံးတွင် သဲထဲ ရေသွန်သလို အရာမထင် ဖြစ်ခဲ့ရလေသည်။ မည်သည့် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကမှ ကျွန်တော့်လို မျောက်နှင့်တူသူတစ်ယောက်၏ ဇနီးမယား မဖြစ်လိုကြပါ။

အမေသည် သူ၏ ကြိုးပမ်းချက် မအောင်မြင်သည့် အဆုံးတွင် စိတ်ပန်းလူပန်းဖြင့် အိပ်ရာထက်တွင် ဗုန်းဗုန်းလဲပါလေတော့သည်။

ထိုသို့ ဗုန်းဗုန်းလဲနေသည့်ကြားမှပင် ကျွန်တော့်ကို နည်းမျိုးစုံဖြင့် နှစ်သိမ့်ရှာသေးသည်။

အမေသည် ကျွန်တော့်ကို တုန်နေအောင် ချစ်သည်။ ကျွန်တော့်မှာ ရှိနေသော အလှတရားများကိုလည်း ကောင်းစွာမြင်သူ ဖြစ်ပါသည်။ အမေသည် ကျွန်တော်၏ဘဝ ဖြစ်ပါ၏။ ကျွန်တော်၏အားကိုးရာ ဖြစ်ပါ၏။

ယခုတော့ ထိုအမေသည် ကျွန်တော့်ကို လူ့လောကအလယ်တွင် မျက်စိသူငယ်ဖြင့် တစ်ယောက်တည်း **ထားပစ်ခဲ့သော သေမင်းနိုင်ငံသို့ လိုက်ပါသွားလေပြီ။**

**အမေ ကွယ်လွန်ပြီး နောက်ပိုင်းတွင်မှ ကျွန်တော်၏ အချစ် ဇာတ်လမ်း စတင်ခဲ့ခြင်း ဖြစ်ပါသည်။**

တစ်နေ့တွင် အိမ်ရှေ့လမ်းမပေါ်မှ တအေါက်အေါက်ဖြင့် တောင်ဝှေးသံ ကြားရသည်။ တစ်ဆက်တည်းဆိုသလိုပင် မိန်းမငယ်တစ်ယောက်အသံ ပေါ်ထွက်လာသည်။

"အစ်ကိုကြီး အစ်မကြီးတို့ရယ်၊ ထမင်းကျန် ဟင်းကျန်လေးများ ရှိရင် သနားကြပါရှင်။ ကျွန်မ မျက်မမြင် ဒုက္ခိတမို့လို့ အခုလို လိုက်လံတောင်းရမ်း စားသောက်ရတာပါရှင်"

အသံရှင်ကို ကျွန်တော် လှမ်းကြည့်လိုက်မိသည်။ ပြီးတော့ သူ့မျက်လုံးအစုံကို ကြည့်မိသည်။ အလွန် သနားစရာကောင်းသော မြင်ကွင်းဖြစ်ပါသည်။ သူ့ကို မြင်တွေ့ရသည်တွင် ကျွန်တော့် ဘဝမှန်ကိုပင် မေ့သွားပြီး ထိုမိန်းကလေးကို အသနားပိုမိလေတော့သည်။

"အင်မတန် သနားစရာကောင်းတဲ့ မျက်မမြင်ဒုက္ခိတကလေးပါလား။ မမြင်မစမ်းနှင့် တောင်းရမ်းစားသောက်နေရတာ ဘယ်လောက်အဖြစ်ဆိုးလိုက်သလဲ တဝမ်းတခါးအတွက် ရုန်းရကန်ရရှာတာ မလွယ်ပါကလားနော်" ဟု တွေးလိုက်မိလေသည်။





ရုပ်ရည်ကလေးကလည်း သနားကမား ဖြစ်ပါသည်။ ပျို့မျစ်နုနယ်သော သူ၏ အသက်အရွယ်ကြောင့် သူ့ကိုယ်လုံးကလေးမှာ ဖွံ့ထွားလှပလေသည်။

သူ့ကို ကျွန်တော် အလွန်အမင်း အသနားပိုသွားမိပါတော့သည်။

"ကလေးမရေ...အိမ်ထဲ ခဏဝင်ပါဦးလားကွယ်"

ရင်ထဲအသည်းထဲက စေတနာ၏လှုံ့ဆော်ချက်ကြောင့် နှုတ်ကပါဖိတ်ခေါ်မိပြီးသား ဖြစ်သွားလေသည်။

ငယ်ရွယ်နုပျိုသော သူတောင်းစားမကလေးက အိမ်ပေါက်ဝကိုမှန်းဆပြီး စမ်းကြည့်နေသည်။ ကျွန်တော်လည်း ထိုင်ရာမှ ကမန်းကတန်းထကာ သူ့လက်ကလေးကိုကိုင်ပြီး မလဲမပြိုအောင် လမ်းပြခေါ်ဆောင်လာမိပါသည်။

မိန်းမပျိုကလေးတစ်ယောက်၏ လက်ကို ကိုင်မှုးခြင်းမှာ ကျွန်တော်တသက်တွင် ထိုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်ပါသည်။ ထို့ကြောင့် တစ်ကိုယ်လုံးမှာရှိသော သွေးများ ချက်ချင်း ဆူပွက်သွားသည်ဟု ကျွန်တော် ထင်မှတ်လိုက်မိသည်။ ဓာတ်လိုက်သလိုလည်း ခံစားလိုက်ရပါသည်။

သူ့မျက်နှာကလေးကို ကယောင်ကတမ်းဖြင့် ငုံ့ကြည့်မိသည်။ မျက်မမြင် ဒုက္ခိတဖြစ်နေသည်မှတစ်ပါး မျက်နှာကလေးက အလွန်တရာချောမောလှပသည်ဟု ကျွန်တော် ချက်ချင်းထင်မှတ်လိုက်မိသည်။

ဖွံ့ထွားသောသူ၏ တင်ပါးမှာ ကျွန်တော်နှင့် ထိတော့မလောက်နီးကပ်နေလေသည်။

ဆောင်းလေအေးအေး အတိုက်ခံလိုက်ရသလို ကျွန်တော် တစ်ကိုယ်လုံး သွေးခဲမတတ် အေးစက်သွားပါသည်။ ပါးစပ်ဟောင်းလောင်းပွင့်သွားသည်ကို သတိထားလိုက်မိသည်။ အသက်ရှူလည်း အလွန်အမင်းမြန်လာသည်။ ကျွန်တော့်ရင်ဘတ်မှာ နိမ့်တုံ့မြင့်တုံ့ဖြင့် လှိုင်းကြွသလိုဖြစ်လာသည်။ ဒူးနှစ်ဘက်စလုံး အားအင်ကုန်ခန်းကာ ချည့်နဲ့ယိမ်းယိုင်လာသည်။

"မင်း ဒီနားမှာ ထိုင်လိုက်နော်"

လာသာဆောင်အစွန်းတစ်နေရာမှာ သူ့ကို ကျွန်တော် နေရာပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်တွေ တုန်တုန်ယင်ယင် ဖြစ်နေသည်ကိုများ သူသိသွားလေပြီလားဟု တွေးကာ စိုးရိမ်စိတ်များ ဝင်လာသည်။

ကျွန်တော်ကိုယ်တိုင် ချက်ထားသည့် ထမင်းဟင်း အနည်းငယ်နှင့် ငွေတစ်ကျပ် သူ့ကို ပေးလိုက်သည်။

သူတောင်းစား မိန်းမပျိုကလေးက သူ့အမည်မှာ လီလာ ဖြစ်ကြောင်း၊ မိခင်အိုကြီးနှင့်အတူ မြို့လယ်ရှိ စက်ရုံတစ်ရုံနားမှာ သက်ကယ်မိုးတဲ ပြလိုက်မိလေသည်။

ထိုနေ့မှစပြီး မကြာခဏ လီလာ ရောက်လာလေ့ရှိသည်။ နောက်တော့ မှန်မှန်ရောက်လာသည်။

ကျွန်တော်တို့ နှစ်ယောက် လသာဆောင်မှာ အတူထိုင်ပြီး ရောက်တတ်ရာရာများကို ပြောဆိုတတ်ကြသည်။ ထိုသို့ အတူတကွ ထိုင်ပြီး ရောက်တတ်ရာရာများကို ပြောဆိုနေရသည့်အတွက် ကျွန်တော်၏ အသည်းနှလုံးပေါ်တွင် တည်ရှိဖိစီးနေသော ဝန်ထုပ်ဝန်ပိုးကြီးမှာ အထိုက်အလျောက် လျော့ပါးသွားသည်ဟု ခံစားရသည်။

ကျွန်တော့် စိတ်အာရုံများကို ညှို့ယူဖမ်းစားခြင်း စတင်ခံစားရသည့် အချိန်ကာလများပင်။

သူ့မျက်လုံးအကြောင်းကို ကျွန်တော် စဉ်းစားကြည့်မိသည်။ မျက်စိနှစ်ကွင်းသာ အလင်းရမည်ဟုဆိုပါက လီလာ၏ အလှက အလွန်တရာ ပိုမို တောက်ပလာမည် ဖြစ်ကြောင်း သတိပြုမိပါသည်။

သူ့မျက်စိသာ မြင်မည်ဆိုလျှင် မျက်လုံးကလေး ထောင့်ကပ်ပြီး စွေကာစွေကာဖြင့် ကြည့်ပေလိမ့်မည်။ ထိုသို့ အကြည့်ခံရမည်ဆိုပါက ကျွန်တော် ရူးများသွားလေမည်လား။

ထိုအတွေ့အကြုံများ ကျွန်တော် မခံစားရဖူးပါ။ သို့သော်လည်း ကိုယ်တိုင်ကြုံတွေ့ ခံစားဖူးသူတို့ ပြန်ပြောပြသဖြင့် ကျွန်တော် သိနေပါသည်။ ယခုတော့ ကျွန်တော်ကိုယ်တိုင် ရိပ်စားမိလာပါပြီ။

ထိုသို့ စဉ်းစားနေရင်း ကျွန်တော် မည်မျှမိုက်မဲကြောင်း ကျွန်တော့်ကိုယ် ကျွန်တော် ချက်ချင်း သဘောပေါက်သွားသည်။

လီလာသာ မျက်စိမြင်မည်ဆိုလျှင် ယခုလို သူတောင်းစားမကလေး တစ်ယောက် ဖြစ်နေမည် မဟုတ်ပါ။ သူတောင်းစားမလေး ဖြစ်နေမည်





ဆိုလျှင်လည်း ကျွန်တော့်ဆီသို့ ရောက်လာမည် မဟုတ်ပါ။ ကျွန်တော့်ဆီသို့ ရောက်လာမည်ဆိုလျှင်လည်း ကျွန်တော် ဖွန့်ကြဲသည့် ပိုက်ဆံနှင့် အစားအသောက်သာ ယူရုံယူပြီး ယခုလို ကျွန်တော်နှင့် စကားလက်ဆုံကျနေမည် မဟုတ်ပါ။ ကျွန်တော့်ထံသို့လည်း ယခုလို နေ့တိုင်း ရောက်လာမည် မဟုတ်ပါ။

လီလာ မျက်မမြင် ဖြစ်နေသည်ကပင် ကျွန်တော့်အတွက် ခပ်ကောင်းကောင်း ဖြစ်နေတော့သည်။

ကျွန်တော်တို့နှစ်ယောက် နေ့စဉ်ထိုင်ပြီး စကားလက်ဆုံကျနေသည်ကို အားလူများ သတိထားမိလာသည်။ သို့သော်လည်း မည်သူကမှ ကျွန်တော်တို့ကို မနှာလို မဖြစ်ကြပါ။

ကျွန်တော်လို "မျောက်နှင့်တူသောလူ" နှင့် မျက်မမြင် သူတောင်းစားမကလေးတို့၏ အချစ်ဇာတ်လမ်းသည် သူတို့အဖို့ တစ်နည်းတဖုံအားဖြင့် ပျော်စရာ၊ ရယ်ပွဲဖွဲ့စရာပင် ဖြစ်နေသေးတော့သည် မဟုတ်ပါလား။

တစ်နေ့တွင် လီလာကို ကျွန်တော် မေးမိသည်။

"လီလာ ငါနှင့် ပတ်သက်ပြီး မင်း ဘယ်လို သဘောရသလဲ ဟင်"

ကျွန်တော်၏ မေးခွန်းကြောင့် လီလာက ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ခေါင်းကလေး ငုံ့ပြီးပြုံးနေသည်။ ထိုသို့ ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကလေးဖြင့် ငုံ့သွားသည်ကို မြင်တွေ့ရသောအခါ ကျွန်တော် အပျော်ကြီး ပျော်သွားမိပါသည်။

"ပြောပါဦး လီလာ"

ကျွန်တော် ထပ်မေးပြန်သည်။

"အစ်ကို့အကြောင်း မကောင်းများ ကျွန်မ ပြောဖူးလို့လား အစ်ကိုရယ်"

အလွန်သာယာသော အသံကလေးဖြင့် နူးညံ့ပျော့ပျောင်းစွာ လီလာက ပြန်ဖြေသည်။

ထိုအဖြေကြောင့် ကျွန်တော် ဝမ်းသာလုံး ဆို့သွားပါတော့သည်။ ဝမ်းသာလုံးဆို့သွားသဖြင့်လည်း မရည်ရွယ်ဘဲနှင့် မေးခွန်းတစ်ခုကို ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် မေးချလိုက်မိလေသည်။ ကျွန်တော့်စိတ်တွင် အလွန်တရာ လှုပ်ရှားနေသည်။

"ငါ့ကို မေတ္တာမျှနိုင်ပါ့မလား လီလာ"

လီလာသည် စောစောကအတိုင်း ရှက်ကိုရှက်ကန်းဖြင့် ခေါင်းကလေးကို အသာအယာ ညိတ်ပြလေသည်။ သို့သော်လည်း နှုတ်ကမူ တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်း မပြုပါ။

ကျွန်တော် ဘယ်လောက် ဝမ်းသာသွားသည်ကို ပြောမပြတတ်တော့ပါ။ လောကကြီးတစ်ခုလုံးသည် သာယာမှုအပေါင်းတို့ဖြင့် ပြီးပြည့်စုံသွားပြီ ဆိုသည်ကိုသာ သတိထားလိုက်မိလေတော့သည်။

ချက်ချင်းဆိုသလိုပင် လီလာ ထပြန်သွားသည်။

ကျွန်တော်သည် လီလာ၏ နာမည်ကလေးကို တစ်နေကုန် အထပ်ထပ် အခါခါ ရေရွတ်နေမိသည်။ ယခုတော့ ချစ်မှုးမှုးစိတ်ဖြင့် ရေရွတ်စရာ နာမည်တစ်လုံး ကျွန်တော့်မှာ ရှိလာပါပြီ။ သည်ကမ္ဘာလောကကြီးထဲမှာ ကျွန်တော် ချစ်ရမည့် ကျွန်တော့်ကိုလည်း ချစ်သည့် မိန်းမပျိုလေးတစ်ယောက် ရှိလာပါပြီ။

ကျွန်တော် အလွန်တရာ ကံကောင်းသည်ဟု မဆိုနိုင်ပါလားခင်ဗျာ။

ကျွန်တော့်ကိုကြည့်ပြီး ရယ်ပွဲဖွဲ့သူများ အားလုံးသည် ကျွန်တော်၏ ရန်သူများ ဖြစ်သည်။ သူတို့သည် ကျွန်တော် မည်မျှ အရုပ်ဆိုးကြောင်း လီလာကို ပြောပြကောင်း ပြောပြကြပေလိမ့်မည်။ ယခုပင် ပြောပြပြီးနေကြပြီလော။ မည်သူ သိနိုင်မည်နည်း။

သို့သော်လည်း နေ့နှင့်ညကိုပင် ခွဲခြားမသိနိုင်လောက်အောင် မျက်စိနှစ်ကွင်း အလင်းကွယ်နေသူကလေးတစ်ယောက်အဖို့ ရုပ်ချောခြင်းနှင့် ရုပ်ဆိုးခြင်းကို မည်သို့ တန်ဖိုးထားတတ်ပါမည်နည်း။ မည်သို့ ခံစားတတ်ပါမည်နည်း။

မွေးကတည်းက သူ မျက်မမြင်ဖြစ်ခဲ့ကြောင်း လီလာက ပြောပြဖူးပါသည်။

ဝမ်းတွင်းပါ မျက်မမြင်ဖြင့်နေသည့်အတွက် ကျွန်တော့်အဖို့ ကံကောင်းသည်ဟုတော့ မဆိုချင်ပါ။ သို့သော်လည်း ထိုသို့ ဝမ်းတွင်းပါ မျက်မမြင်ဖြစ်နေခြင်းသည် လီလာအဖို့ ကံမကောင်းခြင်းပေလော။





နောက်တစ်နေ့တွင် လီလာ ထပ်ရောက်လာပြန်သည်။

ကျွန်တော်ကတော့ လက်ထပ်ဖို့အရေးကိုပဲ တတွေးတည်း တွေးနေမိပါပြီ။

ကျွန်တော်တို့နှစ်ယောက် မည်သို့ လက်ထပ်ကြမည်နည်း။ မည်သူက အသိသက်သေ လုပ်မည်နည်း။ နောက်ပြီးတော့ မည်သူတွေကရော ကျွန်တော်တို့ နှစ်ယောက်ကို အကြင်လင်မယားအဖြစ် အသိအမှတ် ပြုကြမည်နည်း။

လီလာနှင့် ကျွန်တော်သည် ဘာသာချင်းလည်း မတူပါ။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက် လက်ထပ်ခြင်းကို လည်းကောင်း၊ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းကို လည်းကောင်း မည်သူက လက်ထပ် ပေါင်းသင်းပါမည်နည်း။

ကျွန်တော့်ကို လက်ထပ်ပေါင်းမည့်သူဆို၍ လီလာတစ်ယောက်သာ ရှိပါသည်။ ထို့ကြောင့် လီလာနှင့်ကျွန်တော် အတူ ပေါင်းသင်းနေထိုင်ဖို့သာ အဓိက ဖြစ်ပါသည်။

"လီလာ မင်း ငါ့ကို လက်ထပ်မလား"

လီလာကို ကျွန်တော် မေးကြည့်သည်။ ထိုမေးခွန်းကြောင့် လီလာ နောက်တွန့်သွားသည်ဟု ထင်လိုက်မိပါသည်။ ကျွန်တော်သည် မူဆလင် ဘာသာဝင် ဖြစ်နေသောကြောင့် ထိုသို့ နောက်တွန့်သွားကာ တုံ့ဆိုင်းဖြစ်နေသည်ဟုလည်း ကျွန်တော် ထင်မိပါသည်။

"ဘာစကားတွေ ပြောနေတာလဲ အစ်ကိုရယ်"

သူ့ရင်ထဲမှာ မည်သို့ ခံစားသွားရကြောင်း ကျွန်တော် သဘောပေါက်ပါသည်။ ထို့ကြောင့်လည်း သူ့ကို ပိုပြီး ကရုဏာသက်မိပြန်ပါသည်။

"လီလာ ငါဟာ လူသားတစ်ယောက် ဖြစ်တယ်ဆိုတာကို မင်း သဘောပေါက် နားလည်စေချင်ပါတယ်။ ဒါဆိုရင် ဘာပြဿနာမှ မရှိနိုင်တော့ပါဘူး။ အမှန်တော့ ဘုရားသခင်က မင်းကို ငါ့ဆီ ပို့လိုက်တာပဲ။ ဇာတ်တို့ ယဉ်ကျေးမှုတို့ စည်းကမ်းတို့ဆိုတာ ဖန်တီးထားတာပါကွယ်"

တဆတ်ဆတ် တုန်ရင်နေသည့် လီလာ၏ နှုတ်ခမ်းအစုံကို ကျွန်တော် အသနားခံတောင်းပန်သလို ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး ချမှတ်မည့် စီရင်ချက်ကို အသည်းတုန် အူတုန်ဖြင့် စောင့်နေရသည့် လူသတ်သမားတစ်ယောက်လို ကျွန်တော် ခံစားလာရပါသည်။

မှန်ပါသည်။

ကျွန်တော့်ကို သေစေ ရှင်စေ စီရင်ချက် ချမှတ်မည့်သူမှာ ကျွန်တော့်ရှေ့တွင် ထိုင်နေသည့် လီလာပင် ဖြစ်ပါသည်။

လီလာက တိတ်မြဲတိတ်နေသည်။ ထိုသို့ တိတ်နေခြင်းသည် လက်မခံသည့်သဘော ဖြစ်လေသလား။ ထို့ကြောင့် ကျွန်တော်က ဆက်ပြောရပြန်သည်။

"ပြောပါဦး...လီလာ။ မင်း ဘဝကို ငါ အကာအကွယ်ပေးပြီး စောင့်ရှောက်ချင်ပါတယ်။ ငါ စိတ်ချမ်းသာသွားအောင် ကတိကလေး တစ်လုံးတော့ ပေးပါကွယ်"

နောက်ဆုံးတွင်မှ လီလာက လေသံတိုးတိုးကလေးဖြင့် အဖြေပြန်ပေးသည်။

"ကျွန်မ မှန်တဲ့အတိုင်း ပြောပါ့မယ် အစ်ကို။ ကျွန်မအပေါ် အထင်သေး အမြင်သေးနှင့် လူတွေ ပြောကြတာကို ကျွန်မ မကြာခဏ ကြားဖူးပါတယ်။ ကျွန်မ လမ်းလျှောက်သွားတဲ့အခါ 'မျောက်မျက်နှာနှင့်တူတဲ့အကောင်ရဲ့ မယား၊ ဟောဟိုမှာ သွားနေပြီ'လို့ ပြောတာမျိုးတွေလည်း ပါပါယတ်။ သူတို့ ပြောကြတဲ့အတိုင်း ဆိုရင်တော့ အစ်ကိုဟာ အင်မတန်ကို အရုပ်ဆိုးတာပဲ"

"အဲဒီတော့ မင်းစိတ်ထဲမှာ ဘယ်လိုခံစားရသလဲ လီလာ"

လီလာက အေးအေးသက်သာပင် ဆက်ပြောပြန်သည်။

"သူတို့ ပြောနေကြတဲ့ အလှအပဆိုတာကို ကျွန်မ နားမလည်ပါဘူး အစ်ကို၊ မျောက်ဆိုတဲ့ သတ္တဝါကိုလည်း ကျွန်မ မြင်ဖူးတာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့ ဘာပြောပြော ကျွန်မ ဂရုမစိုက်ပါဘူး။ အစ်ကိုဟာ ကမ္ဘာပေါ်မှာ အချောဆုံးယောကျ်ားတစ်ယောက်ပါပဲလို့ သူတို့ ပြောရင်ကော ကျွန်မအဖို့ ဘာထူးခြားတော့မှာလဲ။ လောကကြီးကို ကျွန်မ မျက်စိနှင့်မြင်ရတာမှ မဟုတ်ဘဲ။ လောကကြီးကို ကျွန်မ အသည်းနှလုံး





နှင့်သာ မြင်ရတာပါ အစ်ကို။ အရုပ်ဆိုးခြင်း ချောမောလှပ ခြင်းဆိုတာတွေကိုလည်း ကျွန်မရဲ့ အသည်းနှလုံးတွေနှင့်သာ မြင်ရ၊ ထိတွေ့ခံစားရတာပါ။ အစ်ကိုက မူဆလင်တစ်ယောက်ဖြစ်ပြီး ကျွန်မက ဟိန္ဒူဘာသာဝင်တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် အစ်ကို့ဘက်က ဘာမှငြင်းစရာမရှိဘူးဆိုရင် ကျွန်မ အနေနှင့်လည်း ငြင်းစရာ မရှိပါဘူးရှင်။ ဒီလောကကြီးမှာ ကျွန်မကို ရိုးရိုးသားသား ချစ်မယ့်လူတစ်ယောက်မှ မရှိဘူးလို့ ကျွန်မ ထင်ပါတယ်။ ဒါပေမယ် "

"ဒါဆိုရင် 'ဒါပေမယ့်' ဆိုတဲ့ စကားလုံးကြီးက ဘာကြောင့်ပါလာတာလဲ လီတာ"

ကျွန်တော်က စိုးရိမ်တကြီး မေးမိသည်။

"ကျွန်မလို သူတောင်းစားမကလေးတစ်ယောက် အနေနှင့်တော့ 'ဒါပမယ့်'ဆိုတဲ့ စကားလုံးကို သုံးမှဖြစ်မှာပါ အစ်ကို။ အိမ်ရှင်မ တစ်ယောက်အနေနှင့် အစ်ကို့အပေါ်မှာ မယားဝတ္တရားတွေ တစ်ခုမှ ကျွန်မ ကျေပွန်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်မဟာ မျက်မမြင် သူတောင်းစားမကလေးတစ်ယောက် ဖြစ်နေပေမယ့် ကျွန်မလည်း ချစ်ချင်ပါတယ်။ ချစ်လည်းချစ်တတ်ပါတယ်။ ဒါပေမယ့် ကျွန်မ တောင်းရမ်းစားသောက်နေတဲ့ ခွက်စုတ်ဟာ အမြဲတမ်း ဟောင်းလောင်းဖြစ်နေရတာပါ။ ကျွန်မတို့ သားအမိနှစ်ယောက်စလုံး အူဟောင်းလောင်းနှင့် နေခဲ့ရတာလည်း ကြာပါပြီ။ ဒါလောက်တောင် ခက်ခဲကြမ်းတမ်းတဲ့ ဘဝဆိုးကြီးကို ကျော်လွှား လွန်မြောက်နိုင်ဖို့ ကျွန်မမှာ အားကိုးအားထားလိုတာ အမှန်ပါပဲ။ လူတွေက သူတို့အတွက် ပိုတာလျှံတာကလေးတောင် ကျွန်မ ခွက်စုတ်ထဲကို မထည့်ချင်ကြတဲ့အချိန်မှာ အစ်ကိုက ကျွန်မအပေါ် စေတနာသဒ္ဒါတရားတွေ အပြည့်ထားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မဘက်က အစ်ကို့ကို ဘာမှတုံ့ပြန်နိုင်မှာ မဟုတ်ဘူး။ ကျွန်မကို ခွင့်လွှတ်ပါ အစ်ကိုရယ်။ အစ်ကိုကလွဲပြီး ဘယ်သူ့ကိုမှ မလေးစားမိပါဘူး အစ်ကို"

နောက် လေးငါးရက်ကြာသောအခါ ကျွန်တော်တို့နှစ်ယောက် လက်ထပ်လိုက်ကြတော့သည်။

လက်ထပ်သည်ဆိုရာတွင်လည်း အသိသက်သေမရှိပါ။ မည်သူတစ်ယောက်ကမှ လက်ထပ်ပေးခြင်း မဟုတ်ပါ။ လီလာနှင့်ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တည်း ဟူသော အဗ္ဗဒွလာတို့နှစ်ယောက်သည် တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ကိုင်ပြီး ဘဝကြင်ဖော်အဖြစ် အိမ်ထောင် တစ်ခုကို ထူထောင်ကြတော့မည်ဟု ဆုံးဖြတ်လိုက်ခြင်းသာ ဖြစ်လေသည်။

ပတ်ဝန်းကျင်၏ လှောင်ပြောင် ရယ်မောသံများသည် ပိုမို ကျယ်လောင်လာလေသည်။ ကျွန်တော်တို့နှင့် အတူနေရန် လီလာ၏ အမေ ပြောင်းရွှေ့လာသောအခါ ရယ်သံများက ဆထက်ထမ်းပိုး ပိုမို ကျယ်လောင်သွားလေတော့သည်။

လူ့ဘောင်လောကကြီး၏ အကြီးအကဲအဖြစ် မိမိကိုယ်မိမိ ခန့်ထားသူများကလည်း ကျွန်တော်တို့ကို မရှုစိမ့်နိုင်သည့်အလား တစေ့တစောင်း ကြည့်ကြသည်။

ကြီးမားသော ချစ်ချင်းမေတ္တာစိတ်ဖြင့် ကျွန်တော်တို့နှစ်ယောက်၏ အသည်းနှလုံးများ မည်မျှ တုန်ခါနေကြောင်းကိုမူ မည်သူ တစ်စုံတစ်ယောက်မျှ မသိကြချေ။

"လီလာ...တို့နှစ်ယောက်ကို သူတို့ ကြိုက်သလောက် လှောင်စမ်းပါစေကွာ။ တကယ်ဆိုတော့ သူတို့သာ ရူးနေကြတာပါ"

ပမာပခန့်သည့် အနေဖြင့် ကျွန်တော်က လီလာကို ပြောမိသည်။

သည်လိုဖြင့်ပင် ကျွန်တော်တို့၏ ဘဝခရီး စကြသည်။ အစစ သာယာပြေပြစ်ချောမွေ့သော အိမ်ထောင်ရေးဟူ၍တော့ ကျွန်တော် မပြောလိုပါ။ သို့သော်လည်း စိတ်ကူကိုယ်တူ တည်ဆောက်လိုက်သည့် အိမ်ထောင်ရေး ဖြစ်သောကြောင့်လည်း ကျွန်တော်တို့ နှစ်ယောက်စလုံး ကိုယ့်နည်းကိုယ်ဟန်ဖြင့် အရူးအမူး ဖြစ်နေကြသည်မှာတော့ အမှန်ပင်။

ဘာသာရေးအသိုင်းအဝိုင်းက ကျွန်တော်တို့ ဇနီးမောင်နှံကို ကြဉ်ကြသည်။ အိမ်နီးနားချင်းများကလည်း ကျွန်တော်တို့ကို ရှောင်ကြသည်။ မည်သူ့ထံမှ မည်သို့သော အကူအညီကိုမှ ကျွန်တော်တို့ မရရှိကြပါ။

သို့သော်လည်း ကျွန်တော်တို့ လင်မယားနှစ်ယောက်လက်ထဲတွင် အသက်ရှင်နေထိုင်လိုပါသည်။ ကြုံတွေ့ရမည့် အခက်အခဲ ပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းရန်လည်း ကျွန်တော်တို့ ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

သည်လိုဖြင့်ပင် မည်သူမျှ လွန်ဆန်နိုင်မည် မဟုတ်သော လောကနိယာမ တရားတစ်ခုကို ကျွန်တော်တို့ ကြုံတွေ့ကြရတော့သည်။





လီလာမှာ နှုတ်ငုံတော်ရှိပြီ။ လီလာ မိခင်ဖြစ်တော့မည်။ ကျွန်တော်သည် မျောက်နှင့်တူသောသူဖြစ်ပြီး လီလာက မျက်မမြင် ဖြစ်နေသော်လည်း သဘာဝတရားက မှန်မှန်ကန်ကန် ဖန်တီးပေးပါသည်။

သွားပုပ်လေလွင့် ပြောနေသော ပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို ကျွန်တော် မေ့သွားတော့သည်။ တသက်လုံး ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးသည့် ပျော်ချမ်းမြေ့ခြင်းကို ခံစားလာရသည်။

ကျွန်တော်သည် မိန်းမပျိုကလေးတစ်ယောက်၏ ချစ်သူဖြစ်ခဲ့ရပါ၏။ နောက်တစ်ဆင့်တက်ပြီ ထိုမိန်းကလေး၏ ခင်ပွန်းဖြစ်ခဲ့ရပါ၏။ ယခု ဖခင်တစ်ယောက် ဖြစ်ရပေဦးတော့မည်။

လီလာ မျက်မမြင် ဖြစ်နေသည့်အတွက် ဘုရားသခင်၏ ကျေးဇူးတော် အနန္တကို ကျွန်တော် ရှိခိုးကန်တော့လိုက်မိပါသည်။

ကလေး မျက်နှာမြင်ဖို့ နှစ်လလောက် အလိုတွင် လီလာ ဖျားသည်။ ကျွန်တော်လည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားပြီး ဆရာဝန်ပြေးပင့်သည်။ ချစ်ဇနီး၏ အသက်ကို ကယ်တင်ပေးပါရန် ဆရာဝန်အား အသနားခံသည်။

ဆရာဝန်က လီလာကို စစ်ဆေးကြည့်ရှုသည်။

"စိတ်အေးအေးနေပါ။ ဘာမှ မဖြစ်လောက်ပါဘူး။ လုံးလုံး ပျောက်သွားအောင် ကျုပ် ကုပေးပါ့မယ်" ဟု ဆရာဝန်က ပြောသည်။

ကျွန်တော် များစွာ စိတ်အေးသွားပါသည်။

"သူ့ မျက်စိမမြင်တာ ငမ်းတွင်းပါလား" ဟု ဆရာဝန်က လီလာ၏ မျက်မမြင်အဖြစ်ကို မြင်သောအခါ ကျွန်တော့်ကို မေးသည်။

ကျွန်တော်က ဟုတ်ကြောင်း ပြောပြလိုက်သည်။ ဆရာဝန်က လီလာ၏ မျက်စိကို စစ်ဆေးကြည့်သည်။

"သူ့မျက်စိမြင်အောင် ကျုပ် ခွဲစိတ်ကုသပေးနိုင်တယ်။ အခုတော့ မဟုတ်သေးဘူးပေါ့လေ၊ ကလေး မျက်နှာမြင်ပြီး ကောင်းကောင်း ကျန်းမာလာတဲ့အခါကျတော့မှ ခွဲစိတ်ကုသပေးလို့ ရမယ်"

ဆရာဝန်၏ စကားသည် ကျွန်တော်၏ အသည်းနှလုံး၊ ကျွန်တော်၏ ငယ်ရွယ်နုပျိုမှု၊ ကျွန်တော်၏ ဘဝကို ချောက်ချောက်ချားချား ဆွဲကိုင်လှုပ်ယမ်းပစ်လိုက်သလို ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လီလာ မျက်စိမြင်အောင် ဆရာဝန်က ခွဲစိတ်ကုသပေးနိုင်သတဲ့။

လီလာ မျက်စိမြင်ပြီဆိုလျှင် ကျွန်တော့်ကို မြင်တော့မည်။ ထို အခါ သူ တုန်လှုပ်ချောက်ချားသွားလေမည်လော။

ယခုတော့ ကျွန်တော့်ကို သူ့အသည်းနှလုံး၏ အသိဖြင့် တန်ဖိုး ထားနေသည်။ အသည်းနှလုံး၏ ခံစားချက်ဖြင့် ချစ်ခင်မြတ်နိုးနေသည်။

သူ မျက်စိမြင်ပြီဆိုလျှင် ကျွန်တော့်ကို ချစ်နိုင်ပါဦးမည်လော။ ကျွန်တော့်ကို ယခုအတိုင်း ရှိသေလေးစားနိုင်ပါဦးမည်လော။

ဆရာဝန်ကို ကျွန်တော် ဘာပြန်ပြောပြရမည်နည်း။

"မလုပ်ပါနှင့် ဆရာရယ် ရှိကြီးခိုးပါရဲ့။ သူ့ကို ဒီအတိုင်း အကန်း ဘဝမှာပဲ ထားပါခင်ဗျာ" ဟု အသံကုန်အော်ပြီး ကျွန်တော် တောင်းပန် လိုက်ချင်ပါသည်။

သို့သော်လည်း ထိုစကားကို ကျွန်တော် မပြောမဖြစ်ပါ။

"လီလာ မင်း မျက်လုံးပြန်မြင်အောင် ဆရာဝန်က ခွဲစိတ်ပြီး ကုသပေးနိုင်သတဲ့" ဟူသော စကားလုံးကိုသာ ကျွန်တော် အဖန်တလဲလဲ ပြောနေမိတော့သည်။

သူ့မျက်လုံးမြင်ခြင်းသည် ကျွန်တော့်ဘဝကို ချေမှုန်းဖျက်ဆီးပစ် ခြင်းသာလျှင်ဖြစ်ကြောင်း သူ့ကို ကျွန်တော် မည်သို့ ပြောပြနိုင်ပါမည် နည်း။

ဝမ်းတွင်းပါ မျက်မမြင်ဘဝမှ ကင်းလွတ်ရခြင်းသည် မည်သည့် အရာနှင့်မျှ မနိုင်းယှဉ်အပ်သော ဆုလာဘ်ကြီးတစ်ပါးပင် ဖြစ်ပါသည်။

ကျွန်တော့်စိတ်ထဲမှာ မည်သို့ ခံစားနေရသည်ကို လီလာကတော့ မသိရှာပါ။

"ကျွန်မ မျက်လုံးမြင်ချင်လိုက်တာ အစ်ကိုရယ်...အစ်ကိုတော မပျော်ဘူးလားဟင်...အစ်ကို့ကို ကျွန်မမျက်လုံးနှင့် မြင်နိုင်ပြီဆိုရင် ကျွန်မကို အစ်ကို ပိုချစ်သွားမှာ သိလား"

ဖျားနေသည့်ကြားမှာပင် လီလာ၏ မျက်နှာကလေးသည် ပီတိ စိတ်ဖြင့် အကြည်လင်ကြီး ကြည်လင်နေတော့သည်။

"ကလေး မျက်နှာမြင်ပြီးလို့ ကောင်းကောင်းကျန်းမာသွားရင် ကျုပ်ဆီကို လာခဲ့၊ အဲဒီအခါကျတော့ သူ့မျက်လုံးကို ဘယ်လို ခွဲစိတ်





ကုသပေးမယ်ဆိုတာ ပြောပြမယ်"ဟု ဆရာဝန်က ပြောသွားသေးသည်။

လီလာက အလွန်တည်ငြိမ်နေသည်။ သို့သော်လည်း ကျွန်တော့် ရင်ထဲမှာတော့ မုန်တိုင်းထန်နေသည်။ ကျွန်တော့် အသိစိတ်များ မီးဟုန်း ဟုန်း တောက်နေသည်။ ကျွန်တော်၏ အတွေးများ ကျိုက်ကျိုက်ဆူနေ သည်။

လသာဆောင် အစွန်းနားသို့ သွားပြီး ကျွန်တော် တစ်ယောက် တည်း ထိုင်နေမိသည်။ ကျွန်တော့်အတွက် တိတ်ဆိတ်ငြိမ်းချမ်းမှု ရနိုင်သည့် နေရာဆို၍ သည်တစ်နေရာသာ ရှိလေသည်။ ကျွန်တော့် ကမ္ဘာသည် ကျဉ်းမြောင်းလွန်းလှချေ၏။

လီလာ မျက်စိမြင်အောင် ကုသပေးမည်ဟု ဆရာဝန်က ဘာ ကြောင့်များ ပြောသွားလေသနည်း။ ထိုစကားသည် ကျွန်တော်တို့၏ သာယာချမ်းမြေ့သော ဘဝကလေးကို မီးလောင်တိုက်သွင်းလိုက်ခြင်းသာ ဖြစ်လေသည်။ ဘာကြောင့် ရက်ရက်စက်စက် မီးလောင်တိုက်သွင်းရက် လေသနည်း။

သည်အတိုင်းဆိုလျှင်တော့ ဆရာဝန်သည် ကျွန်တော်၏ ရန်သူ ဖြစ်သွားလေပြီ။

သည်လိုလည်း မဟုတ်သေးပါ။ ဆရာဝန်မှာ ဘာအပြစ်မှ မရှိပါ။ သူ့ကို အပြစ်တင်ရန် အကြောင်းမရှိပါ။ ဆရာဝန်ဆိုသည်မှာ လူသား များ ခံစားနေရသည့် ရောဂါပေါင်းစုံကို ပျောက်ကင်းအောင် ကုသပေး ရသူများသာ ဖြစ်ပါသည်။

မျက်စိ မမြင်ခြင်းဆိုသည်မှာလည်း အကြီးမားဆုံးသော ရောဂါ ဝေဒနာတစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း လီလာ မျက်စိမြင်ဖို့ လိုအပ်ပါသည်။

သို့သော် ကျွန်တော် မည်မျှ အရုပ်ဆိုးသည်ကို သူ မြင်လျှင် မည်သို့ရှိမည်နည်း။ ယခုမူ ကျွန်တော် မည်မျှ အရုပ်ဆိုးကြောင်း သူ မမြင်။ ရုပ်ဆိုးခြင်းနှင့် ရုပ်ချောခြင်းကို သူ မမြင်ဘူး။

ကျွန်တော့်ကို သူ အသည်းနှလုံးနှင့်သိသည်။ ကျွန်တော်၏ အပို တရားကို သူ၏ အသည်းနှလုံးနှင့်သိသည်။ သူ၏ အသည်းနှလုံးနှင့် ကျွန်တော့်ကို အချစ်ကြီးချစ်ကာ သူ့ဘဝကို ပုံအပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုအသိ၊ ထိုအချစ်ကို ရာသက်ပန် တည်မြဲအောင် ကျွန်တော် ထိမ်းသိမ်းထားလိုပါသည်။

ကျွန်တော့် အသည်းနှလုံးများ ပျက်ကြေပြွန်းမတတ် ခံစားနေရပါသည်။ မည်သူမှ မကြားအောင် ကျွန်တော် တစ်ယောက်တည်း တိတ်တိတ်ကလေး ကျိတ်၍ ရှိုက်လိုက်မိပါသည်။

လီလာက သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်သည်။

တရားမဝင် မွေးဖွားခြင်းအဖြစ် ပတ်ဝန်းကျင်က သဘောထားကြသည်။ လှောင်ပြောင်ရယ်မောသံများ ကျယ်လောင်စွာ ပေါ်ထွက်လာပြန်သည်။

တကယ်ဆိုတော့ လှောင်ပြောင်ရယ်မောစရာ ဘာအကြောင်းမှ မရှိပါ။

အရုပ်ဆိုး အကျည်းတန်လွန်းလှသော အမေနှင့်မျက်မမြင် အမေတို့မှ ဖွားမြင်လာသည့် ကလေးငယ်တွင် ဘာမှ အပြစ်မရှိပါ။

ထိုသို့ အပြစ်ကင်းစင်သော သားငယ်သည် လီလာ၏ ရုပ်နှင့် တထေရာတည်းတူ၏။ ကျွန်တော့်လို မျက်လုံးမြင်၏။ သည်လိုဆိုလျှင် သူ့ဘဝ ကံကောင်းသည်ပင် မဟုတ်ပါလား။

လီလာ ကောင်းစွာ ပြန်လည် ကျန်းမာလာပြီ။ ထိုအခါတွင် ကျွန်တော်၏ တစ်ကိုယ်ကောင်းဆန်မှုကို သတိပေးသလို ဖြစ်လာသည်။ ကျွန်တော် ဘာလုပ်ရမည်နည်း။

"ကျွန်မ မျက်စိအတွက် ဆရာဝန်နှင့် သွားတွေ့ကြရအောင်လား အစ်ကို"

ထိုစကားလုံးများသည် ကျွန်တော်၏ အသည်းနှလုံးကို ပြင်းထန်သော မုန်တိုင်းထန်သွားစေသည့် စကားလုံးများဖြစ်ကြောင်းမှ လီလာကတော့ မသိရှာပါ။

ကျွန်တော် ဟန်မပျက် ပြန်ညာမိသည်။

"ဟုတ်တယ် ငါ မေ့နေတယ် လီလာရယ်။ ဒီနေ့ပဲ ဆရာဝန်ဆီ သွားလိုက်ပါ့မယ်"

အမှန်တော့ ကျွန်တော် မမေ့ပါ။ တစ်စက္ကန့်ကလေးပင် မမေ့ပါ။ ထိုအသိကြီးက အချိန်ရှိသမျှ ကျွန်တော့်ကို ဖိစီးနှိပ်စက်နေခဲ့သည်။ ထို





ကြားထဲက ယနေ့လို လိမ်ညာပြောမိသည့်အတွက် ပို၍ပင် စိတ်မချမ်းမသာ ဖြစ်ရပြန်ပါသည်။

ကျွန်တော် အပြင်ထွက်ခဲ့သည်။ နှစ်နာရီမျှကြာအောင် ခြေဦးတည့်ရာ လျှောက်ပြီး အိမ်ပြန်လာခဲ့သည်။

"မင်းကို မျက်စိမြင်အောင် ကုပေးနိုင်တယ်ဆိုတဲ့ ဆရာဝန် ဆုံးသွားပြီကွယ်"

ကျွန်တော် ထိုစကားလောက်သာ ပြောနိုင်ပါတော့သည်။

အမှန်တော့ ကိုယ့်ချစ်ဇနီး၏ မျက်စိမြင်အောင် ကုပေးနိုင်စွမ်းသော ဆရာဝန်တစ်ယောက် ကွယ်လွန်သွားခြင်းအတွက် ကျွန်တော် ဝမ်းနည်းပက်လက် ဖြစ်စရာ ကောင်းပါသည်။ ဝမ်းနည်းပက်လက် ဖြစ်ရကြောင်းကိုလည်း လီလာသိအောင် ပြမှုသင့်ပါသည်။

သို့သော်လည်း ကျွန်တော်၏ ယုတ်မာသော စိတ်ထားနှင့် တကိုယ်ကောင်းဆန်မှုကို အတတ်နိုင်ဆုံး ဖုံးဖိရပါတော့မည်။

တကယ်ဆိုတော့ ထိုသို့ ဖုံးဖိရသည်မှာ မသက်သာပါ။ မည်မျှ ရင်နာရကြောင်းကို ကျွန်တော်သာလျှင် သိပါသည်။

သည်လိုဖြင့်ပင် ရင်နာရသော နေ့ရက်များ တစ်စတစ်စ ကုန်ဆုံးလွန်မြောက်လာခဲ့သည်။

တစ်နေ့တွင် ကျွန်တော် အိမ်ပြန်လာသောအခါ အသည်းကွဲစရာ အဖြစ်ဆိုးကြီးတစ်ခုနှင့် ရင်ဆိုင်တိုးရတော့သည်။

လီလာ၏အမေက ကြေးအိုးကြီးတစ်လုံးကို အခန်းအလယ်မှာ ချထားသည်။ သိမ်းဆည်းရမည့် နေရာမှာ မထား။

ထိုအခိုက် ပခက်ထဲမှာ သိပ်ထားသော သားငယ်က ရုတ်တရက် ဆူဆူဝါးဝါး ထငိုသည်။ လီလာသည် ကိုင်နေကျ တောင်ဝှေးကို ဆွဲချိန်မရတော့ဘဲ သားရှိရာ ပခက်ဆီသို့ အမှူးအမူးအယား ပြေးသည်။

အခန်းအလယ်မှာ ချထားသော ကြေးအိုးကြီးကိုပင် တိုက်မိသည်။ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ရှေ့သို့ ပြုလဲသွားသည်။ တံခါးဘောင်နှင့် ခေါင်းဆောင့်မိသည်။

သွေးများ မြင်မကောင်းအောင် ထွက်နေသည်။ ဆေးရုံသို့ ကမန်းကတန်း ပို့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝဟူသည်မှာ ဆားဒုက္ခအပေါင်းတို့၏ ဖိစီးနှိပ်စက်ခြင်းကို ခံနေရစမြဲပင်။

ယခုလိုအခါမျိုးတွင် ကျွန်တော့်ကို လှောင်ပြောင် ရယ်မောလိုပါသေးသလော။ ကျွန်တော် ဘာမှ မပြောလိုတော့ပါ။ ကျွန်တော် ပြောသည်ကိုလည်း မည်သူက အရေးစိုက်နေပါမည်နည်း။

လီလာသည် ကျွန်တော့်ဘဝ ဖြစ်ပါသည်။ ကျွန်တော့် ကမ္ဘာ ဖြစ်ပါသည်။ ကျွန်တော့် အသည်းနှလုံး ဖြစ်ပါသည်။

ဆရာဝန်က ကျွန်တော့်ကို ခေါ်ပြောသည်။

"ဒဏ်ရာက သိပ်ပြင်းထန်တယ်။ စိုးရိမ်ရတယ်"

လီလာ၏ ကုတင်နားသို့ ကျွန်တော် တိုးကပ်သွားသည်။ လီလာသည် ဝေဒနာကို မချိမဆန့် ခံစားနေရရှာသည်။ ကျွန်တော် အားပေးစကား ပြောသောအခါ လီလာက ရှိုက်ငိုရင်း ကျွန်တော့်ကို ပြန်ပြောသည်။

"အစ်ကို ရောက်လာပြီလား။ ကျွန်မ မနေရတော့ဘူး အစ်ကို။ ဒီတောင်ကို ကျော်နိုင်တော့မှာ မဟုတ်ဘူး။ မသေခင် အစ်ကို့ကို ကျွန်မ မျက်လုံးတွေနှင့် တစ်ကြိမ်လောက် မြင်သွားချင်လိုက်တာ အစ်ကိုရယ်"

လီလာ၏ နောက်ဆုံးဆန္ဒသည် ကျွန်တော့်ကို ဆောက်တည်ရာ မရအောင် ဖြစ်စေလေတော့သည်။

မျက်စိနှစ်ကွင်း အလင်းရအောင် ကုသပေးနိုင်သည့် ဆရာဝန် ကွယ်လွန်သွားသည့်အတွက် သူ ဝမ်းနည်းကြေကွဲနေသလော။ ကျွန်တော် မသိပါ။ လီလာကလည်း တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုခြင်း မပြုပါ။

"လီလာ မင်းရဲ့ မျက်လုံးတွေနှင့် အစ်ကို့ကို မြင်ဖို့ဟာ ဘယ်လောက်မှ အရေးကြီးတဲ့ကိစ္စ မဟုတ်ပါဘူးကွယ်။ သန့်ရှင်း စင်ကြယ်တဲ့ မင်းရဲ့ အသည်းနှလုံးတွေနှင့် အစ်ကို့ကို မှန်မှန်ကန်ကန် မြင်တွေ့နိုင်သူဟာ မင်းတစ်ယောက်တည်း ရှိတယ်ဆိုတာ အစ်ကို သိပါတယ်ကွယ်။ လူတွေဟာ တစ်ယောက်ကိုတစ်ယောက် မျက်စိနှင့် မှန်မှန်ကန်ကန် မြင်နိုင်ကြတာ မဟုတ်ပါဘူး။ မှန်မှန်ကန်ကန် မြင်တွေ့နိုင်တာဟာ အသည်းနှလုံးပဲ ရှိပါတယ် ကလေးရယ်။ သက်သာသလို နေလိုက်ပါကွယ်။ မင်း နေကောင်းသွားမှာပါ"





ကျွန်တော် ပြောသည်ကို လီလာ ငြိမ်ပြီး နားထောင်နေသည်။ ပြီးတော့ တိုးတိုးကလေး ရှိုက်နေသည်။

တစ်နေ့ကုန်လင်းခဲ့သော အလင်းသည်လည်း ပျောက်ကွယ်သွားလေပြီ။

ကျွန်တော့်ရင်ထဲမှာ ဆို့ကျပ်လာသည်။ ရင်နှစ်ခြမ်း ပြန်းခနဲကွဲပြီး လှိမ့်ညာထားသည့် ကျွန်တော်၏ ကောက်ကျစ်စဉ်းလဲမှုကြီး ပွင့်အန်ထွက်ကျလာတော့မလို ဖြစ်နေသည်။

ကျွန်တော် ဆက်လက်ရပ်တည်နိုင်စွမ်း မရှိတော့ပါ။

လီလာ၏ အမေက သားငယ်ကို ပွေ့ယူလာပြီး လီလာ၏ဆားမှာ ချပေးသည်။ သားငယ်က စတင်ငိုကြွေးသည်။ လီလာ၏ အမေလည်း ငိုနေပြီ။

ကျွန်တော် ဆောက်တည်ရာမရတော့ပါ။

သန့်ရှင်းစင်ကြယ်သော လီလာ၏ ဝိညာဉ်ကလေးသည် လီလာ၏ ခန္ဓာကိုယ်ကိုခွာကာ လွင့်စဉ်ထွက်ပြေးသွားတော့သည်။

ကျွန်တော် ဘာလုပ်မိသည်ကို မမှတ်မိတော့ပါ။

နှလုံးသားတစ်ခုက သွေးအခုန်ရပ်သွားချိန်တွင် အခြားနှလုံး သားတစ်ခုက ပေါက်ကွဲကြေမွပျက်စီးသွားလေသည်။

အပြင်မှာ အမှောင်ထုက သိပ်သည်းစွာ ကြီးစိုးမင်းမူနေပြီ။

လူတို့သည် ကျွန်တော့်အကြောင်းကို သဘောပေါက် နားလည်နိုင်ကြလိမ့်မည် မဟုတ်ပါ။ ကျွန်တော့်ကို မြင်တွေ့ရသည့်အခါတိုင်း ဟက်ဟက်ပက်ပက် ရယ်မောနေကြဆဲပင် ဖြစ်ပါသည်။

တစ်ခါတစ်ရံ ကျွန်တော် စဉ်းစားကြည့်မိပါသည်။

ကျွန်တော်ကိုယ်တိုင်ပါ မျက်မမြင်ဖြစ်နေမည်ဆိုလျှင် ကျွန်တော့် ဇာတ်လမ်းသည် မည်သို့များ ရှိလေမည်နည်း။

**EYES, BY T.K. MOHAMED.**

**၁၉၈၅ ခုနှစ်၊ ဇွန်လထုတ် မဟေသီမဂ္ဂဇင်း အမှတ် (၁)**



www.burmeseclassic.com

www.burmeseclassic.com

# ကြွေရုပ်လေးသော ပန်းကလေး

(၁)

ခေါင်းရင်းက အိမ်ရှေ့မှာ ဒေါ့ဂျစ်ကားကြီးတစ်စီး ထိုးရပ်သည်ကို ထွန်းထွန်း လှမ်းမြင်လိုက်သည်။

သည်လမ်းထဲမှာ မော်တော်ကားတွေ ဥဒဟိုဖြတ်သန်းသွားလာမြဲဖြစ်သောကြောင့် သာမန်အားဖြင့်တော့ မည်သည့်ကားကိုမှ ထွန်းထွန်း အထူးတလည် ကြည့်လေ့မရှိပါ။

ယခုတော့ သည်ဒေါ့ဂျစ်ကားကို ထွန်းထွန်း စိတ်ဝင်တစားဖြင့် ကြည့်မိလေသည်။

ခေါင်းရင်းက သည်အိမ်ကြီးကြောင့် ထွန်းထွန်း စိတ်ထိခိုက်နေခဲ့ရသည်မှာ တစ်လမျှကြာမြင့်သွားလေပြီ။

(၂)

ဟိုတုန်းကတော့ ခေါင်းရင်းအိမ်ကြီးမှာ လူတွေ သိုက်သိုက်ဝန်းဝန်းနှင့် အထူးတလည် စည်ကားခဲ့ဖူးသည်။

ကြည်ပြာ၊ နီလာ၊ မာလာနှင့် ကျော်ကျော်တို့သည် ခေါင်းရင်းအိမ်ကြီးက သားသမီးများ ဖြစ်၏။ ထွန်းထွန်း အသက်အရွယ် မတိမ်းမယိမ်း ရှိကြကာ ကစားဖော်များ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်က အခန်းတွေများသည်။ ခြံကြီးက ကျယ်သည်။ သစ်ပင်ကြီးငယ်တွေ ပေါသည်။ ထို့ကြောင့် ကြည်ပြာ၊ နီလာ၊ မာလာ၊ ကျော်ကျော်တို့နှင့် တူတူပုန်းတမ်း ကစားရသည်မှာ ထွန်းထွန်းအဖို့ ပျော်မဆုံး ဖြစ်ခဲ့ရသည်။

ကျောင်းပိတ်ရက်များဆိုလျှင် ထိုအိမ်ကြီးမှာသာ တစ်နေကုန် ထွန်းထွန်း အချိန်ဖြုန်းတတ်သည်။ ထမင်းစားချိန်များကျမှ မေမေ တကြော်ကြော် ခေါ်လွန်းသဖြင့် မပြန်ချင့်ပြန်ချင်နှင့် ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်ခဲ့ရစမြဲ။

ကြည်ပြာတို့ ဖေဖေ တခြားမြို့သို့ ပြောင်းရွှေ့ခါနီးသောအခါ ပစ္စည်းတွေ ထုပ်ပိုးကြသဖြင့် ထွန်းထွန်းပါ ကြည်ပြာတို့နှင့် ရောနှော ပျော်ခဲ့ရဖူးလေသည်။

အရပ်ထဲရှိ လူကြီးတွေကတော့ နှစ်ပေါင်းအတန်ကြာ ခင်မင်ရင်းနှီးစွာ တရပ်ကွက်တည်း အတူနေလာကြပြီးမှ ယခုလို ပြောင်းရွှေ့ရသဖြင့် စိတ်မကောင်းကြောင်း ကြည်ပြာတို့ ဖေဖေနှင့်မေမေကို လာရောက် ပြောကြားကြလေသည်။

ထွန်းထွန်းတို့ကတော့ နားမလည်ပါ။ ထုပ်ကြ၊ ပိုးကြ၊ သိမ်းကြဆည်းကြဖြင့် လူကြီးတွေ အလုပ်ရှုပ်နေသည်ကို ကြည့်ပြီး သူတို့ ပျော်ခဲ့ကြလေသည်။

(၃)

ထွန်းထွန်းသည် သူတို့ ရပ်ကွက်အတွင်းရှိ မူလတန်းကျောင်းကလေးမှ ဒုတိယတန်းကျောင်းသား ဖြစ်သည်။

ကျောင်းသွားကျောင်းပြန် ကြည်ပြာတို့အိမ်ကြီးရှေ့က ဖြတ်ရသည်။

ထိုသို့ ဖြတ်တိုင်း ကြည်ပြာတို့အိမ်ကြီးကို လှည့်ကြည့်စမြဲ။ လှည့်ကြည့်တိုင်း ပိတ်ထားသော ပြတင်းပေါက်များနှင့် တံခါးမကြီးမှ ကြေးသော့ခလောက်ကြီးက ပြူးတူးပြဲတဲဖြင့် ထွန်းထွန်းကို ပြန်ငေးကြည့်နေဘတ်စမြဲ။

ကြာတော့ ထွန်းထွန်း ဝမ်းနည်းလာသည်။ သည်အိမ်ကြီး သည်လို ပိတ်ထားသည်ကို ထွန်းထွန်း မရှုစိမ့်နိုင်တော့ပါ။





သို့ဖြင့် ပက်လက်ကုလားထိုင်ပေါ်မှာ စာဖတ်နေသည့် ဖေဖေ့ပေါင်ပေါ် တက်ထိုင်ပြီး ပြောမိသည်။

"ဖေဖေ သားတို့ ကြည်ပြာတို့အိမ် ပြောင်းနေရအောင်နော် ဖေဖေ"

"အောင်မယ်လေး မလုပ်ပါနှင့်ကွာ။ သူတို့ အိမ်လခက ငါးရာကြီးများတောင် တို့ ဘယ်တတ်နိုင်ပါ့မလဲ"

ဖေဖေ၏ စကားကို ကြားရသောအခါ ထွန်းထွန်း မကျေမနပ်ဖြစ်မိလေသည်။ မိမိပြောင်းနေချင်သည့်အကြောင်း ပူဆာလျှင်

"ကောင်းပြီလေ၊ သား ဘယ်တော့ ပြောင်းချင်သလဲ။ သားပြောင်း ချင်တဲ့အချိန် ပြောင်းနော်" ဟု ပြောလိမ့်မည် ထင်ခဲ့သည်။

ယခုမူ သူထင်ထားသလို မဟုတ်ပါ။ ဖေဖေကသာ ထိုအိမ်မှာ ပြောင်းနေချင်ကြောင်း မိမိကို ပူဆာမည် ဆိုလျှင်တော့

"ပြောင်းလေ ဖေဖေ၊ သားလည်း ပြောင်းလိုက်မယ်နော်" ဟု မဆိုင်းမတွ ပြန်ပြောမည်မှာ သေချာပါသည်။

ယခု သူ ကြားချင်သော အဖြေကို မကြားရသဖြင့် ထွန်းထွန်း ဝမ်းနည်းမိလေသည်။

ထို့ကြောင့် အိပ်ခန်းထဲသို့ ဝင်ပြီး တိတ်တခိုးကလေး ငိုခဲ့မိပါသည်။

(၄)

ကြည်ပြာတို့ အိမ်ရှေ့မှာ နောက်ထပ် ဒေါ့ဂျစ်ကားကြီးတွေ တစ်စီးပြီးတစ်စီး ထိုးဆိုက်လာသည်။

ထိုကားများကို ဝမ်းသာအားရဖြင့် ထွန်းထွန်း လှမ်းကြည့်သည်။ ကားပေါ်မှာ ပစ္စည်းတွေ အများကြီး ပါသည်။ ဗီရိုတွေ၊ ဆိုဖာတွေ၊ စားပွဲကုလားထိုင်တွေ၊ သေတ္တာကြီးငယ်တွေ ပါသည်။

ပြီးတော့ ဦးဦးတစ်ယောက်က ကားပေါ်မှ ဆင်းကာ တစ်လလောက်ကြအောင် နေရာဖယ်မပေးသော ကြေးသော့ခလောက်ကြီးကို သွားဖွင့်သည်။ ကျန်ဦးဦးတွေက ကားပေါ်မှ ပစ္စည်းများကို သယ်ချကြသည်။

အော်ကြဟစ်ကြ၊ ပြောကြဆိုကြ၊ ရွှေ့ကြပြောင်းကြ၊ နေရာချထားကြသဖြင့် လှုပ်လှုပ်ရှရှ ဆူဆူညံညံလည်း ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို မြင်ကွင်းကို ကြည့်နေရင်း ထွန်းထွန်း အလိုလို ပျော်လာသည်။

(၅)

ကျောင်းသွားကျောင်းပြန်လှပ်တိုင်း ခေါင်းရင်းအိမ်ကြီးကို လှမ်းကြည့်ရသည်မှာ ထွန်းထွန်းအဖို့ မမောနိုင် မပန်းနိုင်ပါ။

အိမ်သူအိမ်သားတွေ စည်စည်ကားကားနှင့် လှုပ်လှုပ်ရွရွ ဖြစ်နေသော ခေါင်းရင်းအိမ်ကြီးကို မြင်ရတိုင်း ထွန်းထွန်း ပျော်မဆုံး ရှိလေသည်။

တစ်ညနေ ကျောင်းမှ ပြန်လာခိုက် သူနှင့်ရွယ်တူ ကောင်မလေး တစ်ယောက် ခေါင်းရင်းအိမ်ရှေ့တွင် ရပ်နေသည်ကို တွေ့ရသည်။

ဈေးမှာ ထွန်းထွန်းမြင်ဖူးသော ကော်ပတ်ရုပ်ကလေးလို ကောင်မလေးက လှပါသည်။ အနီရောင် ပိုးဂါဝန်ကလေးကို ဝတ်ထားသည်။ ခြေအိတ်အဖြူနှင့် ရှူးဖိနပ်အနက‌လေးကို စီးထားသည်။ ခေါင်းမှာ ဖဲကြိုးကလေး ချည်ထားသည်။

ကောင်မလေး၏ အသားက ဝင်းဝါနေရာ ဈေးထဲက ကော်ပတ်ရုပ်ကလေးထက်ပင် ပိုလှသည်ဟု ထွန်းထွန်း ထင်မိလေသည်။

ကောင်မလေးကို ယခုလို တွေ့လိုက်ရသဖြင့် ထွန်းထွန်း အပျော်ကြီး ပျော်သွားလေသည်။

ကောင်မလေးအနားသို့ ရောက်လျှင် ကောင်မလေးကို စကားပြောမည်ဟု စိတ်ကူးလိုက်သည်။ သို့သော် ဘာစကားပြောရမည်ကိုမှ ထွန်းထွန်း မသိပါ။ မည်သို့ခေါ်ရမည်ကို ထွန်းထွန်း မသိပါ။

ထို့ကြောင့် စဉ်းစားချိန်ရအောင် လမ်းဖြည်းဖြည်း လျှောက်သည်။ တဖြည်းဖြည်းလျှောက်ရင်း ကောင်မလေးအား ပြောရမည့်စကားကို စဉ်းစားလာသည်။

တော်တော်နှင့် စဉ်းစားမရ။ စဉ်းစားမရလေ ထွန်းထွန်း စိတ်ရှုပ်လေ ဖြစ်လာသည်။ စိတ်ရှုပ်လေ ပို၍ စဉ်းစားမရလေ ဖြစ်နေသည်။

ကောင်မလေးနှင့် အတော်ကြီးနီးလာတော့ သူ ပြောရမည့် စကားကို စဉ်းစား၍ ရတော့သည်။

"နင်တို့ ဟိုနေ့တုန်းက ဒီအိမ်ကို ပြောင်းလာကြတာ မဟုတ်လားဟင်" ဟု မေးခွန်းထုတ်ရပေမည်။





ထိုသို့ စဉ်းစားမိသည်တွင် ထွန်းထွန်း အလွန် ပျော်သွားလေသည်။ ထို့ကြောင့် ကောင်မလေး ရပ်နေသည့် ခေါင်းရင်းအိမ်ရှေ့သို့ မြန်မြန်ရောက်အောင် အပြေးကလေး လျှောက်လာသည်။

သို့သော် ကောင်မလေးအနီးသို့ သူ မရောက်မီမှာပင် အိမ်ထဲမှ အသံတစ်ခု ပေါ်ထွက်လာသည်။

"မီးမီးရေ မီးမီး"

"ဟုတ်ကဲ့ပါ ဖေဖေ၊ မီးမီး လာပါပြီ"

ကောင်မလေးက နောက်ဘက် လှည့်ကြည့်ရင်း ပြန်ထူးကာ အိမ်ထဲသို့ ခပ်သွက်သွက်ကလေး ပြေးဝင်သွားလေတော့သည်။

ကောင်မလေးနှင့် စကားပြောခွင့် မရလိုက်သဖြင့် ထွန်းထွန်း ဝမ်းနည်းပက်လက် ဖြစ်သွားလေသည်။

သို့သော် ကော်ပတ်ရုပ်ကလေးလိုလှသော ကောင်မလေးသည် ခေါင်းရင်းအိမ်မှာ နေသူဖြစ်ကြောင်း သူ သိလိုက်ရပြီ ဖြစ်သောကြောင့် တစ်နည်းအားဖြင့် စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင်သွားပါသည်။

ထို့ထက် ကောင်မလေး၏ နာမည်မှာ 'မီးမီး' ဖြစ်ကြောင်း သိလိုက်ရသဖြင့် ပို၍ပျော်သွားမိလေသည်။

အိမ်ရောက်တော့ ပက်လက်ကုလားထိုင်ပေါ်မှာ သတင်းစာ ထိုင်ဖတ်နေသည့် ဖေဖေ့ကို တွေ့ရသည်။

"ဖေဖေ မီးမီးဆိုတဲ့ နာမည်မျိုး ရှိလားဟင်" ဟု ဖေဖေ့ အနားသို့ ကပ်သွားပြီး မေးကြည့်သည်။

"ဘယ်လို မိမိလဲကွ။ မင်းမေးတာ ငါ နားမလည်ပါလား"

ဖေဖေက သတင်းစာဖတ်မြဲ ဖတ်နေရာမှ ထွန်းထွန်းကို လှည့်မကြည့်ဘဲ ပြန်မေးသည်။

"ခေါင်းရင်းအိမ်မှာ လူတွေ ရောက်နေတယ်။ သူတို့သမီးကလေးက မီးမီးတဲ့ ဖေဖေ"

ထိုစကားကြောင့် ဖေဖေ အထိတ်တလန့် ဖြစ်သွားလေသည်။ ထွန်းထွန်းကိုလည်း ပြူးတူးပြဲတဲ ပြန်ကြည့်သည်။ ထွန်းထွန်းကတော့ ဘာမှ နားမလည်ရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးဆိုသော နာမည်မျိုးကို သူ မကြားဖူးသောကြောင့် ထို နာမည်မျိုး ရှိမရှိကိုသာ သိချင်နေလေသည်။

"ဟောဗျာ…မင်းက ခေါင်းရင်းအိမ်သွားပြီး အဲဒီအိမ်သားတွေနှင့် အပေါင်းအသင်း ဖြစ်နေပြီလားကွ"ဟုလည်း မျက်မှောင်ကုပ်၍ ကြည့်ရင်း မေးခွန်းထုတ်ပြန်သည်။

"မဟုတ်ဘူး ဖေဖေ၊ သား ကျောင်းက ပြန်လာတော့ အဲဒီ ကောင်မလေးကို သူ့ဖေဖေက မီးမီးလို့ လှမ်းခေါ်လိုက်တာ ကြားတာ။ မီးမီးဆိုတာ လူနာမည်လား ဖေဖေ"

"မီးမီးဆိုတာ လူနာမည် မဟုတ်ဘူးကွ။ ဒါပေမယ့် သူတို့သူဌေးတွေကတော့ အဆန်းလုပ်ပြီး ခေါ်တတ်ကြတယ်"

'သူဌေး' ဆိုသော အဓိပ္ပာယ်ကို ထွန်းထွန်း နားမလည်ပါ။ သို့သော်လည်း ဖေဖေနှင့် မေမေတို့က သူ့ကို 'မီးမီး' ဟု ခေါ်လျှင် ဘယ်လောက် ကောင်းမည်နည်းဟု တွေးကြည့်မိလေသည်။

"ဖေဖေ သားတို့လည်း သူတို့လိုသူဌေး လုပ်ကြရအောင်နော်။ ပြီးတော့ သားကိုလည်း ဖေဖေတို့က မီးမီးလို့ခေါ်နော်"

"တော်တော် လျှာရှည်တဲ့အကောင်ပဲ။ ကဲကဲ မင်း လွယ်အိတ်သွားအိမ်တော့ သတင်းစာကလေးတောင် ဖြောင့်အောင် မဖတ်ရဘူးကွာ"

ဖေဖေက ခပ်ဆတ်ဆတ်ပြောပြီး တွန်းလွှတ်လိုက်သဖြင့် မေမေ ရှိသည့် မီးဖိုချောင်ထဲသို့ ဝင်သွားရတော့သည်။

(၆)

မီးမီးတို့အိမ်သို့ သွားရောက်လည်ပတ်နိုင်မည့် နည်းလမ်းကို ထွန်းထွန်း အပြင်းအထန် ရှာဖွေနေသည်။

တစ်ရက်ပြီးတစ်ရက် အချိန်တွေ ကုန်လာသည်။ နည်းလမ်းရှာမတွေ့လေ ထွန်းထွန်း စိတ်မချမ်းသာလေ ဖြစ်လာသည်။ သို့သော်လည်း သူ အားမလျော့ဘဲ အချိန်ရှိသမျှ နည်းလမ်းကိုသာ ရှာနေသည်။

နောက်ဆုံးတွင် အကောင်းဆုံး နည်းတစ်ခုကို သူ စဉ်းစားမိလေတော့သည်။





အခန်းထောင့်ရှိ တောင်းထဲမှာ ရက်အတန်ကြာကတည်းက ထည့်ထားမိသော ဂျင်ကလေးကို သွားယူသည်။ ဂျင်ကလေးကို ဖေဖေနှင့် မေမေ မမြင်အောင် ဖုက်ကိုင်ပြီး အိမ်ရှေ့သို့ မယောင်မလည် ထွက်လာသည်။ မီးမီးတို့အိမ်ဘက်သို့ အရိပ်အကဲ လှမ်းကြည့်သည်။

မီးမီးကို မတွေ့ရ။ အခြား လူရိပ်လူရောင်ကိုလည်း မမြင်ရ။ တံခါးတွေ ဖွင့်ထားသော်လည်း လှုပ်ရှားမှုကင်းမဲ့ကာ တစ်အိမ်လုံး တိတ်ဆိတ်မှု အခြေအနေက တစ်စုံတစ်ရာ ပြောင်းလဲသွားခြင်း မရှိပါ။

မည်သူမှမရှိကြောင်း သေချာတော့မှ ထွန်းထွန်းသည် လက်ထဲမှ ဂျင်ကလေးကို မီးမီးတို့ခြံဝင်းအတွင်းရှိ မြက်ခင်းကလေးပေါ်သို့ လှမ်းပစ်လိုက်လေသည်။ သူ လိုချင်သည့်နေရာသို့ ဂျင်ကလေး တည့်တည့်မတ်မတ် ရောက်သွားသည်။

ဉာဏ်ကောင်းကောင်းနှင့် အသေချာဆုံး နည်းလမ်းကို စဉ်းစားရှာဖွေလိုက်နိုင်သည့်အတွက် ထိုညက စိတ်ချမ်းသာပြီး ထွန်းထွန်း အစောကြီး အိပ်ပျော်သွားလေသည်။

(၇)

နောက်တစ်နေ့သည် ထွန်းထွန်းတို့ ကျောင်းပိတ်သော စနေနေ့ ဖြစ်သည်။ မနေ့ညနေက အစီအစဉ်ကြောင့် အိပ်ရာမှ စောစောနိုးလာသည်။ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းကြောင့် စိတ်ထဲမှာ ပျော်သလိုလို ကြောက်သလိုလို ခံစားနေရသည်။

ဖေဖေနှင့်မေမေ လစ်သည်နှင့်တစ်ပြိုင်တည်း မီးမီးတို့အိမ်ဘက်သို့ အပြေးကလေး ထွက်လာသည်။

ထွန်းထွန်း ကံကောင်းသွားပါသည်။ မီးမီးတို့၏ ခြံတံခါးမှာ သော့မခတ်ဘဲ သည်အတိုင်း ဖွင့်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ခြံထဲသို့ တန်းတန်းမတ်မတ်ပင် ဝင်လာခဲ့လေသည်။

ကြည်ပြာတို့နှင့် သည်ခြံအတွင်းမှာ နေ့စဉ်နေ့တိုင်း ဆော့ကစားခဲ့ဖူးလေရာ ခြံကြီးနှင့် အိမ်ကြီးအကြောင်းကို ထွန်းထွန်း ကောင်းစွာ သိပါသည်။ တစ်ချက်ကလေးပင် တုံ့ဆိုင်းနေခြင်း မရှိဘဲ အိမ်ကြီးဆီသို့ တောက်လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးမကြီး ပိတ်ထားသည်ကို မြင်ရသဖြင့် တံခါးနားမှာ တွေတွေကလေး ရပ်နေမိသည်။ တံခါးခေါက်လိုက်လျှင် တော်ပါ့မလားဟုလည်း စဉ်းစားကြည့်သေးသည်။

သို့သော် 'မီးမီး' ဟူသော နာမည်ကိုသာသိပြီး လူချင်းကမသိ။ အသိအကျွမ်း မဟုတ်သောကြောင့် နာမည်ခေါ်၍ တော်ပါ့မလားဟုလည်း စဉ်းစားနေမိပြန်သည်။

သို့ကလို ချီတုံချတုံဖြစ်နေရင်း သည်အတိုင်းဆိုလျှင်တော့ သူ အကြီးအကျယ် ဆင်ထားခဲ့သည့် အစီအစဉ်ကြီး ပျက်တော့မည်ဟု တွေးမိကာ ဝမ်းနည်းလာလေသည်။ ထိုနေရာမှာပင် ဖင်ချထိုင်ပြီး အော်ဟစ် ငိုပစ်လိုက်ချင်စိတ် ပေါက်လာသည်။

ထိုအခိုက် အိမ်ထဲမှ ခြေသံကြားရသည်။ တံခါးဆီသို့ လျှောက်လာသည့်ခြေသံ ဖြစ်သည်။ တစ်ယောက်ယောက်က တံခါးလာဖွင့်တော့မည်ဟု သူ ထင်ပါသည်။ တံခါးလာဖွင့်သူမှာ မီးမီး ဖြစ်ပါစေဟုလည်း ကျိတ်ပြီး ဆုတောင်းနေမိသည်။

ထို့ကြောင့် နေရာမှမရွေ့ဘဲ ရပ်မြဲရပ်ကာ စိတ်အားထက်သန်စွာဖြင့် တံခါးမကြီးကို စိုက်ကြည့်နေမိသည်။

ထိုသို့ ကြည့်နေဆဲမှာပင် တံခါးမကြီး ရုတ်တရက် ပွင့်သွားသည်။

သို့သော် တံခါးလာဖွင့်သူကား မီးမီး မဟုတ်ပါချေ။

အသက်ကြီးသော ဦးဦးတစ်ယောက် ဖြစ်နေသည်။

ထွန်းထွန်းက ဦးဦးကိုငေးကြည့်ရင်း အကဲခတ်နေမိသည်။

ဦးဦး၏အသားက အတော်ဖြူပါသည်။ မျက်နှာကတော့ နီစပ်စပ် ဖြစ်နေသည်။ ဖေဖေ့ထက် အသက်ငယ်နိုင်သည်ဟု ထွန်းထွန်းခန့်မှန်း ကြည့်သည်။

သို့သော်လည်း သူ့ခေါင်းက အလွန်အမင်း ပြောင်နေသည်။ နောက်စေ့ဘက်မှာသာ ဆံပင်အနည်းငယ်ရှိသည်။ ကိုယ်လုံးကိုယ်ထည်က တောင့်တင်းသည်။ အဝတ်အစားများက အသစ်တွေဖြစ်ပြီး သိပ်လှသည်ဟု ထွန်းထွန်း ထင်လေသည်။

သည်လောက်လှသည့် အဝတ်အစားများကို ထွန်းထွန်း မမြင်ဖူးပါ။ ဖေဖေလည်း မဝတ်ဖူးပါ။ မေမေ့မှာလည်း သည်လောက်လှပြီး သည်လောက်ကောင်းသည့် အဝတ်အစားများ မရှိပါ။





ဦးဦးက သူ့ကို ပြုံးပြနေသည်ဟု ထွန်းထွန်း ထင်သည်။ သို့ကြောင့် သတ္တိများ အလိုလိုရှိလာသည်။

"သား ဂျင်ကလေး ဟောဟို မြက်ခင်းထဲမှာ ပျောက်သွားလို့ သားရှာမလို့လာတာ"

ဦးဦးက ထွန်းထွန်းကို အနားကပ်ပြီး သေသေချာချာ ငုံ့ကြည့်သည်။ ပြီးတော့ အားပါးတရပြုံးသည်။

"သားရဲ့ဂျင်လေးပျောက်သွားလို့လား၊ သား ဘယ်သူလဲဆိုတာ ဦးဦးကို ပြောပြဦးလေကွယ်"

"သားနာမည်က ထွန်းထွန်း၊ ဟိုဘက်အိမ်က ဖေဖေ့ရဲ့သား၊ သားက ဟိုဘက်အိမ်မှာ ဖေဖေတို့နှင့် အတူတူနေတယ်"

"ဪ...ဟိုဘက်အိမ်က ဖေဖေ့ရဲ့သား ထွန်းထွန်းတဲ့လား"

ဦးဦးက သူ့ရုပ်အင်္ကျီလက်နှစ်ဘက်ကို ပင့်တင်သည်။ စောစောက အတိုင်း အားပါးတရ ပြုံးမြဲပြုံးနေသည်။

"သားရဲ့ ဂျင်ကလေး မြက်ခင်းထဲမှာ ပျောက်သွားတယ်ဆိုရင် မြက်ခင်းထဲမှာပဲ ရှိမှာပေါ့ကွယ်။ ဒါပေမယ့် သားတစ်ယောက်တည်း တွေ့အောင် ရှာနိုင်ပါ့မလား။ ဦးဦး ကူရှာပေးရမလား"

ဦးဦးသည် ပြောပြောဆိုဆိုဖြင့် လေ့ကားထစ်များအတိုင်း ခြေလှမ်း မှန်မှန်ဖြင့် ဆင်းလာလေသည်။

"ဟင့်အင်း ဟင့်အင်း သားဘာသာရှာမယ်။ သား တွေ့အောင် ရှာတတ်တယ်"

ထွန်းထွန်းက ခွတ်တားလေသည်။ ပြီးတော့ မြက်ခင်းဆီသို့ ပြေးထွက်လာသည်။ သူ သေသေချာချာ မှတ်ထားသည့် ပန်းချုံကလေးအောက်မှ ဂျင်ကလေးကို ကောက်ယူလိုက်သည်။

"ဦးဦး ဟောဒီမှာ တွေ့ပြီ"

ဟုလည်း ဝမ်းသာအားရ အော်ပြောသည်။

"သားက ဂျင်ပေါက်တတ်လို့လား"

ဦးဦးက ထွန်းထွန်းရပ်နေရာသို့ လျှောက်လာရင်းမေးသည်။

"ပေါက်တတ်တယ်၊ သားက သိပ်တော်တယ်။ သိလား ဦးဦး"

ထွန်းထွန်း ရပ်နေရာသို့ လျှောက်လာရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်တတ်တယ်။ သားက သိပ်တော်တယ်။ သိလား ဦးဦး"

ထွန်းထွန်းက ဂျင်ကလေးကိုမြှောက်ပြရင်း ရင်ကော့ကာ ကြွားကြွားဝါဝါကြီး ပြောသည်။

"ဟုတ်လား သားက သိပ်တော်သလား။ ကောင်းတာပေါ့ကွယ်။ ဒီလိုဆိုရင် သားနှင့်ဦးဦး ဂျင်ပြိုင်ပေါက်ရအောင်လေ။ ဦးဦးကို သားနိုင်အောင် ပေါက်နိုင်ပါ့မလား"

ဦးဦးက ပြုံးပြုံးကြီးစိုက်ကြည့်ရင်း မေးနေသည်။

ဖေဖေတို့အရွယ် ဦးဦးက သူနှင့်အတူ ဂျင်ပြိုင်ပေါက်မည်ဟု ပြောဆိုခြင်းခံရသည့်အတွက် ထွန်းထွန်း အလွန်တရာ အံ့သြသွားလေသည်။

သည်စကားမျိုးကို ဘယ်တုန်းကမှ ဖေဖေ မပြောဖူးပါ။ မပြောရုံသာမက ဂျင်ပေါက်ရမည်လားဆိုကာ ဖေဖေက မကြာခဏ မာန်မဲတတ်ပါသေးသည်။

ထို့ကြောင့် ဦးဦးကို ထွန်းထွန်း အလွန်သဘောကျသွားလေသည်။

"ဦးဦးနှင့်သား အခုပြိုင်ပေါက်မလားဟင်။ သား ပေါက်ရင် မှတ်နေအောင် လည်တယ်။ သိလား ဦးဦး"

"ဟုတ်လား၊ သိပ်ကောင်းတာပေါ့ကွ။ ဒါပေမယ့် အခုတော့ ပြိုင်ပေါက်လို့ မဖြစ်သေးဘူး သားရဲ့။ ဦးဦးမှာ အလုပ်ကလေးတွေ ရှိနေသေးတယ်နော်။ နောက်တစ်ခါမှ ပေါက်တာပေါ့ကွယ်"

"ဒီလိုဆိုရင် သားနှင့် ဂျင်ပြိုင်ပေါက်ဖို့ မီးမီးကို ခေါ်ပေးပါလား ဦးဦး"

"မီးမီးလား အဲဒါမှ ဒုက္ခပဲကွယ်။ မီးမီးက ဂျင်မပေါက်တတ်ဘူး သားရဲ့"

"ဦးဦးက သူ့ကို သင်မပေးထားဘူးလား။ မီးမီးက တခြား ဘာမှ မကစားတတ်ဘူးလား"

"အင်း...ဒီလိုတော့လည်း မဟုတ်ပါဘူး သားရယ်။ မီးမီး ကစားတတ်တာတွေ ရှိပါတယ်။ ဥပမာ...ဘောလုံးနှင့် ကစားတာမျိုးပေါ့"

"ကြမ်းပေါ်မှာ ဘောလုံးကို ပုတ်ပြီး တစ် နှစ် သုံး လေး ရေတာမျိုးလား ဦးဦး၊ သားလည်း ကစားတတ်တယ်။ အဲဒီလို ကစားတာ သား သိပ်တော်တယ်။ ခြောက်ခါ ခုနစ်ခါတောင် ရအောင်ပုတ်တတ်တယ်။





ဒါပေမယ့် သားမှာ ဘောလုံးမရှိဘူး ဦးဦး။ သားက ဘောလုံးတွေ ခဏခဏ ပျောက်ပစ်လို့ ဖေဖေက သားကို ဆူတယ်။ နောက်ထပ်လည်း ဝယ်မပေးတော့ဘူး"

ဦးဦးက ထွန်းထွန်း၏ ပါးကလေးကို တယုတယ ပွတ်သည်။

"ဟုတ်လား။ ဘောလုံးအသစ်ကလေးတစ်လုံး သားမလိုချင်ဘူးလား။ ဦးဦး ပေးနိုင်ပါတယ်ကွ။ ကဲ...လာ အိမ်ထဲကို လိုက်ခဲ့နော်"

ဦးဦးက ထွန်းထွန်း၏ လက်ကို ညင်သာစွာ ဆွဲယူပြီး အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ ပြီးတော့ အတွင်းခန်းဘက်သို့လည်း လှမ်းအော်ခေါ်သည်။

"မီးမီးရေ...ဟေ့ မီးမီး၊ ဟောဒီမှာ လာကြည့်စမ်းပါဟေ့၊ မီးမီးနှင့်အတူတူ ကစားဖို့ သူငယ်ချင်းတစ်ယောက် ဖေဖေ ခေါ်လာခဲ့တယ်"

ဦးဦးနှင့်အတူ အိမ်ထဲလိုက်ပါသွားရင် ထွန်းထွန်း အပျော်ကြီးပျော်နေမိလေသည်။ သူ့ကို မည်သည့်လူကြီးများကမှ ယခုကဲ့သို့ အရေးတယူနှင့် ချစ်ချစ်ခင်ခင် ယုယုယယ ပြောဆိုဆက်ဆံခြင်း မပြုခဲ့ဖူးချေ။ ထို့ကြောင့် ဦးဦးကို သူ အလွန်အမင်း သဘောကျသွားလေသည်။

ချက်ချင်းဆိုသလိုပင် နောက်ဖေးခန်းထဲမှ မီးမီး ပြေးထွက်လာသည်ကို တွေ့ရသည်။ သူတို့ရှေ့မှာ လာရပ်သည်။

မီးမီးသည် ဟိုနေ့တုန်းကလို ဂါဝန်နီနီကလေး ဝတ်မထားပါ။ လိမ္မော်ရောင် ဂါဝန်အသစ်ကလေးနှင့် ဖြစ်နေသည်။ ထိုဂါဝန်အရောင်နှင့် လိုက်ဖက်သော ကင်းဘတ်ဖိနပ်ကို စီးထားသည်။ မည်းနက်သော ဆံပင်တိုကလေးကိုမူ ဟိုနေ့ကအတိုင်း ဖဲကြိုးလှလှကလေးနှင့် ချည်နှောင်ထားလေသည်။ ထိုဖဲကြိုးကလေးကလည်း လိမ္မော်ရောင်ပင် ဖြစ်သည်။

ဈေးထဲမှာ ထွန်းထွန်းတွေ့ဖူးသော ကော်ပတ်ရုပ်ကလေးထက် ပိုလှသည်မှာ အမှန်ဖြစ်ကြောင်း ပိုသေချာသွားပါသည်။

## (၈)

ထွန်းထွန်းနှင့်မီးမီးသည် ကျောင်းအားသည့် အချိန်တိုင်း တပူးပူး တွဲတွဲနှင့် ခွဲမရအောင် ဖြစ်နေကြလေသည်။

ထွန်းထွန်းကို သူ့အိမ်မှာ တွေ့ရခဲ၏။ မီးမီးတို့ အိမ်မှာသာ အနေများသည်။ ထမင်းစားချိန်နှင့် အိပ်ချိန်များတွင် မေမေက တကြော်



www.burmeseclassic.com

www.burmeseclassic.com



ကြော်ခေါ်နိုင်မှ နေ့ကွေးလေးလံသော ခြေလှမ်းများဖြင့် ပြန်လာတတ်လေသည်။

စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် မီးမီးတို့အိမ်မှာ တစ်နေကုန် နေတတ်သည်။ အိမ်ကိုလည်း ထမင်း မှန်မှန် ပြန်မစားတော့။ မီးမီးနှင့် အတူစားသည်။ မီးမီးနှင့် စားရသည့် ဟင်းများက အလွန်ကောင်းသည်။ ထွန်းထွန်းတို့ အိမ်မှာဆိုလျှင် ဒါလောက်ကောင်းကောင်းနှင့် ဒါလောက် ဟင်းအမယ်များများ ဘယ်တုန်းကမှ မစားခဲ့ရဖူးချေ။

"သူများအိမ်ဆိုတာ ဒါလောက်တောင် လည်ရတာ မဟုတ်ဘူးကွ။ လိမ္မာတဲ့အကောင်ဆိုတာ တော်ရုံပဲ လည်ရတယ်" ဟု ဖေဖေနှင့်မေမေက ထွန်းထွန်းကို မကြာခဏ ပြောတတ်သည်။

မီးမီးတို့အိမ်ဖြစ်သောကြောင့် သူများအိမ်ဟု ထွန်းထွန်း မထင်ပါ။ သူများအိမ်ကိုလည်း သူမလည်ပါ။ မီးမီးတို့ တစ်အိမ်တည်းသို့သာ လည်ခြင်း ဖြစ်လေသည်။

ဖေဖေနှင့်မေမေက မီးမီးတို့ မိသားစုကိုလည်း သဘောကျပုံ မပေါ်ချေ။ ထို့ကြောင့် ထွန်းထွန်း စိတ်မကောင်း ဖြစ်မိလေသည်။

"အဲဒီအိမ်မှာ ကြည်ပြာတို့ နေတုန်းကလည်း သား အမြဲတမ်းသွားလည်တာပဲ မဟုတ်လား ဖေဖေ"

"ကြည်ပြာတို့က အခုလူတွေနှင့် မတူဘူးကွ။ ကြည်ပြာတို့ အဖေက လူကောင်းသူကောင်းကြီး"

ဖေဖေပြောသော စကားကို ထွန်းထွန်း ကောင်းကောင်း နားမလည်ပါ။

"မီးမီးတို့ ဖေဖေက လူဆိုးကြီးလား ဖေဖေ"

ထိုသို့မေးတိုင်း ဖေဖေ ခေါင်းညိတ်ပြီး ပြန်ဖြေစမြဲ ဖြစ်သည်။

"ဟုတ်တယ်၊ မီးမီးတို့ဖေဖေက လူဆိုးကြီး"

ထိုအဖြေကို ကြားရတိုင်း ထွန်းထွန်း စိတ်မချမ်းမသာ ဖြစ်ရလေသည်။ မီးမီးတို့ဖေဖေကို လူဆိုးကြီးဟု ပြောရမည်လားဆိုတာ ဖေဖေ့ကို စိတ်ဆိုးစမြဲ ဖြစ်လေသည်။

သို့သော် ထွန်းထွန်း ဘာမှပြန်မပြောတတ်ပါ။ မီးမီးတို့ အိမ်သို့မှ ဝတ္တရားမပျက် အချိန်ပြည့် သွားမြဲတိုင်း သွားနေသည်။ မီးမီးနှင့်အတူ ကစားမြဲ ကစားနေသည်။





ထိုသို့ ဝတ္တရားမပျက် သွားမြဲတိုင်း သွားနေရလင့်ကစား စိတ်ထဲမှာတော့ မဝေခွဲတတ်အောင် ဖြစ်နေမိသည်။

မီးမီးတို့ မိသားစုကို ဖေဖေနှင့်မေမေက ဘာကြောင့် အထင်သေး အမြင်သေး ဖြစ်ရသနည်း။ မီးမီးတို့ဖေဖေကို ဘာကြောင့် 'လူဆိုးကြီး' ဟု ပြောရသနည်း။

ထွန်းထွန်း အမြင်တွင်မူ မီးမီးတို့ မိသားစုသည် အလွန်အမင်း အားကျစရာ ဖြစ်နေသည်။ ကောင်းကောင်း စားနိုင်သည်။ ကောင်းကောင်း ဝတ်နိုင်သည်။ မီးမီးသည် သူနှင့်အတန်းတူသော်လည်း နေ့တိုင်း မုန့်ဖိုး အများကြီးရသည်။

နောက်ပြီးတော့ သူလို သူတို့ရပ်ကွက်ထဲက ကျောင်းမှာ မနေ။ မြို့ထဲက တိုက်ကျောင်းအကြီးကြီးမှာ နေသည်။ သူ့ ဖေဖေက မော်တော်ကား လှလှကလေးကို ကိုယ်တိုင်မောင်းပြီး ကျောင်းပို့ ကျောင်းကြို လုပ်သည်။

မီးမီးတို့ မိသားစုလို အားကျစရာကောင်းသော အခြားမိသားစုကို ထွန်းထွန်း မမြင်ဘူးပါ။ အဝေးကြီးသို့ ပြောင်းသွားသော ကြည်ပြာတို့ မိသားစုထက်ပင် ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်ပြီး ကောင်းကောင်းနေသည်ကို ထွန်းထွန်း သတိပြုမိသည်။

မီးမီးကလည်း အလွန်လိမ္မာသည်။ အဝတ်အစား လှလှကလေးတွေကို အမြဲဝတ်သည်။ မီးမီးမှာ အဝတ်လှလှကလေးတွေ၊ ဖိနပ်လှလှကလေးတွေ၊ ဖဲကြိုးလှလှကလေးတွေ အများကြီးရှိသည်။

ထို့ကြောင့် မီးမီးလည်း 'လူဆိုးကြီး' မဟုတ်ပါ။

နောက်ပြီးတော့ မီးမီးတို့ ဖေဖေကို တဖြည်းဖြည်းနှင့် ထွန်းထွန်း ပိုပြီး သဘောကျလာသည်။ မီးမီးထက်ပင် ပိုပြီး သဘောကျမိလေသည်။

မီးမီးတို့အိမ်မှာ အချိန်ရှိသမျှ နေနေခြင်းသည် မီးမီးနှင့်ကစားရသော အကြောင်းတစ်ခုတည်းကြောင့် မဟုတ်ပါ။

မီးမီးတို့ ဖေဖေက သူ့အပေါ် ဆက်ဆံပို၊ ယုယကြင်နာပုံ၊ အရေးတယူရှိပုံများက အဓိကအကြောင်း ဖြစ်ပါသည်။ ပြီးတော့ မီးမီးတို့ ဖေဖေပြောသည့် စကားများကို နားထောင်၍ မဝပါ။

မီးမီးတို့ ဖေဖေက ပုံပြောလည်း အလွန်ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေယုန်နှင့်ရွှေကျား သက်ကယ်ရိတ်သွားသည့် ပုံပြင်၊ မင်းသမီးချောချောကလေးနှင့် သစ္စာရှိသော ငမိုးရိပ်မိကျောင်း ပုံပြင်များသာမက တောင်သူလယ်သမား တော်လှန်ရေးခေါင်းဆောင်ကြီး ဂဠုန်ဆရာစံအကြောင်း၊ နယ်ချဲ့ တော်လှန်ရေးသမားကြီး ဗိုလ်မင်းရောင်အကြောင်း၊ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း၊ ကဗျာဆရာအနန္တသူရိယအမတ်ကြီးအကြောင်း၊ စာရေးဆရာများဖြစ်သော နတ်သျှင်နောင်၊ ဦးပုည၊ မမြကလေး၊ လှိုင်ထိပ်ခေါင်တင် စသူတို့အကြောင်း၊ သတင်းစာဆရာကြီး ဘိုးဝဇီရအကြောင်း စသဖြင့် ပုံပြင်နှယ်အကြောင်းအရာပေါင်းများစွာကို အလျဉ်းသင့်သလို မကြာခဏ ပြောပြတတ်ပါသည်။

မီးမီးတို့ဖေဖေ ပြောပြသည့် အကြောင်းအရာတိုင်းကို ထွန်းထွန်း သေသေချာချာ နားလည်သည်တော့ မဟုတ်ပါ။

သို့သော်လည်း မီးမီးတို့ ဖေဖေ ပုံပြောရာတွင် ထူးခြားချက်တစ်ခု ရှိပါသည်။ ယင်း ထူးခြားချက်များ ယောကျ်ားအကြောင်း ပြောလျှင် ယောကျ်ားသံနှင့်ပြောပြီး မိန်းမအကြောင်းပြောလျှင် မိန်းမသံနှင့် ပြောတတ်ခြင်း ဖြစ်ပါသည်။ မိန်းမသံနှင့် ခွဲခြားမရအောင် တူပါသည်။

ထို့ကြောင့် အလွန် နားထောင်ကောင်းသည်။

မီးမီးတို့ ဖေဖေကို မီးမီးထက်ပိုပြီး ထွန်းထွန်း သဘောကျမိခြင်းမှာ ထိုအကြောင်းများကြောင့် ဖြစ်ပါသည်။

(၉)

"ထွန်းထွန်း ဖေဖေ ရေးတဲ့စာအုပ်တွေ နင် ကြည့်ချင်သလားဟင်"

တစ်နေ့တွင် မီးမီးက မေးသည်။ ထွန်းထွန်းက အထူးအဆန်းထင်ပြီး ခေါင်းညိတ်ပြလိုက်သည်။

မီးမီးက အခန်းတစ်ခုထဲသို့ ခေါ်သွားသည်။ အခန်းထဲမှာ စာအုပ်အပြည့်အသိပ်ထည့်ထားသော ဗီရိုတွေ အများကြီးတွေ့ရသည်။ ထိုဗီရိုများကို မိမိအိမ်ပေါ်တင်လျှင် မဆံ့နိုင်ဟု ထွန်းထွန်း တွေးကြည့်မိလေသည်။

"အဲဒါ တို့ ဖေဖေရေးတဲ့ စာအုပ်တွေ"





မီးမီးက လက်ညှိုးကလေး ထိုးပြပြီး ပြောသည်။ သို့သော် ထွန်းထွန်း နားမလည်ပါ။ သူ လွယ်အိတ်ထဲထည့်ပြီး ကျောင်းသို့ယူသွားသည့် စာအုပ်များကို အားလုံးပေါင်းလျှင် ဗီရိုထဲက စာအုပ်ထူထူကြီးတစ်အုပ် စာလောက် မရှိပါ။

ဦးဦးရေးသည့် စာအုပ်တွေ ဆို၍သာ ကြည့်နေရသည်။ သည်ထက်ပိုပြီး ထွန်းထွန်း ဘာမှစိတ်မဝင်စားပါ။

"တို့ ရိုက်ထားတဲ့ ဓာတ်ပုံတွေရော ကြည့်ဦးမလား"

မီးမီးက မေးပြန်သည်။ ဓာတ်ပုံဆိုလျှင်တော့ စာအုပ်ထက်ပိုပြီး ထွန်းထွန်း စိတ်ဝင်စားပါသည်။ ထို့ကြောင့် ခေါင်းညိတ်ပြလိုက်ရပြန်သည်။

မီးမီးက ထိုအခန်းထဲရှိ စားပွဲပေါ်မှ စာအုပ်ထူထူကြီးကို သွားယူသည်။ ဓာတ်ပုံပြမည်ဆိုပြီး စာအုပ်ထူကြီးကို တွေ့ရပြန်သောကြောင့် ထွန်းထွန်း စိတ်ပျက်သွားသည်။

"ဟော ဒီမှာကြည့်"

ထိုစာအုပ်ထူကြီးကို မီးမီးက ဖွင့်ပြလိုက်သောအခါကျမှ စာလုံးများကို မတွေ့ရဘဲ ရောင်စုံဓာတ်ပုံများ ကပ်ထားသည်ကို တွေ့ရလေတော့သည်။ ထို့ကြောင့် ထွန်းထွန်း အလွန်ပျော်သွားသည်။

ဓာတ်ပုံတွေထဲမှာ မီးမီးတို့ဖေဖေ၊ မီးမီးတို့ မေမေ၊ မီးမီးနှင့် ထွန်းထွန်း မမြင်ဘူးသော အခြားလူများပါသည်။ ပုံစံတွေက အမျိုးမျိုးဖြစ်သည်။ မြင်ကွင်းတွေက အမျိုးမျိုး ဖြစ်သည်။

ထွန်းထွန်းက တစ်မျက်နှာပြီးတစ်မျက်နှာ လှန်ကြည့်သွားသည်။

"အဲဒီ ပုံကြီးမကြည့်စမ်းနှင့်ဟယ်။ ငါ မှန်းလွန်းလို့။ ဒါကြီးကို ငါ ဆွဲဆုတ်ပစ်ချင်နေတာ"

ထွန်းထွန်းက မီးမီးကို နားမလည်သလို မော့ကြည့်သည်။ ပြီးတော့ စာအုပ်ထူထူကြီးထဲမှ ရောင်စုံဓာတ်ပုံကို ပြန်ကြည့်သည်။

ဦးဦးသည် အဝတ်အစားသစ်များကို ဝတ်ထားသည်။ လက်ထဲမှာ ဖန်ခွက်တစ်လုံးနှင့် လေးထောင့်စပ်စပ် ပုလင်းတစ်လုံး ကိုင်ထားသည်။ ပုလင်းထဲမှ အနီရောင်ရေများကို ဖန်ခွက်ထဲသို့ သွန်ထည့်နေသည်။

"ဘာဖြစ်လို့လဲဟင်၊ ဒီပုံလှပါတယ်ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ပါနှင့်ဟယ်...၊ ငါ မုန်းလွန်းလို့"

ထွန်းထွန်းက မီးမီးကို နားမလည်နိုင်သလို မော့ကြည့်ပြန်သည်။ မီးမီး၏ မျက်လုံးထဲ၌ မျက်ရည်များ ဝိုင်းနေသည်ကို တွေ့ရသည်။

ထွန်းထွန်းကတော့ ထိုဓာတ်ပုံကို အလွန်သဘောကျမိလေသည်။ ထိုပုံထဲတွင် ဦးဦးက ထုံးစံအတိုင်း အားပါးတရ ပြုံးနေသည်။ ဦးဦး ပြုံးလျှင် အလွန်ပျော်စရာ ကောင်းပါသည်။ ထို့ကြောင့် မျက်တောင်မခတ် ကြည့်နေမိသည်။

သို့သော် မီးမီးက ဓာတ်အမွှေ နောက်တစ်ရွက်ဆွဲလှန်လိုက်တော့သည်။

မီးမီးတို့ဖေဖေသည် ပိုက်ဆံတွေ အများကြီးရသည့် စာရေးဆရာဖြစ်ကြောင်း၊ ပိုက်ဆံတွေကိုလည်း အများကြီးသုံးကြောင်း မီးမီးက ပြောပြသည်။

အဓိပ္ပာယ်ကိုတော့ ထွန်းထွန်း နားမလည်ပါ။

## (၁၀)

တစ်နေ့ မီးမီးတို့အိမ်သို့ ထွန်းထွန်း ရောက်သွားသောအခါ မီးမီးတို့အားလုံး အပြင်သွားဖို့ အသင့်ပြင်ဆင်ပြီး ဖြစ်နေကြသည်ကို တွေ့ရသည်။

"တို့ စာအုပ်တိုက်သွားမလို့"

ဟု မီးမီးက ဆီးပြောသည်။

'စာအုပ်တိုက်' ဆိုသည်ကို ထွန်းထွန်း နားမလည်ပါ။ သို့သော် သူ တစ်ယောက်တည်း ကစားဖော်မရှိဘဲ ကျန်ရစ်ခဲ့ရတော့မည့် အဖြစ်ကို စဉ်းစားမိသဖြင့် ငိုမဲ့မဲ့ ဖြစ်သွားလေသည်။

"သားရော ဦးဦးတို့နှင့်အတူ စာအုပ်တိုက်ကို လိုက်ချင်သလား"

ဦးဦးက ထွန်းထွန်းကို ပျာပျာသလဲ လှမ်းမေးသည်။

ထွန်းထွန်းက အသွက်လက်ဆုံး ခေါင်းညိတ်ပြလိုက်လေသည်။

"ဒီလိုဆိုရင် သား ဖေဖေနှင့်မေမေ့ဆီမှာ ခွင့်သွားတောင်းချေနော်။ ဦးဦးတို့က စောင့်နေမယ်"

ထွန်းထွန်းသည် ဝမ်းသာအားရဖြင့် အိမ်ဘက်သို့ ပြန်ပြေးလာခဲ့သည်။





သို့သော် ဖေဖေ့ကိုရော မေမေ့ကိုပါ သူ ဘာမှမပြောပါ။ ချက်ချင်း အိမ်ပေါ်မှဆင်းပြီး ဦးဦးတို့ရှိရာသို့ ပြန်လာခဲ့သည်။

"ဘာတဲ့လဲသား"

ဟု ဦးဦးက ဆီးမေးသည်။

"လိုက်သွားတဲ့ ဦးဦး"

ဘာကြောင့် လိမ်ပြောလိုက်မိသည်ကို ထွန်းထွန်းကိုယ်တိုင် မသိပါ။ သူ အပျော်လွန်နေသည်ကိုသာ သိပါသည်။

ဦးဦးကိုယ်တိုင် မောင်းသည့် မော်တော်ကားလှလှကလေးပေါ်မှာ ထွန်းထွန်းက မီးမီးနှင့်အတူ နောက်ပိုင်းမှာ ထိုင်သည်။ မီးမီးတို့ မေမေက ရှေ့ခုံမှာ ထိုင်သည်။

သည်လိုကားမျိုးကို ထွန်းထွန်း တစ်ခါမှ မစီးဘူးပါ။ ထိုင်ရသည်မှာ အလွန် အိစက်ညက်သောလေသည်။ ထွန်းထွန်း စီးဖူးသည်မှာ ဘတ်စ်ကားနှင့် မြို့ပတ်ရထားသာ ဖြစ်သည်။ ဘတ်စ်ကားနှင့် မြို့ပတ်ရထားက လူတွေ ကျပ်လွန်းသည်။ ယခုလို ချောင်ချောင်ချိချိ ဇိမ်နှင့်မထိုင်နိုင်။ ချောင်ချောင်ချိချိ ဇိမ်နှင့် ထိုင်နိုင်ပြန်တော့လည်း ပျဉ်ပြားအခင်းက ဖင်နာသည်။ ယခုလို အိစက်ညက်ညောမနေပါ။

ထိုနေ့က စာရွက်များကို ထည့်ရိုက်နေသော အသံအလွန်မြည်သည့် စက်ကြီးတွေကို မြင်ရသည်။ ဦးဦးရေးသည့်စာတွေကို စာအုပ်ဖြစ်အောင် ရိုက်နေခြင်းဖြစ်သည်ဟု မီးမီးက ရှင်းပြသည်။

ထွန်းထွန်း အလွန်သဘောကျမိပါသည်။ စက်ကြီးထဲက စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက် ထွက်ကျလာသည်ကိုကြည့်ပြီး အလွန်သဘောကျ နေမိသည်။

သို့သော် စက်ကြီးက လည်ပတ်နေပြီး တဒိန်းဒိန်း အသံမြည်နေသောကြောင့် အနားသို့ မကပ်ရဲပါ။ ကြောက်ကြောက်လန့်လန့်ဖြင့် ဦးဦး၏လက်ကို တင်းတင်းကြီး ဆုပ်ကိုင်ထားရလေသည်။

ထိုစာအုပ်တိုက်မှတစ်ဆင့် ဟိုတယ်ကြီးတစ်ခုသို့ သွားကြသည်။ ဟိုတယ်ဆိုသည်ကို ထွန်းထွန်း ပထမဆုံးမြင်ဖူးခြင်း ဖြစ်သည်။ မီးမီးတို့ ဖေဖေက အနီရောင်ရှိသော အရည်နှင့်ရေခဲမှာ သောက်သည်။ ထွန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



တို့က မုန့်တွေစားကြသည်။ ဘာမုန့်တွေဖြစ်သည် ထွန်းထွန်း မသိပါ။ သို့သော်လည်း အလွန်စားကောင်းပါသည်။

မေမေနှင့် မေမေ့အတွက် ယူသွားချင်သော်လည်း ဦးဦးတို့နှင့် လိုက်သွားကြောင်း မေမေသိလျှင် အဆူခံရမည် စိုးသောကြောင့် အသာ ကလေး ငြိမ်နေလိုက်ရသည်။ ယူသွားလိုသည်ဆိုလျှင် မီးမီးတို့မေမေက ဝယ်ပေးမည်ဖြစ်ကြောင်း ထွန်းထွန်း အတပ်သိပါသည်။

ထိုနေ့က ထွန်းထွန်း အလွန်ပျော်သည်။

## (၁၁)

"ဦးဦး"

"ဗျာ"

"ဦးဦးက စာရေးဆရာကြီးနော်"

"ဟုတ်တာပေါ့ သားရဲ့"

"သားလည်း တစ်နေ့ကျရင် ဦးဦးလို စာရေးဆရာကြီး ဖြစ်မယ် နော်"

"အမှန်ပေါ့ဗျာ။ သားက ဦးဦးထက်ပိုပြီး အောင်မြင်တဲ့ စာရေး ဆရာကြီး ဖြစ်လာမှာပေါ့"

"ဒီလိုဆိုရင် သားကို စာရေးတတ်အောင် သင်ပေးမလား"

ထိုစကားကြောင့် ဦးဦးက အားပါးတရ ရယ်လေသည်။

ထွန်းထွန်း၏ ဖောင်းအိသော ပါးကလေးကိုလည်း အသာအယာ ပွတ်နေသည်။

"သား တကယ်ပြောတာ ဦးဦးရဲ့။ သားလည်း ဦးဦးလို စာရေး ဆရာကြီး သိပ်ဖြစ်ချင်တာပဲ။ ဦးဦး သင်ပေးမလား"

"သင်ပေးတာပေါ့သားရယ်။ ဒါပေမယ့် ဦးဦးပြောတဲ့အတိုင်း သား က လုပ်မှ ဦးဦး သင်ပေးနိုင်မယ်ကွ"

"သား ဘာလုပ်ရမလဲ ဦးဦး"

"သားတို့ အတန်းတင်စာမေးပွဲကြီး နီးလာပြီမဟုတ်လား။ အဲဒီ စာမေးပွဲကြီးမှာ သား ပထမရအောင် ကြိုးစားရမယ်။ ပထမရရင် သား စာရေးဆရာကြီးဖြစ်အောင် ဦးဦး သင်ပေးမယ်။ ကဲ ဘယ်လိုလဲ"





စာမေးပွဲတွင် ပထမရအောင် ကြိုးစားရမည် ဆိုခြင်းကြောင့် ထွန်းထွန်းမှာ ချက်ချင်းပင် စိတ်ပျက်လက်ပျက် ဖြစ်သွားလေတော့သည်။

"ဟင့်အင်း...ဟင့်အင်း အဲဒါတော့ သား မဖြစ်နိုင်ဘူး ဦးဦးရယ်"

ဟုလည်း စိတ်ပျက်အားငယ်သံကလေးဖြင့် ပြန်ပြောရှာသည်။

"ဘာကြောင့် မဖြစ်နိုင်ရမလဲ သားရဲ့။ သင်္ချာတွေက သိပ်ခက် တာပဲ သား တွက်တိုင်းမှားတယ်"

"ဒီလိုဆိုရင် သားကို ဦးဦး သင်ပေးမယ်လေ။ သားကလည်း ကြိုးစားရမယ်။ သားက ဉာဏ်ကောင်းတော့ ကြိုးစားလိုက်ရင် သိပ်တော် လာမှာ၊ ကဲ...ဘယ်လိုလဲ"

ထိုစကားကို ကြားရသည်တွင် ထွန်းထွန်း၏ မျက်နှာကလေးမှာ တဖြည်းဖြည်း ကြည်လင်ရွှင်ပျလာလေသည်။

"ဦးဦး တကယ် သင်ပေးမှာလား ဟင်"

"တကယ် သင်ပေးမှာပေါ့ သားရဲ့"

"ဒီလိုဆိုရင် သားကြိုးစားမယ်နော်"

## (၁၂)

ထွန်းထွန်း အပြင်းအထန် ကြိုးစားသည်။ ဦးဦးကလည်း သင်္ချာ ဘာသာကို အဓိကထားပြီး ဂရုတစိုက် သင်ပေးသည်။ ကျောင်းတွင် ထွန်းထွန်းတွက်သည့် သင်္ချာပုစ္ဆာများ အမှားနည်းလာသည်။

ထိုမှတစ်ဆင့်တက်ပြီး သင်္ချာဘာသာတစ်ခုတည်း မဟုတ်တော့ ဘဲ ကျန်ဘာသာ အားလုံးကိုပါ သင်ပေးသည်။ စာမေးပွဲမှာ ပထမ ရလျှင် စာရေးဆရာကြီး ဖြစ်ရတော့မည်ဟူသော အသိကြောင့် ထွန်းထွန်း ပိုပျော်လာသည်။

အိမ်ကို စားချိန်နှင့် အိပ်ချိန်မှသာ ပြန်သည်။ စာသင်ပြီးလျှင် ဦးဦးနှင့် ကစားသည်။ ဦးဦးနှင့် ကစားပြီးလျှင် စာဆက်သင်ပြန်သည်။

မေမေနှင့် မေမေကတော့မူ ဦးဦးတို့အိမ်မှာ တနေကုန် နေရမလား ဆိုကာ တမာန်မာန် တမဲမဲ ပြုလုပ်မြဲပင်။

"သူများအိမ်မှာ ဘာဖြစ်လို့ တနေကုန်တနေခန်း သွားသွားလည် နေရတာလဲ။ ဒီတစ်ခါ ပြောစကား နားမထောင်ရင် မင်းကို ရိုက်မယ် နော်။ ဟောဒီမှာ ကြိမ်လုံး၊ ကောင်းကောင်း သတိထား"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျရုံမှတစ်ပါး ထွန်းထွန်း ဘာမှမတတ်နိုင်ပါ။ ဦးဦးကို သူ ချစ်မိနေပြီ။ ဦးဦးသည် အတော်ဆုံးဟု ထင်သည်။ သူ့ကိုလည်း အချစ်ဆုံးဟု ထင်သည်။ နောက်ပြီးတော့ သူ စာရေးဆရာကြီးဖြစ်အောင် ပြုလုပ်ပေးမည့်သူ ဖြစ်သည်။ စာမေးပွဲမှာ ပထမရအောင် သင်ပေးနေသူ ဖြစ်လာသည်။

ဘာပဲဖြစ်ဖြစ် ထိုနေ့မှစပြီး ဦးဦးတို့အိမ်သို့ ရဲရဲတင်းတင်း မသွားရဲတော့ပါ။ ဖေဖေ မရှိသည့်အချိန်များမှာသာ ခိုးကြောင်ခိုးဝှက်သွားရလေသည်။

ဖေဖေ၊ မေမေ၊ ဦးဦးတို့နှင့် မီးမီးတို့ မမြင်အောင် အိပ်ရာထဲမှာ ကွယ်ပြီး မျက်ရည်ကျရသည့် အကြိမ်ပေါင်းကလည်း မရေတွက်နိုင်အောင် ဖြစ်လာသည်။

ဦးဦး ကလေးချစ်တတ်ပြီး သချင်္ချာသာ အသင်အပြ အင်မတန်တော်သည်ကို ဖေဖေနှင့်မေမေ ဘာကြောင့်များ မသိပါလိမ့်ဟုလည်း တွေးကြည့်မိလေသည်။

မည်သို့ဆိုစေ တိတ်တိတ်ကလေး မျက်ရည်ကျရုံမှတပါး ထွန်းထွန်း ဘာမှမပြောတတ်တော့ပါ။

ထိုအိမ်ကြီးမှာ ကြည်ပြာတို့ နေခဲ့ကြတုန်းက ထွန်းထွန်းသည် ကြည်ပြာတို့နှင့် နေ့ရှိသမျှ အချိန်ကုန်ခဲ့သည်။ ထိုအိမ်ကြီးသို့ အမြဲသွားကာ ကြည်ပြာတို့နှင့် နည်းမျိုးစုံအောင် ကစားခဲ့မြဲ ဖြစ်သည်။

တိုစဉ်တုန်းကမူ မည်သူကမှ မကန့်ကွက်။ မဟန့်တား။ မမာန်မဲ။

ယခု ဘာကြောင့် တားမြစ်နေရသနည်း။

သူ အဖြေမရှာတတ်ပါ။

တစ်ညတွင် ထွန်းထွန်းတို့အိမ်သို့ ဖေဖေ့ဧည့်သည် တစ်ယောက် အလည်လာသည်။ ထွန်းထွန်း အိပ်မပျော်သေးသောကြောင့် ဧည့်သည်နှင့် ဖေဖေတို့ ပြောနေကြသည့် စကားများကို ကြားနေရသည်။

"အရက်ချိုးကပ်နေတဲ့ အလကား စာရေးဆရာပါဗျာ။ တစ်နေ့တစ်နေ့ သူ့အပေါင်းအသင်း အရက်သမားတွေနှင့် သောက်စားမူးယစ်ပြီး မူးလိုက်ရူးလိုက်တာ လွန်ရော၊ လမ်းဘေးက ရေမြောင်းထဲ ထိုးကျလားကျရဲ့။ ခွေးတစီစီနှင့် ခတ်တိုင်ကိုင်ဖက်ပြီး မူးလားမူးရဲ့၊ အရပ်ထဲမှာ





ရှိတဲ့ ကလေးတွေက သူ့အိမ်တွဲပို့ပေးရတဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ဘူး။ ကျုပ်တို့ ရပ်ကွက်က ဘုရားနှင့်တရားနှင့်နေတာ။ ဒီလို စာရေးဆရာ ငမူးမျိုး ကျုပ်တို့ ရပ်ကွက်ထဲ ရောက်လာတာ ရှာနာတယ်ဗျာ။ သူ့ဘာသာသူ အောင်မြင်လို့ ငွေတွေဘယ်လောက်ရရ ကျုပ်တို့နှင့် မဆိုင်ပါဘူး။ ဒါပေမယ့် ကျုပ်တို့ကို ရပ်ကွက်မျိုးမှာ နေနေတဲ့ လူတစ်ယောက်ဟာ အကျင့်စာရိတ္တကောင်းဖို့တော့ လိုတာပေါ့"

နောက်ထပ် ဖေဖေတို့ ဆက်ပြောနေသည့် စကားများကို ထွန်းထွန်း နားမလည်ရတော့ပါ မကြားတစ်ချက် ကြားတစ်ချက်လည်း ဖြစ်နေသည်။

ဦးဦးသည် သူ့အပေါ် အလွန်အလိုလိုက်ကြောင်း၊ စာရေးဆရာကြီးဖြစ်အောင် လုပ်ပေးမည်သူဖြစ်ကြောင်း၊ အလွန်ချစ်စရာကောင်းသော ဦးဦးလည်း ဖြစ်ကြောင်းကိုသာ သူသိပါသည်။

## (၁၃)

"သား ဟောဒီ ဂဏန်း တွက်တတ်ပြီလား"

"တွက်တတ်ပြီ ဦးဦး"

"ကဲ တွက်ပြစမ်းပါကွယ်။ ဦးဦး ကြည့်ရအောင်"

ထွန်းထွန်းက ဂဏန်းသချင်္ချာများကို အထစ်အငေါ့မရှိ တွက်ပြလိုက်သည်။ ပြီးတော့ ဦးဦးဆိုခိုင်းသည့် ဗောဓိရွှေကျောင်းကဗျာနှင့် အင်္ဂလိပ်စာများကိုပါ တစ်ခုပြီးတစ်ခု ဒိုးဒိုးဒေါက်ဒေါက် ရွတ်ဆိုပြလေသည်။

"ဟာ သားက သိပ်တော်တာကိုးကွ။ ဒီနှစ် သား ပထမရမှာ သေချာတယ်။ ဆက်ကြိုးစားနော်"

ဦးဦး၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ထွန်းထွန်းက ရုတ်တရက် ငိုချလိုက်လေသည်။ ဖေဖေနှင့်မေမေ၏ မျက်နှာများကို မျက်စိထဲမှာ မြင်ယောင်လာလေ ထွန်းထွန်း ပိုမို ဝမ်းနည်းလေ ဖြစ်မိသည်။

"ဟင် သား သား ဘာဖြစ်တာလဲ။ ဘာဖြစ်လို့ ငိုတာလဲ"

ဦးဦးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ထွန်းထွန်းကိုလည်း သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းကာ ယုယစွာ ပွေ့ထားလေသည်။

ထိုအခါတွင် ထွန်းထွန်းက ပိုပြီး သည်းထန်စွာ ငိုတော့သည်။ ပြီး ဦးဦး၏ ရင်ခွင်ထဲမှ ရုန်းထွက်ကာ အိမ်သို့ ပြန်ပြေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဝတွင် ရပ်နေသည့် ဖေဖေ့ကို မြင်လိုက်ရသောအခါ ထွန်းထွန်း၏ ခြေလှမ်းများ တုံ့ကနဲ ရပ်သွားသည်။ အချိန်မဟုတ်ဘဲ အိမ်ပြန်ရောက်နေသော ဖေဖေ့ကိုလည်း နားမလည်သလို ကြည့်နေမိသည်။

"ဟဲ့ဟောင် ထွန်း ဘာလုပ်နေတာလဲ။ လာခဲ့ဒီကို"

ဖေပေ ဟိန်းဟောက်လိုက်သည့် အသံကြီးက ကြောက်မက်ဖွယ်ရာ ကောင်းလှပါသည်။ မျက်လုံးများ မီးဝင်းဝင်းတောက်ပြီး တင်းမာလှသော မျက်နှာကြီးကလည်း အလွန်တရာ ကြောက်မက်ဖွယ်ရာ ကောင်းလှပါသည်။ မျက်လုံးများကလည်း အလွန်တရာ ကြောက်မက်ဖွယ်ရာ ဖြစ်နေပါသည်။ ဖေဖေ့ လက်ထဲမှာ ကြိမ်လုံးတစ်ချောင်း အသင့်ကိုင်ထားသည်။

ထို့ကြောင့် ထွန်းထွန်း ရှေ့မတိုးရဲတော့ပါ။

"လာခဲ့လို့ ခေါ်နေတာ မကြားဘူးလား"

ထွန်းထွန်းက နေရာမှ မရွှေ့ဘဲပေပြီး ရပ်နေသည်။ မီးမီးတို့အိမ်သို့ ပြန်ထွက်ပြေးသွားရလျှင် ကောင်းမည်လားဟု စဉ်းစားနေမိ သည်။

ထိုသို့ စဉ်းစားနေဆဲမှာပင် ဖေဖေက ရှေ့တိုးလာပြီး သူ့ကို ကြမ်းကြမ်းတမ်းတမ်း ဆွဲခေါ်ကာ အိမ်ထဲသို့ သွင်းသွားသည်။

"အဲဒီ စာရေးဆရာ အရက်သမားအိမ်ကို မသွားပါနဲ့လို့ ငါ ပြောထားတာ ဘယ်နှစ်ခါရှိပြီလဲ ဟင်။ နောက် သွားဦးမလား…နောက် သွားဦးမလား"

ဖေဖေ၏ လက်ထဲမှ ကြိမ်လုံးကြီးက ထွန်းထွန်း၏ တင်ပါးနုနုကလေးပေါ်သို့ တရွှမ်းရွှမ်းကျလာသည်။

ထွန်းထွန်းက အံကြိတ်ခံသည်။

"ပြောစမ်း၊ နောက် သွားဦးမလား"

ကြိမ်လုံးက တင်ပါးနှင့် ပေါင်နှစ်ဘက်ပေါ်သို့ အဆက်မပြတ် **ကျမြဲကျနေပါသည်။**

**အရိုက်ခံရသည့် နေရာများ**က ထင်သလောက် မနာဘဲ ရင်ဘတ်ထဲက မခံမရပ်နိုင်အောင် နာကျင်နေသည်ကိုသာ ထွန်းထွန်း သိပါသည်။

ထို့ကြောင့် တအားဟစ်ပြီး ငိုပစ်လိုက်မိလေသည်။

"တိတ်စမ်း…နောက် သွားဦးမလား။ တိတ်…အသံမထွက်နဲ့။ နောက် သွားဦးမလား။ ပြောလေကွာ"





"ကြောက်ပါပြီ ဖေဖေရဲ့။ နောက် မသွားတော့ပါဘူး ဖေဖေရဲ့။ ကြောက်ပါပြီ ဖေဖေရဲ့။ နာလှပါပြီ ဖေဖေရဲ့"

## (၁၄)

ထွန်းထွန်းသည် နောက်နေ့မှစပြီး ကျောင်းသွားသည့် လမ်းကြောင်းကို ပြောင်းလဲလိုက်လေသည်။ မီးမီးတို့အိမ်ရှေ့မှ မဖြတ်တော့ဘဲ တစ်ဘက်မှ ကွေ့သွားသည်။ ပြန်တော့လည်း ထိုနည်းအတိုင်းပင်။

အိမ်မှာ နေသည့်အခါများတွင်လည်း အိမ်အပြင်မှာ ထွက်ပြီး ရပ်မနေတော့။ အိမ်ပြင်မှာထွက်ရပ်နေလျှင် ခေါင်းရင်းအိမ်မှ ဦးဦး မြင်ချင်မြင်သွားနိုင်သည်။ မီးမီးလည်း မြင်ချင်မြင်သွားနိုင်သည်။

ထိုသို့ မြင်သွားလျှင် ဦးဦးကသော် လည်းကောင်း၊ မီးမီးကသော်လည်းကောင်း လှမ်းခေါ်လိုက်ပါက မည်သို့ လုပ်ရမည်နည်း။

ဦးဦးတို့နှင့် မတွေ့ဖြစ် မဆုံဖြစ်အောင် ထွန်းထွန်း **အစွမ်းကုန်**ကြိုးစား ရှောင်တိမ်းနေသည်။

တစ်နေ့ ကျောင်းကအပြန် ခြံထဲသို့ဝင်မည်အပြုတွင် တစ်စုံတစ်ယောက်က နောက်မှနေ၍ လှမ်းဆွဲလိုက်သည်။

ထွန်းထွန်း လှည့်ကြည့်လိုက်သောအခါ ဦးဦးကို မြင်ရသည်။ ဦးဦး၏ မျက်နှာက ထုံးစံအတိုင်း အားရပါးရကြီး ပြုံးနေသည်။

"ဟေ့ သား ဘယ်ပျောက်နေတာလဲကွ။ ဦးဦးတို့ အိမ်ကို ဘာဖြစ်လို့ မလာတာလဲ"

ဦးဦးကို မမျှော်လင့်ဘဲ ဖြုန်းကနဲ တွေ့လိုက်ရသဖြင့် ထွန်းထွန်း အရမ်း ဝမ်းသာပြီး အရမ်းပျော်သွားလေသည်။ ဦးဦးတို့နှင့် သူ မတွေ့ရသည်မှာ ရက်သတ္တတပတ်ခန့် ရှိသွားပြီ။

"ကဲ လာ၊ သားကို သချ်ာတွေ ဆက်သင်ပေးရဦးမယ်။ မီးမီးလည်း ကျောင်းက ပြန်ရောက်နေပြီ"

ဦးဦး နောက်သို့ရောက်ရန် ထွန်းထွန်း ခြေလှမ်းပြင်လိုက်သည်။

ထိုအချိန်ကလေးမှာပင် သူ၏ တင်ပါးနုနုကလေးနှင့် ပေါင်နှစ်ဘက်ပေါ်သို့ တရွှမ်းရွှမ်း ကျခဲ့ဖူးသည့် ဖေဖေ၏ ကြိမ်လုံးကိုလည်းကောင်း၊ မျက်လုံး မီးဝင်းဝင်းတောက်ကာ တင်းမာခက်ထန်လှသော ဖေဖေ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးကို လည်းကောင်း၊ မိုးကြိုးထစ်လိုက်သလို ကျယ်လောင် စူးရှသည့် ဖေဖေ၏ ကြိမ်းမောင်းသံကြီးကို လည်းကောင်း အထိတ်တလန့် အမှတ်ရလိုက်မိလေသည်။

တစ်ဆက်တည်း ရင်ဘတ်ထဲမှာ အလွန်တရာ နာကျင်လာသည်။ ချက်ချင်း မျက်ရည်တွေ ဝိုင်းလာကာ မြင်ကွင်းက ဝိုးတဝါး ဖြစ်သွားသည်။

"ဟင့်အင်း...ဟင့်အင်း မလိုက်ဘူး။ သား မလိုက်ရဲဘူး"

ထွန်းထွန်းသည် ငိုသံပါကြီးနှင့်ပြောရင်း ဦးဦး၏ လက်ထဲမှ ဆောင့်ရုန်းထွက်ကာ အိမ်ပေါ်သို့ ဒရောသောပါး ပြေးတက်လာခဲ့သည်။

ပြီးတော့ အိပ်ခန်းထဲသို့ ဝင်ပြေးပြီး စောင်ခေါင်းမြီးခြုံကာ အားပါးတရ ငိုချလိုက်လေသည်။

ထွန်းထွန်း၏ တင်ပါးနုနုကလေးနှင့် ပေါင်သေးသေးကလေးများပေါ်တွင် မနာကျင်ဘဲ ရင်ဘတ်ထဲမှာသာ မခံမရပ်နိုင်လောက်အောင် နာကျင်နေကြောင်းကိုမူ ဤလောကတွင် မည်သူမှ မသိနိုင်တော့ပြီ တကား။

**N.S Phadke ၏ Crushed Flower ကို တိုက်ရိုက်မှီးသည်**
**၁၉၈၄ ခုနှစ် နိုဝင်ဘာလထုတ်၊ ဂီတပဒေသာ မဂ္ဂဇင်း၊**
**အတွဲ (၂) အမှတ် (၄၇)။**



## ပန်းကုန်တွေ ကျုံးကာပွေ့လို့ရယ်

သူ့လည်ပင်းမှာ တစ်စုံတစ်ယောက်က ပန်းကုံးစွပ်ပေးနေသည်။ ဩဘာ သံများကြောင့် ရုပ်ရှင်ရုံကြီး ပွင့်ထွက်သွားတော့မလို ရှိနေသည်။

ငါ တကယ်ကြုံတွေ့နေရတာလား။ ဒါမှမဟုတ် အိပ်မက်များ မက်နေတာလားဟု ဘာဘာလီက သူ့ကိုယ်သူ စိတ်ထဲက ကျိတ်ပြီး မေးနေမိလေသည်။

ရုံပွင့်မတတ် ပြည့်လျှံနေသည့် ပရိသတ်ကြီး၊ တောက်ပသော မီးရောင်များ၊ သူ့ကို ချီးကျူးနေသည့်စကားလုံးများ၊ ဩဘာသံများ၊ လှပဝေဆာသော ပန်းပေါင်းစုံများ၊ ထိုအရာများသည် အစစ်အမှန်များလော။ အိပ်မက်နေခြင်းလော။

ဘာဘာလီသည် သူ့မျက်လုံးများကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိလေသည်။

ဟုတ်ပါပြီ။ အိပ်မက်မက်နေခြင်းပါပဲ။ သည် အိပ်မက်ရှည်ကြီးကို မက်ခဲ့ရသည့် နေ့ရက်ပေါင်းများပြားလှပါပြီ။

သူ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်သော ရုပ်ရှင်ကား မကြုံစဖူးအောင် အောင်မြင်မှု သရဖူဆောင်းလိုက်သည် နေ့မှစ၍ ထိုအိပ်မက်များကို သူ မက်ခဲ့ရခြင်း ဖြစ်ပါသည်။

သူ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များသည်လည်း ယခု ရုပ်ရှင်ထဲကအတိုင်း တထေရာတည်း ဖြစ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ မရေရာ မသေချာသော အသက်နှစ်ဆယ်ရှယ် မိန်းမပျိုကလေးဘဝမှ နေ့ချင်းညချင်းပင် အအောင်မြင်ဆုံး ရုပ်ရှင်မင်းသမီးဖြစ်လာခဲ့ရသည်။

သူ့ပတ်လည်မှာ သူ့ကိုချစ်သော ပရိသတ်တွေ ဝိုင်းဝိုင်းလည်ခဲ့ရသည်။ အနယ်နယ်အရပ်ရပ်မှ မိတ်ဆက်စာများ၊ ချီးကျူးစာများ ထောင်ပုံရာပုံ ရောက်လာသည်။

ဘာဘာလီ ရုပ်ရှင်သင်းသမီး အဖြစ်ပါဝင်ရိုက်ကူးသော ရုပ်ရှင်ကားသည် ဝင်ငွေစံချိန် အားလုံးကို ချိုးပစ်လိုက်သည်။ ပြလေရာ မြို့တိုင်း၊ ရုံတိုင်းမှာ ရုံလျှံခဲ့သည်ချင်းဖြစ်သည်။

ယခု သူထိုင်နေသော ဘုံဘေမြို့ရုပ်ရှင်ရုံတွင် သူ့ဇာတ်ကားပြသနေရသည်မှာ နှစ်ဆယ့်ငါးပတ်မြောက် ဖြစ်လေသည်။

ထိုအရာများ အားလုံးသည် အမှန်တကယ် ဖြစ်ပျက်နေသည်ဟု ဘာဘာလီ မယုံကြည်နိုင်အောင် ဖြစ်နေမိလေသည်။

နှစ်ဆယ့်ငါးပတ်မြောက် ငွေရတုသဘင် အထိမ်းအမှတ်ဖြစ်သောကြောင့် ယနေ့ညနောက်ဆုံးပွဲတွင် သူကိုယ်တိုင် ရုပ်ရှင်ကြည့်ပရိသတ်ကို နှုတ်ဆက် ရန်စီစဉ်ကြခြင်းဖြစ်သည်။

ဇာတ်ခုံပေါ်ရှိ ကုလားထိုင်တစ်လုံးပေါ်မှာ သူထိုင်နေသည်။ သူ့ပတ်လည်မှာလည်း အရေးကြီးသည့် ပုဂ္ဂိုလ်ပေါင်း မြောက်များစွာတို့ ဝိုင်းရံနေကြသည်။

သူမည်မျှတော်ကြောင်း၊ မည်မျှသရုပ်ဆောင်ကောင်းကြောင်း၊ မည်မျှချောမောလှပကြောင်း ချီးကျူးစကားများ မိုးပြိုသလို တသောသော တဝေါဝေါ သွန်ချနေသည်။ တစ်ယောက်ပြီး တစ်ယောက် ပြောကြသည်၊ မဆုံးနိုင်အောင် ပြောကြသည်။

ထိုသို့သော ချီးကျူးစကားများကို ဘာဘာလီက ပြုံးပြုံးကလေး ထိုင်နားထောင်နေရသည်။

တစ်စုံတစ်ယောက်က သူ့လည်ပင်းမှာ ပန်းကုံးလာစွပ်ပေး ပြန်သည်။ တုန်ဟည်းသော သြဘာသံကြီးကို ကြားလိုက်ရသည်။

အိပ်မက်ရှည်ကြီး၏ အထွက်အထိပ်ပိုင်းသို့ ရောက်ပါပြီ။ ဒါပြီးရင်တော့ သည်အိပ်မက်ရှည်ကြီး ပြီးဆုံးချေတော့မည်ဟု သူစဉ်းစား ကြည့်မိသည်။





တကယ်ပင် အိပ်မက်ကြီး ပြီးဆုံးသွားပါပြီ။

သို့သော် နောက်တပ်အိပ်မက်တစ်ခုက ထိုနေရာတွင် အစားထိုးနေရာဝင်ယူလာသည်။ နောက်ထပ်အိပ်မက်သည် အိပ်ပျော်နေခိုက် မက်သော အိပ်မက်မဟုတ်ပါ။

နိုးနေခိုက်တွင် မက်သော အိပ်မက်ဆိုးဆိုးဖြစ်ပါချေသည်။

ဇာတ်ခုံပေါ်မှ ဆင်းပြီး သူ့အတွက် သီးသန့်ထားသည့် နေရာသို့ လျှောက်လာခဲ့သည်။ သူ့ခုံ၏ တစ်ဘက်တွင် ဇာတ်ကားထုတ်လုပ်သူ ဒါရိုက်တာက နေရာယူပြီး ကျန်တစ်ဘက်တွင်မူ ငွေအရင်းအနှီးစိုက်သူ သူဌေးကြီး ရန်ဂနတ်က နေရာယူထားချေသည်။

သူတို့နှစ်ယောက်က ဘာဘာလီ၏ လက်ကိုဆီးကြိုဆွဲယူပြီး ချီကျူးစကားများ မနားတမ်းပြောကြပြန်သည်။ လူအုပ်ကြီးကလည်း ဘာဘာလီ၏ နောက်မှ ကပ်ပါလာသည်။

ဘာဘာလီ ဒါရိုက်တာနှင့် ရန်ဂနတ်တို့ကြားရှိ ဆိုဖာပေါ်မှာ ကျနစွာ ရရဝင်ထိုင်လိုက်သည်။

ကျယ်လောင်စူးရှသော ခေါင်းလောင်းသံများ ပေါ်ထွက်လာသည်။ ကျွတ်ကျွတ်ညံနေသည့် ပရိသတ်၏ အသံထိတ်သွားသည်။ ရုံထဲမှ မီးများ အားလုံး ငြိမ်းသွားသည်။ တစ်ရုံလုံး တိတ်ဆိတ်ခြင်းနှင့် မည်းမှောင်ခြင်းက ကြီးစိုးသွားသည်။

ငွေရောင်ပိတ်ကားပေါ်သို့ ရုပ်ရှင်ပြစက်မှ မီးရောင် ထိုးကျလာသည်။ ရုပ်ရှင်ကား စတင်ပြသပါပြီ။

ဘာဘာလီသည် ပိတ်ကားပေါ်တွင် သူ့ကိုယ်သူ ပြန်မြင်နေရသည်။

ပိတ်ကားပေါ်မှ ဘာဘာလီသည် သစ်ပင်တစ်ပင်ကို မှီပြီး ရပ်နေသည်။ အလှပဆုံး ဝတ်စားပြင်ဆင်ထားသည်။ သူမှီရပ်နေသည့် သစ်ပင်က မြစ်ကမ်းနဖူးပေါ်မှာ တည်ရှိပြီး တစ်ပင်လုံးကို စပျစ်နွယ်များက လွှမ်းခြုံထားလေသည်။

ကျေးငှက်သာရကာ အပေါင်းတို့၏ သာယာငြိမ့်ညောင်းစွာ တေးဆိုသံများ၊ မြစ်ထဲမှ ညင်သာသည့် ရေစီးသံများ ဖုံးလွှမ်းနေသည်။

ဘာဘာလီသည် သစ်ပင်ကို ခေါင်းကလေး မှေးမှီရင်း သီချင်းတစ်ပုဒ်ကို ဆိုလိုက်သည်။ ပရိသတ်၏ အသည်းနှလုံးကို ရိုက်ခတ်သွားသော သီချင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်က လက်ခုပ်ညီညီတီးရင်း ပိတ်ကားပေါ်မှ ဘာဘလီနှင့်အတူ သံပြိုင် သီချင်းလိုက်ဆိုကြသည်။

ထိုမြင်ကွင်းကို ကြည့်နေရင်း ဘာဘလီမှာ ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို တကိုယ်လုံး တုန်လှုပ်ချောက်ချားလာသည်။ တကယ်ပဲ အိပ်မက်နေပါပေါ့လားဟုလည်း တွေးမိသည်။

မင်းသမီးကလေး ဘာဘလီ၏ သီချင်းဆုံးသွားသည်။ ပွဲကြည့်ပရိသတ် ဘာဘလီလည်း ထိုအခါကျမှ နေသာထိုင်သာ ဖြစ်သွားတော့သည်။

မင်းသမီးကလေး ဘာဘလီက ခြေထောက်နားမှာ ချထားသည့် ရေအိုးကလေးကိုကောက်ကာ မြစ်ထဲသို့ ဆင်းသွားသည်။ မြစ်ရေထဲသို့ ရေအိုးကလေး နှစ်လိုက်သည်။

ထို သရုပ်ဆောင်ချက်ကို ကြည့်ရင်း ဘာဘလီက အတိတ်အကြောင်းများကို ပြန်ပြောင်းတွေးနေမိသည်။

သူ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များသည်လည်း ယခု ရုပ်ရှင်ထဲမှအတိုင်း တထေရာတည်း ဖြစ်ချေသည်။

သို့သော်လည်း နှစ်ပေါင်းများစွာတော့ ကြာခဲ့ပါပြီ။ ဘယ်လောက်ကြာသွားပြီလဲ။ သုံးနှစ်။ ဟုတ်ပါသည်။ သုံးနှစ်ကြီးများပင် ကြာမြင့်သွားချေပြီ။

တစ်ရံရောအခါတုန်းက ယခုပိတ်ကားပေါ်မှ မင်းသမီးကလေး ဘာဘလီ မြစ်ရေထဲမှာ ရေအိုးနှစ်လိုက်သကဲ့သို့ပင် အပြင် လူ့လောကထဲမှ ဘာဘလီအစစ်လည်း မြစ်ရေထဲမှာ ရေအိုးနှစ်ခဲ့ဖူးပါသည်။

တစ်ခုပဲ ခြားနားပါသည်။ ယခု မင်းသမီးကလေးကတော့ စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် သီချင်းတအေးအေး သီဆိုနေသည်။

အပြင်ဘက်မှ တကယ့် ဘာဘလီကမူ ဘာတေးသီချင်းကိုမှ မသီဆိုနိုင်ခဲ့ရှာပါ။

သူ့ရင်ထဲမှာ မီးဟုန်းဟုန်းတောက်နေခဲ့သည်။ အသည်းနှလုံးတွေ ကြေပြုန်းနေခဲ့သည်။ အသွယ်သွယ်စီးကျလာသော မျက်ရည်များသည် မြစ်ရေနှင့် ရောနှောသွားခဲ့သည်။





ဆက်လက် အသက်ရှင် ရပ်တည်ဖို့ကို စိတ်ကုန်ခန်းခဲ့ပါပြီ။ လူ့လောကအလယ်တွင် ဂုဏ်သိက္ခာရှိရှိဖြင့် ဆက်လက်ရပ်တည်နိုင်တော့မည် မဟုတ်။

ငွေချေးစားနေသော သူဌေးသားတစ်ယောက်၏ ကျောရရုံကြံခြင်းကို ကျေကျေနပ်နပ် လက်ခံခဲ့မိသဖြင့် သူ့ကို ဝိုင်းဝန်းရှုတ်ချကြတော့မည်။ အများတံထွေးခွက်တွင် ပက်လက်မျောရတော့မည်။

အဖေကလည်း အိမ်ပေါ်မှနှင်ချလိုက်ပြီ။ နှင်မချလျှင်လည်း နည်းမျိုးစုံ ဆူပူကြိမ်းမောင်းကာ သေကောင်ပေါင်းလဲဖြစ်အောင် ရိုက်နှက်ဆုံးမပေတော့မည်။

သည်လိုဘဝမျိုးဖြင့် ဘာကြောင့် လူဆက်လုပ်နေဦးမည်နည်း။ ဘာကြောင့် အသက်ရှင်ရပ်တည်နေဦးမည်နည်း။ အဆိုးဆုံးသော ဘဝကြီး အပြီးသတ်သွားအောင် ဘာကြောင့် မြစ်ထဲသို့ ခုန်မချဘဲ နေရမည်နည်း။

ဘာဘလီက အနီးတစ်ဝိုက်ကို လှည့်ကြည့်သည်။ မည်သူ တစ်စုံတစ်ယောက်မှ မရှိပါ။

ဘာဘလီသည် ရေအိုးကိုဘေးသို့ တွန်းဖယ်ပစ်လိုက်သည်။ ကိုယ်ပေါ်မှ ဆာရီကို ချပ်ချပ်ရပ်ရပ် ဖြစ်သွားအောင် ပြင်ဝတ်သည်။

"တပည့်တော်မကို ခွင့်လွှတ်တော်မူပါတော့ ဘုရားသခင်"

မြစ်တွင်းသို့ ခုန်ချဖို့ ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် အသံတစ်ခုကို ကြားလိုက်ရလေသည်။

"ဘာဘလီ"

အသံလာရာသို့ ကမန်းကတန်း လှည့်ကြည့်လိုက်သည်။ ပန်ဒစ်ဘိုဆယ်သည် မြစ်ကမ်းပါးပေါ်မှ ဒရောသောပါး ပြေးဆင်းလာသည်။

ထိုအဖြစ်အပျက်များကား ဘာဘလီ၏ ပြင်ပဘဝက တကယ့်အဖြစ်အပျက်များပင် ဖြစ်လေသည်။ ယခု ဇာတ်ကားထဲက ဘာဘလီနှင့်တော့ ကွာချင်တိုင်း ကွာခြားလှပါ၏။

ဘာဘလီက ပိတ်ကားကိုမကြည့်တော့ဘဲ မျက်လုံးအစုံကို မှိတ်ထားသည်။ သူ့ဘဝဖြစ်စဉ်များကို ရုပ်ရှင်ပြသလို ပြန်လည်မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ဂနတ်သည် သူတို့ရွာတွင် အကျင့်စာရိတ္တ ပျက်စီးချင်တိုင်း ပျက်စီးနေသော သူဌေးသား ဖြစ်သည်။ ထိုအကြောင်းကို လူတိုင်းသိသည်။

ရွာထဲမှ ရှိရှိသမျှ မိန်းမပျိုကလေးအားလုံး ရန်ဂနတ် မဖျက်ဆီးဖူးသည့်သူ မရှိ။ သူ့ကြောင့် ရေတိမ်နစ်သွားရရှာသော အမျိုးကောင်းသမီးကလေးများ၊ ပန်းကောင်းအညွှန့်ချိုးခံလိုက်ရသော ရိုးသားသည့် မိန်းမပျိုကလေးများ အနမတဂ္ဂရှိသည်။

ထိုသို့သော ရန်ဂနတ်နှင့်မှ ဘာဘာလီက ချစ်ကြိုက်သွယ်မိလေတော့သည်။

ဘာဘာလီလို ရုပ်ရည်ချောမောလှပသော မိန်းမပျိုကလေး တစ်ယောက် အနားသို့ ရန်ဂနတ်ချဉ်းကပ်လာသည်မှာ အံ့သြဖွယ် မဟုတ်တော့ပါ။

သို့သော်လည်း လူအားလုံးက ဘာဘာလီကို နားမလည်နိုင်အောင် ဖြစ်ကြသည်။

"ရန်ဂနတ်ဆိုတဲ့ တိရစ္ဆာန်ကောင်နှင့် နင် ဇာတ်ဆက် ရှုပ်နေဦးမယ်ဆိုရင် နင့်ကို တစ်စစီဆွဲဖွဲ့ပစ်မယ်"ဟု အဖေက သူ့ကို ကြိမ်းသည်။

ရွာထဲရှိ လူကြီးသူမများကလည်း ဘာဘာလီကို သတိပေးကြသည်။

ဘာဘာလီကတော့ မည်သူ့စကားကိုမှ နားမဝင်နိုင်တော့ပါ။ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် အချစ်ဦးနတ်၏ ဖမ်းစားခြင်းကို ရုန်းမထွက်နိုင်အောင် ခံလိုက်ရရှာလေပြီ။

ရန်ဂနတ်ကို အရူးအမူး အသည်းစွဲ ချစ်မိပြီ။

ရန်ဂနတ်ကမူ ဘာဘာလီကို ငွေကြေးတစ်ပြားတစ်ချပ်မျှ ပေးနိုင်မည် မဟုတ်ချေ။ ကပ်စေးနဲ ကော်တရာဖြစ်သော ရန်ဂနတ်၏ အဖေက အတွင်းပစ္စည်းနှင့် ငွေကြေးမှန်သမျှကို လုံလုံခြုံခြုံ သိမ်းထုပ်ထားစမြဲ ဖြစ်သည်။

သို့သော် ဒါတွေကို ရန်ဂနတ်မလိုပါ။ သူ့ပါးစပ်ထဲမှာ ပေါ်လာသည့် မည်သည့် ကတိမျိုးကိုမဆို အလွယ်တကူနှင့် ဖောဖောသီသီ ပေးသည်။ နူးညံ့သာယာသော စကားလုံးကလေးများဖြင့် အချွဲပိုသည်။





သည်တော့လည်း သူ့ကို ဘာဘာလီ ယုံမိပြီပေါ့။ လူကြီးတွေ မသိအောင် တိတ်တိတ်ကလေး ချိန်းတွေ့ကြပြီပေါ့။

ပန်ဒစ်ဘိုဆယ်က ဘာဘာလီကို ရိုးရိုးသားသားနှင့် မြတ်မြတ်နိုးနိုး ချစ်သည်။ တည်တည်တံ့တံ့လည်း လက်ထပ်ယူလိုသည်။

ဘာဘာလီကတော့ ပန်ဒစ်ဘိုဆယ်လို လူမျိုးကို အိပ်မက်တောင် မမက်ပါ။ ပန်ဒစ်သည် သာမန်စစ်သားကလေးတစ်ယောက် ဖြစ်သည်။ သူလို စစ်သားကလေးတစ်ယောက်က ဘာဘာလီ၏ ဘဝကို မည်သို့ တင့်တောင့်တင့်တယ် ထားနိုင်ပါမည်နည်း။

သူဌေးကတော်လို ထားနိုင်ပါမည်လား၊ ဝေးပါသေးသည်။ အဖိုးတန် ဝတ်ကောင်းစားလှများကို မထပ်ရအောင် ဝယ်ပေးနိုင်ပါမည်လော။ ဝေးပါသေးသည်။ မော်တော်ကားနှင့် လက်ဝတ်ရတနာများ ဝယ်ပေးနိုင်ပါမည်လော။ ဝေးပါသေးသည်။

သူ့မှာသာ စစ်သားမယားဘဝဖြင့် တဖားဖား ဖြစ်ရမည်။ လင်လုပ်သူကလည်း အမြဲတစေ တစ်နေရာမှ တစ်နေရာသို့ရွှေ့ပြောင်း တာဝန်ထမ်းဆောင်နေရဦးမည်။

တစ်နေ့နေ့တွင် တိုက်ပွဲမှာ ဒဏ်ရာရနိုင်သည်။ သေလည်း သေသွားနိုင်သည်။

ထိုသို့ သေသွားလျှင် မိမိမှာသာ သူနှင့်ရခဲ့သည့် ကလေးတပြုံတောင်ကြီးနှင့် မလောက်မင မိသားစု ပင်စင်ကလေး ထုတ်ပြီး တသက်လုံး ဒုက္ခရောက်ရတော့မည်။

ရန်ဂနတ်ကတော့ သည်မဟုတ်။ ဘဝရှေ့ရေးကို မျှော်တွေးကြည့်လိုက်လျှင် အရာရာ ပြီးပြည့်စုံနေသည်။

ရန်ဂနတ်၏ အဖေသည် မည်သူမျှ မလွန်ဆန်နိုင်သော သင်္ခါရတရားအတိုင်း တစ်နေ့တွင် သေရမည်။ ထိုအခါတွင် အမွေအားလုံးကို ရန်ဂနတ်ရမည်။ သည်တော့ သူဌေးကတော်ဘဝဖြင့် တစ်သက်လုံး ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေပေတော့။ ထို့ကြောင့် ဘာဘာလီက ပန်ဒစ်ဘိုဆယ်ကို ခါထုတ်ပစ်လိုက်သည်။ ရန်ဂနတ်ကို အသေကပ်ပြီး အရူးအမူး ချစ်ခဲ့သည်။ တည်တည်တံ့တံ့ လက်ထပ်ယူပါမည်ဟူသော ရန်ဂနတ်ဒ ကတိပေးစကားတွေကိုလည်း နှစ်နှစ်ကာကာ ယုံကြည်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဖြင့်ပင် ချစ်သူကို ယုံကာ တစ်ကိုယ်လုံး ပုံအပ်ခဲ့လေတော့သည်။

သို့သော်…

ရန်ဂနတ်သည် အခြားမိန်းကလေးတစ်ယောက်နှင့် မျက်နှာပြောင်တိုက်ကာ လက်ထပ်သွားလေသည်။

ထိုသို့ လက်ထပ်သွားပြီး မကြာမီမှာ ရန်ဂနတ်နှင့် ဘာဘလီတို့ မမျှော်လင့်ဘဲ သွားဆုံကြသည်။ ဘာဘလီက နည်းမျိုးစုံဖြင့် ကက်ကက်လန် ရန်တွေ့သည်။ ရန်ဂနတ်ကတော့ ပန်းပွင့်ကလေးများဖြင့် အပေါက်ခံရသည့်အလား တဟားဟား အရယ်ပင် မပျက်ချေ။

“မိုက်လိုက်ပါဘိ သူငယ်မရယ်။ မင်းလို မိန်းကလေးတစ်ယောက်ကို ငါက အတည်တကျ လက်ထပ်ယူမှာတဲ့လား။ ဒါကို မင်းက ဘာကြောင့် ဒေါသတကြီး ဖြစ်နေရတာလဲ။ မင်းကို တိတ်တိတ်ပုန်း အပျော်မယားထက်ပိုပြီး ဘယ်မှာ သဘောထားနိုင်ပါ့မလဲ။ အေး…ဟိုတုန်းကလိုပဲ တိတ်တိတ်ပုန်း အပျော်မယားအဖြစ် ဆက်နေလိုသပဆိုရင် ငါက ဝမ်းပန်းတသာ လက်ခံပါတယ်ဗျာ”

ဘာဘလီ၏ မျက်လုံးထဲမှာ မီးဝင်းဝင်း တောက်လာသည်။ ထို့ကြောင့် ရန်ဂနတ်၏ ပါးကို စိတ်ရှိလက်ရှိ ရိုက်ပစ်လိုက်သည်။

ဆူဆူညံညံအသံများကို ဘာဘလီ၏ အဖေ ကြားသောကြောင့် အိမ်ထဲမှာ ထွက်လာသည်။

“ခင်ဗျားသမီးဟာ အလျင်တုန်းက ကျွန်တော့်ရဲ့ တိတ်တိတ်ပုန်း အပျော်မယား ဖြစ်ခဲ့တယ်။ ဒါကြောင့် အဲဒီအတိုင်း ဆက်ပြီးထားခွင့်ပြုပါဗျာ။ သူ သိပ်ပျော်မှာပါ။ ခင်ဗျားလည်း စိတ်ချမ်းသာ ”

ဘာဘလီ၏ အမေသည် ရန်ဂနတ်ကို မောင်းထုတ်ပစ်လိုက်သည်။ ပြီးတော့ ဘာဘလီကို အိမ်ထဲသို့ဆွဲသွင်းကာ မညှာမတာ ရိုက်နှက် ဆုံးမလေတော့သည်။

“ဒါလောက်တောင် အရှက်နည်းတဲ့ခွေးမ အိမ်ပေါ်က ဆင်းသွား၊ အခုချက်ချင်းဆင်း”

ထိုနေ့တုန်းက ပန်ဒစ်ဘိုဆယ်သာ ရောက်မလာလျှင် သူ့ဘဝသည် မြစ်ရေပြင်အောက်မှာ အဆုံးသွားချေပြီ။ ယခုတော့ ပန်ဒစ်က





အချိန်မီ ရောက်လာပြီး ကယ်တင်လိုက်သည်။ သူနှင့်အတူ လိုက်ခဲ့ရန်လည်း ခေါ်သည်။

“ကိုယ်နှင့် လက်ထပ်ဖို့ မင်းကို ခွင့်တောင်းချင်ပါတယ်ကွယ်။ ဒါပေမယ့် အခု စစ်ကြီးက ဖြစ်လာပြီလေ၊ စစ်မြေပြင်ထွက်ဖို့ ကိုယ်အမိန့်ရပြီးပြီ”

“ဒီလိုဆိုရင် ဘာဖြစ်လို့ ကျွန်မကို မြစ်ထဲက ခေါ်တင်လာရတာလဲ”

“မင်းရဲ့ အသက်တစ်ချောင်းဟာ သိပ်ကို အဖိုးတန်လို့ပေါ့ကွယ်”

“အဖိုးတန်တယ်…ဒါတွေ ဖြစ်ပြီးမှတော့ ဘာတန်ဖိုးရှိဦးတော့မှာလဲ”

“မင်းရဲ့ အတွေးအခေါ်တွေဟာ သိပ်ကို မှားနေပြီ ဘာဘလီ။ လူတစ်ယောက်ရဲ့ ဘဝဟာ ဘယ်တော့မှ တန်ဖိုးမဆုံးသွားဘူး။ မင်းဟာ သာမန်မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး။ မင်းဟာ အသက်ငယ်တယ်။ ရုပ်ရည်ချောမောလှပတယ်။ ဒါတွေဟာ အင်မတန် ရှားပါးတဲ့ ရတောင့်ရခဲလည်းဖြစ်တဲ့ တန်ဖိုးတွေပဲ”

“ဟုတ်ပါတယ်။ အဲဒီ ရှားပါးလှတဲ့ တန်ဖိုးတွေကပဲ မင်း မိုက်မဲခဲ့တာကို ပြန်ပြင်ပေးနိုင်တယ်လေ။ မင်းဘဝမှာ ဆုံးရှုံးနစ်နာခဲ့ရတာတွေ ရင်းစားပြန်ရအောင် လုပ်ပေးနိုင်တယ်လေ။ မင်းရဲ့ အလှတွေကြောင့် မင်းဟာ သိပ်ကြီးကျယ်လာရမယ်။ အခုလို အချိန်မျိုးမှာ မင်း ဘာလုပ်သင့်ရတ်ဆိုတာနှင့် ပတ်သက်ပြီး ကိုယ့်မှာ အကြံအစည်တစ်ခု ရှိပါတယ်။ မင်း သဘောကျမယ်ဆိုရင်ပေါ့လေ”

“ဒီဘဝမျိုးရောက်လာမှတော့ ရှင်ဘာပြောပြော သဘောကျရတော့မှာပေါ့။ လက်ခံရတော့မှာပေါ့၊ ကျွန်မ အသက်ကို ရှင် ရှင်ကယ်လိုက်ပြီ မဟုတ်လား။ ဒါကြောင့် ကျွန်မနှင့်ပတ်သက်ပြီး ကြိုက်သလိုသာ ဆုံးဖြတ်ပါတော့ ရှင်”

ပန်ဒစ်ဆိုဆယ်က ဘာဘလီကို ဘုံဘေမြို့သို့ ခေါ်သွားသည်။ ရုပ်ရှင်လုပ်ငန်းလုပ်နေသော သူ့သူငယ်ချင်းထံမှာ အပ်သည်။

ထိုသို့ လုပ်အပ်သည်များကို မှာကြားက အပ်နှံပြီးသည်နှင့်တစ်ပြိုင်တည်း သူကိုယ်တိုင်ကမူ တာဝန်ကျရာ ရှေ့တန်းစစ်မျက်နှာသို့ ထွက်ခွာသွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစပြီး ပန်ဒစ်ဘိုဆယ်ကို ဘာဘာလီ လုံးဝ ပြန်မတွေ့ရတော့။ သူ့ဘဝတွင်းမှ အပြီးတိုင် ထွက်ခွာသွားခြင်း ဖြစ်လေသည်။

ကုသိုလ်ကံများက ဘာဘာလီဘက်သို့ တကျော့ပြန်ရောက်လာကြပြန်၏။

တစ်စတစ်စဖြင့် သူ အောင်မြင်လာသည်။ နောက်ဆုံးတွင်တော့ အအောင်မြင်ဆုံး သရုပ်ကို ဆောင်းလိုက်နိုင်လေပြီ။ ယနေ့ ညဆိုလျှင် သူသည် ကမ္ဘာပေါ်မှာ အပျော်ဆုံး အမျိုးသမီးတစ်ယောက် ဖြစ်ရပေလိမ့်မည်။

သို့သော် ဘာဘာလီ မပျော်နိုင်အားရှာပါ။

ပိတ်ကားပေါ်မှ ရုပ်ရှင်ဇာတ်လမ်းကို ကြည့်ရင်း ပန်ဒစ်ဘိုဆယ်အား သတိရနေမိသည်။ ထိုသို့ သတိရရင်း ရင်ထဲမှာ နာကျင်လာသည်။

ပန်ဒစ်ဘိုဆယ်ကသာ သူ့ကို အချိန်မီ မကယ်တင်ခဲ့လျှင် သူ့ဘဝ ချုပ်ငြိမ်းသွားပြီ။ ယခုလို လျှမ်းလျှမ်းတောက် အောင်မြင်သော ဘဝမျိုးကိုလည်း ရရှိလိုက်တော့မည် မဟုတ်ချေ။ သူ့လည်ပင်းမှာလည်း ယခုလို ပန်းကုံးတွေ ထပ်ထပ်ကြမ်းနေတော့မည် မဟုတ်ချေ။

သူ့ဘဝအတွက် အအောင်မြင်ဆုံး ဘဝသစ်တစ်ခုသို့ ရောက်အောင် ဖန်တီးပေးခဲ့သော ပန်ဒစ် ဘယ်ရောက်နေသည်ကို သူ မသိပါ။

တစ်ချိန်တုန်းက သူ့ဘဝကို အဆုံးစီရင်မိလု ဖြစ်အောင် ဖန်တီးခဲ့သော ရန်ဂနတ်သာလျှင် သူ့ဘဝတွင်းသို့ တစ်ပတ်ကျော့ ပြန်ဝင်လာလေသည်။ ယခုဆိုလျှင် သူ့ဘေးမှာပင် ယှဉ်တွဲလျက် ထိုင်နေချေပြီ။

ရန်ဂနတ်ကို မည်သည့်နည်းနှင့်မှ တွန်းလှန်ဖယ်ထုတ်ပစ်နိုင်စွမ်း မရှိတော့ပါ။

အခု သူ အအောင်မြင်ဆုံး ရုပ်ရှင်ကားကို ရိုက်ကူးထုတ်လုပ်ပေးသည့် ဒါရိုက်တာသည် နောက်ကားများ ဆက်လက်ရိုက်ကူးထုတ်လုပ်ဖို့အတွက် ငွေရေးကြေးရေး အခက်အခဲ ကြုံတွေ့နေရသည်။

ရန်ဂနတ်၏ အဖေလည်း ကွယ်လွန်ခဲ့ပြီ။ ထို့ကြောင့် အမွေအားလုံးကို ရလိုက်သော ရန်ဂနတ်သည် အရာရာကို ဖန်တီးနိုင်သော သူဌေးကြီး ဖြစ်နေပြီ။ ရုပ်ရှင်လုပ်ငန်းများနှင့် ပတ်သက်၍ မည်မျှပင် ကုန်ကုန် ငွေရင်းစိုက်ထုတ်ပေးရန်လည်း အသင့် ဖြစ်နေပြီ။





သို့သော် သူ၏ တိတ်တိတ်ပုန်း အပျော်မယားအဖြစ် ဘာဘာလီက လက်ခံပါမှ လိုအပ်သော ငွေကို စိုက်ထုတ်ပေးမည်ဟူသည့် စည်းကမ်းတစ်ခု တင်ပြလာသည်။

ဒါရိုက်တာကလည်း ထိုစည်းကမ်းချက်ကို လက်ခံလိုက်စေချင်သည်။ ဘာဘာလီ လက်ခံလိုက်သဖြင့် ရန်ဂနတ်က ငွေအရင်းအနှီး စိုက်ထုတ်ပေးမည်ဆိုလျှင် သူတို့နှစ်ယောက် အစုစပ်လုပ်ပြီး ဘာဘာလီ ချမ်းသာအောင် ပြုလုပ်ပေးမည် ဆိုသည်။

ဘာဘာလီကသာ အလိုရှိပြီဆိုလျှင် ချမ်းသာကြွယ်ဝခြင်း၊ အောင်မြင်ကျော်ကြားခြင်းတို့သည် လက်တစ်ကမ်းအကွာမှာ ရှိနေချေပြီ။ ကမ္ဘာလုံးကြီး၏ ထိပ်ဆုံးမှာ မားမားကြီး တက်ရပ်နေရုံသာ ရှိတော့သည်။

ရန်ဂနတ် တင်ပြလာသည့် စည်းကမ်းချက်ကို "သဘောတူပါတယ်ရှင်" ဟု ပြောလိုက်ရုံသာ ရှိတော့သည်။

ထိုစကားကို သူပြောနိုင်ပါမည်လော။

ရုံထဲတွင် မီးများ ပြန်လင်းလာသည်။

ဘာဘာလီလည်း အတွေး ရေလျှဉ်ကြောတွင် နစ်မျောနေမိရာမှ သတိပြန်ဝင်လာသည်။

ရုပ်ရှင်ပြီးသွားပြီ။ ရုံထဲမှ လူတွေထိုင်ရာမှ ထကြသည်။ ဘာဘာလီနှင့်နီးသော လူများက ဘာဘာလီကို ငေးကြည့်နေကြသည်။

ဒါရိုက်တာနှင့် ရန်ဂနတ်တို့က ဘာဘာလီကို လက်တစ်ဘက်စီကိုင်ပြီး ဆွဲထူပေးသည်။ ဘာဘာလီ ထိုင်ရာမှ ဖြည်းညင်းစွာ ထ,ရင်း သူတို့နှစ်ယောက်ကို ချိုချိုကလေး ပြုံးပြလိုက်သည်။

"တို့ အစီအစဉ်အတိုင်း လက်ခံဖို့ မင်း ဆုံးဖြတ်လိုက်ပြီလား" ဟူသော အဓိပ္ပာယ်ဖြင့် သူတို့နှစ်ယောက်က ဘာဘာလီကို ကြည့်သည်။

ဘာဘာလီကလည်း

"ဆုံးဖြတ်ပြီးပါပြီရှင်၊ လက်ခံပါတော့မယ်" ဟူသော အဖြေမျိုးကို မျက်လုံးပြင့်ပင် ပြန်ပေးလုလု ဖြစ်သွားသည်။

ထိုအခိုက် အမျိုးသမီးတစ်ယောက် သူတို့ရှိရာသို့ တက်လာပြီး ဘာဘာလီ၏ လည်ပင်းမှာ ပန်းကုံးတစ်ကုံးစွပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပနေတန်းက ဓာတ်ခဲ့ပေါ်တက်ပြီး ပန်းကုံးစွပ်ပေးဖို့ပါပဲ။ ဒါပေမယ့် ကျွန်မ ဓာတ်ခဲ့ပေါ် မတက်ရဲလို့ စိတ်မရှိပါနဲ့နော်"

အမျိုးသမီးက ပန်းကုံးစွပ်ပေးရင်း ပြောသည်။ ဘာဘလီက ပြုံးသည်။

"ကျေးဇူးတင်ပါတယ်။ ရှင် ဘယ်သူလဲဆိုတာ မသိရဘူးလား။ နာမည် ဘယ်လို ခေါ်ပါသလဲ"

"ကျွန်မ နာမည်က အရေးမကြီးပါဘူးရှင်။ ဒီပန်းကုံးကလည်း ကျွန်မရဲ့ ပန်းကုံး မဟုတ်ပါဘူး။ စစ်ဆေးရုံမှာ တက်နေရတဲ့ လူနာတစ်ယောက်ရဲ့ ပန်းကုံးပါ။ ဒီပန်းကုံးပို့ခိုင်းလိုက်လို့ လာပို့ပေးရတာပါ။ ကျွန်မက စစ်ဆေးရုံမှာ သူနာပြုဆရာမ လုပ်ပါတယ်"

"သူက ဘယ်သူလဲ။ သူ့နာမည်ရော ကျွန်မ သိနိုင်မလားရှင်" ဟု ဘာဘလီက ပြန်မေးသည်။

"ဗိုလ်ကြီး ပန်ဒစ်ဘိုဆယ်"

"ဘာ "

ဘာဘလီက အလန့်တကြား ပြန်မေးလိုက်သည်။ ထိုသို့ မေးလိုက်သည့် လေသံထဲတွင်လည်း ရှင်လန်းဝမ်းမြောက်သည့် လေသံက ရောပါသွားသည်။

"သူ ဒီဘုံဘေမြို့ကို ရောက်နေသလားဟင်" ဟုလည်း ဆက်မေးသည်။

"ဟုတ်ပါတယ်။ ကျွန်မတို့ စစ်ဆေးရုံမှာ တက်နေတာ တစ်လလောက် ရှိသွားပါပြီ"

"ကျွန်မ သူနှင့် လာတွေ့လို့ ဖြစ်နိုင်ပါသလား ရှင်"

"ဖြစ်နိုင်ပါတယ်ရှင်။ လူတိုင်း တွေ့ခွင့်ရှိပါတယ်"

"ဒီလိုဆိုရင် ရှင်နှင့်အတူတူ ကျွန်မ အနလိုက်လာလို့ ရမလား"

ဘာဘလီက စိတ်မရှည်နိုင်သလို မေးသည်။ ထို့ကြောင့် သူနာပြုဆရာမက မသိမသာကလေး ပြုံးသည်။

"ဒီနေ့တော့ သိပ်ကို ညဥ့်နက်နေပါပြီ ရှင်"

"ဒီလိုဆိုရင် မနက်ဖြန်မနက် ကျွန်မ လာလို့ ဖြစ်နိုင်မလား"





"ဖြစ်ပါတယ်"

"တဆိတ်လောက် သူ့ လိပ်စာကလေး မ,စပါနော်"

သူနာပြုဆရာမက စာရွက်ကလေးတစ်ရွက်ပေါ်တွင် ရေးပေးသွားသည်။

ထိုနေ့ည တစ်ညလုံး ဘာဘလီ အိပ်မပျော်နိုင်တော့ပါ။ အိပ်ရာပေါ်မှာ လဲလျောင်းရင်း ဘယ်လိုမှ်ညာလှုဖြင့် အတွေးပေါင်းစုံကြားမှာ ချာချာလည်ခဲ့ရသည်။

ညဦးပိုင်းတုန်းက ကြုံတွေ့ခဲ့ရသော ချီးကျူးစကားများ၊ လက်ခုပ်သြဘာသံများ၊ ပန်းကုံးများအားလုံးကို မေ့လျော့သွားလေပြီ။ ထိုအရာများသည် ဘာမျှ အရေးမကြီးတော့ပါ။ သည်ညကို မြန်မြန်ကုန်ဆုံးစေရန် အချိန်နာရီများကိုသာ ရေတွက်ကြည့်နေမိတော့သည်။

နံနက်အရုဏ်တက်သည်နှင့် တစ်ပြိုင်တည်း ရေချိုးသည်။ ရိုးရိုးအဝတ်အစားကလေးများကို ရွေးချယ်ဝတ်သည်။

စစ်ဆေးရုံသို့ အသွားလမ်းမှာ ပန်းတွေဝင်ဝယ်ခဲ့သေးသည်။

စစ်ဆေးရုံရောက်တော့ ကားပေါ်မှာဆင်းသည်။ ဘာဆက်လုပ်ရမှန်း မသိအောင် ခပ်ကြောင်ကြောင် ဖြစ်နေသေးသည်။ စုံစမ်းရေးဌာနမှာ သွားမေးရလျှင် ကောင်းမည်လားဟု စဉ်းစားကြည့်သည်။

မရေမရာဖြင့် ပတ်ဝန်းကျင်ကို လှည့်ကြည့်နေစိုက်မှာပင် ပန်ဒစ်ဘိုဆယ်ကို တန်းတန်းမတ်မတ် သွားမြင်သည်။

ရင်ထဲမှာ ကြည်နူးဝမ်းမြောက်စိတ်တွေ ပြည့်ဖြိုးလာသည်။ တစ်ပြိုင်တည်းမှာပင် နာကျင်စူးရှသည့် ဝေဒနာတစ်ခုကိုလည်း ခံစားလိုက်ရလေသည်။

ပန်ဒစ်သည် သစ်ပင်အောက်ရှိ မြက်ခင်းပေါ်တွင် ဘီးတပ်ကုလားထိုင်ချပြီး ထိုင်နေသည်။ စာအုပ်တစ်အုပ်ကို ဖတ်နေသည်။ ခြေတစ်ဘက်ကို ဘီးတပ်ကုလားထိုင်၏ ခြေတင်ပေါ်မှာ တင်ထားသည်။

ကျန်တစ်ဘက်ကို ကြည့်သည်။ ဘာဘလီ မျက်မှောင်ကုပ်သွားလေသည်။

ကျန်ခြေတစ်ဘက်ကား ခြေတုဖြစ်နေပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ပန်ဒစ်၏နာမည်ကို ဝမ်းသာအားရ တကြော်ကြော်ခေါ်ရင်း ဘာဘလီက ပြေးသွားသည်။

ဘာဘလီကို ရုတ်တရက် မြင်တွေ့လိုက်ရသောအခါ ပန်ဒစ် အံ့အားသင့်သွားသည်။ သို့သော်လည်း သူ့မျက်နှာပေါ်မှာ အပြုံးကလေး တစ်ခု ချက်ချင်း ပေါ်လာသည်။

"ဘာဘလီ..."

သူ့လေသံထဲမှာ မယုံကြည်နိုင်သည့် အရိပ်အရောင်များ ပါဝင် နေသည်။

ဘာဘလီက ပန်ဒစ်၏ ခြေထောက်နားမှာ ပန်းစည်းများကို ချ ပေးလိုက်ရင်း လေသံကလေးဖြင့် တိုးတိုးခေါ်သည်။

"ပန်ဒစ်"

"မင်း ရောက်လာလိမ့်မယ်လို့ ကိုယ် လုံးလုံး ထင်မထားမိဘူး ကွယ်"

"ကျွန်မဆီကို ပန်းကုံးပို့လိုက်လိမ့်မယ်လို့ရော ကျွန်မ မျှော်လင့် ထားမယ် ထင်လို့လား"

ဘာဘလီက ပန်ဒစ်၏ လက်နှစ်ဘက်ကို ဆွဲယူလိုက်ကာ ရင်ခွင် ထဲမှာ ထည့်ထားမိလေသည်။ ထို့ကြောင့် သူ့မျက်နှာမှာ အုံ့မှိုင်းညို့ဆိုင်း သွားလေတော့သည်။ ထိုသို့ မျက်နှာပျက်သွားသည်ကိုလည်း ဘာဘလီ သတိထားလိုက်မိသည်။

"ပန်ဒစ် ဟိုတုန်းက ကျွန်မကို မျက်စိသူငယ်နှင့် တစ်ယောက် တည်း ထားပစ်ခဲ့ပြီး ကျွန်မနှင့် ဝေးရာကို ရှင် ထွက်သွားခဲ့တယ်။ ဒီ တစ်ခါတော့ ကျွန်မကို ပစ်မထားခဲ့ပါနှင့်တော့ ရှင်ရယ်။ ရှေ့တန်းကိုရော ပြန်သွားရဦးမှာလားဟင်"

"မသွားရတော့ပါဘူး။ တိုင်းပြည်အတွက် ခြေတစ်ဘက် စွန့်လှူ ပြီးခဲ့တဲ့ ကိုယ်ဟာ ရှေ့တန်းမှာ အသုံးမဝင်တော့ဘူးလေ"

ပန်ဒစ်က သူ့ခြေတုကို သူ ပြန်ကြည့်သည်။ သူ့မျက်နှာပေါ်မှ အပြုံးကလေးလည်း ပျောက်ကွယ်သွားသည်။

"ဒါပေမယ့် မကြာခင် ဆေးရုံက ဆင်းရတော့မှာပါ။ ဆေးရုံက ဆင်းပြီးရင် ကိုယ့်ရွာကိုပဲ ကိုယ်ပြန်တော့မယ်"





"ရှင် တစ်ယောက်တည်း မပြန်ရဘူး။ ကျွန်မကိုလည်း ရှင်နှင့် အတူတူခေါ်သွားပါနော်။ ကျွန်မတို့နှစ်ယောက် အိုအောင်မင်းအောင် ပေါင်း ရဖို့ ရှင့်အဖေကို ဆုတောင်းခိုင်းရမယ်"

"ဒါကြီးနှင့် ဖြစ်ပါ့မလားကွယ်"

ပန်ဒစ်က သူ၏ ခြေထောက်အတုကြီးကို လက်ညှိုးထိုးပြသည်။

ဘာဘလီက ခေါင်းကို သွက်သွက်ခါလိုက်သည်။ ရင်ထဲမှ ဆို့ တက်လာသည့် အလုံးကြီးကိုလည်း မျိုသိပ်ချလိုက်သည်။ ပြီးကော့ ကိုယ် ကို ကိုင်းပြီး ပန်ဒစ်၏ မျက်လုံးများကို အနီးကပ် သေသေချာချာ စိုက် ကြည့်သည်။

ပန်ဒစ်က ပြန်ပြုံးပြသည်။ ဘာဘလီကို သဘောပေါက်နားလည် ပါသည်ဆိုသည့် သဘောမျိုး။

"ဒီနေရာက တိတ်တိတ်ဆိပ်ဆိပ် ရှိတယ်နော်"

ဘာဘလီက မဆီမဆိုင်စကားကို ပြောသည်။

"ဟုတ်တယ်။ သိပ်ကို တိတ်ဆိတ်တာပဲ"

ထိုသို့ပြောပြီး ပန်ဒစ်ဘိုဆယ်က အားပါးတရ ရယ်ချလိုက်လေ တော့သည်။

သူ ရယ်ချလိုက်ခြင်းသည်လည်း ဘာနှင့်မှုမဆီမဆိုင် အကြောင်း မဲ့သက်သက် ရယ်လိုက်ခြင်းသာ ဖြစ်လေသည်။

**Garlands ! And Garlands ! by N.S Phadke.**
**၁၉၈၅ ခုနှစ် ဩဂုတ်လထုတ် မဟေသီမဂ္ဂဇင်း၊ အမှတ် (၁၃)၊**



www.burmeseclassic.com

www.burmeseclassic.com

## ထီး

အချိန်ကတော့ မိုးစဲနေတဲ့ အနိုက်အတန့် အချိန်ကလေးပါပဲ။ ဒါပေမယ့် လမ်းပေါ်မှာ ရေတွေက ခြေမျက်စိမြုပ်လောက်အောင်တင် ကျန်ရစ်သေးတယ်။

ရံဖန်ရံခါမှသာ ဖာလေ့ထေးလေ့ရှိတဲ့ ကျွန်တော့် ရှူးဖိနပ် အပေါက်တွေကတစ်ဆင့် ဖိနပ်ထဲကို ရေတွေ ဝင်လာတယ်။

ဘာပဲဖြစ်ဖြစ် ကောင်းကင်ပေါ်က မိုးတွေ ရွာကျမလာတာပဲ တော်သေးတယ်လို့ ဆိုရမယ်။ တစ်မိုးလုံးကတော့ မိုးသားပြည့်နှင့်မှောင်ပိန်းနေတာပါပဲ။ မိုးသားတွေက သိပ်နိမ့်လွန်းတယ်။ လျှပ်စီးတွေကလည်း တပြိုးပြိုးတပြက်ပြက်နှင့် ဆက်တိုက်ဆိုသလို လက်နေတယ်။

လက်တစ်ဘက်မှာ အိတ်တစ်လုံးကိုင်ပြီး ကျန်လက်တစ်ဘက်က ထီးတစ်ချောင်းကိုင်ရင်း ဘတ်စ်ကားမှတ်တိုင်ရှိရာကို ကျွန်တော် သုတ်ခြေတင် လျှောက်လာခဲ့ပါတယ်။ မာဟင်းအထိ ရောက်အောင်သွားမယ့် ဘတ်စ်ကားကို မိကောင်းမိပါလိမ့်မယ်လို့လည်း မျှော်လင့်ထားမိတယ်။

လက်တစ်ဘက်မှာ ကိုင်ထားတဲ့ အိတ်ထဲမှာကတော့ ကျွန်တော့်အတွက် နေ့လယ်စာထမင်းဗူး၊ သတင်းစာတွေ၊ စာအုပ်တွေ၊ စာရွက်စာတမ်းတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ တိုလီမိုလီတွေနှင့် ထုံးစံအတိုင်း ပြည့်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်လက်တစ်ဘက်က ထီး။

ကျွန်တော် 'ထီး'လို့ခေါ်တဲ့ အဲဒီပစ္စည်းဟာ တစ်ချိန်တုန်းကတော့ တကယ့် ထီးအစစ်ပါပဲ။ တကယ်ပြောတာပါ။ အခုတောင် ခပ်လှမ်းလှမ်းကနေ ကြည့်မယ်ဆိုရင် ထီးနှင့်တူနေပါသေးတယ်။ လက်ကိုင်သစ်သားရိုးကတော့ ကျိုးနေပြီပေါ့ဗျာ။ ကျိုးနေတဲ့အရိုးက ထီးရွက်ထဲကနေ ပြူထွက်နေပါတယ်။ သယ်လို့ပိုးလို့ရတဲ့ ရွက်ထည်တဲတစ်ခုနှင့်တောင် တူသေးတော့။

ဖွင့်လိုက်မယ်ဆိုရင် အရွက်က သံချေးစားနေပြီဖြစ်တဲ့ ကိုင်းတွေပေါ်မှာ ပြန့်သွားလေ့ရှိပါတယ်။ အဲဒီအခါမှာတော့ ထီးဘဝကနေပြီး ဆန်ကာအဖြစ် ရေစစ်အဖြစ် တမုဟုတ်ချင်း အသွင်ပြောင်းသွားပါတော့တယ်။

မိုးရေတွေဟာ အပေါက်တွေကတစ်ဆင့် မှန်မှန်ကြီး ယိုဆင်းကျလာလေ့ရှိပါတယ်။ ဒါပေမယ့် တစ်ခုတော့ ကြိုကြိုတင်တင် ပြောထားရဦးမယ်။ အဲဒီ ဆန်ကာပေါက်တွေက ကျလာတာတွေဟာ ရေတွေချည်းပါပဲ။ ရေမှ အင်မတန် သန့်ရှင်းတဲ့ ရေတွေပါနော်။

ခင်ဗျားတို့ ထင်သလို မဟုတ်ပါဘူး။ ထီးဖြစ်ရုံမက ဆန်ကာအဖြစ်နှင့်ရော ရေစစ်အဖြစ်နှင့်ပါ တာဝန်ကျေပွန်အောင် ထမ်းဆောင်ရှာပါသေးတယ်။

ကြွေကျလာတဲ့ သစ်ရွက်တွေ၊ ငှက်ချေးတွေ၊ အိမ်အပေါ်ထပ်တွေက အိမ်ရှင်မတွေ စည်းမဲ့ကမ်းမဲ့ ပစ်ချလိုက်တဲ့ ဟင်းသီးဟင်းရွက်သင်ရာက ပိုလျှံပစ္စည်းတွေ၊ ငှက်ပျောခွံတွေ၊ ကြက်ဥခွံတွေ စသည်ဖြင့်ပေါ့ဗျ။ အဲဒီလို အမှိုက်သရိုက်တွေကတော့ ကျွန်တော့်ထီးမှာ ရှိနေတဲ့ အပေါက်တွေထဲကို တိုးမဝင်နိုင်တာ အမှန်ပါပဲ။

အဲ...မိုးရွာတာကျတော့ တစ်မျိုးပေါ့ဗျာ။ ပစ္စည်းတစ်မျိုးဟာ နေရာတကာမှာ အသုံးဝင်တယ်ဆိုတာမျိုးတော့ ဘယ်ရှိပါ့မလဲ။

ခင်ဗျား ခေါင်းပေါ်ကို အမှိုက်သရိုက်တွေ ကျမလာအောင် အကာအကွယ်ဖြစ်စေဖို့ မူလကတည်းက ပုံစံထုတ်ထားတဲ့ ထီးတစ်ချောင်းဟာ ခင်ဗျားကိုယ်ကို မစိုအောင် တပ်ဆင့် ကာကွယ်ပေးဖို့ဆိုတာ ဖြစ်နိုင်ပါ့သလားဗျာ။





နောက်ပြီးတော့ တစ်နေရာရာမှာ ကျွန်တော် ဖတ်ဖူးတာ တစ်ခုရှိသေးတယ်။ ဘာလဲဆိုတော့ ပင်လယ်သမုဒ္ဒရာထဲက ရေခိုးရေငွေ့တွေ ပျံတက်ရင် အဲဒီ ရေခိုးရေငွေ့တွေနှင့်အတူတူ ငါးတွေပါ ပါသွားတတ်သတဲ့။ ရေခိုးရေငွေ့တွေက တိမ်တိုက်အဖြစ်ပြောင်းပြီး အဲဒီ တိမ်တိုက်တွေက မိုးရွာသွန်းချတဲ့အခါမှာ 'ငါးမိုး' ဖြစ်ပါလေရောတဲ့။ 'ခွေးမိုး၊ ကြောင်မိုး' တော့ မဟုတ်ဘူးပေါ့လေ။

အဲဒီလိုမျိုး 'ငါးမိုး' ရွာချမယ်ဆိုရင် ကျွန်တော့် ထီးကတော့ ဘာမှ အသုံးဝင်တော့မှာ မဟုတ်ဘူး။ အသေးဆုံးငါးတောင် ကျွန်တော့် ထီးရဲ့ အကြီးဆုံးဆိုတဲ့ အပေါက်ထဲကနေ ကျွံကျနိုင်မှာ မဟုတ်ဘူး။

ကျွန်တော့်ရဲ့ ဘာမှအသုံးမကျတော့တဲ့ ထီးအို ထီးစုတ်ကြီးအကြောင်းကို ဘာကြောင့်များ ဒါလောက်တောင် စကားကြောရှည်နေပါလိမ့်လို့ ခင်ဗျားက စဉ်းစားနေမှာ အမှန်ပါပဲ။

အကြောင်းကတော့ 'ထီးအိုထီးစုတ်' ကြီးဟာ အခု ဝတ္ထုမှာ 'ဇာတ်လိုက်မင်းသမီး' ဖြစ်နေလို့လေဗျာ။

ခင်ဗျားက ဇာတ်လိုက်မင်းသမီးကို မကြိုက်ရင် 'ဇာတ်လိုက်မင်းသား' လို့လည်း မှတ်ယူချင် မှတ်ယူနိုင်ပါတယ်။

နောက်ပြီးတော့ ဒီဝတ္ထုထဲမှာ နောက်ထပ် 'ဇာတ်လိုက်မင်းသမီး' တစ်ယောက်လည်း ရှိပါသေးတယ်။ ဒါကြောင့် မင်းသမီးတစ်ယောက်၊ မင်းသားတစ်ယောက်ပါဝင်တဲ့ ဝတ္ထုမျိုးမဟုတ်ဘဲ မင်းသမီးနှစ်ယောက်နှင့် မင်းသားတစ်ယောက်ပါဝင်တဲ့ ဝတ္ထုလို့ဆိုချင်လည်း ဆိုနိုင်ပါတယ်။

ထီးအိုထီးစုတ်ကြီးက မင်းသမီးတစ်လက်ဖြစ်ပြီး အခြား 'အမျိုးသမီးတစ်ယောက်' ကတော့ နောက်ထပ် ဇာတ်လိုက်မင်းသမီးတစ်ယောက်ပေါ့ဗျာ။

ကျွန်တော်လား။ ကျွန်တော်ကတော့ ထုံးစံအတိုင်း ဇာတ်လိုက်မင်းသမီးကလေး နှစ်ယောက်ကြားမှာ ညှပ်ပူးညှပ်ပိတ်အမိ ခံလိုက်ရတဲ့ လူကြီးလူကောင်းတစ်ယောက်ပေါ့။ ကိုယ့်ကသိလ်နှင့်ကိုယ်မို့ ကျွန်တော့်ဘဝကို ဘာမှ မနာလိုဝန်တို ဖြစ်စရာအကြောင်း မရှိပါဘူး။

ကျွန်တော့်ကိုယ်ကျွန်တော် 'လူကြီးလူကောင်း' လို့ ခေါ်လိုက်တယ်နော်။ ဒီလို ခေါ်လိုက်တာဟာ ကြွားလုံးဝါးလုံးတွေ နင်းကန်ထုတ်နေပြီလို့ မထင်လိုက်ပါနှင့်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကံမကောင်း အကြောင်းမလှလို့ လူကြီးလူကောင်း ဖြစ်လာရတာကို အကြောင်းပြုပြီး ကျွန်တော့်ကိုယ်ကျွန်တော် 'လူကြီးလူကောင်း' လို့ ခေါ်လိုက်ရတာပါ။

မှန်ပါတယ်။ ကျွန်တော်ဟာ လူကြီးလူကောင်းဖြစ်ရတဲ့အတွက် အလွန့်အလွန်ကို ကံဆိုးပါတယ်။

ကျွန်တော်ဟာ လူကြီးလူကောင်းတစ်ယောက်ရဲ့ သားဗျာ။ နောက်ပြီးတော့ လူကြီးလူကောင်းတစ်ယောက်ရဲ့ မြေးဗျာ။ ကဲ...ဘာပြောချင်သေးသလဲ။

အဲဒီလို လူကြီးလူကောင်း ဖြစ်ရတဲ့အတွက် ဘီအေ စာမေးပွဲကို ကျွန်တော် ငါးကြိမ်တိုင်တိုင် ကြိုးစားဖြေနေတာတောင် မအောင်ပါဘူး။

သတင်းစာတိုက်မှာ စာပြင်ဆရာလုပ်နေတာလည်း လေးနှစ်ရှိသွားပါပြီ။ ဒါပေမယ့် ကျွန်တော့်ကို လခတိုးပေးဖို့ သတင်းစာတိုက်ပိုင်ရှင်ကို ဘယ်တုန်းကမှ အသနား မခံဖူးဘူး။

ဒါနှင့်ပတ်သက်ပြီး မန်နေဂျာ၊ မိုမင်၊ စာပြင်ဆရာချုပ်၊ တခြားစာပြင်ဆရာတွေနှင့် စာစီသမားတွေကတောင် ကျွန်တော့်ကို နောက်ကြပြောင်ကြပါတယ်။ နောက်ကြပြောင်ကြစမ်းပါစေဗျာ။ ကျွန်တော် မဖြုံပါဘူး။ ရေငုံနှုတ်ပိတ်နေလိုက်တယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်က လူကြီးလူကောင်း တစ်ယောက် မဟုတ်လား။

တစ်ခါတုန်းကလည်း ဟွန်ဘီလမ်းအတိုင်း ကျွန်တော် လမ်းလျှောက်လာခဲ့တယ်။ တော်မီဆိုတဲ့ အရက်မူးသမားတစ်ယောက်က အကြောင်းမဲ့သက်သက် ကျွန်တော့်ကို ပါးလှမ်းရိုက်တယ်။ ကျွန်တော့်အထင်ကတော့ သူ ပျော်ချင်ပါးချင်လို့ပဲနှင့် တူပါတယ်။

ကျွန်တော်ကလည်း ပျော်ချင်ပါးချင်တဲ့အနေနှင့် သူ့ကို ပါးပြန်ရိုက်ပစ်လိုက်ရရင် ကောင်းမလားလို့ ရုတ်တရက် စဉ်းစားကြည့်မိပါသေးတယ်။

ဒါပေမယ့် ကျွန်တော့်ရဲ့ လူကြီးလူကောင်းစိတ်ဓာတ်နှင့် အလေ့အကျင့်က ကျွန်တော့်ကို ဟန့်တားထားပါတယ်။ ဒီလို အောက်တန်းနောက်တန်းကျတဲ့ လူတွေနှင့်ရောပြီး ကိုယ့်ဘာသာကိုယ် အောက်တန်းကျအောင် ဆွဲမချပစ်သင့်ဘူးလို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။





အင်မတန် လေးစားစရာကောင်းတဲ့ ကျွန်တော့်ရဲ့ အရည်အချင်းတွေကို ထပ်ပြီးတော့မျှား နားထောင်ချင်ပါသေးသလား ခင်ဗျာ။

ကျွန်တော့်အသက် သုံးဆယ့်ငါးနှစ် ရှိပါပြီ။ ဒါပေမယ့် ဒီအသက်အရွယ်အထိ အိမ်ထောင်ရက်သား မကျသေးပါဘူး။ ကျွန်တော်ရတဲ့ လခက တစ်လမှ လေးဆယ်တည်းလေဗျာ။ ဘယ်ကလာပြီး မိန်းမတစ်ယောက်ကို ကျွေးနိုင်မွေးနိုင်မှာလဲ"

နေရတာတောင် တခြား လူပျိုသုံးယောက်နှင့်အတူတူ အခန်းကလေးတစ်ခု စုငှားပြီး ပေါင်းနေကြရတာ။ မိန်းမတစ်ယောက် ရှိနေတယ်ဆိုရင်တောင် ဒီမိန်းမကို ဘယ်ချောင်ထဲ သွားထိုးထားရမလဲ။

ကျွန်တော်နှင့် အတူတူနေတဲ့ တခြားလူပျိုသုံးယောက်ကတော့ လခထုတ်ပြီဟေ့ ဆိုတာနှင့်တစ်ပြိုင်တည်း ဖောရပ်စ်လမ်းကို ပြေးတော့တာပဲ။ ဖောရပ်စ်လမ်းမှာ ဘာတွေရှိတယ်ဆိုတာ သိတယ်မဟုတ်လား။ လူပျိုကာလသား ယောကျ်ားများကြိုက်တဲ့ အမျိုးသမီးတွေပေါ့ဗျာ။ သူတို့သုံးယောက်ကတော့ လခထုတ်ရက်မှာ အဲဒီ ဖောရပ်စ်လမ်းကို တစ်ကြိမ်တည်းပြေးကြပြီး တစ်လလုံးလုံး နောက်ထပ် လခထုတ်ရက်ကို ဖွဲကောင်းကောင်းနှင့် စောင့်တော့တာပဲ။

ဒီနေ့လည်း လခထုတ်ရက်ပါပဲ။ ဒါကြောင့် သူတို့သုံးယောက် ညဉ့်နက်သန်းခေါင်ကျမှ အိမ်ပြန်လာကြမည်ဆိုတာ ကျွန်တော် အလိုလိုသိပြီးသား ဖြစ်နေပါတယ်။

ကျွန်တော့် ပိုက်ဆံအိတ်ထဲမှာ တစ်လစာ လခထုတ်ထားတဲ့ ဆယ်တန်လေးရွက် ရှိပါတယ်။ ကျပ်တန်လေးငါးရွက်နှင့် အကြွေ နည်းနည်းပါးပါးလည်း ရှိပါတယ်။

သူတို့လို အပျော်အပါးအတွက် တစ်ကျပ်နှစ်ကျပ်လောက်တော့ အကုန်ခံနိုင်ပါတယ်။ ပြောကြစတမ်းဆိုရင် ငါးကျပ်လောက်အထိ အကုန်ခံနိုင်ပါတယ်ဗျာ။ ဒါပေမယ့် ကျွန်တော်ဟာ အင်မတန် လေးစားစရာကောင်းတဲ့ လူကြီးလူကောင်းတစ်ယောက် ဖြစ်တယ်လို့ ပြောခဲ့ပြီ မဟုတ်လား။

ကျွန်တော့်ထီးမှာ အပေါက်ဗရပွ ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ ဒါပေမယ့် ကျွန်တော့် လူပျိုဘဝကိုတော့ အကြောင်းမဲ့ အဆုံးရှုံးမခံနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ဆိုရင် ကျွန်တော့်ကို ခင်ဗျား အကြီးအကျယ် ဆဲနေပြီဆိုတာ သိပါတယ်။

"မင်း ထီးစုတ်ကြီးအကြောင်းနှင့် မင်းရဲ့ လေးစားစရာကောင်းတဲ့ အရည်အချင်းတွေကို ဘေးချိတ်ထားလိုက်စမ်းပါကွာ။ ဟိုအမျိုးသမီး ဘယ်မှာလဲ။ ဝတ္ထုထဲက ဇာတ်လိုက်မင်းသမီးကလေး ဘယ်မှာလဲ" လို့ ခင်ဗျား မေးနေပြီ မဟုတ်လား။ ဇာတ်လိုက်မင်းသမီးကလေး ပွဲထုတ်ပေးမယ့် အရေးကို ခင်ဗျား ဒါလောက်ကြာအောင် စောင့်နေရတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး။

ဒါပေမယ့် ခင်ဗျား စောင့်ရတာ မိနစ်ပိုင်းကလေးပါဗျ။ ကျွန်တော့်တုန်းက မိုးရွာနေတဲ့ ညနေပိုင်းမှာ ဘတ်စ်ကား မှတ်တိုင်မှာ စောင့်ခဲ့ရတာ တစ်နာရီလောက်ကြီးများတောင် ကြာပါတယ်။ ဒါလောက် ကြာတာတောင် အဲဒီအမျိုးသမီးက ရောက်မလာသေးဘူး။ ဘတ်စ်ကားလည်း ရောက်မလာသေးပါဘူး။

မှောင်စပျိုးလို့ လမ်းမီးတွေတောင် လာကုန်ပြီ။ ကျောက်ပေါက်မ လမ်းပေါ်က ရေအိုင်ကလေးတွေအပေါ်ကိုလည်း လမ်းမီးအရောင်တွေ ထိုးကျနေပါပြီ။ ကျွန်တော်နှင့်အတူတူ တန်းစီပြီး ဘတ်စ်ကားစောင့်နေကြတဲ့လူတွေလည်း စိတ်မရှည်နိုင်တာနှင့် ဓာတ်ရထားပြောင်းစီးဖို့ ပြေးကုန်ကြပါပြီ။

ဘတ်စကားမှတ်တိုင်မှာ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့တယ်။ မျက်မှောင်ကုပ်ပြီး တစ်ဘက်ကို မျှော်ကြည့်လိုက်တော့ မည်းမည်း မည်းမည်းနှင့်လာနေတဲ့ ဘတ်စ်ကားတစ်စင်းကို လှမ်းမြင်လိုက်ရပါတယ်။

နောက်ပြီးတော့ အမျိုးသမီး ရောက်လာပြီဆိုတာကိုလည်း ကျွန်တော့် နှာခေါင်းက သတိပေးလိုက်ပါတယ်။

အမျိုးသမီးလေးလာနေတာကို ကျွန်တော့် မျက်လုံးတွေနှင့် မမြင်ရပါဘူး။ သူ့ခြေသံကိုလည်း ကျွန်တော့်နားတွေက မကြားပါဘူး။

ဒါပေမယ့် ကျွန်တော့် နှာခေါင်းကတော့ သူ့အနံ့ကို ရပြီလေဗျာ။ ပေါင်ဒါနံ့ရယ်။ ရေမွှေးနံ့ရယ်။ သူ့ကိုယ်သင်းနံ့ကလေးရယ် ရောထွေးနေတဲ့ ထုံပျံ့မွှေးကြိုင်နေတဲ့အနံ့ကို ကောင်းကောင်းရှူလိုက်ရလေပြီဗျာ။





အဲဒီအနံ့ပေါင်းစုံထဲမှာ မိုးနံ့ရော၊ နုနယ်ပျိုမျစ်တဲ့ အသက်အရွယ်ရဲ့ အနံ့ အသက်တွေပါ ရောနှောလို့တောင် နေပါသေးတယ်။

ကျွန်တော် ပြန်လှည့်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော့်အနားမှာ ကပ်ပြီး ရပ်နေတဲ့ မိန်းမပျိုကလေးကို တွေ့လိုက်ရပါတယ်။ သူ ရပ်နေတာမှ ကျွန်တော်နှင့် ကိုယ်လုံးချင်း ထိတော့မတတ်ပါပဲ။

သူက လွယ်အိတ်အစိမ်းကလေးကို ပခုံးမှာလွယ်ထားတယ်။ သူ့မှာပါလာတာ ဒါပါပဲ။ ထီးမပါဘူး။ မိုးကာအင်္ကျီ မပါဘူး။

ချက်ချင်းဆိုသလိုပဲ ဘတ်စ်ကား ရောက်လာတယ်။ ဘတ်စ်ကားက နှစ်ထပ်။ အပေါ်ထပ်က အမိုးမပါဘူး။ အောက်ထပ်မှာကလည်း ခရီးသည်တွေ ပြည့်နေတယ်။

မိန်းမပျိုကလေးဟာ ကျွန်တော့်နောက်မှာ ရှိနေတာတော့ မှန်ပါရဲ့။ ဒါပေမယ့် သူ အလျင်တက်နိုင်အောင် ကျွန်တော် ဘေးဖယ်ပေးလိုက်မိတယ်။ အောက်ထပ်မှာ ထိုင်စရာတစ်နေရာလောက်များ လွတ်နေမယ်ဆိုရင် သူ ထိုင်ပါစေဆိုတဲ့ စေတနာနှင့်ပါဗျာ။

ကျွန်တော်ကတော့ ရောက်လာမယ့် ဘတ်စ်ကားကို ဆက်ပြီး စောင့်မယ်ဆိုရင်လည်း စောင့်နိုင်ပါတယ်။ ကျွန်တော်ဟာ လူကြီးလူကောင်းတစ်ယောက်ပဲလေဗျာ။ ဒါလောက်တော့ တစ်ဘက်သားကို ထောက်ထားညှာတာရမှာပေါ့။

ဒါပေမယ့် ကျွန်တော် ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံလိုက်တာဟာ အရာမရောက်ပါဘူးဗျာ။

စပယ်ယာက အပေါ်တစ်ထပ်လုံး ခရီးသည် တစ်ယောက်မှမရှိတဲ့အကြောင်း အော်ကြီးဟစ်ကျယ် ထပ်ခါတလဲလဲ ပြောနေတယ်လေဗျာ။

အပေါ်ထပ်တက်ရင် မိုးစိုမှာကြောက်တဲ့ ခရီးသည်လေး၊ငါးခြောက်ယောက်လောက်တော့ ပေကပ်ကပ်နှင့် အပေါ်မတက်ဘဲ အောက်ထပ်နောက်ပိုင်းနှင့် လှေကားအောက်မှာ ခိုကပ်နေကြလေရဲ့။

မိန်းမပျိုကလေးကတော့ မိုးစိုမှာကို ကြောက်ပုံမပေါ်ဘူး။ ခေါင်းမြင့် ဖိနပ်သံကလေးပေးပြီး အပေါ်ထပ်ကို တန်းတန်းမတ်မတ် တက်သွားတယ်။ သူ့နောက်ပါးက ကပ်ပါသွားသူကတော့ ကျွန်တော်ပဲ လွဲပြီး ဘယ်သူများ ရှိရဦးမှာလဲ။

www.burmeseclassic.com



စပယ်ယာပြောတာ မှန်တယ်ဗျ။ အပေါ်ထပ်မှာ ခရီးသည် တစ်ယောက်မှ မရှိဘူး။ မိန်းမပျိုကလေးရယ်၊ ကျွန်တော်ရယ် နှစ်ယောက်တည်းပါပဲ ။

မိန်းမပျိုက ဘယ်ဘက်ခြမ်းရဲ့ ခုံပေါ်မှာ ဝင်ထိုင်တယ်။ ကျွန်တော်က ညာဘက်ခြမ်းက သူ့ခုံတန်းထက် တစ်တန်းလောက် နောက်ရောက်နေတဲ့ နေရာမှာ နေရာဝင်ယူလိုက်ပါတယ်။

ရှိဗားဂျီးပန်းခြံအထိ ကျွန်တော်က ဘတ်စ်ကား လက်မှတ်ဆုတ်လိုက်ပါတယ်။ မိန်းမပျိုက မာဟင်းအထိ လက်မှတ်ဝယ်ပါတယ်။

ဒါကြောင့် ကျွန်တော့်ရင်ထဲမှာ အမျိုးအမည် မဖော်ပြတတ်တဲ့ ဝေဒနာတစ်မျိုးကို ခံစားလိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နှစ်ယောက် ခရီးရှည်ကြီးကို အတူတူစီးသွားကြရမှာ မဟုတ်လား။

အဲဒီနောက်တော့ ဘတ်စ်ကား စပယ်ယာ ဘယ်ရောက်သွားတယ်ဆိုတာ ကျွန်တော် မသိတော့ပါဘူး။ နောက်ပိုင်းက ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်သွားသလား။ လေထဲမှာပဲ ပျောက်ကွယ်သွားလေသလား။ ကျွန်တော် မပြောတတ်တော့ပါဘူး။ ရှိဗာဂျီးပန်းခြံရောက်တဲ့အထိ သူ့ကို ထပ်ပြီး မတွေ့တော့ပါဘူး။

ဆော်ရီဘန်းဒါးကို ရောက်တဲ့အခါ မိုးစက်ကလေးတစ်စက်တည်း အဖော်မပါဘဲ ကျလာတယ်။ အဲဒီ တစ်ကိုယ်တော် မိုးစက်ကလေးက ပြောင်နေတဲ့ ကျွန်တော့်ခေါင်းပေါ်ကိုမှ တည့်တည့်ကျသဗျ။ ဒါကြောင့် ကောင်းကင်ကို မော့ကြည့်မိတယ်။ တစ်မိုးလုံးကတော့ မည်းနေတုန်းပါပဲ။ အားနည်းလှတဲ့ မိုတ်တုတ်မိုတ်တုတ် လမ်းမီးကလေးတွေ ရှိနေလို့တော်သေးပါရဲ့။

စောစောက ကျလာတဲ့ တစ်ကိုယ်တော် မိုးစက်ကလေးဟာ တခြားမိုးစက်ကလေးတွေကို အိပ်ရာကမနိုးဘဲ သူတစ်ကိုယ်တည်း စွန့်စွန့်စားစား ဆင်းလာတာကိုပဲ ကျေးဇူးတင်ရသေးတော့တယ်ဗျာ။ ဒီအတိုင်းဆိုရင်တော့ ရှိဗာဂျီးပန်းခြံအထိ ခြောက်ခြောက်သွေ့သွေ့ လိုက်နိုင်တော့မယ်လို့ မျှော်လင့်ရတာပါပဲ။

ကက်ပီတောလ်ရုပ်ရှင်ရုံ မှတ်တိုင်ရောက်တော့ ဘတ်စ်ကားက ဓာတ်တိုင်အောက်မှာ တည့်တည့်ကြီး သွားရပ်တယ်။





ဓာတ်တိုင်က မီးရောင်ကြောင့် မိန်းမပျိုရဲ့ မျက်နှာကလေးကို ပထမဦးဆုံးအကြိမ်အဖြစ်နှင့် ကျွန်တော် မြင်တွေ့လိုက်ရပါတယ်။

အသားဖြူတဲ့ မိန်းမပျိုကလေး ဖြစ်ပါတယ်။ ဖောင်းမို့နေတဲ့ ပါးပြင်နှစ်ဘက်က ပန်းနုရောင် ပြေးနေတယ်။ နှုတ်ခမ်းအစုံ တွတ်တွတ်ရဲနေတယ်။ ဆံပင်ကလည်း ရွှေရောင်တောက်နေတယ်။

"သူတို့လို အင်္ဂလိပ်မလေးတွေကျတော့လည်း တယ်ပြီး ချောမောလှပပေတာပဲ"လို့ ကျွန်တော့်စိတ်ထဲက တွေးကြည့်လိုက်မိတယ်။

ဒီအချိန်မှာပဲ မီးရောင်က ကျွန်တော့်မျက်နှာပေါ်ကိုလည်း ထိုးကျကောင်း ကျနေပါလိမ့်မယ်။ သူက ကျွန်တော့်ဘက်ကို လှစ်ကနဲ လှည့်ကြည့်တယ်။ ပြီးတော့ ချက်ချင်း မျက်နှာ ပြန်လွှဲသွားတယ်။

"ဒင်းတို့လို အိန္ဒိယလူမျိုးတွေကျတော့ အရုပ်ဆိုး အကျည်းတန်လိုက်တာနော်"လို့ သူ့စိတ်ထဲက ရေရွတ်ကောင်း ရေရွတ်နေပါလိမ့်မယ်။

အဲဒီအချိန်ကလေးမှာပဲ ကျွန်တော့်စိတ်ဟာ သိပ်ကို သိမ်ငယ်သွားတယ်ဗျာ။

အပေါက်ပေါက် အပြဲပြဲဖြစ်နေတဲ့ ရှူးဖိနပ်၊ နွမ်းချင်တိုင်း နွမ်းနေပြီဖြစ်တဲ့ ကုတ်အင်္ကျီ၊ အဖာတစ်ရာနှင့် ရှပ်အင်္ကျီ၊ ပုံပန်းမကျတဲ့ ဘောင်းဘီ၊ မုတ်ဆိတ်မွေးဗရပျစ်ဖြစ်နေတဲ့ မျက်နှာ၊ ဆံပင်ကျွတ်ပြီး ပြောင်နေတဲ့ ခေါင်း၊ နောက်ပြီးတော့ အသားမည်းလှတဲ့ ကျွန်တော့်မျက်နှာ၊ ဒါတွေကြောင့် ကျွန်တော် စိတ်အထိခိုက်ကြီး ထိခိုက်သွားမိပါတော့တယ်။

မိန်းမပျိုကလေးကိုလည်း ကျွန်တော် နောက်တစ်ကြိမ် ပြန်မကြည့်ရဲတော့ပါဘူး။

ဒါပေမယ့် ချက်ချင်း ဆိုသလိုပဲ ကျွန်တော့် ခေါင်းပေါ်ကို မိုးစက်တစ်ပေါက် နှစ်ပေါက် ကျလာပါတယ်။ မိုးပေါက်တွေက သိပ်သေးသေးကလေးတွေ မဟုတ်ပါဘူး။ ဒါကြောင့် မိန်းမပျိုနှင့် ပတ်သက်တဲ့ အတွေးတွေ ကျွန်တော့်စိတ်ထဲက ပြေးထွက်သွားပါတယ်။

ချောမွေ့ပြောင်လက်နေတဲ့ စကိတ်ဘီးနှင့်တူတဲ့ မိုးစက်ကလေးတွေဟာ သူတို့ချည်းကျလာကြတာ မဟုတ်ဘဲ သူတို့ရဲ့ အစ်ကိုတွေ၊ ညီတွေ၊ အစ်မတွေ၊ ညီမတွေ၊ တစ်ဝမ်းကွဲတွေ၊ နှစ်ဝမ်းကွဲတွေ၊ အပေါင်းအဖော်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုပါ ခေါ်လာပြီး သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါးကြီး ကျလာကြတော့တာပဲဗျာ။

အဲဒီလို မိုးစ,ရွာတဲ့ အချိန်မှာပဲ ကျွန်တော်တို့ စီးလာတဲ့ ဘတ်စ်ကားဟာ ကရော့ဖို့ဒ်ဈေးကို ရောက်လာပါတယ်။

ကျွန်တော်ဟာ ကိုယ့်အတွက် ဒါလောက်သောက မရောက်မိပါဘူး။ ဟို မိန်းမပျိုကလေး မိုးစိုမှာကိုပဲ စိုးရိမ်နေမိပါတယ်။

စောစောတုန်းက ကျွန်တော့်ကို အထင်သေး အမြင်သေးနှင့် ကြည့်သွားတာ မှန်ပါတယ်။ ဒါကို ကျွန်တော် ခွင့်လွှတ်လိုက်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သူဟာ မိန်းမသားလေဗျာ။ သိပ်ကို ချောမောလှတဲ့ မိန်းမသား။ နောက်ပြီးတော့ အခုအချိန်မှာ မိုးစိုရတော့မယ့် ဒုက္ခကို အတူတူ ခံစားနေရကြတဲ့ ဘဝတူဒုက္ခသည် မဟုတ်လား။

သူ့ကို ကျွန်တော် လှမ်းကြည့်လိုက်မိတယ်။ ကျွန်တော့်ကို သူ လှည့်ကြည့်နေတာ တွေ့ရပါတယ်။ ဒီအကြိမ်မှာတော့ အထင်သေး အမြင်သေးတဲ့ အရိပ်အရောင် အမူအရာတွေ သူ့မျက်လုံးထဲမှာ မတွေ့ရတော့ပါဘူး။

ကျွန်တော်ကပဲ စိတ်ကူးယဉ်မိတာလား။ တကယ်ပဲ ဖြစ်တာလားတော့ မပြောတတ်ပါဘူး။ သူက ကျွန်တော့်ကို ပြုံးပြနေတယ်ဗျို့။

"ရှင့် ထီးကို ဖွင့်လိုက်ပါလား"

သူက ကျွန်တော့်ကို လှမ်းပြောတယ်။ အသံကလေးက သိပ်ကို သာယာတာပဲဗျာ။ နားထဲကို ချိုချိုလွင်လွင်ကလေးနှင့် လျှောကနဲ ဝင်သွားပါတယ်။ 'ထီး'လို့ သူ ထင်နေတဲ့ ကျွန်တော့်လက်ထဲက ပစ္စည်းကြီးဟာ တကယ်ကတော့ ဆန်ကာဖြစ်နေတဲ့အကြောင်း၊ ရေစစ်ကြီး ဖြစ်နေတဲ့အကြောင်း ကျွန်တော် ဘယ်လိုလုပ်ပြီး ပြောပြလို့ ဖြစ်နိုင်ပါ့မလဲဗျာ။

"ထီးလား။ အိုး ဟုတ်သားပဲ ထီး ထီး"

ကျွန်တော် ဗလုံးဗထွေး ပြန်ပြောရင်း ထီးကို ဖွင့်ပါတယ်။ သံချေးတက်နေတဲ့ ထီးကိုင်းတွေပေါ်မှာ ထီးရွက်က သံစုံမြည်ပြီး ပွင့်သွားပါတယ်။

"သတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"





ကျွန်တော်က လူ့ဘဝရဲ့ ရှုပ်ထွေးပွေလီလှတဲ့ အကြောင်းတွေကို စဉ်းစားရင်း မေ့မေ့လျော့လျော့ ဖြစ်နေတတ်တဲ့ ပါမောက္ခကြီးတစ်ယောက် ပုံစံမျိုးနှင့် ပြန်ပြောလိုက်ပါတယ်။

မိုးက သဲသဲမဲမဲရွာပြီ။ မိန်းမပျိုကလေးလည်း ရွှဲရွဲကုန်ပြီ။ ဒီလိုအချိန်မျိုးမှာ ကျွန်တော်ကတော့ အရှက်ကင်းမဲ့စွာနှင့် မျက်နှာပြောင်တိုက်ပြီး ထီးပဲခေါ်ခေါ်၊ ဆန်ကာပဲခေါ်ခေါ်၊ ရေစပ်ပဲခေါ်ခေါ်၊ အကာအကွယ်လို့ပဲ ခေါ်ခေါ်၊ ခေါ်ချင်ရာခေါ်နိုင်တဲ့ ပစ္စည်းကြီးအောက်မှာ အမြိုင့်သား ထိုင်လို့ပေါ့ဗျာ။

တစ်နည်းတစ်ဖုံတော့ အကာအကွယ် ရတာပေါ့လေ။ ဘာမှမရှိဘဲ ဒီအတိုင်း ငုတ်တုတ်ထိုင်နေရတာနှင့်စာရင် အများကြီး တော်သေးတာပေါ့။

"မင်းပါ ထီးအောက်မှာ လာထိုင်လိုက်ပါလား"

အဲဒီစကားကိုပြောဖို့ ကျွန်တော် အကြိမ်ကြိမ် ကြိုးစားပါတယ်။ ဒါပေမယ့် အသံက အပြင်ကို ထွက်မလာဘဲ နှုတ်ခမ်းဖျားမှာပဲ ရပ်ရပ်သွားပါတယ်။ သဲကြီးမဲကြီးရွာနေတဲ့ မိုးရေစက်တွေနှင့်အတူ မျောသွားတာလည်း ဖြစ်နိုင်တာပေါ့လေ။

သိမ်ငယ်တဲ့စိတ်၊ အရှက်အကြောက်ကြီးတဲ့စိတ်နှင့် သူက သိပ်ကို ချောမောလှပပြီး ကျွန်တော်ကတော့ မည်းမည်းသဲသဲနှင့် အောက်တန်းနောက်တန်းကျတဲ့ဘဝကို နှိုင်းယှဉ်မိလို့လည်း ပြောမထွက်တာ ဖြစ်နိုင်ပါတယ်။

နောက်ပြီးတော့ ကျွန်တော်ဟာ လူကြီးလူကောင်းပါ။ မျက်နှာစိမ်း မိန်းမပျိုကလေးတွေဆီက မတော်မတရား အခွင့်အရေးကို ဘယ်တုန်းကမှ မယူဖူးပါဘူး။

ဒါကြောင့် ကျွန်တော်နှင့် မလှမ်းမကမ်းမှာ မိန်းမပျိုချောချောကလေးတစ်ယောက် ရှိနေတာကို သတိမပြုမိတဲ့ ပုံစံမျိုးနှင့် မိုးစက်ကန့်လန့်ကာ နောက်ကွယ်မှာ မှုန်ဝါးဝါး မြင်နေရတဲ့ မိုဟာမက်အလီလမ်းတစ်လျှောက်က တိုက်သစ်မြင့်မြင့်ကြီးတွေကို လှမ်းငေးကြည့်နေလိုက်မိပါတယ်။

ခဏကြာတော့ ကျွန်တော့်ဘေးမှာ မိန်းမပျိုကလေးလာထိုင်တာကို ကျွန်တော် သိလိုက်ပါတယ်။ အနံ့ရလိုက်တာလည်း ဖြစ်နိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ဘယ်ဘက်ပေါင်ကို နူးညံ့တဲ့ ခန္ဓာကိုယ်ကလေးက လာထိနေတာကို သိလိုက်ရတဲ့အတွက်လည်း ကျွန်တော့်အားမှာ သူ လာထိုင်တယ်ဆိုတာ သေချာသွားပါတော့တယ်။

"ထိုင်ပါ၊ ထိုင်ပါ၊ ဒီဘက်တိုးပြီး သက်သာသလိုနေပါ"

ကျွန်တော်က ပျာပျာသလဲပြောရင်း တစ်ဘက်အားကို တိုးပေးဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် တကယ်လက်တွေ့ကျတော့ သူ့ကိုယ်နှင့် ကွာသွားအောင် ကျွန်တော် နေရာမရွှေ့မိပါဘူး။

ထီးကိုလည်း အပေါက်များတဲ့အခြမ်းကို ကျွန်တော့်ဘက်မှာထားပြီး အပေါက်နည်းဟဲ့အခြမ်းကို သူ့ဘက် လှည့်ပေးလိုက်မိပါတယ်။ ပိုးရေ တစ်စက်စက်ယိုကျနေတဲ့အားက သူ ကင်းဝေးသွားပါတယ်။

"ရှင့်ကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးရှင်။ ရှင်သာမကယ်ရင် ကျွန်မတော့ ကြွက်စုတ်ဖြစ်ပြီ"

တကယ့်ကို ကျေးဇူးတင်တဲ့ လိုက်လိုက်လှဲလှဲ အသံကလေးနှင့် ပြောသဗျ။

ဒီလိုနှင့်ပဲ ကျွန်တော်တို့နှစ်ယောက် ရောက်တတ်ရာရာ စကားတွေ ဖောင်ဖွဲ့မိကြတော့တယ်။

"ရှင်က ဘာအလုပ် လုပ်ပါသလဲ"

"သတင်းစာတိုက်မှာ လုပ်ပါတယ်"

ကျွန်တော့်ကိုယ်ကျွန်တော် အယ်ဒီတာလား၊ စာပြင်ဆရာလား ဆိုတာကိုတော့ တိတိကျကျ ခွဲခြားမပြောပါဘူး။

"ခင်ဗျားရော အလုပ်လုပ်သလား"

"လုပ်ပါတယ်။ အင်း...အလုပ်လို့ခေါ်ချင် ခေါ်နိုင်တာပေါ့လေ"

အစိုးရရုံးတစ်ရုံးမှာ လက်ရေးတိုလက်နှိပ်စက် စာရေး၊ ဒါမှမဟုတ် အတွင်းရေးမှူးမကလေး ဖြစ်ရမယ်လို့ ကျွန်တော် တွေးကြည့်မိတယ်။ တစ်နေကုန် လက်နှိပ်စက်ကို တဖြောင်းဖြောင်းရိုက်ပြီး ရုံးဆင်းလို့ အိမ်ပြန်လာတာပဲ ဖြစ်ပါလိမ့်မယ်။

လူတွေဟာ သူတို့လို အင်္ဂလိပ်မကလေးတွေအကြောင်းကို တယ်ပြီး အမနာပပြောချင်ကြတာပဲ။ ဒါလောက်ကြီးလည်း မဟုတ်ပါဘူးဗျာ။ အခု ကြည့်လေ။ ဒီအင်္ဂလိပ်မလေးကျတော့ ကျွန်တော့်ကို ဘယ်လောက် ဖော်ရွေနေသလဲ။





မိုးက သာမန်ရွာတာ မဟုတ်တော့ဘူး။ သွန်ချသလို ရွာနေတာ။

"ခင်ဗျား ဂါဝန်ကလေး မိုးစိုပြီး ပျက်စီးသွားတော့မှာပဲ။ ဟောဒီ တာလပတ်နှင့် ဒူးကို ဖုံးထားလိုက်ပါလား"

ဘတ်စ်ကားကုမ္ပဏီက ခရီးသည်တွေ အသုံးပြုနိုင်အောင် ထုတ်ပေးထားတဲ့ တာလပတ်ကို ကျွန်တော်က ထိုးပေးလိုက်တယ်။

ဒီမှာ ပြဿနာပေါ်ပြီပေါ့ဗျာ။ တာလပတ်တစ်ခုတည်း အောက်မှာ ခြေထောက်လေးချောင်း၊ ဒါမှမဟုတ် ခြေထောက်နှစ်စုံ ရောက်သွားကြပြီလေ။ ထီးကလည်းဆိုတော့ နှစ်ယောက် ပူးကပ်ထိုင်နေကြရတာ မဟုတ်လား။ ဒီတော့ တာလပတ်အောက်မှာ သူ့အသားနှင့် ကျွန်တော့် အသားဟာ ပူးကပ်ပိညပ်နေတော့တာပေါ့။

သူ့ကိုယ်ပေါ်က ပိုးသားကလေးက သိပ်ကို နူးညံ့လွန်းလှပါတယ်။ အဲဒီ ပိုးသားအောက်က သူ့အသားဆိုင်တွေကလည်း ဝါဂွမ်းတွေလို အိစက်နူးညံ့နေပါတယ်ဗျာ။ ဒီအတွေ့ထူးကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ဓာတ်လိုက်သလို ဖြစ်နေပါတယ်။ ဓာတ်လိုက်တာမှ တစ်ခါမဟုတ်ဘူး။ အကြိမ်ကြိမ် ဆက်ကာဆက်ကာ ဓာတ်လိုက်နေတာမျိုးပါ။

ကျွန်တော့်စိတ်တွေလည်း သိပ်လှုပ်ရှားလာပါတယ်။

တစ်ချိန်တည်းမှာပဲ ကျွန်တော့်သူငယ်ချင်း သုံးယောက်အကြောင်းကို သတိရလိုက်မိပါတယ်။ သူတို့သုံးယောက်ကတော့ ဖောရပ်စ်လမ်းက နှစ်ပြားတစ်ပဲတန် ကြေးစားမတွေနှင့် ဘာဓာတ်ခင်းနေကြမယ်မသိဘူး။

ကျွန်တော်ကတော့ ဘတ်စကားထိပ်ပေါ်မှာ အဲ...ဒီလိုလည်း မဟုတ်သေးဗျ။ ကမ္ဘာလုံးကြီးရဲ့ထိပ်ပေါ်မှာ ဘုံဘေမြို့ရဲ့ အချောဆုံးအလှဆုံး မိန်းမပျိုလေးတစ်ယောက်နှင့် ယှဉ်တွဲပူးကပ်ထိုင်လို့။ ဘယ်လောက်များ ဇိမ်ကျနေသလဲ။

ပင်လယ်ပြင်ဘက်က လေပြင်းတရကြမ်း ဝင်တိုက်လာတယ်။ ဒါကြောင့် ကျွန်တော် ကိုင်ထားတဲ့ထီးဟာ အချိန်မရွေး 'လေထီး' ဖြစ်သွားနိုင်တယ်။ အဲဒီ လေထီးအရိုးကို ကိုင်တွယ်ရင်း ကျွန်တော်ပါ ကောင်းကင်ပေါ် အချိန်မရွေး တွဲလောင်းပါသွားနိုင်တယ်။

ဒါကြောင့် ကျိုးနေတဲ့ထီးရိုးကို ခိုင်ခိုင်မြဲမြဲကြီး ဆုပ်ကိုင်ထားရတော့တယ်။ လေက ဆောင့်ဆောင့်ထိုးနေလို့ ထီးအမိုး လန်မသွားအောင်လည်း လက်တစ်ဘက်နှင့် ထီးရွက်ကို ဖိထားရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ညာဘက်လက်ပေါ်မှာ အင်မတန်နူးညံ့တဲ့ အတွေ့အထိကလေး သိရှိခံစားလိုက်ရပါတယ်။ လား...လား သတိထားကြည့်လိုက်တော့မှ မိန်းမပျိုကလေးက ကျွန်တော့်ကို ကူညီတဲ့အနေနှင့် ထီးရိုးကိုဝိုင်းကူ ကိုင်ပေးထားတာကိုး။ ဒါကြောင့် နူးညံ့တဲ့ သူ့လက်လှလှကလေးနှင့် ကျွန်တော့်လက်ဟာ ပူးကပ်နေတော့တယ်။

ဒါလောက်တင် မကသေးပါဘူးဗျာ။ သူ့ လက်တစ်ဘက်ကို ကျွန်တော့်ပခုံးပေါ်က သိုင်းကျော်ပြီး ထီးရွက်ကိုလည်း ထိန်းကိုင်ထားပေးသေးတယ်။ ထီးအမိုးလန်မသွားအောင် ကျွန်တော့်ကို ဝိုင်းကူပေးနေတဲ့သဘောပါပဲ။

ဒီတော့ ကျွန်တော်တို့နှစ်ယောက်ဟာ ကိုယ်လုံးချင်း ပူးကပ်နေရုံမကတော့ဘူး။ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားလိုတောင် ဖြစ်နေပါတယ်ဗျာ။

အဲဒီအချိန်ကလေးဟာ ကျွန်တော့်တသက်တာမှာ အသာယာဆုံးသော အချန်ကလေးပါပဲ။

ကျွန်တော်ဟာ လူကြီးလူကောင်းတစ်ယောက်ပါ။ ဒါနှင့်ပတ်သက်လို့ ဘာမှ သံသယဖြစ်စရာ အကြောင်းမရှိပါဘူး။

ဒါပေမယ့် ကျွန်တော်လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်ပါပဲ။ အသည်းနှင့်နှလုံးနှင့်ပဲ။ အသည်းကလေးတွေ၊ နှလုံးကလေးတွေ လှုပ်ခါတတ်တာပဲ။ အီစီကလီကလေးတော့ ဖြစ်ချင်တတ်တာ သဘာဝပါပဲ။

ဒါကြောင့် လက်တွေ့ ကျွန်တော် ကြုံကြိုက်ရတဲ့ အခိုက်အတန့်ကလေးမှာ ဘယ်လောက်စိတ်ချမ်းသာပြီး ဘယ်လောက်ပီတိဖြစ်နေရတယ်ဆိုတာ ဖော်မပြတတ်အောင်ပါပဲ။

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ဗျာ...။ မိန်းမ တစ်ယောက်ဆိုတာလည်း သာမန် မဟုတ်ဘူး။ သိပ်ကို ချောမောလှပတဲ့ အင်္ဂလိပ်မ မိန်းမပျိုကလေးဗျာ။ အဲဒီနှစ်ယောက်ဟာ ထီးတစ်လက်တည်းအောက်မှာ အတူတကွ ပူးကပ်ထိုင်နေကြတယ်။ ကိုယ်လုံးချင်း ထိနေကြတယ်။ ပူးကပ်ထိုင်နေကြတယ်ဆိုတာတောင် မမှန်သေးပါဘူး။ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားကြတယ်ဆိုရင်ပိုပြီး တိကျပါလိမ့်မယ်။





ကျွန်တော်ဟာ နေ့စဉ် သတင်းစာကြီးတစ်စောင်ရဲ့ စာပြင်ဆရာဖြစ်ပါတယ်။ နိုင်ငံရေးတွေကို ကျွန်တော် စိတ်ဝင်စားပါတယ်။ လွတ်လပ်ရေးတို့၊ အမျိုးသားရေးတို့၊ အတ္တလန္တိတ်စာချုပ်အကြောင်းတို့၊ ဆန်ဖရန်စစ္စကိုတို့၊ အကုမြူဖုံးတို့ကို စိတ်ဝင်စားပါတယ်။

နိုင်ငံရေးဆောင်းပါးတွေ၊ နိုင်ငံရေး သတင်းတွေကိုလည်း အပုဒ်ပေါင်း ထောင်သောင်းချီပြီး ဖတ်ဖူးပါတယ်။ ဒါကြောင့် နိုင်ငံရေး မိုးလေဝသတွေကိုလည်း ခန့်မှန်းတတ်ပါတယ်။

ကောင်းကင်မှာ မိုးသားတွေ ထူထပ်နေပြီဆိုရင် ဆင်းမလားမြို့မှာကျင်းပနေတဲ့ ကြည်းသုံးကြည်းကွန်ဖရင့်မှာ အခြေအနေ မကောင်းဘူးဆိုတာတို့၊ ကောင်းကင်တစ်ခုလုံး ကြည်လင်ပြီး ရာသီဥတု သာယာနေပြီဆိုရင် ဆင်းမလားမြို့က ကွန်ဖရင့် အခြေအနေ ကောင်းနေပြီဆိုတာမျိုးတို့လောက်တော့ ကျွန်တော်လည်း ခန့်မှန်းတတ်တဲ့ လူပါပဲ။

အဲဒီအတိုင်းပါပဲ။ ဒါလောက်တောင် စွဲမက်တိမ်းမူးစရာကောင်းတဲ့ အင်္ဂလိပ်မ ချောချောကလေးနှင့် အခုလို ပွေ့ဖက်ထားမတတ် ပူးကပ်ထိုင်နေတာဟာ ဘာရဲ့ အတိတ်နိမိတ်လည်းလို့ ဆင်ခြင်ကြည့်မိပါတယ်။

ဒါလည်း နိုင်ငံရေး မိုးလေဝသ ခန့်မှန်းချက် တစ်ခုပေါ့ဗျာ။

ဒီလို ဆင်ခြင်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော့်ရဲ့ ဇာတိစိတ်ကတိုးတိုးကလေး ပြောနေပါတယ်။

"ဒါက ရှင်းပါတယ်လေ။ မင်းဟာ အိန္ဒိယနိုင်ငံ၊ သိပ်ကို ဆင်းရဲတယ်။ အောက်တန်း နောက်တန်းကျတယ်။ အနာဂတ် အလားအလာကလည်း မကောင်းဘူး။ မင်းစီးထားတဲ့ ရှူးဖိနပ်နှင့် မင်းရဲ့ အနာဂတ်မျှော်မှန်းချက်တွေဟာ အပေါက်အပြဲတွေနှင့် ပြည့်နေတယ်။ ဟောဒီရွှေရောင်ဆံပင်နှင့် မိန်းကလေး ချောချောကတော့ ဗြိတိန်နိုင်ငံပဲ။ မင်းတို့ရဲ့ အိန္ဒိယနိုင်ငံကို အုပ်စိုးနေတဲ့ ဗြိတိန်နိုင်ငံပေါ့ကွာ။ အခု ရွာနေတဲ့မိုးရယ်၊ လေရယ်၊ မုန်တိုင်းရယ်ဟာ မက်ဆစ်ဝါဒနှင့် လူသတ်စစ်ပွဲတွေလေ၊ မင်းလက်ထဲက အရိုးကျိုးပြီး အပေါက်အပြဲတွေ များလှတဲ့ထီးက အိန္ဒိယနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးလှတဲ့ သယံဇာတပစ္စည်းတွေပေါ့။ ထီးတည်းဟူသော ဆင်းရဲနွမ်းပါးတဲ့ သယံဇာတပစ္စည်းတွေနှင့် အိန္ဒိယနိုင်ငံနှင့် ဗြိတိန်နိုင်ငံကို လေမုန်တိုင်းဘေးဒဏ်က အကာအကွယ် ပေးနေရတဲ့ ဘဝမျိုးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားက ဘဟန်ဒီဈေးကြီးကို ဖြတ်ကျော်လာတယ်။ လမ်းကို ကန့်လန့်ဖြတ်ပြီး အဝတ်စားဆိုင်းဘုတ်ကြီးတစ်ခု ဆွဲချိတ်ထားတယ်။ အဝတ်ဆိုင်းဘုတ်ကြီးပေါ်မှာ ...

'ပါကစ္စတန်နိုင်ငံ ထူထောင်ခွင့်ပေးမလား။ အသေခံမလား'

ဆိုတဲ့ စာတန်းကြီး ရေးထားတယ်။

မိုးထဲလေထဲမှာဆိုတော့ ဆိုင်းဘုတ်ပေါ်က မင်တွေဟာ ရေစိုပြီး ပျော်ကျကုန်ပြီ။ 'ပါကစ္စတန်' ဆိုတဲ့ စာလုံးက မှတ်ဆိတ်မွေးရှည်ရှည်ကြီးတွေလို ဖြစ်နေတယ်။ 'အသေခံမလား' ဆိုတဲ့ စာလုံးကတော့ သိပ်ကို ကြောက်ရွံ့တုန်လှုပ်နေပုံရပါတယ်။

ဒီဆိုင်းဘုတ်ကြီးကို ကြည့်ပြီး ကျွန်တော့်ကိုယ်ကျွန်တော် ပြန်စဉ်းစားကြည့်မိတယ်။ အသေခံရမှာကိုတော့ ကျွန်တော် ကြောက်တယ်ဗျာ။ ဒါကြောင့် ပါကစ္စတန်နိုင်ငံ ထူထောင်ခွင့်ကိုပဲ ပေးစေချင်ပါတယ်။

တစ်ချိန်တည်းမှာပဲ ကျွန်တော့်ရဲ့သတင်းစာသမား စိတ်ဓာတ်က ကျွန်တော့်ကို ပြန်ပြီး သတိပေးနေပြန်တယ်။

မင်းဟာ ဟိန္ဒူစတန် ဖြစ်တယ်။ ကောင်မလေးက ပါကစ္စတန် ဖြစ်တယ်။ မင်းလက်ထဲက ထီးကတော့ မင်းတို့ နှစ်ပြည်ထောင်စလုံး အကာအကွယ်ပေးနေတဲ့ ဟိမဝန္တာတောင်တန်းကြီး ။

'ဒီလို နိုင်ငံရေးအကြောင်းတွေကို စဉ်းစားမိပြန်တော့ စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်လာမိတယ်။

ပင်လယ်ဘက်က တရကြမ်းထွက်လာတဲ့ မုန်တိုင်းလည်း လျော့ပါးစ ပြုသွားပါပြီ။

အဲဒီအချိန်မှာပဲ မိန်းမချောကလေးက ကျွန်တော့် ပခုံးစွန်းမှာ ခေါင်းတင်ပြီး အိပ်ပျော်သွားတော့တယ်ဗျို့။

ကျွန်တော့် ပခုံးစွန်းပေါ်မှာ သူ အိပ်ပျော်နေပုံကလေးက ညင်ညင်သာသာကလေးရယ်။ ကြောင်ကလေးတစ်ကောင် အိပ်နေတဲ့ အတိုင်းပါပဲ။

ကျွန်တော်တို့နှစ်ယောက်ကို နိုင်ငံရေးအခြေအနေတွေနှင့် နှိုင်းယှဉ်တင်စားခဲ့မိတဲ့စိတ်ကူးကို ကျွန်တော် စွန့်လွှတ်လိုက်ပါတယ်။





ကျွန်တော်တို့နှစ်ယောက်ဟာ အိန္ဒိယနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ရဲ့ အထိမ်းအမှတ်တွေ မဟုတ်တော့ပါဘူး။ ပါကစ္စတန်နှင့်ဟိန္ဒူစတန်လည်း မဟုတ်တော့ပါဘူး။

ကျွန်တော်တို့နှစ်ယောက်ဟာ နှိုင်းတုလို့မရတဲ့ ချစ်ခြင်းမေတ္တာရဲ့ သင်္ကေတတွေ ဖြစ်သွားပါတော့တယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ ရိုမီယိုနှင့် ဂျူးလီယက် ဖြစ်သွားပါတယ်။ လိုင်လာနှင့်မက်ဂျနူး ဖြစ်သွားပါတယ်။ ရှီရင်နှင့်ဖားဟတ် ဖြစ်သွားပါတယ်။

အဲဒီလို စိတ်ကြည်နူးဖွယ်ရာ ကောင်းလှတဲ့ အချိန်ကလေးမှာပဲ ကျွန်တော်တို့စီးလာတဲ့ ဘတ်စ်ကားဟာ တစ်ရပ်ကွက်ပြီးတစ်ရပ်ကွက်ကို ဖြတ်ကျော် မောင်းနှင်နေပါတယ်။

မိုးလည်း စဲသွားပါပြီ။ ဒါကြောင့် ကျွန်တော့် ပခုံးစွန်းပေါ်မှာ အိပ်ပျော်နေတဲ့ မိန်းမလှကလေး နိုးမသွားအောင် သတိထားပြီး ထီးကို ပိတ်လိုက်ရပါတယ်။

ဘတ်စ်ကားက ထီးလက်ကုန်းတံတားကြီးပေါ်ကို ဂိယာအကြီးနှင့် အားယူပြီး ရုန်းတက်နေပါတယ်။

ကားစက်သံက ပိုညံလာလို့လား မသိဘူး။ ကျွန်တော့်ပခုံးစွန်းပေါ်မှာ အိပ်ပျော်နေတဲ့ မိန်းမလှကလေး နိုးသွားပါတယ်။ မျက်လုံးဖွင့်ကြည့်တယ်။ နှမ်းနှမ်းလျလျကလေး တစ်ချက်သမ်းလိုက်တယ်။

"သိပ်ကို ကျေးဇူးတင်ပါရယ်ရှင်" လို့လည်း ကျွန်တော့်ကို ပြောတယ်။

'သိပ်ကို' ဆိုတဲ့ စကားလုံးကလေးကို ပိုပြီး ပီပီသသနှင့် လေးလေးနက်နက် ပြောလိုက်တာကိုလည်း ကျွန်တော် သတိထားလိုက်မိပါတယ်။

"ဒါပေမယ့် ကိုယ် သိပ်ကို စိတ်ချမ်းသာမိပါတယ်ကွယ်။ အခု အချိန်ကလေးဟာ ကိုယ့်တစ်သက်တာမှာ ပျော်စရာအကောင်းဆုံးအချိန်ကလေးပါပဲ" လို့ ကျွန်တော် ပြန်ဖြေလိုက်ချင်တာ လျှာကို ယားနေတာပဲဗျာ။ တကယ်တမ်းကျတော့လည်း အဲဒီလို မဖြေဖြစ်ပါဘူး။

"ကိစ္စမရှိပါဘူးဗျာ။ ကျေးဇူးတင်စရာ မလိုပါဘူး" လို့ပဲ ကျွန်တော် ပြန်ဖြေလိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စကားက ရှီဘာဂျီးပန်းခြံထောင့်ကို ချိုးကွေ့လိုက်ပါပြီ။ နောက်မှတ်တိုင်ဆိုရင် ကျွန်တော် ဆင်းရတော့မယ်။ ကျွန်တော့် အသည်းနှလုံးတွေ ကွဲကြေကုန်ပြီ ထင်တယ်ဗျာ။

မိန်းမလှလေးရဲ့ နာမည်နှင့် လိပ်စာကို မေးကြည့်ချင်တဲ့ စိတ်တွေနှင့် ကျွန်တော့်ရင်ထဲမှာ တင်းကျပ်နေပါတယ်။ နောက်ထပ်လည်း တွေ့ပါရစေဦးလို့ ကျွန်တော် ပြောချင်နေပါတယ်။

ဒါပေမယ့် ကျွန်တော်ဟာ အသက် သုံးဆယ့်ငါးနှစ် ရောက်တဲ့အထိ လူကြီးလူကောင်းဘဝနှင့် နေလာခဲ့တဲ့လူ မဟုတ်လား။ လူကြီးလူကောင်း စိတ်ဓာတ်က ကျွန်တော့် ပါးစပ်ထဲမှာ အာစေးထည့်ထားပါတော့တယ်။

"ဟာရိနီဗားစ် မှတ်တိုင်ပါတယ်"

အောက်ထပ်က စပယ်ယာအော်သံကို ကြားလိုက်ရတယ်။ ဘတ်စ်ကားလည်း ဆောင့်ရပ်သွားတယ်။ ထီးကျိုးကလေးကို လက်နှင့်တင်းတင်း ဆုပ်ကိုင်ရင်း ကျွန်တော်လည်း ဇဝေဇဝါနှင့် မတ်တတ်ရပ်ရတော့တယ်။

"ပွဲပ်နိုက်နော်"

ကျွန်တော် ဗလုံးဗထွေး ပြောမိတယ်။ ပြီးတော့ သိပ်ကို လှပပြီး စိတ်ချမ်းသာမှုအပြည့်နှင့် အရောင်ရွှန်းလက်နေတဲ့ သူ့ မျက်နှာကလေးကို နောက်ဆုံးကြည့်ခြင်းအနေနှင့် တစ်ချက်ကြည့်ပြီး အောက်ထပ်ကို မဆင်းချင် ဆင်းချင် ဆင်းခဲ့ရတော့တယ်။

ဘာပဲဖြစ်ဖြစ် ဒီလိုအချိန်မျိုးမှာတော့ ကျွန်တော် အိမ်မပြန်ချင်သေးဘူးဗျာ။ လမ်းထောင့်မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကလည်း ဖွင့်ထားတုန်းပဲ။ တစ်ကိုယ်လုံး မိုးရေတွေ စိုရွဲနေတော့ လက်ဖက်ရည်ပူပူကလေး တစ်ခွက်လောက် သောက်လိုက်ရရင် ကောင်းမှာပဲလို့ တွေးမိတယ်။

နောက်ပြီးတော့ ကျွန်တော် ကြုံခဲ့ရတဲ့ အတွေ့အကြုံကလေးကလည်း အင်မတန် စိတ်ချမ်းသာစရာ ကောင်းတယ်လေ။ ဒါမျိုး နောက်တစ်ခါ ပြန်ကြုံတွေ့ရဖို့ဆိုတာ ဘယ်လွယ်နိုင်ပါ့မလဲ။

ဒါကြောင့် အဲဒါကလေးကို အရသာရှိရှိနှင့် စိတ်ကူးယဥ်နေချင်သေးတယ်။





လက်ဖက်ရည်က ပူပူလောင်လောင်ကြီး မဟုတ်ပါဘူး။ နွေးရုံကလေးပါပဲ။ ဒါကြောင့် တစ်ခွက်လုံးကို တစ်ချက်တည်း မော့ချလိုက်မိတယ်။

ထီးကလေးကို ကောက်ကိုင်ပြီး ဆိုင်ထဲက ထွက်ဖို့ ဟန်ပြင်လိုက်တယ်။

"ဗျို့ ဆရာကြီး လက်ဖက်ရည်ဖိုး ပေးသွားဦးလေဗျာ"

စားပွဲထိုးလုငယ်ကလေးက အသံကျယ်ကျယ်နှင့် လှမ်းအော်လိုက်တယ်။

ရှက်လိုက်တာဗျာ။ မေ့တတ်လျော့တတ်တဲ့ ကိုယ့်အကျင့်ကိုလည်း ပြန်ပြီး ကျိန်ဆဲမိတယ်။ စားပွဲထိုးလေးက ကျွန်တော့်ကို ဘယ်လိုများ ထင်လေမလဲ။ ဒါကြောင့် ကျွန်တော်ဟာ အမေ့ခံပြီး လစ်သွားတတ်တဲ့ လူမျိုးမဟုတ်ကြောင်း သက်သေထူတဲ့အနေနှင့် သူငယ်ကလေးကို ပိုက်ဆံတစ်ပဲ ဘောက်ဆူးချဖို့ပါ ဆုံးဖြတ်လိုက်တယ်။ နောက်ပြီး ဒီနေ့ ညဟာ အထူးည မဟုတ်လား။ အတွေ့ထူး၊ အဖြစ်ထူးတွေနှင့် ကြုံခဲ့ရတဲ့ည မဟုတ်လား။ ဒါကြောင့် ရက်ရက်ရောရောကြီး ပေးကမ်းလှူဒါန်းပစ်ချင်တဲ့ စိတ်စေတနာ သဒ္ဓါတရားလည်း ရင်ထဲအပြည့် ရှိနေတယ်။

ကုတ်အကျႌအိတ်ကို နှိုက်လိုက်တယ်။

ကျွန်တော့် ပိုက်ဆံအိတ်မရှိတော့ဘူး။

အိတ်တွေ အနှံ့ရှာကြည့်တယ်။

ဘယ်အိတ်ထဲမှာမှ မရှိတော့ဘူး။

ကျွန်တော့် နားထဲမှာ သာယာချိုမြတဲ့ အသံကလေးတွေ ပဲ့တင်ရိုက်လာတော့တယ်။

"သိပ်ကို ကျေးဇူးတင်ပါတယ်ရှင်"

'သိပ်ကို' ဆိုတဲ့ စကားလုံးကို ပိုပြီး ပီပီသသနှင့် လေးလေးနက်နက် ပြောခဲ့တဲ့အသံလေးဗျာ။

နောက်ပြီးတော့ အဲဒီ အသံကလေးကပဲ ပြောပြန်ပါသေးတယ်။

"လုပ်ပါတယ်။ အင်း အလုပ်လို့ ခေါ်ချင်ခေါ်နိုင်သပေါ့လေ"

ကျွန်တော့်ဘေးက စားပွဲမှာ တက္ကစီဒရိုင်ဘာတစ်ယောက် လက်ဖက်ရည် ထိုင်သောက်နေတယ်။ ပလက်ဖောင်းဘေးမှာ ရပ်ထားတဲ့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီကားစက်ကို ရပ်မထားခဲ့ဘူး။ စက်သံကိုအတိုင်းသား ကြားနေရတယ်။

ကျွန်တော်သာ လုပ်ချင်သပဆိုရင် အဲဒီ တက္ကစီကားပေါ် ခုန်တက်ပြီး မာဟင်းကို မောင်းနိုင်းနိုင်တယ်။ ကျွန်တော် စီးခဲ့တဲ့ ဘတ်စကား မာဟင်းကို မရောက်ခင် ကျွန်တော်တို့က ကြိုရောက်သွားနိုင်ပါတယ်။

မာဟင်းမှတ်တိုင်ကို ရောက်တော့ ဘတ်စ်ကား ခေါင်မိုးပေါ်က ကောင်းမလေးကိုဖမ်း၊ လောကြီးမှာ ကျွန်တော် ချမ်းသာသမျှ ပိုက်ဆံအားလုံးထည့်ထားတဲ့ ပိုက်ဆံအိတ်ကို အရပြန်ယူ။

ဒါပေမယ့် ကျွန်တော် မလုပ်ခဲ့ပါဘူးဗျာ။ လုပ်လည်း မလုပ်နိုင်ပါဘူး။

ဘာကြောင့်လဲ။

ဘာကြောင့်လဲဆိုတော့ ကောင်မလေးက အင်္ဂလိပ်မချောချောလေးလေဗျာ။

နောက်ပြီးတော့၊ ကျွန်တော်ကလည်း လူကြီးလူကောင်း တစ်ယောက်လေဗျာ။

ကျွန်တော် ဘာမှမလုပ်ဖြစ်ခဲ့တာတွေဟာ ကျွန်တော့်ရဲ့ လူကြီးလူကောင်း စိတ်ဓာတ်တွေကြောင့်ပါဆိုတာ ခင်ဗျားတို့ကို ပြောခဲ့ပြီးပြီ မဟုတ်လား။

ကျွန်တော့် တိုင်းပြည်အတွက် ဘာမှမလုပ် ဖြစ်ခဲ့တာတွေဟာလည်း အင်မတန် အထက်တန်းကျပြီး မွန်မြတ်တဲ့ လူကြီးလူကောင်း စိတ်ဓာတ်ကြောင့်ပေါ့ဗျာ။

မဟုတ်ဘူးလား။ ။

**The Umbrella by Khwaja Ahmad Abbas.**
**၁၉၈၄ ခုနှစ် ဩဂုတ်လထုတ် ချယ်ရီမဂ္ဂဇင်း အမှတ် (၁)။**

**ပြီးပါပြီ။**



BURMESE CLASSIC .com

www.burmeseclassic.com